

# လူထုအမေ ဒေါ်အမာ

အင်တာနက်စာမျက်နှာများပေါ်မှ လူထုဒေါ်အမာအကြောင်း စုစည်းချက်များ

# လူထုအမေ ဒေါ်အမာ

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာကို တပည့်သားမြေး စာရေးဆရာတွေက အမေလို့ကြည်ညိုလေးစားပြီး အမေလူထုဒေါ်အမာ လို့ခေါ်ကြပါတယ်။ တကယ်တော့ ဆရာမကြီးဟာ စာပေလောကရဲ့ ရှေ့ဆောင်လမ်းပြ ဖြစ်ရုံတင်မကပဲ မြန်မာနိုင်ငံ ဒီမိုကရေစီတော်လှန်ရေးမှာလည်း မားမားမတ်မတ်ရပ်ပြီး ပြည်သူနဲ့တသားတည်းနေပြခဲ့တဲ့ မီးရှူးတန်ဆောင်ကြီးတစင်း ဖြစ်တယ်ဆိုရင်လည်း မမှားပါဘူး။ ပြည်သူလူထုကြီးတရပ်လုံးရဲ့ အမေသဖွယ် ဖြစ်တယ်ဆိုရင် လွန်မယ်မထင်ပါဘူး။ ဒါကြောင့် ဆရာမကြီးအကြောင်း အင်တာနက်ပေါ်က ရသမျှစုဆောင်းတင်ပြထားတဲ့ ဒီစာအုပ်လေးရဲ့နာမည်ကို လူထုအမေ ဒေါ်အမာ လို့ တပ်ပေးလိုက်ပါတယ်။

# လူထုအမေရဲ့နောက်ဆုံးသြဝါဒ

"တညီတညွတ်တည်း လက်တွဲရုန်းလိုက်ကြပါ။ ဒါမှအောင်မြင်မယ်။"



# နောက်ဆုံးအချိန်အထိ

အမေဆုံးတဲ့အချိန်မှာ
ဇက်မကျိုးကျဘူး
ခေါင်းငုံ့ ပျော့ခွေကျမသွားဘူး
အမေဆုံးတဲ့အချိန်
ကုတင်ဘေးမှာ ရှိနေတဲ့ ကျနော်
သေသေချာချာ သတိထားမိတယ် ...

ကျော်ရင်မြင့် (စာရေးဆရာ)

# ကျေးဇူးတင်လွှာ

ဤစာအုပ်ပါ စာအများစုကို မြန်မာကျူးပစ်ဖိုရမ်တွင် စာရိုက်တင်ပေးခဲ့သော (ကို) bigpig အား အထူးကျေးဇူးတင်ရှိပါတယ်။ စာရေးဆရာ ဝင်းတင့် နဲ့ စိုးနိုင် (မန္တလေးတက္ကသိုလ်) တို့ကိုလည်း သူတို့ရဲ့စာမူများအတွက် ကျေးဇူးတင်ပါတယ်။ ထို့အပြင် အသုံးပြုထားသော အခြား စာများ၊ဓာတ်ပုံများ၊ ပန်းချီများအတွက်လည်း ဘလော့ဂါများဖြစ်ကြတဲ့ ဒေါက်တာလွဏ်းဆွေ၊ ကိုညိုကြီး၊ ကိုမောင်လှ ၊ ပန်းချီ မင်းကျော်ခိုင် တို့နဲ့အတူ မန္တလေးမီဒီယာ ၊ စာပေဂျာနယ် ၊ သတင်းဌာနများ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

လေးစားစွာဖြင့်

ပီဒီအက်ဖ်စီစဉ်သူ

# မာတိကာ


(၁) လူထုအမေကွယ်လွန်ခြင်း ၇

(၂) လူထုဒေါ်အမာ ဘဝနဲ့စာပေရက်စွဲများ (ဝင်းတင့်) ၆၄

(၃) စာပေဂျာနယ် မျက်နှာဖုံးစာဆို ၂ဝ၃

(၄) အမေ့မွေးနေ့ဂုဏ်ပြုကဗျာများ ၂၅ဝ

(၅) တောင်လေးလုံးမှနတ်ကျွန်းအထိ အမှတ်တရ မှာစကား ၂၇၇

(၆) အမေဒေါ်အမာရဲ့စာတချို့ ၃၄၈

(၇) မြန်မာ့သဘင်မှု စာပေပင်မဋ္ဌူထက်က မွေးလွန်းသည့် ပန်းငါးပွင့် စိုးနိုင် (မန္တလေးတက္ကသိုလ်) ၄ဝဝ

# အခန်း (၁)

## လူထုအမေကွယ်လွန်ခြင်း



# အသုဘရှု ဖိတ်ကြားလွှာ

မန္တလေးမြို့၊ ၃၂ လမ်း၊ ဂုန္တာန်ဆေးရုံးဝင်းနေ ဦးထင်+ဒေါ်စု တို့၏ သမီး၊
နဂါးဒေါ်ဦး ၏ ညီမ၊ ဦးလှဖေ+ဒေါ်တင်တင်၊ ဦးကျော်စိန်+ဒေါ်ကြင်ကြင်၊
ဦးမောင်လေး+ဒေါ်ခင်လှမြင့်၊
ဒေါက်တာ ဦးခင်မောင်အေး+ဒေါက်တာဒေါ်ကြည်စိန် တို့၏ အစ်မ၊
ဦးစိုးဝင်း၊ ဦးခင်ဂျက်ဝင်း+ဒေါက်တာ သန်းရင်မာ (ဒေါက်တာ မြမဥ္စူ)၊
ဦးဖိုးသံချောင်း၊ ဒေါ်တင်ဝင်း၊
ဦးငြိမ်းချမ်း(ညီပုလေး)+ဒေါ်တင်တင်ဝင်း တို့၏ မွေးသမိခင်
မစုစုမာ၊ ကိုဘိုဘို၊ မဖြူပြာ၊ မလင်းလင်းမွန်၊ မောင်အောင်ဘာလေ၊ မရွှေပြည်စိုး
တို့၏ အဖွား
လူထုဦးလှ ၏ ဇနီး
လူထုဒေါ်အမာ (၉၃)နှစ် သည်
၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက်၊ ၇-၄-၂၀၀၈ (တနင်္လာနေ့) နံနက် (၀၈း၃၇)
နာရီအချိန်တွင်
ဘဝတပါးသို့ ကူပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော
ဥတုဇရုပ်ကလာပ်ကို
၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက်၊ ၉-၄-၂၀၀၈ (ဗုဒ္ဓဟူးနေ့) နံနက် (၁၀း၀၀)
နာရီအချိန်
အိမ်အမှတ် ၂၆၅၊ ၃၂ လမ်း၊ ၈၃ x ၈၄ လမ်းကြား နေအိမ်မှ
ကြာနီကန်သုသာန်သို့
ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါ၍ အသုဘရှု လိုက်ပါ ပို့ဆောင်ကြပါရန်
လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူ မိသားစု

## ၂။ အမေ့နာရေးသတင်းများ

### ၂.၁။ ဧရာဝတီသတင်းဌာန

### လူထု ဒေါ်အမာ ကွယ်လွန်

ကိုစိုး ၊ ဧပြီ ၇ ၊ ၂၀၀၈

မြန်မာနိုင်ငံ မန္တလေးမြို့နေ ထင်ရှားသည့် သတင်းစာဆရာနှင့် စာရေးဆရာမကြီး လူထုဒေါ်အမာ (၉၂)နှစ်သည် ယနေ့ နံနက်ပိုင်းက မန္တလေးဆေးရုံကြီး နှလုံးရောဂါဆောင်တွင် ကွယ်လွန်သွားခဲ့သည်။

ဆရာမကြီးဒေါ်အမာ၏ သားဖြစ်သူ စာရေးဆရာ ညီပုလေးက "အမေ မနက် ၈ နာရီ ၃၇ မိနစ်က အနိစ္စရောက်ပါတယ်၊ မန္တလေးဆေးရုံကြီးက နှလုံးရောဂါဆောင်မှာပါ၊ တခြားရောဂါတော့ မရှိပါဘူး"ဟု ဧရာဝတီသို့ ပြောသည်။

လူထုဒေါ်အမာသည် မြန်မာနိုင်ငံတွင် ဩဇာကြီးမားသော သတင်းစာဆရာ၊ စာရေးဆရာမကြီး တဦးဖြစ်သည်။

ဆရာမကြီးသည် မန္တလေးမြို့ ဂုန္တန်ရပ်၌ အဘ ဦးထင် ၊ အမိ ဒေါ်စုတို့မှ ၁၉၁၅ ခု၊ နိုဝင်ဘာ ၂၉ ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့ပြီး မွေးချင်း ၁၂ဦးရှိသည့်အနက် စတုတ္ထမြောက်ဖြစ်သည်။ အမည်ရင်းမှာ အမာ ဖြစ်သည်။

၁၉၂၀–၂၃ ခုနှစ် တရုတ်တန်း အမျိုးသမီးနေရှယ်ကျောင်းနှင့် ABM ကျောင်းတို့တွင် ငယ်ဘဝ ပညာသင်ကြားခဲ့ကာ ၁၉၃၁–၃၃တွင် မန္တလေးဗဟိုအမျိုးသားကျောင်းမှ ၁၀ တန်းအောင်သည်။

၁၉၃၃–၃၅ ခုနှစ်၌ မန္တလေး ဥပစာကောလိပ်တွင် ဓာတု၊ရူပ၊ သချာ်ဘာသာတွဲယူ၍တက်ရောက်ခဲ့ပြီး ၁၉၃၆တွင် ရန်ကုန်တက္ကသိုလ် ဘီအေအောက်တန်းသို့ တက်ရောက်စဉ် အင်းယားဆောင် သဟာယစာဖတ်အသင်း အတွင်းရေးမှူး ဖြစ်ခဲ့ပြီး ဒုတိယကျောင်းသားသပိတ်တို့၌ ပါဝင်ခဲ့သည်။

ထို့နောက် အိုးဝေ၊ ကြီးပွားရေးမဂ္ဂဇင်းများနှင့် ဘားမားဂျာနယ်တို့တွင် စာများရေးရင်း ကြီးပွားရေးဦးလှနှင့် စတင်သိကျွမ်းပြီး ကြီးပွားရေးမဂ္ဂဇင်းတွင် ခင်လဝင်း၊ မြမဥ္ဇူ ကလောင်အမည်များဖြင့် စာများဆက်လက်ရေးသားသည်။

၁၉၃၉ခုနှစ်တွင် ကြီးပွားရေးဦးလှနှင့် အိမ်ထောင်ကျပြီးနောက် လူထုတိုက်ကိုထူထောင်၍ လူထုဂျာနယ်၊ လူထုသတင်းစာများကိုထုတ်ဝေခဲ့သည်။

ဆရာမကြီးသည် ခင်လဝင်း၊ ဇမ္ဗူဒီပါအောင်ထွန်း၊ ဖခင်အောင်နိုင်၊ ဖိုးသာအောင်၊ မြမဥ္ဇူ၊ အမာ၊ အမာ(တက္ကသိုလ်သပိတ်မှောက်ကျောင်းသူ)၊ အင်းယားကျောင်းဆောင်သူတဦး စသည့် ကလောင်အမည်ခွဲ ၈ ခုဖြင့် ပင်ကိုရေးနှင့် ဘာသာပြန်စာပေများကို ရေးသားပြုစုခဲ့ပြီး၊ ထင်ရှားသောစာအုပ်များမှာ ၁၉၆၄ခုနှစ် စာပေဗိမာန်အနုပညာဆိုင်ရာစာပေ ပထမဆုရ ပြည်သူချစ်သောအနုပညာသည်များ၊ မဟာဂီတ၊ ရွှေဒေါင်းတောင်ဆောင်းပါး၊ ကမ္ဘာ့ အကြီးဆုံးစာအုပ်၊ အမေ့ရှေးစကားစသည်တို့ ဖြစ်သည်။

နိုင်ငံတဝန်းရှိအနယ်နယ်အရပ်ရပ်မှ စာပေ အနုပညာရှင်များနှင့် နိုင်ငံရေးနယ်ပယ် စသည့်နယ်ပယ်စုံမှဆရာမကြီးကို ချစ်ခင်လေးစားကြသူများသည် နှစ်စဉ် နိုဝင်ဘာ ၂၉ရက် ဆရာမကြီး၏ မွေးနေ့ပွဲအခမ်းအနားသို့ စည်းကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဆရာမကြီး လူထုဒေါ်အမာသည် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က အသက် (၉၂) နှစ်ပြည့်ခဲ့ပြီး၊ ဆရာမကြီး၏ မွေးနေ့ပွဲကို နှစ်စဉ် အမရပူရမြို့ တောင်လေးလုံးကျောင်းတိုက်တွင်ကျင်းပခဲ့သည်။

ဆရာမကြီးမှာ ကွယ်လွန်ချိန်မတိုင်ခင် အချိန်အတန်အကြာကပင် စာမရေးနိုင်တော့ကြောင်း၊ ယခင်ရေးလက်စ ပန်းချီဦးဘရင်ကလေး အကြောင်းစာအုပ်မှာ အချောသတ်ရန်သာလိုတော့ကြောင်း၊ အချောသတ်ပြီးစီးပါက ထုတ်ဝေမည်ဖြစ်ကြောင်းလည်း ဆရာညီပုလေးက ပြောသည်။

စာရေးဆရာ ညီပုလေးက သူ့မိခင်နှင့်ပတ်သက်ပြီး "အမေက ကွယ်လွန်ခါနီးတဲ့အထိ အတော်သတိကောင်းပါတယ်ခင်ဗျ၊ သူ့ကို ချစ်တဲ့ခင်တဲ့သူတွေ များတယ်ဆိုတာ ကျနော်တို့သိပါတယ်၊ ဒါပေမယ့် အခု တကယ်ကွယ်လွန်တဲ့ အခါကျတော့လည်း မျက်ဝါးထင်ထင်တွေ့ရတာ၊ သူ့ကိုချစ်တဲ့ခင်တဲ့သူတွေ သိုက်သိုက်ဝန်းဝန်းနဲ့ရှိတာတွေ့ရတယ်ခင်ဗျ၊ အမေမြင်စေ့ချင်တယ်၊ ဒီလို သူ့နာရေးကို လာကြတဲ့သူတွေကိုမြင်စေ့ချင်တယ်"ဟုလည်း ဆက်လက် ပြောဆိုသည်။

ဆရာမကြီး၏ရုပ်ကလာပ်ကို သမီးဒေါ်သန်းရင်မာ၏နေအိမ်၌ ပြင်ဆင်ထားပြီး ဗုဒ္ဓဟူးနေ့ နံနက် ၁၀ နာရီတွင် မန္တလေး ကြာနီကန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ရန် စီစဉ်ထားသည်ဟု ဆရာညီပုလေးကပြောပြသည်။

ဆရာမကြီးကွယ်လွန်ချိန်တွင် ဦးဖိုးသံချောင်း၊ ဒေါ်သန်းရင်မာ၊ ဒေါ်တင်ဝင်း၊ စာရေးဆရာ ညီပုလေး(ဦးငြိမ်းချမ်း) စသည့် သားသမီး ၄ ဦးနှင့် မြေး ၆ ဦး ကျန်ရှိကြောင်း သိရသည်။

၂၊၂။ Network Media Group

## လွတ်လပ်ခွင့် အားလုံးအတွက် တိုက်ပွဲဝင်သူ (သို့) လူထုဒေါ်အမာအတွက် ယူကြုံးမရဖြစ်နေကြ

သီတာထွန်း။
ဧပြီလ ၇ ရက်၊ ၂၀၀၈ ခုနှစ်။

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ ကွယ်လွန်သွားသည့်အတွက် နယ်စပ်အခြေစိုက် သတင်းစာဆရာများ၊ စာရေးဆရာများက ဝမ်းနည်းကြေကွဲ ယူကြုံးမရ ဖြစ်ကြရကြောင်း ပြောကြသည်။

"စာပေလွတ်လပ်ခွင့်ကိုရော လူထုလွတ်လပ်ခွင့်ကိုပါ လုပ်ဆောင်ခဲ့တယ်။ ဒါပေမဲ့ ကွယ်လွန်ချိန်ထိ အဲဒါတွေကို အမေ မမြင်သွားလိုက်ရဘူး။" ဟု လူထုဒေါ်အမာ ကွယ်လွန်ခြင်းအပေါ် မြန်မာ့သတင်းသမဂ္ဂမှ အတွင်းရေးမှူး ဦးစံမိုးဝေက ပြော သည်။

လူထုဒေါ်အမာကို ချစ်ခင်လေးစားကြသူများက အမေမာဟု အမြတ်တနိုး ခေါ်ဆိုကြသည်။

“လွတ်လပ်ရေးအကြိုကာလကနေ ဒီအချိန်ထိ ပြည်သူလူထုအတွက်ဆို ရဲဝံ့ပြတ်သားတဲ့၊ ရှားရှားပါးပါး အမျိုးသမီးတယောက်ဖြစ်တယ်။ တိုင်းပြည်အတွက်ဆို ကိုယ်ရေးကိုယ်တာကိုတောင် အရေးမထားပဲ ရှေ့ဆောင်ပါဝင်ခဲ့တဲ့ အမေ ကွယ်လွန်ခြင်းဟာ အားလုံးအတွက် ပြောမပြနိုင်တဲ့ ဆုံးရှုံးမှုလည်းဖြစ်တယ်” ဟု ဦးစံမိုးဝေက ဆက်ပြောသည်။

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ အသက်(၉၃)နှစ်သည် ယနေ့နံနက် ၈ နာရီ ၃၇ မိနစ်တွင် မန္တလေး ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သည်။ လူထုဒေါ်အမာ ကွယ်လွန်ခြင်းအတွက် စာရေးဆရာမတဦးဖြစ်သူ ဒေါ်မေငြိမ်းက “အမေမာက သတင်းစာဆရာကောင်းလည်းဖြစ်တယ်၊ စာရေးဆရာကောင်းလည်းဖြစ်တယ်။ မိခင်ကောင်းလည်းဖြစ်တယ်။ ဒါ့ကြောင့် ခုလို ကွယ်လွန်သွားတော့ ကျမတယောက်တည်း သာမက လူထုတရပ်လုံးကရော အရမ်း ဝမ်းနည်းကြမှာပါ။” ဟုပြောသည်။

နယ်စပ်တွင်ရောက်ရှိနေသော စာပေအသိုင်းအဝိုင်း၊ နိုင်ငံရေး အသိုင်းအဝိုင်းများက ဒေါ်အမာနှင့် ပတ်သက်သည့် အမှတ်တရစကားဝိုင်းများ ပြုလုပ်ရန် ပြင်ဆင်နေကြသည်ဟု စာရေးဆရာနှင့် ဘလော့ဂါတဦးဖြစ်သူ ဒေါက်တာလွဏ်းဆွေက ပြောသည်။

သူက "အမေက တခေတ်မှာတယောက်မဟုတ်ဘူး၊ တရာစုမှာတောင် တယောက် ပေါ်ဖို့မလွယ်တဲ့ ရှားပါး အမျိုးသမီးပါ" ဟု ပြောပြသည်။

လူထုဒေါ်အမာသည် အမျိုးသမီးရေးလုပ်ရှားသူများအတွက်လည်း ထွန်းထွန်း ပေါက်ပေါက် ထူးချွန်သူအမျိုးသမီးတဦးအဖြစ် စံနမူနာယူဖွယ် အမျိုးသမီးတဦး ဖြစ်ခဲ့သည်။

## ၂၊၃။ မဇ္ဈိမသတင်းဌာန

## လူထုဒေါ်အမာ ကွယ်လွန်

နေသွင်

Monday, 07 April 2008 11:39 – မြန်မာစံတော်ချိန်

ချင်းမိုင်။ ။ ဝါရင့်သတင်းစာ ဆရာမကြီး လူထုဒေါ်အမာ (၉၂) နှစ်သည် ယနေ့နံနက် (၈) နာရီ (၃၇) မိနစ်တွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် နှလုံးရောဂါဖြင့် ကွယ်လွန်သွားသည်။

စာနယ်ဇင်းလောကတွင် အမေမာအဖြစ် လေးစားချစ်ခင်ခြင်းခံရသော သတင်းစာ ဆရာမကြီးသည် ပြီးခဲ့သောတနင်္ဂနွေတတည်းက ဆေးရုံတင်ထားရခြင်းဖြစ်သည်။

" ပြီးခဲ့တဲ့ တနင်္ဂနွေက တင်ရပါတယ်။ ကနေ့မနက် (၈) နာရီ (၃၇) မှာ အနိစ္စ ရောက်ပါတယ်" ဟု လူထုဒေါ်အမာ၏ သားဖြစ်သူ စာရေးဆရာ ညီပုလေးက တယ်လီဖုန်းမှတဆင့် မဇ္ဈိမသို့ ပြောသည်။

ရုပ်အလောင်းကို သမီးအကြီး မြမဥ္ဇူအိမ်တွင်ထားရှိပြီး ဈာပနအခမ်းအနားကို ဗုဒ္ဓဟူးနေ့ နံနက် (၁၀) နာရီတွင် ကြာနီကန် သုသာန်တွင် ပြုလုပ်မည် ဖြစ်သည်။ လူထုဒေါ်အမာ ကွယ်လွန်သည့်သတင်းကြောင့် အံ့သြစိတ်မကောင်း ဖြစ်နေသော စာရေးဆရာကြီး ဒဂုန်တာရာက “ ဒေါ်အမာက နှစ်ပေါင်းများစွာကြာပြီပဲ။ တိုင်းပြည်အတွက် ဆောင်ရွက်နေတာ။ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတာ။ အထူးသဖြင့် အမျိုးသမီးရေးရာတွေ မဟုတ်တော့ဘူးပေါ့ဗျာ။ တိုင်းပြည်တပြည်လုံးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာလည်း အတူတူဆောင်ရွက်ခဲ့တာ။ ကျနော် သိပ်ပြီးတော့ စိတ်မကောင်း ဖြစ်သွားပါတယ် ” ဟု မဇ္ဈိမသို့ပြောသည်။

လူထုဒေါ်အမာသည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ ဆရာကြီး ဒဂုန်တာရာတို့နှင့် ခေတ်ပြိုင်ဖြစ်သည်။ ၁၉၁၅ နိုဝင်ဘာ (၂၉)တွင် မန္တလေးမြို့တွင် အဖဦးထင်၊ အမိဒေါ်စုတို့မှ မွေးဖွားပြီး ၁၉၃၀ တဝိုက်တွင် တက္ကသိုလ်ကျောင်းသားများ၏ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် သပိတ်မှောက် ကျောင်းသူအမာ ဖြစ်လာသည်။

၁၉၃၉ တွင် ကြီးပွားရေးဦးလှနှင့် လက်ထပ်ပြီး ၁၉၄၅တွင် လူထုဂျာနယ် ထုတ်ဝေသောအခါ လက်ထောက်အယ်ဒီတာ၊ ၁၉၄၆ လူထုသတင်းစာကို ထုတ်ဝေသောအခါ အယ်ဒီတာအဖွဲ့ဝင် ဖြစ်လာသည်။

၁၉၄၉တွင် လူထုသတင်းစာနှင့် ကြီးပွားရေးပုံနှိပ်စက်များ တည်ရှိရာ အဆောက်အအုံကို ဒိုင်းနမိုက်နှင့် ဖောက်ခွဲခံရသည်။

၁၉၅၀ အလွန်ကာလများတွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်သော မြန်မာပြည်ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ လူထုဦးလှ ဖမ်းဆီးခံရသည့် နောက်ပိုင်းတွင် လူထုသတင်းစာ ခေါင်းကြီးများကို တာဝန်ခံ ရေးသားခဲ့သည်။

၁၉၅၉ မှ ၁၉၆၀ အတွင်း လူထုသတင်းစာတိုက် အပိတ်ခံခဲ့ရသလို ၁၉၇၈ တွင် လူထုဦးလှ၊ သား ကိုငြိမ်းချမ်း (ညီပုလေး) တို့နှင့်အတူ တနှစ်ကျော်ကြာ ဖမ်းဆီးခံခဲ့ရသည်။

ဒေါ်အမာသည် ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်၊ ဒေါက်တာသန်းထွန်း၊လူထုစိန်ဝင်း အင်းစိန်ထောင်တွင် အကျဉ်းကျခံနေရဆဲ ဟံသာဝတီ သတင်းစာဆရာကြီး ဦးဝင်းတင်တို့နှင့် ပုဂ္ဂိုလ်ရေးရင်းနှီးသည်။

ပြီးခဲ့သည် မတ်လတွင်ကျရောက်သော ဦးဝင်းတင်၏မွေးနေ့တွင် ဒေါ်အမာက သားသဖွယ် ချစ်ခင်သော ဦးဝင်းတင်ကို သူမသေခင် မြင်သွားရမည်ဟု မျှော်လင့်သည်ဟု မဇ္ဈိမသို့ ပြောကြားခဲ့သေးသည်။

နှစ်စဉ် နိုဝင်ဘာလ (၂၉) ရက်နေ့တွင် ကျရောက်သော ဒေါ်အမာ၏ မွေးနေ့ပွဲကို မန္တလေးမြို့ တောင်လေးလုံးကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပလေ့ရှိပြီး တနိုင်ငံလုံးမှ ဝါရင့်စာနယ်ဇင်းသမားများ တက်ရောက်လေ့ ရှိသည်။

အဆိုပါ မွေးနေ့အခမ်းအနားသည် ဝါရင့်သတင်းစာဆရာများအပြင် ဒီမိုကရေစီဘက်တော်သားများ အစုံအညီ တက်ရောက်လေ့ရှိသဖြင့် အာဏာပိုင်များက တားမြစ်ခဲ့သည့် အကြိမ်များလည်း ရှိခဲ့သည်။

၂၄။ AFP

## Renowned Myanmar journalist Ludu Daw Amar dies

*Mon Apr 7, 2:36 AM ET*

YANGON (AFP) - Ludu Daw Amar, one of Myanmar's most renowned writers and journalists and an outspoken critic of the military junta, died Monday at the age of 93, her family said.

She died in hospital in the central city of Mandalay, where her family set up the town's first publishing house in the 1940s.

"She died from heart disease at Mandalay General Hospital this morning. We brought her body back to our home," her son Nyi Pu Lay told AFP by phone.

Ludu Daw Amar -- a pen name which means "of the people" -- was a famous figure among reporters and writers in Myanmar, where the media is tightly controlled by the military government.

Her birthday was celebrated with all the reverence of a public holiday each year by writers, journalists and artists throughout Myanmar, which has been ruled by the military since 1962.

"It is a big loss for us. She was not only a leader for our press society, but also for the people," said a local journalist who did not want to be named.

Ludu Daw Amar and her husband published a pro-independence political journal, the Ludu Daily News, in the 1940s.

"She was a very progressive woman at the time," Thailand-based Myanmar expert Win Min told AFP. "You didn't have many women writing articles."

The journal eventually fell foul of government censors and was shut down in the 1960s, but this did not silence left-leaning Ludu Daw Amar, and she carried on giving interviews criticising junta policy into her old age.

She also translated foreign works and wrote books on women's issues and Myanmar culture, with the junta keeping a close eye on her, Win Min said.

"She has been very critical of the government along the way," he said. "She is like the mother of all journalists, she is the ethical symbol. People are very proud of her."

Most recently, Ludu Daw Amar called on the junta to stop using force during a crackdown on street demonstrations in Yangon last year that left at least 31 people dead, according to UN estimates, and hundreds detained.

Some journalists were briefly arrested during the protests, but Ludu Daw Amar's age appeared to have protected her from retribution by the junta.

Ludu Daw Amar is survived by two sons and two daughters.

၂၅။ ခေတ်ပြိုင်သတင်းဌာန

## ပြည်သူ့စာရေးဆရာ လူထုဒေါ်အမာ ကွယ်လွန်

NEJ/ ၇ ဧပြီ ၂၀၀၈

ပြည်သူလူထု ချစ်ခင်လေးစားသည့် သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထု ဒေါ်အမာ အသက် (၉၃) နှစ်သည် ယနေ့နံနက် (၈) နာရီ (၃၅) မိနစ်တွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း မိသားစုဝင်တဦးက ပြောသည်။

ဒေါ်အမာ၏ သားဖြစ်သူ ကိုညီပုလေးက "ခု (၈) နာရီ (၃၇) မိနစ် ဆေးရုံမှာ ဆုံးတယ်ခင်ဗျာ။ မန္တလေးဆေးရုံ နှလုံးရောဂါအထူးကုသဆောင်မှာပါ" ဟု ပြောသည်။

လူထုဒေါ်အမာသည် ကိုလိုနီခေတ်ကတည်းက နယ်ချဲ့ဆန့်ကျင်ရေး သပိတ်မှောက် ကျောင်းသူတဦးအဖြစ် ပါဝင်ခဲ့ပြီး ဘဝတလျှောက်လုံး ပြည်သူဘက်မှ အစဉ် ရပ်တည်ကာ အကျိုးပြုစာပေများ အဆက်မပြတ် ရေးသားခဲ့သူဖြစ်သည်။

မေလတွင် ကျင်းပတော့မည့် လူလုဆန္ဒခံယူပွဲနှင့် ပတ်သက်၍ လူထုဒေါ်အမာက "တညီတညွတ်တည်း လက်တွဲရုန်းလိုက်ကြပါ။ ဒါမှအောင်မြင်မယ်" ဟု မကွယ် လွန်မီက ခေတ်ပြိုင်သို့ နောက်ဆုံး ပြောကြားခဲ့သည်။

လူထုဒေါ်အမာ ကွယ်လွန်သွားသည့်အပေါ် စာရေးဆရာ၊ ကဗျာဆရာ၊ ဆရာ မောင်စွမ်းရည်က "ကျနော်တို့ အမေလိုနေလာတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်တယ်။ ကျနော်တို့ ဒီမိုကရေစီဘက်က ပြည်သူလူထုဘက်က မားမားမတ်မတ်ရပ်တဲ့ ကလောင်သတင်းစာဆရာမကြီး စာရေးဆရာမကြီးတယောက် ဆုံးရှုံးသွားတယ်ဆို

တော့ ကျနော်တို့မှာ ရွှေတောင်ကြီးပြိုသလို တကယ့်ကို ဝမ်းပန်းတနည်း ဖြစ်မိပါတယ်” ဟု ပြောသည်။

လူထုဒေါ်အမာကို ၁၉၁၅ ခု နိုဝင်ဘာ (၂၉) တွင် မန္တလေးမြို့ ဂုန္တန်ရပ်၌ အဖ ဦးထင်၊ အမိ ဒေါ်စု တို့မှ မွေးဖွားခဲ့သည်။ မွေးချင်း (၁၂) ယောက်အနက် စတုတ္ထ မြောက်သမီးဖြစ်သည်။ ၁၉၂၀ပြည့်နှစ်တွင် တရုတ်တန်း အမျိုးသမီးနေရှင်နယ် ကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ၁၉၂၃ ခုနှစ်၌ အမေရိကန် သာသနာပြု ကျောင်း (အေဘီအမ်) တွင် တတိယတန်းမှ နဝမတန်းအထိ တက်ရောက် ပညာ သင်ယူခဲ့သည်။

၁၉၃၁ခုတွင် ဗဟိုအမျိုးသမီး အထက်တန်းကျောင်းမှ ဆယ်တန်းအောင်မြင်ခဲ့သည်။ ၁၉၃၃– ၃၅ ခုတွင် မန္တလေး ဥပစာကောလိပ်၊ ၁၉၃၆ ခုတွင် ရန်ကုန်ဘီအေ အောက်တန်းတွင် ပညာသင်ရင်း ဒုတိယကျောင်းသားသပိတ်တွင် သပိတ်မှောက် ကျောင်းသူတဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၃၆ခုတွင် အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် စာပေများ ရေးသား ခဲ့သည်။ ၁၉၃၉ ခုတွင် လူထုဦးလှနှင့် လက်ထပ်ခဲ့ပြီး ဖိုးသံချောင်း၊ ရဲဘော်ထွန်းကျော်၊ ညီပုလေး တို့အပါအဝင် သားသမီး (၅) ဦး ထွန်းကားခဲ့သည်။

၁၉၄၅ခုတွင် လူထုဂျာနယ် လက်ထောက်အယ်ဒီတာ၊ ၁၉၄၆ခုတွင် လူထုသတင်းစာ အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။ မကွယ်လွန်မီအချိန်အထိ မန္တလေးမြို့၌ နေထိုင်ကာ စာအုပ်များရေးသားထုတ်ဝေခြင်း၊ လစဉ်ထုတ်မဂ္ဂဇင်းများတွင် အခါ အားလျော်စွာ ဆောင်းပါးများ ရေးသားခြင်းတို့ ပြုလုပ်ခဲ့သည်။ လူထုဒေါ်အမာ၏ ဈာပနကျင်းပမည့်ရက်ကို မိသားစု တိုင်ပင်ညှိနှိုင်းနေဆဲဖြစ်ကြောင်း သိရသည်။

## ဆရာမကြီးလူထုဒေါ်အမာ ကွယ်လွန်

ရိုးမ ၃။ ဧပြီ ၇၊ ၂၀၀၈

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ အသက် (၉၃)နှစ် သည် မန္တလေးမြို့၊ ပြည်သူ့ဆေးရုံ ကြီးတွင် ကွယ်လွန်သွားသည်။

ယနေ့နံနက်ပိုင်း (၈)နာရီ (၃၇) မိနစ်တွင် နှလုံးရောဂါ အထူးကုဆောင်တွင် ဆေးကုသမှုခံယူနေစဉ် ကွယ်လွန်သွားခြင်းဖြစ်သည်။

အမေမာ ကွယ်လွန်ခြင်းနဲ့ပတ်သက်၍ သားဖြစ်သူ ကိုညီပုလေးက “အမေကို လူတွေက ချစ်ကြမှန်းတော့ သိတယ်၊ အခုတော့ အမေ့အပေါ် အများပြည် သူတွေ ရဲ့ မေတ္တာကြီးမားတာကို လက်တွေ့ တွေ့ရပါပြီ၊ အနုပညာအသိုင်းအဝိုင်းက မိတ်ဆွေတွေတော့ တော်တော်များများရောက်နေပါပြီ၊ ဆရာမောင်မိုးသူတို့က တော့ ရောက်နေကြတယ်” ဟု ပြောသည်။

မန္တလေးသား၊သူများက လူထုဒေါ်အမာကွယ်လွန်သည့်သတင်းကို ကြားသိသဖြင့် နာရေးကိစ္စ လာရောက်မေးသူများရှိနေပြီး အနုပညာအသိုင်းအဝိုင်းမှလည်း စုံလင်စွာရောက်ရှိနေသည်ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ဆရာမကြီးလူထုဒေါ်အမာကို မန္တလေးမြို့၊ ဂွဏ္ဍန်ရပ်၌ အဖ ဦးထင်၊ အမိ ဒေါ်စုတို့မှ ၂၉၊ ၁၁၊ ၁၉၁၅ ခုနှစ်တွင် ဖွားမြင်ခဲ့ပြီး မွေချင်း (၁၂)ယောက်ရှိသည့်အနက် စတုတ္ထမြောက်ဖြစ်သည်။

၁၉၃၁ ခုနှစ်တွင် ဗဟိုအမျိုးသမီးအထက်တန်းကျောင်းမှဆယ်တန်းအောင်မြင်ခဲ့ပြီး ၁၉၃၆ တွင် ရန်ကုန်ဘီအေအောက်တန်းတွင် ပညာသင်ရင်း ဒုတိယကျောင်းသား သပိတ်တွင် ပါဝင်ခဲ့သည်။ ၁၉၃၆ ခုနှစ်မှစတင်၍ အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေး မဂ္ဂဇင်း၊ ဘားမားဂျာနယ်များတွင် စတင်၍ စာပေများရေးသားခဲ့သည်။

၁၉၃၉ ခုနှစ်တွင် လူထုဦးလှနှင့်လက်ထပ်ခဲ့ပြီး သားသမီး (၅)ယောက်ထွန်းကား ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် လူထုဂျာနယ် လက်ထောက်အယ်ဒီတာ၊ ၁၉၄၆ တွင် လူထုသတင်းစာ အယ်ဒီတာ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

လူထုဒေါ်အမာ၏ ရုပ်ကလာပ်ကို ၃၂ လမ်းရှိ သမီးဖြစ်သူ၏ နေအိမ်တွင် ပြင်ဆင် ထားပြီး ၉၊ ၄၊၂၀၀၈ မနက် (၁၀)နာရီတွင် ကြာနီကန်သုသာန်၌ မီးသဂြိုဟ်မည် ဖြစ်သည်။

ဆရာမကြီးလူထုဒေါ်အမာကို ချစ်ခင်မြတ်နိုးကြသည့် အနယ်နယ်အရပ်ရပ်မှ စာပေအနုပညာရှင်များ တဖွဲဖွဲရောက်ရှိလာနေပြီး ရန်ကုန်နှင့် အခြားမှရောက်ရှိလာ မည့် သူများနှင့်ပတ်သက်၍ ကိုညီပုလေးက "ရန်ကုန်ကတော့ ခုမှသိကြတာ သူတို့လည်းလာဖို့ စိုင်းပြင်းနေပါတယ်၊ မနက်ဖြန်လည်း ရောက်လာမှာပါ၊ ဆရာမောင်မိုးသူတို့ကတော့ နဂိုလ်ထဲကရောက်နေတာ၊ သိလို့တော့ မဟုတ်ဘူး၊ တိုက်ဆိုင်သွားတာပါ" ဟုဆိုသည်။

# အမေမာအတွက် ဒေါ်စု ပေးပို့သည်ဆိုသော ပန်းခြင်းတခြင်း ရောက်ရှိ

နန်းဒေဝီ

Tuesday, 08 April 2008 15:48 – မြန်မာစံတော်ချိန်

နယူးဒေလီ။ ။ လူထုဒေါ်အမာ၏ ဈာပနသို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အမည်နှင့် လွမ်းသူ့ပန်းခြင်းတခု ယမန်နေ့ညက ပို့ဆောင်ခဲ့သည်။

အနီရောင် နှင်းဆီဖူး ၁၀၀ ကျော် ထည့်ထားသည့် ပန်းခြင်းအား ယမန်နေ့ည ၁၁ နာရီခွဲတွင် လူအချို့က ၃၈ လမ်းရှိ လူထုဒေါ်အမာရုပ်ကလပ် ထားရှိရာ နေအိမ်တွင် လာရောက် ပို့ဆောင်သွားခြင်း ဖြစ်သည်။

"ဒေါ်စု ပန်းခြင်းပို့တယ်ဆိုတာ ဟုတ်ပါတယ်။ နှင်းဆီဖူးအနီရောင်တွေ ချည်းပါပဲ။ မန္တလေးက လုပ်ဖော်ကိုင်ဖက်တွေကနေ စီစဉ်တာဖြစ်ပါလိမ့်မယ်။ ဘယ်သူတွေ ယူလာတယ်ဆိုတာတော့ မတွေ့လိုက်ရဘူးခင်ဗျ။ စာတမ်းက ဒေါ်အောင်ဆန်းစုကြည်လွမ်းသူ့ပန်းခွေ ဆိုပြီးတော့ စာတမ်းထိုးထားပါတယ်" ဟု လူထုဒေါ်အမာ၏ သားဖြစ်သူ စာရေးဆရာ ညီပုလေးက မဇ္ဈိမကို ပြောသည်။

နိုဘယ်ငြိမ်းချမ်းရေးဆုရှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ် ကျခံနေရချိန်တွင် မည်ကဲ့သို့

ပန်းခြင်းပေးပို့ခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ လာရောက် ပို့ဆောင်သူများကို ဈာပနတွင်ရှိနေသူများ မသိကြဟု ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက "အဖွဲ့ချုပ်ကနေပြီးတော့ ပန်းခြင်း၊ ပန်းခွေ ၂ ခု ပို့ပါတယ်။ တခုက အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာမည်နဲ့ ဖြစ်ပြီးတော့ နောက်တခုက ဒေါ်အောင်ဆန်းစုကြည် နာမည်နဲ့ မနေ့က ပို့ပါတယ်။ ရပြီးပြီ လို့လည်း ကြားပါတယ်။ မန္တလေးအဖွဲ့ချုပ်နဲ့ ပေါင်းပြီး ကျနော်တို့စီစဉ်တာပါ။ နောက်တခုက ဒေါ်အောင်ဆန်းစုကြည် ကနေပြီးတော့ သက်န်း ၅ စုံ လှူတယ်လို့ ပြောပါတယ်။ အဲဒါတော့ ဘယ်သူတွေ စီစဉ်လည်းဆိုတာ ကျနော်မသိပါဘူး" ဟု ပြောသည်။

မန္တလေး ၃၈ လမ်းနေအိမ်တွင် ရုပ်ကလပ်အား ထားရှိရာ ယနေ့နံနက်မှ နေ့လည်ထမင်းစားချိန်အထိ ဂါရဝပြုသူ ဧည့်ပရိသတ် ၁၀၀၀ ကျော်ရှိပြီး၊ စာပေအသိုင်းအဝိုင်းမှ ဆရာမောင်မိုးသူ၊ ဆရာဦးကြည်အောင်၊ ဆရာမောင်သာနိုး၊ ဆရာမ သန်းမြင့်အောင်၊ ဒေါ်ကလျာနှင့် သားဂျာနယ်ကျော် တို့လည်း လာရောက်ခဲ့သည်။

နေအိမ်အပြင်ဘက်တွင်မူ အရပ်ဝတ်နှင့် စောင့်ကြည့်နေသည့် လူ ၅ ဦးခန့် ရှိပြီး၊ ပန်းခွေ၊ ပန်းခြင်း လာရောက်ပို့ဆောင်သူများကို ဓာတ်ပုံရိုက်ယူကြသော်လည်း အခြားနည်းနှင့် နှောင့်ယှက်ခြင်းမရှိကြောင်း သိရသည်။

ရန်ကုန်ရှိ နိုင်ငံရေးအသိုင်းအဝိုင်းကလည်း ဈာပနပွဲအမီ မန္တလေးသို့ ကားများနှင့် လာရောက်နေသည်။

လူထုဒေါ်အမာကွယ်လွန်ချိန်တွင် အသက် ၉၃နှစ် ရှိပြီး၊ ကျန်ရစ်သည့် ရုပ်ကလပ်အား မနက်ဖြန် နံနက် ၁၀ နာရီတွင် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ကာ မီးသင်္ဂြိုဟ်မည် ဖြစ်သည်။

## ၂၈။ Network Media Group

### လူထုဒေါ်အမာ ဈာပန လူထောင်ချီ လိုက်ပါပို့ဆောင်

ခွန်အောင်မြတ်။

ဧပြီလ ၉ ရက်၊ ၂၀၀၈ ခုနှစ်။

သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ ဈာပနပွဲ ယနေ့ပြုလုပ်ရာ လူပေါင်းထောင်ချီ လိုက်ပါပို့ ဆောင်ကြသည်။

ဒေါ်အမာ၏ ဈာပနအခမ်းအနားကို လိုက်ပါပို့ဆောင်ရာတွင် ကားအစီးပေါင်း ရာနှင့်ချီ၍ လိုက်ပါပို့ဆောင်ကြသည်ဟု ဈာပနပို့ရာတွင် လိုက်ပါခဲ့သည့် လူရွှင်တော် ဦးပါပါလေးက ပြောသည်။

"စည်တာကတော့ဗျာ ကားအစီးပေါင်း (၁၃၀)ကျော်ပဲဗျ။ ဆိုင်ကယ်ကတော့ဗျာ ရေကို မရေနိုင်တော့ဘူးပဲ။ အများကြီးဗျာ လူထုပရိသတ်ကတော့။ နောက်တခါ သုသာန်မှာလည်း ပြည့်ညပ်သွားတာပဲ ကားတောင်ထားစရာမရှိတော့ဘူး။ ရှားတယ် ရှားပါတယ်။ ဒီလို အမေမျိုးကတော့မရှိပါဘူး။ ပန်းခွေ ပန်းခြင်းကတော့ အများကြီးပဲဗျ။ စာပေလောကဗျာ၊ အနုပညာရှင်လောက ကတော့ ကျနော် လူရွှင်တော်

နုတ်ခမ်းမွေး ပါပါလေး မိသားစုပေါ့ဗျာ။ နောက် စာပေလောကပါတယ်၊ နောက် စာနယ်ဇင်းတွေ။ နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ နောက်မြို့မတီးဝိုင်း၊ နောက် ဌာနဆိုင်ရာပေါ့ဗျာ။ တော်တော်လေးပါပါတယ်။ တော်တော့်ကို များတယ်ဗျ။''

လူထုဒေါ်အမာ၏ ဈာပနအခမ်းအနားတွင် မီးမသင်္ဂြိုလ်မီအချိန်တွင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပေးပို့သည်ဆိုသည့် လွမ်းသူ့ပန်းခြင်းကို ဒေါ်အမာ၏ခေါင်းရင်းတွင် ထောင်ထားကြောင်း ဦးပါပါလေးက ပြောသည်။

''ထူးခြားတာတခုကတော့ အမေ့ကိုမီးသင်္ဂြိုလ်ခါနီးလေးမှာ ကျနော်တို့ အားလုံးပေါ့ဗျာ၊ ဗွီဒီယိုကင်မရာတွေ ရိုက်တာကတော့ အလုံးကတော့ မရေနိုင်ဘူးဗျ၊ လူတိုင်းလိုလို ရိုက်တဲ့အခါမှာ အဲဒီမှာ ကျနော် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပန်းခြင်းကိုလေ အမေ့ခေါင်းရင်းကနေပြီးတော့ သူတခုထဲပဲ ထောင်ထားတာဗျ။ ထောင်ပြီးတော့ကို တယောက်ကကိုင်ပေးထားတယ်။ အဲဒါတော့ ထူးခြားတယ်ဗျ။ လူတွေ လူတိုင်း ကြက်သီးထပြီး ဝမ်းသာကြတာပေါ့ဗျာ။ ဟာဟာနဲ့ နေတာပဲဗျာ။ ဝမ်းသာကြတာပေါ့ဗျာ။ အဲဒါလေးကတော့ ကျနော်တို့ ရင်ထဲမှာလည်း ကျေနပ်သွားတာပေါ့ဗျာ။''

ဈာပနအခမ်းအနားတွင် မြန်မာစစ်အစိုးရ၏ ထောက်လှမ်းရေးဖြစ်ပုံရသူများက မှတ်တမ်းဓာတ်ပုံ ရိုက်ယူမှုများ ပြု လုပ်သည်ဟု ၄င်းက ဆက်ပြောသည်။

နိုင်ငံကျော် သတင်းစာဆရာ၊ စာရေးဆရာမကြီး လူထုဒေါ်အမာသည် ဧပြီလ ၇ ရက်နေ့ တွင် မန္တလေးပြည်သူ့ ဆေးရုံကြီးတွင် နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

## လူထုအမေမှာ ဈာပန ကျင်းပ

မောင်ဒီး

Wednesday, 09 April 2008 15:57 – မြန်မာစံတော်ချိန်

နယူးဒေလီ။ ။ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နောက်ဆုံးခရီး ဈာပန ပွဲကို ယနေ့ပြုလုပ်ပြီး အရိုးပြာကို ဧရာဝတီမြစ်ထဲ မျှောလိုက်ကြသည်။

ဈာပနပွဲကို နံနက် ၁၀ နာရီတွင် စတင်ခဲ့ပြီး စာရေးဆရာမကြီး လူထုဒေါ်အမာ (၉၂ နှစ်) ကို ချစ်မြတ်နိုးသည့် သာမန်အရပ်သားများနှင့် ရန်ကုန်–မန္တလေး စာနယ်ဇင်း နယ်ပယ်မှပါ လာရောက်ကြကာ ဂါရဝပြုသူပေါင်း ထောင်ချီ ရှိသည်။

ဆရာမကြီး၏ ရုပ်အလောင်းကို ကြာနီကန်သုသာန်တွင် မီးသင်္ဂြိုဟ်ပြီး ကျန်ရစ်သူ မိသားစုဝင်များ၏ဆန္ဒအရ အရိုးပြာကို ဧရာဝတီမြစ်ထဲသို့ မျှောခဲ့ကြသည်ဟု သား ဖြစ်သူ စာရေးဆရာ ညီပုလေးက ပြောသည်။

မြန်မာပြည်သမိုင်းဝင် စာရေးဆရာမကြီး လူထုဒေါ်အမာ၏ ဈာပနသို့ မန္တလေးမြို့မှ ဂျာနယ်၊ မဂ္ဂဇင်းတိုက်များ၊ စာနယ်ဇင်းသမားများ၊ စာပေပညာရှင်များ အားလုံး နီးပါး တက်ရောက်ခဲ့ခြင်းလည်း ဖြစ်သည်။ ထို့အပြင် ရန်ကုန်မှ စာရေးဆရာများ လည်း တက်ရောက်လာကြသည်။

"ပရိသတ် တော်တော်များပါတယ်ခင်ဗျ။ ကိုယ်ပိုင်ကားနဲ့ လိုက်ပို့ကြတာ ကျုံး ပတ်ချာလည် နှစ်ပြစာပေါ့ဗျာ။ ကျုံးမြို့ရိုး နှစ်ဖက်စာပေါ့ ကားတန်းတွေက။

ရှေ့ကနေ ဆိုင်ကယ်တွေနဲ့ သွားကြတာလည်း အများကြီးပါ။ အရေအတွက်အနေနဲ့ ဆိုရင် ၂ ထောင်လောက်ရှိမယ်ဗျ” ဟု ဗျာပနအခမ်းအနား တက်ရောက်သူ ကျောင်းဆရာတဦးက ပြောသည်။

“ကျနော့်အနေနဲ့တော့ သက်ရှိထင်ရှား သမိုင်းစာအုပ်ကြီးတအုပ်၊ မြန်မာနိုင်ငံရဲ့ သမိုင်းဝင် ဆရာမကြီးတယောက်လို့ သဘောထားပါတယ်။ ကျနော်တို့ရဲ့ ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းစဉ်လာကို ထိန်းသိမ်းတဲ့ ဆရာမကြီးအနေနဲ့ လေးစား ခဲ့ရတာ ဖြစ်ပါတယ်။ ရိုးသားမှုနဲ့ မှန်ကန်တဲ့ဘက်က ရပ်တည်ခဲ့တဲ့၊ လူထုဘက်က ရပ်တည်ခဲ့တဲ့၊ တိုင်းကျိုးပြည်ကျိုးကိုသာ အစဉ်ရှေ့ရှုခဲ့တဲ့ ဆရာမကြီးအနေနဲ့ လေးစားခဲ့ပါတယ်။ ဒီလို ဆရာမကြီး ဆုံးသွားတဲ့အတွက် မှီခိုရာ၊ အားထားရာ၊ အားပြုရာ ဆုံးရှုံးသွားရသလို ခံစားရပါတယ်” ဟု သူက ထပ်ပြောသည်။

မန္တလေးမြို့ကိုချစ်သော ဆရာမကြီးကို မန္တလေးမြို့သူ မြို့သားများကလည်း ချစ် မြတ်နိုးလေးစားကြရာ အသုဘယာဉ်တန်း ဖြတ်သန်းသွားသည့်အခါ လက်ခုပ်ချီပြီး ဆရာမကြီးကို ဝမ်းနည်းစွာဖြင့် နှုတ်ဆက်ခဲ့ကြသည်ဟု သိရသည်။

မြန်မာပြည်လွတ်လပ်ရေးသမိုင်းတလျှောက် စာပေမိတ်ဆွေအဖြစ် ဖြတ်သန်းလာခဲ့ သည့် ဆရာကြီး ဒဂုန်တာရာကို “ကိုဌေးမြိုင်ရေ ကျမတို့ သေလို့မဖြစ်သေးဘူး” ဟု ပြောဆိုခဲ့သည့် လူထုဒေါ်အမာသည် ပြီးခဲ့သည့် တနင်္လာနေ့၊ ဧပြီလ ၇ ရက် နံနက် ၈ နာရီ ၃၇ မိနစ်တွင် နှလုံးရောဂါဖြင့် ဆုံးပါးခဲ့ခြင်း ဖြစ်သည်။

## ၃။ အမေ့အတွက်ဝမ်းနည်းမှတ်တမ်းများ

### မသေမြစ်သို့ ဦးညွှတ်ခြင်း

လူထုရဲ့ "စိတ်" ကမ်း
လွတ်မြောက်ရေးသို့ သွားရာလမ်း
လက်နက်မချတမ်း ။ ။

အမေ့သား အောင်ဝေး

..............................................

အမေ ကွယ်လွန်ခဲ့ပေမယ့်
အမေဟာ ကျနော်နဲ့ မဝေး
ကျနော့်ရဲ့ အတွေး၊ ကျနော့်ရဲ့ဘေးမှာ
မြင့်မြတ်တဲ့ အဘိဓမ္မာ
မြင့်မြတ်တဲ့ မေတ္တာတရား
မြင့်မြတ်တဲ့ စိတ်ဓာတ်ခွန်အားတွေနဲ့
ထာဝရ အနီးကပ်
မတ်မတ်ရပ်နေဆဲလို့
ယုံမြဲယုံကြည်လျက်ပါ အမေ ...။

ဒေါက်တာလွဏ်းဆွေ

အမေမာဟာ အဖိနှိပ်ခံ ပြည်သူလူထုဘက်က အမြဲတမ်း တောက်လျှောက် ရပ်တည်ပြီးတော့ အမှန်တရားအတွက်၊ တရားမျှတမှုအတွက် အမေမာဟာ ငယ်စဉ်ခါကတည်းက သူကိုင်တဲ့ ကလောင်စွမ်းနဲ့ခုခံပြီးတော့ ရပ်တည်လာခဲ့တဲ့ သူရဲကောင်းအာဇာနည်တဦးလို့ ပြောလို့ရပါတယ်။ အမေမာ အခုလိုကွယ်လွန်သွားတာ ကျနော်တို့ တိုင်းပြည်အတွက်၊ ဒီမိုကရေစီဘက်တော်သားတွေအတွက် အင်မတန် ဆုံးရှုံးမှုကြီး ဖြစ်ပါတယ်။

အမေမာတို့ လွတ်လပ်ရေးတိုက်ပွဲ တလျှောက်လုံးကနေ ကနေ့ထက်ထိ မျှော်မှန်းခဲ့တဲ့ ပြည်သူလူထုတရပ်လုံး လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီ တိုင်းပြည်တခုကို မဖြစ်ဖြစ်အောင် တည်ဆောက်သွားဖို့ ကျနော်တို့ သံန္နိဋ္ဌာန် ချထားပါတယ်။ ဒါကြောင့်မို့လို့ အမေမာ ဆုံးပါးသွားပေမယ့် အမေမာဆုံးမခဲ့တဲ့ စကားတွေကတော့ ကျနော်တို့ တိုင်းပြည်မှာ ကနေ့ထက်ထိ ရှင်သန်နေဆဲပါ။ အမေမာ မှာခဲ့တဲ့အတိုင်းပဲ ကျနော်တို့ တိုင်းပြည် လွတ်မြောက်ရေးအတွက် ကျနော်တို့ လုပ်သွားကြပါမယ်။

ကိုထွန်းမြင့်အောင် (၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့)

.................................................................................................................

အမေ ဆုံးသွားတဲ့အခါ ကျမတို့အတွက်ရော၊ မြန်မာပြည်မှာရှိတဲ့ လူထုတွေအတွက်ရော တကယ်ကို စိတ်မကောင်းစရာ ဖြစ်တယ်။ အမေဟာ အမှန်တရားဘက်က၊ ငြိမ်းချမ်းရေးဘက်က၊ လူထုရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးခဲ့တဲ့ မိခင်ကောင်းတယောက် ဖြစ်ပါတယ်။ ကျမတို့ ထောင်ထဲမှာရှိနေစဉ်မှာ အမေ့ရဲ့ စကား

တွေဟာ ကျမတို့ ထောင်ထဲကလူတွေအတွက် ခွန်အားတွေ ဖြစ်ခဲ့ရတယ်။ အပြင်မှာ လုပ်နေတဲ့ ဒီမိုကရေစီ လှုပ်ရှားသူတွေအတွက်လည်း အမေ့ရဲ့စကား၊ အမေ့ရဲ့ အမှန်တရား၊ အမေ့ရဲ့ငြိမ်းချမ်းမှုတွေဟာ ကျမတို့ ခြေလှမ်းတိုင်းအတွက် တကယ်ကို ခွန်အားတွေ ဖြစ်စေခဲ့ပါတယ်။ အခု အမေဆုံးပါးသွားတဲ့အခါ ကျမတို့အတွက် တကယ်ကို နှမြောမိပါတယ်။

အခုဆိုရင် ကျမတို့ရဲ့ မဆုံးတဲ့ခရီးတခုပေါ့နော်။ ပန်းတိုင် မရောက်ခင်၊ မအောင်မြင်ခင်မှာ အမေဆုံးပါးသွားပေမယ့် အမေ့ရဲ့ရင်ထဲက ဆန္ဒတွေကို ကျမတို့တွေ အားလုံးက အောင်မြင်တဲ့အထိ ဆက်လက် လုပ်ဆောင်သွားမှာပါ။

မနီလာသိန်း (၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့)

..........................................................................................................

ကျနော်တို့ကတော့ အထူးပဲ ဝမ်းနည်းပါတယ်။ ဘာလို့လည်းဆိုတော့ အမေလူထုဒေါ်အမာက အမြဲတမ်း ပြည်သူဘက်ကရပ်တည်တယ်။ နိုင်ငံရေးအရလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပေါ်မှာ အမြဲတမ်း Sympathy ထားတယ်။ ဒီလို ပုဂ္ဂိုလ်မျိုးတယောက် ဆုံးပါးသွားတာကတော့ ကျနော်တို့ အထူးပဲ ကြေကွဲဝမ်းနည်းပါတယ်။

ဦးဉာဏ်ဝင်း ( NLD ပြောခွင့်ရပုဂ္ဂိုလ် )

..........................................................................................................

အင်မတန်မှ ကြီးမားတဲ့ ဆုံးရှုံးမှုတခုပေါ့ဗျာ။ ဒေါ်အမာက အသက်လည်း ရှည်ပါတယ်။ ဆုံးရှုံးသွားတာ၊ ကွယ်လွန်သွားတာက ဝမ်းနည်းစရာပေါ့ဗျာ။ ရှည်လျားတဲ့ သက်တမ်းတလျှောက်မှာ ဗမာစာပေအတွက် အကျိုးပြုတဲ့စာတွေ၊ အသိအမြင် ကြွယ်ဝစေရေးစာတွေ အများကြီးရေးခဲ့တယ်။ တိုင်းပြည်ကောင်းရာကောင်းကြောင်း အတွက် လုပ်သင့်လုပ်ထိုက်တာ မှန်သမျှမှာလည်း ကိုယ်ကျိုးကိုမငဲ့ဘဲ အမြဲတမ်း လုပ်ခဲ့တယ်။ အင်မတန်မှ ကျေးဇူးကြီးမားတဲ့ စာပေနယ်အတွက်ရော တိုင်းပြည် အတွက်ရော ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်တယောက် ဖြစ်ပါတယ်။ အင်မတန်မှ ဝမ်းနည်းစရာ ဆုံးရှုံးမှုတခုလို့ ပြောချင်ပါတယ်။

စာရေးဆရာ ဖေမြင့်

.................................................................................................................................

ဒေါ်အမာ ကွယ်လွန်သွားတယ် ဆိုတဲ့ဟာက ကျနော်တို့မှာက မိသားစုတစုအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ကျနော်တို့ရဲ့ အိမ်ဦးခန်းမှာ ဂုဏ်ကျက်သရေရှိရှိ အလေး အနက်ထားရတဲ့ အဖွားတယောက် မိခင်ကြီးတယောက် ကွယ်လွန်သွားသလိုပါပဲ၊ စာပေလောကအတွက်ရော အားလုံးအတွက်ပါ အဖိုးမဖြတ်နိုင်တဲ့ ဆုံးရှုံးမှုလို့ပဲ ပြောပါရစေ။ ကျနော်တော်တော်လည်း စိတ်မကောင်း ဖြစ်နေပါတယ်။

မော်ဒန်စာရေးဆရာ မင်းခိုက်စိုးစံ

.................................................................................................................................

ဆုံးရှုံးဆုံးမှုတရပ်လို့ ပြောရမှာပေါ့။ ဒေါ်အမာက နှစ်ပေါင်းများစွာကြာပြီပဲ။ တိုင်းပြည်အတွက် ဆောင်ရွက်နေတာ။ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေတာ။ ဒေါ်အမာဟာ ၁၉၃၆ ဒုတိယကျောင်းသား သပိတ်မှာ စတွေ့ဖူးတယ်။ ကျနော်တို့က (၁၀) တန်းပေါ့။ သူ့ရဲ့ ခင်ပွန်းပေါ့ ဦးလှဆိုရင်ကျောင်းသားဘဝတည်းက ခင်တယ်။ သူလည်း ငြိမ်းချမ်ရေးကိစ္စတွေ ပါဝင်ဆောင်ရွက်ခဲ့တာပဲ။ သူနဲ့ ကိုအောင်ဆန်းနဲ့က မွေးနှစ် အတူတူပဲ။ ဒေါ်အမာနဲ့ ပတ်သက်လို့ပြောရရင် ပြောစရာတွေက အများကြီးပေါ့။ ချက်ချင်း စီကာပတ်ကုံးပြောဖို့က တချို့ အကြောင်းအရာတွေက အချက်အလက်နဲ့ပြောမှ ပြည့်စုံမယ်။ ငြိမ်းချမ်းရေး ဆောင်ရွက်တဲ့အခါမှာ ဒေါ်အမာနဲ့ တွေ့ရပါတယ်။ မကြာခဏ။ မန္တလေးရောက်ရင် တော့ ဝင်တယ်ပေါ့ဗျာ။ သူ့အိမ်မှာပဲ တည်းရတာပေါ့ဗျာ။ အထူးသဖြင့် အမျိုးသမီးရေးရာတွေ မဟုတ်တော့ဘူးပေါ့ဗျာ။ တိုင်းပြည်တပြည်လုံးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာလည်း အတူတူဆောင်ရွက်ခဲ့တာ။ ကျနော်သိပ်ပြီးတော့ စိတ်မကောင်း ဖြစ်သွားပါတယ်။

ဆရာကြီး ဒဂုန်တာရာ

..............................................................................................................................

သူများတတိုင်းပြည်လုံး ကျဉ်းထဲကျပ်ထဲအချိန်မှာ ဆုံးရှုံးမှုကို ခံစားရတယ် ဆိုတာလောက်ပါပဲ။

ရဲဘော် ဖိုးသံချောင်း (အမေမာ၏ သား၊ ဗမာပြည် ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူ)

ဧပြီ ၇ ရက် မနက်ခင်း

ဒေါ်ဒေါ် ကျနော်တို့နဲ့ ဤဘဝ ဤမျှသာ

မန္တလေးဆိုတာ ဒေါ်ဒေါ်ရှိနေလို့သာ တင့်တယ်တာ ...

သင့်နော် (စာရေးဆရာ)

..................................................

ဧပြီ ၇၊ ၂၀၀၈

အမေဆုံးပြီ

ဒါပေမယ့် အမေဘယ်တော့မှ မသေ

ကမ္ဘာတည် ဗမာပြည် တည်သရွေ့ ...

ဂါရဝ ဖြင့်

ဆူးငှက် (စာရေးဆရာ)

...................................................

အမေရယ်

အမေ့ရဲ့သားတွေ

အမိမဲ့သား ရေနည်းငါးနှယ် ...

သိုက်ထွန်းသက် (စာရေးဆရာ)

သိပါတယ်

ဒေါ်ဒေါ် မျှော်လင့်စောင့်စားရင်းကွယ်လွန်တာ

ကျနော်တို့ သိပါတယ် ...

မောင်သစ်လွင်(လူထု)

......................................................

အမေ

ရေးစရာ စကားလုံးရှာမရတာ

အမေခွင့်လွှတ်ပါနော် ...

မေမောင် (စာရေးဆရာမ)

...................................................................

အမေဆုံးတဲ့အချိန်မှာ

ဇက်မကျိုးကျဘူး

ခေါင်းငုံ့ ပျော့ခွေကျမသွားဘူး

အမေဆုံးတဲ့အချိန်

ကုတင်ဘေးမှာ ရှိနေတဲ့ ကျနော်

သေသေချာချာ သတိထားမိတယ် ...

ကျော်ရင်မြင့် (စာရေးဆရာ)

## အစားထိုးမရတဲ့ ဆုံးရှုံးမှု

ဧပြီ ၇ရက်၂၀၀၈ မနက်၈နာရီ၃၇မိနစ်။
အမေမာ(လူထုဒေါ်အမာ) အသက် ၉၃နှစ်။
တိုက်တိုက်ဆိုင်ဆိုင် မနေ့(ဧပြီ၆ရက်)က ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ မွေးနေ့။
ဆရာကြီးက အမေ့မွေးနေ့အပြီး နောက်တရက်မှာ ကွယ်လွန်ဆုံးပါးခဲ့တယ်။
ခု အမေမာကလည်း
ဆရာကြီးဒေါက်တာသန်းထွန်းမွေးနေ့အပြီးနောက်တရက်မှာပါပဲ။
ပြီးခဲ့တဲ့ ဧပြီလ(၃)ရက်နေ့တုန်းကလည်း အမေတို့လိုပဲ မတရားအစိုးရကို
ခေတ်အဆက်ဆက် တောက်လျှောက်တိုက်လာခဲ့တဲ့ သတင်းစာဆရာကြီး အဘ
ကြေးမုံဦးသောင်း(အောင်ဗလ) ကွယ်လွန်ခဲ့။ ခုထိ ဈာပနတောင် မကျင်းပရသေးဘဲ
ရှိဆဲ..။
အစားထိုးမရတဲ့ ဆုံးရှုံးမှုတွေက တိုက်တိုက်ဆိုင်ဆိုင်။
ဒီလိုနဲ့ နောက်ထပ် မဟာကြယ်တပွင့်... ဒါမှမဟုတ် လမင်းတဆူ..
ကွယ်ပရပြန်ပါပြီ။
ရောက်လာမယ့် တနေ့လို့ သိပေမဲ့ .. ချိန်တန်ပြီလို့ လက်ခံပေမဲ့..
နောက်ထပ် ဘယ်လိုမှ အစားထိုးမရနိုင်တဲ့ ဆုံးရှုံးမှု။
သတင်းစာဆရာကောင်း၊ စာရေးဆရာကောင်း၊ နိုင်ငံရေးသမားကောင်း၊
မိခင်ကောင်း၊ ပြည်သူကောင်း၊ လူထုရှေ့ဆောင်ကောင်း.. စံပြပုဂ္ဂိုလ်အမွန်... အမေ
လူထုဒေါ်အမာကို နှမြောတသစွာ အနူးအညွတ် အလေး ဂါရ၀ပြုပါတယ်..။

မေငြိမ်း

........................................................................................................................

အမေ့မွေးနေ့တိုင်း

ကျနော်တို့ ဒေါင်းရင်ပြင်မှာ အမေ့ကို အောက်မေ့ဂါရဝပြုပွဲလေး

အမြဲလုပ်နေခဲ့တာ ၁၀ စုနှစ်တခု ရှိတော့မယ်။

ထူးခြားတိုက်ဆိုင်မှုလို့ ပြောရမလားဘဲ။ အမေ့ (၉၀)ပြည့်မွေးနေ့ပွဲက အပြန်

ဆရာကြီး ဒေါက်တာသန်းထွန်း ကွယ်လွန်တယ်။

မနေ့က ဆရာကြီးမွေးနေ့၊ ဒီနေ့ အမေကွယ်လွန်သွားခဲ့တယ်။

ကြေကွဲနှမြောမဆုံးဆိုတဲ့ စကားထက် လေးနက်ပိပြိုတဲ့ စကားလုံး ကျနော်

ရှာဖွေနေမိတယ်။ ကျနော်တော့ တိုင်းနိုင်ငံတခု ထပ်မံဆုံးရှုံး ရပြန်ပြီပေါ့လေ။

မောင်လွမ်းဏီ

..............................................................................................................................

လူထုအတွက်

လူထုဒေါ်အမာဆိုတာ ဖြစ်လာတယ်။

ကွယ်လွန်ချိန်ထိ

လူထုနဲ့ တထပ်တည်း တသားတည်းရှိခဲ့တဲ့

အမေလူထုဒေါ်အမာဟာ

လူတယောက်မှာ ရှိသင့်တဲ့

လူ့တန်ဖိုးတွေကို

သယ်ပိုးသွားခဲ့နိုင်ပါတယ်

ကန်တော့လိုက်ပါတယ် အမေ ...။

အဝေးရောက်သမီး အေးမိဖြူ

# အမေမာ သို့

မောင်စွမ်းရည်
ဧပြီ ၉၊ ၂၀၀၈

အဘိုးဆုံး၍
ညိုးချုံးအားမာန်၊ ရှိခဲ့ပြန်သော်
"မန်းတောင်" သဏ္ဌာန်၊ "အလှ"ကျန်၍
အားမာန်မကျ တင်းနိုင်ကြ၏။

အဘဆုံး၍
ညိုးချုံးအားမာန်၊ ရှိခဲ့ပြန်သော်
"ချိုးဖြူ" သဏ္ဌာန်၊ "အမိ" ကျန်၍
အားမာန်မကျ၊ တင်းနိုင်ကြ၏။

"အမိ"ဆုံးသော်
မဆုံး အားမာန်၊ ခွပ်ဒေါင်းကျန်ပြီ
ဒေါင်းလံမြင့်၍
လွှင့်ကြကုန်။ ။

( မိုးမခ မီဒီယာမှ )

# မန်းတောင်ရိပ်ငို



ပြည်ပက

သားတွေ သမီးတွေကို

အားကိုးပါတယ်လို့ ပြောသွားတဲ့

အမေ ပြောသွားတဲ့ စကားအတွက်

သမီး ရှက်လှပါတယ်အမေရယ် ။

နှင်းဆီ

မြန်နန္ဒာနဲ့

သကြိုန်ကိုလွမ်း

တမ်းတမ်းဆွတ်ဆွတ်

လူက

ပိတောက်ကဗျာ ဖြစ်နေရင်း

အမေ့သတင်းက ၊ ရင်ဝထိုးခွဲ

သွေးက

အမေ့ရဲ့ သွေးတွေ ။

အမေရယ်

မန္တလာကို ၊ မြန်မာပြည်ကို

လူထုကို ၊ အောင်ဆန်းစုကြည်ကို

မင်းကိုနိုင်တို့ကို ၊ အဝေးရောက်သားသမီးတွေကို

အားကိုး ယုံကြည်တယ်ဆို ။

ချင်းတွင်း ၊ဧရာဝတီ

ရိုးမတကြော ၊ သောလှုပ်မုန်တိုင်း

လှိုင်းတွေ ခုန်ပေါက်နေကြပြီ ။

တောင်လေးလုံး

တောင်သမန် ၊ မယ်ဇယ်ပင်တန်း

ငိုခန်းတွေအခန်းဆက်၊ ရက်စက်တဲ့ ဓာတ်လမ်းရှည်

ကြေကွဲလို့မဆုံး၊ စစ်မုန်းစိတ်က မိုင်ထောင်ရှည် ။

သူရဲကောင်း လူထု

သွေးစုမယ့် နေရာ

အမေ ဖွေရှာတော့လေသလား ။

သွေးမြေကျ သံဃာတော်တွေကို

လိုက်လံ ပူဇော်နေတာလားအမေ ။

အနုပညာ

စာပေ အငြိမ့် သဘင်

မမြင်ရက်တော့ဘူးလား အမေ ။

မြို့ရိုးပြဿဒ်

ကျုံးတပတ်မှာ

ဆုံးဖြတ်သွားခဲ့တာလားအမေ ။

အမေ မြင်ချင်တဲ့ခေတ်

အမေ တွေ ချင်တဲ့စနစ်

ကျနော်တို့ ချစ်တယ်

ကျနော်တို့ ခေတ် ၊ သစ်ကို သစ်ရမယ်

ဖြစ်ကို ဖြစ်ရမယ်

ရောက်ကို ရောက်စေရမယ်အမေ ။

အမေ

ရှက်နေဦးမည်

ဆက်မည် တိုက်ပွဲ

ယုံကြည် ခွဲရစ်ခဲ့ပါတော့။

မောင်လွမ်းဏီ (၇-၄-၀၈)

(မဇ္ဈိမသတင်းဌာနမှ ကူးယူဖော်ပြပါတယ်။ )

## ၄။ အမေ့နာရေးပုံရိပ်များ

### ၄၊၁။ အမေ့ရှာပနတွင်ဝေငှသော လက်ကမ်းစာစောင်

သတင်းစာဆရာ စာရေးဆရာမကြီး

# လူထုဒေါ်အမာ

(၁၉၁၅ - ၂၀၀၈)

သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာကို မန္တလေးမြို့ ဂွကျွန်းရပ်၌ အဖ ဦးထင် ၊ အမိ ဒေါ်စုတို့က ၁၉၁၅ခု နိုဝင်ဘာ ၂၉ ရက် တနင်္လာနေ့တွင် မွေးဖွားခဲ့ပြီး စတုတ္ထသမီးဖြစ်သည်။ ၁၉၂၀-၂၃ မန္တလေးတရုတ်တန်း အမျိုးသမီးနေရှင်နယ်ကျောင်းတွင် ဒုတိယတန်းအထိနှင့် ၁၉၂၃-၃၁ တွင် အမျိုးသမီးနေရှင်နယ်ကျောင်းပျက်၍ တတိယတန်းမှနဝမတန်းအထိ ABM ကျောင်းတွင် ဆက်လက်ပညာသင်ခဲ့သည်။ ၁၉၃၁-၃၃ တွင် မန္တလေး ဖဟိုအမျိုးသားကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့သည်။ ၁၉၃၃-၃၅ တွင် မန္တလေးဥပစာကောလိပ်တွင် တက်ရောက်ခဲ့ပြီး ၁၉၃၆တွင် ရန်ကုန်တက္ကသိုလ်၌ ဘီအေတန်းဆက်လက်တက်ရောက်ခဲ့သည်။ ဒုတိယကျောင်းသားသပိတ်ကြီးတွင်လည်း တက်ကြွစွာပါဝင်ခဲ့ပြီး အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမားဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများ ရေးခဲ့သည်။ "ခင်လဝင်း"၊ "မြမွှေး"၊ ကလောင်အမည်များဖြင့် ကြီးပွားရေးမဂ္ဂဇင်းတွင် ပင်တိုင်ရေးသားခဲ့၏။ ၁၉၃၉ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် ကြီးပွားရေးဦးလှနှင့် လက်ထပ်ခဲ့ပြီး သားသမီး ၅ ယောက် ထွန်းကားခဲ့သည်။ ထိုနှစ်မှာပင် Maurice Collis ၏Trials in Burma စာအုပ်ကို "မြန်မာပြည်တွင် စစ်ဆေးခဲ့သောအမှုအခင်းများ"အမည်နှင့် မြန်မာပြန်ထုတ်ဝေခဲ့သည်။ ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် မန္တလေးမြို့၌ လူထုဂျာနယ်ကို ထုတ်ဝေရာ လက်ထောက်အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ခု ဧပြီလ ၁၉ ရက်နေ့တွင် လူထုသတင်းစာကို စတင်ထုတ်ဝေသောအခါ အယ်ဒီတာအဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၁၉၅၃ခုနှစ် ကမ္ဘာ့ဒီမိုကရက်တစ် အမျိုးသမီးညီလာခံ(ကိုပင်ဟေဂင် ၇-၆-၅၃)၊ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ(ဟန်ဂေရီ-ဘူတာပက် ၁၅-၆-၅၃)၊ ဒုတိယအကြိမ် ကမ္ဘာ့လူငယ်နှင့်ကျောင်းသားပွဲတော် (ရူမေးနီးယား၊ ဘူခါရက်စ် ၂၅-၇-၅၃) သို့တက်ရောက်ခဲ့သည်။

သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ ထင်ရှားသောစာအုပ်များမှာ စန္ဒမာလာ(၁၉၄၀) ၊ ဂျူနင့်စစ်သား(၁၉၄၅) ၊ သက်တန့်ရောင်(၁၉၄၅) ၊ ဆိုရှယ်လစ်တိုင်းပြည်များသို့(၁၉၆၃)၊ အိုယန်းကီးတို့ (၁၉၆၃) ၊ ငွေနှင့်လက်နက်(၁၉၆၃) ၊ ပြည်သူချစ်သောအနုပညာသည်များ(၁၉၆၄ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေပထမဆု)၊ ဘဝချင်းမတူသည့်တရုတ်ပြည်(၁၉၆၆)၊ ရွှေရိုးဘာကလေး(၁၉၆၉)၊ ရွှေမန်းတင်မောင်(၁၉၇၀)၊ အငြိမ့်(၁၉၇၃)၊ ကမ္ဘာ့အကြီးဆုံးစာအုပ်(၁၉၇၄) ၊ ရွှေခေါင်းတောင်ဆောင်းပါးများ(၁၉၇၅) ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း(၁၉၇၆) ၊ တော်လှန်တဲ့တရုတ်ပြည် ကျွန်တော်မှတ်မိသမျှ (၁၉၇၉)၊ ချင်းတွင်းမှ ပင်လယ်သို့(၁၉၈၉)၊ မြန်မာ့မဟာဂီတ(၁၉၈၉)၊ အာဖရိကဝတ္ထုတိုများ(၁၉၈၉)၊ ဆေးလိပ်နှင့်လူသား(၁၉၉၀)၊ မန္တလေးသူမန္တလေးသားများ(၁၉၉၁)၊ ထိုင်းဝတ္ထုတိုများ ၂ (၁၉၉၃)၊ သာသနာ့တန်ဆောင်ဆရာတော်ကြီးများ(၁၉၉၄)၊ ကျွန်မတို့ငယ်ငယ်က(၁၉၉၄)၊ အမေ့ရေးစကား ဒုတိယတွဲ(၂၀၀၀)၊ ကမ္ဘာ့အကြီးဆုံးကျောက်ဆင်းတုတော် (၁၉၉၆)၊ မြန်မာ့ခေတ်သစ်ပန်းချီ(၁၉၉၇)၊ အမေ့ရေးစကား(၁၉၉၇)၊ တောင်အာရှပြတင်းပေါက်များ (၁၉၉၉)၊ ငယ်ကကျွမ်းတဲ့ ခင်ပွန်းသည်(၂၀၀၁)၊ ၁၂ ပွဲဈေးသည်နှင့် ကျွန်မတို့ အညာ (၂၀၀၂)၊ လွမ်းသူ့စာ(၂၀၀၃)၊ စာအုပ်ဆိုင်က လူဝင်လူထွက်နှင့်အတွေးအမြင် ဆောင်းပါးများ (၂၀၀၄)၊ အမေ့ရေးစကား တတိယတွဲ (၂၀၀၇) စသည့် စာအုပ်များဖြစ်သည်။ လူထုဒေါ်အမာသည် ၂၀၀၈ ခုနှစ် ဧပြီလ ၇ ရက် နံနက် ၈ နာရီ ၃၇ မိနစ်တွင် မန္တလေးမြို့ ၊ လက်ဆည်ကန်ရပ်၌ ကွယ်လွန်ခဲ့သည်။


သုတင်းစာဆရာ စာရေးဆရာမကြီး
လူထုဒေါ်အမာ
(၁၉၁၅ - ၂၀၀၈)
လူထု
အမာသည် အပျော့မဟုတ်၊ အဖြူသည် အမည်းမဟုတ်၊
အဖြောင့်သည် အကောက်မဟုတ်၊ အမာကို မပျော့စေနှင့်၊
အဖြူကို မမည်းစေနှင့်၊ အဖြောင့်ကို မကောက်စေနှင့်
မောင်ဝန် (မင်းသုဝဏ်) ၉-၃-၁၉၃၆





အတိတ်ဆိုတာ ရှိလည်းရှိရတယ်။ ရှိတယ်ဆိုတာကိုလည်း ဂုဏ်ယူရတယ်။
အတိတ်ဆိုတဲ့ လှေကားထစ်ရှိလို့သာ ပစ္စုပ္ပန်ဆိုတဲ့ လှေကားထစ်ကို
တက်နိုင်တာဖြစ်ပါတယ်။ ဒါကြောင့် အတိတ်ကိုတော့ မျက်ကွယ်ပြုဖို့လည်း
မကြိုးစားစေချင်ဘူး။ အတိတ်ကို ချေဖျောက်ဖျက်ဆီးပစ်ဖို့လည်း
မကြိုးစားစေချင်ဘူး။ မနေ့ကရှိလို့ ကျွန်မတို့မှာ ကနေ့ရှိနေတာပါ။
ကနေ့ရှိနေနိုင်ကြတာပါ။
*(လူထုဒေါ်အမာ ရေး "မြန်မာ့မဟာဂီတ" မှ ၁၉၇၉ ခုနှစ်)*

ချစ်ကြည်ရေးဖြစ်ပေါ်အောင်
တည်ဆောက်မည်ဆိုရင် အချင်းချင်းသိနားလည်ရေးပေါ်မှာ အခြေခံမှ
နိုင်မြဲမယ်ဆိုတာလည်း တွေ့လာပါမယ်။ ပြည်သူအချင်းချင်း
သိနားလည်ရေးအတွက် အကောင်းဆုံးနည်းတစ်နည်းကတော့
စာပေကတစ်ဆင့် တည်ဆောက်ပေးမှုပဲဖြစ်ပါတယ်။
*(လူထု ဒေါ်အမာ ပြန်ဆိုသော "ထိုင်းဝတ္ထုတိုများ(၁)" မှ၊ ၁၉၉၂ ဒီဇင်ဘာ)*

သိနားလည်ရင် ချစ်ကြည်တယ်။ ချစ်ကြည်ရင် ငြိမ်းချမ်းတယ်။ ငြိမ်းချမ်းရင်
သာယာစိုပြည်ဝပြောပါတယ်။ စာပေကတစ်ဆင့် သိနားလည်ကြပါစို့။
*(လူထုဒေါ်အမာ ပြန်ဆိုသော "ထိုင်းဝတ္ထုတိုများ (၁)" မှ၊ ၁၉၉၂ ဒီဇင်ဘာ)*

လူတိုင်းမှာ လုပ်အားရှိတယ်။ ဒီလုပ်အားကို အမျိုးသားထုတ်လုပ်ရေးဘက်မှာ ပေးရမယ်။ ပေးတာနဲ့အမျှ မျှတတဲ့ဝင်ငွေ ရှိရမယ်လို့ အာမခံချက်ရှိပြီးတဲ့နောက် မမှန်ကန်တဲ့နည်းနဲ့ မတရားရယူလိုတဲ့ လောဘကို နှိမ်နင်းရင် အောင်မြင်မှာ မုချပါပဲ။

*("ရွှေဒေါင်းတောင် ဆောင်းပါးများ" စာမျက်နှာ ၁၀၀ မှ၊ ၁၉၇၅ ဇူလိုင်)*

မြန်မာတွေ ကိုးကွယ်တဲ့ ဘာသာရေးကလည်း သစ္စာရှာရမှာ၊ စည်းရုံးရမှာ၊ အကျင့်တရားကောင်းစေရမှာ အများကြီး အထောက်အကူပြုတဲ့ ဘာသာတရား။ ကိုးကြောင်းဆင်ခြင်တဲ့တရားကို ဗုဒ္ဓဘာသာက အများကြီးမွေးပေးပါတယ်။

*("ဆရာကြီးသခင်ကိုယ်တော်မှိုင်း" စာမျက်နှာ ၂၄ မှ၊ ၁၉၇၆ ဖက်တင်ဘာ)*

သတင်းစာတစ်စောင်ဟာ ပြည်သူ့ဘက်က ရပ်တည်မှ မှန်တယ်၊ ပေးတဲ့ ဗဟုသုတနဲ့ဝင်မှန်ကန်ကောင်းမွန်တယ်။ တင်ပြတဲ့ တွေးခေါ်စဉ်းစားစရာများက အထက်တန်းကျတယ်၊ အရေးအသားကလည်း အလွန်ကောင်းတယ်ဆိုရင် အလွန်ကောင်းတဲ့ ခေါင်းကြီးပိုင်းတွေ ဖြစ်လာတော့တာပါပဲ။

*("တောင်လေးလုံးမှ နတ်ကျွန်းအထိ အမှတ်တရမှတ်စုများ" စာမျက်နှာ ၃၁ မှ၊ ၁၉၉၇ နိုဝင်ဘာ)*

သတင်းစာမှာ နှစ်မျိုးနှစ်စားရှိပါတယ်။ စောင်ရေများတဲ့ သတင်းစာနဲ့ ဩဇာတိက္ကမ ရှိတဲ့သတင်းစာ။ စောင်ရေများတိုင်း ဩဇာမကြီးဘူး။ ဩဇာကြီးတိုင်း စောင်ရေ မများဘူး။

*("တောင်လေးလုံးမှ နတ်ကျွန်းအထိ အမှတ်တရမှတ်စုများ" စာမျက်နှာ ၃၁ မှ၊ ၁၉၉၇ နိုဝင်ဘာ)*

သားတို့ သမီးတို့ကို အမေပြောချင်တာက ကိုယ့်စိတ်ထဲ မတော်မှန်းသိတဲ့ အပြစ်တစ်ခုကို မကျူးလွန်မိပေစေနဲ့။ မကျူးလွန်ဖြစ်အောင် ချုပ်တည်းလို့ဖြစ်စေ၊ ရှောင်ရှားလို့ဖြစ်စေ နေလိုက်ကြပါ။ မဟုတ်ရင် ကိုယ့်လိပ်ပြာက ကိုယ့်ပြန်နှောင့်ယှက်တာဟာ မူလကျူးလွန်မိရတာမျှက အလွန်ဝန်လေးနေတတ်တယ်။

*("ကိုဗဟိန်းသို့ စကားကြွေး"၊ မြားနတ်မောင်မဂ္ဂဇင်း အမှတ် ၇၄ မှ ၁၉၉၈ ဇူလိုင်)*

## ၄၂။ အမေ့နာရေး ဓာတ်ပုံများ








http://bigbbrown.blogspot.com


http://bigbbrown.blogspot.com


http://bigbbrown.blogspot.com


http://bigbbrown.blogspot.com


http://bigbbrown.blogspot.com


http://bigbbrown.blogspot.com


http://bigbbrown.blogspot.com




http://bigbbrown.blogspot.com


Nikon
D40
လူထု ဒေါ်အမာ ရှာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ရှာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ရုပ်ပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ရုပ်ပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ရှာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ရှာပန
©Htin Linn Aye
MgHla


09/04/2008




09/04/2008


09/04/2008


09/04/2008


09/04/2008


09/04/2008




09/04/2008


09/04/2008


09/04/2008


09/04/2008


ဦးတင်မိုး
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla



လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla




လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


D40
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


D40
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla


Nikon
D40
လူထု ဒေါ်အမာ ဈာပန
©Htin Linn Aye
MgHla

အခန်း ( ၂ )

## လူထုဒေါ်အမာ
## ဘဝနဲ့စာပေရက်စွဲများ

ဝင်းတင့်



# လူထုဒေါ်အမာ

# ဘဝနဲ့စာပေရက်စွဲများ

ဝင်းတင့်

လူထုကြီးပွားရေးစာအုပ်တိုက် မိသားစုရဲ့

လူထုဒေါ်အမာ (၈၀)ပြည့်မွေးနေ့

အမှတ်တရလက်ဆောင်

++++++++++++++++++++++++++

ဒီစာအုပ်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြတဲ့ ကိုဝင်းတင့်၊ ကျော်ရင်မြင့်၊ ဦးကျော်ဇံလှနဲ့ ဆူးငှက်တို့ကို အထူးကျေးဇူးတင် ပါတယ်။

+++++++

## မာတိကာ


၁။ အနုပညာစာအုပ်တွေကို ဘာရည်ရွယ်ချက်နဲ့ ရေးသလဲ

၂။ အတ္ထုပ္ပတ္တိရေးမယ်ဆိုရင်

၃။ စာပေနဲ့ ချစ်ကြည်ရေး

၄။ စာရေးဖြစ်တဲ့အကြောင်းရင်း

၅။ လူထုဒေါ်အမာ ဘဝနဲ့စာပေရက်စွဲများ

၆။ လူထုဒေါ်အမာ ကလောင်အမည်ခွဲများ

၇။ စာစုစာရင်းဆိုတာ

၈။ လူထုဒေါ်အမာ စာစုစာရင်း

+++++++++++++++++++++++++++++++++

စာရေးတယ်ဆိုတာ ပါးစပ်နဲ့ပြောလို့ မကြားမရောက်တဲ့ဆီ စာနဲ့ ရောက်အောင် လုပ်တာ၊ စကားကို အက္ခရာနဲ့ ဖလှယ်ပေးတာကို စာရေးတယ်လို့ ခေါ်တာပါပဲ၊ စာစပေါ်တုန်းက ပြောတာကို ရေးချတာက စာစပေါ်တာပဲ၊ စာက အရင်ပေါ်တာ မဟုတ်ဘူး။

+++++++++++++++++++++++++++++++++

## အနုပညာစာအုပ်တွေကို ဘာရည်ရွယ်ချက်နဲ့ ရေးသလဲ

(စာပေဂျာနယ် အမှတ်(၅)၊ ၁၉၈၉)

မေ ၂၇ ရက်နေ့က အမရပူရ တောင်လေးလုံး ဦးပညာကျောင်းမှာ ပြည်သူချစ်သော အနုပညာသည်များ စာအုပ်ထွက်တာ ၂၅နှစ်ပြည့်တဲ့ အထိမ်းအမှတ်နဲ့ တွေ့ဆုံပွဲကလေး လုပ်ကြတယ်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝ၊ တံတားဦး၊ စဉ့်ကိုင်၊ ရွှာထောင်၊ မြို့သာစတဲ့ ဝန်းကျင်က စာရေးဆရာ၊ ကဗျာဆရာတွေ၊ သဘင်နယ်၊ ဂီတနယ်ကလူတွေ တော်တော်စုံစုံလာကြတယ်။ ရုပ်ရှင်မင်းသား ကိုထွန်းဝေကြီး လည်း ပါတယ်လေ။ ရေနံမြေဒေါ်ခင်စုလည်း ရောက်လာသေး။ နန်းတော်ရှေ့ ဆရာတင့်သား ရွှေနန်းတင်၊ မြို့မငြိမ်းသား မြို့မကိုရွှန်းမြိုင်၊ စိန်ဗေဒါကြီးရဲ့သား ဦးငွေး၊ ငြိမ်းချမ်းရေးညွန့်တင်၊ လမင်းတရာကိုမြတ်မှိုင်းနဲ့ ပန်တျာငွေးငွေးမြင့်၊ လူရွှင်တော် ကိုသာခု၊ စောင်းမှူမှူသိန်းတို့ ညီအစ်မ စသဖြင့် လူက တော်တော်စုံ လာတော့ ဆိုကြတီးကြနဲ့ ပျော်စရာလွမ်းစရာကြီးပါပဲ။ အဲဒီမှာ လွန်ခဲ့တဲ့ ၂၅ နှစ်က ထွက်ခဲ့တဲ့ ကျွန်မရေးခဲ့တဲ့ စာအုပ်ဟာ ခုနေအခါများ ရေးစမ်းပါဆိုလာရင် ဟိုတုန်းက ကျွန်မတွေ့ဆုံမေးမြန်းခဲ့သူတွေ အားလုံးနီးပါး သေဆုံးကုန်တာလည်း

တကြောင်း၊ ကျွန်မကိုယ်တိုင် ဟိုတုန်းကလောက် အပင်ပန်း မခံနိုင်တော့တာလည်း တကြောင်းကြောင့် ဒီစာအုပ်မျိုးဖြစ်ဖို့ မလွယ်ဘူး။ ငယ်ရွယ်သူတွေ ကိုယ်လုပ်ချင်တာကို အားကောင်း မောင်းသန်ဖြစ်တုန်း ပြီးမြောက်အောင် ကြိုးစားလုပ်ဆောင်ကြ၊ အချိန်ကာလဆိုတာ စောင့်နေတာမျိုးမဟုတ်ဘူးလို့ ပြောရတယ်။ ဒီစာအုပ်နဲ့ ပတ်သက်ပြီး ကဗျာဆရာ ကိုကြည်အောင်က ရသမြောက်တဲ့ အတ္တုပ္ပတ္တိစာပေလို့ ပြောလို့ ကျွန်မက ရေးစဉ်အခါတုန်းကတော့ အတ္တုပ္ပတ္တိရယ်လို့ ရေးတာမဟုတ်တဲ့ အကြောင်း နည်းနည်းပါးပါး ပြောပြခဲ့တယ်။ အိမ်ပြန်ရောက်တော့ ဒီအကြောင်း ဒေါ်ဒေါ်မန္တလေးမြို့တော်ခန်းမ (၁)မှာ တခါက ဟောပြောဖူးသားပဲလို့ ကနေ့အခမ်းအနားတက်တဲ့ မိတ္ထီလာကောလိပ် စာကြည့်တိုက်မှူး ကိုဝင်းတင့်က ပြောပါတယ်။ ဟုတ်လား၊ တို့မမှတ်မိတော့ဘူးလို့ ပြောတော့ သူက သူသိမ်းထားတဲ့ ကျွန်မ ဟောပြောချက်ကလေးကို မိတ္ထီလာကနေ ပြန်ပို့ပေးလိုက်ပါတယ်။ သိမ်းထားဖော်ရလို့ ကျေးဇူးတင်ရ ပါတယ်။

## ဘာလို့ရေးသလဲ

အမျိုးသားသဘင်နဲ့ ပတ်သက်ပြီး ဒေါ်ဒေါ် စာ ၄–၅ အုပ် ရေးခဲ့ပါတယ်။

(၁) ပြည်သူချစ်သော အနုပညာသည်များ

(၂) အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး

(၃) ရွှေမန်းတင်မောင်

(၄) အငြိမ့်

ဒီစာအုပ်တွေထဲက အကုန်လုံးကိုမဟုတ်တောင် တချို့ကိုတော့ ဖတ်ဖူးကြမှာပါ။ ဒါတွေရေးဖြစ်တဲ့ စေ့ဆော်ချက်က စစ်ပြီး ဒီဘက်ကာလမှာ အမျိုးသားသဘင်ရဲ့ အဆင့်အတန်း အင်မတန် နိမ့်ကျလာတာကိုတွေ့ရတော့ စိတ်ထဲမှာ အရင်က

လူတွေကို လွှမ်းပြီး ကိုယ်သိခဲ့ မီခဲ့ ကြည့်ခဲ့ မြင်ခဲ့ရတဲ့ သဘင်ပညာသည်တွေ ကြားဖူးနားဝရှိနေတဲ့ သဘင်ပညာသည်တွေ ဟိုတုန်းက ဘယ်လိုအလုပ်လုပ်ကြ တာကလားဆိုပြီး ကနေ့သဘင်လောကထဲကိုရော ပွဲကြည့်ပရိသတ်ပြည်သူကိုရော ပြန်ပြောပြချင်လို့ ရေးတာပါ။

စစ်ပြီး ဒီဘက်ခေတ်မှာ အမျိုးသားသဘင်တွေရဲ့ အဆင့်အတန်းက တော်တော်ကြီး ကို နိမ့်ကျပျက်စီးလာပါတယ်။ ဘာလို့လဲဆိုတော့ နယ်ချဲ့ယဉ်ကျေးမှုတွေရဲ့ အထိုးအနှက်ကိုခံရလို့ ကိုယ့်မှုကိုယ် ဆုပ်ကိုင်မထားနိုင်ဘဲ တဖက်က ကယိမ်း ကယိုင် ဖြစ်တာနဲ့အတူ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေကိုမှီပြီး အတွေးအခေါ် သစ်တွေနဲ့ တီထွင်ဆန်းသစ်မှုတွေကို ကျွန်မတို့သဘင်သမားတွေ လိုက်မလုပ်နိုင် လို့ ရှေ့မမီ နောက်မရောက်နဲ့ စကောစက ဖြစ်နေရတာလည်း ပါပါတယ်။ အဲဒီလို အမျိုးသားသဘင်တွေဖြစ်တဲ့ ဇာတ်၊ ရုပ်သေး၊ အငြိမ့်၊ ဆိုင်းတွေ အဆင့်အတန်း နိမ့်ကျနေတာတွေ တွေ့ရတော့ စိတ်ထဲမှာ အားမလို အားမရဖြစ်နေပြီး ပြောင်းလဲ နေတဲ့ အခြေအနေသစ်တွေကို နိုင်ငံရေးအသိမရှိသေးလို့ လိုက်မမီရင်ရှိပါစေ၊ ရှိရင်းစွဲ အမျိုးသားသဘင်ရဲ့ အဆင့်အတန်းကိုတော့ ဆုပ်ကိုင်လို့ထားဖို့ ကောင်းပါ တယ်လို့ အောက်မေ့ပြီး ကိုယ်သိမီတဲ့ မြန်မာ့သဘင်ကို ပြန်ရေးပြတာပါပဲ။

## အတ္ထုပ္ပတ္တိလား

ဒေါ်ဒေါ့စာအုပ်တွေကို တချို့က မြန်မာသဘင် ပညာရှင်တွေရဲ့ အတ္ထုပ္ပတ္တိတွေ ဖြစ်တယ်လို့ဆိုပြီး အတ္ထုပ္ပတ္တိစာပေထဲ သွတ်သွင်းကြပါတယ်။ တချို့ကတော့ မြန်မာသဘင် သမိုင်းပဲဆိုပြီး သမိုင်းစာရင်းထဲ သွတ်သွင်းကြပါတယ်။ သမိုင်းနဲ့ အတ္ထုပ္ပတ္တိဟာ ဆက်နွယ်မှု ရှိပါတယ်။ ဒါကြောင့် ရေးခဲ့တဲ့ စာအုပ်တွေဟာ အတ္ထုပ္ပတ္တိနယ်ထဲ ဝင်သလောက်တော့ ဝင်ပါလိမ့်မယ်။ နို့ပေမယ့် ရေးစဉ်အခါ တုန်းကတော့ အတ္ထုပ္ပတ္တိရေးတာ မဟုတ်ပါဘူး။ ဦးဖိုးစိန်တို့၊ ယောကျ်ားမင်းသမီး ဦးအောင်ဗလတို့၊ ဦးစိန်ကတုံးတို့၊ ရွှာစားကြီး စိန်ဗေဒါတို့ အတ္ထုပ္ပတ္တိတွေကို

အခြား စာရေးဆရာတွေ ရေးပြီးသားများ ရှိပါတယ်။ တအုပ်မက တချို့ပုဂ္ဂိုလ်တွေဆိုရင် သူရေးငါရေး နှစ်အုပ်သုံးအုပ် ရှိပါတယ်။ နို့ပေမယ့် သူတို့ရေးထားတာတွေနဲ့ ကျွန်မရေးတာနဲ့ ယူတဲ့ စာပေရှုထောင့်ချင်း မတူပါဘူး။

## ပွဲကြည့်ရှုထောင့်

ကျွန်မစာအုပ်တွေက ပွဲကြည့်ရှုထောင့်က ရေးတာပါ။ ကျွန်မတို့ ပွဲကြည့်တဲ့အခါ နောက်တရက် ဒီပွဲကိုကြည့်သူချင်းဆုံမိရင် ပွဲစားမြုံ့ပြန်တတ်ပါတယ်။ လူပြက်က ဘာကို ဘယ်လိုပြက်လိုက်တာကလားဆိုပြီး ပြက်လုံးကိုပြန်ပြောပြီး ရယ်ရတယ်။ မင်းသား မင်းသမီးဆိုတဲ့ သီချင်းတွေထဲက ကိုယ်ရတဲ့ အလိုက်ကလေးနဲ့ အပိုဒ်ကလေး ဆိုကြည့်ရတယ်။ ဇာတ်ဝင်ခန်းထဲက ကိုယ်နှစ်သက်တဲ့ စကားလုံးလေးတွေ ပြန်ပြောရတယ်။ ပွဲကြည့်ချင်း ဒီလို ပွဲစားမြုံ့ပြန်ရတာ ပီတိနဲ့ပါ။ ကျွန်မငယ်ငယ်က အလုပ်သမားတွေကြားထဲ ကြီးပြင်းလာခဲ့တာပါ။ ကျွန်မတို့ မိဘဘိုးဘွားတွေက ဆေး၊ ဆေးရိုး ရောင်းဝယ်ကြသူတွေမို့ အိမ်မှာ ဆေးပေါ့လိပ်ခုံ၊ ဆေးပြင်းလိပ်ခုံရှိပါတယ်။ အဲဒီတော့ ဆေးလိပ်သည်လို့ခေါ်တဲ့ အလုပ်သမားတွေကြားထဲမှာ နေခဲ့ရတာပါ။ ကျွန်မ သူတို့နဲ့အတူ ပွဲစားမြုံ့ပြန်တာတွေကို အခုပြန်သတိရပြီး အဲဒီအလုပ်သမားတွေရဲ့လေနဲ့ ဒီစာအုပ်တွေကို ရေးတာပါ။

## ဘယ်လိုစုသလဲ

ကနေ့ မြန်မာ့သဘင်သည်တွေ အမျိုးသားသဘင် အစဉ်အလာတွေကို လေးလေးစားစား မထားဘဲ ဖြစ်ကတတ်ဆန်း လုပ်စားနေကြရပုံတွေကို အားမလိုအားမရရှိတာမို့ ဟိုတုန်းကတော့ ဆိုင်းပညာဆိုရင် ရွှာစားကြီးစိန်ဗေဒါတို့က ဘယ်လိုရှာမှီးဆည်းပူးခဲ့တာ၊ အနုပညာသမားတယောက်ဟာ သေတပန်သက်တဆုံး ပညာဆည်းပူးဖြည့်တင်းနေရတယ်လို့ စိန်ဗေဒါကြီးက ယုံကြည်ပြီး သူ့ယုံကြည်ချက်

အတိုင်း မျက်စိနှစ်လုံးဖွင့်ကတည်းက မှိတ်တဲ့အချိန်ထိ ပညာယူတာ၊ အလုပ်လုပ်ချိန်ကျတော့လည်း အလုပ်ကို ဘယ်လိုလေးလေးစားစား လုပ်သွားတာဆိုတာမျိုးတွေကို တင်ပြနိုင်အောင်လို့ သူတို့အလုပ်လုပ်ခဲ့တဲ့ခေတ်ကို တကယ်မီခဲ့တဲ့လူတွေ၊ သူတို့နဲ့ တွဲဖက်လုပ်ကိုင်သွားသူတွေကို လိုက်လံစုံစမ်းပြီး သူတို့ဆီက မေးမြန်းမှတ်သားပါတယ်။ ကျွန်မရေးတဲ့ အနုပညာသည်တွေထဲက အမေထွေးခေါ်တဲ့ မထွေးလေးရယ်၊ ဆရာပုကြီးရယ်၊ အောင်ဗလရယ်ကိုတော့ မမီလိုက်ဘူး။ ကျွန်မ မမွေးခင်က ဒီပညာသည်တွေက သေဆုံးကြတာ။ နို့ပေမယ့် တကယ့်ပညာကြီးတဲ့လူတွေဖြစ်လေတော့ သူတို့ရဲ့ပညာရည်က သမားစဉ် အမှတ်အသားအဖြစ်နဲ့ ပြောစမှတ်တွေ သဘင်လောကမှာ အများကြီးကျန်ရစ်ပါတယ်။ ဒါကြောင့် အဲဒီပြောစမှတ်တွေ သူတို့တပည့်တပန်းတွေဆီက လိုက်လံရှာဖွေ စုဆောင်းရပါတယ်။

ကျန်အနုပညာသည်တွေကတော့ သိလိုက်တာ၊ မီလိုက်တာ၊ ကြည့်ဖူးလိုက်တာ၊ တချို့က ကျွမ်းကျွမ်းဝင်ဝင်ရှိတာတွေ ပါပါတယ်။ ရွှေမန်းတင်မောင်ဆိုရင် အရင်းနှီးဆုံးတယောက်ပါ။ ကိုတင်မောင်ကို မင်းသားမဖြစ်ခင် ဆရာတော်ဦးကေသရဆီမှာ ဘုန်းကြီးကျောင်းသားဘဝကတည်းက သိပါတယ်။ သူ့ဆရာတော်က ကျွန်မတို့လည်း ကိုးကွယ်တာကိုး။ သူ့ကို မင်းသမီးကြီး မငွေမြိုင်ဆီကို ပညာသင်အပ်တော့လည်း သိတာပဲ။ မငွေမြိုင်ရဲ့ ပဥ္စင်းက ကျွန်မတို့အိမ်ကဆွမ်းခံကိုယ်တော်ကိုး။ နောက် သူ မင်းသားဖြစ်လာတယ်။ ကျော်ကြားလာတယ်။ နောက် ကမ္ဘာစစ်ကြီးဖြစ်လာတယ်။ သူရော ကျွန်မတို့ရော ရွှေမန်းဆရာတော်ဦးကေသရ စစ်တွင်းသီတင်းသုံးတဲ့ ကပိုင်တောင်ငူစုကျောင်းထဲမှာ သွားပြီးခိုကိုးရတယ်။ တဝိုင်းတည်း သုံးနှစ်လောက် အတူနေဖူးသပေါ့။ စစ်ပြီးတော့ ကိုတင်မောင်ပြန်ကတယ်။ ထန်းမြင်ရပ်ထဲ မနေချင်ဘူး၊ ကျွန်မတို့အနား နေချင်တယ်ဆိုလို့ ကျွန်မခဲအိုက သူ့တိုက်ကို ကြီးကြပ်ဆောက်ပေးတယ်။ ကျွန်မတို့နဲ့ ငါးအိမ်ပဲခြားတယ်။

အဲဒီလောက် ရင်းနှီးပေမယ့် သူ့အနိစ္စရောက်လို့ မြန်မာဇာတ်သဘင်လောက အတွက်၊ သူ့အကြောင်းရေးမယ်ဆိုတော့ သူနဲ့ သိရုံ ကျွမ်းရုံ ရင်းနှီးရုံနဲ့ စာအုပ်တအုပ် မဖြစ်ပါဘူး။ သူနဲ့အတူ တွဲဖက်အလုပ်လုပ်ကြတဲ့ ဇာတ်သူဇာတ်သားတွေ အားလုံးနီးပါး ခေါ်တွေ့ရ၊ မေးရ၊ မြန်းရ၊ မှတ်သားရပါတယ်။ သူ့ထမင်းချက်၊ သူ့မန်နေဂျာပါမကျန် တွေ့ဆုံရပါတယ်။ ပြီးတော့ သူပေါ်လာ၊ သူအလုပ်လုပ်သွားတဲ့ ခေတ်တလျှောက်လုံးကိုလည်း ခြုံပြီးသိထားဖို့ ဒီမှာ ဒီလိုပေါ်လာတဲ့ မင်းသားဆိုတာ ပီပီပြင်ပြင် ပြနိုင်ဖို့ လေ့လာမှတ်သားရပါသေးတယ်။ ပြီးတော့မှ သူ့ကိုယ်ရေးကိုယ်တာတွေကို သူ့ဆွေမျိုး သူ့အိမ်သူအိမ်သားတွေဆီက တခါ မေးမြန်းယူပြီး တင်ပြရပါတယ်။

## ကောက်သင်းကောက်

အနုပညာသည်တွေအကြောင်း ဒီလိုရှာဖွေတင်ပြတဲ့အခါ မြန်မာ့သဘင်ပညာမှာ ထုံးစံရှိတဲ့အတိုင်း သုံးစွဲတဲ့ ကဗျာလင်္ကာ စာအဖိုးတန်လေးတွေ ရှိတယ်။ ဇာတ်ဖြင့်လည်း ဇာတ်မှာမို့လို့၊ ရုပ်သေးဖြင့်လည်း ရုပ်သေးမှာမို့လို့၊ အငြိမ့်ဖြင့်လည်း အငြိမ့်ပေါ့။ တိမ်ထိုးတဲ့၊ လေပြေတဲ့၊ ဆိုင်းဆင့်တဲ့၊ ပတ်တိုက်တဲ့၊ ခွန်းထောက်တဲ့၊ တောလားတဲ့၊ သပြေလား ရေလားတဲ့။ ဒီကဗျာလင်္ကာတွေက သူ့နေရာနဲ့သူ သုံးရနှုန်းရပါတယ်။ ခုတော့ သဘင်အဆင့်အတန်းတွေက နိမ့်ကျလိုက်လာတော့ ဒီကဗျာလင်္ကာတွေလည်း ပျောက်မှုန်းမသိပျောက်ကုန်ပြီ။ အဲဒါကလေးတွေဟာ မပျောက်ပျက်ထိုက်ဘူး။ သိမ်းဆည်းထားနိုင်ရင် ကောင်းတယ်။ နှုတ်မြော်စရာတွေဆိုတဲ့ အသိနဲ့ ကျွန်မရေးတဲ့ စာအုပ်တွေမှာ သဘင်ဆိုင်ရာ ဒီကဗျာလင်္ကာတွေကို နေရာရှာပြီး ထည့်ပါတယ်။

ဒါလေးတွေဟာ ကျွန်မတွေ့ဆုံမေးမြန်းထားတဲ့ သဘင်သည်ကြီးတွေရဲ့ ပြောစကားတွေထဲက ကောက်သင်းကောက်ထားတာတွေပါ။ ပြီးတော့ ပွဲကြည့်တွေ ပီတိနဲ့

သီဆိုခဲ့ရတဲ့ သချင်းလေးတွေကိုလည်း ရတတ်သမျှ ပြန်ဖော်ထုတ်ပြီး ကျွန်မစာအုပ်ထဲမှာ ထည့်ထားပါတယ်။ ဒါလေးတွေလည်း နှမြောလို့ မပျောက်ပျက်ရအောင် သိမ်းဆည်း ပေးတာပါ။

## သတင်းစာဆရာရဲ့ သတင်းပေးချက်

အဲဒီလို တွေ့ဆုံမေးမြန်းပြီး စုဆောင်းပြီးတဲ့အခါ သတင်းစာဆရာတယောက်ရဲ့ လာဘ်နဲ့ ဘယ်အကွက်ကိုဖော်ရင် ဘာပါမှ ပြည့်စုံမယ်။ ခြူးရေးရင် ခြံ့ပါတော့ ပိုမကောင်းလားဆိုတဲ့ အသနဲ့ ဆီဆိုင်ရာ ပါသင့်ပါထိုက်တာတွေကို ကိုယ်မြင်သလောက် လက်တံအရှည်ဆုံးနဲ့ လက်လှမ်းမီသမျှကို ရယူတယ်။ ပြီးတော့ သတင်းထောက်ကောင်းတယောက်ရဲ့ သတင်းပေးပုံမျိုးနဲ့ စုံစုံစေ့စေ့ အကွက်လည်လည် ရေးသားသတင်းပေးပါတယ်။ သတင်းယူစဉ်အခါတုန်းကလည်း သဘင်သည်တွေရဲ့လေကို တတ်နိုင်သလောက် အမိဖမ်းတယ်။ သူတို့သုံးနှုန်းပြောဆိုတဲ့ သူတို့ပိုင်ဝေါဟာရ၊ သူတို့ ဘန်းစကားတွေကိုလည်း ရအောင်ယူပြီး သတင်းပေးပါတယ်။ ဒါကြောင့် ကျွန်မစာအုပ်တွေစာ အများရေးတာနဲ့ မတူတာပါ။

## အရေးအသား

ဒီစာအုပ်မှာ ပြည်သူချစ်သော အနုပညာသည်များစာအုပ်ကလွဲရင် ကျန်စာအုပ်တွေမှာ စကားပြောတဲ့အတိုင်း ရေးထားပါတယ်။ အဲဒါလည်း ကျွန်မပြောချင်တာတွေကို ဒီပုံစံနဲ့ရေးမှ ကုန်စင်အောင်ပြောပြနိုင်မယ်။ ဖတ်ရတဲ့သူလည်း ဒါမှ အရသာပြည့် ခံစားနိုင်မယ်ဆိုပြီး ရေးတာပါ။ စာရေးတယ်ဆိုတာ ပါးစပ်နဲ့ပြောလို့ မကြားမရောက်တဲ့ဆီ စာနဲ့ရောက်အောင်လုပ်တာ၊ စကားကို အက္ခရာနဲ့ ဖလှယ်ပေးတာကို စာရေးတယ်လို့ ခေါ်တာပါပဲ။ စာ စပေါ်တုန်းက ပြောတာကိုရေးချရာက စာ စပေါ်တာပဲ။ စာက အရင်ပေါ်တာ မဟုတ်ဘူး။ စကားက အရင်ပေါ်လာတာ။ စာက

နောက်မှပေါ်လာတာ။ ဒါကြောင့် အရေးဟာ အပြောကိုပြောတဲ့အတိုင်း ရေးတာပါပဲ။ အရေးတမျိုး အပြောတမျိုးလို့ ပေါ်တုန်းက မရှိခဲ့ပါဘူး။ နို့ပေမယ့် လူ့စကားဆိုတာ ကျောက်တုံးကြီးလို ငုတ်တုတ်နေတဲ့သဘော မရှိဘူး။ စကားမှာ အသက်ရှိပါတယ်။ လူ့အခြေအနေတွေ ပြောင်းလဲတိုးတက်တာနဲ့အမျှ စကားတွေလည်း ပြောင်းလဲလာရတယ်။ စကားလုံးတွေ တိုးလာရတယ်။ စကားတိုးတက်ပြောင်းလဲသလို စကားကိုရေးတဲ့စာကလည်း အမီလိုက်ပြီး တိုးတက် ပြောင်းလဲရတယ်။ ကျွန်မတို့စာမှာ တချိန်တခါတုန်းက အပြောနဲ့အရေး တပြေးညီရှိခဲ့ပေမယ့် တချိန်ကျတော့ အပြောကသာ ပြောင်းပြောင်းလာပြီး အရေးက တနေရာမှာ မိုးတိုးမတ်တတ် ရပ်ကျန်ရစ်တယ်။ ဒါကြောင့် ရေးစာနဲ့ ပြောစကား နည်းနည်း ကွာဟသွားတယ်။ ဒါကို ရေးစာက ပြောစကားမီအောင်ပြောင်းဖို့ မကြိုးစားကြဘဲ အရေးက အရေးတမျိုး၊ အပြောက အပြောတမျိုး ရှိရမယ်လို့ ပညာတတ်တချို့က ဆိုနေကြပါတယ်။ ပညာကို လူတစုလက်ထဲမှာသာ ဆုပ်ထားချင်ရင်၊ ပညာရှိ လက်ဆုပ်ကို အဖြေချင်ရင်တော့ ထားပါ။ ဒီလိုမဟုတ်ဘဲနဲ့ စာဆိုတာကို လူတိုင်း ရေးနိုင် ဖတ်နိုင်စေချင်တယ်။ လူတိုင်း လွယ်လွယ် နားလည်စေချင်တယ်ဆိုရင်ဖြင့် စကားပြောတတ်တယ်။ စကားပီနားကြားရှိတယ်ဆိုတဲ့ လူတယောက်က အဲဒီစကားကို အက္ခရာစာလုံးနဲ့ ဖလှယ်တတ်တယ်ဆိုရင် သူလည်း စာရေးနိုင်ပါစေ၊ စာဖတ်နိုင်ပါစေ၊ ဒါမှ စီးပွားရေးနိမ့်ကျလှတဲ့ ကျွန်မတို့ အလုပ်သမား လယ်သမားတွေ စာရေးတတ် ဖတ်တတ်လာကြမှာပါ။ ကျွန်မစာအုပ်တွေကို စကားပြောတဲ့ပုံစံနဲ့ ရေးတော့ ကျွန်မဘာပြောချင်တာတုံး။ ပြောချင်တာကို အိတ်သွန်ဖာမှောက် စာနဲ့ ပြောလို့ရလာတယ်။ ဒိအပြင် ဘယ်စေတနာနဲ့ ပြောချင်တာလဲ။ တိမ်ကောကုန်တာတွေ နှမြောနှမြော တင်ပြချင်တာလား၊ နှောင်းလူတွေ ပေါ့ပေါ့တန်တန် အလုပ်လုပ်နေကြလို့ ကရုဏာဒေါသောနဲ့ ပြောချင်တာလား။ ဒီရေးနည်းက ကျွန်မမှာရှိတဲ့ စေတနာအတိုင်း တိတိကျကျ ရေးပြလို့ ရပါတယ်။ ဒါကြောင့် စကားပြောတဲ့အတိုင်း ရေးထားတာပါ။

အမျိုးသားသဘင်ဆိုင်ရာ စာအုပ် ၄ – ၅ အုပ်ကို ဒီလို ကြိုးကြိုးစားစား ရေးရတဲ့အတွက် တို့ယဉ်ကျေးမှုမှာ ဒါတွေ ဒါတွေရှိပါတယ်။ တို့တတွေ တတ်နိုင်သလောက် ဆက်လက်ထိန်းသိမ်းမယ်လို့ သဘောပေါက်တဲ့ ပညာသည် တချို့ ပေါ်ထွက်လာပါတယ်။ ဒါဟာ အမြတ်ပါ။ နို့ပေမယ့် မြတ်သင့်မြတ်ထိုက်တဲ့ အတိုင်းအတာအထိတော့ မမြတ်လာသေးပါဘူး။ ကိုယ်ပိုင်ရှိတဲ့ အမျိုးသား ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းပြီး ပြောင်းလဲလာတဲ့ အခြေအနေ အရပ်ရပ် နဲ့အညီ အမျိုးသားဟန် မလွတ်ဘဲ ဆန်းသစ်တီထွင်မှုတွေကို ပြုကြရမှာက လူတွေ ခံယူကျင့်သုံးရမယ့် လမ်းစဉ်ပါပဲ။

ဒါကြောင့် ဒေါ်ဒေါ်ကတော့ တို့ယဉ်ကျေးမှုအမွေတွေကို တတ်နိုင်သလောက် စုစည်းပြီး စာအုပ်တွေအဖြစ်နဲ့ မင်းတို့လက်ကို အပ်ခဲ့မယ်။ မင်းတို့က ဒီအဟောင်း ကို ဆုပ်ကိုင်၊ အဟောင်းထဲက အကောင်းကိုယူပြီး လူ့ဘောင်သစ်အတွက် ပြည်သူကို အကျိုးပြုမယ့် အနုပညာကို ဖန်တီးကြပေတော့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

*(၁၂–၁၂–၁၉၇၅ နေ့၊ ည ၇ နာရီ၊ မန္တလေးမြို့တော်ခန်းမ (၁)မှာ လူထုဒေါ်အမာ ဟောပြောခဲ့တဲ့စာတမ်း) ဖြစ်ပါတယ်။*

လူထုဒေါ်အမာ

+++++++++++++++++++++++++++++++++++++++++++++++++++++

ကိုယ်ဖော်ချင်တဲ့ ရုပ်လုံးကို မြမြဆုပ်ကိုင်ပြီး ပီပီကြီး ဖော်နိုင်ဖို့ ကျစ်လျစ်မှုရှိဖို့ အမြုပ်ထနေတဲ့စာ၊ ပွရောင်းရောင်း ပေါ်နေတဲ့ပုံ၊ ခြူးရေး ခြံုပါနေတာများ၊ တန္ဒယ်ငင် တစင်ပါနေတဲ့ စာတွေကို နမြော်မနေဘဲ တည်းဖြတ်သုတ်သင် ဖယ်ရှားနိုင်ရပါမယ်။

+++++++++++++++++++++++++++++++++++++++++++++++++++++

## အတ္ထုပ္ပတ္တိ ရေးမယ်ဆိုရင်

(စာပေဂျာနယ်၊ ၁၉၉၅၊ ဇန်နဝါရီ)

ကျွန်မ တူလိုသားလိုနေတဲ့ စာရေးဆရာတယောက်က ဆရာတော်ကြီးတပါးရဲ့ ထေရုပ္ပတ္တိကိုရေးမယ်လို့ သူစုဆောင်း ရေးသားနေတာ၊ လက်ရေးမူ ဖူးစကက်နဲ့ လက်နှိပ်စက်ရိုက်ပြီး စာမျက်နှာ ၈၀၀ ကျော်နေပြီ၊ အကြောင်းအရာတွေက မကုန်သေးဘူး။ စာအုပ်ကြီး သိပ်ထူနေတော့မယ်လို့ သူ့အခက်အခဲကို ပြောပြပြီး အကြံတောင်းပါတယ်။ သူပြောတာဟာ အတ္ထုပ္ပတ္တိလို့ ခေါ်တဲ့စာမျိုးရေးတဲ့အခါ တွေ့ရကြုံရတတ်တဲ့ ပြဿနာပါပဲ။ ဒီပြဿနာက ဖြေရှင်းတဲ့အခါတော့ လွယ်မလို လိုနဲ့ ခက်ပါတယ်။ ကျွန်မအနေနဲ့ အခက်ဆုံးလို့ပဲ ထင်ပါတယ်။ ဒီပြဿနာမှာ ပြေလည်ရင် စာအုပ်ကောင်းတအုပ် ဖြစ်တော့တာပါပဲ။ ဒါဟာ လုပ်ကြည့်မှ သိရတာ၊ တွေ့ရတာပါ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ရွှေရိုးဘကလေး၊ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ပြည်သူချစ်သောအနုပညာသည်များ၊ ရွှေမန်းတင်မောင် စတဲ့ စာအုပ်တွေကို ကျွန်မ ရေးခဲ့တုန်းက ပထမအဆင့်အနေနဲ့ ဒီပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်ရာ အချက်အလက်

တွေကို စုဆောင်းပါတယ်။ အချက်အလက်စုတဲ့အခါ စာဖတ်ပရိသတ်အပေါ် ကိုယ်က စေတနာထားရင် ထားသလောက် အချက်အလက် စုံစုံလင်လင် ရအောင် ရှာစမြဲပါ။ လူအပင်ပန်းခံရတယ်။ ငွေအကုန်ခံရတယ်။ အပေါင်းအသင်း မိတ်ဆွေတွေရဲ့ အကူအညီတွေကိုလည်း အများဆုံး ရယူရတယ်။ ဘယ်မှာ ဘာအကြောင်း ဒီပုဂ္ဂိုလ်နဲ့သက်ဆိုင်တာ၊ ဆက်စပ်တာ ရနိုင်တယ်ဆိုရင် ကြားရင် လက်လှမ်းမီသမျှ လက်ကုန်နှိုက်ရတယ်။ လက်ဝင်ခံရတယ်။ သတင်းကြားရာကို လိုက်မှဖြစ်ရင် လိုက်ရပါတယ်။ အချက်အလက်သာ ရမယ်ဆိုရင် ဆန်စင်ရာ ကျည်ပွေ့လိုက်ရပါတယ်။ ဒါမှ ရသင့်ရထိုက်တာ မကျန်ရစ်ဘဲ ရရှိနိုင်ပါတယ်။ ပြီးတော့ ဒီအရေးခံပုဂ္ဂိုလ်နဲ့အတူ လုပ်ဖော်ကိုင်ဖက်၊ အရေးခံပုဂ္ဂိုလ်နဲ့ ခေတ်ပြိုင်သမား၊ အရေးခံပုဂ္ဂိုလ်နဲ့ ကျွမ်းဝင်ပေါင်း သင်းခဲ့သူ၊ သူ့ဆရာသမားနဲ့ တပည့်တပန်း၊ အရေးခံနဲ့ အပြိုင်အဆိုင် လုပ်ကိုင်ခဲ့သူ စတဲ့ လူတွေနဲ့လည်း လူချင်းတွေ့လို့ရရင် တွေ့ဆုံမေးမြန်းပြီး အဲဒီလူတွေဆီက သတင်းရယူရပါတယ်။

တွေ့ဆုံမေးမြန်းတာမှာလည်း စာရေးဆရာတယောက် အနေနဲ့ ကိုယ်လိုချင်တာ ရအောင် မေးတဲ့အခါ လွယ်လွယ်နဲ့ ရတာလည်း ရှိတတ်ရဲ့၊ ရှေးကဖြစ်ခဲ့တဲ့ အကြောင်းအရာတွေမို့ နှစ်ကြာလို့ မေ့လျော့တာ၊ အသက်မွေးမှုပြောင်းပြီး ကျင်လည်နေပုံ ဘဝခြားလို့ မေ့လျော့မျိုးတွေ ရှိတတ်တာမို့ အဲဒါတွေ ပြန်လည်သတိရအောင် အတိတ်ကို လိမ်လိမ်မာမာနဲ့ သူတို့ကို ပြန်ဆွဲခေါ်ရတာမျိုးလည်း ရှိတတ်တယ်။ နောက်ပြီး တွေ့ဆုံ မေးမြန်းတဲ့အခါ သူတို့ ပြောပြချင်တာတွေကို သည်းခံနားထောင်နေရာက ကိုယ့်စာအုပ်နဲ့ မဆိုင်ပေမယ့် တခြားအဖိုးတန်တဲ့ အကြောင်းအရာတွေ သတင်းတွေ ရတတ်တာလည်း ရှိရဲ့။ ပြီးတော့တခါ ကိုယ်ရေးမယ့် ပုဂ္ဂိုလ်နဲ့ဆိုင်ရာ စာအုပ်စာတန်းများကိုလည်း ရှာဖွေလို့ ရသလောက် တွေ့သလောက် အကုန်ဖတ်ရ မှတ်သားရပါတယ်။ အဲဒီ အရေးခံပုဂ္ဂိုလ် အသက်ရှင်ခဲ့တုန်းက ခေတ်ကာလကိုလည်း သိရှိထားအောင် လုပ်ရပါသေးတယ်။ အချက်အလက် ရယူ စုဆောင်းမှု ပြည့်စုံပြီလို့ ထင်တဲ့အခါကျမှ အချက်အလက်

တူရာတူရာကို ခွဲခြား ရွေးချယ် သီးသန့်ရတယ်။ အကြမ်းဖျင်းအခန်း ခွဲကြည့်ရတယ်။ ပြီးတော့ ရေးချရတာပါပဲ။ ရေးတဲ့အခါမှာတော့ ဒီပုဂ္ဂိုလ်ရဲ့ အကြောင်းအရာကို ကိုယ်ဘာလို့ ရေးတာလဲ၊ ကြည်ညိုလို့လား၊ သူ့ပညာကို လေးစားမြတ်နိုးလို့လား၊ ဒီပုဂ္ဂိုလ်ဆီက အကျင့်ကောင်း၊ အကြံကောင်း သူလုပ်ဆောင်သွားတဲ့ လုပ်ရပ်တွေဟာ ပြည်သူကို အကျိုးပြုမှု ကြီးလွန်းလို့ သူ့ဆီက နမူနာကောင်းတွေ ရနိုင်လို့လားဆိုတာ စိတ်ထဲမှာ တခါတည်း သတ်မှတ်ပြီးသားရှိရပါတယ်။ ပြီးရင် ကိုယ်ပုံဖော်ချင်တဲ့ ပုဂ္ဂိုလ်ကို ရတဲ့အချက်အလက်တွေနဲ့ ပုံပေးအောင် ရေးတာပါပဲ။

အဲဒီလိုရှိတဲ့အခါ ဒီပုဂ္ဂိုလ်နဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေက ကိုယ်အင်မတန် ခဲခဲယဉ်းယဉ်း ဆင်းဆင်းရဲရဲ ငွေကုန်ကြေးကျခံပြီး ရှာဖွေထားတဲ့ အချက်အလက်တွေဖြစ်ပေမယ့် ရှာလို့ရထားတိုင်း ထည့်ရေးလို့မဖြစ်တာတွေလည်း ပါလာတတ်ပါတယ်။ အဲဒါတွေကိုတော့ ပစ်ပယ်လိုက်ရပါတယ်။ သူတို့ကို နှမြောနေလို့မဖြစ်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ကိုယ်ဖော်ချင်တဲ့ပုံကို အထောက်အကူ မပြုနိုင်တဲ့ အချက်အလက်၊ သေးဖွဲတဲ့ အချက်အလက်မျိုးတွေမို့ပါ။ ဒါမျိုးကို ဖယ်ရှားပစ်ရတာက စာရေးသူက ရည်မှန်းချက် ပြတ်ပြတ်သားသားရှိရင် သိပ်အခက်အခဲ မတွေ့လှဘူး။ သံယောဇဉ် သိပ်မတွယ်ဘဲနဲ့ ဖယ်ရှားလွှင့်ပစ်ပယ်လို့ရတယ်။ စာရေးသူကို ဒုက္ခပေးတတ်တဲ့ ကိစ္စက အဖိုးတန်တဲ့ အချက်အလက်တွေ၊ နို့ပေမယ့် ကိုယ်ရေးမယ့်ဟာကို အနည်းအပါးပဲ အထောက်အကူပေးနိုင်မယ်၊ သူချည်း သီးခြားအနေနဲ့ တော့ သိသင့်သိထိုက်တဲ့အကြောင်းအရာ ဗဟုသုတ၊ တိမ်မြုပ်နေတဲ့ကိစ္စ စသည်ဖြင့် ပါရှိလာတာမျိုးနဲ့ တွေ့ရတဲ့အခါမှာ အဲဒါမျိုးကျတော့ စာရေးဆရာက လွယ်လွယ်နဲ့လွှင့်မပစ်ရက်ဘူး။ ကိုယ်လည်းခဲခဲယဉ်းယဉ်း ကျားကုတ်ကျားခဲရှာရင်းက မထင်မမှတ် တွေ့လာတဲ့အကြောင်းအရာ၊ သူ့ချည်း အနေနဲ့ကိုက အဖိုးတန် အကြောင်းအရာ။ ဒါပေမယ့် ကိုယ်ရေးနေတဲ့ အဓိက အရေးခံပုဂ္ဂိုလ်ကိုတော့ သိပ်ကျေးဇူးမပြုဘူး ဆိုတာမျိုးကျတော့ ပစ်ရမှာ အဆီနဲ့ရဲရဲ

စိတ်ထဲမှာဖြစ်နေပါလေရော။ ဒါ့ကြောင့် စာကို နှမြောပြီး ထည့်ချင်လာတတ်တယ်။ ထည့်ချင်ရင် ကိုယ်က စာရေးဆရာပဲ။ ဆက်နွယ်ပြီး ရေးထည့်လိုက်ရုံပေါ့၊ ရပါတယ်။ နို့ပေမယ့် စာတအုပ်အနေ ဖြစ်လာတဲ့အခါတော့ ကျစ်လျစ်မှုမရှိတော့ဘဲ စာက ပွရောင်းရောင်းရုပ်လုံးမျိုး ပေါ်လာတတ်တယ်။

ဒါဟာ စာရေးဆရာကို ဒုက္ခအပေးဆုံး ကိစ္စပါပဲ။ နှမိနှမြော၊ ချီတုံချတုံ ဖြစ်နေတတ်ပါတယ်။ ရုပ်ရှင်ကားများ ရိုက်ကူးတဲ့ အခါ ဖလင်အယ်ဒီတာကောင်းရင် ကောင်းသလောက် ရုပ်ရှင်ကားကောင်း ထွက်တယ်။ သူက အဖြတ်အတောက် ကောင်းသလား၊ သူကောင်းသလောက် ကားကောင်းထွက်လာနိုင်တယ်၊ ဟုတ်လား။ အဲဒီလိုပါပဲ အတ္ထုပ္ပတ္တိရေးရာမှာလည်း ကိုယ့်ဖာသာ အဖြတ်အတောက် လုပ်နိုင်ဖို့ လိုပါတယ်။ ဥပမာ လေဘာတီမမြရင်အကြောင်း စဆောင်းတဲ့အခါ မမြရင်ကို ကျွန်မတို့က ကောင်းကောင်း သိမီတာပဲ။ နောက်ပြီး မမြရင်က သတင်းကြီးတဲ့ မင်းသမီးမဟုတ်လား။ အဲဒီတော့ မမြရင်ရဲ့ ကိုယ်ရေးကိုယ်တာကို ကျွန်မတို့ အများကြီး ကြားဖူးတာပေါ့။ ဘယ်သူက ဘယ်လောက် ကြိုက်နေတယ်။ ဘယ်သူက ပိုးကြေးပန်းကြေး ဘယ်လိုပေးနေတယ်။ ဘယ်သူနဲ့တော့ ဘယ်တော့မှာ ပေါင်းသင်းသေးတယ်စတဲ့ သတင်းမျိုးတွေဟာ ကျွန်မစုဆောင်းတော့ သေသေချာချာ ခိုင်ခိုင်မာမာ ရတာပေါ့။ ဒါပေမယ့် ကျွန်မဖော်ချင်တဲ့ မမြရင်ရဲ့ပုံမှာ ဒါတွေ့ရသလောက် အသေးစိတ်ထည့်နေရင် လင်များတဲ့မမြရင်ပဲ ဖြစ်လာမှာပေါ့။ ချစ်စရာကောင်းတဲ့ အနုပညာသည် မမြရင်ပုံ မပေါ်လာပေဘူး။ အဲဒါမျိုးကို ရက်ရက်ရောရော ထုတ်ပယ်ရတဲ့အထဲ ပါသွားစေရပါတယ်။ အဲ သူနဲ့ခေတ်ပြိုင် တွေကို ဖော်ရတဲ့ အကွက်လည်း ရှိသေးတယ်။ အဲဒါတွေကိုလည်းဖော်မှ သူ့ရုပ်လုံးဟာ ကြွတက်လာမယ်မဟုတ်လား။ နှိုင်းစရာ ယှဉ်စရာနဲ့မှ ကိုယ်ဆိုချင်တဲ့ စကားဟာ အဓိပ္ပာယ်ရှိတယ် မဟုတ်လား။ ဒါ့ကြောင့် ခေတ်ပြိုင်တွေ အကြောင်းကိုပါ ရေးရပါတယ်။ ဒီလိုရေးဖို့ လိုက်လံစုဆောင်းတဲ့အခါတော့ သူတို့လည်း ခေတာတွေ မှ မဟုတ်လေတော့ ရေးချင်စရာတွေ အများကြီးရတာပေါ့။ ဒါပေမယ့် ကိုယ့်စာအုပ်

က သူတို့အကြောင်း မဟုတ်ဘူးလေ။ ဒီနေရာမှာ နှမိနှမြောနဲ့ မချင့်ချင့်ဘဲ ချန်ခဲ့ရတာတွေ အများကြီး ဖြစ်ကုန်ပါရော။

ဒါဟာ အတ္ထုပ္ပတ္တိရေးရာမှာ ဖြစ်တတ်တဲ့ သဘာဝပါပဲ။ ကိုယ်ဖော်ချင်တဲ့ ရုပ်လုံးကို မြဲမြဲဆုပ်ကိုင်ပြီး ပီပီကြီးဖော်နိုင်ဖို့၊ ကျစ်လျစ်မှုရှိဖို့ အမြုပ်ထနေတဲ့၊ ပွရောင်းရောင်း ပေါ်နေတဲ့ပုံ၊ ခြူးရေးခြယ်ပါနေတာများ တန္ဒယ်ငင်လို့ တစင်ပါနေတဲ့စာတွေကို နှမြော မနေဘဲ တည်းဖြတ် သုတ်သင်ဖယ်ရှားနိုင်ရပါမယ်။ ဒါဟာ ကျွန်မကိုယ်ကျွန်မ အမြဲတမ်း သတိပေးနေ၊ ဆုံးမနေရတဲ့ ကိစ္စပဲ။ ဒီကြားထဲကပဲ နှမြောစရာ စာကလေးတွေက ပါပါလာသေးလို့ နှမြောပြီး မဖြတ်လိုက်မိတာတွေလည်း ရှိပါတယ်။ ခုနက ထေရုပ္ပတ္တိမှာ စာမျက်နှာ ၈၀၀ ကျော်လို့ မပြီးဆုံးသေးတဲ့ ကိစ္စမှာ ကတ်ကြေးနဲ့ကော်ရယ်၊ ဘောပင်တချောင်းရယ် အဆင်ပြေရင် ဒိပြင်တအုပ် ရေးသေးတာပေါ့ဆိုတဲ့ စိတ်ကူးရယ် ရင်မှာပိုက်ထားပြီး ဖြတ်သင့်တာဖြတ်၊ ဖြုတ်သင့်တာဖြုတ်၊ ထုတ်သင့်တာထုတ်ပြီး ကျစ်လျစ်တဲ့ရုပ်လုံး ပီပြင်တဲ့ပုံမျိုးကို ဖော်ဖို့ ကြိုးစားပါလို့ အကြံပေးချင်တာပဲ။

ဒီဆောင်းပါးကိုရေးရင်း အလျဉ်းသင့်လို့ ကျွန်မရေးခဲ့တဲ့ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး စာအုပ်နဲ့ ပတ်သက်ပြီး မင်းသား ဦးစိန်ကတုံးအပေါ်မှာ စာရေးသူအနေနဲ့ မျှတမှု မရှိခဲ့တာကိုတော့ ဖွင့်ဟ ဝန်ခံချင်ပါသေးတယ်။ ဦးစိန်ကတုံးကြီးဟာ တကယ်ဆိုတော့ ကျွန်မရေးခဲ့တာထက် ပိုပြီး ရေးစရာတွေရှိသေးတဲ့ အနုပညာသည် ကြီးပါ။ သူ့အကြောင်းကို ကျွန်မက လက်ကုန်မနှိုက်နိုင်ခဲ့၊ အပင်ပန်း သိပ်မခံခဲ့တဲ့ အတွက် ဒိထက်ပိုပြီး စုံသင့်ပါရက်နဲ့ မစုံလင်ခဲ့ပါဘူး။ ဒါကို စာရေးသူတယောက် အနေနဲ့ အောင်ဗလအပေါ် တာဝန်ကျေသလို ဖိုးစိန်ကြီးအပေါ် တာဝန်ကျေသလို ဦးစိန်ကတုံးအပေါ် ငါ့တာဝန်မကျေခဲ့ဘူး၊ ဒီပုဂ္ဂိုလ်အပေါ် တရားမျှတမှု မရှိခဲ့ဘူးလို့ ကိုယ့်ဖာသာ အပြစ်တင်ရင်း သတိရမိတိုင်း စိတ်မကောင်း ဖြစ်ရပါတယ်။ နောင်တ ရမိပါတယ်။

အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးစာအုပ်ကြီး ထွက်လာပြီးတဲ့နောက် ကိုညိုမြက

ဦးစိန်ကတုံးကြီး သေဆုံးတော့ သူက မုံရွာမြို့မှာ ကျောင်းသားအဖြစ်နဲ့ ရှိနေတယ်။ ဒါကြောင့် ကိုယ်တွေ့မျက်မြင် ဦးစိန်ကတုံးကြီးရဲ့ ဈာပနအကြောင်းကို ကျွန်မ စာအုပ်ပေါ် ဖြည့်စွက်ချက် အနေနဲ့ ဖြည့်စွက်မယ်ဆိုပြီး လုပ်သားသတင်းစာမှာ စိန်ကတုံးအတွက် မှတ်ချက်ခေါင်းစဉ်နဲ့ ဆောင်းပါးတပုဒ်ရေးပြီး ဖြည့်စွက်ပါတယ်။ ဆရာမောင်ထင်ကလည်း မနေ့တနေ့က ဦးစိန်ကတုံးကြီး ကတ်ဆွဲဝါသနာကြီးပုံနဲ့ ပတ်သက်ပြီး သူ့အဘိုးနဲ့အတူ ကတ်ဆွဲကြပုံကို ကျွန်မစာအုပ်ပေါ် ဖြည့်စွက်ချက် အနေနဲ့ ဖြည့်စွက်ရေးသားပါတယ်။ စန္ဒာမဂ္ဂဇင်းထဲမှာတော့ မောင်အေးသန့်က ဦးစိန်ကဆုံး၏ ဈာပနတေးသီချင်းများကို စုဆောင်းဖော်ပြပါတယ်။ ဒီဖြည့်စွက် ချက်တွေဟာ အဖိုးတန် အချက်အလက်တွေပါ။ ဒါကြောင့် မန္တလေးမီးဘေးကြီး သင့်ရာမှာ ပါသွားကုန်လို့ ရောင်းချစရာ တအုပ်မှ မကျန်ရှိတော့တဲ့ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးစာအုပ်ကြီး ပြန်လည်ရိုက်နှိပ်တဲ့အခါ ညိုမြ၊ မောင်အေးသန့် နဲ့ မောင်ထင်တို့ရဲ့ ဖြည့်စွက်ချက်တွေကို သူတို့ခွင့်ပြုချက်များနဲ့ ထည့်သွင်းရိုက်နှိပ်ဖို့ စိတ်ကူးထားပါတယ်။ တကယ်ဆိုတော့ ဦးစိန်ကတုံးကို ကျွန်မက ကြည်ညို လေးစားမှု ပိုပါတယ်။ ဇာတ်မင်းသားပေမယ့် မင်းသမီးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မလုပ်တာ။ စိတ်ကောင်းစေတနာကောင်းထားတာ၊ ပညာကို လေးစားမြတ်နိုး တာဟာ သူ့လိုဇာတ်မင်းသား အနုပညာသည်တယောက်အဖို့ ကြည်ညိုလေးစား စရာ အရည်အသွေးတွေပါ။

ဒါကြောင့် သူ့အကြောင်း စုံသည်ထက်စုံ မရေးသားလိုက်ရတဲ့ ကျွန်မရဲ့ မှုတမှု မရှိပုံကို နောင်တ ရနေတဲ့အကြောင်း စပ်မိစပ်ရာ ဒီနေရာက ဖော်ပြလိုက်ရပါတယ်။

လူထုဒေါ်အမာ

++++++++++++++++++++++++++++++++++

သိနားလည်ရင် ချစ်ကြည်တယ်။

ချစ်ကြည်ရင် ငြိမ်းချမ်းတယ်။

ငြိမ်းချမ်းရင် သာယာစိုပြေဝပြောပါတယ်။

စာပေကတဆင့် သိနားလည်ကြပါစို့။

++++++++++++++++++++++++++++++++++

## စာပေနဲ့ ချစ်ကြည်ရေး

(ထိုင်းဝတ္ထုတိုများ (၁၉၉၂) အမှာ)

နိုင်ငံတကာရဲ့ စာပေလောကမှာ ဘဝသရုပ်ဖော်ဝတ္ထု ရေးသားမှု တနေ့တခြား တိုးတက်နေပါတယ်။ အဲဒီလို တိုးတက်လာတဲ့ အရေးအသားတွေကိုပဲ ပြည်သူ အချင်းချင်း သိနားလည်ရေး၊ ချစ်ကြည်ရေးအတွက် နိုင်ငံတကာမှာ ဘာသာပြန်ပြီး ဖတ်ရှုစေ လျက် ရှိပါတယ်။

မကြာလှသေးခင်က မြန်မာနိုင်ငံက အမျိုးသမီး စာရေးဆရာ ၁၂ ဦးရဲ့ ဝတ္ထုတို ကလေးတွေကို ထိုင်းဘာသာနဲ့ ပြန်ဆိုပြီး ထိုင်းနိုင်ငံမှာ ထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ အခုလည်း အင်္ဂလိပ်လို ဘာသာပြန်ပြီးရှိတဲ့ ထိုင်းဝတ္ထုတွေကို မြန်မာဘာသာသို့ ပြန်ပြီး စံပယ်ဖြူ မဂ္ဂဇင်း၊ ရင်ခုန်ပွင့် မဂ္ဂဇင်း၊ လုံမလေးမဂ္ဂဇင်းနဲ့ သာရမဂ္ဂဇင်း တို့မှာ ကျွန်မ ဖော်ပြခဲ့ပါတယ်။

ထိုင်းနဲ့မြန်မာက ဝင်းထရံသာခြားတဲ့ အိမ်နီးချင်းနိုင်ငံပါ။ ဒီနှစ်နိုင်ငံရဲ့ ဆက်ဆံရေး ဟာ ကျွန်မတို့နိုင်ငံမှာ ပဒေသရာဇ် စနစ်ရှိတုန်းကတော့ ကောင်းမွန်တဲ့အခါတွေ ရှိခဲ့သလို၊ မကောင်းတဲ့အခါတွေလည်း ရှိခဲ့တာပေါ့။ နို့ပေမယ့် ပဒေသရာဇ်စနစ် ဆိုတာ ပြည်သူက ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရှိကြတာမှ မဟုတ်ဘဲကလား။

အဲဒီတော့ အုပ်စိုးသူတွေ မှားရင် မှားသလို၊ မှန်ရင်မှန်သလို အမှားအမှန်တွေ ဖြစ်ခဲ့ရတာပေါ့။

နောက် လူ့ယဉ်ကျေးမှုတွေ တိုးတက်လာတဲ့အခါမှာတော့ ပြည်သူလူထုအချင်းချင်း ချစ်ကြည်ရေးကို တည်ဆောက်နိုင်တယ်ဆိုတဲ့ အဆင့်ကို ရောက်ရှိလာရမှာပေါ့။ အဲဒီလို ချစ်ကြည်ရေးဖြစ်ပေါ်အောင် တည်ဆောက်မယ်ဆိုရင် အချင်းချင်း သိနားလည်ရေးပေါ်မှာ အခြေခံမှ ခိုင်မြဲမယ်ဆိုတာလည်း တွေ့လာပါမယ်။ ပြည်သူအချင်းချင်း သိနားလည်ရေးအတွက် အကောင်းဆုံးနည်း တနည်းကတော့ စာပေကတဆင့် တည်ဆောက်ပေးမှုပဲ ဖြစ်ပါတယ်။

တနိုင်ငံနဲ့တနိုင်ငံ ရေခြားတယ်၊ မြေခြားတယ်၊ ရာသီဥတုခြားတယ်၊ ဘာသာစကား၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနဲ့ ကိုးကွယ် ယုံကြည်မှုချင်း ခြားနားမှု ရှိကြတယ်။ ဒါကြောင့် နိုင်ငံခြားလို့ ခေါ်ဝေါ်သုံးစွဲကြတယ်။

မြန်မာနိုင်ငံနဲ့ ထိုင်းကတော့ ရေမြေခြားတာ၊ စကားနဲ့စာ ခြားတာမှန်ပေမယ့် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြတဲ့ နိုင်ငံတွေဖြစ်ပြီး ယဉ်ကျေးမှုနဲ့ ရိုးရာ ဓလေ့ထုံးစံတွေက တော်တော်နီးစပ်ပြီး တပြည့်တပြည် စီးဝင်ဖလှယ်မှုတွေ ခေတ်အဆက်ဆက် ကစပြီး ရှိခဲ့တာမို့ တချို့များ တူညီနေလိုက်ကြတာ ဘယ်က မူလဘူတမှန်းတောင် မသိနိုင်အောင် ရှိတာတွေ ရှိပါတယ်။ ပြီးတော့ ရုပ်သွင် လက္ခဏာချင်းကလည်း တူညီတဲ့ အဝတ်အစားကိုသာ ဝတ်ထားရင် ဘယ်သူဟာ မြန်မာ၊ ဘယ်သူဟာထိုင်းလို့ ခွဲခြားသိဖို့တောင် ခက်ပါတယ်။ နောက် သူတို့ ဝတ္ထုလေးတွေကို ဖတ်ကြည့်လိုက်ပြန်တော့လည်း မြန်မာပြည်သူတွေအနေနဲ့ ကျကျနန ခံစားနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် စာပေကတဆင့် သိနားလည်ရေး၊ ချစ်ကြည်ရေးတည်ဆောက်ရရင် ကောင်းလေရဲ့လို့ အခုလို ဘာသာပြန်တာ ဖြစ်ပါတယ်။

သိနားလည်ရင် ချစ်ကြည်တယ်။ ချစ်ကြည်ရင် ငြိမ်းချမ်းတယ်။ ငြိမ်းချမ်းရင် သာယာစိုပြေဝပြောပါတယ်။

စာပေကတဆင့် သိနားလည်ကြပါစို့–

ဘာသာပြန်သူ

လူထုဒေါ်အမာ

++++++++++++++++++++++++++++++++++++

လူဆိုတာ ဘာပဲလုပ်ချင် လုပ်ချင်

မသေခင်ဘဲ လုပ်နိုင်တာ

သေတယ်ဆိုတာ အားလုံး အားလုံး

ဘာမဆို အဆုံးကမ္ပတ် နိဂုံးသတ်တာပဲ။

အဲဒီတော့ လုပ်ချင်တာရှိရင်

မသေခင်လုပ်ထားဆိုတာကို ပိုပိုပြီး

သဘောပေါက်နေတယ်။

++++++++++++++++++++++++++++++++++++

## စာရေးဖြစ်တဲ့ အကြောင်းရင်း

မောင်ဝင်းတင့်စုပေးတဲ့ စာစုစာရင်းကိုမြင်တော့ 'များလှပါ ကလား၊ ဟုတ်ကော ဟုတ်ရဲ့လား'လို့တောင် အောက်မေ့မိပါတယ်။ ဒါပေမယ့် ပြန်စဉ်းစားကြည့်တော့လည်း ကျွန်မမှာ တခြားဘာမှမလုပ်ဘဲ စာရေးတဲ့အလုပ်ပဲ လုပ်နေတာ နှစ်တွေကြာလှပြီပဲ။ စာရေးတာ ကျွန်မအပျိုဘဝကတည်းကဆိုတော့ နှစ်ပေါင်း ၅၀ ကျော်ပြီပေါ့။

ဒီလောက်များတဲ့စာတွေ ဘာလို့ ရေးဖြစ်ခဲ့တာလဲလို့ မေးရင်တော့ အတိုဆုံးအဖြေက ဦးလှနဲ့ အကြောင်းပါခဲ့လို့ပါပဲလို့ ဖြေရမှာပါ။ တကယ်ပါ။ ကျွန်မခင်ပွန်းဟာ ဦးလှသာ မဟုတ်ခဲ့ဘဲ တယောက်ယောက်ဖြစ်ခဲ့ရင် ဒီလိုစာတွေ ကျွန်မဆီက ထွက်လာဖို့ မရှိပါဘူး။

မှတ်မိပါသေးတယ်။ ကျွန်မတို့ငယ်ငယ်က မဂ္ဂဇင်းဆိုလို့ ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်းနဲ့ တိုးတက်ရေး မဂ္ဂဇင်းတို့ပဲ ရှိပါတယ်။ အဲဒီအထဲမှာ ဒဂုန်က ဝတ္ထုတို–ဝတ္ထုရှည်တွေကို အသားပေးပါတယ်။ သူရိယက ဝတ္ထုတိုတွေနဲ့

ဆောင်းပါးတွေ အသားပေးပါတယ်။ တိုးတက်ရေးမဂ္ဂဇင်းက ဝတ္ထုနည်းပြီး ဆောင်းပါးတွေ အသားပေးပါတယ်။ ကြီးပွားရေးမဂ္ဂဇင်းကတော့ ဝတ္ထုနည်းနည်း၊ ဆောင်းပါး၊ ကဗျာများများပါပြီး သူ့ဆောင်းပါးတွေက အားကစား၊ နိုင်ငံရေး၊ ယဉ်ကျေးမှု အစုံပါပါတယ်။ ပြီးတော့ ခေတ်စမ်းသမားတွေ အများဆုံး ဝင်ရေးနေတဲ့ မဂ္ဂဇင်းပါ။

ကျွန်မက စာတွေကိုဖတ်နေပြီ ရေးကြည့်ချင်စိတ်လည်း တော်တော်ပေါက်နေပြီ။ တယောက်တည်း ဗလာစာအုပ်မှာ တိတ်တိတ်ရေးစမ်းကြည့်တာမျိုးလည်း လုပ်လာပြီ။ အဲဒီအချိန်မှာ ကြီးပွားရေးမဂ္ဂဇင်းထဲ ချစ်သမီးအမာသို့ ဖေဖေမောင်ဖြူးထံမှ ပေးစာဆိုတဲ့ အခန်းတခု စပါလာပါတယ်။ ဒေါက်တာဂွမ်လျောင် စစ်တွေမှာ အထက်တန်းကျောင်းအုပ်ကြီးဘဝနဲ့ နေစဉ်က ကြီးပွားရေးမဂ္ဂဇင်းမှာ ဒီပေးစာကို ရေးတာပါ။

ချစ်သမီးအမာသို့လို့ ခေါင်းတပ်တာကို ကျွန်မက ဖေဖေဖြူးသို့ ဆိုပြီး ပြန်ကြားစာ တစောင် ရေးကြည့်ပါတယ်။ ပြီးတော့ ဒီစာကို ကြီးပွားရေးထဲ ထည့်ပေးပါလို့ မဂ္ဂဇင်းအယ်ဒီတာဆီ ပို့လိုက်ပါတယ်။ အဲဒါ ၁၉၃၄ ခုနှစ်လောက်ကပါ။ ကျွန်မ ပထမဆုံးစရေးတဲ့ ဆောင်းပါးပါပဲ။ အယ်ဒီတာက မကြိုက်လို့ မထည့်ပါဘူး။ ဘာကြောင့် မကြိုက်တယ်ဆိုတာလည်း စာမပြန်ပါဘူး။ ဒီလိုနဲ့ ကျွန်မ မန္တလေး ဥပစာကောလိပ်က ဥပစာတန်းအောင်လို့ ရန်ကုန်တက္ကသိုလ် အင်းလျားဆောင် မှာနေပြီး ဘီအေ ပထမနှစ်ကို စတက်ရတော့ ကျွန်မကို အဆောင်စာကြည့်တိုက်မှူး ခန့်အပ်တာ ခံရပါတယ်။ ဒါနဲ့ ကျွန်မက အဆောင်မှာ ဖတ်ဖို့ သတင်းစာတွေ၊ မဂ္ဂဇင်းတွေ မှာကြားပေးရပါတယ်။ မှာတဲ့အခါမှာတော့ အဆောင်က စာကြည့်သင်း အတွက်မို့ တဝက်ကြေးနဲ့ ပေးနိုင်က ပေးပါ၊ (၃)လ တကြိမ် ဘီလ်နဲ့ သတင်းစာ၊ မဂ္ဂဇင်းဖိုး အဆောင်ကိုလာပြီး တောင်းခံပါလို့ တိုက်တွေကို စာရေးပါတယ်။ သူများက ဒီလိုရေးရတယ်ဆိုလို့ ရေးတာပါ။ ဒီလိုရေးတဲ့အခါ ကြီးပွားရေးတိုက်က ချက်ချင်း စာပြန်လာပါတယ်။ ပြန်ပုံက – ကျွန်တော်တို့ မဂ္ဂဇင်းကို လေလွင့်

နေသော ကလေးများဂေဟာလိုနေရာကို တဝက်ကြေးပင်မယူ။ အခမဲ့ပို့ပေးပါတယ်။ ဒါပေမယ့် အင်းလျားဆောင်လို နေရာကိုတော့ လျှော့ဈေးနဲ့ မပို့နိုင်ပါဘူး။ မဂ္ဂဇင်းဖိုးက အဆောင်သူတွေ ရုပ်ရှင်ကြည့်တဲ့ ရုပ်ရှင်ဖိုးလောက်မှ မရှိပါဘူး။ မဂ္ဂဇင်း တစောင်က ဖိုးပဲတန်လေတော့ (၃)လ ကျသင့်ငွေ ၁၈ ပဲမို့ တံဆိပ်ခေါင်း ၁ကျပ်နဲ့ ၂ပဲဖိုး ဝယ်ပို့လိုက်ပါ။ မဂ္ဂဇင်းကို လာမယ့်လက စပို့ပါမယ် – တဲ့။ ကျွန်မမှာ ပိုက်ဆံ ၁ကျပ် ၂ပဲကို စတိုင်နဲ့ အင်းလျားဟောလာပြီး တောင်းခံပါလို့ ရေးမိလို့ တောင်းပန်စာ ပြန်ရေးတဲ့ အခါမှာတော့ —

အယ်ဒီတာက မန္တလေးဂုန္တန်ဝင်းကနေပြီး ဖေဖေဖြူးသို့ပြန်စာရေးတာ ကျွန်မပဲ မဟုတ်ပါလား၊ လက်ရေးတိုက်ကြည့်လို့ သိပါတယ်၊ မဂ္ဂဇင်းမှာရေးချင်ရင် ‘သမီး အင်ဒီရာသို့ ထောင်တွင်းမှ နေရူး၏ ပေးစာများ’ ခင်လဝင်းအမည်ခံပြီး ကျွန်တော် ဘာသာပြန်ထည့်နေပါတယ်။ အဲဒီစာတွေကို ဆက်ပြီး ကျွန်မက ပြန်ပေးပါလို့ အလုပ် စပေးပါတယ်။

ဦးလှနဲ့ ကျွန်မက အဲဒီကတည်းက စာချင်းသိကျွမ်းပြီး သူ့မဂ္ဂဇင်းမှာ ဘာသာပြန် ကလေး၊ ဝတ္ထုတိုကလေး ဝင်ရေးတဲ့ ဆောင်းပါးရှင်ဘဝရောက်ခဲ့ရပြီး ၁၉၃၉ ခုနှစ်မှာ သူ့ဇနီး ဖြစ်ခဲ့ရပါတယ်။

ဦးလှက ဘယ်လိုလူလဲလို့ မေးရင် စာရေးချင်လို့ လူဖြစ်နေသူပါလို့ ဖြေချင်ပါ တယ်။ သူ့ဘဝမှာ စာရေးတာကလွဲပြီး ဘာမှ လုပ်မစားချင်ပါဘူး။ သူ ရန်ကုန် မြူနီစပယ် ရာဖြတ်ဌာနမှာ ရာဖြတ်ဝင်လုပ်တယ်ဆိုတာက အဲဒီကရတဲ့ လခနဲ့ ကြီးပွားရေးမဂ္ဂဇင်းထုတ်ဖို့ အလုပ်ကိုအောင့်အည်းလုပ်နေတာပါ။သူက ကြီးပွားရေး မဂ္ဂဇင်းကို ၁၉၃၃ ခုနှစ်ကတည်းက သူပိုင်မဂ္ဂဇင်းလေးအဖြစ် စတင်ထုတ်ဝေပြီး သူလည်းရေး သူများတွေကိုလည်း အရေးခိုင်းပြီး ရတဲ့လခလေး မဂ္ဂဇင်းထဲ ထည့်ပြီး ယက်ကန်ယက်ကန်နဲ့ နေလာခဲ့သူပါ။

သူ့တသက်မှာ ကြီးပွားရေးမဂ္ဂဇင်းက (၈)နှစ်၊ လူထုဂျာနယ်က (၁၁)နှစ်၊ လူထု သတင်းစာက (၂၁)နှစ်၊ ကြီးပွားရေးစာအုပ်တိုက်က ၁၉၃၈ ခုကစပြီး သေတပန်

သက်တဆုံး ထုတ်ဝေလုပ်ကိုင်သွားသူ ဖြစ်လေတော့ သူလုပ်သမျှ စာပေလုပ်ငန်းမှာ ကျွန်မက အမြဲတမ်း လက်တွဲပြီး လုပ်ပေးခဲ့ရပါတယ်။ သူက ကမ္ဘာစစ်ကြီး ဖြစ်နေလို့တောင် ဒီစာအုပ် စာပေလုပ်ငန်းကို ရပ်ထားတာမှ မဟုတ်ဘဲ။ လုပ်လို့ ရသလောက် လုပ်နေတဲ့သူ ဖြစ်လေတော့ အပ်သွားရာ အပ်ချည်ပါသလို ကျွန်မ ကလည်း သူ့နောက်က လုပ်ပေးနေ၊ ရေးပေးနေ ဖြစ်တော့တာပေါ့။ မရေးလို့လည်း မရဘူး။ ကျွန်မ အားနေတာမြင်ရင် 'မင်းဘာရေးမှာလဲ၊ ရေးလေ၊ လုပ်လေ' နဲ့ အမြဲတမ်း တိုက်တွန်းနေပြီး သူလည်း ပရဟိတအသင်းအဖွဲ့လုပ်ငန်းတွေ မြောက်မြားစွာကို လက်ခံလုပ်ဆောင်နေတဲ့ကြားက အားတဲ့အချိန်တိုင်း စားပွဲမှာ ထိုင်ပြီး စာရေးဖို့ ကြိုးစားသူ ဖြစ်ပါတယ်။ ခုလို အလုပ်တွေတန်းလန်းနဲ့ ဘဝနိဂုံး သူအဆုံးသတ်သွားရှာရတဲ့အခါ ကျွန်မက ကျန်ရစ်သူအနေနဲ့ သူ့ဆီက သံဝေဂတွေ အများကြီးဖြစ်မိပါတယ်။ လူဆိုတာ ဘာပဲလုပ်ချင်လုပ်ချင် မသေခင်ပဲလုပ်နိုင်တာ ၊ သေတယ်ဆိုတာ အားလုံးအားလုံး ဘာမဆို အဆုံးကမွတ် နိဂုံးသတ်တာပဲ။ အဲဒီတော့ လုပ်ချင်တာရှိရင် မသေခင်လုပ်ထားဆိုတာကို ပိုပိုပြီး သဘောပေါက် နေတယ်။ အဲဒီတော့ အကြောင်းအားလျော်စွာ ကိုယ်စားဖို့သောက်ဖို့ကလေးများကို အိမ်မှာရှိတဲ့ သမီးလေးက သူတတ်အားသမျှ ရှာဖွေကျွေးနေလေတော့ ကျွန်မက စာရေးနိုင်သေးရင် ရေးနေတယ်လေ။ ဒါနဲ့ ကျွန်မစာရေးသက်ဟာ အခုဆိုရင် နှစ် ၅၀ကျော်လို့ ဖဝနား နီးလာပါပြီကော။

လူထုဒေါ်အမာ

၂၄-၁၀-၉၅

(အင်္ဂါနေ့)

## လူထုဒေါ်အမာ

## ဘဝနဲ့ စာပေရက်စွဲများ

၁၉၁၅ – မန္တလေးမြို့၊ ဂုန္တန်ရပ်၊ အဖ ဦးထင် – အမိ ဒေါ်စုတို့မှ နိုဝင်ဘာ ၂၉၊ တနင်္လာနေ့မှာ မွေးဖွားခဲ့၊ မွေးချင်း ၁၂ ယောက်၊ စတုတ္ထသမီး။ အမည်ရင်း အမာ။

၁၉၂၀–၂၃ – တရုတ်တန်း အမျိုးသမီး နေရှင်နယ်ကျောင်းမှာ ဒုတိယတန်းအထိ ပညာသင်ခဲ့။

၁၉၂၃–၃၁ – အမျိုးသမီး နေရှင်နယ်ကျောင်းပျက်လို့ တတိယတန်းမှ နဝမတန်းအထိ ABM ကျောင်းမှာ ဆက်လက်ပညာသင်။

၁၉၃၁–၃၃ – မန္တလေး ဗဟိုအမျိုးသားကျောင်းက ဆယ်တန်းအောင်။

၁၉၃၃–၃၅ – မန္တလေး ဥပစာကောလိပ်၊ ဓာတု၊ ရူပ၊ သချ်ာဘာသာတွဲယူ။

၁၉၃၆ – ရန်ကုန်တက္ကသိုလ် ဘီအေ အောက်တန်း။

အင်းလျားဆောင် သဟာယနဲ့ စာဖတ်သင်းအတွင်းရေးမှူး၊ ဒုတိယ ကျောင်းသား သပိတ်ကြီးတွင် ပါဝင်။

အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်း၊ ဘားမား ဂျာနယ်တို့မှာ ဝတ္ထု၊ ဆောင်းပါးများ ရေး။

ကြီးပွားရေး ဦးလှနဲ့ စတင် သိကျွမ်း။ ကြီးပွားရေး မဂ္ဂဇင်းမှာ ကလောင်အမည် ‘ခင်လဝင်း’၊ ‘မြမဥ္ဇူ’တွေနဲ့ ရေးခဲ့။

၁၉၃၇ – ဘီအေနောက်ဆုံးနှစ် စာမေးပွဲ ကျရှုံးပြီး ကျောင်းထွက်။ မန္တလေးမှာ မြန်မာစက္ကူဆိုင်ဖွင့်။

၁၉၃၈ – Maurice Collis ရေး Trials In Burma ကို ‘မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ’ အမည်နဲ့ မြန်မာပြန်ထုတ်ဝေ။

၁၉၃၉ – ကြီးပွားရေးဦးလှနဲ့ (၁၃ နိုဝင်ဘာ) လက်ထပ်။

၁၉၄၀ – Maurice Collis ၏ Sandamala ကို 'စန္ဒမာလာ' အမည်နဲ့ နှစ်တွဲခွဲ မြန်မာပြန်ထုတ်ဝေ။

၁၉၄၂–၄၄ – ဒုတိယကမ္ဘာစစ်ကြီးအတွင်း 'ကပိုင်ရွာ'ကို ခေတ္တပြောင်းရွှေ့ နေထိုင်ပြီး စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်။

၁၉၄၅ – လူထုဂျာနယ် (ဇူလိုင်) ထုတ်ဝေတဲ့အခါ လက်ထောက်အယ်ဒီတာ။

Ashihei Hino ရဲ့ War and Soldier အပိုင်း ၄ က Wheat and Soldier ကို 'ဂျုံနှင့် စစ်သား' အမည်၊ Wanda Wasilewska ရဲ့ The Rainbow ကို 'သက်တန့်ရောင်' အမည်တို့နှင့် မြန်မာပြန်ထုတ်ဝေ။

၁၉၄၆ – လူထုသတင်းစာ (၁၉၊ ဧပြီ) စတင်ထုတ်ဝေတဲ့အခါ အယ်ဒီတာအဖွဲ့ဝင်။ 'ဖခင်အောင်နိုင်' ကလောင်ခွဲနဲ့ 'နိုင်ငံရေးဆွေးနွေးခန်း' ပင်တိုင်ဆောင်းပါးရှင်။

၁၉၄၇ – လူထုဦးလှနဲ့အတူ လွတ်လပ်ရေးအတွက် ဦးဆောင်နေတဲ့ ဖဆပလ အဖွဲ့ရဲ့ အာဘော်နဲ့ထပ်တူ ရေးသား တိုက်ပွဲဝင်ခဲ့။

၁၉၄၉ – လူထုသတင်းစာနဲ့ ကြီးပွားရေးပုံနှိပ်စက်များ တည်ရှိရာအဆောက်အအုံကို ဒိုင်းနမိုင်းနဲ့ ဖောက်ခွဲခံရ။

Gunther Stein ရဲ့ The Challenge of Red China ကို 'ကွန်မြူနစ် တရုတ်ပြည် အင်အားပြိုင်ပွဲ' အမည်ပေးပြီး နှစ်ပိုင်းခွဲ ဘာသာပြန်ထုတ်ဝေ။

၁၉၅၀ – (ဧပြီ ၂၄၊ ၁၉၄၉)က ပိတ်ထားခဲ့ရတဲ့ လူထုသတင်းစာကို (၁၊ နိုဝင်ဘာ) မှာ ပြန်လည်ထုတ်ဝေ။

(မေ၊ ၁၉၄၆) က ရက်နားခဲ့တဲ့ လူထုဂျာနယ်ကို (ဩဂုတ် ၁) မှာ ပြန်လည် ထုတ်ဝေ။

သမ္မတဟိုချီမင်း အတ္ထုပ္ပတ္တိစာအုပ် ပြုစုထုတ်ဝေ။

၁၉၅၃ – ကမ္ဘာ့ဒီမိုကရက်တစ် အမျိုးသမီးညီလာခံ (ကိုပင်ဟေဂင် ၇–၆–၅၃)

ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ (ဟန်ဂေရီ၊ ဘူဒါပက် ၁၅–၆–၅၃)

ဒုတိယအကြိမ် ကမ္ဘာ့လူငယ်နဲ့ ကျောင်းသားပွဲတော် (ရုမေးနီးယား၊ ဘူခါရက်စ် ၂၅-၇-၅၃) ကို တက်ရောက်။

Archie John Stone ရဲ့ In The Name of Peace ကို 'ငြိမ်းချမ်းရေးသို့' အမည်ပေးကာ ဘာသာပြန်ထုတ်ဝေ။ လူထုဦးလှ ပုဒ်မ ၅ နဲ့ အဖမ်းခံရလို့ လူထုသတင်းစာ ခေါင်းကြီးတွေကို တာဝန်ခံရေးသား။

၁၉၅၉ – (မတ်၊ ၁၂) လူထုသတင်းစာ ချိတ်ပိတ်ခံရ။

၁၉၆၀ – (မေ၊ ၁၀) လူထုသတင်းသာ ပြန်ထွက်။

၁၉၆၂ – (ဖေဖော်ဝါရီ၊ ၃) အေရိုဖလုတ်လေကြောင်း ဖွင့်ပွဲမှာ သတင်းစာဆရာ ကိုယ်စားလှယ်အဖြစ် ဖိတ်ကြားခံရလို့ မော်စကိုသို့ သွားရောက်ခဲ့။

အပြန်မှာ အရှေ့ဂျာမဏီ၊ ချက်ကိုစလိုဗက်ကီးယားနဲ့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံများကို လှည့်လည်။

၁၉၆၃ – ဥရောပခရီးစဉ်များကို 'ဆိုရှယ်လစ်တိုင်းပြည်များသို့' အမည်နဲ့ စာအုပ်ပြုစုထုတ်ဝေ။

C.Wright Mills ရဲ့ Listen Yankees ကို 'အိုယန်ကီးတို့'၊ Anna Lewis Strong ရဲ့ Cash and Violance in Laos ကို 'ငွေနှင့်လက်နက်' အမည်ပေး ရေးသားထုတ်ဝေ။

၁၉၆၄ – 'ပြည်သူချစ်သော အနုပညာသည်များ' ပြုစုထုတ်ဝေ။

ဒီစာအုပ်နဲ့ ၁၉၆၄ ခုနှစ် စာပေဗိမာန် 'အနုပညာဆိုင်ရာ စာပေ ပထမဆု' ရ။

၁၉၆၆ – Edgar Snow ရေး The Other Side of the River ကို 'ဘဝချင်းမတူသည့် တရုတ်ပြည်' အမည်နဲ့ ဘာသာပြန်ပြီး နှစ်တွဲခွဲ ထုတ်ဝေ။

၁၉၆၇ – (ဇူလိုင်၊ ၇) လူထုသတင်းစာ ရပ်စဲခံရ။

'အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး' စာအုပ် ရေးသားထုတ်ဝေ။

၁၉၆၉ – 'ရွှေရိုး ဘကလေး' နှစ်တွဲခွဲ ထုတ်ဝေ။ ကာတွန်းဘကလေးရဲ့ 'ရွှေတာလေး ကာတွန်းများ' ကို ဖြည့်စွက် အမှာရေး ထုတ်ဝေ။

၁၉၇၀ – ‘ရွှေမန်းတင်မောင်’ စာအုပ် ပြုစုထုတ်ဝေ။

(မတ်၊ ၃) မန္တလေး ကွန်သာယာ စာတမ်းဖတ်ပွဲမှာ ‘ဗမာ့ဖန်ကျိလုပ်ငန်း’ စာတမ်းဖတ်။

၁၉၇၁ – မန္တလေး ဓမ္မဗိမာန်မှာ ‘နေ့ ဗမာ့သဘင်’ စာတမ်းဖတ်။

၁၉၇၂ – မန္တလေး နိုင်ငံတကာ စာအုပ်နှစ် စာတမ်းဖတ်ပွဲမှာ ‘ကမ္ဘာ့အကြီးဆုံး စာအုပ်’ စာတမ်းဖတ်။

၁၉၇၃ – ‘အငြိမ့်’ စာအုပ် နှစ်တွဲခွဲ ထုတ်ဝေ။

ကမ္ဘာ့အကြီးဆုံးစာအုပ် ထုတ်ဝေ။

၁၉၇၄ – ‘ကမ္ဘာ့အကြီးဆုံးစာအုပ်’ကို ဒေါက်တာသန်းထွန်းက The World's Biggest Book အမည်နဲ့ အင်္ဂလိပ်ဘာသာ ပြန်ဆိုထုတ်ဝေ။

၁၉၇၅ – ‘ရွှေဒေါင်းတောင် ဆောင်းပါးများ’ စာအုပ်ထုတ်ဝေ။

၁၉၇၆ – ‘ဆရာကြီး သခင်ကိုယ်တော်မှိုင်း’ စာအုပ်ထုတ်ဝေ။

(ဩဂုတ်၊ ၁၉) ‘ဟံသာဝတီသတင်းစာ’ ‘စနေစာပေဝိုင်း’ စာတန်းဖတ်ပွဲမှာ ‘အတ္ထုပ္ပတ္တိစာပေ’ စာတမ်းဖတ်။

၁၉၇၈ – (ဩဂုတ်၊ ၂၁) လူထုဦးလှ၊ သား ကိုငြိမ်းချမ်း (ညီပုလေး) တို့နဲ့အတူ အထိန်းသိမ်းခံရ။ ၁ နှစ်၊ ၁လ၊ ၁ ရက်ကြာ။

၁၉၇၉ – (ဩဂုတ်၊ ၂၂) အထိန်းသိမ်းခံဘဝက ပြန်လွတ်။

Chester Ronning ရဲ့ A Memoir of China in Revolution ကို ‘တော်လှန်တဲ့တရုတ်ပြည် ကျွန်တော်မှတ်မိသမျှ’ အမည်နဲ့ ဘာသာပြန်ထုတ်ဝေ။

၁၉၈၂ – နှစ်ပေါင်း ၄၃ နှစ် ပေါင်းသင်းလာခဲ့တဲ့ ခင်ပွန်းသည် လူထုဦးလှ (ဩဂုတ်၊ ၇) ကွယ်လွန်။

၁၉၈၄ – (မတ်၊ ၄) မန္တလေးမီးကြီးအတွင်း ကြီးပွားရေးစာအုပ်တိုက်၊ ပုံနှိပ်တိုက်၊ စက္ကူသိုလှောင်ရုံ၊ စာအုပ် သိုလှောင်ရုံတွေ မီးလောင်ဆုံးရှုံး။

၁၉၈၅ – (နိုဝင်ဘာ၊ ၂၉) အသက် ၇၀ ပြည့်က စပြီး အမရပူရ တောင်လေးလုံးကျောင်းမှာ မွေးနေ့ပွဲ နှစ်စဉ် ကျင်းပ။

'ချင်းတွင်းမှ ပင်လယ်သို့' စာအုတ် ထုတ်ဝေ။

၁၉၈၉ – (မေ၊ ၂၇) 'ပြည်သူချစ်သော အနုပညာသည်များ' စာအုပ် ငွေရတုပွဲ အမရပူရ တောင်လေးလုံးကျောင်းမှာ ကျင်းပ။

'မြန်မာ့ မဟာဂီတ' စာအုပ်။

'အာဖရိက ဝတ္ထုတိုများ' စာအုပ် ထုတ်ဝေ။

၁၉၉၀ – လူထုဦးလှနဲ့ ပူးတွဲရေးသားတဲ့ 'ဆေးလိပ်နဲ့လူသား' စာအုပ် ထုတ်ဝေ။

၁၉၉၁ – ဓနမဂ္ဂဇင်းမှာ ရေးသားခဲ့တဲ့ ဆောင်းပါးတွေကို စုစည်းပြီး 'မန္တလေးသူ မန္တလေးသားများ' အမည်နဲ့ စာအုပ်ထုတ်ဝေ။

၁၉၉၂ – ရန်နံ့သစ်မဂ္ဂဇင်းမှာ 'ဇမ္ဗူဒီပါ အောင်ထွန်း' ကလောင်အမည်ခွဲနဲ့ နိုင်ငံတကာ ဆောင်းပါးများကို ရေးခဲ့။

'ထိုင်းဝတ္ထုတိုများ (၁)' ထုတ်ဝေ။

၁၉၉၃ – မဂ္ဂဇင်းတွေမှာ ရေးသားခဲ့တဲ့ မန္တလေးဆိုင်ရာ ဆောင်းပါးတွေကို စုပေါင်းပြီး 'ရတနာပုံ မန္တလေး၊ မန္တလေး၊ ကျွန်မတို့ မန္တလေး' စာအုပ်။

'ထိုင်းဝတ္ထုတိုများ (၂)' တို့ကို ထုတ်ဝေ။

၁၉၉၄ – 'သာသနာ့တန်ဆောင် ဆရာတော်ကြီးများ' စာအုပ်ထုတ်ဝေ။

'ရွှေဒေါင်းတောင်ဆောင်းပါးတွေကို ဂျပန်ဘာသာနဲ့ ပြန်ဆိုထုတ်ဝေ။ ပြန်ဆိုသူက ဂျပန်အမျိုးသမီး Yasuko Dobashi ၊ (မြန်မာနာမည် ဒေါ်ယဉ်ယဉ်မြ) ဖြစ်ပြီး ထုတ်ဝေတဲ့ စာအုပ်တိုက်မှာ Shinjuku Shobo Co. Ltd. ၊ စာအုပ်တန်ဖိုး ယန်း ၂၇၁၈။

၇၉ နှစ် မွေးနေ့အမှတ်တရအဖြစ် 'ကျွန်မတို့ ငယ်ငယ်က' ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ကို ရေးသားထုတ်ဝေ။

၁၉၉၅ – မန္တလေးမြို့ ဗဟိုအမျိုးသားကျောင်း ကျောင်းသားဟောင်းများ ဦးစီး ထုတ်ဝေတဲ့ ၇၅ ကြိမ်မြောက် အမျိုးသားနေ့စိန်ရတု အထိမ်းအမှတ်မဂ္ဂဇင်း ‘တာဝန်ခံအယ်ဒီတာ’ အဖြစ်ဆောင်ရွက်။

## လူထုဒေါ်အမာ

## ကလောင်အမည်ခွဲများ

- ခင်လဝင်း
- ဇမ္ဗူဒီပါအောင်ထွန်း
- ဖခင်အောင်နိုင်
- ဖိုးသာအောင်
- မြမဥ္စူ
- အမာ
- အမာ (တက္ကသိုလ်သပိတ်မှောက်ကျောင်းသူ)
- အင်းလျားကျောင်းဆောင်သူတဦး
- လူထုဒေါ်အမာ

## လူထုဒေါ်အမာ

## စာစုစာရင်း (၁၉၉၅ အထိ)

စုဆောင်းပြုစုသူ
ဝင်းတင့်
မိတ္ထီလာကောလိပ် စာကြည့်တိုက်

### စာစုစာရင်းဆိုတာ

စာစုစာရင်းဟာ စာရှာကိရိယာတမျိုးပါပဲ။ အစအဆုံး တခေါက်လောက် ဖတ်ဖို့တောင် လိုမယ်မထင်ပါဘူး။ Dictionary လိုပေါ့၊ လိုမှ ထုတ်သုံးရတာမျိုးပါ။ စာတပုဒ်ဟာ ဘယ်စာအုပ် ဘယ်လ ဘယ်နှစ်ထုတ်ထဲမှာ ပါတယ်။ စာမျက်နှာပါ အတိအကျ ညွှန်းထားလို့ ကိုယ်ရှာတဲ့စာ ဘယ်မှာရှိတယ်ဆိုတာ တထိုင်တည်းနဲ့ သိသွားနိုင်ပါတယ်။ ဘယ်ထဲမှာ ပါတယ်ဆိုတာ ညွှန်းပြီးရင် စာစုစာရင်းရဲ့တာဝန်က ကုန်ပြီ။

စာမူအပြည့်အစုံဖတ်နိုင်ဖို့ကတော့ စာစုစာရင်းက ညွှန်းတဲ့ စာအုပ်ကို လိုက်ရှာရပါလိမ့်မယ်။ စာစုစုံပြီး စည်းစနစ်ကျတဲ့ စာကြည့်တိုက်ကို သွားရမှာပဲ။ စာမစုံတဲ့ စာကြည့်တိုက်ဆိုရင်လည်း သွားရကျိုးနပ်မယ် မထင်ဘူး။ စာစုံပေမယ့် စည်းစနစ်မရှိရင်လည်း စာစုတွေကြားမှာ တဝဲလည်လည်နဲ့ နောက်ဆုံး လှည့်ပြန်ခဲ့ရဖို့များပါတယ်။

စာစုစာရင်းဟာ စာရှာကရိယာဖြစ်လို့ စာစုံပြီး စနစ်ရှိတဲ့ စာကြည့်တိုက်များနဲ့ တွဲသုံးမှ တကယ်အဖိုးတန်မှန်း သိနိုင်မယ်။ စာရှာသမား တယောက်အတွက် ဘယ်ကစရမှန်းမသိ၊ ယောင်ဝါးဝါး ဖြစ်နေတဲ့အခါ စာစုစာရင်းတွေက လမ်းစလမ်းမှန် ဖော်ပေးနိုင်တယ်။ အဲဒီအတွက် စိတ်ချလက်ချ သုံးနိုင်ပါတယ်။

လူထုဒေါ်အမာ စာစုစာရင်း ၁၉၉၅ အတွက် ၁၉၈၅ ခုကတည်းက အချက်အလက် ကက်ပြားတွေ တင်လာခဲ့ပါတယ်။ အခု စာစုစာရင်း ပြုစုတဲ့အခါ ပြန်လည် စစ်ဆေးနိုင်ဖို့ စာအုပ်တွေ အများကြီး သုံးခဲ့ရတယ်။ အဓိကစာအုပ်တွေက —

(၁) ကြီးပွားရေးမဂ္ဂဇင်းအညွှန်း (၁၉၃၃–၄၁) / ဒေါ်ခင်မြ

(၂) ဂန္ထလောကအညွှန်း

(၃) လူထုဂျာနယ်အညွှန်း (အမှတ် ၁–၅၀) / ဒေါ်လွင်မိုးညွန့်

(၄) လူထုဂျာနယ်အညွှန်း (အမှတ် ၅၁–၁၀၅) / ဦးသန်းထွန်း

(၅) လူထုဒေါ်အမာစာစုစာရင်း၊ ၁၉၈၇ / ဒေါ်ရင်ရင်စိန်

(၆) လူထုဒေါ်အမာစာစုစာရင်း၊ ၁၉၈၅ / မြင့်ကြိုင်၊ ဝင်းတင့်၊ ကျော်စိုးဝင်း

(၇) လူထုကြီးပွားရေးစာအုပ်တိုက်သမိုင်း / ဝင်းတင့် (၁၉၉၃)

(၈) လူထုသတင်းစာ (၁၉၆၁–၆၇) ပါ လူထုဒေါ်အမာ ဆောင်းပါးအညွှန်း / ဝင်းတင့် (၁၉၉၂)

လူထုဒေါ်အမာ စာစုကတ်တွေ ဆက်ပြီး စာရင်းတင်နေဦးမှာပါ။ ဒေါ်ဒေါ်က စာတွေအများကြီး ဆက်ရေးနေဦးမှာပဲ။

ဝင်းတင့်

၂၁ အောက်တိုဘာ ၁၉၉၅

လူထုဒေါ်အမာ

စာစုစာရင်း (၁၉၉၅)

မာတိကာ

၁။ လုံးချင်းစာအုပ်များ

၁ ၊ ၁ ။ ပင်ကိုယ်ရေး

၁ ၊ ၂ ။ ဘာသာပြန်

၂။ နိဒါန်းနဲ့ အမှာရေးတဲ့ စာအုပ်များ

၃။ ခေါင်းကြီးများ

၃ ၊ ၁ ။ လူထုဂျာနယ်

၃ ၊ ၂ ။ လူထုသတင်းစာ

၄။ ဆောင်းပါးများ

၄ ၊ ၁ ။ ခရီးသွား

၄ ၊ ၂ ။ စာနယ်ဇင်း

၄ ၊ ၃ ။ စာပေရေးရာ

၄ ၊ ၄ ။ စီးပွားရေး

၄ ၊ ၅ ။ ဈေးနဲ့ပွဲတော်ဈေး

၄ ၊ ၆ ။ ရုပ်ပုံလွှာများ

၄ ၊ ၆ ၊ ၁ ။ ရုပ်ပုံလွှာ–စာပေ

၄ ၊ ၆ ၊ ၂ ။ ရုပ်ပုံလွှာ–စီးပွားရေး

၄ ၊ ၆ ၊ ၃ ။ ရုပ်ပုံလွှာ–ပန်းချီ၊ ဂီတ၊ ဇာတ်သဘင်

၄ ၊ ၆ ၊ ၄ ။ ရုပ်ပုံလွှာ–အထွေထွေ

၄ ၊ ၆ ၊ ၅ ။ ရုပ်ပုံလွှာ–အတ္ထုပ္ပတ္တိ(ကိုယ်ရေး)

၄ ၊ ၇ ။ လူမှုရေး

၄ ၊ ၈ ။ လူပ်ရှားနေတဲ့ကမ္ဘာ့ရေးရာ

၄ ၊ ၉ ။ သာသနာ

၄ ၊ ၁၀ ။ အနုပညာ

၄ ၊ ၁၁ ။ အထွေထွေ

၅။ ဝတ္ထုတိုများ

၅ ၊ ၁ ။ ပင်ကိုယ်ရေး

၅ ၊ ၂ ။ ဘာသာပြန်

၆။ စာအမည်အညွှန်း

၆ ၊ ၁ ။ စာအမည်အညွှန်း

လူထုဒေါ်အမာ

စာစုစာရင်း (၁၉၉၅)

## ၁။ လုံးချင်းစာအုပ်များ

### ၁ ၊ ၁ ။ ပင်ကိုယ်ရေး

၁။ ကမ္ဘာ့အကြီးဆုံးစာအုပ်၊ မျက်နှာဖုံးပန်းချီ စိုင်းကျော်ထင်။ မန္တလေး၊ လူထု-ကြီးပွားရေး၊ အောက် ၁၉၇၃။ ၄၀ စာ၊ ဓာတ်ပုံများ၊ ၂၂ စင်တီ၊ ၂ ကျပ်။

-----၊ မျက်နှာဖုံးပန်းချီ စိုင်းကျော်ထင်။ ၂ ကြိမ်၊ မန္တလေး၊ လူထု-ကြီးပွားရေး၊ မတ် ၁၉၇၅။ ၄၀ စာ၊ ဓာတ်ပုံများ၊ ၂၂ စင်တီ၊ အုပ်ရေ ၃၀၀၀။

-----၊ မျက်နှာဖုံးပန်းချီ စိုင်းကျော်ထင်။ ၃ ကြိမ်၊ မန္တလေး၊ လူထု-ကြီးပွားရေး၊ မေ ၁၉၈၅။ ၂၂ စင်တီ၊ အုပ်ရေ ၅၀၀၀။

-----၊ မျက်နှာဖုံးပန်းချီ စိုင်းကျော်ထင်။ ၄ ကြိမ်၊ မန္တလေး၊ လူထု-ကြီးပွားရေး၊ ဇွန် ၁၉၉၀။ ၄၀ စာ၊ ဓာတ်ပုံများ၊ ၂၂ စင်တီ။

-----၊ မျက်နှာဖုံးဒီဇိုင်း ဆူးငှက်။ ၅ ကြိမ်၊ မန္တလေး၊ လူထု-ကြီးပွားရေး၊ မတ် ၁၉၉၅။ ၄၁ စာ၊ ဓာတ်ပုံများ၊ ၂၀ စင်တီ။

The World's Biggest Book , tr. by Than Tun, Cover ill. by Sai Kyaw Htin. Mandalay, Ludu-Kyipwaye, Aug. 1974. 56 p. ill, 18 cm. Ks 3.

--------, tr. by Than Tun, Cover ill. by Sai Kyaw Htin, 2nd ed. Mandalay, Ludu-Kyipwaye, 1980. 56 p. ill, 18 cm. Ks 3.

--------, tr. by Than Tun, Cover ill. by Chan Aye, 3rd ed. Mandalay, Ludu-Kyipwaye, Aug. 1994. 46 p. ill, 18 cm. 1000 copies.

၂။ ကျွန်မတို့ငယ်ငယ်က ၊ မျက်နှာဖုံးပန်းချီ ဆူးငှက် နဲ့ ချမ်းအေး။ မန္တလေး၊ လူထု-ကြီးပွားရေး၊ နိုဝင်ဘာ ၁၉၉၄။ ၂၈၆ စာ၊ ရုပ်ပုံများ၊ ၁၈ စင်တီ၊ အုပ်ရေ ၁၀၀၀၊ ၁၀၀ ကျပ်။

မာတိကာ။ တသက်မှာတခါကြုံမယ် – အဖေနဲ့အဘိုး –– မန္တလေးက အဘိုး ––
မန္တလေးမြို့နဲ့ ပလိပ်ရောဂါ – အဘွားဒေါ်ဆိုး –– အဘွားဒေါ်ရင် ––
အဘွားရှိတုန်းကဘဝ –– မြန်မာ့ကွမ်းဆေးလက်ဖက်နဲ့ ဧည့်ဝတ်စောင်ဝတ် –
ငှက်ပျောပင်စိုက် မိလိုက်ဖပါ –– အမေတို့ခေတ်နိုင်ငံရေး –– မန္တလေးကစကား –
– အမေ့အကြောင်း တစေ့တစောင်း –– သား ၁၂ ယောက်အမေ –
ကျောင်းသားဘဝ – ဒုတိယကျောင်းသားဘဝ – မြန်မာကျောင်းသားဘဝ –
ကလေးဘဝ သီလရှင်ဝတ်ခဲ့တုန်းက – ငယ်ငယ်တုန်းကအမြင် –
ကျောက်ထိုးဆရာကို ငွေဦးပေးရတဲ့အချိန် – နေရှင်နယ်ကျောင်း –– အဆိုအက
ထိုနှစ်ဝ – ကျောင်းနေဖက် သူငယ်ချင်း –– ဒုတိယသူငယ်ချင်း –– တတိယ
သူငယ်ချင်း –– နေရှင်နယ်ကျောင်းက သူငယ်ချင်းတွေ – ဥပစာကောလိပ်
ကျောင်းသူဘဝ – ဥပစာကောလိပ် ကျောင်းသူဘဝ (၂) – ဥပစာကောလိပ်
ကျောင်းသူဘဝ (၃)

၃။ ချင်းတွင်းမှ ပင်လယ်သို့ ၊ မျက်နှာဖုံးပန်းချီ စိန်မြင့်။ မန္တလေး၊ လူထု–ကြီးပွားရေး၊ နို ၁၉၈၅။ ၂၂၀ စာ၊ ဓာတ်ပုံများ၊ ၂၃ စင်တီ။ အုပ်ရေ ၂၀၀၀၊ ၁၆ ကျပ်။

မာတိကာ။ သတင်းကြီးတဲ့ ချင်းတွင်းခရီး––၊ အညာသူများ ပင်လယ်သွား –– ။

၄။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်။ မန္တလေး၊ လူထု–ကြီးပွားရေး၊ စက်တင်ဘာ ၁၉၇၆။ ဓာတ်ပုံများ၊ ၂၁ စင်တီ။ အုပ်ရေ ၂၅၀၀။ ၂၅ ကျပ်။

မာတိကာ။ ပြည်သူကမမေ့ကြမယ့်ဆရာကြီး သခင်ကိုယ်တော်မှိုင်း ––
ဟိုတုန်းကမန္တလေး –– ဆရာကြီးရဲ့ မြတောင်ရွှေကျောင်းကြီး ––
ရွှေကျောင်းကြီးကို ရေစက်ချမချ ပြဿနာ – မရေမရာကာလ –
ဆရာကြီးရဲ့ငယ်ဆရာ ၂ပါး –– ဆရာကြီးရဲ့ရုပ်ရည်နဲ့ စိတ်သဘောထား ––
ဆရာကြီးရဲ့ဆွေမျိုးများ –– ဆရာကြီးရဲ့အိမ်ထောင်ရေး –– ဆရာကြီးနဲ့ဦးယော –

ဆရာကြီးနေဖူးတဲ့နေရာတွေ – ဆရာကြီးနဲ့ အဂ္ဂိရတ် – ဆရာကြီးနဲ့မော်လမြိုင် –
ဆရာကြီးနဲ့ သူရိယ –– ဆရာကြီးနဲ့ဘွိုင်းကောက်အရေးတော်ပုံ – စံဖဲအရေး ––
ဆရာကြီးနဲ့ သခင်လှုပ်ရှားမှု – စစ်အတွင်းကာလ – ဆရာကြီးနဲ့ ငြိမ်းချမ်းရေး ––
စတာလင်ငြိမ်းချမ်းရေးဆု – နိုင်ငံခြားခရီး –– ဆရာကြီးမျက်စိကို ခွဲကုတုန်းက –
ဆရာကြီးရဲ့ကျန်းမာရေး –– စာပေနယ်ကဆရာကြီးကျေးဇူး –– ဆရာကြီးနဲ့
လယ်တီပဏ္ဍိတဦးမောင်ကြီး –– ဆရာကြီးရဲ့နောက်ဆုံးစကား

၅။ ဆိုရှယ်လစ်တိုင်းပြည်များသို့ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်နှင့် ဝင်းဖေ။
မန္တလေး၊ လူထု–ကြီးပွားရေး၊ ဇန် ၁၉၆၃။ ၃၄၀ စာ၊ ရုပ်ပုံများ၊ ၁၈ စင်တီ။ အုပ်ရေ
၃၅၀၀၊ ၂ ကျပ်။

မာတိကာ။ ရန်ကုန်မော်စကို တိုက်ရိုက်လေလမ်းပွင့်ပြီ – မော်စကို – မိုးပွင့် –
မော်စကိုတွင် သွားရေးလာရေး –– အရက်ကြိုက်သည့် လူမျိုး ––
ပရာဗဒါအယ်ဒီတာနှင့်တွေ့ဆုံခြင်း –– ပုဂ္ဂလိကပစ္စည်း –– မော်စကိုအိမ် –
လူမွမ်းဘားတက္ကသိုလ် – လူတန်းစားခွဲခြားမှုနည်းတဲ့ နိုင်ငံ – ဆိုရှယ်လစ်စံနစ်နှင့်
လူ့စာရိတ္တ – အမျိုးသမီးတို့ ပျော်နိုင်လေအားသည် – အိုဘယ့် ဆိုဗီယက်ဘဲလေး
–– စာရေးဆရာများနှင့်တွေ့ခြင်း –– အယ်လ်ဂျီးရီးယား စာရေးဆရာ နရီအလက်
– အင်္ဂလန်သူနှင့် ဗမာမ မိတ်ဖြစ်ခဲ့ရပုံ – အရှေ့ဂျာမဏီ သတင်းစာပညာ
မဟာဌာနသို့ ရောက်စဉ်က –– ဂျာမဏီရောက် ဗမာကျောင်းသားများ ––
ဗမာကျောင်းသားပို့ဖို့ကောင်းသည့် ဂျာမန်အားကစား ကျောင်း ––
ကွန်မြူနစ်နိုင်ငံနှင့် လွတ်လပ်စွာပြောဟောခွင့် – မြို့တော်ဘာလင် –
အခြိမ်းချောက်ခံ အရှေ့ဂျာမဏီ – ဘာလင်မှ ပရပ်ဂ်သို့ –
ချက်ကိုစလိုဗားကီးယားရုပ်သေးရုပ်ရှင် – ချက်တွင်ပညာသင်နေသည့်
ဗမာကျောင်းသားများ –– ပရပ်ဂ်မြို့မှ ကပွဲများ –– သတင်းကြီးသည့်
တရုတ်ပြည်သို့ – နာမည်ကြီးလှသည့် ပြည်သူ့ဘုံအဖွဲ့ – စင်ကျိုပြည်သူ့ဘုံအဖွဲ့
– ပြည်သူ့ဘုံအဖွဲ့ ––တိုင်းရင်းသား အရင်းရှင်နှင့်တရုတ်ပြည်သူ့အစိုးရ ––

တရုတ်ပြည်၏ သမိုင်းကြောင်း -- ယင်းကိုရက်သည့်နယ်
စေ့စပ်လှသည့်စည်းရုံးရေး -- တရုတ်ပြည်မှ တခုသောပုံပြင် - မဒမ်
ချန်ကေရှိတ်နေခဲ့သည့်ကျောင်း -- ရုံဟဲအနုပညာသုတေသနဌာန - သန့်ရှင်းရေး
စံပြမြို့သို့ ရောက်ခဲ့ခြင်း -- နာမည်ကျော် ရှီဝမ်စဥ့်လုပ်ငန်း --
တရုတ်ချက်ပြုတ်မှုအတတ်ပညာ - အချက်အပြုတ်သင်ကျောင်း -- တော်လှန်ရေး
စ၍ မွေးရာ ကွမ်းတုံ - ကွမ်းတုံ စက္ကူစက်ကြီး -- တရုတ်ပြည်၏ လူဦးရေ
ပြဿနာ - ဘဝဟောင်းကိုဖြင့် မပြန်ပါပြီ - ဆင်ဖြူတော် ပညာရေးမဟုတ်တော့ပြီ
-- ရုံဟဲ -- ရုံဟဲနှင့်အလုပ်သမား -- ရုံဟဲအလုပ်သမားမြို့သစ် -
ဆိုရှယ်လစ်နိုင်ငံနှင့် မျက်ရည် - တရုတ်ပြည်သူ့စာရေးဆရာလူရှွန်း --
တုံဟွမ်ဂူနံရံဆေး ရေးပန်းချီပြပွဲ - တပ်နီတော် မွေးဖွားရာ နန်ချန်မြို့ -
အသစ်ထွင်ထားသည့်ကြာမီးအိမ်ကဇာတ် - မကုန်ခန်းနိုင်သော လူ့တီထွင်မှု -
ပီကင်းရေဒီယို မြန်မာဘာသာဌာန - ပီကင်းနန်းတော် - ပီကင်းပြည်သူ့နေ့စဥ် -
၉ နှစ်တာကာလ၏ ခြားနားချက် - ရေမော်ကို လှောင်နေသည့် တရုတ်များ --
ကွန်မင်းမှ မန္တလေးသို့။

၆။ ဆေးလိပ်နဲ့လူသား ၊ လူထုဦးလှနဲ့ လူထုဒေါ်အမာ၊ မျက်နှာဖုံးပန်းချီ ညီညီနဲ့
ဇော်မောင်။ မန္တလေး၊ လူထု-ကြီးပွားရေး၊ နို ၁၉၉၀။ ၁၈၅ စာ၊ ရုပ်ပုံများ၊
၂၂စင်တီ။ အုပ်ရေ ၁၀၀၀၊ ၃၂ ကျပ်။

မာတိကာ။ ဆေးလိပ်နဲ့လူသား -- ကြော်ငြာ - စွဲလိုက်ပုံများ --
ပုံကြီးချဲ့နေကြတာလား -- အချိန်မီ သတိပေးမိဖူးတယ် - ဆေးလိပ်အန္တရာယ် -
အဖြစ်များတဲ့ အဆုတ်ကင်ဆာဟာ ဆေးလိပ်ကြောင့် - ကဲ ဒီတခါ
အဟုတ်ဖြတ်လိုက်ကြပါစို့အပြတ် - ကျွန်မကိုယ်တွေ့ - နောက်မကျသေးရင်
ပြောချင်တယ် - ကြောက်စရာဒီမီးခိုး -- ကင်ဆာနဲ့လူ့လောက - အနံ့အသက် -
မိန်းမနဲ့ဆေးလိပ် - ဆေးလိပ်နဲ့ဒရိုင်ဘာ - သူများနိုင်ငံတွေရဲ့အခြေအနေ -
တာဝန်ရှိသူများ -- အနုပညာနယ်ကတာဝန်။

၇။ ပြည်သူချစ်သောအနုပညာသည်များ ။ မျက်နှာဖုံးပန်းချီ ဝင်းဖေ။ မန္တလေး၊ လူထု–ကြီးပွားရေး၊ မေ ၁၉၆၄၊ ၄၇၀ စာ၊ ရုပ်ပုံများ၊ လက်ရေးမူများ၊ ဂီတသင်္ကေတများ၊ ၂၀ စင်တီ။ အုပ်ရေ ၃၅၀၀၊ ၅ ကျပ်။

–––––– ။ မျက်နှာဖုံးပန်းချီ ဝင်းဖေ။ ၂ ကြိမ်။ မန္တလေး၊ လူထု–ကြီးပွားရေး၊ စက်တင်ဘာ ၁၉၆၄၊ ၅၆၀ စာ၊ ရုပ်ပုံများ၊ ၂၁ စင်တီ။ အုပ်ရေ ၃၅၀၀၊ ၅ ကျပ်။

–––––– ။ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်။ ၃ ကြိမ်။ မန္တလေး၊ လူထု–ကြီးပွားရေး၊ ဇူ ၁၉၆၇၊ ၅၇၂ စာ၊ ရုပ်ပုံများ၊ ၂၁ စင်တီ။ အုပ်ရေ ၃၅၀၀၊ ၅ ကျပ်။

–––––– ။ မျက်နှာဖုံးပန်းချီ စိုင်းကျော်ထင်။ ၄ ကြိမ်။ မန္တလေး၊ အောက် ၁၉၇၄၊ ၅၇၂ စာ၊ ရုပ်ပုံများ၊ ၂၂ စင်တီ။ အုပ်ရေ ၃၀၀၀၊ ၁၂ ကျပ်။

မာတိကာ ။ သတင်းကြီးသည့် မင်းသမီးမထွေးလေး –– ရုပ်သေးမင်းသမီး ဆရာပုကြီး –– မြခြေကျင်းမငွေမြိုင် –– ကောလိပ်စိန်ခေါ် မမြလွင် – နေမျိုးဗလကျော်သူဘွဲ့ရရွှာစားစိန်ဗေဒါ – နန်းတော်ရှေ့ဆရာတင် – အသံမင်းသမီး လေဘာတီမမြရင် – မြို့မငြိမ်း

၈။ မန္တလေးသူ မန္တလေးသားများ ၊ မျက်နှာဖုံးပန်းချီ ညီညီ။ မန္တလေး၊ လူထု–ကြီးပွားရေး၊ နို ၁၉၉၁။ ၁၆၂ စာ၊ ရုပ်ပုံများ၊ ၂၀ စင်တီ။ အုပ်ရေ ၁၀၀၀၊ ၄၀ ကျပ်။

မာတိကာ ။ မန္တလေးသူကြီးတွေ – သူဌေးဦးသက်ရှည်နှင့် သားဦးကျော် –– ရတနာပုံဆီစက်ဦးသိန်း –– နဂါး ဒေါ်ဦး –– မိုက်သမား မိုက်သူကြီး –– မန္တလေးသူ ပွဲကတော်ကြီးတွေ – ဟသံပြဒါးဦးကျော် – လူသာခုခေါ် နတ်သာခု ခေါ်ပုဂ္ဂိုလ်ကြီး –– ကျောက်စာဝန်ဟောင်း ဦးမြ – ကျားဘညိန်းသို့စာကြွေး –– ဗန္ဓုလဦးဆိုင် – မြန်မာ့ဗိသုကာပညာ ရှင်ဆရာဆိုင် – ကျက်သရေရှိလှတဲ့လူသား –– ရွက်ပုန်းသီးသူတော်စင်ကြီး

၉။ မြန်မာ့မဟာဂီတ ၊ မျက်နှာဖုံးပန်းချီ ချမ်းအေး။ မန္တလေး၊ လူထု–ကြီးပွားရေး၊ ဇွန် ၁၉၈၉။ ၁၇၁ စာ၊ ရုပ်ပုံများ၊ ၂၁ စင်တီ။ အုပ်ရေ ၂၀၀၀၊ ၁၈ ကျပ်။

မာတိကာ ။ မဟာဂီတရဲ့ရှေးဟောင်းနှောင်းဖြစ် – ရှေ့တော်ပြေး မောင်မောင်သိုက်

– စောင်းပညာရဲ့ ဖခင်ကြီး –– ဒေဝဣန္ဒာမောင်မောင်ကြီး –– မောင်မောင်လတ် – ဗမာတူရိယာများ –– အဆိုတော် ဘုန်းကြီးပေ – အဆိုသမား ဦးလူကြီး –– ဦးလူကြီးရေးတဲ့ပါတော်မူသီချင်း –– ရှေ့တော်ပြေး မိန်းမအဆိုတော်များ –– အိနောင် ကိုစံတုတ် – မယင်းတော် – ကိုသာပြော – ဦးကျော်ဒွေး ဝဝ မဟာဂီတမိခင်ဒေါ်စောမြအေးကြည် – ဒေါ်စောမြအေးကြည်ရဲ့ ဆရာတွေ – မိုးဒေဝါရဲ့အောင်ပွဲ – တပယ်ခင်ဥ၊ တပယ်ခင်သစ် – အဆိုတော် ဦးလူကြီး –– မယင်းတော် – မထွေးလေး –– ဒေါ်စောမြအေးကြည်တဲ့ စောင်း –– ဦးဖူးခေါင် – စောင်းဆရာ မောင်မောင်ခန့် – ဒေဝဣန္ဒာမောင်မောင်ကြီး –– စောင်းဆရာဆရာငြိမ်း –– စိန်ဗေဒါ – ဒေါ်စောမြအေးကြည်ရဲ့ဆန္ဒ –– ဒေါ်ဒေါ်နဲ့ မန္တလေး။

၁၀။ ရတနာပုံမန္တလေး၊ မန္တလေး၊ ကျွန်မတို့မန္တလေး ။ မျက်နှာဖုံးပန်းချီ ချမ်းအေး၊ မန္တလေး၊ လူထု–ကြီးပွားရေး၊ နိုဝင်ဘာ ၁၉၉၄၊ ၁၆၁ စာ၊ ၁၇ စင်တီ။ အုပ်ရေ ၁၀၀၀၊ ၆၅ ကျပ်။

မာတိကာ။ ပလုပ်တုတ်–တုတ်တုတ်–ဒူ–ချမ်–ချမ် – မန္တလေးဓာတ်ရထား –– အိမ်တော်ရာထီး –– မန္တလေးက မလွန်ဈေး –– လေးစားအပ်တဲ့ မလွန်မင်းသားကြီး –– ဈေးကောက် လူမျောက် – မန္တလေးက ဈေးချိုတော် – လွမ်းစရာ့ဈေးချို – မန္တလေးဈေးချိုတော်ရွှေဆိုင်တန်း –– မနှင်းဆီ မီးရထားကလေး –– ဆိုင်းပြိုင်တီးရာမှာ ဆရာစိန် ဗေဒါ မရှုမလှရှုံးတဲ့ပွဲ – အိမ်တော်ရာဘုရားနဲ့ ဆင်ကြီးလှူတဲ့တံတား –– ဘုန်းကြီးပျံနဲ့ဇယင်ကျူး –– အဘစိန်ဗေဒါရဲ့ နောက်ဆုံးပွဲများ –– ကျောင်းကြီးရွှေအင်ပင် – မန္တလေးအိမ်တော်ရာမိချောင်းတံတား

၁၁။ ရွှေဒေါင်းတောင် ဆောင်းပါးများ ။ မျက်နှာဖုံးပန်းချီ ကိုကိုလေး၊ မန္တလေး၊ လူထု–ကြီးပွားရေး၊ ဇူ ၁၉၇၅။ ၃၀၅ စာ၊ ရုပ်ပုံများ၊ ၁၈ စင်တီ။ အုပ်ရေ ၃၅၀၀၊ ၇ ကျပ်။

မာတိကာ။ ကမ္ဘာ့အကြီးဆုံးကျောက်ဆင်းတုတော် – ဆင်ပွဲ –– ဂျင် – ဈေး ––
အမျိုးသားသဘင်တွေရဲ့ ကနေ့အခြေ – ဗမာ့ဖန်ကျီလုပ်ငန်း –– ပိုးလုံချည် –
ဆရာကြီးရွှေဥဒေါင်းတို့ရွာ မကျည်းတုံ – သတင်းဟောင်း –– မဂ္ဂဇိန်လေးတစောင်
၁၂။ ရွှေမန်းတင်မောင် ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်။ မန္တလေး၊ လူထု–
ကြီးပွားရေး၊ နို ၁၉၇၀။ ၄၀၀ စာ၊ ရုပ်ပုံများ၊ ၂၂ စင်တီ။ ၆ ကျပ်။
မာတိကာ ။ ဒီစာအုပ်ရေးတဲ့အကြောင်းက – ရွှေမန်းတင်မောင် ကြိုးစားပုံ –
ကိုတင်မောင့် အက – ကိုတင်မောင့် အသံ – အပြောမင်းသား ကိုတင်မောင် –
ကိုတင်မောင်တွဲသွားတဲ့ဆိုင်းတွေ – တွဲကသွားတဲ့ မင်းသမီး တွေ – မင်းသားကြီး
–– လူရွှင်တော် – အပျိုတော် – ဇာတ်စာရေးဆရာများ –– ဇာတ်သမားဆိုတာ –
အယူသည်းမှု ကလေးတွေ – ကိုတင်မောင်ရဲ့ စည်းရုံးရေး –– ညဝက်စနစ်
သဘင်သစ် – ဓာတ်ပြား –– သူ့ဘဝ – ကိုတင်မောင်နဲ့ ရုပ်ရှင် –
ဗိုလ်ဆံတောက်ဖြတ်တဲ့ ကိုတင်မောင် – သူ့ကျန်းမာရေး။
၁၃။ ရွှေရိုး ဘကလေး ၊ ပထမတွဲ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်။ မန္တလေး၊
လူထု–ကြီးပွားရေး၊ ဖေ ၁၉၆၉၊ ၂၆၅ စာ။ ရုပ်ပုံများ၊ ၂၂ စင်တီ၊ ၅ ကျပ်။
မာတိကာ ။ ရွှေရိုး ဘကလေး –– ဦးဘကလေးနဲ့သူရိယ ––
ဦးဘကလေးနဲ့ဆရာကြီးသခင်ကိုယ်တော်မှိုင်း –– ဦးဘကလေးနဲ့ လယ်သမား ––
ခွဲရေးတွဲရေး –– နိုင်ငံရေး –– ဒိုင်အာခီနိဂုံး ––
၁၄။ ––––၊ ဒုတိယတွဲ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်၊ မန္တလေး၊ လူထု–
ကြီးပွားရေး၊ မတ် ၁၉၆၉။ ၂၇၃–၆၁၇ စာ၊ ရုပ်ပုံများ၊ ၂၂ စင်တီ၊ ၅ ကျပ်။
မာတိကာ ။ လူမှုရေးစီးပွားရေးကာတွန်းများ –– သတင်းစာကာတွန်း ––
ဦးဘကလေးနဲ့ရုပ်ရှင် – တောမြိုင် စွန်းက လွမ်းအောင်ဖန် – မှိုင်းဝေဝေ –
တခိုင်လုံးရွှေ – တောသားလေးရွှေရိုး –– ရွှေမင်းဝံ – ရွှေတလေး –– ကြင်စဦး –
– ဝေလွင်လွင် –– ရုပ်ပြောင်းရုပ်လွှဲ –– ရုပ်ရှင်ကာတွန်း –– ဦးဘကလေးနဲ့
ရုပ်ရှင်အပေါ်အမြင် – ဦးဘကလေးနဲ့ အတွေးအခေါ် –– ဦးဘကလေးနဲ့ ကဗျာ –

ဦးဘကလေးနဲ့ အဘိုးကြီး –– အစောဆုံးကာတွန်း –– သူ့အပေါင်းအသင်း ––
သူ့ဘဝ – ဦးဘကလေးလည်း အရက်နဲ့ ပျက်စီးတာပဲ။

၁၅။ သာသနာ့တန်ဆောင်ဆရာတော်ကြီးများ ၊ မျက်နှာဖုံးပန်းချီ ကိုညွန့်ဝေ (ပန်းသမုဒ္ဒရာ) ။ မန္တလေး၊ လူထု–ကြီးပွားရေး၊ ဖေဖော်ဝါရီ ၁၉၉၄။ ၁၄၂ စာ၊ ၂၀ စင်တီ။ အုပ်ရေ ၁၀၀၀၊ ၆၅ ကျပ်။

မာတိကာ ။ ရွှေကျင်သာသနာ နှစ်၁၀၀ – သာသနာပြုဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် – မြောင်းမြဆရာတော်ဘုရားကြီးရာပြည့်ပူဇော်ပွဲ – ကြုံတောင့်ကြုံခဲ ပူဇော်ပွဲ – ၁၁ ကြိမ်မြောက် သာသနာပိုင်ဆရာတော် ကြေးမြင်ဆရာတော်ဘုရား –– ရွှေဟင်္သာ သက်တော်ရှည်ပူဇော်ပွဲ – ရွှေဟင်္သာဆရာတော်ဘုရားရဲ့ရုပ်ပွား –– သင်္ဂဇာ ဆရာတော်ဘုရားကြီးနဲ့ ဝဇီရာရာမဆရာတော် – မိုင်းသောက်မြို့ ကျောက်နီတောရဆရာတော်ဘုရား –– အရိယမဂ္ဂင် ချောင် ဆရာတော်ဘုရားကြီး –– ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီး –– ကျမ်းပြုဆရာတော် ဘဒ္ဒန္တ ကေလာသ – ရေဦးမြို့က သာသနာ့ရောင်ဝါ – တပ်ကုန်းမြို့က ပူဇော်ပွဲ ။

၁၆။ သမ္မတဟိုချီမင်း ၊ မန္တလေး၊ လူထု–ကြီးပွားရေး၊ စက် ၁၉၅၀။ ၂၀၀ စာ၊ ဓာတ်ပုံများ၊ ၁၆ စင်တီ။ ၁ ကျပ် ၈ ပဲ။

မာတိကာ ။ သမ္မတဟိုချီမင်း –– ပြင်သစ်ပြည်သို့ – နယ်တကာလှည့်ခြင်း –– ပထမ ကမ္ဘာစစ်နှင့် ဟိုချီမင်း –– စစ်ပြီးဖောက်ပြန်ရေးသမားကြီးများ –– စာရေးဆရာဟိုချီမင်း –– ငွေရေးကြေးရေး –– မော်စကိုသို့ – တရုတ်ပြည် တွင် – ဗီယက်နမ်သို့ – ကူမင်တန် တော်လှန်ရေး –– စစ်အတွင်း ဗီယက်မင်း –– ပြည်သူ့တော်လှန်ရေး –– မဟာမိတ်တို့ လှည့်စားပုံ။

၁၇။ အငြိမ့် ၊ ပထမတွဲ၊ မျက်နှာဖုံးပန်းချီ ဝင်းမောင်။ မန္တလေး၊ လူထု–ကြီးပွားရေး၊ ဇူလိုင် ၁၉၇၃။ ၃၀၅ စာ၊ ရုပ်ပုံများ၊ ၂၄ စင်တီ။ ၆ ကျပ်။

မာတိကာ ။ အငြိမ့် – ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံ – အငြိမ့်မင်းသမီး မစိန်မေ –

ဆီကျော်စိန်တင် – မစိန်တင်ကြီး –– မစိန်လုံ – မအုံးစိန် – မသိန်းကြွယ် –
ဩဘာသောင်း –– မငွေမြိုင် – ဥက္ကလာမအေးကြည် –– ယုဝတီမြသောင်း ခင် –
ဥဩမယ်တင် – လှကလေးစိန် – ဒဂုန်ခင်လှကြည် – ဘုန်းကြီးပျံဇယင်ကျူး ––
အငြိမ့်ညွှန့်ပေါင်း –– ကလေး နှစ်ပါးသွား –– အငြိမ့်တူရိယာ – အငြိမ့်ဒိုး ––
ပတ္တလား –– စည်းတီး –– အငြိမ့်ပလေနဲ့နဲ့ – ကြေးနောင် – စန္ဒယား အငြိမ့်ကြီး
–– ဓာတ်တိုက် – စန္ဒယားမကြီး။

၁၈။ အငြိမ့် ၊ ဒုတိယတွဲ၊ မျက်နှာဖုံးပန်းချီ ကိုကိုလေး။ မန္တလေး၊ လူထု–ကြီးပွားရေး၊ အောက် ၁၉၇၃။ ၃၀၂ စာ၊ ရုပ်ပုံများ၊ ၂၄ စင်တီ။ ၆ ကျပ်။

မာတိကာ ၊ အငြိမ့်သီချင်း –– အငြိမ့်လူပြက် – အငြိမ့်ပြက်လုံး ––
အငြိမ့်မင်းသား –– အငြိမ့်လူပြက်ကြီးတွေ – မြန်မာညွှန့်အငြိမ့် – အငြိမ့်သဘင်
အလားအလာ

၁၉။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက်။ မန္တလေး၊ လူထု–ကြီးပွားရေး၊ ဒီ ၁၉၆၇။ ၆၃၈ စာ၊ ရုပ်ပုံများ၊ ၂၂ စင်တီ။ ၇ ကျပ်။

မာတိကာ ။ ယောကျ်ားမင်းသမီးအောင်ဗလ – ဖိုးစိန် – စိန်ကတုံး။

## ၁၊ ၂ ။ ဘာသာပြန်

၂၀။ ကောလစ် ၊ မောရစ် ။ စန္ဒမာလာ ၊ ပထမတွဲ ၊ ဘာသာပြန်သူ မအမာ ၊ မျက်နှာဖုံးပန်းချီ ဘလုံ ။ မန္တလေး ၊ လူထု+ကြီးပွားရေး ။ ဩ ၁၉၄၀ ။ ၂၂၈ စာ ၊ ၁၈ စင်တီ ။ ++ (ကြီးပွားရေးလက်ရွေးစင်စာအုပ်နံပါတ် ၁၅) အုပ်ရေ ၃၅၀၀ ၊ ၁၂ ပဲ။

၂၁။ +++++++ ။ ++++++ ၊ ဒုတိယတွဲ ၊ ဘာသာပြန်သူ မအမာ ၊ မျက်နှာဖုံးပန်းချီ ဘလုံ ။ မန္တလေး ၊ လူထု+ကြီးပွားရေး ။ စက် ၁၉၄၀ ။ ၂၀၃ စာ ၊ ၁၈ စင်တီ ။ ++ (ကြီးပွားရေးလက်ရွေးစင်စာအုပ်နံပါတ် ၁၆) အုပ်ရေ ၃၅၀၀ ၊ ၁၂ ပဲ။

+++++++ ။ ++++++ ၊ ဘာသာပြန်သူ ဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ဘကျင် ။ ၂ ကြိမ် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ။ ၁၉၆၀ ။ ၃၇၀ စာ ၊ ၁၈ စင်တီ ။

၂၂။ ကောလစ် ၊ မောရစ် ။ မြန်မာပြည်တွင်စစ်ဆေးခဲ့သော အမှုအခင်းများ ၊ ပထမတွဲ ၊ ဘာသာပြန်သူ မအမာ ၊ သပိတ်မှောက် ကျောင်းသူ ၊ မျက်နှာဖုံးပန်းချီ မောင်မောင်မြ ။ ရန်ကုန် ၊ ကြီးပွားရေး ၊ နိုဝင်ဘာ ၁၉၃၈ ။ ၂၇၁ စာ ၊ ၁၇ စင်တီ ။ ++ (ကြီးပွားရေးလက်ရွေးစင် စာအုပ်နံပါတ် ၂) ၊ အုပ်ရေ ၃၀၀၀ ၊ ၁၂ ပဲ ။

၂၃။ +++++ ။ +++++++ ၊ ဒုတိယတွဲ ၊ ဘာသာပြန်သူ မအမာ ၊ သပိတ်မှောက် ကျောင်းသူ ၊ မျက်နှာဖုံးပန်းချီ မောင်မောင်မြ ။ ရန်ကုန် ၊ ကြီးပွားရေး ၊ နို ၁၉၃၈ ။ ၁၇၆ စာ ၊ ၁၇ စင်တီ ။ ++ (ကြီးပွားရေးလက်ရွေးစင် စာအုပ်နံပါတ် ၄) ၊ အုပ်ရေ ၃၀၀၀ ၊ ၁၂ ပဲ ။

+++++ ။ ++++++ ၊ ဒုတိယတွဲ ၊ ဘာသာပြန်သူ မအမာ ၊ ၂ ကြိမ် ။ ရန်ကုန် ၊ ကြီးပွားရေး ၊ ၁၉၃၈ ။ ၁၇၆ စာ ၊ ၁၇ စင်တီ ။ အုပ်ရေ ၂၀၀၀ ၊ ၁၂ ပဲ ။

+++++ ။ ++++++ ၊ ၃ ကြိမ် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ၁၉၆၀ ။ ၃၄၅ စာ ၊ ၁၈ စင်တီ ။ ၂ကျပ် ။

"ကောလစ်ကြုံခဲ့ရတဲ့ ဗမာပြည်" လို့ နာမည်ပြောင်းထုတ်ဝေ။

၂၄။ စထရောင်း ၊ အင်နာလူဝီ ။ ငွေနှင့်လက်နက် ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ရုပ်ပုံများ၊ ၁၇ စင်တီ ၊ အုပ်ရေ ၃၅၀၀ ၊ ၂ ကျပ် ။

၂၅။ စတုန်း ၊ အာချီဂျွန် ။ ငြိမ်းချမ်းရေးသို့ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ၁၉၅၃ ။ ၂၇၁ စာ ၊ ၁၇ စင်တီ ။ ၃ ကျပ် ။

၂၆။ စနိုး ၊ အဂ္ဂါ ။ ဘ၀ချင်းမတူသည့် တရုတ်ပြည် ၊ ပထမတွဲ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ဖိုးသံချောင်း ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ဇန် ၁၉၆၆ ။ ၅၀၅ စာ ၊ ၂၂ စင်တီ ။ ၅ ကျပ် ။

+++++ ။ +++++ ၊ ဒုတိယတွဲ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊
မျက်နှာဖုံးပန်းချီ ဖိုးသံချောင်း ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ မတ် ၁၉၆၆ ။
၅၀၉ စာ ၊ ၂၂ စင်တီ ။ ၅ ကျပ် ။

၂၇။ စတိန် ၊ ဂန်သာ ။ ကွန်မြူနစ်တရုတ်ပြည်အင်အားပြိုင်ပွဲ ၊ ဘာသာပြန်သူ
လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ဘကျင် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊
၁၉၄၆ ၊ ၁၁၉ စာ ၊ ရုပ်ပုံများ ၊ ၃၅× ၂၀ စင်တီ ။

+++++ ။ +++++ ၊ ပထမတွဲ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ
ဘကျင် ။ ၂ ကြိမ် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ၁၉၄၉ ၊ ၃၂၄ စာ ၊ ၁၈
စင်တီ ၊ ၂ ကျပ် ။

+++++ ။ +++++ ၊ ဒုတိယတွဲ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊
မျက်နှာဖုံးပန်းချီ ဘကျင် ။ ၂ ကြိမ် ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ၁၉၄၉ ၊
၃၄၄ စာ ၊ ၁၈ စင်တီ ၊ ၂ ကျပ် ။

၂၉။ ထိုင်းဝတ္ထုတိုများ ၊ ပထမတွဲ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊
မျက်နှာဖုံးပန်းချီ စိုးဝင်းငြိမ်း ။ မန္တလေး ၊ လူထု+ကြီးပွားရေး ၊ ဒီ ၁၉၉၂ ။ ၂၅၇
စာ ၊ ၁၈ စင်တီ ။ အုပ်ရေ ၁၀၀၀ ၊ ၅၀ ကျပ် ၊
မာတိကာ ၊ ပင် + ပဥ္စင်းလောင်းလက်က ကြာပန်း + တောကျောင်းဆရာရဲ့သုခ +
မီချီဂန်စာမေးပွဲတဲ့ဗျား + ဘယ်သူအသုံးလိုသလဲ + အထက်လွှာကမင်္ဂလာပွဲ +
တမလွန်ပွဲစားများ + တလည့်တပတ် + ကားတိုက်မှု + စက်ဆုပ် နာကြည်းမှု +
ရွာတော်ရှင် + အဖေမပေါ်တဲ့ကလေး + ပန်းရောင်ဆေးပြားလေး နှစ်ပြား +
ကျွဲချေးတပုံ + ချောင်းရိုးထဲ လရောင်ထိုးတော့

၃၀။ ထိုင်းဝတ္ထုတိုများ (၂) ၊ မျက်နှာဖုံးပန်းချီ ချမ်းအေး ၊ မန္တလေး ၊ လူထု–
ကြီးပွားရေး ၊ ဇွန် ၁၉၉၃ ၊ ၁၃၈ စာ ၊ ၁၆ စင်တီ ၊ အုပ်ရေ ၁၀၀၀ ၊ ၃၅ ကျပ် ။
မာတိကာ ၊ မီးနဲ့နှလုံးသား + ဒီရေ ဒီမြေ + ဗိတော + စာချုပ် + မျိုး +
ခွဲစိတ်ကုသမှု + ရေနတ်သမီး

၃၁။ မေးလ် ၊ စီရိုက် ။ အိုယန်းကီးတို့ ၊ ဘာသာပြန်သူ ဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဖေ ၂၉၆၃ ။ ၂၉၆ စာ ၊ ရုပ်ပုံများ ၊ ၁၈ စင်တီ ။ အုပ်ရေ ၃၅၀၀ ၊ ၂ ကျပ် ။

၃၂။ ရွှန်နင် ၊ ချက်စတာ ။ တော်လှန်တဲ့တရုတ်ပြည် ကျွန်တော်မှတ်မိသမျှ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဒီ ၁၉၇၉ ။ ၃၃၄ စာ ၊ ရုပ်ပုံများ ၊ ၂၂ စင်တီ ။ အုပ်ရေ ၃၀၀၀ ၊ ၂၅ ကျပ် ။

၃၃။ ဝါစီလုစ်ကား ၊ ဝမ်ဒါ ။ သက်တန့်ရောင် ၊ ပထမတွဲ ၊ ဘာသာပြန်သူ မအမာ ၊ မန္တလေး ၊ ကြီးပွားရေး ၊ အောက် ၁၉၄၅ ။ ၁၄၈ စာ ၊ ၁၇ စင်တီ ။ ၃ ကျပ် ။

၃၄။ ----- ။ သက်တန့်ရောင် ၊ ဒုတိယတွဲ ၊ ဘာသာပြန်သူ မအမာ ၊ မန္တလေး ၊ ကြီးပွားရေး ၊ အောက် ၁၉၄၅ ။ ၂၃၂ စာ ၊ ၁၇ စင်တီ ။ ၄ ကျပ် ။

၃၅။ အရှိဟေး ဟီးနိုး ။ ဂျုံနှင့်စစ်သား ၊ ပထမပိုင်း ၊ ဘာသာပြန်သူ ဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ အုန်းလွင် ။ ကပိုင်(မန္တလေး) ၊ ကြီးပွားရေး ၊ ၁၉၄၅ ။ ၇၀ စာ ၊ ၁၇ စင်တီ ။ အုပ်ရေ ၃၀၀၀ ၊ ၁ ကျပ် ၂၅ ဆင့် ။

၃၆။ အာဖရိကဝတ္ထုတိုများ ၊ ဘာသာပြန်သူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ချမ်းအေး ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ အောက် ၁၉၈၉ ။ ၂၈၄ စာ ၊ ရောင်စုံဓာတ်ပုံ ၊ ၁၈ စင်တီ ။ အုပ်ရေ ၁၅၀၀ ၊ ၃၀ ကျပ် ။

## ၂။ နိဒါန်းနဲ့အမှာရေးတဲ့ စာအုပ်များ

၃၇။ ကခြေသည်နှင့်အခြားကဗျာများ ၊ ရေးသူ ဘုတလင်ချစ်လေး ၊ အမှာရေးသူ လူထုဒေါ်အမာ ။ မန္တလေး ၊ တက်နေလင်းစာပေ ၊ (၁၉၆၄) ၊

၃၈။ ကယားပုံပြင် ။ ရေးသူ လူထုဦးလှ ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ညွန့်ဝေသစ် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဒီ ၁၉၉၁ ။ ၁၆၉

စာ ၊ ရုပ်ပုံများ ၊ ၁၈ စင်တီ ။ (ပြည်ထောင်စုတိုင်းရင်းသား လူမျိုးစု ပုံပြင်များ အမှတ်စဉ် ၄၄) အုပ်ရေ ၁၀၀၀ ၊ ၂၇ ကျပ် ။

၃၉။ ကောက်သင်း ၊ ရေးသူ မင်းနွယ် ၊ အမှာရေးသူ လူထုဒေါ်အမာ ။ ရန်ကုန် ၊ ဝင်းသဂီစာပေ ၊ ၁၉၈၀ ။

၄၀။ ကျွန်တော့်စာတမ်း၊ကျွန်တော့အဟမ်းများ ၊ ရေးသူ လူထုဦးလှ ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ညွန့်ဝေသစ် နဲ့ မုတ်သုံ ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဒီ ၁၉၈၃ ။ ၂၄၈ စာ ၊ ၁၈ စင်တီ ။ အုပ်ရေ ၃၀၀၀ ၊ ၁၂ ကျပ် ။

၄၁။ ကျွန်တော်ဆားချက်သမား ၊ ရေးသူ လူထုဦးလှ ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဩ ၁၉၈၆ ။ ၃၂၆ စာ ၊ ရုပ်ပုံများ ၊ ၁၈ စင်တီ ။ အုပ်ရေ ၃၀၀၀ ၊ ၁၈ ကျပ် ။

၄၁။ (က) ၊ ဆယ့်နှစ်ကြိုး ဝတ္ထုတိုများ ၊ ရေးသူ နေဝင်းမြင့် ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ မြင့်မောင်ကျော် ၊ အားမာန်သစ်စာပေ ၊ ၁၉၉၂ ။

၄၂။ တရုတ်ပြည်ပေါ်မှ ကြယ်နီ ၊ ရေးသူ အဂ္ဂါစနိုး ၊ ဘာသာပြန်သူ တင်ထွေး ။ အမှာရေးသူ လူထုဒေါ်အမာ ၊ ရန်ကုန် ၊ ပင်မရေစီး ၊ ၁၉၆၄ ။

၄၃။ ဒေါင်းဋီကာသစ် ၊ ရေးသူ မစ္စတာမောင်မှိုင်း ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ အုန်းလွင် ။ ၃ ကြိမ် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ မေ ၁၉၆၈ ။ ၃၂၅ စာ ၊ ၁၈ စင်တီ ။ ၂ ကျပ် ၅၀ ပြား ။

၄၄။ ပူတကေ ၊ စပိန် ၊ အီတာလျံသွားမှတ်တမ်း ၊ ရေးသူ ဦးခြိမ့် ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ ရွှေကိုင်းသား ၊ သိပ္ပံမောင်ဝ ၊ မျက်နှာဖုံးပန်းချီ အောင်ချစ် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ၁၉၅၉ ။ ၂၆၉ စာ ၊ ရုပ်ပုံများ ၊ ၁၈ စင်တီ ။ ၂ ကျပ် ၅၀ ပြား ။

၄၅။ ဗမာ့စီးပွားရေးစစ်တမ်း ၊ ရေးသူ မောင်စူးစမ်း ၊ အမှာရေးသူ လူထုဒေါ်အမာ ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဩ ၁၉၅၄ ။ ၃၀၄ စာ ၊ ၂၂ စင်တီ ။ အုပ်ရေ ၂၀၀၀ ၊ ၄ ကျပ် ၊

၄၆။ ဘွိုင်းကောက်ဋ္ဌီကာကြီး ၊ ရေးသူမစ္စတာမောင်မှိုင်း ၊ အမှာရေးသူ
လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ ၂ ကြိမ် ။ မန္တလေး ၊ လူထု–
ကြီးပွားရေး ၊ နို ၁၉၆၀ ၊ ၃၆၅ စာ ၊ ၁၈ စင်တီ ၊ ၂ ကျပ် ၅၀ ပြား ။
၄၇။ မိုးဒေဝါမလှရွှေသူ့ဘဝနှင့်သူ့ဂီတ ၊ ရေးသူ ခင်သန်းမြင့် ၊ အမှာရေးသူ
လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ချမ်းအေး ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဒီ
၁၉၈၈ ။ ၃၃၂ စာ ၊ ရုပ်ပုံများ ၊ ၂၁ စင်တီ ။ အုပ်ရေ ၂၀၀၀ ၊ ၄၀ ကျပ် ။
၄၈။ မောင်ရင်မောင် မမယ်မ ၊ ရေးသူ ဂျိမ်းစ်လှကျော် ၊ အမှာရေးသူ
လူထုဒေါ်အမာ ။ ၂ ကြိမ် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ၁၉၅၉ ။
၄၉။ မန္တလေးနန်းတွင်းပုံပြင်များ ၊ ရေးသူ ဖီးလ်ဒင်ဟော ၊ ဘာသာပြန်သူ
ခင်သန်းမြင့် ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံး ပန်းချီ အောင်ချစ် ။
မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ၂၆၈ စာ ၊ ရုပ်ပုံများ ၊ ၁၈ စင်တီ ။ ၂ ကျပ် ။
၄၉။ (က) ၊ မုန်ထဲကသစ္စာနှင့် အခြားကဗျာများ ၊ ရေးသူ မျိုးမြင့်ဆွေ ၊
အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ မျိုးမြင့်ဆွေ ၊ မိုးမင်းစာပေ ၊ ဖေ
၁၉၉၅ ၊ ၁၈၆ စာ ၊ ၁၈ စင်တီ ၊ အုပ်ရေ ၁၀၀၀ ၊ ၇၀ ကျပ် ။
၅၀။ ရဲရဲတောက် မြန်မာလုပ်ငန်းရှင်ကြီးများ ၊ ရေးသူ ကိုဂျေ ၊ အမှာရေးသူ
လူထုဒေါ်အမာ ။ ရန်ကုန် ၊ စစ်သည်တော်စာပေ ၊ မတ် ၁၉၉၃ ။
၅၁။ ရွှေတလေးကာတွန်း = Shwetalay Cartoon ၊ ရေးသူ ဘဂလေး ၊
တည်းဖြတ်သူနှင့် အမှာရေးသူ တောသားနဲ့ လူထုဒေါ်အမာ ။ မျက်နှာဖုံးပန်းချီ
ဘဂလေး ။ ၂ ကြိမ် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ မတ် ၁၉၆၉ ။ ၁၁၀ စာ ၊
ရုပ်ပုံများ ၊ ၂၃× ၂၈ စင်တီ ။ ၅ ကျပ် ။
၅၂။ လမင်းတရာကဗျာများ ၊ ရေးသူကြည်အောင် ၊ အမှာရေးသူ လူထုဒေါ်အမာနဲ့
တင်မိုး ၊ မျက်နှာဖုံးပန်းချီ ဝင်းဖေ ။ မန္တလေး ၊ လူထု–ကြီးပွားရေး ။ နို ၁၉၆၃ ။
၁၉၈ စာ ၊ ၁၈ စင်တီ ၊ အုပ်ရေ ၂၀၀ ၊ ၂ ကျပ် ။
၅၂။ က ၊ လူထုဦးလှရဲ့ တိုင်းရင်းသားပုံပြင်များ ၊ Folktales of Ludu U Hla ၊

ရေးသူ လူထုဦးလှ ၊ ဘာသာပြန်သူ K, Than Tun & Kathleen Forbes ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ကိုမာလာ (မြန်မာ့ရိုးရာပန်းချီ) ၊ လူထုကြီးပွားရေးစာအုပ်တိုက် ၊ ဇွန် ၁၉၉၄ ၊ ၁၅၀ စာ ၊ ၁၇ စင်တီ ၊ အုပ်ရေ ၁၀၀၀ ၊ တန်ဖိုး ၄၅ ကျပ် ။

၅၃။ သူ့ထက်ကဲ ရွှေပြည်စိုး ညီပုလေးဝတ္ထုတိုများ ၊ ရေးသူ ညီပုလေး ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ ဦးသုခ ၊ ခင်ဆွေဦး ၊ မျက်နှာဖုံးပန်းချီ ညီပုလေး ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ မတ် ၁၉၈၉ ။ ၃၀၀ စာ ၊ ရုပ်ပုံများ ၊ ၁၈ စင်တီ ။ အုပ်ရေ ၁၀၀၀ ၊ ၂၅ ကျပ် ။

၅၄။ သွေးချင်းသားချင်းပုံပြင်များ ၊ ပြုစုသူ လူထုဦးလှ ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ မျက်နှာဖုံးပန်းချီ ပေါ်ဦးသက် ။ မန္တလေး ၊ လူထု–ကြီးပွားရေး ၊ ဩ ၁၉၉၂ ။ ၁၀၈ စာ ၊ ရုပ်ပုံများ ၊ ၂၀ စင်တီ ။ –
(ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုပုံပြင်များ အမှတ်စဉ် ၄၅) အုပ်ရေ ၁၀၀၀ ၊ ၃၅ ကျပ် ။

၅၄။ က ၊ အနားမညီတြိဂံဝတ္ထုတိုများ ၊ ရေးသူ ဝင်းဝင်းမြင့် (နန်းတော်ရှေ့) ၊ အမှာရေးသူ လူထုဒေါ်အမာ ၊ ဇွန် ၁၉၉၅ ၊ ၃၁၂ စာ ။ ၁၈ စင်တီ ၊ အုပ်ရေ ၅၀၀ ၊ ၈၀ ကျပ် ။

## ၃။ ခေါင်းကြီးများ

### ၃ ၊ ၁ ။ လူထုဂျာနယ်ခေါင်းကြီးများ

လူထုဂျာနယ်နဲ့ လူထုသတင်းစာ တပြိုင်တည်း ထုတ်ဝေနေခိုက်မှာ လူထုဦးလှက ပုဒ်မ ၅နဲ့ ထောင်ထဲရောက်နေ (၂၇ အောက်တိုဘာ ၁၉၅၃ – ၁၄ ဇန်နဝါရီ ၁၉၅၇)တဲ့အခါ လူထုဂျာနယ်ခေါင်းကြီးတွေကို လူထု ဒေါ်အမာ ရေးပါတယ်။

၅၅။ ကမ္ဘာ့ကလေးသူငယ်များနေ့ ၊ လူထုဂျာနယ် ၊ မှတ် ၅၀ (၁ ဇွန် ၁၉၅၄) စာ ၁

၅၆။ ကမ္ဘာ့ရေးရာနှင့် ကင်းကွာ၍ မဖြစ်သော ဗမာ့ရေးရာ ၊ လူထုဂျာနယ် ၊ မှတ် ၇၅ ( ၁ ဇူလိုင် ၁၉၅၆) စာ ၁

၅၇။ ကျွန်ုပ်တို့၏ လုံခြုံရေးနှင့်ငြိမ်းချမ်းရေး ၊ လူထုဂျာနယ် ၊ မှတ် ၅၁ ( ၁ ဇူလိုင် ၁၉၅၄) စာ ၁

၅၈။ ခိုင်မြဲသောချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးအတွက်လမ်းစ ၊ လူထုဂျာနယ် ၊ မှတ် ၅၈ ( ၁ ဖေဖော်ဝါရီ ၁၉၅၅) စာ ၅၅

၅၉။ တကြိမ်ထပ်၍ တိုက်တွန်းဦးစို့ ၊ လူထုဂျာနယ် ၊ မှတ် ၈၀ ( ဒီဇင်ဘာ ၁၉၅၆) စာ ၁

၆၀။ တရုတ် ဗမာ နှစ်ပြည်ထောင်ချစ်ကြည်ရေး တည်မြဲပါစေ ၊ လူထုဂျာနယ် ၊ မှတ် ၅၆ ( ၁ ဒီဇင်ဘာ ၁၉၅၄) စာ ၁

၆၁။ တိုး၍ဖိနှိပ်ချုပ်ချယ်လာမှုများ ၊ လူထုဂျာနယ် ၊ မှတ် ၅၃ ( ၁ စက်တင်ဘာ ၁၉၅၃) စာ ၁

၆၂။ တန်ဖိုးဖြတ်မဖြစ်သည့် အတွေ့အကြုံ ၊ လူထုဂျာနယ် ၊ မှတ် ၆၀ ( ၂၇ မတ် ၁၉၅၅) စာ ၁

၆၃။ တွေ့ဆုံဆွေးနွေးခြင်းဖြင့်ပြေငြိမ်းသည် ၊ လူထုဂျာနယ် ၊ မှတ် ၅၂ ( ၁ သြဂုတ် ၁၉၅၄) စာ ၁

၆၄။ ၂၀ ရာစုနှစ်၏ ဒုတိယပိုင်း ၊ လူထုဂျာနယ် ၊ မှတ် ၅၉ ( ၁ မတ် ၁၉၅၅) စာ ၁

၆၅။ ပေါ်လာသည့်ပြဿနာတရပ် ၊ လူထုဂျာနယ် ၊ မှတ် ၇၉ ( နိုဝင်ဘာ ၁၉၅၆) စာ ၁

၆၆။ ပိုမို၍သိနားလည်ရေးမှ ချစ်ကြည်ရေးသို့ ၊ လူထုဂျာနယ် ၊ မှတ် ၆၆ ( အောက်တိုဘာ ၁၉၅၅) စာ ၁

၆၇။ ပြည်သူ့ခုံရုံးဝင်လျှင် ပြည်သူ့အဆုံးအဖြတ်ကို လက်ခံပါ ၊ လူထုဂျာနယ် ၊ မှတ် ၅၅ ( ၁ နိုဝင်ဘာ ၁၉၅၄) စာ ၁

၆၈။ ပြည်သူ့စာဆို ၊ လူထုဂျာနယ် ၊ မှတ် ၄၄ ( ဒီဇင်ဘာ ၁၉၅၃) စာ ၁

၆၉။ ပြည်သူ့ညီညွတ်ရေးနှင့်အမျိုးသားလွတ်လပ်ရေး ၊ လူထုဂျာနယ် ၊ မှတ် ၄၈ ( ၂၇ မတ် ၁၉၅၄) စာ ၁

၇၀။ ပြည်သူတို့က ပြင်းပြစွာ တောင်းဆိုကြစို့ ၊ လူထုဂျာနယ် ၊ မှတ် ၇၇ ( စက်တင်ဘာ ၁၉၅၆) စာ ၁

၇၁။ ပြည်သူတို့တောင့်တသည့် ကြီး ၄ ကြီးတွေ့ဆုံရေး ၊ လူထုဂျာနယ် ၊ မှတ် ၆၃ (ဇူလိုင် ၁၉၅၅) စာ ၁

၇၂။ ပြည်သူတို့အခွင့်အရေးပြုရဦးမည် ၊ လူထုဂျာနယ် ၊ မှတ် ၇၂ ( မတ် ၁၉၅၆) စာ ၁

၇၃။ ပြန်လည်ညှိနှိုင်းနိုင်ပါစေ ၊ လူထုဂျာနယ် ၊ မှတ် ၇၈ ( အောက်တိုဘာ ၁၉၅၆) စာ ၁

၇၄။ ဗမာ့ငြိမ်းချမ်းရေးကြိုးပမ်းမှုကို ကမ္ဘာက အသိအမှတ်ပြုပြီ ၊ လူထုဂျာနယ် ၊ မှတ် ၅၇ ( ၁ ဇန်နဝါရီ ၁၉၅၅) စာ ၁

၇၅။ ဗမာတပြည်ထောင်လုံးမှ လူငယ်ထုသို့ ၊ လူထုဂျာနယ် ၊ မှတ် ၆၈ ( ဒီဇင်ဘာ ၁၉၅၅) စာ ၁

၇၆။ ဗမာလုပ်သားထုနှင့်မေဒေး ၊ လူထုဂျာနယ် ၊ မှတ် ၇၃ ( ၁ မေ ၁၉၅၆) စာ ၁

၇၇။ ဗမာအချင်းချင်း မျက်နှာချင်း ဆုံကြပါ ၊ လူထုဂျာနယ် ၊ မှတ် ၆၄ ( ဩဂုတ် ၁၉၅၅) စာ ၁

၇၈။ မိခင်နှင့်ကလေးသူငယ်များနေ့ ၊ လူထုဂျာနယ် ၊ မှတ် ၆၂ ( ဇွန် ၁၉၅၅) စာ ၁

၇၉။ မီးဘေးနှင့်ပြည်သူ ၊ လူထုဂျာနယ် ၊ မှတ် ၅၇ ( မတ် ၁၉၅၄) စာ ၁

၈၀။ မေဒေး ၊ လူထုဂျာနယ် ၊ မှတ် ၆၁ ( ၁ မေ ၁၉၅၅) စာ ၁

၈၁။ ယနေ့ကျွန်ုပ်တို့ဘာလုပ်ကြမည်နည်း ၊ လူထုဂျာနယ် ၊ မှတ် ၆၅ ( စက်တင်ဘာ ၁၉၅၅) စာ ၁

၈၂။ လူ့သမိုင်းတွင်မော်ကွန်းတင်နေ့ ၊ လူထုဂျာနယ် ၊ မှတ် ၄၉ ( ၁ မေ ၁၉၅၄) စာ ၁

၈၃။ လူထုကတောင်းဆိုသည့်ပြည်တွင်းငြိမ်းချမ်းရေး ၊ လူထုဂျာနယ် ၊ မှတ် ၇၁ ( မတ် ၁၉၅၆) စာ ၁

၈၄။ လမ်းခွတွင် ရပ်နေ၍ မဖြစ်ပြီ ၊ လူထုဂျာနယ် ၊ မှတ် ၅၄ ( ၁ အောက်တိုဘာ ၁၉၅၄) စာ ၁

၈၅။ လွပ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့် ၊ လူထုဂျာနယ် ၊ မှတ် ၇၄ ( ဇွန် ၁၉၅၆) စာ ၁

၈၆။ လွပ်လပ်ရေးကိုးနှစ်ပြည့်စစ်တမ်း ၊ လူထုဂျာနယ် ၊ မှတ် ၈၁ ( ဇန်နဝါရီ ၁၉၅၇) စာ ၁

၈၇။ သိနားလည်ရေးညီညွတ်ရေး ၊ လူထုဂျာနယ် ၊ မှတ် ၄၃ ( နိုဝင်ဘာ ၁၉၅၃) စာ ၁

၈၈။ သီတင်းကျွတ်လေပြီ ၊ လူထုဂျာနယ် ၊ မှတ် ၆၇ ( နိုဝင်ဘာ ၁၉၅၅) စာ ၁

၈၉။ သံဃာအား ဘုရားသော်မှ မဆန်သာ ၊ လူထုဂျာနယ် ၊ မှတ် ၇၁ ( ဖေဖော်ဝါရီ ၁၉၅၆) စာ ၁

၉၀။ အနာတခြား ဆေးတခြား ၊ လူထုဂျာနယ် ၊ မှတ် ၇၆ ( ဩဂုတ် ၁၉၅၆) စာ ၁

အဲဒီထဲမှာ ဒေါ်ဒေါ် ‘လူထု ဒေါ်အမာ’ဟာ အထင်ကရ ပုဂ္ဂိုလ်တဦးပါပဲ။ သူ့အပေါ် ဘယ်လိုမြင်သလဲလို့ကျွန်မကိုမမေးပါနဲ့။ ဘယ်လိုမြင်သလဲဆိုတာထက် သူ့ကျေးဇူး တွေကို ဘယ်လိုဆပ်မလဲ ဆိုတာကိုပဲ တွေးမိပါတယ်။ စာပေကျေးဇူးတွေ။ ကျွန်မဟာ ဒေါ်ဒေါ့်လက်ရာ ‘ဘ၀ချင်းမတူသည့် တရုပ်ပြည်’ ဘာသာပြန်စာအုပ်နဲ့ ပထမဆုံး ရင်းနှီးခဲ့ရတယ်။ ပြီးတော့ ‘ပြည်သူချစ်သော အနုပညာသည်များ’၊ ပြီးတော့ ’မဟာဂီတ’၊ ပြီးတော့ ’ရွှေမန်းတင်မောင် အတ္ထုပ္ပတ္တိ’၊ ပြီးတော့ ‘အာဖရိက ၀တ္ထုတို’၊ ဘာသာပြန်တွေ၊ ခရီးသွားဆောင်းပါးတွေ။ ဒေါ်ဒေါ်ဟာ ဘယ်စာကို ဘယ်လိုရေးရေး ဖတ်သူကို သိစေချင်၊ တတ်စေချင်၊ နားလည်စေချင်တဲ့ စေတနာ ရှေ့ထားတာမို့၊ သူ့စာတွေဟာ ဖတ်သူရင်ထဲ၊ အလိုလို လျှောကနဲ ၀င်ရောက်သွား ရတာချည်းပဲ။ ကျွန်မဟာ ဒေါ်ဒေါ်ပေးတဲ့ အမွေ၊ ဒေါ်ဒေါ်ကျွေးတဲ့ အစာ အာဟာရ တွေကို ခုထိ နို့သက်ခံ စို့နေရတုန်းပဲ။ အဲဒီမှာ ဘာစဉ်းစားမိသလဲ ဆိုတော့၊ သြော် သက်ရွယ်ကြီးရင့်သည်ထိ သူ့ရဲ့စွမ်းအားပေါ်မှာ ကိုယ်ကမှီခိုနေရတုန်းပါလားဆိုတဲ့ သူ့ရဲ့ ဂုဏ်ကျေးဇူးကိုလည်း အောက်မေ့ရင်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင် ပြီလား။ ဘာတွေများ သိမ်းဆည်း သိုမှီး ရှာဖွေထားနိုင်ပြီလဲ။ သူများကို ဘာတွေ ပေးနိုင်ပြီလဲ ဆိုတဲ့ ကိုယ့်ကိုယ်ကို အသိတရားရစေတဲ့ ပြစ်တင်၀ေဖန်တဲ့ မေးခွန်း တွေနဲ့သာ အဖန်ဖန် ထိုးနှက်နေမိပါရဲ့။

တင်တင်ဦး

(ရုပ်ရှင်တေးကဗျာ မဂ္ဂဇင်း)

(၉၊စက်တင်ဘာ၊၉၅)

၃၈
ဒေါ်ဒေါ်၏ 'မင်္ဂလာတရားဖြင့်' တည်ထားဆဲ ၈၀ပြည့် မွေးနေ့ (၂၉၊၁၁၊၉၅)သည် နှစ်ဆယ့်တစ်ရာစုကို ကြိုနေသော ရင်ခုန်သံ ဖြစ်ပေလိမ့်မည်။

အောင်ဇင်မင်း

(စတိုင်သစ် မဂ္ဂဇင်း)

(၂၁၊စက်တင်ဘာ၊၉၅)

၃၉
ဒေါ်ဒေါ် အသက် ၈၀ ပြည့်ပြီလို့ ကြားရတော့ 'ရှစ်ဆယ် အတွေးတွေ'အကြောင်း စိတ်ဝင်စားလိုက်မိပါတယ်။
ဒေါ်ဒေါ်နဲ့ လူချင်း တွေ့ဖူးရုံသာရှိပြီး ငါးမိနစ်ကြာအောင် စကားမပြောဖူးပေမယ့် ဒေါ်ဒေါ်ရဲ့ ဟာသနဲ့ အားမာန်အငွေ့ အသက်တွေကို ခံစားရပါတယ်။ ကျွန်တော် တို့များ ကံကုသိုလ်ကောင်းလို့ အသက် ၈၀ ထိ နေရမယ်ဆိုရင် ကျွန်တော့်ရဲ့ 'ရှစ်ဆယ်အတွေး'ဟာ ဘယ်လိုများဖြစ်မှာပါလိမ့်။ ဒေါ်ဒေါ်လို ဟာသတွေ၊အားမာန် တွေနဲ့ ကြံ့ကြံ့မှ ခံနိုင်ပါ့မလား။

မောင်သစ်ဆင်း

(သင့်ဘဝ အောင်မြင်ရေး မဂ္ဂဇင်း)

(၈၊စက်တင်ဘာ၊၉၅)

၄၀

အမေမာရဲ့ 'အသက် ၈၀ပြည့်' မွေးနေမှာ တန်ဖိုးရှိတဲ့ လူတိုင်းရခဲ့တဲ့ ပြည်သူ့မေတ္တာ ရရှိတာမို့ အမေ့အတွက် ဂုဏ်ယူ ဝမ်းမြောက်မိပါတယ်။ အမေ ကျန်းမာစွာ အသက်ရှည်ပါစေကြောင်း လှိုက်လှဲစွာ ဆုတောင်း လိုက်ပါတယ်။

မိုးချိုသင်း
(သင့်ဘဝ အောင်မြင်ရေး မဂ္ဂဇင်း)

(၉၊စက်တင်ဘာ၊၉၅)

၄၁

စကားပြေ ရေးဟန်တွေနဲ့ ပတ်သက်လို့ လူထုဒေါ်အမာရဲ့ 'စကားပြေရေးဟန်' ဟာ ရှင်းလင်းပီသ ကျစ်လျစ်ပြီး ရသဂုဏ် နဲ့ ပြည့်စုံလို့ 'စံ'ပြုမိပါတယ်။

နောက် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနဲ့ပတ်သက်ပြီး ဆရာကြီးဟာ

(၁) ရေးသင့်ရေးထိုက်တဲ့ ရေးကွင်း ရေးကွက်ကို လက်မနေး။

(၂) ချီးမြှောက်သင့်သူကို ချီးမြှောက်၊ ရှုတ်ချသင့်သူကို ကဲ့ရဲ့ ရှုတ်ချ။

(၃) မှတ်တမ်းမှတ်ရာ ဖြစ်ထိုက်တဲ့ အရာတွေကို မှတ်တမ်းတင်တတ်တဲ့ သတင်းစာ ဆရာကောင်းတို့ရဲ့ အရည်အချင်းတွေ နဲ့ ပြည့်စုံသူဖြစ်ကြောင်း 'ရွှေဒေါင်းတောင်' စာအုပ်အမှာမှာ တင်ပြထားပါတယ်။ ကျွန်တော်တို့ကို သတိဖြစ်စေပါတယ်။ ဒါကြောင့် လူထုဒေါ်အမာဟာ ကျွန်တော်တို့ ရင်ထဲအမြဲ တည်ရှိနေပါတယ်။

ကြည်နိုင်
(တရားရိပ်မြိုင် မဂ္ဂဇင်း)

(၁၂၊စက်တင်ဘာ၊၉၅)

၄၂

သားများရဲ့ မိခင်

ထာဝစဉ် ကျန်းမာရေးကောင်းပါစေ။

မောင်စိမ်းနီ

(ပိတောက်ပွင့်သစ် မဂ္ဂဇင်း)

(၁၃၊စက်တင်ဘာ၊၉၅)

၄၃

ကျွန်တော်က လူတွေအကြောင်းကို စိတ်ဝင်စားတယ်။ လူတွေဆိုတဲ့ အထဲကမှ တကယ့်လူတွေ အကြောင်းပေါ့။ တကယ့်လူတွေ အကြောင်းကို ဖတ်ချင်တာနဲ့ စာတပုဒ် စာတအုပ်မကျန် လှန်ခဲ့ မွှေခဲ့တော့ 'သပိတ်မှောက်ကျောင်းသူ'ကို တွေ့တယ်။ သပိတ်မှောက်ကျောင်းသူဟာ ကျွန်တော် စာအုပ်စင်မှာ ကျွန်တော့် ဦးနှောက်ထဲမှာ၊ ကျွန်တော့် 'စံ' ထဲမှာ ယခုထိ 'မအမာ' ဘဝကနေ၊ 'ဒေါ်အမာ' ဘဝကနေ၊ 'ဘွားအမာ'ထိ၊ ရှိနေဆဲ၊ ဖတ်နေဆဲ၊ မှတ်နေမြဲပါပဲ။

ကိုဂျေ

(ရွှေရုပ်စုံ မဂ္ဂဇင်း)

(၁၃၊စက်တင်ဘာ၊၉၅)

၄၄

ကိုယ်တိုင် 'စကားပြော' စကားပြေ ရေးနည်းကို အသားကျ ရေးဖြစ်လာတော့ ဒီရေးနည်းမှာ ပရိယာယ်ကြွယ်ဝ ကျွမ်းကျင်လှတဲ့ ဆရာမကြီး ဒေါ်အမာရဲ့ အရည်အချင်းကို ပိုမိုလေးစား အံ့ဩရပါတယ် ခင်ဗျား။

မြတ်စု

(တော်ဝင် ဂျာနယ်)

(၈၊စက်တင်ဘာ၊၉၅)

၄၅

အရွယ်သုံးပါးလုံး နှစ်ခြိုက်သည့် စာကောင်းပေမွန်များ၊ ယခုထက် မြောက်များစွာ ဆက်လက်ရေးသားနိုင်ပါစေ။

ဖေမြင့်

(ဒီလှိုင်းမဂ္ဂဇင်း)

(၁၈၊ စက်တင်ဘာ၊၉၅)

၄၆

ဆရာမကြီးရေးတဲ့ 'ကျွန်မတို့ ငယ်ငယ်တုန်းက' ကိုဖတ်ပြီး ကျွန်တော်တို့ ခုဘဝမှာ ရင်မောလိုက်ရတာ။

မောင်မောက်

(ဒီလှိုင်းမဂ္ဂဇင်း)

(၁၈၊စက်တင်ဘာ၊၉၅)

၄၇

လူထုအတွက် လူထုစာပေများစွာ ရေးသားပြုစုသူ လူထုဒေါ်အမာ သက်တော် ရာကျော် ရှည်ပါစေ။

မောင်ခေတ်ထွန်း

(ရတနာပန်းခင်း မဂ္ဂဇင်း)

(၇၊စက်တင်ဘာ၊၉၅)

၄၈

အကောင်းဆုံးစာတွေ 'အကြာဆုံး' အချိန်ထိ ရေးနိုင်စွမ်းက အံ့မခန်းပါဘဲ။

မျိုးညွန့်

(စာပေလောကစာအုပ်တိုက်)

(၁၈၊စက်တင်ဘာ၊၉၅)

၄၉

စာဖတ်သူဘဝကနေ ထုတ်ဝေသူဘဝ ရောက်လာတော့ 'အမေ့' စာအုပ်တွေကို သိပ် ထုတ်ဝေချင်ပါတယ်။ ဂုဏ်ယူချင်လို့ ဖြစ်ပါတယ်။ လူထုကြီးပွားရေး တိုက်ရှိနေ တော့ ကျွန်တော် ထုတ်ခွင့်မရနိုင်ပါ။ ဒါပေမယ့် ဖတ်ခွင့်ရနေတဲ့အတွက် ကျေနပ် မိပါတယ်။

မြင့်ဦး

(ဆုစာပေတိုက်)

(၁၉၊စက်တင်ဘာ၊၉၅)

၅၀

လူထုဒေါ်အမာ

ပြည်သူက လေးစားသော အနုပညာရှင်များ၏ ဂုဏ်ကို၊ အနုပညာမြောက်စွာ ဖေါ်ထုတ်ရေးဖွဲ့နိုင်သော၊ အနုပညာသည်ကြီးအဖြစ် လေးစား ကြည်ညိုမိပါသည်။

မောင်ခင်မင်(ဓနုဖြူ)

(၈၊စက်တင်ဘာ၊၉၅)

၅၁

အသက် ရာကျော် ရှည်ပါစေ။

စာပေ ဘုန်းတန်ခိုး ကြီးပါစေ။

ပန်းချီစံတိုး

(၉၊စက်တင်ဘာ၊၉၅)

၅၂

စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အနုပညာရှင်များ၊ အသက်ရှည်ရှည် အလုပ်လုပ်နိုင်ခြင်းဟာ၊ လူသားတွေအတွက် ကောင်းမွေပါ။ ပုခက်လွှဲသောလက်သည် ကမ္ဘာကိုကိုင်လှုပ်နိုင်တယ်ဆိုတဲ့ အမေများရဲ့ အဆိုအမိန့်ကို ယုံကြည်လျက်။

ပန်းချီယဉ်မင်းပိုက်

(၁၀၊စက်တင်ဘာ၊၉၅)

၅၃

ဒေါ်ဒေါ်နဲ့ တွေ့တဲ့အခါတိုင်း 'စာကောင်းလေးတွေ ရေးနိုင်အောင် ကြိုးစားကွယ့်။ စိတ်ဓာတ်မကျစမ်းပါနဲ့ကွယ်' ဆိုတဲ့ ဆုံးမဩဝါဒ ပေးတတ်တယ်။ ဒေါ်ဒေါ်ရဲ့

'စိတ်ဓာတ်မကျစမ်းပါနဲ့ကွယ်' ဆိုတဲ့ အားပေးစကားဟာ ကျွန်တော့်အတွက် လတ်ဆတ်တဲ့အင်အား အမြဲဖြစ်ထွန်းစေပါတယ်။

ကိုလေးမြတ်

(၁၁၊စက်တင်ဘာ၊၉၅)

၅၄

ခေတ်အဆက်ဆက်၊ ရှေ့တက်လျှောက်လှမ်း

ဘဝကြမ်းခရီး၊ မညည်းညူခဲ့

သမိုင်းရဲ့ တာဝန်၊ စာပေ တာဝန်

ကျေပွန် နှစ်ဆယ့် တစ်ရာစု လွန်စေသော်။

စိုးမြင့်လတ်

(၁၇၊စက်တင်ဘာ၊၉၅)

၅၅

ယနေ့ မြန်မာစာပေ၏ ဒေဝီလေးပါးတွင် တပါးအပါအဝင်ဖြစ်သော 'journalist' ဒေဝီ ဒေါ်ဒေါ် လူထုဒေါ်အမာရဲ့ ဆောင်းပါးအချို့ကို ဖတ်ရပြီးနောက် စာတလုံး ဘုရားတဆူဆိုသော ဆိုရိုးစကားမှာ 'နောင်ပြင်နိုင် ခက်သည့်အမျိုး' ကို ရည်ညွှန်းခြင်းသာဟု ကျွန်တော် ယူဆထားခြင်းမှာ ပို၍ ခိုင်မာလာပါတော့သည်။

ကျော်စောမင်း

(၁၁၊စက်တင်ဘာ၊၉၅)

၅၆

ပြည်သူ့ ဘက်က

အမြဲ ရပ်တဲ့၊

ပြည်သူ့ အကျိုး

စဉ် သည်ပိုး တဲ့၊

ပြည်သူ့ အတွက်

ကလောင် သွက်တဲ့၊

ပြည်သူ အများ

လေးစား ကြတဲ့၊

အားလုံး သူ ငါ

ကြည်ညို ပါတဲ့၊

ပြည်သူ ချစ်တဲ့

ပြည်သူ့ စာဆို ဒေါ်ဒေါ်မာ။

ကိုကိုကြီး
(မိုး ဂျာနယ်)

(၂၅၊စက်တင်ဘာ၊၉၅)

၅၇

အသက် ၈၀ ပြည့်သည့် အချိန်ထိ မိမိ လျှောက်လှမ်းနေသော စာပေလုပ်ငန်းနှင့် စာပေတာဝန်ကို မဆုတ်မနစ် ကျောက်တိုင်ပမာ ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် ဆရာမကြီး၏ စိတ်ဓါတ်အင်အားကို ချီးကျူး ဂုဏ်ပြု လိုက်ပါသည်။

စိုးမင်းဦး

(၁၃၊စက်တင်ဘာ၊၉၅)

၅၈

ဒေါ်ဒေါ်၏ စာပေအနုပညာ ကျေးဇူးများကို ကျွန်တော်တို့ အမြဲတစေ တသ အားကျနေရပါသည်။

ဟိန်းလတ်

(၁၃၊စက်တင်ဘာ၊၉၅)

၅၉

'....သူ့အသက် ၈၄ နှစ်ရှိပြီ။ ကျန်းမာရေး သိပ်မကောင်းတော့ဘူး ဆိုတာကို သွားသတိရပြီး သနားနေတယ်။ သူ့လောက် အသက်ကြီးတဲ့အထိ ကိုယ်အလုပ် လုပ်နိုင်မလား။ သူ့လို အဖိုးတန်တဲ့စာတွေ ရေးနိုင်မတဲ့လား။ သူ့လို အသက်ကြီး တဲ့အထိ ကိုယ် အလုပ် လုပ်နိုင်ပါစေလို့ အရင်က ဆုတောင်းခဲ့ရတာ အမော....' (လူထုဒေါ်အမာ ၏ ရောက်တတ်ရာရာ ရေးမိတာများ၊ စာပေဂျာနယ်၊ အတွဲ၂၊ အမှတ်၇၊၁၉၉၅၊မတ်)

ဒိုင်ယာရီ ရေးလေ့ မရှိဟုဆိုသော ဒေါ်ဒေါ်သည် လူထုသတင်းစာ ရပ်စဲခဲ့သည်မှာ ၂ နှစ်ကျော်နေပြီဖြစ်၍ ကိုယ်ခံစားခဲ့ ရသည်များကို ဖော်ပြစရာမရှိ ဖြစ်နေသဖြင့် နေ့စဉ်မှတ်တမ်းသဘောမျိုး ချရေးမိသည်ဟု ဆိုပါသည်။ အထက်ပါ ကောက်နှုတ် ချက် ကလေးမှာ (၂၉၊၁၀၊၇၀) နေ့စွဲဖြင့် ဒေါ်ဒေါ်ရေးခဲ့သော မှတ်တမ်းမှ ဖြစ်၏။

မှတ်တမ်းရေးဖြစ်ခြင်း အကြောင်းမှာ သတင်းစာဆရာမကြီး 'အင်နာလူဝီစထရောင်း' ၏ စာတိုက်မှလာသော စာကို ဖတ်ပြီး အင်နာလူဝီစထရောင်း၏ စာထဲတွင် သူ့အသက် ၈၄နှစ် ရှိပြီဖြစ်ကြောင်း၊ ကျန်းမာရေးလည်း မကောင်း၊ ရေးလက်စ စာအုပ်လည်း မပြီးသေး၍ 'Letters from China' စာများကို ဆက်မရေးတော့ဟု ဆိုထားရာ ဒေါ်ဒေါ့ရင်ထဲ ထိခိုက်သွားခဲ့လေသည်။ အင်နာလူဝီစထရောင်း၏ ကလောင် ရပ်နားသွားမည်ကို နှမြောလွန်းလှ၍ ဒေါ်ဒေါ်မှတ်တမ်းကလေး ကောက်ရေးခဲ့သည်။ ထိုမှတ်တမ်းရေးစဉ်က ၁၉၇၀ ခုနှစ်။ အင်နာလူဝီစထရောင်း ၈၄ နှစ်။ ဒေါ်ဒေါ် ၅၅ နှစ်။ ယခု ဒေါ်ဒေါ် ၈၀ပြည့်ပြီ။ (သူ့လောက် အသက်ကြီးတဲ့အထိ ကိုယ် အလုပ်လုပ်နိုင်မလား။ သူ့လို အဖိုးတန်တဲ့စာတွေ ရေးနိုင်မတဲ့လား။ သူ့လို အသက်ကြီးတဲ့အထိ ကိုယ်အလုပ်လုပ်နိုင်ပါရစေလို့ ဆုတောင်းခဲ့ရတာ အမော)ဟု ဒေါ်ဒေါ်ဆိုခဲ့၏။ ဒေါ်ဒေါ့်ဆုတောင်း ပြည့်ပါသည်။ လောကအကျိုးအတွက် အသက်ရှင်သော အနုပညာရှင်များ၏ ဆုတောင်းသည် မပြည့်ဘဲ မနေပါ။ အကြောင်းမူ ထိုဆုတောင်းစကား နောက်ခံ၌ သီလအား၊ သမာဓိအား၊ ပညာအားတွေ အထုအထည်နှင့် ရှိနေသောကြောင့်ပင်။ အင်နာလူဝီစထရောင်းအား ရည်ညွှန်းလျက် ဒေါ်ဒေါ်ရေးဖြစ်ခဲ့သော ထို (၂၉၊၁၀၊၇၀) နေ့စွဲမှတ်တမ်းအဆုံးတွင် ဒေါ်ဒေါ် ဤသို့ ရေးထားပါသည်။ 'ပြည်သူတွေရဲ့ လှုပ်ရှားရုန်းကန်မှုတွေက ရပ်နားတယ်မရှိဘူး။ အနိုင်နိုင်ငံမှာ၊ အနေနေရာမှာ တနေ့တခြား တိုးလို့ တိုးလို့ပဲ ရုန်းကန်နေကြရပါတယ်။ ဒါကြောင့် အဖြစ်အပျက်တွေကလည်း တမျိုးပြီးတမျိုး တိုးတက်ဖြစ်ထွန်းနေကြပါတယ်။ ဒါတွေကို အံ့တီ သုံးသပ်သလို သုံးသပ်ပြမယ့်လူတွေ လိုတာတော့ အမှန်ပဲ အန်တီ ဤစာပိုဒ်ပါ 'အန်တီ' နေရာတွင် 'ဒေါ်ဒေါ်'ဟူသော စကားလုံးကို အစားထိုးလျက် ဤစာများကို သူ့အတိုင်း ရှိစေလျက် ဒေါ်ဒေါ်၏ ၈၀ပြည့် မွေးနေ့ကို ရှိခိုးပူဇော်အပ်ပါကြောင်း။

ချစ်ဦးညို

(၁၄၊စက်တင်ဘာ၊၉၅)

၆၀

မိန်းမသား တယောက်ရဲ့ ထူးခြားတဲ့ ဂုဏ်ကျက်သရေကို ရှိသေ လေးစားရတာ ကျွန်တော့်အတွက် မြန်မာအမျိုးသား လူငယ်များထဲမှာ ဂုဏ်ရှိတယ်လို့ ယူဆပါတယ်။

ဆောင်းဝင်းလတ်

(၁၄၊စက်တင်ဘာ၊၉၅)

၆၁

အမေ့ကို ချစ်မြတ်နိုးလေးစား ကြည်ညိုပြီးမှ မန္တလေးကို လေးစား မြတ်နိုးရမှန်း သိလာတာပါ။

နေဝင်းမြင့်

(၁၄၊စက်တင်ဘာ၊၉၅)

၆၂

မန္တလေးမြို့ရဲ့ ရွှေတံဆိပ်တခု ဖြစ်တဲ့ အမေလူထုဒေါ်အမာရဲ့ ၇၉နှစ်မြောက် မွေးနေ့ပွဲတက်ရောက်ခဲ့တာ ဘယ်လိုလုပ်မေ့နိုင်မလဲ။ ပြန်ခါနီးမှာ အမေ့ကို ကန်တော့ခဲ့တယ်။ မန္တလေးလို့ ကြားလိုက်တာနဲ့ အစီအရီ မြင်ယောင်သတိရမိ၊ လွမ်းမိုင်မိတဲ့ ရုပ်ပုံတွေထဲ အမေ့ပုံ အမြဲပါတယ်။ လှပတဲ့ မန္တလေးဟာ ဉာဏ်ပညာလည်း ကြီးမားလှတယ်။ ဝီရိယလဲ ကောင်းတယ်။ ရိုးသား ဖော်ရွေမှုလဲ ရှိတယ်။ ကြည်လင်သန့်ရှင်းတဲ့ စိတ်သဘောထားလဲ ရှိတယ်။ မန္တလေးကို ဒီလို လက္ခဏာတွေ ပြည့်စုံသွားအောင် ထင်ဟပ်ပေးတဲ့ အကြီးမားဆုံး ပုဂ္ဂိုလ်တွေထဲက တယောက်ကတော့ အမေ လူထုဒေါ်အမာပါပဲ။ ကျွန်တော်ထင်တာ ပြောရမယ်ဆိုရင် သူဟာ သက်ရှိပုဂ္ဂိုလ်တွေထဲမှာ ယနေ့မန္တလေးရဲ့ အထင်ရှားဆုံး ပုဂ္ဂိုလ်ပါပဲ။ စကားဝိုင်းတွေထဲမှာ ကြားဖူးနေတာက မန္တလေးအကြောင်း တာဝန်အကျေဆုံး ပြောပြသူတဲ့။

မြန်မာစာပေသမိုင်း ဘဏ်တိုက်ကြီးမှာ အမေ နေထိုင်ရမယ့် အခန်းက သားသား နားနား တောက်တောက်ပပ ရှိနေမှာပါ ဆိုတာကတော့ ကျွန်တော့် သဘောထားပါ။

မောင်ညိုပြာ

(၁၅၊စက်တင်ဘာ၊၉၅)

၆၃

မိခင်လို ကြင်နာတတ်၊ နွေးထွေးတတ်၊ စိုးရိမ်ကြီးတတ်၊ မေတ္တာထားတတ်၊ ငြိမ်းအေးမှုပေးတတ်တဲ့ ဒေါ်ဒေါ်လူထု ဒေါ်အမာလို စာပေမိခင်မျိုး ကျွန်တော်တို့ စာပေသမားတွေရတာ ကံကောင်းပါတယ်။ မိခင်စိတ်ရှိတဲ့ အမျိုးသမီးများ မြန်မာပြည်မှာ အများအပြား ရှိနေတာလဲ ကျွန်တော်တို့ လူမျိုးတွေ ကံကောင်းပါတယ်။

မောင်တင်ဆင့်

(၁၅၊စက်တင်ဘာ၊၉၅)

၆၄

သမိုင်း တခေတ်ကို ဖြတ်သန်းရုန်းကန် နေကြတဲ့ အချိန်မှာ သီလ၊ သမာဓိ၊ သိက္ခာ၊ ဉာဏ်ပညာနဲ့ နှလုံးရည် ပြည့်ဝတဲ့ လူထုရဲ့အမေကို အားကျကြည်ညို ဂုဏ်ယူ၍ မဆုံးပါ။

အမေ့ဆန္ဒ မှန်သမျှ ပြည့်ဝပါစေလို့ သမီးဆုတောင်းလိုက်ပါတယ်။

သန်းမြင့်အောင်

(၁၅၊စက်တင်ဘာ၊၉၅)

၆၅

အဒေါ်အရွယ်အထိ ကျွန်တော်လည်း စာရေးချင်ပါတယ်။

စိန်မျိုးမြင့်

(၁၇၊စက်တင်ဘာ၊၉၅)

၆၆

လူထုအမေ

လူထုနဲ့ ပျော်ပါစေ ခင်ဗျား။

မြတ်ခိုင်

(၁၇၊စက်တင်ဘာ၊၉၅)

၆၇

အမေ အသက် ၈၀ တင်းတင်းပြည့်ချိန်မှာ အစွဲအလန်းကင်းကင်းနဲ့ ရင်ထဲမှာ ခံစားရတဲ့အတိုင်း ရှင်းရှင်းရေးရရင် နယ်ချဲ့ ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး စာပေသမိုင်းရဲ့ ဖခင်ကြီးအဖြစ် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကိုပဲ ခိုင်းနှိုင်း စံတု ဂါရဝပြုခဲ့ကြရတယ်။

ဒီနေ့ ခေတ်ပြိုင်စာပေသမိုင်းမှာလဲ အမေလူထုဒေါ်အမာကိုပဲ အမျိုးသားစာပေ မိခင်ကြီးအဖြစ် ခိုင်းနှိုင်းစံတု ဂါရဝပြုသင့်တယ်လို့ မြင်မိပါတယ်။

သန်းစိုးနိုင်

(၁၈၊စက်တင်ဘာ၊၉၅)

၆၈

ဒေါ်ဒေါ် အသက် ၈၀ ပြည့်မှာ မင်္ဂလာ အမျိုးမျိုးဖြင့် ပြည့်စုံချမ်းသာပါစေ။ နောင် နှစ်ပေါင်းများစွာ ဆက်လက်ပြီး စာကောင်းပေမွန်များဖြင့် အလင်းဖြန့်ဝေနိုင်ပါစေ လို့ ဆုတောင်းပါတယ်။

ညွန့်အေး (အင်း၀)

(၁၈၊စက်တင်ဘာ၊၉၅)

၆၉

ဆီးနှင်း မြူတိမ် သူရိန်မီးခိုးတွေ ကြားမှာ၊

တိမ်ဆင် တိမ်ကျား တိမ်ဂဠုန်တွေ ကြားမှာ၊

အလှအမြင် ခက်ပါဘိ၊ ညပဥ္စလက်ရဲ့ ကြားမှာ၊

သောကဗျာပါဒတွေကို ခွာချ၊ မဟူရာ မိုးကောင်းကင်ကြီးကို ဖေါက်ထွင်း၊

ဝင်းပသော အလင်းတန်းကြီး တခုဖြစ်ပေါ်၊

ဒါဟာ လူထုချစ်သမျှ လူထုဒေါ်ဒေါ်ရဲ့

ဂုဏ်ပြုပူဇော်ဖွယ်ရာ ဘ၀ ဇာတ်ထုတ်။

သို့မဟုတ်

ကျွန်ုပ်တို့ရဲ့ လမင်းရွှေစင် မီးအိမ်ရှင်

ဟောဒီ ကမ္ဘာမြေပြင်ရဲ့ မိခင်

အကြင်နာ ဖေဒရဲ့ သင်္ကေတ တခု

လူထု ချစ်သမျှ လူထုအမေ

***'မဟာမာတာ'*** သက်တော် ရာကျော် ရှည်စေသော်ဝ်။

မောင်ခိုင်မာ

(၁၉၊စက်တင်ဘာ၊၉၅)

၇၀

ကျွန်တော့် အမေဟာ 'ဒေါ်စု' ပါ။

ဒေါ်ဒေါ့်စာတွေ ဖတ်ပြီး 'ကဗျာဆရာ' ဖြစ်လာသူပါ။ ကျွန်တော့် 'စာပေအမေ' ဟာ 'ဒေါ်ဒေါ်'ပါ။

သခွပ်နီ

(၂၁၊စက်တင်ဘာ၊၉၅)

၇၁

အမေက သူ့ရင်သွေး သားတွေကို ရင်းပြီး တပြည်လုံးက ကျွန်တော်တို့လို သားတွေကို မွေးထားတယ်။ ကျွန်တော်ကတော့ အမေပျောက် စိတ္တဇ ဖြစ်ဖြစ်ရယ်။ အမေနဲ့ စကားပြောတိုင်း 'အမေ၊ အမေ၊ လူထု အမေ'လို့ ရင်ထဲမှာ ထစ်ချုန်း မြည်ဟည်း နေမြဲ။

ဒီတိုင်းပြည်ကြီးထဲမှာ အမေနဲ့ ကျွန်တော်တို့ ကံကြမ္မာချင်း တူကြတယ်။ အမေ ဂြိုလ်တိုင် ဂြိုလ်သက် အစုံ၊ အကုန်၊ အသက် ၁၂၀ အထိ 'ရွှေဒေါင်းတောင်' ကိုင်နိုင်ရေးနိုင် ပါစေသောဝ်။

မောင်အောင်ပွင့်

(၂၁၊စက်တင်ဘာ၊၉၅)

၇၂

လူထု ဒေါ်အမာ ဆိုတာ

တိုင်းပြည်ကြီး တပြည်ပါပဲ။

ဆရာမကြီးကို ကျွန်တော် တွေ့ဆုံဂါရဝပြုဖူးခြင်း မရှိသေးပါ။သို့သော် ဆရာမကြီး စာပေများထဲက ထက်မြက်တဲ့ အတွေးအမြင် ပါးပါးလွှာလွှာ ထိထိရှရှ ခပ်ထေ့ထေ့ အရေးအသားများကို (အများစု) ကြိုက်ပါတယ်။

စိုးမြင့်သိန်း

(၂၂၊စက်တင်ဘာ၊၉၅)

၇၃

အမျိုးသားရေးဝါဒ

မျိုးချစ်ဝါဒ စတဲ့

Passive အမြင်များထက် ပို၍တိုးတက်သော 'မန္တလေး ခုခံမှု'။

သို့မဟုတ်

'ရာဇဝင်များရဲ့ သတို့သမီး

ငါတို့ရဲ့ မိခင်

ဇရာဝတီ' ဆိုတဲ့ ထူးအိမ်သင် သီချင်းနဲ့ လူထုရဲ့ ဒေါ်အမာ။

အောင်ဝေး

(၂၂၊စက်တင်ဘာ၊၉၅)

၇၄
'လူ' ရဲ့ နှလုံးသားထဲမှာ စွမ်းအင်ကြီးမားတဲ့ 'ထု' တခုရှိတယ်။ အဲဒီ ထုရဲ့ အတွင်းမှာ နက်ရှိုင်း ခက်ခဲ နူးညံ့ သိဝှက်တဲ့ ပန်းကလေးတပွင့် ပွင့်နေပါတယ်။ ပန်းပွင့်တွေကို ဘယ်လို မျိုးစေ့ချ ရှင်သန်လာဖို့၊ အားမာန်အပြည့်နဲ့ ဖွံ့ထွား ပျံ့ပွားစေဖို့ အမွေကောင်းကို နှစ်ပေါင်းရာကျော် ပြည့်ဝန်ပြရင်း လက်ဆင့်ကမ်း နေဦးမယ့် အမေ။

ခင်ဝင်းသစ်

(၂၂၊စက်တင်ဘာ၊၉၅)

၇၅
ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းက ကိုချိုထွန်းနဲ့အတူ မောင်းထောင်ရွာက သခင် ကိုယ်တော်မှိုင်းကောင်းမှု ရှင်ပင်သာဒွန်းဦးစေတီကို ဖူးပြီးအပြန် မန္တလေးမှာ သခင် ကိုယ်တော်မှိုင်းအတ္ထုပ္ပတ္တိကိုရေးတဲ့ ဆရာမကြီး လူထုဒေါ်အမာကို ကန်တော့ခဲ့ ကြတယ်။

ဆရာမကြီးဟာ သူ့စာတွေလိုပဲ ရိုးသားပွင့်လင်းပြီး ခင်မင်ကြင်နာမှုတွေ အပြည့် ရှိတာကို တွေ့ရလို့ ဒီတခါ အညာဘက်ကို ခရီးထွက်တာ သိပ်တန်သွားပြီလို့ ရင်ထဲက မှတ်ချက်ချလိုက်မိပါရဲ့။

ရဲမြလွင်

(၂၂၊စက်တင်ဘာ၊၉၅)

၇၆
လူထုဒေါ်အမာဟာ ပါရမီရှင် စာရေးဆရာ၊ သတင်းစာ ဆရာမကြီးပါ။ပတ်ဝန်းကျင် လူ့လောက လူ့ဘဝရဲ့ ကွယ်ဝှက်တဲ့ အမှုအရာတွေကို မြင်တတ်တဲ့ အစွမ်းရှိပြီး စေတနာမှန်လို့ပါပဲ။

လူခပ်သိမ်း ကောင်းကျိုးအတွက် ပြောင်မြောက်တဲ့ စာပေ အနုပညာနဲ့ ဆက်လက် သယ်ပိုး နိုင်ပါစေ။

ချိုထွန်း

(၂၂၊စက်တင်ဘာ၊၉၅)

၇၇

ဇရာရဲ့ စစ်သည်၊ စစ်မောင်းသံ သဲ့သဲ့ကို အံတု၊ ဘဝရဲ့ အနှစ်သာရကို ထုဆစ်ပြ၊ အကျည်းတန်မှုကိုလည်း ပိုင်းစစ် ဝေဖန်၊ စူးနစ်နေတဲ့ ကျေးဇူးတော်အနန္တကို ရုပ်လုံး ဖော်မပြနိုင်တာ ခွင့်လွှတ်ပါ ဒေါ်ဒေါ်။

စမ်းစမ်းတင်

(၂၂၊စက်တင်ဘာ၊၉၅)

၇၈

လုပ်သင့်တာ မလုပ်မိမှာ စိုးလွန်းလို့ ရှာဖွေပြီးကွက်လပ်တွေ ဖြည့်နေရတာနဲ့ အမေ့မှာ အချိန်ကုန်လို့ကုန်မှန်း သိမှာမဟုတ်ဘူး။ အစား မထိုးနိုင်မှန်း သိလေလေ ပျက်စီးဆုံးရှုံးသွားမှာ ကြောက်လေလေပါ အမေ။

ကျေးဇူးတွေ များလွန်းလို့ အနန္တငါးပါးဝင် အမေအဖြစ် ရှိသေစွာ ကန်တော့ လိုက်ပါတယ်။

မောင်ခင်သာ

(၂၃၊စက်တင်ဘာ၊၉၅)

၇၉

To mother Africa, so long in fetters:-

To all who love her and strive to set her free.

ဒေါ်ဒေါ်ဟာ နှစ်ဆယ်ရာစုမှာ ထွန်းပြောင်တဲ့ မိခင်တဦးဖြစ်သလို နှစ်ဆယ့်တရာစုမှာလည်း လူသားအားလုံးရဲ့ မိခင်တဦး ဖြစ်နေမှာပါလို့။

ခင်မောင်အေး

(တရားရုံးချုပ်ရှေ့နေ၊ စာပေဝါသနာရှင်)

(၁၈၊စက်တင်ဘာ၊၉၅)

၈၀

လက်ရာကောင်းတွေ ဖန်တီးနိုင်တဲ့ အနုပညာရှင်တွေဟာ တချို့ အသက်တိုကြတယ်။ တချို့ အသက်ရှည်ပေမယ့် အနုပညာ မဖန်တီးနိုင်တော့တာမျိုး ရှိနေကြတယ်။ တချို့ အနုပညာ ဖန်တီးနိုင်သေးပေမယ့် လက်ရာကောင်းတွေ ထွက်မလာကြတော့။

လူထုဒေါ်အမာဟာ ခု အသက်အရွယ်ထိ ကျန်းကျန်းမာမာနဲ့ လက်ရာကောင်းတွေ ဖန်တီးနေနိုင်တာ တွေ့ရလို့ ကျွန်တော်တို့ ဝမ်းသာရပါတယ်။ သက်ရာကျော်တိုင် ခုအတိုင်း ဆကလက်တည်ရှိနေမယ်လို့ မျှော်လင့် ဆုတောင်းနေကြပါတယ်။

သန်းနိုင်၊ ညိုသစ်၊ မျှားနီ၊ သန်းအုန်း

(၂၂၊စက်တင်ဘာ၊၉၅)

'အမှတ်တရ ၈၀'သို့

ဝိုင်းဝန်းကူညီ ကမ္ဘည်းထိုးပေးကြကုန်သော

ဆရာ၊ ဆရာမများအား အထူးကျေးဇူး တင်ရှိပါကြောင်း။

*မောင်သွေးသစ်၊ ခွန်ဂျာမိုင်း*

*(၂၅၊စက်တင်ဘာ၊၉၅)*

# မြမဋ္ဌေး ရုပ်ပုံ

## ဒဂုန်တာရာ

ကျွန်တော် သူမကို မြမဋ္ဌေးအဖြစ် စတင်သိရှိခြင်း မဟုတ်။ သပိတ်မှောက်ကျောင်းသူ မအေးမာ အဖြစ်သာ စတင်မြင်ဖူးခဲ့ရ ခြင်းဖြစ်သည်။ ၁၉၃၆ ကျောင်းသားသပိတ်တွင်နယ်မှ ကျွန်တော်တို့ ပထမဆုံး နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ တက်ရောက်စဉ်က သူမကို စတင်မြင်ဖူးသည်။ ဂျူဘလီဟောတွင် ကျင်းပသည့် ယင်းညီလာခံကြီးမှ ပထမဦးဆုံးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို မွေးဖွားပေးလိုက်သည်။ ယင်းညီလာခံတွင် အဆိုတင်သွင်းသော အင်းလျားဆောင်သူ မအေးမာကို တွေ့ရသည်။ စကားပြောကောင်းသည်ဟု ခံစားလိုက်သည်။ ထို့နောက် ကျွန်တော် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိသွားစဉ် 'ဒေါ်သ' ဟူသော ဝတ္ထုတိုကလေးကို တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်းတွင်လားမသိ ဖတ်လိုက်မိသည်။ ရေးသူက မြမဋ္ဌေး။ ဂျာမန်ဝတ္ထု၊ ဝတ္ထုရေးဆရာ ဟာမိ၏ Fury ဝတ္ထုကို ဘာသာပြန်ထားသော ဝတ္ထု၊ ကျွန်တော် 'ဒေါ်သ'ကို ကြိုက်သွားသည်။ သို့သော် မြမဋ္ဌေး ဝတ္ထုများကို မဖတ်မိ။ ကျွန်တော်ပဲ မဖတ်မိသလား၊ မြမဋ္ဌေးပဲ ဆက်မရေးသလား မသိတော့။ ထို့နောက် စစ်မဖြစ်မီကာလက ကြီးပွားရေးစာအုပ်တိုက်မှ 'မောရစ်ကောလစ်'၏ 'အမှုအခင်းများ' စာအုပ်ဘာသာပြန်ကို ဖတ်ရသည်။ ထို့နောက် စစ်ပြီးစတွင် 'ဝါဆီလုစကား'၏ 'သက်တန့်ရောင်' ဝတ္ထု ဘာသာပြန်ကို ဖတ်ရသည်။ ယင်း သက်တန့်ရောင် ဝတ္ထု အမှာရေးသူက 'သခင်သန်းထွန်း'။ သူကလည်း စာအရေးကောင်း၊ အဖွဲ့အနွဲ့ကောင်း။

၁၉၅၀ ဒီဇင်ဘာလက မန္တလေးသို့ ရောက်သွားသည်။ စာရေးဆရာ မိတ်ဆက်ပွဲဖြစ်သည်။ ဝန်ကြီးချုပ် သခင်နုက အထက်မြန်မာပြည် စာရေးဆရာနှင့် အောက်

မြန်မာပြည် စာရေးဆရာ မိတ်ဆက်ပွဲလုပ်ပေးသည်။ ထိုအခါက ဒေါ်အမာကို တွေ့ရ သည်။ ကျွန်တော်က အသက် ၃၀ ရွယ်၊ ဒေါ်အမာက ကျွန်တော်ထက် ၄ နှစ်ခန့် ကြီးသည်။ မိတ်ဆက်ပွဲ ဖြစ်သဖြင့် ဟိုဧည့်ခံပွဲ သွားရ၊ သည်ဧည့်ခံပွဲ သွားရဖြင့် ဒေါ်အမာနှင့် ကောင်းစွာပင် စကားမပြောဖြစ်။ ၁၉၃၉ ကျွန်တော် မန္တလေးရောက်စဉ် ကိုဘဟိန်းက ဒေါ်အမာဆီခေါ်မသွား။ မတွေ့လိုက်။ ရွှေပြည် ဦးဘတင်ထံသို့ ကိုဘဟိန်းက ခေါ်သွားသည်။ ရွှေပြည်ဦးဘတင်နှင့်အတူ ဦးထင်ကို တွေ့ရသည်။ နောက်မှ ဦးထင်သည် ဒေါ်အမာ၏ ဖခင်မှန်း သိရသည်။ ရွှေပြည်ဦးဘတင်က ကျွန်တော်တို့ ရှမ်းပြည်နယ် သွားမည်ဆို၍ ရှမ်းပြည်နယ်တွင် ရေကို အထူးဂရုစိုက်သောက်ရန် မှာကြားနေသည်။ ဦးဘတင်မှာ ယခု ရသ ဒါရိုက်တာ ကိုဝင်းဖေ၏ ဖခင်ဖြစ်ကြောင်း နောက်မှသိရသည်။ နောက်တော့ မန္တလေးရောက်လျှင် ဦးလှအိမ်မှာ တည်းခိုသည်။ သတင်းစာဖက်တွင် ရောက်နေပြီ။ ထိုအခါ ဒေါ်အမာသည် လူထုဒေါ်အမာ ဖြစ်နေပါပြီ။

(ခ)

စာပေဘဝ ဆိုသည်က ပြောရအခက်သား။ အကဲဖြတ်ရခက်သည်။ မိမိတို့၏ ပုဂ္ဂလိကဘဝနှင့် ဆက်စပ်နေသည်။ ကိုလှနှင့် အကြောင်းပါသောအခါ သတင်းစာ ဆရာမ ဖြစ်သွားဟန်တူသည်။ ကိုလှနှင့်ကျွန်တော်တို့က ခင်ကြသည်။ကျောင်းသား ဘဝကတည်းက သိကျွမ်းသည်။ ကျွန်တော့်ထက် အတော်လည်းကြီးသည်။ စစ်ဖြစ်ခါနီးက ကိုလှ တာဝန်ယူထုတ်နေသော ကြီးပွားရေး မဂ္ဂဇင်းတိုက်သို့ ဝတ္ထုတိုကလေးတပုဒ် ရေးပေးခဲ့သည်။ ထိုအခါက ကျွန်တော် ကျိုက်လတ်သို့ ရောက်နေသည်။

ဝတ္ထုရေးဆရာ မော်ပါဆွန်း၏ ‘မွန်းလိုက်’ အမည်ရှိ ဝတ္ထုတိုလေးကို မှီးကာ ရေးလိုက်သည်။ ‘အလှဂုဏ်’ဟု အမည်တပ် လိုက်သည်။ ကြီးပွားရေးမဂ္ဂဇင်းမှာ ထိုဝတ္ထုပါလာသည်။ ကိုလှက ကျွန်တော်ဖတ်ရန် စာအုပ်များစွာ ပို့လိုက်သည်။ ၁၉၄၆က ကျွန်တော် တာရာမဂ္ဂဇင်း ထုတ်ဝေသောအခါ ဒေါ်အမာထံက စာ

ရောက်လာသည်။ ကျွန်တော်၏ တာရာမဂ္ဂဇင်းအတွက် ကိုယ်စားလှယ်လုပ်ရန် ဖြစ်သည်။ သို့သော် ကျွန်တော်က လူထုတိုက်အတွက် ကိုယ်စားလှယ် မပေးဖြစ်ဘဲ အခြားတိုက်သို့ပေးဖြစ်သွားသည်။ ကျွန်တော် အားနာနေသည်။ ကျွန်တော်က လုပ်ငန်းကောင်းစွာ မလုပ်တတ်၍ အရင်လာ၍ပြောသူကို ပေးလိုက်ဟန်တူသည်။ ကျွန်တော်က မန္တလေး အရောက်နည်းသည်။ ထို့ကြောင့် ဒေါ်အမာနှင့် အထိအတွေ့ နည်းသည်။ မန္တလေး ရောက်လျှင်လည်း၊ လူထုတိုက်တွင် ကိုလှနှင့်သာ စကား ပြောဖြစ်သည်။ ကိုလှနှင့် စကားကောင်းနေစဉ် ဒေါ်အမာက ဝင်ပြောတတ်သည်။ ဒေါ်အမာရေးသော သခင်ကိုယ်တော်မှိုင်း၊ ပြည်သူချစ်သော အနုပညာသည် စာအုပ်များထွက်လျှင် ကျွန်တော့်ထံ ပို့တတ်သည်။ ကျွန်တော် ဖတ်ရသည်။ ဒေါ်အမာက အစုအဆောင်းကောင်း။ မန္တလေးမှ အနုပညာရှင် ဇာတ်ဆရာများ အကြောင်း စေ့စေ့ငှငှ ရေးသည်ကို ဖတ်ကြည့်ဖြစ်သည်။ ကျွန်တော်သည် ဇာတ်သဘင်ဝါသနာပါသဖြင့် ဖတ်ဖြစ်သည်။ ဒေါ်အမာသည် ဇာတ်သဘင် လောက၊ ဂီတလောကနှင့် အကျွမ်းဝင် နားလည်သည်။ သခင်ကိုယ်တော်မှိုင်း စာအုပ်ဆိုလျှင် အထူကြီး။ ကျကျနနလေ့လာကာ အတ္ထုပ္ပတ္တိကို ရေးသည်။ ကျွန်တော်က ရသစာပေ ကို ဒေါ်အမာထံမှ မျှော်လင့်သည်။ မြမဉ္ဇူ၏ စာပေ အရေးအသား အဖွဲ့အနွဲ့ကို သိနေသဖြင့် မြမဉ္ဇူကဲ့သို့ ဝတ္ထုများ ဘာသာပြန်စေ ချင်သည်။ သို့သော် ပြန်သည်ကို မတွေ့ရ။ မြမဉ္ဇူက ပြန်လည်ရှင်သန် ထမြောက်ခြင်းမရှိ။ လူထုဒေါ်အမာဟူသော သတင်းစာ ဆရာ၊ အတ္ထုပ္ပတ္တိရေးဆရာ သဘောမျိုးသာ တွေ့နေရသည်။ စိတ်ထဲက သိပ်မကျေနပ်။

(ဂ)

သတင်းစာဆရာနှင့် စာရေးဆရာ (ဝါ) ရသစာရေးဆရာကတော့ သိပ်မတူ။ သတင်းစာဆရာဆိုသည်ကတော့ သတင်းကို အခြေပြု၍ ရေးဖွဲ့ရသည်။ သတင်း ဆိုသည်ကတော့ တကယ်ဖြစ်ပျက်နေသည့် အရာတို့ကို မှတ်တမ်းတင်ရသည်။ ရသစာရေးဆရာကတော့ တကယ့်အဖြစ်အပျက်ကို အခြေပြုကာ ဇာတ်လမ်း

ဓာတ်ကွက်တို့ဖြင့် ခြယ်သရသည်။ ကျွန်တော်က မြမဥ္ဇူ ဖြစ်စေလိုသည်။ သူမ၏ အတွေ့အကြုံနှင့်ဆိုလျှင် သူမဖြတ်သန်းခဲ့သော၊ သူမဖြတ်သန်းနေသော သမိုင်း အတွေ့အကြုံနှင့်ဆိုလျှင်၊ မြမဥ္ဇူအဖွဲ့အနွဲ့မျိုးနှင့်ဆိုလျှင် ဝတ္ထုရှည် ရေးဖွဲ့နိုင်မည်ဟု ထင်ထားခဲ့သည်။ သို့သော် သတင်းစာဆရာအခန်းကလည်း သူ့အခန်းနှင့်သူ ရှိသည်ကို ကျွန်တော်နားလည်သည်။ ယခုလည်း မဂ္ဂဇင်းများတွင် သူမ၏ အတွေ့ အကြုံကို အခြေခံကာ ဝေဖန်အကဲဖြတ်သောစာများကိုလည်း ဖတ်နေရ၍ မြမဥ္ဇူကို မတွေ့ရသော်လည်း လူထုဒေါ်အမာအဖြစ် တွေ့နေရ၍ တမျိုး ကျေနပ်နေရသည်။ မနှစ်က အမရပူရ ဂန္ဓာရုံကျောင်းတိုက်အနီး တောင်လေးလုံးကျောင်းတိုက်အသွား မန္တလေးဘူတာရုံမှဆင်းလျှင် ဒေါ်အမာ့ အိမ်သို့ ဝင်သွားရသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ဆီဆေးကားချပ်ကြီးရှေ့တွင် ကျွန်တော်တို့ကိုဧည့်ခံသည်။ ခဏတဖြုတ်တော့ စကားပြောသည်။ မန္တလေးက ကဗျာဆရာနှင့် စာရေးဆရာ များလည်း ခေါ်ထား၍ စုံစုံလင်လင်။ မြမဥ္ဇူအကြောင်း ပြောရင်း မြမဥ္ဇူနာမည်နှင့် ရေးသောဝတ္ထုများ စုထုတ်မည်ဟု ကြား၍ ဝမ်းသာမိသည်။ စကားပြောကြရင်း တာရာနာမည်နှင့် စပ်ထားသော အဆိုတော် စာရေးဆရာအကြောင်း ရောက်သွား သည်။ 'မိန်းကလေးလား၊ ယောကျာ်းလေးလား မသိဘူး'ဟု ကျွန်တော်က ပြောလိုက်ရာ ဒေါ်အမာက ပြုံး၍ 'ရှင်က မိန်းကလေး ဖြစ်စေချင်တာလား'ဟု ကျွန်တော့်ကို စလိုက်သည်။

(ဃ)

မြမဥ္ဇူ၏ ဝတ္ထု၊ ဘာသာပြန်စသော စာများကို မဖတ်ရသော်လည်း ယနေ့ထွက် နေသော မဂ္ဂဇင်းများတွင် ဒေါ်အမာ၏ဆောင်းပါးများကို ဖတ်နေရသည်။ ပထမ မျိုးဆက်၊ ဒုတိယမျိုးဆက်များကို ဖြတ်သန်းသွားပြီး တတိယမျိုးဆက်ကို ဖြတ်သန်းဆဲ။ ယနေ့ခေတ်ပေါ်အခြေအနေကို သူမခံစားသည့်အတိုင်း ရေးသားထား သည်။ စစ်မဖြစ်မီခေတ်နှင့် ယနေ့ခေတ်ကို နှိုင်းယှဉ်၍ ဖော်ပြထားသဖြင့် အသိ

တိုးရသည်။ အသိဆိုသည်မှာ နိုင်းယှဉ်ချက်များဖြင့်သာ မှန်ကန်သောအသိကို တွေ့နိုင်သည်။

ချိုသည်ဟု အရသာခံလျှင် သာမန်ထက် မချိုသော ရသ ခံစားချက်များသာ ဖြစ်သည်။ သာမန်ထက်ချိုလျှင် ယခုအချိုသည် ပေါ့သွားပေမည်။ သူမ၏ အယူအဆများ၊ သူမ၏ ခံစားချက်များကို ယနေ့ တတိယမျိုးဆက်များ ပို၍ဖတ်သင့်သည်။ သို့မှသာလျှင် သူတို့၏အမြင်၊ သူတို့၏လှုပ်ရှားမှု မည်သည့်နေရာ ရောက်ရှိနေပြီကို ပို၍ သိနိုင်သောကြောင့်ဖြစ်သည်။

ကျွန်တော်ကတော့ အမျိုးသားနေ့ မျိုးဆက်ချင်းဖြစ်၍ သူမ၏ အယူအဆ၊ သူမ၏ ခံစားချက်တို့ကို ဖတ်ချင်နေမိသည်။ ၁၉၃၆ ကျောင်းသားသပိတ်မှ စတင်ထိတွေ့ခဲ့ရသော သပိတ်မှောက်ကျောင်းသူ မအေမာကို ယနေ့ဈေးကွက်စီးပွားရေးစနစ်ဟုခေါ်သော ခေတ်တခေတ်တွင်လည်း စူးရှထက်မြက်စွာ ရှင်လန်းစွာ ဝေဖန်စွာ ဖြတ်သန်းနေသည်ကို တွေ့မြင်ရပေသည်။

ဒဂုန်တာရာ

၂၊၁၀၊၉၅

# သက်တန့်ရောင် မိတ်ဆက်

ဤစာအုပ်မှာ ယခု အရေးတော်ပုံကြီးအတွင်းတွင် ရုရှားပြည်မှ ဆိုဗီယက်လူထု သည် နာဇီဖက်ဆစ်တို့ရန်ကို တကဲ့ဇွဲဖြင့် ခုခံတွန်းလှန်သည့် အကြောင်းအရာ များကို မော်ကွန်းထိုး၍ ထားသော စာအုပ်ဖြစ်ပါသည်။ စာရေးဆရာမကြီးသည် ယူကရိန်းနယ်ရှိ ရွာကလေးတရွာကို နောက်ကားခံ၍ ဝတ္ထုဇာတ်လမ်းဆင်ကာ ထားခြင်းဖြစ်ရာ၊ ဇာတ်လမ်းပါ ဇာတ်လိုက်တို့မှာ မည်မျှ အရေးမရောက်သော အခဏ်းတွင် ပါဝင်သည် ဖြစ်စေကာမူ သရုပ်ပါလှသဖြင့် ဖက်ဆစ်ဒဏ်ကို လက်တွေ့ခံစားလိုက်ရသော ဗမာတိုင်းပင် တကဲ့အဖြစ်အပျက်များ မှန်ရမည်ဟု ယုံကြည်ကာ မိမိတို့ကိုယ်တွေ့များဖြင့် ယှဉ်၍ကြည့်နိုင်ကြပေလိမ့်မည်။ဆင်းရဲသား လူထုအား ဖက်ဆစ်တို့ညှင်းပန်းနှိပ်စက်ပုံကလေးများပါမကျန် ၎င်းတို့အား ရွံရှာ မုန်းတီးသဖြင့် တော်လှန်လိုပုံ၊ မျိုးချစ်ပြောက်ကြားများ ဖွဲ့စည်း၍ သဲသဲမဲမဲ တိုက်ခိုက်ပုံ၊ ရုပ်နီတပ်မတော်ကြီးက လာရောက်၍ တရွာပြီးတရွာ ကယ်ဆယ် ပုံတို့မှာ စာကိုဘတ်ရသည်နှင့်မတူ၊ ရုပ်ရှင်ကားကို ကြည့်ရဘိသကဲ့သို့ အကွင်းသား အကွင်းသားပေါ်လာအောင် ကလောင်ကို နိုင်နင်းစွာ ရေးသား၍ ထားလေသည်။ ဝမ်နဒါဝါစီလုစ်ကား၏ ထူးခြားချက်မှာ ရွာကလေးတရွာ၏ ရက်ပေါင်းအနည်းငယ်အတွင်း ဖြစ်ပျက်သည့် အခြင်းအရာများကို လက်မှမချ နိုင်မည့် စာတစောင် ပေတဖွဲ့ဖြစ်အောင် ဖန်တည်းနိုင်ခြင်းပင် ဖြစ်လေသည်။ ဝမ်နဒါဝါစီလုစ်ကားမှာ အမျိုးအနွယ်အားဖြင့် ပိုလန်သူတယောက်ဖြစ်၍ မိမိ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည့် မျိုးချစ်လုပ်ငန်းများကို စာပေတွင်ထည့်သွင်း ရေးသားခြင်းဖြင့် နာမည်ကျော်ကြားသော စာရေးဆရာမကြီးတယောက် ဖြစ်လာ လေသည်။ တိုင်းပြည်နှင့်လူမျိုး၏ လွတ်လပ်ချမ်းသာမှုကို တကယ်လိုလား ချစ်ခင်သဖြင့် သူ့တသက်တာလုံးတွင် ဤကိစ္စများကိုသာ ဆောင်ရွက်၍ ယခု

အချိန်တွင်လည်း ပိုလန်ပြည် မျိုးချစ် ယူနီယန် ချယ်ယာမင် ရာထူးကို ပေးအပ်ခြင်း ခံရလေသည်။ 'သက်တန့်ရောင်'ခေါ် ဤဝတ္ထုကို တကဲ့အရေးတော်ပုံ အခါကြီး ဖြစ်သော ၁၉၄၂–ခုနှစ်တွင် ရေးသား၍ ၎င်းနှစ်ထွက်စာအုပ်များတွင် ပဌမတန်း ဝတ္ထုဖြစ်သည်ဟု ရွေးချယ်သတ်မှတ်၍ ၁၉၄၃–ခု စတာလင်ဆုဖြင့် ချီးမြှင့်ခြင်း ခံရလေသည်။

စတာလင်ဆုများကို တနှစ်တနှစ်တွင် ထူးချွန်သော လောကဓါတ်ပညာ၊ စက်မှု လက်မှုပညာ၊ အနုပညာနှင့် စာပေတို့ကို ဆိုဗီယက်အစိုးရက ရွေးချယ်၍ ပေးခြင်းဖြစ်၏။ ၁၉၃၉ ခုနှစ်တွင် ခေါင်းဆောင်ကြီး ဂျိုးဇက်စတာလင်၏ အသက်ခြောက်ဆယ်ပြည့် အထိမ်းအမှတ်ကစ၍ ချီးမြှင့်ခဲ့လေသည်။

## မှတ်ချက်

မန္တလေးကြီးပွားရေးပုံနှိပ်တိုက်နှင့် လူထုဂျာနယ်တိုက်မှ ၁၉၄၅၊ အောက်တိုဘာလ တွင် ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့သော လူထုဒေါ်အမာ ဘာသာပြန်သည့် 'သက်တန့် ရောင်' The Rainbow စာအုပ်မှ သခင်သန်းထွန်း (တောတွင်းကျဆုံး)၏ မိတ်ဆက် အမှာစာဖြစ်ပါသည်။

အယ်ဒီတာ

အခန်း ( ၄ )

အမေ့မွေးနေ့ဂုဏ်ပြုကဗျာများ



# ကြာ နိမိတ်ပုံသစ်

## အဲငြိမ်းသာ

အသက်ကလေးရယ် တဲ့
ရှည်စေလို
မြန္မာ ရေညှိသန်းတယ်
မန်း တောင်ရိပ်ခို တဲ့
အဲဒီ ဂန္ဓဝင်ကို လွမ်းရင်း
တမ်းချင်း ရေးဖွဲ့
ပူဇော်လိုက်ပါရဲ့ အမေ။

အောင်ပင်လယ် တောခြေမယ်
အမောဖြေမယ် တဲ့
ချောမေနဲ့ လောမေ
ကာလ ဒေသ ငွေစတွေ နေရာပြောင်း
မန္တလေးဟောင်းရဲ့ ဂီတ
လှပတဲ့ စာသား
အခုတော့ ဘဝတွေ ခါး
နိမိတ် ဖတ်ကြား ခဲ့လေသလား
ဒါပေမယ့် အမေရေ
အမြိတ်စ တဖွားဖွားနဲ့
စိတ်ခါတ် ခါးတွေကတော့ ထက်ရှနေတုန်းပါ။

အကျိုးများစေ

တဆောင် တယောင်နဲ့

အမျိုးသားစာပေရဲ့ ခေါင်းဆောင်

အကြောင်း ပေါ်လာရင်

မရှောင်တတ် မြင့်မြတ်

သားတို့ရဲ့ ပခုံးတောင်ပံ အထပ်ထပ်မှာ

အမေနဲ့ ဆရာ တာရာ

စာပေနဲ့ ကဗျာ

အတွေးအခေါ် အသစ်

အနုပညာပေါ် သစ္စာထားလို့ ချစ်

ပြည်သူတွေကြား ဦးခေါင်း နစ်

နှလုံးသားနဲ့ မွေးထုံရစ်

ဒေါင်းတကောင်လည်း ဖြစ်

ဓါး တချောင်းလည်း ဖြစ်

အဲဒါ အားကောင်းတဲ့ အသစ်

သားတို့ ခေတ်ပြိုင်ထဲ

ချစ်မြဲ ရှိကျိုး

အားကိုး မျှော်လင့်

အမေဟာ ကြာတပွင့် ဖြစ်ခဲ့ပြီပဲ။

အမျိုးသား စာပေ လှိုင်းထဲက

မဟာမှိုင်းရဲ့ သမီး အလိမ္မာ

လူထုချစ်တဲ့ လူထုဒေါ်အမာ

စေတနာ မေတ္တာ

မုဒိတာ အလင်းတရားနဲ့ အနေများ

သူ့ ရှိတာတွေ

အချင်း မများရအောင် ဖြေကြား

မနားမနေ ထုဆစ်

အချစ်အစိုင်အခဲ မက ကျစ်ကိုက်တာ

ဩဘ် ခေတ်ပြိုင်ထဲက ချစ်တဲ့ ကြာ။

အမေရယ်

ကြာ ဆိုတာ

မိစ္ဆာတွေရဲ့ မဖွယ်မရာနဲ့

အဝိဇ္ဇာတွေရဲ့ အလယ်မှာ

ရွှံ့ စနယ် လွင်ပြင်ကြမ်း

ခက်ခဲ ပင်ပန်း

ဝမ်းရေး အတွက် လှမ်းရပေမယ့်

အကြမ်းခံ တိုးထွက်

မျိုးဆက် တည်ဆောက်

လှိုင်းအောက် လေအောက်

သူဟာလေ ရေတပေါက်မှ အတင် မခံ

အမျိုးမာန် မချ

အဖိုးတန် ဘဝနဲ့

အရိုးခံ အလှပါ အမေ။

အမေဟာ

ဝပ်စင်း နှုံးခွေနေတဲ့

ညွတ်ကွင်း ကျိုးရေသေထဲက
ကြာ မဟုတ်
ကဗျာအလုပ် စာအလုပ်နဲ့
ဇရာရုပ်ကို တော်လှန်
မော်ဆန်တဲ့ အတွေး
အမေ မရေး
နှလုံးသွေးစက်တဲ့
အပြုံးလေး တချက်
အမေ့မျက်လုံးမှာ လက်ခနဲ ပေါ်
နေပျော် သေပျော် ကျွန်တော်တို့
အမေ အမေ လို့
ခေါ်ပါရစေ နော်။

ဖက်ဆွတ် လရိပ်
ည မအိပ်ဘဲ
အလွမ်းစိတ်နဲ့ အမေ့ကို မှန်း
အလင်းနွမ်းတဲ့ လ တခြမ်း
ပင်ပန်း ချွေးပြိုက်
ဝိုးဝါး မိုက်ဆဲ ဘဝထဲမှာ
အမေဟာ 'ကြာ' အသစ်
အရုဏ်တွေနဲ့ ပွင့်လို့ လှစ်
အချစ်ဆိုင် အချစ်ခဲ သူ့ ရုပ်လွှာ
ခေတ်ပြိုင်ထဲက 'ကုမုဒြာ'။

အသက် ရှစ်ဆယ်ပြည့်
အမေ့ မွေးနေ့
အဝေးက အငွေ့သာ လှုံခဲ့ရ
ရတနာပုံ ရွှေ မန္တလေး
အောင်ပင်လယ်ရဲ့ တေး
ဒိုးပြေးသံ မိုးယံ ဟိန်း
ကြာရှိး လက်ဆစ် ငြိမ်းချမ်းရေး။

(အမေ လူထု ဒေါ်အမာ အသက် ၈၀ ပြည့် မွေးနေ့သို့)

# လူထုဒေါ်ဒေါ်

မောင်သွေးသစ်

(အပိုင်း က)

**မောင်သွေးသစ် ရေးခဲ့ဖူးတယ်**
**'မြန်မာပြည် အလယ်ပိုင်းဟာ**
**သမိုင်းကြောင်း အရ**
**အရေးကြီးတယ်'။**

ဟုတ်တယ်
မြန်မာပြည် အလယ်ပိုင်း
မန်းတိုင်း မန်းမြို့ဟာ
ရာဇဝင်ရေး အရ
ဘာသာရေး အရ
စစ်ရေး အရ
စီးပွားရေး အရ
ယဉ်ကျေးမှုရေး အရ
သမိုင်းကြောင်း အစဉ်အလာ အရ
ချက်ကျ
စက်ဝိုင်းထဲက အနီပ။

ရတနာပုံကို

ဟော့ဒီ မန်းမြို့ မင်းနေပြည်တော်ကို

ပဒေသရာဇ် ဆိုသူတွေကလဲ သဘောကျ

ဥရောပ ပြင်သစ်တွေကလဲ သဘောကျ

ဗြိတိသျှ အင်္ဂလိပ်တွေကလဲ သဘောကျ

အာရှ ဂျပန်တွေကလဲ သဘောကျ

သူ့ကျွန် မခံလိုသူတွေကလဲ သဘောကျ

နိုင်ငံရေး သမားတွေကလဲ သဘောကျ

စီးပွားရေး သမားတွေကလဲ သဘောကျ

အဲဒီလို သဘောကျ သူတွေထဲမှာ

**ကြီးပွားရေး** ပါတယ်

**လူထုဂျာနယ်** ပါတယ်

**လူထုသတင်းစာ** ပါတယ်

**လူထု ဦးလှ** ပါတယ်

**လူထု ဒေါ်အမာ** ပါတယ်။

လူတော့ လူပဲ

လူချင်း တူစွပေမယ့်

လူချင်း တူလှပေမယ့်

နိုင်ငံ လှဖို့

ကိုယ်ကျိုး စွန့်ပြမှ၊

ပြည်သူ လှဖို့

အနစ်နာ (တကယ်) ခံပြမှ၊

လွတ်လပ်ရေး အတွက်

အမျိုးသားရေး အတွက်

သွေးစက်နဲ့ လဲပြမှ

အာဂ သတ္တိ ရှိမှ

ဖြောင့်မတ် ရိုးသားမှ

တရား မျှတမှ

အဲဒါမျိုး ကျပြန်တော့

လူထုဦးလှ ပါပြန်ရော

လူထုဒေါ်အမာ ပါပြန်ရော။

ကြီးပွားရေးနဲ့ လူထုဟာ

ပြောင်မြောက်တဲ့ အစဉ်အလာ ရှိတယ်

သတ္တိ ဘယ်လောက် ရှိတယ် ဆိုတာ

ပြည့်အကျိုး ဘယ်လောက် ပိုးကြတယ်ဆိုတာ

လက်တင် အမေရိက က သိတယ်

အာဖရိက က သိတယ်

ဥရောပ က သိတယ်

အာရှ က သိတယ်

နိုင်ငံတကာ နား မျက်စိထဲမှာ

မြန်မာပြည်မှာ **လူထု** ရှိမှန်း

ဟောဒီ မြန်မာပြည်မှာ 'လူထု ဦးလှ' ရှိမှန်း

ဟောဒီ မန္တလေးမှာ 'လူထုဒေါ်အမာ' ရှိမှန်း

ကမ္ဘာတဝှမ်းက သိကြပြန်ရော။

ဒီလိုနဲ့

လူထုနဲ့ ဦးလှ

လူထုနဲ့ ဒေါ်အမာ

လူထုဦးလှ

လူထုဒေါ်အမာ

လူထုဂျာနယ်

လူထုသတင်းစာ

**ကြီးပွားရေးစာအုပ်တိုက်**

ပြည်သူတွေ ချစ် ကြိုက်ခဲ့

တတိုင်း တပြည်လုံး နှစ်ခြိုက်ခဲ့

ပြည်သူချစ်တဲ့ စာပေ အနုပညာသည် နှစ်ဦး ဖြစ်ခဲ့

မြန်မာပြည်ရဲ့ စာပေ သူရဲကောင်း နှစ်ဦး ဖြစ်ခဲ့

ပြီးတော့ ကျွန်တော်တို့ ချစ်တဲ့ **ဦးလေးလှ** ဖြစ်ခဲ့

ပြီးတော့ ကျွန်တော် လေးစားတဲ့ **ဒေါ်အမာ** ဖြစ်ခဲ့

အဲဒီလောက်ကို ခမ်းနား ထည်ဝါခဲ့။

(အပိုင်း ခ)

၁၉၈၂

ခင်ပွန်း ဖြစ်သူ

လူထု ဦးလှ ကွယ်လွန်

**သား သုံးယောက်တို့ရဲ့ မိခင်**

**မုဆိုးမပင် ဆိုငြား**

**ရုစ်ဆယ်နား နီးပြီ ဆိုငြား**

(ကနေ့ ၇၉ နှစ် တင်းတင်းပြည့် အခမ်းအနား)
အားနွဲ့မယ်လို့ ထင်သလား မောင်။

ဟောဒီ မိခင်ကြီးမှာ
ရောဂါ မရှိဘူး
အနာ ရှိတယ်
ဒဏ်ရာ ရှိတယ်
အဲဒီ ဝေဒနာတွေကတော့
မြန်မာပြည်နဲ့ ပတ်သက်လို့။
ဟောဒီ မိခင်ကြီးမှာ
ဥပေက္ခာ ဝါဒကို ပိုင်းကန့်
တောင်ကုန်းနဲ့ မြေပြန့်ကို ချစ်တယ်
မြစ်ဝကျွန်းပေါ်နဲ့ ကမ်းရိုးတန်းကို ချစ်တယ်
မဟာ မြေထုကို ချစ်တယ်
မြစိမ်းရောင် တောအုပ်ကို ချစ်တယ်
အနှစ် ချုပ်လိုက်တော့
မြန်မာပြည်ကြီး မှောင်တိုက် ကိုးပါးထဲ နစ်မှာ
လူမျိုးခြား စီးပွား နယ်ချဲ့ ဗိုလ်ကျမှာ
သရုပ်ပျက် ယဉ်ကျေးမှု ကိုလိုနီ ပြုမှာ
ရိုးရာ ခြောက်သွေ့ပြီး
အမျိုး သာသနာ ပျောက်မေ့မှာ
ဒါတွေကို စိုးရိမ်ရှာလွန်းလို့
ဒါတွေကို ပူပန်ရှာလွန်းလို့
ဒါတွေကို ဆတ်ဆတ်ခါ

နာကျင်တတ်ရမှန်း သိလို့

မဟာမုနိ ရှင်တော်မြတ် ထံပါး

စိတ်သွား ကိုယ်သွား ဆုတောင်းခဲ့

အမျိုးကောင်း မြန်မာတွေ

တပည့်တော်မတို့ တိုင်းရင်းသားတွေ

ရေကိုလဲ ပိုင်ဆဲ ပိုင်ရပါလို၏

မြေကိုလဲ ပိုင်ဆဲ ပိုင်ရပါလို၏

လေကိုလဲ ပိုင်ဆဲ ပိုင်ရပါလို၏

သယံဇာတတွေကိုလဲ ပိုင်မြဲ ပိုင်ရပါလို၏

**အနုပညာ**

မဟာ ယဉ်ကျေးမှု

အမျိုးသား အမွေ အစုစုကိုလဲ

မြဲစွာ ထိန်းသိမ်း ပြုစုထားရပါလို၏

အို မကောင်းမှု

ဘေးဥပါဒ် အန္တရာယ် ဟူဟူသမျှတို့ကို ဖယ်ရှား

နဂါးတွေ ဖယ်

သန့်စင် ဖယ်ရှားပေးတော်မူပါ ဘုရား

ဒါ ဂဠုန့်နယ်

ဂဠုန့် ဧရိယာပါ ဘုရား။

<u>(အပိုင်း ၈)</u>

မှတ်မိသေးသပ

၁၉၃၆ ကာလ

ဒုတိယ ကျောင်းသားသပိတ်ကြီးက အုံကြွ

တက္ကသိုလ် ကျောင်းတော်သူကြီး ဘ၀

အရွယ်ကလဲ ငယ်သေးလှ

အသက် နှစ်ဆယ့်တနှစ် ပျိုမျစ်စွ

လှဖို့ ပဖို့ ဘေးဖယ်ချ

အမျိုးသားရေး အခိက

နယ်ချဲ့ လက်အောက်က လွတ်မြောက်မှ

သပိတ် မှောက်ကြ ဆန္ဒပြ

အလယ်ပစ္စယံ တခဲနက်ပ

**ဆရာဇော်ဂျီ** အမှတ်တရ

*[ပြဒါးရှင်*

*ပေးချင်ငွဲ ခု အရေး*

*ဇော်ဂျီမောင် ငါ မစစ်လို့*

*စိတ်ညစ်တယ်လေး]*

**ဇော်ဂျီ**

**၉၊၃၊၃၆**

**ဆရာ မင်းသုဝဏ် အမှတ်တရ**

*[အမာသည်*

*အပျော့ မဟုတ်*

*အဖြူသည် အမည်း မဟုတ်*

*အဖြောင့်သည် အကောက် မဟုတ်*

*အမာကို မပျော့စေနှင့်*

*အဖြူကို မမည်းစေနှင့်*

*အဖြောင့်ကို မကောက်စေနှင့်/*

**မင်းသုဝဏ်**

**၉၊၃၊၃၆**

<u>(အပိုင်း ဃ)</u>

သက်တန်း **ရှစ်ဆယ်** နီးပြီ
အိုကြီး ရွယ်ကျ ဖြစ်ပြီ
စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်ရပြီ
ဒီလို ဆိုပေမယ့်
လူ့အသက် ရှစ်ဆယ် ဆိုပေမယ့်
အယူအဆ မအို
အတွေးအခေါ် မအို
ဆုံးဖြတ်ချက် မအို
ရပ်တည်ချက် မအို
နိုင်ငံရေး မအို
အစဉ်အလာ ထိန်းသိမ်းခြင်းမှာလည်း မအို
နုသစ် ပျိုဆဲ
တက်ကြွဆဲ
ကိုယ်ရေး အတ္ထုပ္ပတ္တိ လုပဆဲ။

ကဲ
ညီအစ်ကို မောင်နှမများ ခင်ဗျား
အရောင်တူ အဆင်းလုတဲ့

တကယ့် စာပေ အနုပညာသမား အပေါင်းတို့ ခင်ဗျား

အားလုံး

ဟောဒီ ရေးဘော်တွေ အားလုံး

ဟောဒီ အနုပညာသမားတွေ အားလုံး

'တုံးမောင်း ခေါက်ကြစမ်း

တုံးမောင်း ခေါက်ကြစမ်း

တုံးမောင်း ခေါက်ကြစမ်း

နာနာ ခေါက်လိုက်ကြစမ်း'

ကနေ့ အခမ်းအနားမှာ

စာပေသမိုင်း အိမ်ဦးခန်းမှာ

အစဉ်အလာ ဂုဏ် မျက်နှာပန်း ပွင့်လန်းနေတဲ့

တောင်ဝှေးမပါဘဲ လမ်း ဆက်လျှောက်နေတဲ့

**လူထုဒေါ်ဒေါ် ကျန်းမာစေဖို့**

**လူထုဒေါ်ဒေါ် ကျန်းမာစေဖို့**

**လူထုဒေါ်ဒေါ် ကျန်းမာစေဖို့**

ကျွန်ုပ်တို့ အားလုံး ကန်တော့ကြစို့။

မောင်သွေးသစ်

၂၅၊၉၊၉၄

(လူထု ဒေါ်အမာ ၇၉ နှစ်ပြည့်၊ ၂၉၊ နိုဝင်ဘာ၊ ၉၄ မွေးနေ့တွင် ကိုယ်တိုင် ရေးသား ရွတ်ဆိုခဲ့သော ကဗျာ)

# အမေ့ကန်တော့ပန်း

တင်မိုး

သေနိုင်ပါ ရိုးလားတို့အမေ
တို့တိုင်းပြည်ကိုစောင့်ရှောက်နေ
မာစေသာစေမေတ္တာပို့
အမေ့မျက်ရည်စို့၊
ငါတို့ဒုက္ခမြင်တဲ့ခါ
အမေမချမ်းသာ
ကရုဏာနဲ့ မေတ္တာဖျန်း
ဖူးပွင့်လာတဲ့ပန်း၊
လွှမ်းပါသေးရဲ့အမေရေ
သက်တော်ရာကျော်ရှည်ပါစေ
အမေရှိကအားကိုးရ
တို့ပြည်ခွန်အားပ။ ။

( အမေလူထုဒေါ်အမာ မွေးနေ့အကြိုကန်တော့ပန်း )

တင်မိုး
၂၃၊၁၀၊၂၀၀၆
အမေရိက

# (၉၂)ပြည့် မွေးမိခင်သို့ ပေးစာတစောင်

ဖိုးသံ (လူထု)

အဲဒီညကလေ … အမေ …။

မိုးလေးတွေက တဖွဲဖွဲကျလို့
မသဲလှပေမယ့် အသည်းကတော့ ကျင်နေတယ်
မခွဲချင်တာတော့ အမှန်ပါ
အရင်ဆုံးဖြတ်တာက တံခွန်တိုင်
နောက် … အရာတော်
တောင်မြင့်
မှောင်နဲ့မည်းမည်းထဲမှာ
တနေရာပြီး တနေရာ ကျန်ရစ်ခဲ့တယ်
စားချင်စိတ်လည်း မရှိ
အိပ်ချင်စိတ်လည်း မရှိ
စဉ်းစားချင်တာပဲ ရှိပေမယ့်
ဘာမှစဉ်းစားလို့လည်း မပေါ်
ဩော် … မြစ်ငယ်တောင် ကျော်သွားပါပေါ့လား …။

အဖေနဲ့ အမေကို
ကန်တော့ခဲ့ပါတယ်
ညီနဲ့ အမ နှမ

ငါ့ကို ခွင့်လွှတ်ကြနော်
တကိုယ်ကောင်းဆန်တာ မဟုတ်
သူ့ရဲကောင်း ဖြစ်ချင်တာလည်း မဟုတ်
အခြေအနေက တွန်းပို့တော့
ဒို့မှာ ရွေးစရာ မရှိလို့သာ
နားလည်ကြပါကွာ
အဖေနဲ့ အမေကို
ဂရုစိုက်ကြပါကွာ ... လို့။

အဲဒီနောက်တော့ အမေရယ်
တောင်တွေ ... တောတွေ
ချောင်းတွေ ... အင်းတွေ
လွှားကနဲ လွှားကနဲ ... တသွားထဲသွား
နယ်စွန်နယ်ဖျားထိ
ကဗျာတပုဒ်တောင် ရေးမိသေးတယ်
အမေမှတ်မိမယ် ထင်ပါတယ် ....
"အနောက်ကို တချက်ငဲ့ကြည့်လို့
အရှေ့ကိုတဲ့ ထွက်ခဲ့တယ်" ဆိုတာလေ
ပြက္ခဒိန် စာမျက်နှာတွေ
သက်ရှက်ခြောက်တွေလို
တဝေဝေ လွင့်ကျ
နီသူတွေဖြူ ... ဖြူသူတွေနီ
ဘဝတွေ ... ချစ်ခင်ရင်းနှီးသူတွေ
သွေးကွဲရော ... ရှင်ကွဲရော

ခွဲခွာကုန်ကြ
အသစ်တွေနဲ့လည်း
တင်းတင်းကြပ်ကြပ်ပဲ
လက်ဆွဲနှုတ်ဆက်ကြ
ဘာသာစကားတောင်
အတော်စုံအောင် တတ်ခဲ့
နှစ်ပေါင်းသုံးဆယ်ဆိုတာ
နည်းသမို့လား အမေရယ် ...။

အပါးမှာ အဖေလည်းမရှိ
ကျနော်တို့လည်း မရှိ
အမေချည့် တယောက်တည်း
မဟုတ်ဘူး လှေခွက်ချည်း မဟုတ်ဘူး
ပြည်သူတွေနဲ့ လက်တွဲလို့
သားမြေးသစ်တွေနဲ့ လက်တွဲလို့ အမယ်အို့ ခြေလှမ်းမို့
သူတို့လောက် မသွက်လည်း
၁၉၃၆တုန်းကလိုပဲ
ချီဆဲ တက်ဆဲ
အခုလည်း လက်တွန်းလှည်းနဲ့
ရဲရဲကြီး ချီတက်နေတဲ့
အမေ့ရဲ့သားမှာ ၁၃၀၀ရတီ
အမေဆိုတဲ့ စိန်နားကပ်ကြောင့်
ပါးအပြောင်ကြီး ပြောင်ခဲ့ရပါတယ် ...။

အမေလည်း လှမ်း

ကျနော်လည်း လှမ်း

ဒီလမ်းကြီး တလျှောက်မှာ

မောတယ် တခွန်းမပြောပါဘူး

၉၀ ကျော်ကြီး နူတ်က

တခွန်းပဲ ထွက်ရှာတယ်

ဘာအဓိပ္ပာယ်လဲ

ကဗျာဖတ်သူ တွေးကြည့်ပါ

“ငါ့သား ကျန်းမာအောင်နေ

အမေလည်း ကျန်းမာအောင်နေတယ်” တဲ့။

ဖိုးသံ (လူထု)

၁၃၀၀ရတီ = ၁၃၀၀ပြည့် မျိုးဆက်ကို ညွှန်းတာပါ။

## ၉၂ နှစ်ပြည့် လူထုအမေသို့ အလွမ်းစာ

### ဒေါက်တာလွဏ်းဆွေ

အမေ နေကောင်းလား လို့

ခရီးရောက်မဆိုက် ကျနော်တို့ ပြေးတွေ့တော့

ခပ်နွေးနွေး ရင်ငွေ့က

ကျနော်တို့ဆီ ပြန်ပြေးလာ

ငါ့သားတို့ ဘယ်ရထားနဲ့ လာကြလဲကွဲ့

ထိုင်ကြ ... ထိုင်ကြ တဲ့

နွေးထွေးတဲ့ အမေ့ နှုတ်ဆက်သံ

ကြည်မွေ့တဲ့ အမေ့ အပြုံး

ကျနော်တို့ကို ဖုံးလွှမ်း

ခရီးပန်းသမျှ

ကျနော်တို့ လန်းဆန်းခဲ့ရပါတယ် အမေ ...။

အမေ ... ဒီမှာ ဆရာမြေဇာ

ဒီမှာ ဆရာဝသုန်

ဟိုဘက်ခုံမှာ ကိုအောင်ဝေး

ဒီဘေးက ကိုသာချို

ဟိုဘက်က ကိုချစ်ဝင်းမောင် လို့

ခပ်ရှိရှိ ကျနော် မိတ်ဆက်တော့ ...

အမေက

မြင်တာပေါ့ ငါ့သား

အမေ့သားတွေ အားလုံးကို
အမေ အကုန်လုံး မြင်တာပေါ့ ဆိုပြီး
ပြုံးပြုံးကြီး ကြည့်နေတဲ့
အမေ့ရဲ့ပုံရိပ်
ရင်ထဲကို ယိုဖိတ်စီးဆင်း
အေးမြတဲ့ မြစ်တစင်းဖြစ်ခဲ့ရပါတယ် အမေ ...။

ငါ့သားတွေ အရက် သိပ်မသောက်ကြနဲ့နော်
အမေတို့ဘက်ကလူတွေ အသက်ရှည်တာကိုပဲ အမေမြင်ချင်တယ်
ကိုချစ်ဝင်းမောင်တို့၊ ကိုလွဏ်းဆွေတို့
မဂ္ဂဇင်းတွေ အခြေအနေ ကောင်းကြရဲ့လား
အမေ့စာမူတွေ အချိန်မီရကြရဲ့လား
အမေလည်း ရေးဖြစ်တာဆိုလို့
ကိုဝင်းငြိမ်း၊ ကလျာနဲ့ဆို ဒီလေးအုပ်ပဲ ရှိတာ
ငါ့သားတို့ အဆင်မပြေရင်
အမေ့ကို စာမူခ မပေးနဲ့နော် လို့
တိုးလျလျ အသံနဲ့
စိုးရိမ်ပူပန်တဲ့ စကား
အမေပြောကြားလေတော့
ကျနော့်စိတ်ထဲ
ပီတိတွေနဲ့ အားဖြစ်ခဲ့ရပါတယ် အမေ ...။

ဦးပိန်တံတားပေါ် လမ်းလျှောက်ရင်း
လေညင်းက ပြေးဝင်ဆောင့်တော့

ကျနော့်စိတ်တွေ ခပ်မြောက်မြောက်ဖြစ်သွား

အဲဒီ အကြောင်းတရားထဲမှာ

ကျနော်လို အယ်ဒီတာ ငချွတ်တေားလေးကို

အမေက စာမူတွေ ချီးမြှင့်ပြီး

အသိအမှတ်ပြုခဲ့တာဟာ

အဓိက အကြောင်းတရားပါ အမေ ...။

နှင်းမြူတွေ ဝေနေတဲ့

တောင်သမန် နံနက်ခင်းမှာ

အမေ့မေတ္တာတွေက

နှင်းမြူတွေနဲ့အတူ ရှာကျ

အယူအဆတူ

ယုံကြည်ချက်တူ

ရည်မှန်းချက်တူ

ရင်ဘတ်ချင်းတူကြတဲ့

အမေ့သား အမေ့သမီးတွေအားလုံး

အပြုံးကိုယ်စီ ယှက်သန်း

အလွမ်းကိုယ်စီ ပွေ့ထွေး

အနာဂတ်ရေးအတွက် တိုင်ပင်

တောင်သမန် တခွင်လုံး

ငြိမ်းချမ်းတဲ့ ရသတွေ ပြည့်ဖုံး

ပျော်လို့မဆုံး ပြုံးလို့မဝ ဖြစ်ခဲ့ကြပါတယ် အမေ ...။

အခုတော့
အမေ့သား အမေ့သမီးတွေလည်း
စစ်အာဏာရှင်တွေရဲ့ အကြမ်းဖက်မှုအောက်မှာ
တမလွန် ရောက်သူရောက်
ဘ၀တက္ကသိုလ် ရောက်သူရောက်
လွတ်မြောက်နယ်မြေ ရောက်သူရောက်
တတိယနိုင်ငံ ရောက်သူရောက်
ကမောက်ကမ
ကစဥ့်ကလျားနဲ့
ပြေးလွှားရုန်းကန်နေကြရပေမယ့်
အမေ့ မေတ္တာထီးရိပ်က
ကျနော့်တို့အပေါ်
ထာ၀ရ အုပ်မိုးပေးထားလို့
စိတ်ဓာတ်ခွန်အား မဖောက်မပြန်နဲ့
ဖြောင့်မှန်တဲ့ လမ်းပေါ်မှာ
ကျနော်တို့ ဆက်လျှောက်နေနိုင်တာပါ အမေ ...။

အခုအခါမှာ
လွတ်မြောက်နယ်မြေရောက်
အမေ့သား တယောက်အနေနဲ့
အမေ နေကောင်းလား လို့
ပြေးတွေ့ နှုတ်ဆက်ခွင့်မရတာ
သုံးနှစ်သုံးလီ ကြာခဲ့ပေမယ့်
အမေဟာ ကျနော်နဲ့ မဝေး

ကျနော့်ရဲ့ အတွေး၊ ကျနော့်ရဲ့ဘေးမှာ
မြင့်မြတ်တဲ့ အဘိဓမ္မာ
မြင့်မြတ်တဲ့ မေတ္တာတရား
မြင့်မြတ်တဲ့ စိတ်ဓာတ်ခွန်အားတွေနဲ့
ထာဝရ အနီးကပ်
မတ်မတ်ရပ်နေဆဲလို့
ယုံမြဲယုံကြည်လျက်ပါ အမေ ...။ ။

ဒေါက်တာလွဏ်းဆွေ

## အမေနဲ့ သား (သို့) "သ"ဝဂ်ကထာ

(အမေလူထုဒေါ်အမာ ၉၂နှစ်ပြည့် မွေးနေ့သို့ )

(၁)

အမေ ကျနော့်ကို မတားနဲ့

ကျနော် ဒေါ်အောင်ဆန်းစုကြည်အိမ် သွားမှ ဖြစ်မယ်။

အမေ ... အမေ့ကိုတော့ ကျနော် တားပါရစေ

အမေ တမလွန် ခရီးကို မသွားပါနဲ့ဦး

ကျနော်တို့ ဒီမိုကရက်တစ်နိုင်ငံတော်ဆီ သွားရဦးမယ် အမေ ...။

(၂)

အမေ ကျနော့်ကို မတားနဲ့

ကျနော် နေပြည်တော်ကို သိမ်းမှ ဖြစ်မယ်။

အမေ ... အမေ့ကိုတော့ ကျနော် တားပါရစေ

အမေ ... လူ့ဘဝကို မသိမ်းပါနဲ့ဦး

ကျနော်တို့ သွေးစွန်းနေတဲ့ သင်္ကန်းတွေ

သွေးစွန်းနေတဲ့ ဒေါင်းအလံတွေ

သွေးစွန်းနေတဲ့ မျက်ရည်တွေ သိမ်းရဦးမယ် အမေ ...။

(၃)

အမေ ကျနော့်ကို မတားနဲ့

ကျနော် စစ်အာဏာရှင်မှန်သမျှ သတ်မှဖြစ်မယ်။

အမေ … အမေ့ကိုတော့ ကျနော် တားပါရစေ

အမေ ပရိဒေဝမီးတွေ မသတ်ပါနဲ့ဦး

ကျနော်တို့ အစိုးရအကြမ်းဖက်ဝါဒကို သတ်ရဦးမယ် အမေ

ကျနော်တို့

……………… အစိုးရ အကြမ်းဖက်ဝါဒကို

………………………………… သတ်ရဦးမယ် အမေ …။ ။

အမေ့သား–အောင်ဝေး

(၂၃–၁၀–၂၀၀၇)

(ခေတ္တ ပုန်းခိုကျင်း တနေရာ)

## အခန်း ( ၅ )

## တောင်လေးလုံးမှနတ်ကျွန်းအထိ အမှတ်တရ မှာစကား

### လူထုဒေါ်အမာ



# တောင်လေးလုံးမှနတ်ကျွန်းအထိ အမှတ်တရ မှာစကား

## လူထုဒေါ်အမာ

*လူထုဒေါ်အမာ (၈၂)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေတယ်*

*ပထမအကြိမ်*

*၁၉၉၇ ခု၊ နိုဝင်ဘာလ*

## အမှာ

ဒီစာအုပ်ကလေးဟာ ကျွန်မလုံးလုံး မရည်ရွယ်ဘဲနဲ့ စာအုပ်ကလေးဖြစ်လာတာ ဖြစ်ပါတယ်။ ကျွန်မမှာ ဘယ်တော့မှလည်း တိုးတက်အောင် မကြိုးစားဘဲနေတဲ့ အညံ့ဖျင်းဆုံး အရည်အချင်းတခုရှိပါတယ်။ အဲဒါက လူထဲစကားပြောတဲ့ အတတ်ပါ။ နို့ပေမယ့် အကြောင်းကိစ္စက ရှိလာတဲ့အခါတော့ ကျွန်မကို စကားပြောဖို့ တာဝန်ပေးကြတယ်၊ ပေးတဲ့အခါတိုင်း စိတ်ညစ်ညစ်နဲ့ လုပ်ပေးလိုက်ရတာ ချည်းပါ။ လုပ်ပေးလိုက်ပေမယ့် အဲဒါတွေဟာ ပြီးပြီးပျောက်ပျောက်ပဲလို့ ကျွန်မက ထင်ခဲ့တယ်လေ။

ခုတော့ ဆရာတော်ကိုပညာ၊ ကျော်ရင်မြင့်၊ ဆူးငှက် စသူတွေက ကျွန်မ စကားပြော စဉ်အခါ အသံဖမ်းယူထားတဲ့ တိပ်ခွေကလေးတွေထဲက ပြန်ထုတ်ယူ၊ စာနဲ့ကူးပြီး ကျွန်မသမီးကိုပေးကြလို့ ခုလို စာအုပ်ကလေးတအုပ် ဖြစ်လာရပါတယ်။ မရည် ၍မှတ်ဘဲ ဖြစ်လာတဲ့ ဒီစာအုပ်ကလေးကို (၈၂)နှစ်ပြည့် ကျွန်မမွေးနေ့မှာ စာပေမိတ်ဆွေတွေကို ပေးဝေရတာပါ။ အားလုံးကို ကျေးဇူးတင်ရပါတယ်။

လူထုဒေါ်အမာ

## မာတိကာ


၁။ ဦးညိုမြ (၂) နှစ် လည်တဲ့နေ့

၂။ အမျိုးသားစာပေဆုရှင်များကို ဂုဏ်ပြုတဲ့ပွဲ

၃။ ဆရာကြီးရွှေဥဒေါင်း နှစ်တရာပြည့်

၄။ အသက် (၇၄) နှစ် ပြည့်တဲ့နေ့

၅။ အသက် (၇၇) နှစ် ပြည့်တဲ့နေ့

၆။ ဦးညိုမြ အထိမ်းအမှတ် သစ်ပင်စိုက် ကျောက်စာကပ်တဲ့နေ့

၇။ တက္ကသိုလ် မောင်စောလွင် အမှတ်တရ သစ်ပင်စိုက်တဲ့နေ့

၈။ ဒေါ်မေရှင်ကို ဂျပန်ပြည်က ဂုဏ်ပြုတဲ့နေ့

၉။ မျိုးမြင့်ဆွေ (ပန်းချီ ဦးမြသောင်း) ငါးနှစ်လည် အထိမ်းအမှတ်

၁၀။ လင်းယုန်မောင်မောင် မွေးနေ့ပွဲ

၁၁။ ဦးညိုမြ (၁၀) နှစ် လည်တဲ့နေ့

၁၂။ အသက် (၈၀) ပြည့်တဲ့နေ့

၁၃။ ပေါ်ဦးသက် အမှတ်တရ ပန်းချီပြပွဲ

၁၄။ မျိုးမြင့်ဆွေ အနုပညာဘဏ်တိုက်ဖွင့်ပွဲ

၁၅။ ပန်းချီဆရာကြီး ဦးအောင်ခင်နှစ်ပတ်လည်

အမရပူရတောင်လေးလုံးကျောင်း
(၂၉.၉.၈၇)

ကိုညိုမြကိုလွမ်းလို့ အထိမ်းအမှတ်ကလေးလုပ်တာ ဒီနှစ် ဒုတိယအကြိမ်ပါ။ ဒါ့ကြောင့် ဆရာတော်ကိုပညာကို တွေ့တဲ့ အခါကျတော့ ဒေါ်ဒေါ်က မေးချင်တယ်။ ဆရာတော်ကိုပညာရဲ့ 'ကိုညိုမြက ခုထက်ထိ မပူးသေးဘူးလားလို့'။ ဘာပြုလို့ တုန်းဆိုတော့ သူက နတ်ဖြစ်တယ်ဆိုတာကို သိပ်သဘောကျတာ၊ သူဖြစ်နိုင်ရင် သူကိုယ်တိုင် ဒီမှာ စာရေးဆရာနတ်ဖြစ်ပြီးတော့ နေချင်မှာအမှန်ပဲ။ ကိုညိုမြက တောင်သမန်အင်းစောင်းမှာ ဝေါမှူးကြီးနတ်ကို နတ်ကွန်းဆောက်ပေးချင်တယ် ဆိုတာလည်း ဆောက်ချင်တာပေါ့။ သူကိုယ်တိုင်လည်း ဒီနားနတ်ဖြစ်ချင်နေမှာပဲလို့ တပည့်တော် ထင်တယ်။

ဗိုလ်ချုပ်အောင်ဆန်းကို သူက ဘယ့်နှယ်ပြောတုန်းဆိုတော့ ဗိုလ်အောင်ဆန်း နတ်ဆိုတာ ဖြစ်ရမယ် ရှိရမယ်တဲ့။ မလုပ်ပါနဲ့ ကိုညိုမြရယ် အလကားနေရင်းမှ နတ်တွေက ရှုပ်လွန်းလို့ရှိရတဲ့အထဲလို့ ကျွန်မကပြောတော့၊ အဲဒါ ဗမာ့နည်း၊ ဗမာ့ဟန်ပဲ ဗမာ့ပုံစံတဲ့။ သေလို့ရှိရင် နတ်ဖြစ်တယ်။ ဗမာတွေက ချစ်တယ်။ သူ့ကိုအမြဲတမ်း အမှတ်ရတယ် တင်တယ် သတယ်တဲ့။ ဒါ ဗမာချစ်တဲ့ ပုံစံပဲတဲ့။ အဲဒီတော့ ဗိုလ်အောင်ဆန်းနတ်လည်း ရှိရမှာပေါ့တဲ့။ သူက အဲဒီလို ကျွန်မကို ပြောသွားတာပါ။
အဲဒီတော့ ကိုညိုမြကလည်း သူလည်း နတ်ဖြစ်ချင်မှာပဲ စာရေးဆရာနတ် ဆိုပြီးတော့။ ဒါ့ကြောင့် ဦးဇင်းရယ် မပူးသေးဘူးလားလို့ ကျွန်မက မေးချင်တာ။ တကယ်လို့များ ပူးတယ်ဆိုရင် "ကိုယ့်ကို ကိုပညာက အမှတ်ရလို့ ဒီလို

အခမ်းအနားကလေး လုပ်နေတာ နှစ်ခါရှိပြီ။ ဒါပေမယ့်လို့ ကိုယ်ကြိုက်တဲ့ဟာလေး တွေကတော့ မပါသေးဘူး” ဆိုပြီး နှုတ်ခမ်းကြီးစူပြီးတော့ ပြောမှာ တပည့်တော်က ကြားယောင်နေတယ်။ ဘာတွေ ရှင်ကြိုက်တာတုန်းလို့ တကယ်လို့များ တပည့်တော်ကဆစ်မေးလိုက် ရင် “ယမကာတို့ ဆေးပေါ့လိပ်တို့ မီးရှူည်တို့ပေါ့”လို့ သူက ပြောမှာဘုရား။

တောင်သမန်မှာ ရေတွေက ဘောင်ဘင်ခတ်နေတာနော်။ သူဒီနားလာပြီးတော့ နှစ်တိုင်း အမြဲတမ်းရက်တွေအကြာကြီးနေနေတာ။တနေ့က ဆရာတော်ရွှေကိုင်းသား ဈာပနကျင်းပတော့လည်း သူ့ကို သတိရလိုက်တာ။ သူရှိရင်တော့လာမှာ။ နတ်ပွဲ တွင်းကလည်း သိပ်ဝေးတော့တာ မဟုတ်ဘူး။ ဆရာ့တော့်ဈာပနကလည်း ဝါဆို လပြည့်ကျော် (၈) ရက်ဆိုတော့ ခါတိုင်းထက် နည်းနည်း စောသွားလိုက်ရင် ပြီးတာပဲဆိုပြီးတော့ သူရောက်လာမှာဆိုပြီး တပည့်တော်မျက်စိထဲ သူ့ကို မြင်ယောင်လို့ နေတယ်။

ခုတခါ ဒီရောက်တော့ ဥတ္တရလွင်ပြင်ကိုသန်းဌေးက ကိုညိုမြ ငယ်ငယ်တုန်းက ရေးခဲ့တဲ့ ကဗျာလေးတွေ ကူးပြီးတော့ စာကူးစက်ကလေးနဲ့ လုည့်ပြီး ဝေပြန် တော့လည်း တပည့်တော်တို့ ကျောင်းတုန်းက အတူတူ နေခဲ့ထိုင်ခဲ့တာလေးတွေ ပြန်ပြီးတော့ သတိရနေတယ်။ ဒီကဗျာလေးထဲက ပထမဆုံးကဗျာလေး ဒေစီသို့ ဆိုတာက တကယ်ပါ၊ ကျောင်းသူမလေးတဦး ဒေစီဝိုက်ဆိုတာ ရှိပါတယ်။ ကျွန်မ တို့နဲ့ တတန်းတည်းပါ။ သူက မော်လမြိုင်က ကျောင်းသူလေးပါ။ သူ့အကိုတွေ ကလည်း တက္ကသိုလ်မှာ ရှိတာပဲ။ ဟာရှင်ဖိုင်ဆိုတာ သူ့အကိုတယောက်ပါ။ သူတို့က မွတ်စလင်တွေပါ။ ဒေစီဝိုက်က လှတယ်။ ချစ်စရာလေး။ ပြီးတော့ သူက စန္ဒယားတီး ကောင်းတယ်။ ဘင်ဂျိုတီး ကောင်းတယ်။ အတီးအမှုတ်မှာ တော်တော် လေး ကျွမ်းကျွမ်းကျင်ကျင်ရှိတယ်။

အဲဒါ ကျွန်မတို့မြို့မကျောင်းကပွဲမှာ တက္ကသိုလ်က တီးဝိုင်းနဲ့ တပင်တိုင်အက အခန်းတခုထည့်တဲ့အခါကျတော့ ဒေစီက ဘင်ဂျိုတီးပါတယ်။ အဲဒီဒေစီကို

ကိုညိုမြက ပိုးပါတယ်။ ပိုးပြီးလို့ သူ့အဆိုအရပေါ့လေ၊ သပိတ်မှောက်တော့ သူနဲ့ ဒေစီနဲ့ ကွဲကြတယ်လို့ပြောတယ်။ နောက်တော့ ဒေစီက အကောက်ခွန်မင်းကြီး ကတော် ဖြစ်သွားပါတယ်။ နောက်တော့ ဗုဒ္ဓဘာသာ ဖြစ်သွားပါတယ်။ ယောကျ်ား က ဗုဒ္ဓဘာသာကိုး။ သိပ်မကြာလှခင်ကမှ သေသွားရှာတယ်။ သူ ဒီအကြောင်းတွေ ရေးတော့ ငယ်ငယ်တုန်းက ကျွန်မတို့ အတူတူနေခဲ့ထိုင်ခဲ့တာတွေ ပြန်ပြီးတော့ သတိရတယ်။ ဒေစီက သဘောကောင်းတယ် မဟုတ်လား။ ချစ်စရာလေး။ မျက်လုံး လေး သိပ်လှတဲ့ ကုလားမလေး။ အဲဒါကို ကိုညိုမြ ပိုးတာက ပြောင်ပိုးတာပါ။ ရတာ မရတာအပထား ဘယ်သူ့ကို သူပိုးတယ် ဘယ်ဝါ့သူပိုးတယ်။ အဲဒီ ပိုးတဲ့ အကြောင်း မောင်းတီးနေတာပဲ။ ဒါသူ့ဝါသနာ။

နောက် ဒီထဲက ပါတဲ့ ငပိကြော်ဆိုတဲ့ ကဗျာထဲကလည်း ခြင်းကြားတို့၊ ပုပုဒွေးတို့၊ မိပုတို့ ဆိုတာတွေက သူနဲ့ မောင်နှမ တဝမ်းကွဲတွေပါ။ ဟိုဝန်ထောက် ဦးဒွေးရဲ့ သမီးတွေ။ ခြင်းကြားဆိုတာ အမအကြီးဆုံး ပြီးတော့ ပုပုဒွေးဆိုတာက အပုကို ခေါ်တာပါ။ အပုက ကျွန်မတို့ပါမောက္ခ ဆရာဦးမျိုးမင်းကတော်ပါ။ကျောင်းနာမည် ကတော့ အပုလို့ပဲ ခေါ်ကြတယ်။ပြီးတော့ ဦးဝန်ကတော် ဒေါ်ကြည်ကြည်၊ ဒီသူတို့ ညီအမသုံးယောက်က အရင်းပါ။ ကိုညိုမြနဲ့မောင်နှမ တဝမ်းကွဲ တော်တာတွေလေ။ အဲဒီတော့ သူက အင်းလျားလာလို့ရှိရင် နှမဝမ်းကွဲတွေ၊ အစ်မဝမ်းကွဲတွေကို ခလုတ်တိုက် ခြေထောက်နဲ့ခတ်သွား၊ ပြီးတော့ ပိုက်ဆံတောင်းတယ်။ ချေးတယ် တဲ့။ ပြန်မပေးဘူး။ သူကဒီလိ လုပ်နေကျပါ။ မိပု ငါဘာမရှိဘူး၊ ညာမရှိဘူး၊ ဘာပေးဦး၊ ညာပေးဦး။ ဟိုက ကျောင်းပိတ်လို့ ပြန်လာရင်လည်း အဲဒီငပိကြော်တို့ ဘာတို့က သူက တခါတည်းခွဲယူသွားတာပါ။ အဲဒါကို သူက ရည်ရွယ်ပြီးတော့ ကဗျာစပ်ထားတာပါ။

ကျွန်မတို့နဲ့ သူနဲ့ အတူတူနေခဲ့တဲ့တခေတ်မှာ ကိုညိုမြ ဘယ်ကျောင်းသူနဲ့မှ မစွံပါဘူး။ သူပိုးတာတွေကတော့ ရေတက်လို့ မကုန်ပါဘူး။ အင်းလျားကလည်း အများကြီးပဲ။ နို့ပေမယ့်လို့ သူက အင်္ဂလိပ်စာတော်တာက လွဲလို့ အမျိုးသမီးတွေ

စုံမက်လောက်စရာ သူ့မှာ ဘာမှ မရှိပါဘူး။ သူက ညစ်ပတ်တယ်။ စုတ်ပဲ့တယ်။ ပစ္စလက္ခတ်နေတယ်။ သူ့ကြည့်လိုက်ရင် ဘယ်တော့မဆို သန့်သန့်ရှင်းရှင်း ကြော့ကြော့ရော့ရော့ မိန်းကလေးတွေ စိတ်ဝင်စားဖို့ရာ အနေအထိုင် အမူအရာ ဘာမှမရှိဘူး။ ဆေးပေါ့လိပ်ကြီး တဖွားဖွားနဲ့ ပြာတွေနဲ့ ဘာနဲ့ အဲဒီလို ရှုပ်တီး ရှုပ်ပွတွေ ဒီလိုနေတာ။ အဲဒီတော့ ကျွန်မတို့ရှိတဲ့ ခေတ်တုန်းက ကျောင်းသူ ဘယ်သူကမှ သူ့ကို ပြန်ပြီးတော့မကြိုက်ဘူး။ သူက ပိုးတာတွေကတော့ ခုဒေစီတို့ လိုဟာတွေကတော့ အများကြီး။ သူက ဒိတ်ဆိုတဲ့ဟာတွေ အကုန်ပိုးတာပဲ။ ကျွန်မတို့ ကျောင်းထွက်ပြီးတဲ့နောက်ကျတော့မှ ခင်သင်းနွယ်နဲ့ ရတာပါ။ အဲဒီကျ တော့လည်း မယ်တက္ကသိုလ် ရတယ်ဆိုပြီး ကျွန်မတို့ဆီကို ကြွားပြီးအကြောင်းကြား တာပါ။ သူက မယ်တက္ကသိုလ်နဲ့ရတယ်။ လှတာချောတာကို သူက ကြိုက်တာကိုး။ ကိုညိုမြက အဲဒီလိုပါ။ ကိုညိုမြ ငယ်ငယ်တုန်းက ဒီလိုဟာတွေ ကြိုက်ခဲ့ပေမယ့်လို့ ကိုညိုမြသတင်းစာ ပညာတော်သင်ကနေ ပြန်လာပြီးတော့ ဗမာပြည်မှာ အလုပ်ခွင် ထဲ ဝင်တဲ့အခါကျတော့ ကိုညိုမြက အဲဒီလို ချောတာတွေ၊ လှတာတွေ၊ ရေပေါ်ဆီ တွေနောက် သူမလိုက်ရှာပါဘူး။ အခက်အခဲတွေနဲ့ ရင်ဆိုင်တယ်။ ရေနက်ထဲကို ဆင်းလျှောက်တယ်။ သူ့သတင်းစာဆရာဘဝဟာ မဖြောင့်ဖြူးမသာယာပါဘူး။ ဟိုတုန်းက သူနဲ့ အာဏာရနေတဲ့ လူတွေနဲ့က ဖက်လှဲတကင်း အင်မတန် တရင်းတနှီးရှိတဲ့ လူတွေချည်းပေါ့။ တယောက် မှ လူစိမ်းမပါပါဘူး။ အဲဒါတွေကို သူကြိုက်သလို သူ့အတွက် သူ့ကိုယ်ရေးကိုယ်တာအတွက် သူ့သတင်းစာအတွက် အသုံးချပြီးတော့ ဟိုလူတွေအကြိုက် လိုက်ပြီးတော့ သူဆောင်နေမယ်ဆိုလို့ရှိရင် ကိုညိုမြဟာ သူဌေးတယောက်လည်းဖြစ်ချင်ဖြစ်နေမှာပါ။ နည်းအမျိုးမျိုးနဲ့ စောင်မ နိုင်ပါတယ် သူ့ကိုဟိုလူတွေက။ ရာထူးပေးလို့ကလည်း ဝန်ကြီးထိအောင် တက်ဖြစ် နိုင်ပါတယ်။ ဒီလို မဟုတ်ရင်လည်း စီးပွားရေးအရ အဘက်ဘက်က ပြေလည် အောင် ကူညီနိုင်ပါတယ်။ နို့ပေမယ့် ကိုညိုမြက ဒီလိုလမ်းမျိုး မလိုက် ပါဘူး။ သူယုံကြည်တာ သူမှန်တယ်ထင်တာကိုပဲ ဘယ်အခါမဆို ပြောဆိုရေးသားပြီးတော့

ပေါက်ဆိန်ပွဲကျတော့လည်း သူ့တိုက်ကရှေ့က ခံခဲ့ရတာပါ။ အဲ. . . အာမခံ တင်ဦးဟယ်၊ ဘာဦးဟယ်ဆိုတော့လည်း သူ့ခမျာ အခြားအတိုက်အခံ သတင်းစာ တွေနဲ့အတူ ပါရှာတာပါ။ ကိုညိုမြက သာယာတဲ့လမ်း၊ ပန်းခင်းတဲ့လမ်း၊ ဖြောင့်ဖြူး တဲ့လမ်းကို ဘယ်တော့မှမရွေးပါဘူး။ အမှန်တရားလို့ သူယုံကြည်တဲ့ဘက်က တလျှောက်လုံး သွားပါတယ်။

ဒီတော့ သူငယ်ချင်းတယောက်အနေနဲ့ ရေးဘော်ရေးဘက်တယောက်အနေနဲ့ သူ့ကို စိတ်ထဲက လေးစားပါတယ်။ ဦးဇင်းက အခုလို အမှတ်တရပွဲလေး လုပ်တယ် ဆိုတော့လည်း ဝမ်းသာတယ်။ တခြား ဘယ်မှာမှ ဒီလိုပွဲ မရှိပါဘူး။ ကိုညိုမြပွဲ ဒီမန္တလေးမှာ ဒီနေရာမှာပဲ ရှိပါတယ်။

အဲဒါ . . . ဩဘာ ဖြစ်သင့်ဖြစ်ထိုက်တာကို ဖြစ်အောင် လုပ်နေတာပဲ။ တို့ဝမ်းသာ စရာကောင်းတယ်။ ရေးဘော်တယောက် ကိုညိုမြတယောက်အတွက် ဒီလိုပဲ ရှိရမှာပဲ။ သူပြောသလို သူကြိုက်တဲ့နည်းမျိုးနဲ့ ပသတာမျိုး တင်မြှောက်တာမျိုး မဟုတ်စေကာမူ စာရေးဆရာတွေအနေနဲ့ ရေးဘော်ရေးဘက်တွေအနေနဲ့ တလေး တစား တမြတ်တနိုး ရှိတယ်ဆိုတာကို ဖော်ထုတ်နိုင်တဲ့အတွက် ဝမ်းသာဂုဏ်ယူ ပါတယ်။

ဆရာတော် ကိုပညာကိုလည်း ဒီအတွက် တပည့်တော်တို့က ထူးထူးလည်လည် ကျေးဇူးတင်ပါတယ်ဘုရား။ တတ်နိုင်သလောက် အရှင်ဘုရား ဒီခရီးကို ဆက်သွား ပါ။ တပည့်တော်တို့လည်း တတ်နိုင်သလောက် ပါဝင်ပါရစေလို့ လျှောက်ပါတယ်။ ဒါပါ ပဲဘုရား။

"စိန်လွန်တူးသမားနှင့်အခြားဝတ္ထုတိုများ"နဲ့
ကိုရိုးကွန့်
"မြန်မာ့ဇာတာ"စာအုပ်နဲ့
တင်မမခိုင်(မန်းတက္ကသိုလ်)
"ကန္တာရခရီးသည်"ဘာသာပြန်နဲ့
ဘုန်းမြင့်(မန္တလေး)

## အမျိုးသားစာပေဆုရှင်များကို ဂုဏ်ပြုတဲ့ပွဲ

(အမရပူရတောင်လေးလုံးကျောင်း)
(၄.၁.၈၉)

ဒီပွဲကလေးက အောင်အောင်မြင်မြင် ခုလိုဖြစ်သွားတာ ဝမ်းသာပါတယ်။ ဒေါ်ဒေါ်က အမျိုးသားစာပေဆုထွက်တယ်လို့ ကြေညာကတည်းက တို့ရောင်းရင်းတွေထဲက သုံးယောက်တောင် ဒီနှစ်တပြိုင်တည်း ဆုတွေရကြတယ်။ အဲဒီတော့ မန္တလေးကနေ ပြီးတော့ ဂုဏ်ပြုပွဲလေးတခု လုပ်ရအောင်၊ ဘယ်နေ့လုပ်မတုန်းဆိုတော့ ဒေါ်ဒေါ့် မွေးနေ့၊ မွေးနေ့ဆိုပြီးတော့ လုပ်လုပ်နေတဲ့ ဥစ္စာဟာ၊ အဲဒါ ဘာမှအဓိပ္ပာယ် မရှိဘူး။ ဒီမွေးနေ့မှာပဲ စာပေဆုရတဲ့ စာရေးဆရာတွေကို ဂုဏ်ပြုရအောင်။ အဲဒါဟာ စာဆိုတော်နေ့နဲ့လည်း ရက်ချင်းကပ်နေတယ်။ ဒီတော့ သုံးပွဲတပွဲဖြစ် အောင် လုပ်ကြစို့ဆိုပြီး ဒေါ်ဒေါ်က ရက်ချိန်းတာ။ ချိန်းပေမယ့်လို့ အကြောင်း မညီညွတ်ဘူး။ ဒေါ်ဒေါ်ကကျွေးချင်တဲ့ ကြာဆံသာကျွေးလိုက်ရတာ အဖတ်တင် ရစ်တယ်။ သူတို့က မလာနိုင်ဘူး။ အဲဒီနေ့က ရန်ကုန်က ဆင်းခဲ့ရမယ်ဆိုပြီး ကြေးနန်းရိုက်ခေါ်တော့ သုံးယောက်စလုံး ဆင်းသွားကြရတယ်။ စာပေဆုရ တယ်ဆိုတာ လွယ်လွယ်ကူကူမရပါဘူး။ ဒေါ်ဒေါ်စာရေးသက် အနှစ်ငါးဆယ် ရှိပါပြီ။ အဲဒီအနှစ်ငါးဆယ်အတွင်းမှာ စာပေဆု တခါပဲရဖူးပါတယ်။ အဲဒီတော့

အခု သားတို့သမီးတို့ ဆုရကြတယ်ဆိုတော့ ဒေါ်ဒေါ်က သိပ်ဝမ်းသာတယ်။ ဒေါ်ဒေါ်လိုပဲ တခြားရောင်းရင်းတွေလည်း ဝမ်းသာကြမှာပဲ။ နောက်ပြီး စာအုပ်ကလေးတွေကလည်း အားလုံး သုံးအုပ်စလုံးဟာ ထိုက်ထိုက်တန်တန်ရတာပဲလို့ ဒေါ်ဒေါ်ယုံကြည်တယ်။ စာပေဆုပေးတဲ့အခါ တချို့နှစ်တွေမှာ ဘာဘာညာညာ စသည်ဖြင့်ပေါ့လေ။ တီးတိုးတီးတိုး သဖန်းပိုးပေါ့။ အဲဒီလို အခါလေးတွေရှိတဲ့အခါလည်း ရှိတယ်။ ဒါမျိုး အခု ဒီကရတဲ့ကလေးတွေရဲ့ စာအုပ်တွေဟာ တအုပ်မှ မဟုတ်ဘူး။ ဘာသာပြန်ဆိုလည်း ဘာသာပြန်မို့နော်။ ဝတ္ထုတိုဆိုလည်း ဝတ္ထုတိုမို့။ ဇာတာဆိုလည်း ဇာတာမို့လို့ ကြိုးကြိုးစားစားနဲ့ စေတနာအပြည့်နဲ့ လုပ်ထားတဲ့ စာအုပ်တွေပါ။ စာရေးဆရာဟာနော်။ ဒေါ်ဒေါ်တသက်လုံး ခံယူထားတဲ့မူ၊ စေတနာရှိရမယ်။ ဖတ်မယ့်လူအပေါ်ကို ကိုယ်က စေတနာ အကြီးကြီး ထားရမယ်။ အဲဒါမှ စာကောင်းထွက်မယ်။ အခု ကိုရိုးကွန့်ဆိုရင် သူ့စေတနာက အင်မတန်ချစ်စရာကောင်းတယ်။ သူတို့လုပ်ဖော်ကိုင်ဖက် အတူတူ၊ ဘဝတူအလုပ်သမားတွေ၊ သူတို့ရဲ့ အဖြစ်အပျက်၊ သူတို့ရဲ့ အခြေအနေကို မှတ်တမ်းတင်မယ့်သူ မရှိဘူး။ ဒါ့ကြောင့်မို့လို့ သူ့အနေနဲ့ ရေးတတ် သလောက် သူမှတ်တမ်းတင်မယ် ဟုတ်လား။ တံငါအကြောင်းကို ကြယ်နီက ရေးတယ်။ ဆင်အကြောင်းကို ဖိုးကျော့က ရေးတယ်။ အဲဒီလိုမျိုး သူတို့စိန်လွန်တူးတဲ့ အလုပ်ကို ရေးမယ့်လူ မရှိဘူး။ သူရေးမယ်ဆိုပြီးတော့ ဘဝတူတွေအပေါ်ကို ကြီးမားတဲ့ စေတနာထားပြီးတော့ သူလုပ်တာ။ ဒါ့ကြောင့် စေတနာအကျိုးပေးတာ။ ဘာသာပြန်သမားဆိုတာကတော့။ တဘာသာမှာရှိတဲ့ အကြောင်းအရာကို အင်္ဂလိပ်စာ မဖတ်တတ်တဲ့လူတွေ ဖတ်ရပါစေတော့ဆိုတဲ့ စေတနာအကြီးကြီးထားပြီးတော့ ဘာသာပြန်တာ။

ဒေါ်ဒေါ်တို့ ဘာသာပြန်ရင်လည်း ဒီလိုပဲ စေတနာထားပြီး အင်္ဂလိပ်စာ မတတ်တဲ့လူတွေ ဖတ်ရပါစေ၊ သူတို့နားလည်ပါစေ။ တို့သိတဲ့အကြောင်းအရာမျိုး သူတို့

သိပါစေဆိုပြီးတော့ ပြန်တာပဲ။ အဲဒီတော့ ဘာသာပြန်သမား စေတနာဟာ အလွန်ကြီးပါ တယ်။

အဲဒီလိုပဲ တင်မမခိုင်လုပ်တဲ့ သုတေသနလုပ်ငန်းကလည်း တော်တော်ကို ကြီးကြီး မားမား။ သူ့ခများမှာ ငွေကုန်လူပန်းခံပြီး တော့ လုပ်တာ။ ဒါဟာ သူများခိုင်းတဲ့ Assignment တာဝန်ပေးချက် မဟုတ်ဘူး။ သူ့စေတနာနဲ့ သူလုပ်တာ။ ဘာဖြစ်လို့ ဒီလောက် အပင်ပန်းခံရလဲ၊ ဒီလောက် အကုန်ခံရလဲ။ စေတနာအကြီးကြီးထားလို့ လုပ်တာပေါ့။

အဲဒီတော့ သူတို့စေတနာတွေ သုံးယောက်စလုံး အကျိုးပေးတယ်လို့ ဒေါ်ဒေါ် ယုံကြည်တယ်။ အဲဒါကို ဒေါ်ဒေါ်တို့က အတူတူ ရေးသားနေကြတဲ့ ရောင်းရင်းတွေ ရဲဘော်တွေက ဘယ့်နှယ် ဒီလိုဆုရတယ်ဆိုတော့ ဝမ်းမသာပဲရှိပါ့မလဲ။ ဝမ်းသာတာ ပေါ့။

ဝမ်းသာတယ်ဆိုတာကလေးကို ရိုးရိုးမဟုတ်ဘဲနဲ့ ဒီလိုပွဲကလေးတခု၊ ဂုဏ်ပြုပွဲ ကလေးတခု လုပ်ချင်တယ်။ လုပ်ချင်ပေတဲ့ ခုပြောသလိုပဲ အခြေအနေအရပေါ့လေ။ အလိုက်အထိုက် ဗူးသီးကြွက်ကိုက်ပေါ့။ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မဟုတ်ပေမယ့်လို့ မှတ်မှတ်သားသားလေးဖြစ်အောင် အထိမ်းအမှတ်ကလေး ဖြစ်အောင် ဒေါ်ဒေါ်တို့ တတ်နိုင်သလောက် ရုန်းကြမယ်ဆိုပြီးတော့ လုပ်တဲ့ပွဲ ကလေး။

အဲသလို ဖြစ်သင့်သလောက်ဖြစ်တယ်၊ အောင်မြင်သင့်သလောက် အောင်မြင်တယ်။ ရွှေဝတ်ရည်က လာပြီးတော့ သူတို့လည်း ပါဝင်ချင်တယ်ဆိုတော့ ဒေါ်ဒေါ်က ဝမ်းသာလိုက်တာ၊ ဟာ ပါရမှာပေါ့ကွယ်၊ မင်းတို့ ဒီလိုလုပ်မှာဆို ကောင်းတာပေါ့။ ဒို့က ကြိုဆိုပါတယ်။ လာပါ။ နောက်တခါ မေမြို့ (ပြင်ဦးလွင်)ကနေ၊ ကိုရဲနိုင် ရောက်လာတယ်။ ဒေါ်ဒေါ် မဖိတ်မိပါဘူး။ မဖိတ်မိပေမယ့် အခု ဒေါ်ဒေါ်တို့ဆီ သူ ကိုရိုးကွန့်နဲ့ ဆက်ပြီးတော့ ရောက်လာတယ်ဆိုတော့ ဝမ်းသာလိုက်တာ။ ပိုပြီးတော့ ကျယ်ပြန့်သွားတယ် ဟုတ်လား။ စာပေသမားတွေ ပိုပြီးတော့ စုစည်းလာတယ်။

အဲဒီလိုဒေါ်ဒေါ်တို့ လုပ်ချင်တဲ့ဟာကလေးကို တခုသော သေးငယ်သော အတိုင်းအတာအထိ အောင်မြင်တယ်။ နောက်ကို လည်း စာပေသမားတွေ ဆက်ပြီးတော့ ကြိုးစားနိုင်အောင်၊ စေတနာကောင်း ထားနိုင်အောင်၊ ရေးနိုင်သားနိုင်အောင်၊ ဒေါ်ဒေါ်တို့ ဒီလိုဟာလေးတွေ လုပ်တာပဲ။ ဒေါ်ဒေါ်တို့ စာရေးတဲ့ ခေတ်တုန်းက ဒီလောက် မများဘူး။ မိန်းကလေးလည်း မိန်းကလေးမို့ ယောကျ်ားလေးလည်း ယောကျ်ားလေးမို့ တက်သစ်စကလောင်တွေ ဒီလောက်မများဘူး။ အခု အများကြီး ပေါ်ပေါက်လာတယ်။ အဲဒါကိုက အင်မတန် အားရစရာ ဝမ်းသာစရာကောင်းတဲ့ အခြေအနေပါ။

ဒီအခြေအနေမှာ စေတနာမှန်မှန်။ စေတနာမှန်မှန်ဆိုတာ စာဖတ်တဲ့လူအပေါ်ကို ကြီးမားတဲ့စေတနာထားတာ ပြောချင်တာပါ။ ပြီးတော့ ကိုယ်ကိုင်စွဲတဲ့အမြင်။ ယုံကြည်ချက်မှန်မှန်။ ပြီးတော့ ကြိုးကြိုးစားစားနဲ့ လုံ့လဝီရိယနဲ့ ဆက်ပြီးတော့ ရေးကြ။ ဒီလောက် ရေးလို့ရရင် ဒီလောက် ရေးရမှာပဲ။ ဟိုလောက်ရေးလို့ရရင် ဟိုလောက်ရေးရမှာပဲ။ ဒီလောက်ဆိုရင် ဒီလောက်ပဲ။ အဲဒီ အထဲမှာ ဖြစ်အောင်ရေး။ ကြိုးစားရေး။ ဘယ်တော့မှ ကိုယ့်ဘက်က မလျှော့နဲ့။ ကိုယ့်ကြိုးစားမှု မလျှော့ပါနဲ့။ အဲဒါဆိုရင် စာကောင်း ထွက်လာမှာပါနော်။

ဒေါ်ဒေါ် အခု လူငယ်တွေမြင်တိုင်း မြင်တိုင်းလေ စိတ်ထဲမှာ ဘယ်လိုခံစားရမှန်း မသိဘူး။ တက်ကြွတာ၊ အားရတာနော်။ ဘယ်လောက် သူရေးလို့ဖြစ်လည်း ဒါ သူ့အရည်အသွေးပဲ။ ကိုယ်ဖြစ်လည်း ကိုယ့်အရည်အသွေးပဲ ဆိုသလိုပဲ။ ပန်းပေါင်း တရာ ပွင့်တယ်ဆိုတာ မှန်တယ်။ လူတိုင်း လူတိုင်းမှာ လူတွေရဲ့ တီထွင်မှုစွမ်းအားဟာ တိုင်းတာလို့ မရပါဘူး။ ရှိနေတာ။ အဲဒါဟာ လိုအပ်တဲ့ ပေါင်းသင်ပေးမှု။ ထိုက်သင့်တဲ့အားပေးချီးမြှောက်မှု။ ပြီးတော့ ရှိသင့်ရှိထိုက်တဲ့ အခွင့်အလမ်းကလေး။ အဲဒါကလေးတွေရှိရင် ပေါ်လာတာ။ ပေါက်လာတာ။ ဒေါ်ဒေါ်တို့က မြေတောင်မြှောက်ချင်တာ။ ဒါမှ အများကြီး ပန်းပေါင်းတရာပွင့်မယ်။ ပန်းပေါင်း တထောင်ပွင့်မယ်။ ပွင့်လာလေသမျှဟာ ကောင်းတာချည်းပဲ။ လှတာချည်းပဲ။

မွေးတာချည်းပဲ။

သူ့အဆင်းနဲ့ သူ။ သူ့ရနံ့နဲ့သူ၊ သူ့အနေအထားနဲ့သူ။ ဒီလိုဖြစ်လာအောင်နော်။ အခု ဒီမှာရှိတဲ့ ကြုံရတဲ့လူငယ်ကလေး တွေကို ဒေါ်ဒေါ်က ပြောချင်တာ။ ကြိုးစားကြ။ ဘာပဲဖြစ်ဖြစ် ဖတ်စရာရှိရင်ဖတ်။ စာမဖတ်ရင် စာရေးဆရာ မဖြစ်ဘူး။ နောက်ပြီးတော့ ကြားနာစရာရှိရင် ကြားနာ။ တွေးစရာရှိရင်တွေး၊ စာရေးဆရာဟာ တွေးရတယ်နော်။ တွေးရတယ်ဆိုတာ ကိုယ်ဖတ်တာ၊ တွေ့တာ၊ ကြားတာဟာ သဘာဝယုတ္တိ ရှိသလား။ ဒါ ဘယ်အကျိုးသက်ရောက်သလဲ။ ဘယ်လို ဖြစ်တာလဲဆိုတာ စဉ်းစားရတယ်။ တွေးရတယ်။ အဲဒီအတွေးအခေါ်မှန်ရင် သိပ်ကောင်းတာ။ ကိုယ့်အဖို့ သိပ်အထောက်အကူဖြစ်တာ။ အဲဒီတော့ ဖတ်စရာ ရှိရင်လည်းဖတ်။ တွေးစရာရှိရင်လည်း တွေး။ ရေးစရာရှိရင်လည်း ရေး။ ရေးတာကလည်းလေ ခဏခဏ ရေးလေ ပိုပိုကောင်းလေပဲ။ စာတပုဒ်ဟာ စိတ်တိုင်းမကျရင် လက်မလွှတ်နဲ့။ မကြိုက်သေးရင်လည်း လက်မလွှတ်နဲ့။ ပြန်ရေး။ ပြင်ရေး။ အကြိမ်ကြိမ်ရေး။ ရေးရင် ကောင်းလာတာပဲ။ အဲဒီတော့ ရေးပါ။ ကြိုးစားကြပါ။ အကုန်အားထုတ်ကြပါ။ ဒီလို ဆုရတာတွေ ခဏခဏ ဒေါ်ဒေါ်တို့ ပွဲလုပ်နိုင်ပါရစေ။ ဟုတ်လား။ နို့ပြီးတော့ အားလုံး အားလုံး တစိတ်တဝမ်းတည်း မောင်လို နှမလို ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နဲ့ လက်တွဲသွားရ အောင်လို့ ပြောပြီး ဒေါ်ဒေါ်နိဂုံးချုပ်ပါမယ်။

ဆရာကြီးရွှေဥဒေါင်း နှစ်တရာပြည့်

အမရပူရတောင်လေးလုံးကျောင်း

(၂၄.၁၀.၈၉)

ဆရာကြီး ရွှေဥဒေါင်း ၁၉၈၉ ခုနှစ်မှာ အသက်တရာပြည့်လိမ့်မယ်ဆိုတာ ဆရာကြီး စာပေကို ထိန်းသိမ်းကြတဲ့ ကျွန်မတို့အဖွဲ့က ဒီရက်မတိုင်ခင် လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက သတိရပါတယ်။ အဲဒီအဖွဲ့က ဘယ်သူတွေပါတုန်းဆိုတော့ ဦးလှ မရှိတဲ့နောက် ကျွန်မရယ်၊ ဆရာသုခရယ်၊ ကိုဝင်းတင်ရယ်၊ ဆရာ သော်တာဆွေရယ် လေးယောက်ပါပါတယ်။ အဲဒီအဖွဲ့က ဆရာကြီး အသက်တရာပြည့်လို့ရှိရင် ဂုဏ်ပြုပွဲလေး ကျင်းပမယ်။ နောက်ပြီးတော့ ဆရာကြီးစာမူခလေးတွေ ရထားတာ စုပြီးတော့ စာပေဆု ပေးမယ်ဆိုတဲ့ လျာထားချက် ရှိပါတယ်။ ရှိတော့ ကျင်းပဖြစ်ရင် ဘယ်လိုလုပ်မယ် ဘာမယ်ဆိုတာကို အသေးစိတ် မဟုတ်ပေမယ့် အကြမ်းဖျင်း တိုင်ပင်ပါတယ်။ တိုင်ပင်တဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ နီးနီးလာတော့ ဆရာကိုဝင်းတင်က ဘာပြောသလဲဆိုတော့ ဒေါ်ဒေါ်ရယ်တဲ့ ဆရာကြီး ရာပြည့်ပွဲကို ကျွန်တော်ကတော့ မန္တလေးမှာပဲ ကျင်းပစေချင်တယ်တဲ့။ ဘာပြုလို့တုန်းဆိုတော့ အခြေအနေအရ ကျွန်တော်တို့ ရန်ကုန်မှာ သိပ်ပြီးတော့ စည်စည်ကားကားလုပ်လို့ ဖြစ်ချင်မှ ဖြစ်မယ်တဲ့။ မန္တလေးမှာ စည်စည်ကားကား လုပ်ရအောင်။ ကျွန်တော်တို့လည်း လာမှာပေါ့ ဒေါ်ဒေါ်တဲ့။ ဘယ်လိုစည်ကားချင်တာတုန်းဆိုတော့ သူက မြို့လယ်ခေါင်က ဓမ္မသာလာမှာ လူစုလူဝေးနဲ့ အစည်းအဝေးကြီးလုပ်ပြီး ဆရာကြီးရဲ့ ရာပြည့်ပွဲမှာ သူ့စာတွေအကြောင်း ဟောပြောပွဲကြီး လုပ်တာမျိုးဖြစ်အောင် ကျွန်တော်တို့ ကြိုးစားကြရအောင် ဆိုတော့ ကျွန်မကလည်း သဘောတူတယ်။ ကျွန်မတို့ မန္တလေးမှာ ရှေးက ဓမ္မဗိမာန်မှာ စာဆိုတော်ပွဲတွေ နှစ်တိုင်း နှစ်တိုင်း လုပ်ခဲ့ တာ စာပေဝါသနာပါသူတွေ ဘယ်သူဖြစ်ဖြစ်တက်ကြ၊ ရဟန်းသံဃာတွေရော ကျောင်းသားတွေရော ဈေးသူဈေးသားတွေရော သည့်ပြင်

လူမျိုးစုံတက်တဲ့ စာပေပွဲတွေ လုပ်နေကြဆိုတော့ အဲဒီလိုဟာမျိုး လုပ်ချင်တယ်တဲ့။ ဆရာကြီးပွဲကိုလေ။

ဆရာကြီး ရွှေဥဒေါင်းရဲ့စာပေက တနိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့စာပေ။ အဲဒါကြောင့် ကောင်းသားပဲ ကိုဝင်းတင်လို့ အဲဒီလို ပြောထားတယ်။ နို့ပေမယ့်လို့ ကျင်းပဖို့ နီးနီးလာတဲ့အခါကျတော့။ ဆရာသုခက ဂျပန်ပြည်ကို ထွက်သွားတယ်။ သူက

--------- ခေါ်လို့ဆိုပြီးတော့ သွားတာပါ။ အဲဒါ ဟိုတလောတုန်းက သူ့ဆီက စာရတယ်။ အောက်တိုဘာလကျ ပြန်လာမယ်တဲ့လို့။ ဒါနဲ့ ကျွန်မက စာပြန်ရေးတယ်။ ၂၄ ရက်နေ့ အောက်တိုဘာလမှာ ကျွန်မတို့ ဆရာကြီးပွဲလုပ်မယ်။ အဲဒီပွဲ အမီ ဆရာ ပြန်ခဲ့ပါနော်၊ ကျွန်မတို့ မန္တလေးကိုလည်း ဆရာလာဖြစ်အောင်လာပါ၊ မန္တလေးမှာ လုပ်မယ်ဆရာဆိုပြီး စာရေးပါတယ်။ သူ့ဆီက စာပြန်လည်း မလာဘူး။ ဒီနေ့ထိလည်း ကျွန်မ သတင်းမရဘူး။ ဆရာ ဘယ်ရောက်နေပြီလို့ သတင်း မရောက် လာပါဘူး။

နောက်တခါ ကိုဝင်းတင်။ ကိုဝင်းတင်ကလည်း အကြောင်းမညီညွတ်တော့ပါဘူး။ ဒီပွဲကလေး မတိုင်ခင်ကပါ။ နောက်တခါ ဆရာသော်တာတွေ။ သူရေးသားနေသော ဆောင်းပါးတွေကို ဖတ်ရခြင်းအားဖြင့် သူ့မိန်းမက နေမကောင်းလိုက်၊ သူက နေမကောင်းလိုက်နဲ့ သူတို့မှာ ကျန်းမာရေး အင်မတန် ကယိကထတွေ များနေရှာတယ်။ နို့ပေမယ့် ကျွန်မက သူ့လည်းတိုင်ပင်ဦးမှ ဆိုပြီးတော့ သူနဲ့ တယ်လီဖုန်း ဆက်ဖို့ အကြိမ်ကြိမ်ကြိုးစားပါတယ်။ သူ့ကိုတွေ့ဖို့ သောင်းပြောင်းထွေလာ ဆက်လို့လည်း မရ၊ ဘယ်လိုလုပ်လို့မှ မရဘူး။ ဒီတော့ သူ့ကို ဖိတ်စာ စာတိုက်က လှမ်းပို့တာကလွဲလို့ တခြားဘာမှ ကျွန်မ အဆက်အသွယ်မရဘူး။ အဲဒီတော့ ဒီပွဲအတွက် ကျွန်မတယောက်တည်း ကျန်နေတာပါ။ ကျန်နေပြီးတော့ ပွဲလုပ်မယ့် ရက် နီးလာလေ နီးလာလေ။ ဖြစ်ချင်တဲ့ ဓမ္မသာလာမှာ လုပ်လို့ဖြစ်ပါ့မလား၊ ဖြစ်ပါ့မလားဆိုတဲ့ တွေးစရာတွေက ဖြစ်လာလေ။ နောက်ပိတ်ဆုံးကျတော့ ဘာဆုံးဖြတ်ရမှန်းမသိဘူး။ ဘယ်သူနဲ့ တိုင်ပင်ရမှန်းမသိဘူး။ မောင်စောလွင်ကို သတိရ

လိုက်တာ။ ဒီလိုကိစ္စ ဒီလိုပွဲတွေရှိရင် မောင်စောလွင်က ကျွန်မ လက်ကသုံး တောင်ဝှေး။ ခု သူလည်းမရှိဘူး။ မောင်ကိုလေးနဲ့ မောင်ကြည်အောင်တို့ နှစ်ယောက်က မောင်စောလွင်ဆုံးတုန်းကလေ မောင်စောလွင် မရှိပေမယ့် ဒေါ်ဒေါ် အားမငယ်နဲ့ ကျွန်တော်တို့ ရှိတယ်တဲ့။ ဟော–ပွဲလုပ်တော့ ဟို မငွေမြိုင်ဆိုတဲ့ သီချင်းလို ဘယာတုပ်ကွေးကြောင့် လေးလ လောက်.....ဆိုပြီးတော့ ပေါ်မလာဘူး။ ဖျားနေတာတဲ့။ ဟိုတယောက်လည်း မပေါ်လာဘူး။ ကျွန်မမှာလေ ဘယ်နေရာ လုပ်ရမလဲ ဒီပွဲ။ လူဘယ်နှစ်ယောက် ဖိတ်ရမှာတုန်း ဘယ်ပုံစံနဲ့ လုပ်လို့ ဖြစ်မှာ တုန်း။ ဟာ တယောက်တည်း စိတ်ဆင်းရဲလိုက်တာ။ ကလေးတွေကို ခေါ်ပြီး ကဲ ဒီလို ဒီလို ဖြစ်နေတယ်။ ဘယ်လို လုပ်မတုန်း၊ ကလေးတွေနဲ့ တိုင်ပင်ပြီး သူတို့နဲ့ ဖြစ်သလို စီစဉ်ရပါတယ်။

အဲဒီတော့ ဒါနဲ့ပတ်သက်ပြီးတော့ ဖိတ်စာမရဘူး။ မျက်နှာလိုက်တယ် ထင်တာတို့၊ မကျေနပ်တဲ့လူတွေ ရှိရင်ရှိမယ်။ ရှိရင် လည်း အပြစ်တင်ချင်တင်မယ်။ တင်လည်း ကျွန်မတို့က အပြစ်တင်ခံရုံပဲ။ ဘာမှ မတတ်နိုင်ဘူး။ ကျွန်မတို့မှာ ဒီလို အခက်အခဲ တွေ ကြားထဲက ဒီပွဲလေးကို နောက်ဆုံးကျတော့ ဆရာတော့်ဆီကိုလာ ခေါင်းနဲ့ခွေ့ ပြီးတော့ ခါတိုင်းလုပ်နေကျ စာပေပွဲကလေးမျိုးပဲ လုပ်ကြပါစို့ ဆရာတော် ဆိုပြီး တော့ ဒီတောင်လေးလုံးကို ပြေးလာတာပါ။ တောင်လေးလုံးပြေးလာတော့လည်း တောင်လေးလုံး ဆိုတာက ထမင်းပွဲတွေနဲ့ လုပ်တတ်တဲ့ပွဲ။ အဲဒီတော့ ဒကာမကြီး ဝက်သားတပိဿာရှစ်ဆယ်ဈေးနဲ့ ဖြစ်ပါ့မလားတဲ့။ အဲဒီလိုဟာတွေ ပေါ့လေ။ ကျွန်မတို့က ကိုင်း–ဖြစ်အောင်လုပ်တာပေါ့ဘုရား ဆိုပြီးတော့ ကုန်းရုန်းပြီး အဖြစ် လုပ်ကြတဲ့ပွဲပါ။ သတိရလိုက်တာကတော့ အကုန်လုံးကိုပါပဲ။ မိုးသူတို့ကိုလည်း လာစေချင်လိုက်တာ။ သူက ပါးစပ်ပြဲကြီးနဲ့ ဒေါ်ဒေါ် ကျွန်တော်လာမှာ ကျွန်တော် ဒီပွဲလာမှာ။ ကျွန်တော် ဘာလုပ်မှာ ညာလုပ်မှာ။ ဒီပြင်လူတွေလည်း အကုန်လုံး သတိရတယ်။ မဖိတ်ရတဲ့လူရော၊ ဖိတ်ရတဲ့လူရော။ နို့ပေမယ့် အဲဒါတွေဟာ သတိရတာတွေပဲ ရှိတယ်။ စကားအဖြစ် ပြောရတာပဲရှိတယ်။ အကောင်အထည်

ဖော်လို့ မလွယ်ပါဘူး။ ဒါ့ကြောင့် ကျွန်မတို့ကို မကျေနပ်လို့ အပြစ်တင်ချင်လည်း တင်ပါနော်။

ဒီအခြေအနေမှာ ကျွန်မတို့ ဒါပဲတတ်နိုင်လို့ ဒီလောက်ပဲ လုပ်ရပါတယ်လို့ ကျွန်မ ပြောချင်ပါတယ်။ အဲဒါ ပွဲအကြောင်းနဲ့ပတ်သက်လို့ပါ။ နောက်တခုက ဆရာကြီးနဲ့ ပတ်သက်ပြီးတော့ ဆရာကြီးဟာ စာရေးဆရာကြီး။ စာအုပ်ပေါင်း မြောက်များစွာ ရေးခဲ့တယ်။ သူရေးခဲ့တဲ့စာအုပ်တွေ စာတွေဟာ ဂန္ထဝင်ထဲမှာ မသေတာတွေ အများကြီး။

ခုနက လင်းယုန်ကိုမောင်မောင်က ပြောသွားတယ်။ ဆရာကြီးရေးတဲ့ စုံထောက်ကြီး မောင်စံရှားနဲ့ မြသန်းတင့်ဘာသာပြန် တဲ့ ကိုနင်ဒွိုင်းရဲ့ ရှားလော့ဟုမ်းနဲ့ မတူတဲ့ အကြောင်း သူက ပြောပါတယ်။ ကျွန်မက သူ့ကိုဖြည့်ချင်သေးတယ်။ မတူရုံတင် မကဘူး. ကိုနင်းဒွိုင်းရေးတဲ့ ရှားလော့ဟုမ်းကို ကျွန်မလည်း ဖတ်ပါတယ်။ အင်္ဂလိပ်စာ အထိုက်အလျောက် နားလည်ပါတယ်။ ဖတ်ပါတယ်။ ဒါပေမယ့် မောင်စံရှားလို မကြိုက်ပါဘူး။

ရှားလော့ဟုမ်းထက် ရွှေဥဒေါင်းရေးတဲ့ မောင်စံရှားက ကောင်းပါတယ်။ နောက်ပြီး ကျွန်မတို့ မြန်မာ့အသည်းနှလုံးမှာ မြန်မာ့ဦးနှောက်မှာ ရွှေဥဒေါင်းရဲ့ မောင်စံရှား ဟာ ဘယ်သူနဲ့မှာ မဖလှယ်နိုင်ပါဘူး . . . . ။ လဲလှယ်လို့ မရတော့ပါဘူး။ အဲသလောက် ဆရာကြီး ကလောင်က ကောင်းပါတယ်။ နောက်ပြီးတော့ မှီးတာနဲ့ ပတ်သက်လို့ ဆရာကြီးက သူ့ဖာသာ သူထွင်ပြီးတော့ရေးတာ။ ရေသာခိုတာ မဟုတ်ပါဘူး။ သူသက်သာခံတာ မဟုတ်ဘူး။ သူ့ကို သူရိယ ဦးဘဖေတို့က ခိုင်းတာပါ။ သူက ရန်ကြီးအောင် ရေးပြီးတော့ ရန်ကုန်ဆင်းတယ်။ ဆင်းတဲ့အခါ ဦးဘဖေက သူ့ကို မြန်မာမှုပြုပေးပါဆိုပြီးတော့ အင်္ဂလိပ်လို စာအုပ်တအုပ် ထိုးအပ်ပါတယ်။ သူတို့က ကျွန်မအထင်ပြောရရင် ဦးဘဖေတို့ကလည်း ဂျိမ်းစ် လုကျော်ရဲ့ မောင်ရင်မောင် မမယ်မကို တွေ့တာနဲ့ မှီးတာကို ဦးဘဖေတို့က စိတ်ကူးရတာနဲ့ တူတယ်။ ဒါကြောင့်မို့လည်း မှီးရေးဖို့ စာအုပ်ထိုးပေးတယ်

ထင်ပါတယ်။

သူတို့ခိုင်းလို့ ရတနာပုံကိုရေးတာ။ ဒီနောက်တခါ ရှားလော့ဟုမ်းကို ထိုးပေးတာ။ ထိုးပေးတော့ ဒါလည်း မြန်မာမှုပြုဦးဆိုတော့ သူက ရှားဆိုတဲ့ဟာကို အမိအရ ယူပြီးတော့ မောင်စံရှား နာမည်မှည့်တာပါ။ ဆရာကြီး လုပ်လိုက်ပုံက အဲဒီလို။ ရှားတလုံးတည်းနဲ့ ဗမာမောင်စံရှားဖြစ်အောင် လုပ်လိုက်ပုံဟာ ကျွန်မတို့ မြန်မာ့ အသည်းနှလုံးကို ဘယ်လောက် ခိုက်စေသလဲဆိုတာ အင်မတန် အတုခိုးစရာ ကောင်းပါတယ်။ ကျွန်မတို့ကတော့ အဟုတ်ကို မောင်စံရှားဆိုတာ တကယ့် အခိပ္ပါယ်အားဖြင့်လည်း တူသူမရှိတဲ့လူ။ စုံထောက်နာမည်ကလည်း ကောင်းလိုက်တာ။ မောင်စံရှားတဲ့။ မောင်စံရှားဟာ စုံထောက်နာမည်ပါပဲ။ ဈေးသည်နာမည် မဟုတ်ဘူး။ ရထားသမားနာမည် မဟုတ်ဘူး။ စုံထောက် မောင်စံရှား။ အဲဒီလို ဖြစ်အောင် ဆရာကြီးက သေသေချာချာ လုပ်ပေးလိုက်တာပါ။ အဲဒီတော့ ဆရာကြီး ရဲ့ အတွေးအခေါ် ဆရာကြီးရဲ့ Choice က သိပ်ပြီးတော့ သဘောကျစရာ ကောင်းတာပါ။ ဆရာကြီးရဲ့ စာတွေနဲ့ ပတ်သက်လို့ ပြောကြဆိုကြတဲ့အခါမယ် ဆရာကြီး သတင်းစာဆရာလုပ်တာနဲ့ ပတ်သက်လို့ ပြောတဲ့ ရေးတဲ့လူ နည်းပါ တယ်။ ဒါကြောင့် သတင်းစာဆရာကြီး ရွှေဥဒေါင်းဆိုပြီးတော့ သူ့သတင်းစာ အလုပ်နဲ့ ပတ်သက်ပြီးတော့ နည်းနည်း ပြောချင်လို့ပါ။ အရှည်ကြီးမပြောပါဘူး။ ကျွန်မ တိုတိုလုပ်ထားပါ တယ်။

စာရေးဆရာ သတင်းစာဆရာကြီး ရွှေဥဒေါင်း

(၁၈၈၉–၁၉၇၃)

နှစ်တရာပြည့် ၁၈၈၉–၁၉၈၉

ဆရာကြီးရွှေဥဒေါင်းကို လွှတ်ရုံးစာရေး ဦးဇရာနဲ့ စာတော်ဖတ် တနင်္ဂသီရှာစား ဒေါ်ရွှေတို့က ၁၈၈၉ အောက်တိုဘာ (၂၄) ရက်နေ့ (ကမ္ဘာ့ကုလသမဂ္ဂနေ့)မှာ မန္တလေးမြို့ ဇချိုင့်ရပ်မှာ မွေးဖွားခဲ့ပါတယ်။ နာမည်ရင်းက မောင်ဖေသိန်းပါ။

အသက် (၄) နှစ် အရွယ်ကတည်းက မယ်သီလရှင်ကျောင်းနဲ့ ဘုန်းကြီးကျောင်းမှာ စာစသင်တယ်။ သူစာသင်တဲ့ ဘုန်းကြီးကျောင်းက အိမ်တော်ရာဘုရားတောင်ဘက် ဒက္ခိဏာဝန်တိုက်က မြိတ်ဘုန်းကြီး ဦးနန္ဒရဲ့ကျောင်း။ ဒီဘုန်းကြီးက အတွေးအခေါ် အမြော်အမြင် အလွန်ခေတ်မီတိုးတက်မှု ရှိတာကြောင့် ကျောင်းသူကျောင်းသားတွေ ဟိုခေတ်ကထုံးစံ နောဇက နောဆိုတဲ့ ကိုးကြောင်းတွက်မျိုးကို မသင်စေဘဲ သင်္ချာနဲ့ အင်္ဂလိပ်စာပါ သင်ပေးပါတယ်။ မြိတ်ဆရာတော် ဦးနန္ဒကျောင်းက (၄)တန်း အောင်တဲ့အခါ ဒီကျောင်းသားတွေ ကျောင်းဆက်နေဖို့ ဆရာတော်က မန္တလေး မြို့ပေါ်မှာ ဗုဒ္ဓဘာသာအင်္ဂလိပ် စာသင်ကျောင်းတကျောင်း ပေါ်ပေါက်အောင် ဒကာမတွေကို လှုံ့လထုတ်ခိုင်းပြီး ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်း၊ အတိုကောက် BTN ဘီတီအင်ကျောင်းဆိုတာကို စတင်တည်ထောင် ဖွင့်လှစ်စေခဲ့ပါတယ်။ ခရစ်ယာန် သာသနာပြုများက မန္တလေးမှာ ဘုရင်ပါတော်မူ အပြီး (၂)နှစ်ပဲ ကြာသေးတယ်။ အမေရိကန်နှစ်ခြင်း သာသနာပြုကျောင်း အင်္ဂလိပ်လိုအတိုကောက် ABM (အေဘီအမ်) ကျောင်းကို ဆရာယုဒသန်တို့ဂိုဏ်းက ဦးစီးပြီး ဖွင့်လှစ်နေပါပြီ။ ဆရာကြီးရွှေဥဒေါင်းက BTN ကျောင်းမှာ (၅) တန်းတက်ပြီး (၅) တန်းအောင် တော့ ဘီတီအင်က (၆) တန်းမဖွင့်နိုင်သေးတာနဲ့ အေဘီအမ်ကျောင်းကို ပြောင်းပြီး စာဆက်သင်တယ်။ အေဘီအမ်ကျောင်းကပဲ (၉)တန်း စာမေးပွဲ ၁၉၀၈ ခုနှစ်မှာ အောင်ပါတယ်။ အဲဒီတုန်းက (၉) တန်းအောင်ပြီး သူဟာ တက္ကသိုလ်တို့ ကောလိပ် တို့ကို ကျောင်းတက်လို့ ရပြီ။ (၁၀) တန်းဆိုတာ မရှိသေးဘူး။ ဒါ့ကြောင့် (၉) တန်းစာမေးပွဲကို အင်ထရင့်စာမေးပွဲ (တက္ကသိုလ်ဝင်စာမေးပွဲ) လို့ ခေါ်တယ်။ ပြီးတော့ ဒီမြန်မာပြည်က အင်ထရင့်စာမေးပွဲတွေကို ကြီးကြပ်စစ်ဆေးတဲ့ တက္ကသိုလ်က ကာလကတ္တားက တက္ကသိုလ်။ ဒါကြောင့် အင်ထရင့် စာမေးပွဲကို ဘင်္ဂလားစာမေးပွဲလို့လည်း ခေါ်တယ်။ ဆရာကြီး ရွှေဥဒေါင်းဟာ ဘင်္ဂလားစာမေးပွဲ အောင်သူပေါ့။

စာမေးပွဲအောင်ပြီး ကောလိပ်ဆက်မနေနိုင်ဘူး။ ဒါကြောင့် အလုပ် ထွက်လုပ်တယ်။

ဆရာကြီး တသက်မှာ အလုပ်ပေါင်း (၂၀) ကျော် လုပ်ဖူးတယ်။ ဘယ်အလုပ်မှာမှ ဆရာကြီးက ကြာရှည်လေးမြင့်လုပ်တာ မဟုတ်ဘဲကလား။ သူ ဘယ်အလုပ်မှာမှ (၃) နှစ်ထက် ပိုကြာအောင် မလုပ်ဖူးဘူးတဲ့။ စာရေးဆရာဖြစ်ဖို့အတွက် အတွေ့အကြုံတွေပေါ့လေ။ ကျောင်းကထွက်ထွက်ချင်း ဘီတီအင်ကျောင်းမှာကျောင်းဆရာ၊ နောက် ABM ကျောင်းမှာ ကျောင်းဆရာ၊ နောက် ရွှေဘိုအရေးပိုင်ရုံးမှာ အကူစာရေး၊ နောက် ရွှေဘိုသစ်တောရုံးမှာ စာရေးများ လုပ်ခဲ့တယ်။ ၁ နှစ်ကျော်အတွင်း အလုပ် (၄)ခု ပြောင်းတာပါ။ ၁၉၀၉ ခုနှစ်ရောက်တော့ လယ်ယာစိုက်ပျိုးခြင်းနဲ့ သမဝါယမအသင်း မင်းကြီးရုံးမှာ တောလိုက်စာရေး (၃) နှစ်လုပ်ပြီး မြန်မာပြည်တနံတလျားကို မင်းကြီးနဲ့အတူ လိုက်သွားယင်း လှည့်လည်ခဲ့ရတယ်။ နောက် ဒီအလုပ်ကိုငြီးငွေ့လို့ အလုပ်ထွက်ပြီး မိဘဆီကပ်စားနေတယ်။ သုံ့စရာစွဲစရာမရှိတော့ စာရေးစမ်းကြည့်ဖို့ စိတ်ကူးရလာတယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်စာဟာ ရုံးသုံးဘာသာစကားပါ။ ဒါကြောင့် ကျောင်းနေတဲ့ ကျောင်းသားက အင်္ဂလိပ်စာတော်ဖို့ လုံးပန်းကြတယ်။ ဒါမှလည်း မျက်နှာပွင့် အလုပ်ရလွယ်တယ်။ ဆရာကြီးကလည်း အင်္ဂလိပ်စာတော်ချင်လို့ အင်္ဂလိပ်စာအုပ်တွေ သိပ်ဖတ်ခဲ့ပါတယ်။

ဘယ်အထိဖတ်သလဲဆိုရင် အပျော်ဖတ် ပသီပုံပြင် တထောင့်တည Arabian Nights လို စာအုပ်မျိုးကစပြီး အပျော်ဖတ် ရေးနိုးရဲ့ ဝတ္ထုတွေ၊ ဒိနောက် တဆင့်တက်ပြီး အင်္ဂလိပ်ဂန္ထဝင်ဝတ္ထုတွေကို အကုန်လောက်နီးပါး ဖတ်ခဲ့တယ်။ ပြီးမှတခါ စာအရေးအသား ကောင်းလှတယ်လို့ (အင်္ဂလိပ်ဂန္ထဝင်မှာ) နာမည်ကြီးလှတဲ့ မကောလေးရဲ့ Essays တွေကို ဖတ်ပြန်တယ်။ ဖတ်တဲ့အခါ ဒီဆရာကြီး မကောလေးရဲ့ အရေးအသားတွေက ကောင်းလွန်းလို့ ဦးလေးသိန်းက ကြိုက်လွန်းလို့ အာရုံစူးစိုက်ပြီး စာပေါင်းများစွာကို ဖတ်လာတော့ သူ့အရေးအသားတွေဟာ ဦးလေးသိန်းအထဲ စိမ့်ဝင်နေတယ်။ ပြီးတော့ ဦးလေးသိန်းက တနေ့တော့ အင်္ဂလိပ်လို ရေးတတ်တဲ့ စာရေးဆရာဖြစ်ချင်တာတဲ့။ (ဆရာကြီးက ကျွန်မအမေနဲ့

ဦးစွန်းဖုတ်အရွယ် ကတည်းက ကစားဖက်၊ အဖေနဲ့ကတော့ ကျောင်းနေဘက် သူငယ်ချင်း၊ အဖေ့ထက် ၄၂ ရက် ငယ်တာမို့ ကျွန်မတို့က ဦးလေးသိန်း လို့ တသက်လုံးခေါ်တာပါ။ ဒါကြောင့် ကျွန်မစကားထဲ ဆရာကြီးရော ဦးလေးသိန်း ရော ရောထွေးနေတာကို ခွင့်ပြုကြပါ။) နို့ပေမယ့် အဲဒီအဆင့်ရောက်ပြီလို့ မထင်မှတ်သေးခင် အလုပ်မရှိဘဲနဲ့ သုံးစွဲစရာကျပ်တည်း ပြတ်လပ်လာတော့ မြန်မာလိုဝတ္ထုတပုဒ် ရေးစမ်းကြည့်တယ်။ အင်္ဂလိပ်လိုရေးတဲ့ ဝတ္ထုပေါင်း မရေ တွက်နိုင်အောင် ဖတ်ခဲ့ဘူးတဲ့ငါ မြန်မာလို ရေးစမ်းရင် ဖြစ်နိုင်ကောင်းရဲ့ဆိုပြီး ပထမဆုံးအကြိမ် အဖေ့ဇာတိ မန်ကျည်းတုံရွာမှာ “ရန်ကြီးအောင်” ဝတ္ထုကို စရေးကြည့်တယ်။

ဦးလေးသိန်း စာစရေးတာ ကျွန်မမမွေးခင် ၂၁ ရက်မှာ ရေးတာပါ။ အဲဒီပထမဆုံးရေးတဲ့ဝတ္ထု ရန်ကြီးအောင်ဝတ္ထုကို ၂ လနဲ့ ၁၃ ရက် ရေးရတယ်။ စားပွဲကုလားထိုင်နဲ့ ရေးနိုင်တာ မဟုတ်ဘူး။ ကျွန်းသေတ္တာကြီးပေါ် တင်ရေးရတာ။ စာရေးဆရာဆိုတာ ညမှာစာရေးတယ်ဆိုလို့ ဆောင်းညတွေမှာ မီးလင်းဖိုနဲ့ ရေးတယ်။ ရေးပြီးသမျှ အိမ်သူအိမ်သားတွေကို ဖတ်ပြလိုက်၊ သူတို့အဝေဖန်ခံ လိုက်၊ သူတို့အိပ်ကြတော့ ဆက်ရေးလိုက်နဲ့ ရေးတာတဲ့။ အမေက ဝိဇယကာရီ ဣန္ဒာဝံသတို့ကို ဖတ်လာတဲ့စာတော်ဖတ်၊ အဖေက လွှတ်ရုံးသားဆိုတော့ သူတို့ ဘဝင်မကျတာကို ထောက်ပြ ပြင်ပေးသတဲ့။ ဆရာကြီးရဲ့ အမေကတော့ ရှိပြီး ဝိဇယကာရီတို့လို ခံ့ညားတဲ့ စီရေးနှုန်းဖွဲ့မှု မရှိပေမယ့် ဇာတ်ကွက်ဇာတ်အိမ်နဲ့ ဇာတ်လိုက်တွေရဲ့ အကျင့်စာရိတ္တ တည်ကြည်ပုံရေးတာက စိတ်ဝင်စားနှစ်သက် စရာ ကောင်းတယ်လို့ ချီးကျူးသတဲ့။ ဒီဝတ္ထုကို ပထမ မန္တလေးတိုင်း သတင်းစာ တိုက်ကို ပေးတယ်။ စာပြင်ဆရာ ဆရာသင်က သူပြင်ရေးချင်တယ်ဆိုလို့ ပြန်ယူ ပြီး သူရိယဦးဘဘေဆီ ပို့လိုက်တော့ တော်တော်နဲ့အကြောင်းမပြန်ဘူး။အကြိမ်ကြိမ် နှိုးဆော်စာရေးတော့မှ ဝတ္ထုစာမူဖတ်သူက ဦးဘကလေးဖြစ်နေလို့ ချက်ချင်း မသိရတာဆိုပြီး မေလမှာ ဒီဝတ္ထုကို ၁၀၀ ကျပ်နဲ့ ဝယ်မယ်လို့ စာပြန်လာတယ်။

အဲဒီစာရတော့ "ငါသည် စာရေးဆရာတယောက် ဖြစ်ချေပြီ" လို့ ပိုင်းဖြတ်လိုက်သတဲ့။

နောက် ရန်ကုန်ဆင်းပြီး ဦးဘဘေနဲ့ တွေ့တဲ့အခါ ဦးဘဘေက East Lynn ကိုမှီးပြီး မြန်မာဝတ္ထုတပုဒ် လုပ်ပါလို့ခိုင်းလို့ ရတနာပုံဆိုတဲ့အမည်နဲ့ မှီးပေးလိုက်တယ်။ အဲဒါကို စာမူခ ၁၁၅ ကျပ်၊ ဝတ္ထု စာအုပ် ၂၅ အုပ် ပေးမယ်လို့ သဘောတူပြီး သူရိယမှာ အဲဒီဒုတိယအုပ်ကို အရင်ထည့်သွင်းဖော်ပြတယ်။ ပင်ကိုရေး ရန်ကြီးအောင်ကို ဒုတိယဖော်ပြတယ်။ ရန်ကြီးအောင်မှာ စာအရေးအသားက မကျောလေးကို အတုခိုးတာ၊ ဇာတ်လမ်းဆင်ပုံက ရေးနိုးကို အတုခိုးတာပါတဲ့။

၁၉၁၇ ခုနှစ်ဆန်းတော့ သူရိယမဂ္ဂဇင်းမှာ အယ်ဒီတာလုပ်ဖို့ ခေါ်လို့ ၁၉၁၇ ခု ဖေဖော်ဝါရီလ (၁) ရက်နေ့ မဂ္ဂဇင်းအမှတ် ၂ ကစပြီး မဂ္ဂဇင်းအယ်ဒီတာ စလုပ်တယ်။ လခ တလ (၇၅)ကျပ်၊ (၃)လစေ့တော့ လခရင်း ၁၀၀ ကျပ်/- တနှစ် (၁၀) တိုးနဲ့ ၁၈၀ ကျပ်အထိ တိုးပေးတယ်။ Sherlock Holmes ကို မြန်မာမှုပြုဖို့လည်း ဦးဘဘေတို့က ခိုင်းတာပဲ။ သူရိယရောက်သွားတဲ့အခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်း (ဆရာလွန်း)တို့ ပီမိုးနင်း (ဆရာကျော်)တို့နဲ့ အကျွမ်းတဝင် ဖြစ်လာတယ်။ ဆရာကြီးဟာ ၁၉၁၆ ခုနှစ် အသက် ၂၇ နှစ်ကစပြီး ကလောင်ကိုင်ပြီး အသက်မွေးလိုက်တာ အသက် ၈၀ ကျော်အရွယ် ၁၉၇၂ ခုနှစ်လောက်အထိ နှစ်ပေါင်း (၅၀) ကျော် စာရေးသွားသူ ဖြစ်ပါတယ်။ ဆရာကြီးတသက်မှာ နောင်းလူတွေ တသသဖြစ်ကြရတဲ့ စာအုပ်တွေ အများကြီး ရေးခဲ့တာပါ။ အဲဒီစာအုပ် (၅၀) ကျော်ထဲမှာ ရန်ကြီးအောင်၊ ရတနာပုံ၊ ရူပနန္ဒီ၊ စုံထောက်မောင်စံရှား၊ ဂျမဒါကိုကိုကြီး၊ ရူပကလျာဏီ၊ ပထမံဆရာသိန်း၊ သူရဲကောင်းသုံးယောက် စသည်တို့ ပါပါတယ်။ ဆရာကြီးက သူရေးခဲ့ဖူးတဲ့ စာတွေနဲ့ ပတ်သက်ပြီး သူဘယ်ဒင်းကို အနှစ်ခြိုက်ဆုံးလဲဆိုတာကို သူ့မှတ်တမ်းမှာ ဘယ်လို ဖော်ပြသလဲဆိုတော့ "ကျွန်ုပ်၏တသက်တာအတွင်း အချစ်ဝတ္ထုများ၊

ဘာသာပြန်များ၊ ဓွန့်စားခန်းများ၊ လျှို့ဝှက်သည်း ဖိုများ၊ စုံထောက်ခန်းများ၊ သတင်းစာခေါင်းကြီးများ၊ အထွေထွေ ဆောင်းပါးများ စသည်တို့ကို ရေးရခြင်းထက် ဘာသာရေးခေါ် လောကုတ္တရာဆောင်းပါးများ ရေးရခြင်းသည် အရသာအရှိဆုံး၊ အမြိန်ယှက်ဆုံး ဖြစ်ပါ၏" လို့ ရေးပါတယ်။ ဆရာကြီး သူ့ဘဝမှာ ရေးတဲ့ ဘာသာရေးဆောင်းပါးတွေကို စာအုပ်ရိုက်တယ်။ ၁၉၆၀မှာ ပထမတွဲ ထွက်တယ်။ နာမည်က ဒိဋ္ဌေဒိဋ္ဌ မတ္တံ "ကိုယ်တွေ့ကျင့်စဉ်"တဲ့။ ဒီစာအုပ် (၁) လအတွင်း ရောင်းလို့ကုန်လို့ တနှစ်ထဲ ၃ခါပြန်ရိုက်ရတယ်။ ဆရာကြီး က အဲဒီလို ရေးပေမယ့် သူရေးခဲ့သမျှ စာတွေထဲမှာ သတင်းစာခေါင်းကြီးရေးခဲ့တာတွေနဲ့ ပတ်သက်လို့ တော်တော်အားရကျေနပ်တာကိုလည်း ဖော်ပြ ရေးသားဖူးပါတယ်။ ဆရာကြီးဟာ နှစ်ပေါင်း ၅၀ ကျော် စာရေးခြင်းနဲ့ အသက်မွေးခဲ့ရာမှာ ၁၉၁၇ က ၂၀ ခုနှစ်အထိ သူရိယမဂ္ဂဇင်းခေါင်းကြီးပိုင်း ရေးခဲ့တာ (၃) နှစ်၊ သူရိယသတင်းစာမှာ ၁၉၃၆ ခုနှစ်ကနေ ၄၂ ခုနှစ်အထိ သတင်းစာခေါင်းကြီးပိုင်း ရေးခဲ့တာ (၆) နှစ်၊ ၁၉၄၆ ခုက ၁၉၄၉ ခုနှစ်အထိ လူထုသတင်းစာမှာ ခေါင်းကြီးရေးတာ ပထမအကြိမ် (၃) နှစ်၊ ၁၉၅၀ ခုနှစ်ကစပြီး ၁၉၅၄ ခုနှစ် အထိ လူထုမှာ ဒုတိယအကြိမ်လုပ်တာ (၃) နှစ်၊ လုပ်သားသတင်းစာမှာ ခေါင်းကြီးရေးတာက ၁၉၆၃ က ၁၉၇၂ အထိ (၉)နှစ် စုစု ပေါင်း (၂၁) နှစ် ဆရာကြီးက သတင်းစာခေါင်းကြီးတွေ ရေးသွားတာပါ။ ဒါပေမယ့် သတင်းစာ အရေးအသားဆိုတာ စာအုပ်တွေ ရေးတာလို လက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ဟာမျိုး မဟုတ်ဘဲ နေ့တိုင်းဖတ်တယ်။ ပြီးပြီးပျောက်ပျောက် ဖြစ်သွားတယ်ဆိုတာမျိုးမို့ သတင်းစာဆရာအလုပ်ဟာ လုပ်အားကို အသိအမှတ်ပြု မခံရတတ်တဲ့ လုပ်အားရှင်တမျိုးပါ။ ဒါပေမယ့် ပြည်သူတွေအပေါ် ဩဇာရှိတဲ့ သတင်းစာမှန်ရင် နေ့စဉ်နဲ့အမျှ ပြည်တွင်းပြည်ပမှာ ဖြစ်ပွားပေါ်ပေါက်နေတဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ လူမှုပြဿနာမျိုးစုံနဲ့ ပတ်သက်ပြီး ဒီသတင်းစာရဲ့ သုံးသပ်ချက်၊ လမ်းညွှန်တင်ပြချက်များ ရေးနေရပါတယ်။ ဒါဟာ အလွန်အရေးကြီးတဲ့ စာပါ။ နေ့တိုင်း

နေ့တိုင်း သိသင့်သိထိုက်တာတွေကို မီးမောင်းထိုးပြနေပြီး၊ ဦးနှောက်ကို အစာကျွေးနေသလိုမို့ ခေါင်းကြီးပိုင်းရေးတဲ့ အယ်ဒီတာဟာ တကယ်အရေးပါတဲ့ စာပေလုပ်သားပါပဲ။

ပါတီစုံဒီမိုကရေစီခေတ်မှာ နိုင်ငံရေးအာဏာနဲ့ ကင်းကင်းဝေးဝေးနေပြီး သတင်းစာတစောင်ဩဇာရှိလာဖို့ ထူထောင်မယ်ဆိုရင် ဒီသတင်းစာရဲ့အရေးအသား အထူးအားဖြင့် ခေါင်းကြီးပိုင်းရဲ့ အာဘော်နဲ့ ထူထောင်ကြရပါတယ်။ လွတ်လပ်စွာ သဘောကွဲလွဲခွင့်၊ ငြိမ်းချမ်းစွာငြင်းခုန်ဝေဖန်ခွင့်ရှိကြတဲ့ ခေတ်ကာလမှာ သတင်းစာ တစောင်ရဲ့ ခေါင်းကြီးပိုင်းက အရေးအသားဟာ ပြည်သူအတွင်း အလွန်အရေးပါအရာရောက်ပါတယ်။ သတင်းစာကလည်း ပြည်သူတွေကြားက ပြဿနာတခုအပေါ် ပထမပြဿနာနဲ့ ဆိုင်ရာ အကြောင်းအရာကို ဗဟုသုတအဖြစ်နဲ့ စုံစုံလင်လင် မှန်မှန်ကန်ကန်ရှာဖွေ တင်ပြပါတယ်။ အဲဒါက ပညာပေးအပိုင်းပါ၊ ပြီးတော့မှ ဒီပြဿနာကို ဘယ်လိုစဉ်းစားသင့်တယ်၊ ဘယ်လို ကိုင်တွယ်ဖြေရှင်းရင် လူတွေအတွက် အကောင်းဆုံးဖြစ်မယ်ဆိုတဲ့ သူ့အကြံဉာဏ်ကို ရှင်းရှင်းလင်းလင်း တင်ပြပါတယ်။ သတင်းစာဖတ်တယ်ဆိုတာ တကယ်ကတော့ စာတတ်တဲ့လူက ဖတ်တာဖြစ်လေတော့ ပညာတတ်လူတန်းစားအတွက် ဦးနှောက်အစာကို သတင်းစာ က မိုးလင်းလာရင် ခေါင်းကြီးပိုင်းကနေပြီး ပထမဆုံး ပေးလိုက်တဲ့သဘောပါပဲ။ သတင်းစာတစောင်ဟာ ပြည်သူ့ဘက်က ရပ်တည်ပုံမှန်တယ်၊ ပေးတဲ့ ဗဟုသုတ စုံလင် မှန်ကန်ကောင်းမွန်တယ်၊ တင်ပြတဲ့တွေးခေါ်စဉ်းစားစရာများကအထက်တန်းကျတယ်၊ အရေးအသားကလည်း အလွန်ကောင်းတယ်ဆိုရင် အလွန်ကောင်းတဲ့ ခေါင်းကြီးပိုင်းတွေ ဖြစ်လာတော့တာပါပဲ။ ပြည်သူတွေမှာက နေ့စဉ်နဲ့အမျှ နိုင်ငံတကာမှာ ဖြစ်ပွားပေါ်ပေါက်နေတဲ့ ပြဿနာတွေ ကိုယ့်ပြည်တွင်းမှာ ဖြစ်ပွားပေါ်ပေါက်နေတဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးပြဿနာတွေ ရှိကြတယ် မှတ်လား။ ဒါတွေကို သတင်းစာက ပေါ်လာတိုင်း ကောက်ကာငင်ကာ ရေးသားတင်ပြသွားရတာပါ။

အဲဒီလို တင်ပြတာ ကောင်းမွန်တာနဲ့အမျှ သတင်းစာရဲ့ ဩဇာကလည်း ထက်မြက်စူးရှလာရပါတယ်။ သတင်းစာမှာ နှစ်မျိုးနှစ်စားရှိပါတယ်။ စောင်ရေများတဲ့ သတင်းစာနဲ့ ဩဇာတိက္ကမကြီးတဲ့ သတင်းစာ၊ စောင်ရေများတိုင်း ဩဇာမကြီးဘူး။ ဩဇာကြီး တိုင်းစောင်ရေမများဘူး။ တချို့သတင်းစာက စောင်ရေများဖို့ ကြိုးစားတယ်။ တချို့သတင်းစာက ဩဇာကြီးဖို့ ထူထောင်တယ်။ ဩဇာကြီးတဲ့ သတင်းစာရဲ့ အရှိန်အစော်ကို ဘယ်အထိ တန်ဖိုးထားကြသလဲဆိုရင် နိုင်ငံရေးအာဏာကို ရယူထားကြသူတိုင်းက ဒီလို သတင်းစာမျိုးရဲ့ ထောက်ခံချက်ကို အရူးအမူး ရယူလိုကြစမြဲပါ။

အင်္ဂလန်မှာ သတင်းစာခေါင်းကြီး အရေးအသားနဲ့ ပတ်သက်လို့ နာမည်အကြီးဆုံး သတင်းစာကြီးတစောင် ရှိပါတယ်။ အဲဒါကတော့ လန်ဒန်တိုင်း သတင်းစာကြီးပါ။ သူကလည်း ခေါင်းကြီးမှာ ဘယ်လောက်များ နာမည်ကြီးသလဲဆိုရင် သတင်းစာတစောင်မှာ ခေါင်းကြီးသုံးခုရေးထည့်ပေးပြီး ဖတ်တဲ့လူကလည်း အဲဒါကိုပဲ စုံရေမက်ရေ ဖတ်ကြရပါတယ်။ သူက ပညာရေး၊ နိုင်ငံ ရေး၊ စီးပွားရေးစတဲ့ ခေါင်းကြီးတွေကို သက်ဆိုင်ရာ ဘာသာရပ်မှာ ကျွမ်းကျင်တဲ့ လူတော်ပုဂ္ဂိုလ်တွေကို အရေးခိုင်တာဖြစ်သလို သတင်းစာလောကမှာလည်း အာဏာစက် အလွန်ကြီးတဲ့ သတင်းစာလို့ နာမည်ကြီးပါတယ်။

မြန်မာနိုင်ငံမှာ သတင်းစာ ထွက်ပေါ်တဲ့သက်တမ်းဟာ ရာမကျော်သေးပါဘူး။ ဒီသက်တမ်းအတွင်းမှာ ဆရာကြီးရွှေဥဒေါင်းဟာ သတင်းစာခေါင်းကြီး အရေးအသားမှာ အလွန်ကောင်းတဲ့ သတင်းစာဆရာကြီးလို့ တဦးတည်း ကျော်ကြားလာသူပါ။

ဒါကြောင့် ပါတီစုံဒီမိုကရေစီကနေပြီး တပါတီစနစ်ကို ကူးပြောင်းတဲ့အခါမှာလည်း လုပ်သားသတင်းစာကြီးက ဆရာကြီးနဲ့ပဲ သူတို့သတင်းစာကို စတင်တည်ထောင်ပါတယ်။ ဦးစောဦးတို့က ဆရာကြီးကိုခေါ်ယူပြီး ၁၉၆၃ ခုနှစ်မှာဖွင့်တဲ့ လုပ်သားသတင်းစာကို ဆရာကြီး အယ်ဒီတာချုပ် လုပ်စေလျက် ဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီမှာ

ဆရာကြီး (၉)နှစ်လုပ်ပေးပြီး ၁၉၇၂ ခုနှစ်ကမှ ပင်စင်ယူလာပါတယ်။ မှတ်မိနေပါသေးတယ်။ ဆရာကြီး ၁၉၃၆ ခုနှစ် သူရိယသတင်းစာတိုက်မှာ ခေါင်းကြီးဝင်ရေးတော့ သူ့ခေါင်းကြီးတွေကို လူတွေက ကောင်းပါပေတယ်လို့ တသသပြောစမှတ်ဖြစ်လာပါတယ်။ ဘာလို့ကောင်းသလဲဆိုတော့ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်လပ်ရေးရပ်တည်ချက်နဲ့ အလွန်ပြောင်မြောက်တဲ့ မြန်မာစာ အရေးအသားတွေကြောင့် ဖြစ်ပါတယ်။ ရေးတဲ့ စာတွေထဲမှာ ထိမိတဲ့ ပြောစကားလေးတွေညှပ်ရေးတာမျိုး ဆရာကြီးသခင်ကိုယ်တော်မှိုင်းက သူ့လေးချိုးတွေမှာ ပထမဆုံး စသုံးသလို ဆရာကြီး ရွှေဥဒေါင်းကလည်း သူ့စကားပြေတွေမှာ သုံးလာပါတယ်။ ပြောစကားကို စရေးတာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းပြီးရင် ဆရာကြီးရွှေဥဒေါင်းလို့ ပြောရင်ရပါတယ်။ ဆရာကြီးက သူ့စာအရေးအသား ပတ်သက်ပြီး မြန်မာစာဝါကျဖွဲ့ပုံ ခိုင်ခံ့ကျစ်လစ်မှုကို သူ မကွေ့ာလေးဆီက ရခဲ့တယ်လို့ ပြောပါတယ်။ မကွေ့ာလေးရဲ့ စာတွေကို ဆရာကြီးက ချီးကျူးပုံက "မကွေ့ာလေး၏ ဝါကျတည်ဆောက်ပုံ သပ်ရပ် ကျစ်လစ် ပြေပြစ်ခြင်းနှင့် အချက်ကျအောင် ရေးတတ်ခြင်း၊ ချောမွေ့လှပခြင်း၊ ခံ့ညားအောင် ရေးတတ်ခြင်းတို့မှာ ကြက်သီးထသည့်တိုင် အရသာပေါ်သည့် အရေးအသားများဖြစ်သည်။ ဝါကျများသည် ပွတ်စင်မှ ထွက်လာသည့် ဂျင်ကလေးသဖွယ် ချောမွတ်သေသပ် လှသောကြောင့် အချို့ကို အာဂုံဆောင်လေ့ ရှိသည်။ သူစာအဖတ် ဝါရင့်လာတဲ့အခါ သူ့စာက စိမ့်စိမ့်ဝင်သွားသလို ရှိလာပြီး (၃)နှစ် ကျော်တော့ သူ့စတိုင် ဖြစ်လာသည်"

လို့ ရေးပါတယ်။ နောင်ရေးသက် နှစ်ပေါင်း (၃၀) ကျော်ရလာပြီး ဆရာကြီး အသက် (၆၀) ကျော်တော့ ရေးဟန်တမျိုး ပြောင်းလာတယ်တဲ့။ ဒီအရွယ်မှာ –

(၁) ရိုးရိုးကလေးရေးခြင်း

(၂) အဓိပ္ပာယ်ရှင်းရှင်းရေးခြင်း

(၃) ဖတ်၍ချောခြင်း၊ ဒေါင်ဒေါင်ပြေးခြင်း

ကို သဘောကျလာတယ်တဲ့။ ဆရာကြီးက လူငယ်တွေကို ခွန်အားရှိတဲ့စာမျိုး ရေးတတ်ချင်ရင် —

(၁) ရေးချင်တဲ့အကြောင်းအရာက သေသေချာချာ သိတဲ့ဟာ ဖြစ်ရမယ်။

(၂) အချက်ကျကျ ရေးတတ်ရမယ်။

(၃) ကြွခိုင်ကျစ်လျစ်တဲ့ဝါကျမျိုးနဲ့ ရေးရတယ်လို့လည်း ဆုံးမပါတယ်။

## ခေတ်မီလှတဲ့အယူအဆ

သတင်းစာခေါင်းကြီးပိုင်း ရေးတာနဲ့ ပတ်သက်လို့ ကျွန်မက ဆရာကြီးရဲ့ တသက်တာမှတ်တမ်းမှာ အခန်းတခန်းအဖြစ်နဲ့ရေးခဲ့ဖို့ တောင်းပန်လို့ သတင်းစာ ခေါင်းကြီးများလို့ ခေါင်းတပ်ပြီး စာနည်းနည်းရေးခဲ့ပါတယ်။ အဲဒီစာထဲမှာ ဘက်မလိုက်ဖို့လည်း ရေးပါတယ်။ ပြီးတော့ သူ့အနေနဲ့ မှန်တယ်ထင်သလို ရေးချင်တာ အာဏာရှိသူများကို ငဲ့မနေချင်တာကိုလည်း ရှင်းရှင်းလင်းလင်း ရေးပြခဲ့ပါတယ်။

ကျွန်ုပ်မှာ မျက်နှာမလိုက်ဘဲ မိမိမှန်သည်ထင်သောဘက်မှ ထောက်ခံရေးသား လိုသော ဆန္ဒပြင်းထန်သူ တယောက် ဖြစ်သည့်အလျောက် မှန်သည့်ကိစ္စနှင့် ဖြစ်လျှင် မည်သူမကြိုက်ကြိုက်–ကြိုက်ကြိုက် မှန်သည်ကိုသာ ဝန်ခံရေးသားလို၏။ တိုင်းပြည်စီးပွားရေးစံနစ်တွင် လက်ဝဲဝါဒကို သဘောကျစေကာမူ လက်ဝဲသမား များ၌ အမှားများတွေ့လျှင်လည်း ထောက်၍ပြချင်တတ်၏။ ဤကဲ့သို့ ထောက်ပြမိ သည့်အတွက်ကြောင့် လက်ဝဲဝါဒ အောင်မြင်ရေးအတွက် အနှောင့်အယှက်ဖြစ်သည် ဆိုလျှင်လည်း ကျွန်ုပ်ဂရုမစိုက်။ တိုင်းပြည်၌ လက်ဝဲဝါဒ အောင်မြင်လျှင် လူအများစု ချောင်ချိနိုင်သည်ဟု ယုံကြည်သော်လည်း လက်ဝဲခေါင်းဆောင်ကြီးများ မှားသည် ထင်လျှင် ဖုံးဖုံးဖိဖိ မလုပ်ချင် ကျွန်ုပ်လက်လှမ်းမီသလောက် ဖော်ထုတ် တင်ပြရမှ ကျေနပ်သည်။ ကျွန်ုပ်၌ ပါတီစိတ်ဓာတ်မျိုး ဝါဒစိတ်ဓာတ်မျိုး တတ်နိုင် သမျှ ကင်းအောင် နေချင်တတ်သည် ......... လို့ ဦးလေးသိန်းက ရေးခဲ့ပါတယ်။

ဆရာကြီး အဲဒီတုန်းက အဲဒီအရေးအသားကို ကျွန်မစိတ်ထဲမှာ ဆရာကြီးက ပညာတတ်ဉာဉ် သိပ်ရှိတယ်လို့ ထင်မိတယ်လို့။ ဆရာကြီးကိုတော့ ဘာမှမပြောမိပါဘူး။ ဒါပေမယ့် ခုနေခါများ ဦးလေးသိန်း အသက်ထင်ရှားရှိနေသေးရင် လက်ဝဲအစစ်ဆိုတဲ့ နိုင်ငံတွေမှာရော လက်ဝဲအတုဆိုတဲ့နိုင်ငံတွေမှာရော လက်ဝဲဆိုသူတွေ အားလုံးမှာ ဒီမိုကရေစီဆိုတဲ့အသံတွေ မြည်ဟီးနေပါပြီကော ဦးလေးသိန်းရယ် ...ဦးလေးသိန်းရဲ့ ခေါင်းကြီးပိုင်း လိုအပ်တာတော့ အမှန်ပဲနော် လို့များပြောရရင် ဦးလေးသိန်း ဘယ်လောက် ဂုဏ်ယူဝမ်းသာရှာမလဲလို့ အောက်မေ့မိပါတယ်။

ကျွန်မအနေနဲ့ ပြောရရင် ဆရာကြီးရဲ့ ခေါင်းကြီးပိုင်းတွေကို ဂရုတစိုက်ဖတ်ပြီး ကြီးပြင်းခဲ့ရ နှစ်သက်သဘောကျခဲ့ရတာ ဖြစ်လေတော့ မဉ္ဇောလေးရဲ့ အရေးအသား ဦးလေးသိန်းကိုယ်ထဲ စိမ့်ဝင်သလို ဦးလေးသိန်းရဲ့ အရေးအသား ကျွန်မဆီ စိမ့်ဝင်တာလည်း အမှန်ပါ။ ဒါကြောင့် ကျွန်မ စာရေးလာတဲ့နှစ်တွေ အတော်များများမှာ ဆရာကြီးဟန်တွေ ပါနေပါတယ်။ စကားပြောပုံစံကို ပြောင်းရေးလာမှ ကိုယ်ပိုင်ဟန်ရယ်လို့ ပီပီသသ ပေါ်လာတယ် ထင်ပါတယ်။ အထူးသဖြင့် သတင်းစာအရေး အသားမှာ ဆရာကြီးဟာ မြင်ဆရာသာမက သင်ဆရာလည်းဖြစ်ပါတယ်။ လူထုသတင်းစာမှာ ဦးလေးသိန်း မရေးတော့လို့ ဦးလှ ရေးတယ်။ ဦးလှ မရေးအားရင် ကျွန်မရေးတယ်ဆိုတဲ့အခါ ဦးလေးသိန်းက နေ့တိုင်း စောင့်ဖတ်နေတာမို့ ကျွန်မရေးတဲ့ခေါင်းကြီးက အရေးအသား အမှား အယွင်းပါရင် ချက်ချင်း လူလွှတ်ပြီး ထောက်ပြတာ၊ ပြင်ခိုင်းခဲ့တာပါ။ ဒါကြောင့် ခုလို နှစ် (၁၀၀) ပွဲ ကျင်းပတဲ့အခါ ဦးလေးသိန်းရဲ့ စာပေကျေးဇူးတွေကို ထူးထူးလည်လည် အောက်မေ့သတိရပြီး အမှန်တရားကို ကြိုက်တတ်တဲ့ စာပေကျေးဇူးရှင်ကြီး သစ္စာလေးပါး မြတ်တရားနဲ့ယှဉ်တဲ့ အိုခြင်း နာခြင်း သေခြင်း ကင်းရာကို အမြန်ဆုံး ရောက်ရှိပါစေလို့ မေတ္တာ ပို့ရပါတယ် . . . . .။

အသက် (၇၄)နှစ် ပြည့်တဲ့နေ့

အမရပူရတောင်လေးလုံးကျောင်း

(၂၉.၁၁.၈၉)

ဒီကနေ့ နတ်တော်လဆန်း (၂) ရက်နေ့ပါ။ မနေ့က စာဆိုတော်နေ့။ နှစ်စဉ်နှစ်တိုင်း ကျင်းပတဲ့ စာဆိုတော်ပွဲ ကျွန်မတို့ မကျင်းပနိုင်ပါဘူး။ ဒီနှစ်တော့ ဒေါ်ဒေါ့်မွေးနေ့နဲ့ ဆုံနေတော့ ဒါဟာ စာဆိုတော်ပွဲပဲလို့ စိတ်ထဲက အောက်မေ့ပါတယ်။

ပြီးတော့ မန္တလေးက ဒီနှစ် အမျိုးသားစာပေဆု သုံးဆုရပါတယ်။ တယောက်က ကိုရိုးကွန့်ပါ။ သူက ဝတ္ထုတိုဆု ရပါတယ်။ တယောက်က တင်မမခိုင်ပါ။ မြန်မာ့ဇာတာဆိုတဲ့ စာအုပ်နဲ့။ တယောက်က မောင်ဘုန်းမြင့်ပါ။ သူက ဘာသာပြန်စာပေဆုရပါတယ်။ အဲဒီတော့ သူတို့သုံးယောက်တောင် မန္တလေးက ဒီနှစ်ရတဲ့အတွက် သူတို့ကို ဂုဏ်ပြုတဲ့ပွဲကလေး ဒီနှစ် လုပ်မယ်ဆိုပြီးတော့ ဒေါ်ဒေါ်တို့ တိုင်ပင်ပါတယ်။ တိုင်ပင်ပြီး အားလုံးစီစဉ်ပြီးတော့ ခါတိုင်းခါတိုင်း ဒီမှာဆရာတော်က ထမင်းနဲ့ ဝက်သားဟင်းလေး ကျွေးနေကျပါ။ ဒီနှစ်တော့ ထူးထူးလည်လည်ဖြစ်အောင် ဝက်သားဟင်းလေး မကျွေးဘဲနဲ့ ကြာဇံဟင်း ကျွေးရအောင်ဘုရားလို့ ဆရာတော်ကိုလျှောက်ပြီးတော့ အဲဒီ လူငယ်သုံးယောက်ရဲ့ စာပေဆုရတဲ့ ဂုဏ်ပြုပွဲကလေးပါ တွဲကျင်းပဖို့ စီစဉ်တာပါ။ နို့ပေမယ့် အကြောင်းအားလျော်စွာ သူတို့သုံးယောက်က ကနေ့ မတက်နိုင်ကြဘူး။ ဘာဖြစ်လို့တုန်းဆိုတော့ စာပေဆုပေးမှာကတော့ (၈) ရက်နေ့မှ ပေးမှာလို့ ပြောပါတယ်။ နို့ပေမယ့် ရန်ကုန်က (၂၇) ရက်နေ့ အကုန်လာကြပါဆိုပြီး ကြေးနန်းလည်း ရိုက်တယ်။ တယ်လီဖုန်းလည်း ဆက်ခေါ်တယ်။ ဆက်ခေါ်တော့ သူတို့က အစောကြီး ဘာလို့ခေါ်ပါလိမ့်ဆိုပြီးတော့ တယောက်က ပြန်မေးတဲ့အခါကျတော့ ဝန်ကြီးနဲ့တွေ့ဖို့လည်း ရှိတယ်တဲ့။ နောက် တီဗွီနဲ့ အင်တာဗျူးလည်းရှိတယ်။ အဲဒါတွေ လုပ်ချင်လို့

စောဆင်းခဲ့ပါဆိုတော့ သူတို့ခမျာ ဒီပွဲ တက်ချင်ရက်နဲ့ မတက်နိုင်ပဲနဲ့ (၂၇) ရက်နေ့က အကုန် ရန်ကုန် ဆင်းကြရတယ်။ အဲဒီတော့ ဒီကနေ့ပွဲဟာ သူတို့တော့ မရှိကြဘူး။ ဒါပေမယ့် သူတို့ကို ဂုဏ်ပြုတဲ့ပွဲလို့ ဒေါ်ဒေါ်ကတော့ ရည်မှန်းထားတဲ့အတိုင်း အောက်မေ့မိပါတယ်။ တကယ်လို့ အကြောင်း ညီညွတ်ရင်လည်း လုပ်နိုင်ကြဖို့ပါ။ ရတောင့်ရခဲ သုံးယောက်တောင် ရတာမို့လို့ လုပ်ချင်တာပါ။ စာပေနဲ့ ပတ်သက်ပြီးတော့ အခုလို စုရဝေးရတာပါ။ စာပေသမားတွေ တရင်းတနှီး ညီအကိုမောင်နှမသားအမိ သားအဖ တွေလို တွေ့ရဆုံရတယ်ဆိုတာ သိပ်ပြီးတော့ ဝမ်းသာစရာကောင်းပါတယ်။ မင်္ဂလာလည်း ရှိပါတယ်။ ကျွန်မတို့ အချင်းချင်း ဘယ်လောက် ချစ်ခင်တယ်။ ဘယ်လောက်ရင်းနှီးတယ်။ တိုင်တိုင်ပင်ပင် ဘယ်လို နေကြထိုင်ကြတယ်ဆိုတာ။ အဲဒီလိုဟာမျိုး လုပ်ရတာကို ဝမ်းသာပါတယ်။ နို့ပေမယ့် အမေ့မွေးနေ့ မွေးနေ့ဆိုပြီးတော့ လုပ်နေရတာကတော့ အမေက သိပ်ပြီးတော့ စိတ်ထဲကမကျေလည်ဘူး။ တခါမှလည်း အရင်တုန်းကလည်း လုပ်ခဲ့ဖူးတာ မဟုတ်ဘဲနဲ့ ဒါကို နှစ်သက်မြတ်နိုးတာလည်း မဟုတ်ဘူး။ သည့်ထက်ပိုဆိုးတာ က လက်ဆောင်ဆိုပြီးတော့ တခါပေးကြပြုကြ အဲဒါတွေလည်း အမေက နှစ်တိုင်း နှစ်တိုင်း သိပ်စိတ်ညစ်တယ်၊ လက်ဆောင်ယူရတာကို။ အဲဒီတော့ အမေ ဒီနှစ် အတိအလင်း အကုန်လုံးကို တောင်းပန်ပါရစေ။ နောက်ကို ဘယ်သူမှ မွေးနေ့ လက်ဆောင်ဆိုပြီးတော့ အမေ့မပေးကြပါနဲ့။ မွေးနေ့ကတော့ အမေ မသေသေးသ၍ ကျင်းပရဦးမှာပေါ့။ လုပ်လာခဲ့ကြပြီကိုး။ လုပ်လာခဲ့တာ ဒါပါနဲ့ လေးနှစ် ရှိနေပြီ ဆိုတော့ အသက်ရှည်နေရင် လုပ်ရဦးမှာပါ။ ဒါပေတဲ့ ဒီလို အသက်ရှည်နေသေးလို့ လူလည်း ကျန်းမာနေသေးတယ်ဆိုရင် အမေက မွေးနေ့လုပ်တဲ့အခါမှာ အသက် တနှစ် ပိုရှည်လာတဲ့အတွက် အမေ ဘာလုပ်နိုင်သေးတယ်ဆိုတာလေးကို သားတွေ သမီးတွေကို ပြချင်တယ်။ ဒီနှစ်ဆိုရင် အမေ စာအုပ်ကလေးတအုပ်ပဲ ထွက်နိုင်တယ်။ အသစ်။ ဟိုတအုပ်က အသစ်မဟုတ်ဘူး။ အဟောင်း။ ရှေ့နှစ်ခါ တကယ်လို့များ အသက်ရှည်သေး ကျန်းမာသေးတာ (၇၅)နှစ်ပြည့်ဆိုရင် အမေက

စာအုပ်ကလေး တအုပ်နှစ်အုပ်နဲ့ အမေ့အသက် တနှစ်ပိုရှည်တဲ့အတွက် ဟောဒါလေးတွေ လုပ်နိုင်သေးတယ်လို့ ပြချင်တာ။ အဲဒါ အမေ့စိတ်ထဲ ရှိနေသေးတဲ့ ဆန္ဒပဲ။

ဘာဖြစ်လို့တုန်းဆိုတော့ ဦးလေးလှ သေသွားတယ်။ သေသွားတော့ သေတယ်ဆိုတာအားလုံး ပြီးသွားတာပါ။ ဘဝတခု နိဋ္ဌိတံသွားတာ။ အင်္ဂလိပ်လိုကတော့ ပိတ်ထားလိုက်တဲ့စာအုပ်လို့ ပြောကြတာပါ။ ဘာဆိုဘာမှ ဆက်ရန်မရှိတော့ပါဘူး။ အဲဒီလိုပဲ ဒေါ်ဒေါ်လည်းသေရင် အကုန်ပြီးသွားမှာပဲ။ အဲဒီတော့ မသေသေးလို့ လူကျန်းမာနေသေးတယ်ဆိုရင် ဒေါ်ဒေါ်က ကိုယ့်ကိုယ်ကို ခိုင်းရသလောက် ခိုင်းချင်တယ်။ အလုပ်ကလေး ဘာလေး လုပ်ချင်တယ်။ အလုပ်ကလေးဆိုတာကလည်း စာရေးချင်တာပေါ့လေ။ ကိုယ်က စာပဲ ရေးတတ်တာကိုး။ အခု ဒေါ်မာလာတို့ ဘယ်သူတို့က သိပ်ပြီးစာရေးနိုင်တယ်လို့ ချီးမွမ်းကြတယ်။ အဲဒါ တခြားကြောင့် မဟုတ်ဘူး။ ကိုယ့် အစွမ်း ကိုယ့်အစ မဟုတ်ဘူး။ မူလတုန်းကလေ ဦးလှနဲ့ အကြောင်းပါတော့ ဦးလှက ဒါပဲလုပ်တတ်တာ။ သူက ဒီပြင်သူဘာမှ လုပ်ချင်တာ မဟုတ်ဘး။။ မင်းစာရေးလေကွာ မင်းစာရေးလေကွာ သူက အဲဒီလို အမြဲတမ်း တိုက်တွန်းတာ။ နောက်ပြီးတော့ ဟိုတုန်းကလည်း သူက မဂ္ဂဇင်းထုတ်တဲ့လူ။ ကိုယ်က ဆောင်းပါးတို့ ဘာသာပြန်တို့ ရေးပေးတဲ့ ဆောင်းပါးရှင်ဆိုတော့ တသက်လုံးလည်း ကိုယ့်စိတ်ထဲမှာ ကိုယလုပ်ချင်တဲ့စိတ် ပေါက်တဲ့အခါမှ လုပ်တာ။ သူကတော့ ဒါအလုပ်။ သူ့တသက်လုံး စာရေးတာဟာ သူ့အလုပ်ပဲလို့ သတ်မှတ်ခဲ့တာပါ။ အဲဒီတော့ သူလည်း လုပ်တယ်။ ဒေါ်ဒေါ့်ကိုလည်း မင်းလုပ်လကွာ၊ မင်းလုပ်လကွာဆိုတော့ သူတိုက်တွန်းတဲ့အခါ ကိုယ်ရေးချင်စိတ် ပေါက်လာရင် ကိုယ်က ရေးလိုက်တာ။ ဒီလိုနေလာခဲ့ရာကနေပြီးတော့ သူက သတင်းစာထုတ်တယ်ဆိုတော့လည်း အမြင်မတော် မနေသာတော့ ဝင်လုပ်ရတယ်။ တော်ကြာ သူက ဘာလုပ်တယ်ဆိုတာ အမြင်မတော် နောက်က လိုက်ပြီး သိမ်းရ ဆည်းရ လုပ်ရ၊ သူအပြင်သွား၊ ကိုယ်က အတွင်းထိုင်ရ

အဲဒီလိုမျိုးနဲ့ နေလာခဲ့တာ။ သူရှိတုန်းကလေ မင်းစာအုပ် အသစ်ကလေး တအုပ် စတော့လေ၊ ဒီနေ့ နေ့ကောင်းတယ် ရက်သာတယ်။ လုပ်တော့လေ ရေးတော့လေ သူက အဲဒီလို အမြဲတမ်းတိုက်တွန်းပါ တယ်။ သူလည်းပဲ အားလို့ရှိရင် တခုတခုလုပ်ဖို့ အမြဲတမ်း စီစဉ်နေတာပါ။ ဒေါ်ဒေါ်က ဘယ်လိုပြောပြော ကိုယ့်စိတ်ထဲ ရေးချင်စိတ် မပေါက်ရင် မရေးပေါင် မလုပ်ပေါင် အဲလိုပဲ နေလိုက်တာ။ အခု သူသေသွားတဲ့အခါကျတော့ လူဟာ သေသွားရင် ဘာမှ လုပ်လို့ ရတော့တာ မဟုတ်ဘူး။ ကိုယ် ဘယ်လောက် လုပ်ချင်လုပ်ချင်၊ ဘာတွေ စုထားစုထား အလကား ဖြစ်ကုန်တာပဲ။ အဲဒီတော့ ငါသေမှ မသေသေးဘဲ ငါလုပ်နိုင်သလောက် လုပ်ပါသော်ကော ဆိုပြီး တော့ မုဆိုးမဘဝကျတော့မှ စာတွေပိုပြီးတော့ ကြိုးစားပြီးတော့ ရေးပါတယ်။ သေမယ့်ဘေး တွေးပြီးတော့ ရေးနေတာပါ။ မသေခင် ငါလုပ်ဦးမယ် မသေခင် ငါလုပ်ဦးမယ် အဲဒါပါပဲ။ ဒေါ်ဒေါ် စာတွေ အများကြီး ရေးထွက်နေတယ်ဆိုတာ။ သေဘေး မရဏာ နုဿတိပေါ့လေ။ သေဘေး စဉ်းစား ပြီးတော့ ကိုယ့်ကိုယ်ကို ခိုင်းလို့ရသလောက် ခိုင်းမယ် ငါကျန်းမာနေတုန်း ခိုင်းမယ်ဆိုပြီး ခိုင်းနေတာပါပဲ။ အခု အမေ့မွေးနေ့ ဆိုပြီးတော့ ဟို ကိုစိုးနိုင်က သီချင်းဆိုလို့ ဆေးကျောင်းသားလေးတွေက ဆိုလို့ တီးလို့ ဟုတ်လား။ ဒီမှာ အကုန်လုံးစုကြဝေးကြတဲ့ လူတွေကြည့်ရတဲ့အခါကျတော့ တချို့က ကျောင်းဆရာမလေးတွေ၊ သူတို့စာရေးနေကြတာ။ တချို့က ဝန်ထမ်းတွေ အဲဒါ စာရေးနေကြတာ။ အလှူအသီးသီးက ကိုယ့်မှာရှိတဲ့ ပန်းကလေးတွေ ပွင့်ကြတာ။ အဲဒီတော့ တကယ်လို့များ ဒေါ်ဒေါ်က အောက်မေ့တယ်၊ ပန်းတိုင်း ပွင့်နိုင်လို့ရှိရင် ဘယ်လောက်များ စိတ်ချမ်းသာစရာ ကောင်းမတုန်းပေါ့။ အခု ဟို ဆရာကိုလေးကလည်း ဝင်ပြီးတော့ တီးလိုက်တာ သူတတ်တယ်ကိုး။ တတ်မှာပေါ့ သူက သူများမှ မဟုတ်ဘဲ။ ကူးတို့အုပ်ဦးရွှေဇံရဲ့ အမျိုး။ သူက တိတ်တိတ်ကလေး ကြောင်လက်သည်းဝှက်လုပ်နေတာကလား။ သူ့မှာ နည်းတဲ့ဗီဇ မဟုတ်ဘူး။ မင်းတို့ရှေ့က သူက အသာလေး တိတ်တိတ်ကလေး ရှိနေတာ။ ဒါ့ကြောင့် အခုလို

အမေ့ကို ကန်တော့ကြတဲ့လူတွေအကုန်လုံးကို အမေတို့အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ရှိတဲ့ ပန်းကလေးတွေ အလှဆုံးပွင့်နိုင်ပါစေလို့ ထပ်ပြီးတော့ ဆုတောင်းလိုက်ပါတယ်။

## အသက် (၇၇) နှစ် ပြည့်တဲ့နေ့

### အမရပူရတောင်လေးလုံးကျောင်း

(၂၉.၁၁.၉၂)

ဆရာတော် ကိုပညာကို အမေက အမေ့မွေးနေ့တွေ မလုပ်ချင်ဘူး၊ ဒါပေမယ့် သူတို့က နှစ်တိုင်း ဖြစ်အောင် လုပ်နေကြတယ်လို့ ပြောသွားပါတယ်။ အမေ မလုပ်ချင်တာက တခြားကြောင့် မဟုတ်ပါဘူး။ အမေ့မွေးနေ့မှာ အားလုံးတွေ့ကြ ဆုံကြရတာကို ဝမ်းသာလို့ လုပ်ချင်တာ အမေနားလည်ပါတယ်။ ဒါပေမယ့် လူတွေက မစုံဘူးဟုတ်လား၊ လူတွေ စုံတယ်ဆိုရင်တော့ ပျော်စရာကြီးပေါ့။ ပြီးတော့ မွေးနေ့လုပ်တဲ့အခါ အမေ့ဖို့ လက်ဆောင်ယူလာကြတာကို အမေက ထိုင်ပြီး လက်ခံနေရတာကိုလည်း မလုပ်ချင်ဘူး။ ဒါကြောင့် ကလေးမဟုတ် ဘာမဟုတ်နဲ့ အမေ့ကို မွေးနေ့လက်ဆောင် ဘာမှမပေးကြပါနဲ့၊ ဘာမှ မယူခဲ့ကြပါနဲ့လို့ အမေက တောင်းပန်ပါရစေ။

အမေ့မွေးနေ့နဲ့ ပတ်သက်ပြီး ရန်ကုန်က ဆရာသုခက ဒီနှစ် သူမလာနိုင်တာကို ဖုန်းဆက်ပါတယ်။ သူက တပါးသီလ ဆိုတဲ့ ဗီဒီယိုကားကလေး သူရိုက်နေတာ အခုမှ အပြီးသတ်နေရသတဲ့။ အဲဒါလေးကို အသံထည့်ဖို့ရယ်၊ ကားဆက်ဖို့ရယ် ကျန်နေသေးလို့ သူမလာနိုင်တာဖြစ်သတဲ့။ ဒါပေမယ့် ဆရာက သူသာမလာနိုင် တာ၊ လာရင် သူပြောချင်တဲ့စကာလေးတခုတော့ စဉ်းစားထားသတဲ့။ အဲဒီစကားကို သူမလာရလို့ မပြောရရင် မအမာက သူ့ကိုယ်စားလာတဲ့ ပရိသတ်ကို ပြောပေး ပါတဲ့။

သူပြောစေချင်တဲ့စကားက မွေးနေ့ကျင်းပတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲလို့ စဉ်းစား ကြည့်တယ်။ စဉ်းစားတော့ “အမေကမွေးလို့မွေးနေ့ရယ်လို့ ဖြစ်လာတာ၊ ဒါကြောင့် ဒီနေ့ဟာ အမေ့ကျေးဇူးတရားကို သတိရပြီး ကန်တော့ထိုက်တဲ့နေ့ပဲ ဖြစ်ထိုက် တယ်” လို့ သူက ပြောချင်ပါသတဲ့။ ဒါကို ကျွန်မမွေးနေ့မှာမှ ပြောမယ်လို့

စဉ်းစားထားတာတဲ့။ ဒီနှစ် မလာအားလို့ မလာရတော့ သူ့ကိုယ်စား ကျွန်မက ပြောပေးပါတဲ့။ ဦးသုခက အမေနေ့ ကျင်းပချင်နေသူဆိုတော့ အမေနေ့ ဘယ်နေ့ လုပ်ရရင် ကောင်းမလဲဆိုတာက သူ့ခေါင်းထဲအမြဲရှိနေတယ် ထင်ပါရဲ့။ လူဆိုတဲ့ သတ္တဝါကလည်း ကိုယ်လုပ်ချင်တာလေးတွေကိုတော့ တခုမဟုတ်တခု လုပ်နေရမှ နေနိုင်တယ် ထင်ပါရဲ့။

ကျွန်မမှာ မိတ်ဆွေတယောက်ရှိတယ်။ သူက ငယ်ငယ်ကျောင်းသားဘဝ ကတည်းက နိုင်ငံရေးလုပ်လာတော့ နှစ်တွေကို အများကြီး နိုင်ငံရေးမှာ ပုံစံအမျိုးမျိုးနဲ့ လုပ်ဖူးတယ်။ ဟောတနေ့ကျတော့ နိုင်ငံရေးကို ငြီးငွေ့လို့တဲ့ ဘာသာရေးပဲ လုပ်တော့မယ်ဆိုပြီး ပထမဘုရားတည်တယ်။ သူတည်တဲ့ဘုရားက ဝိတိုရိယ တောင်ထိပ်မှာ။ နောက်တော့ အကျွတ်အလွတ်ပွဲဆိုတာကို လုပ်ပြန်တယ်။ ဦးပဉ္စင်းတို့ကလည်း တပည့်တော်မွေးနေ့ကို မှန်မှန်လုပ်နေကြတာပဲ။ လူမစုံလည်း လုပ်နေတာပဲ။ လုပ်ရင်းနဲ့ စုံလာလိမ့်မပေါ့။ တပည့်တော်တို့အားလုံးလည်း အသက် ရှည်ရမှာပေါ့။

ဦးညိုမြအထိမ်းအမှတ် သစ်ပင်စိုက် ကျောက်စာကပ်တဲ့နေ့

အမရပူရတောင်လေးလုံးကျောင်း

(၂.၈.၉၄)

အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတွေ ရှိတဲ့အတွက် သူမရှိတော့ပေမယ့် သူသေသွားတဲ့နောက် သူ့ကိုသတိရပြီးတော့ သူကြိုက်တာလေးတွေ ချက်ပြုတ်ကျွေးပြီးတော့ သူ့အခမ်းအနားလေးလုပ်ကြတယ်။ ခုနက သူ့အမှတ်တရ သစ်ပင်ကလေးတပင် စိုက်ခဲ့သေးတယ်။ အဲဒီသစ်ပင်ကလေးကလည်း တနေ့ကျ မယ်ဇယ်ပင်ကြီး ဖြစ်လာပြီးတော့ အော် – ကိုညိုမြကို အောက်မေ့လို့ သူ့မိတ်ဆွေတွေက စိုက်ခဲ့တဲ့ အပင်ကြီး ဆိုပြီးတော့ ဦးဇင်းက ကျောက်စာထိုးမယ်ဆိုတော့ ဟုတ်လား။ ဒါလေး မှတ်မိနေမှာပါ။

ဒါပေတဲ့ ဦးဇင်းကို တခု တပည့်တော် သတိပေးဦးမယ်ဘုရား။ ကိုညိုမြက သူက တောင်သမန်အင်းစောင်းမှာ စာရေးဆရာနတ်နန်း ဆောက်ချင်တဲ့သူ ဖြစ်ပါတယ်။ အဲဒါ သူမသေခင် အလွန်အားထုတ်တာပါ။ အသေစောသွားလို့ မစောရင် တပည့်တော် ထင်တယ်။ ဒီနှစ်လောက်ဆိုရင် ဒီနေရာမှာ ဘုန်းကြီး ဦးစန္ဒာကို ခွင့်တောင်းပြီး ရတဲ့နေရာမှာ နတ်နန်းဆောက်ပြီး ရှော့မယ် ထင်ပါတယ်။ အခု အရှင်ဘုရာ သစ်ပင်စိုက်ထားတယ် မဟုတ်လား ဘုရား။ အရှင်ဘုရား မရှိတဲ့အချိန် တပည့်တော် မရှိတဲ့အချိန်ကျတော့ ဒီနေရာမှာ ဝက်သားဟင်းလေးနဲ့ ကိုညိုမြ အထိမ်းအမှတ် မဖြစ်ဘဲနဲ့ စာရေးဆရာတယောက်ယောက်ကို ကိုညိုမြ ဝင်ပူးရင် ဘယ့်နဲ့လုပ်မလဲ။ ကျုပ် ဒီအပင်မှာနေတယ်။ ဟုတ်လား။ ဝက်သားဟင်းလေးနဲ့လည်း ကျုပ် မတင်းတိမ်ဘူး။ ကျုပ်ကြိုက်တဲ့ ယမကာလေး မပါဘူးလားဆိုရင် ဘယ့်နှယ့်လုပ်ပ့ါ။ စာရေးဆရာနတ်ပွဲ ဖြစ်တော့မှာ။ အဲဒီတော့မှ ကိုညိုမြကြိုက်တဲ့ ပုံစံ တခါတည်း ဝင်မှာပဲ။ သူက သိပ်လုပ်ချင်တာ စာရေးဆရာတွေ စုဝေးပြီးတော့ သောက်ကြ၊ စားကြ၊ ကကြ၊ ခုန်ကြ စာရေးဆရာနတ်ပွဲပေါ့လေ။ သူက

လုပ်ချင်တာ။ တပည့်တော်တော့ အရှင်ဘုရား မရှိတဲ့အခါ၊ တပည့်တော်တို့ မရှိတဲ့ အခါရောက်တော့ ဝက်သားဟင်းလေးနဲ့တွင် ပြီးမယ်မထင်ဘူး။ ကောင်းပါတယ် ဘုရား။ ခင်တဲ့မင်တဲ့လူတွေကို ဒီလိုပဲ အမှတ်ရကြတယ်။ ကျန်ရစ်တဲ့သူတွေများက အောက်မေ့တသကြတယ်ဆိုတာ ကောင်းပါတယ်။ တပည့်တော်တို့ ဒါဝတ္တရားပေါ့။ တခြား ရှည်ရှည်ဝေးဝေး ပြောစရာ မရှိပါဘူး။ ကိုယ်နဲ့အတူတူ ရေးဘော်တွေ မိတ်ဆွေတွေ သင်္ဂဟတွေ ခုလို ကြုံရဆုံရတဲ့ တွေ့စရာနေရာပွဲကလေးတခု လာဖြစ် တာလည်း ဝမ်းသာစရာကောင်းပါတယ်။ ဒါပါပဲကျွန်မပြောချင်တာ။

## တက္ကသိုလ်မောင်စောလွင်
## အမှတ်တရ သစ်ပင်စိုက်တဲ့နေ့
## အမရပူရတောင်လေးလုံးကျောင်း
## (၂.၈.၉၄)

တက္ကသိုလ်မောင်စောလွင်ဆုံးတာ ၂-၈-၉၄နေ့က ၆ နှစ်ပြည့်တဲ့အတွက်၊ မောင်စောလွင်အတွက် အမှတ်တရသစ်ပင် စိုက်ထားပြီး အဲဒီမှာ ကျောက်ပြားကပ်ဖို့ ဒေါက်တာသန်းထွန်း ရောက်လာတယ်လေ။ တောင်လေးလုံးဆရာတော် ကိုပညာက မောင်စောလွင်ကို အမှတ်ရဖို့အတွက် သူ့ကျောင်းအရှေ့ဘက်နားက တောင်မင်းကြီးဘုရား အနောက်ပေါက် အထွက်နားမှာ မယ်ဇယ်ပင်တပင် စိုက်ထားတယ်။ ဒီမယ်ဇယ်ပင်ခြေရင်းမှာ ကျောက်ပြားလေး ကပ်ကြမယ်လို့ပါ။ ဒီအတွက် မောင်စောလွင်ကိုချစ်တဲ့ သမိုင်းပါမောက္ခ ဆရာဒေါက်တာသန်းထွန်း ရောက်လာတယ်။

ဦးလုက ၁၉၈၂ ခု၊ ဩဂုတ်လ ၇ ရက်နေ့မှာဆုံးတာ၊ မောင်စောလွင်က ၁၉၈၈ ခု၊ ဩဂုတ်လ ၂ ရက်နေ့မှာ ဆုံးတာ။ သူတို့တူဝရီး ဆုံးတဲ့ရက်ချင်း ၅ ရက်ပဲ ကွာတယ်။ မောင်စောလွင်က ၈၈ ခုနှစ်ဆိုတော့ ဦးလုဆုံးပြီး ၆ နှစ်ကြာမှ ဆုံးတာလေ။

သူတို့သေဆုံးသွားပြီး တပည့်တော်တို့က ကျန်ရစ်နေသေးသူတွေမို့ သူတို့ဆုံးတာ ဘယ်နှနှစ်ရှိပြီ၊ ဘယ်လောက်ကြာပြီနဲ့ ရေတွက်မှတ်သားနေကြတာကိုး။ တကယ်တော့ အခုလို ရက်တွေ ရေတွက်ပြီး မှတ်နေနေ၊ မနေနေ သူတို့က မေ့သွားကြမယ့်လူတွေ မဟုတ်ပါဘူး။ သူတို့ ၂ ယောက်စလုံးက သူတို့ဘဝမှာ သူများအတွက် လုပ်ပေးခဲ့တာတွေ အင်မတန်များတဲ့လူတွေပဲဟာ။ အဲဒီတော့ သူတို့ရှင်သန်ကျင်လည်သွားတဲ့ လူ့အဖွဲ့အစည်းက သူတို့ကို သတိရနေကြမှာပါ။ ဆရာက ပြောဖူးတယ်။ “မောင်စောလွင်ဟာ သမိုင်းကို အများကြီး အထောက်အကူ

ပြုဖူးတယ်။ အကူအညီတွေ ပေးဖူးတယ်” တဲ့။ မောင်စောလွင်က သမိုင်းကိုသာ မဟုတ်ပါဘူး၊ ဘာလေးမဆို ဘာမဆိုမှာပါ။ ကျွန်မက “မောင်စောလွင်ရေ၊ ဒို့ ဘာကို ဘယ်လိုလုပ်ရအောင်လား” လို့ ပြောရင် “ဟုတ်ကဲ့ဒေါ်ဒေါ်” ဆိုပြီး လုပ်တာပဲ။ ဦးလှဆုံးသွားပြီးတဲ့နောက် ကျွန်မမှာ မောင်စောလွင်ကို အများကြီး အားကိုးရတာပါ။

“မောင်စောလွင်ရေ၊ ဒို့ ဘာလုပ်ကြမယ်” ဆိုရင် ဖြစ်အောင်လုပ်တာပဲ။ အများနဲ့ဆိုင်တဲ့ ကိစ္စတွေမှာ ဘယ်တော့မှမငြင်းတဲ့ လူတယောက်။ အဲဒီလိုလူကို အပေါင်းအသင်း ရောင်းရင်းနဲ့ ပတ်ဝန်းကျင်လူ့အဆောက်အအုံက ဘယ့်နှယ်လုပ်ပြီး မေ့နိုင်ပါ့မလဲ။ ဒီသစ်ပင် ရှိရှိ မရှိရှိ သူ့ကို မမေ့ပါဘူး။ ဒါပေမယ့် မယ်ဇယ်ပင်ကြီး ရှိနေတော့ ပိုပြီး သတိရမှာပေါ့။ ဒီမယ်ဇယ်ပင်ကြီးကလည်း တနေ့သောအခါမှာ အကြီးကြီးဖြစ်လာမှာ မုချပဲ။ အင်းစောင်းက မယ်ဇယ်ပင်ကြီးတွေက အမရပူရကောင်းစားစဉ်က စိုက်ခဲ့တဲ့ အပင်ကြီးတွေ မဟုတ်လား။ ဒီမယ်ဇယ်ပင်လည်းနော် နှစ်ပေါင်း ၁၀၀၊ ၂၀၀ ရှိတဲ့အခါမှာတော့ အပင်ကြီးက အကြီးကြီး၊ အပင်ရင်းက ထိုင်ခုံလေးနဲ့ ကျောက်ပြားလေး စာလေးနဲ့မို့ ထိုင်မိသူတွေက “သြော် . . . ဒီလိုလူတယောက်ကို အမှတ်တရ စိုက်ထားတဲ့ မယ်ဇယ်ပင်ကြီးကိုး” လို့ သိကြမှာပေါ့။ မောင်စောလွင်ဟာ သူအသက်ရှင်နေစဉ်အခါတုန်းက သူများအတွက် သူလုပ်ပေးတာတွေဟာ သူ့သား သူ့မယား အတွက်လုပ်ပေးတာနဲ့ ဘယ်လိုမှ နှိုင်းစာလို့ မရနိုင်တဲ့လူပါ။ သူ့မှာ သူများအတွက် လုပ်ဖို့ပဲ အချိန်ရှိသလိုပါပဲ။ သူ့အိမ်အတွက် သူ ဘာမှ များများစားစား မလုပ်ဘူး ထင်တာပဲ။ သူဟာ သူများအတွက် လူဖြစ်တဲ့သူလို့ တပည့်တော်ကတော့ ပြောချင်တယ်။ ဒါကြောင့် သူမရှိတဲ့နောက်လည်း သူ့အတွက် စိုက်ပေးတဲ့ သစ်ပင်ကြီးက အရိပ်တွေ သူများကို အေးအောင်မြအောင် လုပ်ပေးနေမှာ မြင်ယောင်ပါသေးရဲ့။ သူ့ဘဝနဲ့ လိုက်ဖက်တဲ့ အစီအစဉ်လို့ပဲ တပည့်တော်တော့ ပြောချင်ပါတယ်။

ဒေါ်မေရှင်ကို ဂျပန်ပြည်က ဂုဏ်ပြုတဲ့နေ့

အောင်တော်မူရပ်၊ မန္တလေး။

(၁၉.၁.၉၅)

ဂျပန်ပြည်ရောက် မွန်ပညာရှင် ဆရာနိုင်ပန်းလှနဲ့ ရင်းနှီးတဲ့ မိတ်ဆွေတွေကို ဖိတ်ကြားပြီး ဒေါ်မေရှင်အိမ်မှာ အခုလို စုဝေးကြတဲ့ ကိစ္စကလေးကတော့ ဆရာနိုင်ပန်းလှက သူ့ကိုယ်စား ကျွန်မတို့က ဒေါ်မေရှင်ကို သူတတ်နိုင်တာကလေး သူ့ကိုယ်စား ချီးမြှင့်ပေးပါဆိုလို့ ငွေတသိန်း လာပေးတဲ့ပွဲကလေးပါ။ လွန်ခဲ့တဲ့ တပတ်ခွဲနှစ်ပတ်လောက်က ဆရာနိုင်ပန်းလှက ကျွန်မဆီကို ဂျပန်ပြည်ကနေပြီး တယ်လီဖုန်းဆက်ပါတယ်။ ဆရာနိုင်ပန်းလှက ဂျပန်ပြည် အိုဆာကာမြို့မှာ အရှေ့တောင်အာရှ ယဉ်ကျေးမှုနဲ့ သမိုင်းဌာနကပါမောက္ခဖြစ်ပါတယ်။ ဆရာ အဲဒီ ရောက်နေတာ တော်တော်လေး ကြာပါပြီ။ ဆရာက ဦးလှနဲ့ ခင်မင်ရင်းစွဲ ရှေးကတည်းက သိကျွမ်းနေကြသူများမို့ ကျွန်မတို့နဲ့ အဆက်အသွယ် မပြတ်ခဲ့ သူပါ။

လွန်ခဲ့တဲ့ရက် အနည်းငယ်တုန်းကတော့ ဆရာနိုင်ပန်းလှက ကျွန်မဆီကို ဖုန်းဆက်ပြီးတော့ ဒေါ်မေရှင်အကြောင်း မဟေသီမှာ ဆရာမကြူကြူသင်း ရေးထားတဲ့ ဆောင်းပါးကိုဖတ်ရလို့ ခုအထိ ကျန်းကျန်းမာမာ ရှိနေသေးတယ်ဆိုတာကို သူသိရလို့ ဝမ်းသာသတဲ့။ သူနဲ့ ဒေါ်မေရှင်က မြန်မာပြည်မှာ သူနေတုန်းက ဒေါ်မေရှင် မြန်မာနိုင်ငံအသံလွှင့်ရုံမှာ အလုပ်လုပ်တော့ မကြာ မကြာတွေ့ဖူးလို့ သိပါသတဲ့။

အခုလို ဒေါ်မေရှင် ကျန်းကျန်းမာမာ ရှိနေတယ်ဆိုရင် ဟိုကနေပြီး သူတတ်နိုင်တာ ကလေးနဲ့ ချီးမြှင့်ချင်လိုက်တာ ဘယ်လိုလုပ်ရမတုန်းလို့ ကျွန်မကို လှမ်းမေးပါတယ်။

ဆရာနိုင်ပန်းလှ ဂျပန်ပြည်က ဖုန်းဆက်ပြောတယ်ဆိုတာဟာ တခါဆက်ရင် အနည်းဆုံး နာရီဝက်ကြာတတ်ပါတယ်။ အဲဒီမှာ ဆရာက ဒေါ်မေရှင်ကို သူတတ်နိုင်တဲ့ ငွေကလေးနဲ့ ချီးမြှင့်ရင် ကောင်းပါ့မလားလို့ မေးရတာက တခြားကြောင့် မဟုတ်ဘူး။ ဒေါ်မေရှင်က ရုပ်ရှင်မင်းသမီးဆိုပေမယ့် အလွန်စောင့်စည်းတဲ့ အမျိုးသမီးတဲ့။ အသံလွှင့်ရုံမှာ သူက မွန်ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ အသံလွှင့်ဖို့ မကြာမကြာလာတဲ့အခါ ဒေါ်မေရှင်က အသံလွှင့်ရုံက အခမ်းအနား အစီအစဉ်မှူး အဖြစ်နဲ့ တွေ့တတ်တယ်။ တွေ့ကြလို့ နှုတ်ဆက်ရင် မေးတခွန်း ခေါ်တခွန်း ကလွဲလို့ တခြားစကားပို ဘာမှ ပြောလေ့မရှိဘူး။ အလွန်ကျနေ့ရတယ်။ ဒါကြောင့် မေးတာပါတဲ့။ ငွေနဲ့ ပေးတာဟာ ကောင်းပါ့မလား၊ သူကကော ငွေကြေးကို လက်ခံပါ့မလားတဲ့။ ကျွန်မက ဆရာဦးသုခတို့ မရှင်ဆီသွားတဲ့အခါ မရှင်စားဖို့ သုံးဖို့ဆိုပြီး ပေးတာ ကျွန်မမြင်ပါတယ်။ မရှင်ကလည်း လက်ခံပါတယ်။ အဲဒီတော့ ဆရာ ချီးမြှင့်တာကိုလည်း လက်ခံမယ်ထင်ပါတယ်လို့ ပြောတော့ ဆရာက ပထမတော့ ငွေ ၂၅၀၀၀ိ ပေးချင်တာတဲ့။ နောက် ၂ ရက်လောက်ကြာတော့ ဖုန်းတခါလာပြန်တယ်။ ၂၅၀၀၀ိ မဟုတ်ဘူး။ ၅၀၀၀၀ိ ပေးချင်တာတဲ့။ နောက် ၂ ရက်လောက်နေပြန်တော့ ငါးသောင်းမဟုတ်ဘူး၊ တသိန်းပေးချင်တာတဲ့။ ဆရာက ပေးမယ်ဆိုပြီး စိတ်ကူးတော့ စိတ်ကူးရင်းကူးရင်း သဒ္ဓါကတိုးတိုးလာ တယ်ထင် ပါရဲ့။ ဆရာပေးချင်တာပေးပါ။ ကျွန်မတို့ဖြစ်အောင် ရွက်ဆောင်ပေးပါမယ်ဆိုတော့ ဖုန်းထဲက မန္တလေးမှာ သူ့မိတ်ဆွေ ဗိုလ်မှူးခင်မောင်ညိုရှိသလား၊ ပါမောက္ခ ဦးချမ်းမြ ရှိသလားနဲ့ မေးပါတယ်။ ကျွန်မက ရှိပါတယ်ဆိုတော့ သူတို့တယ်လီဖုန်း နံပါတ် တွေပါမေးပြီး ဆရာနိုင်ပန်းလှက သူ့အလှူကို လာကြဖို့ ဂျပန်ပြည် ကနေပြီး သူကိုယ်တိုင် ဖုန်းနဲ့လှမ်းဖိတ်ထားတာပါ။ မရှင်ကလည်း ဆရာနိုင်ပန်းလှ က ခုလိုကူညီတယ်ဆိုတော့ ဝမ်းပန်းတသာ လက်ခံတဲ့အပြင် အဲဒီငွေရရင် သူ့မွေးနေ့မှာ လှူဦးမှာတဲ့။ ဆရာနဲ့ မရှင်ရဲ့ သဘောတူညီချက်ရတော့ ကျွန်မနဲ့ ကြူကြူသင်းတို့ တိုင်ပင်စီစဉ်ပြီး ဆရာဖိတ်စေချင်တဲ့မိတ်ဆွေများနဲ့ လူ ၂၀

လောက်တက်ရောက်တဲ့ ဒီပွဲကလေးကို မရှင်ရဲ့ အိပ်ခန်းထဲမှာပဲ စီစဉ်ကြတာပါ။ အားလုံး အောင်အောင်မြင်မြင် ဖြစ်သွားပါပြီ၊ ဆရာကြီးဦးချမ်းမြတို့ ဗိုလ်မှူး ခင်မောင်ညို တို့ကိုလည်း ခုလိုလာရောက်တာ ကျေးဇူးတင်ပါတယ်။

## မျိုးမြင့်ဆွေ (ပန်းချီဦးမြသောင်း)
## ငါးနှစ်လည် အထိမ်းအမှတ်

### ဆရာဝန်များအသင်းတိုက်၊ မန္တလေး။
### (၁၃.၂.၉၅)

ကဗျာဆရာ မျိုးမြင့်ဆွေ၊ ပန်းချီဆရာ ဦးမြသောင်း ကွယ်လွန် အနိစ္စရောက်တာ ၁၃–၂–၉၅ နေ့က (၅) နှစ်ပြည့်တဲ့အတွက် ကျန်ရစ်တဲ့ ဆရာ့မောင်နှမတစုက (၅) နှစ်လည် အထိမ်းအမှတ်ပွဲတခု မန္တလေးမြို့ ဆရာဝန်အသင်းတိုက်မှာ ကျင်းပပါ တယ်။

အဲဒီ အထိမ်းအမှတ် အခမ်းအနားဖွင့်ပွဲ မလုပ်ခင် ကျွန်မကို "စကားနည်းနည်း ပြောပေးပါ၊ ကျွန်တော်တို့ လာခေါ်ပါမယ်" လို့ ကျွန်မဆီ ပြောထားပါတယ်။ ဖိတ်စာမှာ မနက် ၇ နာရီလို့ပါပေမယ့် နည်းနည်းစောတော့ အေးနေမှာ စိုးလို့ဆိုပြီး ၈ နာရီ လောက်မှ လာခေါ်လို့ လိုက်ခဲ့ပါတယ်။ ဒီရောက်တော့ ပရိသတ်တွေက ကျွန်မကို စောင့်နေကြတာ တွေ့ရတော့ စောင့်ရသူတွေကို အားနာလိုက်တာ၊ အေးခါမှအေးရော၊ ဖိတ်ထားတဲ့အတိုင်း စဖို့ကောင်းတာပေါ့။ ကျွန်မကြောင့် ကသိကအောက် ဖြစ်ရတဲ့ ပရိသတ်ကို တောင်းပန်ပါတယ်။ ဆရာ ဦးမြသောင်းရဲ့ ဂုဏ်ပြုပွဲကို ကျွန်မတို့ ခုလို ကျင်းပနိုင်တာ သိပ်ဝမ်းသာပါတယ်။ ဘာလို့လဲ

ဆိုတော့ ဆရာဦးမြသောင်းဟာ ကျွန်မတို့လောကမှာ သူမတူတဲ့ အနုပညာသည် တယောက်ပါ။

ကျွန်မတို့လောကမှာ စာရေးတတ်သူက အများအားဖြင့် စာပဲ ရေးပါတယ်။ အဲဒါ စာရေးဆရာပါ။ ကဗျာရေးဖွဲ့သူများကလည်း ကဗျာပဲ အများအားဖြင့် ရေးဖွဲ့ကြပါတယ်။ အဲဒါ ကဗျာဆရာပါ။ ပန်းချီဆရာကလည်း ပန်းချီကားတွေပဲ ရေးဆွဲပါတယ်။ တေးသီချင်းများ သီဖွဲ့သူကလည်း တေးသီချင်းကိုပဲ သီဖွဲ့ပါတယ်။ ဆရာဦးမြသောင်းက စာ၊ ကဗျာ၊ ပန်းချီ၊ တေးဖွဲ့တာ အပြင် ပန်းပုလည်း ထုသေးတယ်။ ဆရာ့လို အနုပညာဆိုရင် ဘာဖြစ်ဖြစ် လုပ်နိုင်တယ်ဆိုသူမျိုးက ကျွန်မတို့လောကမှာ များများ မရှိပါဘူး။ ပြီးတော့ ဆရာက အနုပညာမှာ ဘာလာလာ လုပ်တတ်တယ်ဆိုတာ ပြောရရုံ ရွက်ကြမ်းရေကျို အဆင့်မျိုးတွေကိုသာ လုပ်နိုင်သူမျိုးလည်း မဟုတ်ပါဘူး။

ကျွန်မတို့ မကြာခင် ဆရာ့လက်ရာ ပန်းချီကားတွေကို ပြထားတဲ့ ပန်းချီပြခန်း ဖွင့်တော့မှာပါ။ ဖွင့်ရင် ဆရာဟာ ပန်းချီပညာအနေနဲ့ ပေမီဒေါက်မီရှိတဲ့ ပန်းချီဆရာ ဟုတ်ရဲ့လားဆိုတာ အကဲခတ်လို့ ရမှာပါ။ ကဗျာရေးဖွဲ့တာမှာလည်း ဆရာ့အနေနဲ့ စုစည်းရိုက်နှိပ်တဲ့ မျိုးမြင့်ဆွေရဲ့ ကဗျာလက်ရွေးစင်ကလေးတွေ ၆ အုပ်ထွက်ခဲ့ဖူးပါပြီ။ ဆရာဆုံးတဲ့ ၅ နှစ်ပြည့် အထိမ်းအမှတ်အတွက် ဆရာ့ကဗျာစာအုပ်နောက်ထပ်တအုပ် ကျွန်မတို့ ရိုက်နှိပ်ပေးထားပါတယ်။ ဒီစာအုပ်ကလေးက ခုနစ်အုပ်မြောက် ကဗျာစာအုပ်ကလေးပါ။ အဲဒီအထဲမှာ ဆရာ့ပန်းချီကားလေးတွေလည်း ၅ ချပ် ၆ ချပ် ရိုက်နှိပ်ဖော်ပြထားပါတယ်။ ကဗျာဆရာ မောင်ကြည်အောင်က ပြောပါတယ်။ ဆရာကိုမြသောင်း ကဗျာရေးတာ ကျွန်တော်တို့ထက် စောသတဲ့။ ခုစာအုပ်ကလေးထဲမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ပန်းချီကားနဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကဗျာကို ဖတ်ရတာ ပန်းချီနဲ့ကဗျာ တခုကတခုကို ဖေးမ

ထောက်ကူမှုရှိလို့ထင်ရဲ့ ဖတ်သူရဲ့စိတ်ထဲ ထိထိမိမိ ပေါ်ပေါ်လွင်လွင် သိပ်ရှိပါတယ်။ ဟိုအရင်က လူထုသတင်းစာမှာ ဆရာကြီးအကြောင်းဖွဲ့တဲ့ ဒီကဗျာကို ဖတ်ခဲ့ရတုန်းကနဲ့ မတူပါဘူး။ ဆရာ့ပန်းချီကားတွေက အချပ် ၇၀၀ ကျော် ကျန်ရှိခဲ့တာပါတဲ့။ ခုကား ၂၀၀ လောက်ကို ရွေးချယ်ပြသထားပါတယ်။ ဆရာ့လက်ရာကလေးတွေကို ကြည့်ကြပါဦး။

ဆရာ့ကို အောက်မေ့သတိရတဲ့ပွဲ ကျွန်မတို့ ဒီလိုလုပ်နေကြတာကို ဆရာကိုမြသောင်းဟာ တနေရာရာကများ မြင်သိနေမလားလို့လည်း အောက်မေ့မိတယ်။ ဘာလို့လဲဆိုတော့ ခုလို လူ့ဘဝတုန်းက ပန်းချီတွေဆွဲ၊ ကဗျာတွေရေး၊ တေးသီချင်းတွေ ဖွဲ့နေတာမျိုးနဲ့ အချိန်ကုန်တဲ့ လူတယောက်ဟာ အနုပညာစျာန် အမြဲတန်း ဝင်စားနေသူ ဖြစ်ရမှာပါ။ အနုပညာစျာန်ဆိုတာ စိတ်ကောင်း နှလုံးကောင်းရှိမှ ဝင်စားလို့ရပါတယ်။ သူများစိတ်ချမ်းသာရအောင် သာယာကြည်နူးချမ်းမြေ့ရအောင် ကဗျာနဲ့အလှ၊ စာနဲ့အလှ၊ ဆေးရောင်နဲ့အလှ၊ အသံနဲ့အလှကို ဖန်တီးနေတာမဟုတ်လား။ စိတ်ယုတ်မာရှိတဲ့လူမျိုး ဒီအလုပ်နား မသီနိုင် မကပ်နိုင်ပါဘူး။ ဆရာက သူအားတဲ့အချိန် နန်းဦးတိုက်ထဲသွားပြီး အသံရှာတယ်။ တေးရေးတယ်လေ။ ဒါကြောင့် စိတ်ကောင်း စေတနာကောင်း ထားသူများ ရှိသင့်ရှိအပ်တဲ့ အရပ်မျိုးမှာ ဆရာရှိနေမှာပါလို့ ကျွန်မက စဉ်းစားကြည့်မိတာပါ။ ကျွန်မတို့ ဒီပြပွဲလုပ်တဲ့ အခမ်းအနားအတွင်းမှာပဲ ဆရာရေးသားစပ်ဆိုထားတဲ့ သီချင်းကလေးတွေကို မန္တလေး ပန်တျာ ကျောင်းက စောင်းဆရာကြီး ဦးမြင့်မောင်နဲ့ သူ့တပည့်မရီရီသန့်တို့က သီဆိုတီးမှုတ်ကြပေးပါလိမ့်ဦးမယ်။ ခုခေတ်မှာ ဘက်စုံဘက်စုံဆိုတဲ့ စကားလုံးကို မကြာမကြာ သုံးစွဲသံကြားရတတ်တယ်။ အနုပညာနဲ့ ပတ်သက်လို့ ဆရာကိုမြသောင်း ဘက်စုံတာမျိုးက ရှားပါတယ်။ တကယ်ဘက်စုံတဲ့ အနုပညာသမားပါ။ ဒါကြောင့် ဒီလိုပုဂ္ဂိုလ်ကို ဖော်ထုတ်ရတာ ဝမ်းသာတာနဲ့အတူ ဆရာ့ကို အသက်ရှည်ရှည်နဲ့ အလှတွေကို ဖန်တီးနေစေချင်သေးတယ်လေ။ ဆရာ့ ပန်းချီကားတွေ ပြထားတာ ကြည့်ကြပါဦးစို့။

လင်းယုန်မောင်မောင် မွေးနေ့ပွဲ

အမရပူရတောင်လေးလုံးကျောင်း

(၉.၄.၉၅)

ကိုမောင်မောင်က သူ့မွေးနေ့ ဒေါ်ဒေါ်စကားပြောပါဦးဆိုပြီးတော့ အစောကြီး ကတည်းက စာရေးပြီးတော့ ပူဆာထားတယ်။ ဒေါ်ဒေါ်ကလည်း စကားပြော ရမှာများ ကြောက်လိုက်တာ။ ခေါင်းစဉ်တခုထဲနဲ့ ဆောင်းပါးသုံးပုဒ်လောက် မဂ္ဂဇင်းသုံးအုပ် ခွဲရေးပေးပါဆိုရင် ဖြစ်အောင် ကြိုးစားလိုက်ချင်သေးတယ်။ စကားပြောဖို့ မလုပ်ချင်ဘူး။ ဘာပြုလို့တုန်းဆိုတော့ လူက အသက်ကြီးလို့ အသံ မထွက်တာက တမျိုး၊ ပြီးတော့ ဒီအရွယ်ကြီးရောက်ပေတဲ့ ခုထက်ထိ ပရိသတ် ကြောက်တာ ရုက်တာက မပျောက်ဘူး။ အဲဒီတော့ စကားပြောရမှာဆို သိပ်ဝန်လေး တာပဲ။ မပြောချင်ဘူး။ နို့ပေတဲ့လို့ ကိုမောင်မောင်က ပူဆာနေတယ်လေ။

ကိုမောင်မောင်ဆိုတာက သူ့မွေးနေ့ကို တောက်တိတောက်တဲ့ လုပ်ထားတာ မဟုတ်ဘူး။ သူက သူ့စာရွက်တွေ၊ သူ့စာတမ်းတွေ ဖတ်ကြည့်လိုက်တော့ သူမွေး ထားတာ ဟစ်တလာတို့၊ အိုက်ခမန်းတို့ ဆိုပါလား။ အဲဒီတော့ ကြောက်ရတယ် သူ့ကို ကျွန်မတို့က။

အဲဒါနဲ့ သူ့မွေးနေ့အကြောင်း စကားပြောမလို့ ငါဘာများ ပြောရပါလိမ့်မလဲ စဉ်းစားနေတော့ ကျွန်မမတ်တော်တဲ့ ကိုလှဖေက အဲဒီဖိတ်စာလေးကိုပြီးတော့ မမမာရယ်တဲ့၊ ကိုမောင်မောင်က အသက်ခုနှစ်ဆယ် ဘယ်က,မှာတုန်းတဲ့။ သူ့အသက် ခုနစ်ဆယ့်ငါးနှစ်လောက်ရှိပြီတဲ့။ သူတို့နှစ်ယောက်က တောထဲမှာ အတူတူနေလာခဲ့ကြတဲ့လူတွေနော်။ ဒီထက်ပိုပြီး ရင်းနှီးစရာမရှိဘူး။ ခု ကိုလှဖေက

ကိုမောင်မောင် ခုနစ်ဆယ်မကတော့ပါဘူး ဆိုတော့ ကျွန်မမှာ ဝကျနေတာပေါ့။ ကိုယ်ကိုင်တွယ်ရမဲ့ Subject ရဲ့ ခိုင်မာမှုက နည်းနည်းမှ မခိုင်မာတော့ ဘာလုပ်ရမှန်း မသိဘူး။ အာဂျီနိုမိုတိုလောက်မှ မနိပ်သေးဘူး ဖြစ်နေတာ။ အဲဒီတော့ ကိုမောင်မောင်လာတော့ သူ့ရှေ့မှာပဲ ကိုလှဖေက ပြောနေတယ်။ ရှင့်အသက်က ခုနစ်ဆယ်မကတော့ဘူးဆို။ ဟုတ်လားလို့ မေးတော့ ဟုတ်ပါတယ်၊ ကျွန်တော် ခုနစ်ဆယ်ပါ။ အခိုင်အမာ ကျွန်တော်ခုနစ်ဆယ်ပါနဲ့ ပြောတယ်။ ပြောတော့ သူ ကာယကံရှင်က ဒီလောက်ပြောနေမှတော့ ဟုတ်လိုက်ရမှာပေါ့ ဆိုပြီးတော့ ကျွန်မက စကားပြောဖို့ စဉ်းစားပါတယ်။ အဲဒီလို စဉ်းစား တဲ့အခါမှာ ပေါ့လေ အနားမှာ သူမရှိဘူးဆိုရင် သူ့မွေးနေ့အတွက် သူပြင်ဆင်ထားတဲ့ ဟာလေးတွေ ကျွန်မပြောဦးမယ်နော်။

သူက မွေးနေ့ပွဲအတွက်ဆိုပြီးတော့ သူ့စာအုပ်ပြပွဲပါတယ်တဲ့။ နောက် ဓာတ်ပုံပြပွဲ ပါတယ်တဲ့။ သူ့အတ္တုပ္ပတ္တိ၊ ဘယ်တုန်းက ဘာလုပ်တယ်၊ ဘယ်တုန်းက ဘာလုပ် တယ်ပေါ့လေ။ အဲဒီစာရွက်လည်း ပါတယ်။ ပြီးတော့ ဒီနှစ်ဆွမ်းကပ်ဦးမယ်။ ကျွန်မ တို့ကို မုန့်ဟင်းခါးကျွေးဦးမယ်။ ရုပ်သေးပွဲလည်း ပြဦးမယ်၊ ဟုတ်လား။ ဒေါ်အမာက စကားပြောဦး စသဖြင့် စသဖြင့်ပေါ့လေ။ ဘာမှ လိုလေသေးမရှိ စီမံထားတာကိုး။

စီမံနေတော့ ကျွန်မက စဉ်းစားကြည့်တယ်။ ကိုမောင်မောင်လုပ်တဲ့ ပြည့်ပြည့်စုံစုံ မွေးနေ့ဆိုတာမျိုးက သိပ်လွယ်တာ မဟုတ်ဘူးလို့၊ ပြီးတော့ သူက သူ့အတွက် စီစဉ်တာနော်။ သူများဖို့ လုပ်ပေးတာ မဟုတ်ဘူး။ အဲဒီတော့ ကိုမောင်မောင်သာ အမေရိကားမှာရှိရင် သူများမွေးနေ့တွေ လိုက်လုပ်ပေးတဲ့လုပ်ငန်း လုပ်စားလို့ ရပြီလို့။ အဲဒီလိုပဲ စဉ်းစားနေတုန်း သူ့မိတ်ဆွေ သူနဲ့ရင်းနှီးတဲ့လူတယောက် လာတော့ ကျွန်မက သူလည်းကြားမှာစိုးလို့ တိုးတိုးလေး ကိုမောင်မောင်က မွေးနေ့

လုပ်တယ်ဆိုတာ ကောင်းမှတ်လို့ လို့ပြောမိတယ်။ ဘာလို့တုန်း ဒေါ်အမာရယ်တဲ့။ ငါပြောမယ်ကွာ၊ ဒို့လူအိုတွေလေ၊ သူက အသက်ခုနစ်ဆယ်လို့ပြောတယ်နော်၊ ဒို့လူအိုတွေဟာ အိုလာပြီဆိုရင် ဟိုဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ယောက္ခမ ဒေါက်တာ ဘသန်းပြောတဲ့ "အိုနာတွေ" က တခုပြီး တခု သိပ်လာတာ။ တခုပြီးတခုတောင် မကဘူး။ တခါတလေ ပြိုင်ပြီးလာသေးတာ။ အသက်လေးဆယ်ဆိုရင်ပဲ ဆံပင်က ဖြူလာပြီ။ မျက်စေ့က မှုန်စပြုလာပြီ။ ကျွန်မဆိုရင် သုံးဆယ့်ကိုးနှစ်ကစ မျက်မှန် တပ်ရတာ။ မျက်စိဆရာဝန်က ခင်ဗျားတို့က ညကြီးဆယ့်တနာရီ ဆယ့်နှစ်နာရီမှာ Proof ဆိုတဲ့ မှုံတိမှုန်ဝါး စာတွေ ဖတ်ရတာတဲ့။ ဒီမျက်လုံးတွေနဲ့နော်။ အဲဒီတော့ တပ်ပါဗျာ စောစောစီးစီးဆိုတော့ သုံးဆယ့်ကိုးနှစ် ကတည်းက စာကြည့်မျက်မှန် စတပ်ရတာ။ မျက်မှန်ကြီး တဝင်းဝင်းနဲ့ နေတာဟာ ကောင်းကောင်း နေရာသေး တာ မဟုတ်ဘူး။ အိုနာက တိုးတိုးလာလို့ တော်ကြာရင် လဲပါဦး ပါဝါ။ တော်ကြာ ပါဝါ လာလဲဦးနဲ့ ခဏခဏ လဲတပ်ရသေး။ ဒါက မျက်မှန်တင် ရှိသေးတာနော်။ ခေါင်းက ဆံပင်တွေကလည်း ဖြူလာလိုက်တာ၊ ဟိုဇာတ်တော်ထဲမှာ ဆံပင်ဖြူ တပင်တွေ့တော့ တောထွက်သတဲ့။ ဒီဖြင့် အစုလိုက်အပြုံလိုက်ကြီးဖြူလို့။ တပင် ဘယ်က,မှာတုန်း။ အသက်လေးဆယ်လောက်ကတည်းက စတာ၊ အဲဒီကိစ္စကလည်း အဲဒီလို ဆံပင်ဖြူရုံလားဆိုတော့လည်း ဟုတ်သေးပေါင်။ သွားတွေက နော်နီ နော်နဲ့ဖြစ်လာ။ ကျိုးတဲ့ဟာကကျိုး၊ ပွဲ့တဲ့ဟာကပွဲ့။ အဲဒီ ရှိရှိသမျှ သွားလေးနဲ့ သူများနည်းတူ စားပါသော်ကောဟဲ့လို့ စားရော။ တောင်ဘက်က ဝါးမရလိုက် မြောက်ဘက် သွင်းဝါးလိုက်။ မြောက်ဘက်က ဝါးမရလိုက် တောင်ဘက်သွင်း ဝါးလိုက်နဲ့။ ထမင်းတပွဲထဲမှာ သူများနည်းတူ အတူတူ စားကြရင်လေ သူများ တွေက ပြီးသွားကြပြီ။ ကိုယ့်မယ် ဝါးမပြီးသေးလို့ ကျန်နေရစ်ခဲ့တယ်၊ မညက် သေးဘူး။

ဟိုဆရာကြီးရွှေဥဒေါင်းတို့ သော်တာဆွေတို့ စကားနဲ့ပြောရရင် သူများအသားကို

ချိုအောင် မဝါးနိုင်တော့ဘူး။ အချိုရည်ထွက်အောင် မဝါးနိုင်ဘူး။ သွားတွေက လူအိုရဲ့သွားတွေ မဟုတ်လား။ အစွမ်းကမရှိတော့ဘူး။ သွားသာ ရှိနေတာ။ အဲဒီတော့ အိုနာတွေက စုပြုံပြီးတော့ ကဆုန်ချ တိုးနေတဲ့အချိန်အခါ။ ကိုယ်က နားတော့ကောင်းသေးတယ် မှတ်တယ်။ ဘယ်ဟုတ် မှာတုန်း။ သူတို့ပြောနေတာ မကြားလို့ ဟဲ့လုပ်ပါဦး၊ ဘာပြောတာတုန်း ဘာပြောတာတုန်း ထပ်ထပ်မေးရတယ်။ အိုလာတော့ ဖြစ်တာ။ ကြီးလာရင် သိကြပါလိမ့်မယ်။ နားတင်လား ဆိုတော့ မဟုတ်သေးဘူး။ မေ့တာ – မေ့တာ။ ဟင် ဦးပညာ။ တော်ကြာရင် မေ့ပြန်ရင်း။ နာမည်မေးရ ဘာမေးရ။ ရေးချမထားရင် ဘာမှ လုပ်မရဘူး။ အကုန်မေ့တာနော်။ လူအိုတွေမှာ။ အဲဒီလိုဖြစ်နေတော့ ငါအိုလုပကောလို့ ဘယ်လိုများ အောက်မေ့တယ် မှတ်သလဲ။ အလွန်ရှည်လျားတဲ့ သံသရာကြီးမှာလေ ဘဝပေါင်းများစွာ ကျွန်မတို့က ကျင်လည်လာ ခဲ့တာဆိုတော့ ကိုယ့်အဝိဇ္ဇာ ကိုယ့်တဏှာနဲ့ ငါမသေသေးပါဘူးလို့ ထင်တာချည်းပဲ။ ဘယ်လောက်ဖြစ်နေနေ ငါမသေသေးပါဘူးပဲ နော်။ အဲဒီလို ကိုယ့်ဟာကိုယ် လှည့်စား လှည့်စား။ ဖုံးကွယ် ဖုံးကွယ် ပြီးတော့ သေခြင်းတရားကို မေ့ချင်ယောင်ဆောင်နေတာ။ ဒီလို နေနေတဲ့အချိန်မှာပဲ နောက်တီးနောက်တောက် မွေးနေ့ပွဲသွားလုပ်မိတယ်လေ။ လုပ်မိတော့ အသက်က ကြီးလုပြီမို့ အိုတာကို တိုးပြီးတော့ သတိပေးတဲ့ဟာတခု ဖြစ်လာတယ်လေ။ ဘယ်နှစ်ဆယ်ရှိပြီ၊ ဘယ်နှစ်ဆယ့် ဘယ်နှနှစ်ရှိပြီလို့၊ အဲဒီတော့ ကိုမောင်မောင်က ကောင်းမှတ်ရှာလို့။ ဟိုမျက်စိတွေ မှုန်တာကတမျိုး၊ နားလေးတာကတမျိုး။ ဆံပင်ဖြူတာက တမျိုး။ သွားတွေမရှိတာက တမျိုး။ သတိမေ့တာကတမျိုး။ ဒီကြားထဲ အသက်က ခုနစ်ဆယ်နဲ့ ဘယ်နှနှစ်၊ ခုနစ်ဆယ်နဲ့ ညာနှနှစ်။ ရှစ်ဆယ်နဲ့ ဘယ်နှစ်နှစ်နဲ့ အသက်က လာလာပြီး ကိုယ့်ကို Remind အိုကြောင်း သတိပေးသေးတယ်။ အိုခြင်းတရား၊ သေခြင်းတရားကို သတိပေးမယ့် နှိုးဆော်မှဲ့ဟာ တခုက တိုးလာတာ။ ဒါကြောင့် စောစောစီးစီးများ တိုင်ပင်ရင် ကိုမောင်မောင်ရေ သွားမလုပ်နဲ့။ တိတ်တိတ်ကလေးနေ၊ သူ့ဟာနဲ့သူ မေ့မေ့ပျောက်ပျောက်က

ကောင်းသေးတယ်လို့။ နို့ပေတဲ့ ခုတော့ ဘယ်တတ်နိုင်မှာတုန်း။ လုပ်မိပြီကိုး၊ လုပ်မိတော့ ကိုမောင်မောင့်ကို ဒေါ်ဒေါ်က အသက်ရှည်ပါစေ၊ အနာကင်းပါစေ၊ ဘေးတွေ ရန်တွေ အန္တရာယ်တွေ အကုန်လုံးကင်းပါစေ။ ကျွန်မတို့ အားလုံးလည်း ဘေးတွေ ရန်တွေ ကင်းပါစေ။ ကိုမောင်မောင်လည်း ပါနိုင်ပါစေ၊ ဒေါ်ဒေါ်လည်း ပါနိုင်ပါစေပေါ့နော်လို့ ဆုတောင်းရင်း နိဂုံးချုပ်လိုက် ပါတယ်။

## ဦးညိုမြ (၁၀) နှစ် လည်တဲ့နေ့

## အမရပူရတောင်လေးလုံးကျောင်း

(၂၉.၉.၉၅)

ကနေ့ဟာ ကိုညိုမြဆုံးတာ (၁၀)နှစ် ပြည့်တဲ့နေ့မို့ ကိုညိုမြ အောက်မေ့သတိရပွဲကလေး ကျင်းပခဲ့တယ်။ ဆရာတော်ကိုပညာက သူ ကိုညိုမြ ၁၀ နှစ်ပြည့် အောက်မေ့သတိရပွဲကို လုပ်ဖြစ်အောင်လုပ်မယ်လို့ စောစောကတည်းက ကြိုတင်ပြောနေတာပါ။ သူ့မှာရထားတဲ့ နဝကမ္မလေးတွေ စုဆောင်းထားတာနဲ့ လုပ်မယ်လေ။

ဒါပေမယ့် ကိုညိုမြ အထိမ်းအမှတ်ပွဲနီးတော့ ကျွန်မဆီကို ဩစတြေးလျားက စာတစောင် ရောက်လာပါတယ်။ စာရေးလိုက်သူက စောမင်းမောင်ပါတဲ့။ သူက ကိုညိုမြရဲ့မြေး၊ သူငယ်ငယ်က အိုးဝေတိုက်မှာနေပြီး ကျောင်းတက်ခဲ့ရ၊ အဲဒီက ဆယ်တန်းအောင်ခဲ့ရတာ။ သူဟာ အိုးဝေဘော်ဒါတယောက်ဖြစ်တယ်။ သူ့အမေက ခင်ခင်ကြီးပါတဲ့။ ခင်ခင်ကြီးဆိုတာ ဦးဘိုးယုန်ရဲ့ သမီးပါ။ ဦးဘိုးယုန်က ကိုညိုမြတို့ ကိုစိုးတင့်တို့နဲ့ ညီအစ်ကိုတဝမ်းကွဲ၊ ဦးတက်ထွန်းတို့ ညီအစ်ကိုထဲက တယောက်ပါ။

စောမင်းမောင်က သူ အဲဒီလို ဆွေမျိုးဆက်ပြပြီးတဲ့နောက် ဘာဆက်ရေး သလဲဆိုတော့ သူတို့အမျိုး သူ့အဘိုးလေးတွေဟာ အားလုံး ခေတ်ပညာတတ် တွေချည်း၊ ဒါပေမယ့် သူတို့တသက်မှာလည်း စည်းစိမ်သုခနဲ့ နေမသွားကြရဘူး။ သေတော့လည်း လူဆင်းရဲတွေအဖြစ်နဲ့ သေသွားကြတယ်။ ဒီလူကြီးတွေဟာ ကိုယ် ချမ်းသာအောင် ဘာမှ လုပ်မသွားကြဘူး။ အမျိုးကို ချစ်တဲ့လူတွေ၊ ကိုညိုမြဆိုရင် အမေရိကန်မှာ အလုပ်လုပ်ရင် လခလစာ ကောင်းကောင်းရမှာ။ ဒါပေမယ့် သူက အဲဒါမျိုး ငါမလုပ်ချင်ဘူး၊ ငါက မြန်မာပြည်မှာပဲ ငါ့လူမျိုးအတွက် လုပ်ချင်တာ ဆိုပြီး တသက်လုံး မြန်မာပြည်မှာပဲ နေသွားတယ်။ ခု ဩစတြေးလျား ရောက်နေ တော့ တိုင်းပြည်ကိုချစ်တဲ့စိတ်နဲ့ ကိုယ်ကျိုးမရှာကြဘဲ အဆင်းရဲခံသွားကြတဲ့ သူ့အဘိုးလေးတွေကို သတိရလို့ သူတတ်နိုင်တာလေးကို အဘိုးလေးတို့ကို ရည်စူးပြီး လှူချင်လို့ ကျွန်မဆီကို ငွေသုံးသောင်း ပို့လိုက်သတဲ့။ ၂ သောင်းက ဝါးချက်သံဃာ့ဆေးရုံမှာ လှူပေးပါ။ ၁ သောင်းက ဦးညိုမြ ၁၀ နှစ်ပြည့်ပွဲမှာ ဆွမ်းကပ်ပြီး လူတွေကို ကျွေးမွေးပေးပါ။ ပြီးတော့ သူ့အဘိုးလေးတွေကို ရည်စူး လျက် လှူတဲ့ဒီအလှူက အမျှမေတ္တာပေးဝေပေးပါတဲ့။ ဒါကြောင့် ကိုပညာက စောမင်းမောင်ရဲ့ အလှူငွေကို ဒီပွဲမှာ ထည့်သုံးပါတယ်။ ကိုညိုမြပွဲကို ကိုညိုမြရဲ့ အပေါင်းအသင်းရောင်းရင်းကြီး တယောက်ဖြစ်တဲ့ ကာတွန်းဦးဖေသိန်းနဲ့ အိုးဝေ ဘော်ဒါ တက္ကသိုလ်ကိုစိန်တင်တို့လည်း ၁ ရက်၊ ၂ ရက် ကြိုပြီး ရောက်လာ ကြတယ်။ ဦးဖေသိန်းက ကိုညိုမြ ငယ်စဉ်က တအုပ် ၂ ပြားနဲ့ ရိုက်နှိပ် ရောင်းချခဲ့တဲ့ နမ်းကြာညိုစာအုပ်ကလေး ရှာတွေ့လို့ ဒီပွဲမှာကမ်းဖို့ အုပ် ၂၀၀ ရိုက်ယူလာခဲ့သတဲ့။

ကိုညိုမြ ကျောင်းသားဘဝတုန်းက နမ်းကြာညိုဆိုတဲ့ ဝတ္ထုစာအုပ်ကလေးတအုပ်ကို ရိုက်ပြီး သူက ၂ ပြားနဲ့ ရောင်းခဲ့ပါတယ်။ သူ့စာအုပ်ရဲ့ ကျောဘက်မှာက ဘယ်သူကဘယ်သူ့သို့ဆိုတဲ့ နာမည်ရေးစရာ စာကြောင်း ၂ ကြောင်း ပါတယ်။

သမီးရည်းစားစာမရေးတတ်သူများ ဒီစာအုပ်မှာ လိုတဲ့နာမည်နဲ့ ကိုယ့်နာမည် ရေးထည့်ရင် ကိစ္စပြီးနိုင်ပါသတဲ့။ မှတ်မိပါရဲ့၊ အဲဒီစာအုပ် ရိုက်တုန်းက ပုံနှိပ်တိုက်ကို အကြွေးနဲ့ရိုက်တာ။ ပြီးတော့ မဆပ်ဘဲနေတာတွေလည်း ကိုညိုမြက သူ့ထုံးစံအတိုင်း ပြည့်ပြည့်ဝဝလုပ်ဆောင်ပါတယ်။ တက္ကသိုလ်စိန်တင်ကတော့ ကိုညိုမြ တက္ကသိုလ်ကျောင်းသားဘဝက ရေးစပ်ထားတဲ့ ကဗျာ ၄ ပုဒ်ကို ကိုညိုမြ လက်ရေးမူ အတိုင်းတွေကို ကော်ပီပွားပြီး ယူလာပါတယ်။ အဲဒီကဗျာလေးတွေကို မြင်တော့ ကျောင်းသားဘဝတုန်းက နေ့ရက်တွေကို သတိရလိုက်တာ။ ဒီအထဲက မန်းမြို့သူ မခင်မေသို့ ဆိုတဲ့ ကဗျာလေးက စာရေးဆရာ တက္ကသိုလ်ထင်ကြီးရဲ့အစ်မ "သေသည်၏ အခြားမဲ့၌" ဆိုတဲ့ လုံးချင်းစာအုပ်ရေးတဲ့ ကိုဝင်းမောင်ရဲ့ နှမ မခင်မေကို ရေးစပ်တာပါ။ မခင်မေဟာ ဆရာအတတ်သင်သိပ္ပံက ပါမောက္ခ တယောက်၊ အတွေးအမြင်မှာ မေတင်ထွဋ်ဆိုတဲ့ ကလောင်နာမည်နဲ့ စာတွေရေးနေသူ၊ ခုထက်ထိ ကျန်းကျန်းမာမာ ရှိပါသေးတယ်။မခင်မေက ကျောင်းတုန်းက လှပါတယ်။ ခုအထိလည်း လှနေသေးသူပါ။ မခင်မေလှတာက ယူနီဗာစီတီမှာ အကျော်ဒေးယျ —

*"နောက်ပိုးတွေ မှိုပေါက်လို့*

*စိတ်နောက်ကြ လူငယ်တွေ*

*မန်းခင်ကြောင့်လေ။*

*တက္ကသိုလ်မြေ ဂြိုလ်မွှေတဲ့ ရွှေမန်း*

*သူသေတော့ နတ်ပြည်မှာ နတ်တွေရူးမယ်*

*ထူးတဲ့ ရွှေမန်း" တဲ့လေ။*

ဒီ နောက်ကဗျာကတော့ ပဲခူးသူ မခင်မြကို ရေးဖွဲ့တာပါ။ ဒီမခင်မြက ဗိုလ်လကျ်ာရဲ့ မရီးပါ။ သူ့ညီမ မခင်လှက ဗိုလ်လက်ျာ ဇနီးပါ။ မခင်မြက ရန်ကုန်ဆရာအတတ်သင်သိပ္ပံမှာ ပါမောက္ခပါ။ ခုထက်ထိ ကျန်းကျန်းမာမာ ရှိပါသေးတယ်။ ကိုညိုမြက အင်းလျားဟောမှာ ရှိရှိသမျှ ကျောင်းသူ ဗိုလ်ကပြားနဲ့ ကုလားကပြားမတွေကလွဲရင် သူ့အစ်မ၊ နှမတွေကို အကြောင်းပြုပြီး တဟောလုံးသူတဲ့ သိချင်တဲ့လူ။ ကျွန်မတို့ အင်းလျားနေကြတုန်းက မန္တလေးအောဘီအမ်မှာ အတူကျောင်းနေဖူးတဲ့ မမကြီး၊ မပု၊ မကြည် ဆိုတဲ့ ညီအစ်မ သုံးယောက်နဲ့ ခင်မင်ကြတယ်။ အဲဒီညီအစ်မသုံးယောက်က ကိုညိုမြနဲ့ မောင်နှမဝမ်းကွဲတွေ၊ နောင်အခါတော့ မမကြီးက ရန်ကုန် မြို့တော်ဝန် ဦးထွန်းအုံနဲ့ အကြောင်းပါတယ်။ မပုက အင်္ဂလိပ်စာပါမောက္ခ ဦးမျိုးမင်းဇနီး ဖြစ်တယ်။ အကြည်က ဆရာမင်းသုဝဏ်ရဲ့ ဇနီးဖြစ်ပါတယ်။ မဟုတ်ကာမှလွဲရော ကိုညိုမြ ယောက်ဖအရာကောင်းတယ် ထင်တာပါပဲ။ အဲဒီ ညီအစ်မသုံးယောက်ကို အကြောင်းပြုပြီး ကိုညိုမြက အင်းလျားကို ရွှေလမ်းငွေလမ်းဖောက်တယ်။ လမ်းပေါက်တော့ သူက အင်းလျားသူတွေကို သုံးမျိုးသုံးစား ခွဲထားပါတယ်။ ချောတယ် လှတယ် ဆိုတာတွေကို သူပိုးတဲ့ပန်းတဲ့အုပ်စုမှာ ထားပါတယ်။ သူ့အစ်မများ အုပ်စုကို ပိုက်ဆံညှင်းဖတ်အုပ်စုမှာ ထားပါတယ်။ ကျွန်မတို့လိုဟာတွေကို သူ့ခိုင်းဖတ်စာရင်းမှာ သွင်းပါတယ်။ တယောက်မှတော့ ချမ်းသာမပေးချင်ပါဘူး။

ဦးပဥ္စင်း ခုနင်ကပြောတဲ့ Hellhound at large ဆိုတာက အိုးဝေမဂ္ဂဇင်းမှာ ကိုညိုမြရေးခဲ့တဲ့ အင်္ဂလိပ်ကဗျာပါ။ ၁၉၃၆ ခု၊ တက္ကသိုလ် ဒုတိယသပိတ်ကြီးပေါ်ခါနီးမှာ တက္ကသိုလ်ကျောင်းသားများ သမဂ္ဂကထုတ်တဲ့ အိုးဝေမဂ္ဂဇင်း မှာ ‘ငရဲခွေးကြီး လွတ်ပြေးနေတယ်’လို့ အဓိပ္ပာယ်ရတဲ့ အင်္ဂလိပ်ကဗျာတိုတိုတပုဒ်ပါပါတယ်။

ဒီကဗျာက တက္ကသိုလ်နယ်မြေထဲမှာ လူတယောက် သောင်းကျန်းနေတယ် ဆိုတဲ့

အကြောင်း၊ အဲဒီလူကို ငရဲခွေးနဲ့ တင်စား ရေးထားတာပါ။ ကျွန်မတို့မြန်မာက လူသေလို့ ငရဲကျရင် ဆီဒယ်အိုးကြီးနဲ့ ကြော်တာခံရတာ၊ အင်္ဂလိပ်က ငရဲကျရင် ငရဲခွေးကြီးတွေ ဝိုင်းစားတာ ခံရတာ။ ဒီကဗျာကို တက္ကသိုလ်အာဏာပိုင်များက ရင့်သီးလွန်းအားကြီးတယ်၊ ဒါမျိုး မဂ္ဂဇင်းမှာ မဖော်ပြရဘူး၊ ဒါ ဘယ်သူရေးတာ လဲပြောလို့ မဂ္ဂဇင်းအယ်ဒီတာ ကိုအောင်ဆန်းကို ခေါ်မေးပါတယ်။ ကိုအောင်ဆန်း က မဂ္ဂဇင်းအယ်ဒီတာတို့ စောင့်ထိန်းအပ်တဲ့ ဝတ္တရားနဲ့အညီ ရေးသူကို မပြောနိုင် ပါဘူး။ သူ တာဝန်ခံမို့ တာဝန်ရှိရင် သူ့ကို အရေးယူပါလို့ ပြောပါတယ်။ အဲဒီမှာ ကျောင်းအုပ်ကြီး မစ္စတာစလေ့စ်က ကိုအောင်ဆန်းကို ကျောင်းထုတ်ပါတယ်။ ကိုအောင်ဆန်း ကျောင်းထုတ်ခံရတဲ့ကိစ္စဟာ တက္ကသိုလ်က တိုင်းဖုံးရဲ့ စနက်တံ ဖြစ်သွားပြီး သပိတ်တိုက်ပွဲကြီး ပေါ်ပေါက်လာတော့တာပါပဲ။ ဒါကြောင့် ကိုအောင်ဆန်းကြောင့် ညိုမြ ဖြစ်လာရပြီး၊ ညိုမြကြောင့် ကိုအောင်ဆန်း နာမည်ကြီးလာပါတယ်။

သပိတ်ကြီးပြီးတော့ အင်ကွာရီကော်မရှင်ဆိုတာကို ဗြိတိသျှအစိုးရကဖွဲ့ပြီး ကျောင်း သူ၊ ကျောင်းသားတွေကို တဦးစီ ခေါ်မေးပါတယ်၊ စုံစမ်းပါတယ်။ စုံစမ်းတဲ့အခါ မိန်းကလေးကျောင်းသူတွေကို ငရဲခွေးကြီးကဗျာနဲ့ ပတ်သက်လို့ အများဆုံးမေးပါ တယ်။ ငရဲခွေးကြီးက တက္ကသိုလ်နယ်မြေမှာ သောင်းကြမ်းနေတာလို့ ဆိုသကိုး။ အဲဒီလို အမေးခံရတဲ့အခါ ကျောင်းသူတွေအားလုံးက တိုင်ပင်ထားကြသလို၊ ဒီကဗျာရေးတာ နည်းတောင်နည်းသေးတယ်လို့ ကျွန်မတို့က ဖြေခဲ့ကြတယ်လေ။ ကိုညိုမြကို ကာကွယ်ပြောဆိုခဲ့ကြတာ တသံတည်းပါ။ အမေးခံရတဲ့ အထဲမှာ မခင်စီတို့ မခင်ရီတို့ ညီအစ်မလည်း ပါတာပေါ့။ သပိတ်မှောက်ကျောင်းသူတွေ အကုန်လုံးပါပဲလေ။ ကိုညိုမြကို ဝိုင်းပြီး ကာကွယ်ကြတာ။ ဩော် . . . အချိန် ကာလတွေကလည်း ဘာမှ မကြာခဲ့သေးဘူး ထင်ပေမယ့် ကိုညိုမြဆုံးတာတောင် ၁၀ နှစ် ရှိသွားပြီတဲ့။

## အသက် (၈၀) ပြည့်တဲ့နေ့

## အမရပူရတောင်လေးလုံးကျောင်း

## (၂၉.၁၁.၉၅)

ဒီနှစ် အသက် ၈၀ ပြည့်မွေးနေ့မို့လားမသိဘူး။ လာလိုက်ကြတာ နှစ်တိုင်းနှစ်တိုင်း လာနေကျ မိတ်ဆွေတွေအပြင် ဘယ်နှစ်တုန်းကမှ မလာဘူးတဲ့ မိတ်ဆွေတွေလည်း လာကြတယ်။ ကျွန်မစိတ်ထဲ ဘယ်လိုဝမ်းမြောက်မှန်းမသိဘူး။ ဝမ်းမြောက်တာနဲ့ အတူ သြော် . . . ငါ့ကို ခင်လို့ မင်လို့ လာရှာကြတာ။ ဒီလောက် တကူးတကန့် ကရိကထတွေ အမျိုးမျိုးခံပြီး လာရှာကြတယ်ဆိုပြီး သနားတာရော၊ ဝမ်းသာတာ ရော၊ ကိုယ်ကဆီးပြီး ဘာဧည့်ဝတ်မှ မပြုနိုင်လို့ အားနာတာရော အမျိုးမျိုး စိတ်ထဲ ခံစားရပါတယ်။

ဒီခေတ်မှာ ခရီးသွားတယ်ဆိုတာ မလွယ်ပါဘူး။ ကျွန်မနဲ့ ကျွန်မညီမ တနေ့က ခရီးသွားခဲ့ကြပါတယ်။ သွားကြတဲ့ ခရီးက ရန်ကုန်သွားကြတာပါ။ ညီအစ်မ နှစ်ယောက် သွားမယ်ဆိုတော့ ကျွန်မအဖော် ညီမက ညီမသာဆိုတာ သူက ကျွန်မထက် နဲ့ရှာတယ်။ နားကလည်း လေး၊ မျက်စိကလည်း ကောင်းကောင်း မသန်၊ ပြီးတော့ ဆီးချိုရော၊ သွေးတိုးရော ရှိပြန်တော့ သူ့ကို ကိုယ်က အားမပြုနိုင်ဘူး။ သူက ကိုယ့်ကိုအားပြုမယ့်ပုံ။ ဒါကြောင့် အိမ်က ဘယ်သူ လိုက်ကြမတုန်းဆိုတော့လည်း ပို့မယ့်လူက အားသူမရှိကြ။ ဒါနဲ့ အဘွားကြီး နှစ်ယောက် ရန်ကုန် ဘာနဲ့ သွားမတုန်းလို့ စဉ်းစားကြတယ်။ မီးရထားကြီး စီးဖို့အရေး စဉ်းစားတော့လည်း မီးရထားကြီးက ဒီလိုခုန်တာ ဒီလိုလှုပ်တာ ဟုတ်လား။ မရှိမသေ ကျွန်မတို့နှစ်ယောက် အပေါ့အပါးသွားချင်ကြတယ် ဆိုရင် ဘယ့်နှယ့်လုပ်ပါ့။ ဒီတွဲထဲ ဟိုခုံကိုင် ဒီခုံဖမ်းနဲ့ ဒယီးဒယိုင် သွားရမှ၊ မတော်လို့ လဲနေရင် ဘယ်သူက ထူမတုန်း။ မီးရထား စီးသွားကြလို့ မဖြစ်ပါဘူးလေ။

မော်တော်ကားစီးမှ ထင်ပါရဲ့လို့ စဉ်းစားပြန်တော့လည်း တညပါပဲ ဆိုပေမယ့် နေရာကျဉ်းကျဉ်း ကလေးမှာ တညလုံးထိုင်ရင်း ငိုက်လိုက်ရမှာကို ခံနိုင်မယ် မထင်ဘူး။ ဒါကြောင့် ဘာလုပ်ရပါ့မတုန်းလို့ စဉ်းစားနေကြတော့ ကျွန်မတို့ မိတ်ဆွေတဦးက “မမမာရယ် ရန်ကုန်သွားတာဖြင့် စိတ်ကူးမလွဲနဲ့ လေယာဉ်ပျံ နဲ့သာ သွား၊ သူက တနာရီပဲ သမ္ဗုဒ္ဓေ ရွတ်ရတာ” တဲ့။ သူပြောတော့မှ “ဟာ ဟုတ်သားပဲ၊ လေယာဉ်ပျံနဲ့ သွားရမှာပဲ၊ ၁ နာရီပဲ သမ္ဗုဒ္ဓေရွတ်ရတယ်ဆိုတာ သိပ်မှန်တာပေါ့” ဆိုပြီး လေယာဉ်လက်မှတ်ကို အသိမိတ်ဆွေတွေ အကူအညီနဲ့ အပိုကြေးမပေးရဘဲ လက်မှတ်နှစ်စောင်ဝယ်ရပါတယ်။ လေယာဉ်က မနက် ၇ နာရီခွဲ ကွင်းအရောက်လာရမယ်ဆိုလို့ အိမ်ကိုလိုက်ပို့ခိုင်းပြီး ကွင်းကို ညီအစ်မ နှစ်ယောက် ချိန်းတဲ့ အချိန် အရောက်သွားခဲ့ကြတယ်။ ကွင်းရောက်တော့ လေယာဉ် ၈ နာရီထွက်မယ်ထင်တယ်၊ ၈ နာရီခွဲ ထွက်မယ်ထင်တယ်၊ ၉ နာရီ ထွက်မယ်ထင်တယ်နဲ့ လေယာဉ်ကြီးက မြင်နေရရဲ့နဲ့ မထွက်ချေဘူး။ ကျွန်မက လိုက်ပို့တဲ့ သားကို “မင်းပြန်ပါတော့ လေယာဉ်က ထွက်မှာပါ။ အိမ်မှာလည်း အားတာမှမဟုတ်ဘဲ”ဆိုပြီး ကွင်းက ပြန်လွှတ်လိုက်တယ်။ ကျွန်မတို့ ညီအစ်မက ခရီးသည်တွေ နောက်ဆုံးစောင့် ရတဲ့ အခန်းထဲက စောင့်နေကြတယ်။ မနက် ၁၀ နာရီ၊ ၁၀ နာရီခွဲလို့မှ မထွက်တော့ ကျွန်မတို့ကသာ ဒီအခန်းက မခွာရသေးတာ အိမ်က သမီးများကတော့ အမေတို့ညီအစ်မ ရန်ကုန်ရောက်ကြပြီဆိုတဲ့ တယ်လီဖုန်း ကို မျှော်နေကြရော့မယ်လို့ အိမ်ကလူတွေ အတွက် စပြီးစိတ်ပူလာရပြီ။ ဒါကြောင့် ကွင်းကနေပြီဒ အိမ်ကို သတင်းပို့ချင်တယ်။ အမေတို့ ခုထက်ထိ မသွားရသေးဘူး၊ ဖုန်းမျှော်မနေကြနဲ့လို့။ နို့ပေမယ့် ဖုန်းက ခရီးသည်သုံးခွင့် မပြုဘူးတဲ့။ ပိုက်ဆံ ပေးလို့လည်း မရဘူးတဲ့။ နာရီဝက်လောက်နေတော့ လေယာဉ်ရုံးအမှုထမ်းလေး တဦးကို “သားရယ် အမေတို့ ခုထက်ထိမသွားရသေးတာ အိမ်ကစိတ်ပူနေမှာစိုးလို့ သတင်းပို့ပေးစမ်းပါ။ အမေ့ဖုံးနံပါတ်က ဒါပါ”လို့ တောင်းပန်ပြောတော့ သူငယ် လေးက ဆက်ပေးရှာတယ်။ အဲဒီမှာ ခဏကြာတော့ အိမ်က စားစရာလေးတွေယူပြီး

ကွင်းကို လိုက်လာတယ်။ အမေတို့ မနက်က ဟုတ်တိပတ်တိ စားသွားရတာ မဟုတ်လို့ ဆာနေမှာဆိုပြီး အစားလာပို့တယ်။ ပို့လာတာလေး စားသောက်ပြီး လေယာဉ်က စက်နည်းနည်း ချွတ်ယွင်းနေလို့ ပြင်နေတာ ပြီးလုပါပြီတဲ့။ "ကဲ ငါ့သားပြန်ပါ" ဆိုပြီး အပြန်နိုင်းလိုက်ပြန်ပါတယ်။ ဒုတိယအခေါက်။ နေ့လည် ၁၂ နာရီခွဲတော့ လေယာဉ်ကောင်းသွားပြီဆိုပြီး စီးမယ့်လူတွေခေါ်ပြီး ထွက်သွားပါရော။ သမ္ဘုဒ္ဓေ ၁ နာရီနဲ့ပဲ ချောချောမောမော မင်္ဂလာဒုံရောက်ပါတယ်။ အဲဒီမှာမှ ကျွန်မတို့ကို လာကြိုနေရှာတဲ့ တူတော်သူကို အားနာရပြန်ပါရော။ သူ့ခမျာ ၉ နာရီကတည်းက ကွင်းရောက်နေတာတဲ့။ အိမ်က ကွင်းကို ထမင်းလာပို့သတဲ့။ သူတို့ပို့တဲ့ ထမင်းမစားဘဲနဲ့ ကျွန်မတို့ကို ကြိုနေ ရှာတာတဲ့။ လေယာဉ် ၁ ချက်ခွဲမှာ ဆိုက်တော့မှ ကျွန်မတို့ညီအစ်မကိုခေါ်ပြီး အိမ်ပြန်ရှာရတာ။ မနက်စာ ထမင်းက ၂ ချက်ခွဲလောက်မှ စားကြရတယ်။

ခရီးသွားရတာ အဲဒီလိုပါ။ ဘာမှ အပန်းမကြီးပေဘူးထင်တာတောင် ဖြစ်မလာဘူး။ အဲဒီတော့ ကျွန်မက ကိုယ့်ကို ခင်လို့ မင်လို့ လာလိုက်ကြတာ နည်းတဲ့လူတွေ မဟုတ်ဘူးနော်။ အထူးသဖြင့် အဝေးကြီးက လာကြတဲ့သူတွေ၊ ရန်ကုန်က၊ မော်လမြိုင်က ကျွန်မ မမျှော်လင့်တဲ့ မအူပင် ဆိုတာကတောင် လာပါတယ်။ မအူပင်က ကိုအောင်သန်းဆိုသူက ကျွန်မလည်း သူ့ကိုမသိပါဘူး။ ဒါပေမယ့် ကိုအောင်သန်းက အိမ်ကိုဝင်လာပြီး၊ ကျွန်တော် မအူပင်ကလာတာတဲ့ ဆရာမကြီးကို တွေ့ချင်လို့တဲ့။ နောက် ဒီမွေးနေ့ပွဲကိုလည်း ရောက်ချင်လို့တဲ့။ သင်ဖြူးတလိပ်နဲ့ ပုဗ္ဗန်ခြောက်ထုပ်ကြီး ၁ ထုပ်နဲ့ ဝင်လာတာပါ။ "ရှင် ဒီရောက်အောင် ဘယ်လိုလာသလဲ" လို့ မေးတော့ မအူပင်က သင်္ဘောစီးပြီး ရန်ကုန် လာတာတဲ့။ ရန်ကုန်က လေယာဉ်စီးပြီး မန္တလေးကို လာတာတဲ့။ ကျွန်မစိတ်ထဲ ဘယ်လို နေမှန်းမသိဘူး။ ဒီလိုလာတဲ့လူကို ကျွန်မ ဘယ်တည်းပါလို့လည်း မပြောနိုင်၊

ဘယ်မှာစားပါလို့ လည်း မခေါ်နိုင်၊ ကျွန်မ ဘာညှေ့ဝတ်မှ မပြုနိုင်ဘူး။ စိတ်ထဲမှာ အားလုံးအတွက် အနေရခက်လိုက်တာ။

ဘာပဲဖြစ်ဖြစ် ကျွန်မအနေနဲ့ ကျန်းမာနေသေးရင် ကျွန်မ ဘာလုပ်နိုင်သလဲ၊ လုပ်နိုင်တာကိုတော့ လူတွေအတွက် မေတ္တာ စေတနာထားပြီး ရေးသားနေမှာပါ။ ပြီးတော့ ကြုံတုန်းကြုံခိုက် ဒီနှစ် မောင်သွေးသစ်တို့ ထုတ်တဲ့ စာပေဂျာနယ် အကြောင်း ပြောပါရစေ။ ဒီလထုတ် သူ့စာပေ ဂျာနယ်က စာအုပ်မျက်နှာဖုံးမှာ ကျွန်မဓာတ်ပုံကြီးနဲ့ ထွက်လာပါတယ်။ အရင်က ကျွန်မတို့တသက်မှာ ဒါမျိုး တခါမှ မလုပ်ခဲ့ဖူးဘူး။ ဦးလှများ ဒါကိုမြင်ရင် ဘာပြောမယ် မသိဘူး။ မောင်သွေးသစ်က စောစောကတည်းက ဒေါ်ဒေါ့်မွေးလမှာ ထွက်မယ့်စာပေ ဂျာနယ်ကို ဒေါ်ဒေါ့်ပုံနဲ့ ထွက်ချင်တယ်။ ဒါကြောင့် ဓာတ်ပုံပေးပါလို့ ဆိုပါတယ်။ ကျွန်မကလည်း မိန်းမပီပီပေါ့လေ။ “အေး မင်းတို့ထုတ်တဲ့စာအုပ်က ခင်နှင်းယုပုံ လောက်တော့ Decent ဖြစ်ချင်တယ်။ လူကြီးမဟုတ်လား သပ်သပ်ရပ်ရပ်ကလေး ရှိစေချင်တာပေါ့။” လို့ ပြောမိတယ်။ မောင်သွေးသစ်က စာအုပ်ထွက်ခါ နီးတော့ ကျွန်မကို ဓာတ်ပုံရိုက်ယူဖို့တဲ့ ဓာတ်ပုံဆရာတယောက်နဲ့ လာပါလေရော။ ကင်မရာမင်းက ကင်မရာကြီးနဲ့ လာကတည်းက ကျွန်မက မျက်နှာ ဘယ်လိုထား ရမှန်းမသိဘဲ ဖြစ်နေတာ။ ရိုက်တဲ့လူက အမျိုးမျိုး ရိုက်ပါတယ်။ ဖလင်တလိပ် ကုန်တဲ့အထိ။ ပြီးတော့ မောင်သွေးသစ်က ဒီဖလင်ကို မန္တလေးတွင် ဆေးပြီး မန္တလေးတွင် ကူးကြည့်တယ်။ ပုံတွေထွက်လာတော့ မျက်နှာဖုံး လုပ်ချင်စရာ တပုံမှ မကောင်းဘူးတဲ့။ ဒါနဲ့ ဒေါ်ဒေါ့်ဆီ ဘာရှိသလဲ ရိုက်ပြီးရှိတာထဲက ကောင်းတာ ရှာပေးပါပေါ့။ ကျွန်မဆီမှာ တော်တော်ကောင်းတဲ့ပုံ ၁ ပုံ ရှိပါတယ်။ ဒါကြောင့် အဲဒါကို ရှာကြတယ်။ ရှာလို့ မတွေ့ပါဘူး။ မောင်သွေးသစ်လည်း ပြန်သွားရော။ သူပြန်သွားပြီး ၂ ရက်၊ ၃ ရက် နေတော့ ကာတွန်းမောင်ဝင်းအောင်က “ကျွန်တော် အမေ့ကာရိကေးချား ဆွဲချင်လို့ အမေ့ဆီက ယူထားတဲ့ ပုံ ၁ ပုံ ကိုသွေးသစ်က

တောင်းလို့ အမေ့အရင်မပြောဘဲ ပေးလိုက်မိတယ်။ အမေ ကျွန်တော့် မဆူပါနဲ့”တဲ့။ ကျွန်မလည်း ဘာပုံပေးလိုက်လို့ ဘာပုံယူသွားတယ် မသိလို့ နေလိုက်တယ်။ မောင်သွေးသစ်ရဲ့ မဂ္ဂဇင်းထွက်လာတော့ အံမာ ကျွန်မပုံက အနိပ်ပဲ။ နိပ်သမှ ကျွန်မတို့ငယ်ငယ်တုန်းက ရုပ်သေးကြည့်ကြတော့ ရုပ်သေးလူပြက်ကြီး စန္ဒယော် ပြောသလိုတောင် ပြောလိုက်ချင်သေးရဲ့။ ရုပ်သေးမှာ နှစ်ပါးသွားတော့မယ်ဆိုတော့ လူပြက်ရုပ်ကလေးတွေက မင်းသမီး၊ မင်းသားအရင် တရုပ်စီ ထွက်လာကြတယ်။ အဲဒီမှာ နောက်ကျမှထွက်လာတဲ့ အရုပ်ကလေးတရုပ်ကို “ဟေ့ကောင် မင်း ဘာလို့ နောက်ကျနေတာလဲ”လို့ မေးတော့ “ငါ သနပ်ခါး လိမ်းနေလို့” လို့ ဖြေတယ်။ ဒီတော့ “မင်းလိုကောင် သနပ်ခါးလိမ်းလည်း အပိုပါပဲ။ ထူးလှမလာပါဘူး” လို့ ဆိုတယ်။ ဒီတော့ “မင်းကကော ဘယ်လောက် လှတာမို့လဲ” လို့ အရုပ်ကလေး နှစ်ယောက် သူက ပိုလှတယ် ငါကပိုလှတယ်နဲ့ အလှပြိုင်နေကြတော့ မူလက ပရိသတ်ကို ကျောပေးပြီး ကုန်းကုန်းလေးရပ်နေတဲ့ စန္ဒယော် ဆိုတဲ့ လူပြက်ရုပ် ကလေးက ပရိသတ်ဘက် လှည့်လာပြီး “ပန်းကန်ပေါ် (လဒ) ကုန်းတော့ စန္ဒယော် အလှဆုံး”လို့ ပြောသလို ကျွန်မလည်း မောင်သွေးသစ်ရဲ့ စာရေးဆရာ မျက်နှာဖုံး တွေအားလုံးထဲမှာတော့ စန္ဒယော် အလှဆုံးလို့သာ ပြောလိုက်ချင်တော့တယ်။ ဆရာပါတို့၊ မြသန်းတင့်တို့ကို ဟိုနောက်မှာ ချန်ထားခဲ့တာပေါ့။ ခင်နှင်းယု တောင်မှ “မမမာ၊ မမမာ”နဲ့ အနားကပ်နေလို့ သူ့ကို ဒုတိယနေရာ ပေးထား လိုက်တာ။

နို့ပေမယ့် ဒီပုံက ကျွန်မနဲ့ မောင်သွေးသစ်နဲ့ မလိုမ့်တပတ် လုပ်ထားကြတာပါ။ ဒီပုံက ကျွန်မအသက် ၇၀တုန်းက ရိုက်တဲ့ပုံပါ၊ ကနေ့ပုံ မဟုတ်ပါဘူး။ ၁၀ နှစ် လုံးလုံး ငယ်ထားပြီး ပရိသတ်ကို ညာထားကြတာပါ။ ကျွန်မအသက် ၇၀ ပြည့် မွေးနေ့တုန်းက ဓာတ်ပုံဆရာ ကေသီပန်ကိုမြအောင် ရိုက်တဲ့ပုံ။ မင်းသားကြီး

ကိုထွန်းဝေက ဒီပုံကလေး ကောင်းတယ် ကူးဆိုလို့ ခတ်ပုံဆရာက ကူးထားတာ၊ ချဲ့ထားတာ။ ဒါကို မျက်နှာဖုံး လုပ်လိုက်ကြတာလေ။

ကျွန်မမွေးနေ့မှာ လူတွေအများကြီးလာကြတော့ ဝမ်းသာလို့ ရယ်စရာတွေ ပြောနေမိတာပါ။ ဒေါ်ခင်နှင်းယုဆိုတဲ့ မစုတို့ လာကြတော့လည်း ဝမ်းသာတာပဲ။ ဒါကြောင့် မစုကို စဦးမယ်ဆိုပြီး မစု ကျွန်မအနားသာ ဖက်မနေရင် ခုလိုနှာတဖျား မကဘူး၊ တလျားလောက် ဖြတ်ထားခဲ့မှာလို့ ပြောလိုက်ချင်တယ်။ ကျွန်မပြောတဲ့ 'နှာတဖျား' တို့ 'တလျား' တို့ ဆိုတဲ့စကားတွေကို ခုခေတ်ကလေးတွေက သိပ်နားလည်ကြမယ် မထင်ဘူး။ သူတို့ခေတ်မှာ မြင်းပွဲကြီးတွေမှ မရှိတော့ဘဲကိုး။ ကျွန်မတို့ ဟိုတုန်းကတော့ စနေနေ့တိုင်း ကျင်းပတဲ့ မြင်းပွဲကြီးတွေက စကားတွေလေ။ မြင်းချင်းပြိုင်ကြရာမှာ နည်းနည်းလေးနဲ့ ကပ်နိုင်တာကို မြင်းရဲ့နှာတဖျားပဲ နိုင်တာမို့ 'နှာတဖျား' တဲ့။ ခေါင်းတလုံး ရှေ့ထွက်လာပြီး နိုင်ရင် 'ခေါင်းတလုံး' တဲ့။ 'တလျား' ဆိုတာက မြင်းရဲ့ ကိုယ်ထည်တခုလုံး တကောင်လုံးလုံး ရှေ့က ရောက်ပြီး နိုင်တာမို့ 'တလျား' ဖြတ်နိုင်တယ်လို့ ခေါ်တယ်လေ။ ဒီစကားတွေကို ခုခေတ်ကလေးတွေ မကြားဖူးကြတော့ဘူး။ ကဲ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပေါ်ဦးသက် အမှတ်တရ ပန်းချီပြပွဲ

### ဆရာဝန်များအသင်းတိုက် (မန္တလေး)

### (၁၈.၁.၉၆)

မောင်ပေါ်ဦး အနိစ္စရောက်ရှာတာ (၉)လရှိပြီ။ ပြပွဲမှာ အဖွင့်စကားပြောဖို့ မန္တလေးက ပန်းချီဆရာကြီး ဦးအောင်ခင်ကို မေတ္တာရပ်ခံထားပါတယ်။ ဒါပေမယ့် ဦးအောင်ခင်က အအေးမိပြီး ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲ ရောက်နေတော့ ဒေါ်ဒေါ်စကားပြောပါဦးလို့ စီစဉ်သူများ ပြောလာကြပြန်တော့ ဒေါ်ဒေါ်ဆီ တာဝန်ကျလာပါတယ်။ ဒါနဲ့ ပြောခဲ့ရပါသေးတယ်။ ကျွန်မနဲ့အတူ မန်းတက္ကသိုလ် မြန်မာစာတွဲဖက်ပါမောက္ခ ဆရာဦးတင်မြင့်လည်း ပါတယ်။

မောင်ပေါ်ဦးနဲ့ ကျွန်မတို့နဲ့ကလည်း ဗုဒ္ဓဘာသာမြန်မာလိုပြောရရင် ဘဝရေစက်ပါတယ် ထင်ပါရဲ့။ ဦးလှကျွန်မနဲ့ အိမ်ထောင်ပြုပြီးတော့ လူရေး၊ ကြီးပွားရေး မဂ္ဂဇင်းရော မန္တလေးကို ပြောင်းလာခဲ့တော့ ကြီးပွားရေးမဂ္ဂဇင်းအတွက် မန္တလေးမှာ သူတွေ့ထိတဲ့ ပထမဆုံး ပန်းချီဆရာဟာ ဦးလှကြီးပါ။ ပန်းချီဆရာဦးလှကြီးဆိုတာ မောင်ပေါ်ဦးရဲ့ အဖေပေါ့။ ဦးလှနဲ့ဦးလှကြီးတို့ အလုပ်သဘော ဆက်မိကြတော့ ၁၉၃၉ ခုနှစ်ဆိုတော့ မောင်ပေါ်ဦး (၃)နှစ်သားလောက် ရှိဦးမှာ။ အဲဒီတုန်းက မန္တလေးမှာ ဆရာကြီး ဦးစောမောင်တို့၊ ဦးဘသက်တို့၊ ဦးအောင်ခင်တို့ ရှိကြတယ်။ ကိုဘရင်ကလေး၊ ကိုကြွယ်လေး၊ ကိုညိုလေး၊ ကိုအေးမောင် စသူတို့ ရှိကြတယ်။ မဂ္ဂဇင်းမှာ အလျဉ်းသင့်သလို ဒီပန်းချီဆရာကြီးတွေကို ဆွဲပေးဖို့ ပြောရတာပါပဲ။ ဒါပေမယ့် မှတ်မှတ်ရရ ကြီးပွားရေးနဲ့ ပထမဆက်မိတဲ့ ပန်းချီဆရာကတော့ ဦးလှကြီး (မောင်ပေါ်ဦးတို့အဖေ) ပါပဲ။ ပေါ်ဦးသက်ရုပ်က သူ့အဖေ ဦးလှကြီးနဲ့ တထေရာ တည်း။

မန္တလေးမှာ ကြီးပွားရေးမဂ္ဂဇင်း သိပ်ကြာကြာမထုတ်လိုက်ရဘူး။ ကမ္ဘာစစ်မီး ကျွန်မတို့နိုင်ငံကို ရောက်လာတော့ ရှိစုမဲ့စုကလေး သိမ်းဆည်းထုပ်ပိုးပြီး လွတ်မယ် ထင်ရာကို စစ်ပြေး ပြေးကြရတော့တာပဲ။ ရှစ်နေရာ စစ်ပြေးခဲ့တဲ့အနက်က ကပိုင်မှာ ၂ နှစ်ခွဲလောက် ကြာကြာ နေခဲ့ရတယ်။ အဲဒီကပိုင်မှာ ပန်းချီကိုလှကြီးနဲ့ မိသားစု လည်း စစ်ပြေးဘဝနဲ့ ရှိနေတယ်။ စစ်ကြီးက ပြီးခါနီးပြီ။ ဂျပန်တွေ ဆုတ်နေတာ၊ မဟာမိတ်တွေက နိုင်နေတာတွေကို ကြားနေရပြီ။ အဲဒီကာလမှာ တမနက်ခင်း ပန်းချီကိုလှကြီး မျက်စိမျက်နှာမကောင်းဘဲနဲ့ ကျွန်မတို့နေတဲ့ တောင်ငူစုကျောင်းထဲ အမောတကောဝင်လာပြီး သူ့သားလေးမောင်ပေါ်ဦး ဖုံးကွဲလို့ လက်တဖက် ဒဏ်ရာရသွားတဲ့အကြောင်း၊ အဲဒီလက်ကို ဆရာဝန်က ဖြတ်ဖို့ သဘောတူခိုင်းနေ တဲ့အကြောင်း ပြောရင်း အကြံဉာဏ် တောင်းလာပါတယ်။ အဲဒီတော့ ကျွန်မတို့ သားအကြီးဆုံးကလေး မောင်စိုးဝင်းက (၄)နှစ်သားလောက်ပါ။ ဆော့နေတဲ့အရွယ်၊ ကစားနေတဲ့ အရွယ်ပါ။ ဒါကြောင့် ဖအေတယောက်ရဲ့ သောကဒုက္ခကို ကျွန်မတို့ ကိုယ်ချင်းစာနိုင်တာပေါ့။ နို့ပေမယ့် ဆရာဝန်တယောက်က အခုလို ပြောလာတယ် ဆိုတော့ သူကာကွယ်နိုင်သေးတာဆိုရင် ကာကွယ်ကုသပေးပြီး လက်ကလေးကို ခုလို ဘယ်အဖြတ်ခိုင်းပါ့မလဲ၊ မတတ်သာလို့ပြောတာ နေမှာပေါ့။ ကျွန်မနဲ့ ဦးလှလည်း ကိုလှကြီးကို စိတ်မကောင်းခြင်းကြီးစွာနဲ့ 'ဆရာဝန်ကပြောရင်တော့ လုပ်ရမှာပဲထင်တယ်'လို့ မထွက်ချင်တဲ့စကားကို ထွက်လိုက်ရတော့ ကိုလှကြီးက 'ညာဘက်လက်ကလေး ခင်ဗျာ့'လို့ ပြောလာတဲ့အခါ ကျွန်မတို့ ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွားရတယ်။ ကိုလှကြီးလည်း ပြန်သွားရော။ အဲဒီတုန်းက အစ၊ အထိအစပ် မရှိဘဲနဲ့ ကွာသွားကြတယ်။ ကွဲသွားကြပြီးတော့ ဘယ်မှာ တခါ ပြန်ဆက်မိတုန်း ဆိုတော့ —

၁၉၅၉ ခုနှစ်က လူထုသတင်းစာ ပိတ်ထားတဲ့အချိန်မှာ ဦးလှတို့၊ ဆရာတော် ရွှေကိုင်းသားတို့က မြို့သူမြို့သားတွေနဲ့ အတူ မန္တလေး အနှစ် (၁၀၀) ပြည့်တဲ့

ရာပြည့်ပွဲကြီးကျင်းပဖို့ အကြီးအကျယ် လုံးပန်းကြတယ်လေ။ မန္တလေးတောင်ခြေက အကျယ်ဆုံး ကွက်လပ်ကြီးထဲမှာ ပွဲကြီးခင်းမယ်ပေါ့။ ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲကြီးမို့ မန္တလေးမြို့တဝိုက်က ရှိရှိသမျှ မြန်မာမှုအနုပညာ ပစ္စည်းတွေခင်းကျင်းပြသရောင်းချတဲ့ဆိုင်တွေ ဖွင့်မယ်၊ မန္တလေးတွင်မက မြန်မာတပြည်လုံးက မြန်မာ့လက်ရာတွေ ခင်းကျင်းပြသတဲ့ ပြခန်းကြီးတွေ လုပ်မယ်ဆိုပြီး တနိုင်ငံလုံးကို လှုံ့ဆော်စည်းရုံးနေပါတယ်။

ပွဲကြီးမစခင် လေးငါးရက်ဆိုရင်ပဲ ရာပြည့်ပွဲခင်းကြီးက ဆိုင်တွေ၊ ကန္နားတွေ၊ ပြခန်းတွေနဲ့ တနေ့တခြား စည်ကား မြိုင်ဆိုင်လာပြီ။ ကျွန်မတို့ မြို့သူမြို့သားတွေကလည်း ဝမ်းမြောက်ဝမ်းသာ ပွဲတော်ကို ကြိုဆိုရင်း ပွဲခင်းထဲနေ့တိုင်း သွားကြည့်နေ ကြတယ်။

တနေ့တော့ ပန်းချီပြခန်းတခု ပွဲဈေးတန်းတနေရာမှာတွေ့လို့ ဝင်ကြည့်လိုက်တော့ ကားကလေးတွေက ချိတ်တုန်း၊ မစုံလင်သေးဘူး၊ ကားရှင်ပန်းချီဆရာတွေကိုလည်း မမြင်ဘူး၊ ကားစောင့်သူငယ်တယောက်ပဲရှိတယ်။ ကျွန်မက ချိတ်ဆွဲထားတဲ့ ကားကလေးတွေကို တခုပြီးတခု လျှောက်ကြည့်တော့ တနေရာမှာ မြို့မငြိမ်း ငုတ်တုတ်ကလေး ထိုင်နေတာ သွားတွေ့ပါတယ်။ ဆရာငြိမ်းက ပြုံးရက်ကလေး၊ လက်မှာလည်း ဆေးလိပ်တိုကလေး ညှပ်လို့။ ရေဆေးပုံတူကလေးက ဆရာငြိမ်းနဲ့ တူရုံသာမက အသက်ဝင်နေပါတယ်။ ဒါနဲ့ ကျွန်မက ဆိုင်စောင့်သူငယ်ကို ဒီကား ဘယ်သူဆွဲတာလဲ၊ ရောင်းဈေးက ဘယ်လောက်လဲလို့ မေးတော့ သူငယ်က သူဘာမှ မပြောတတ်ဘူး၊ ဒါနဲ့ ကျွန်မက အဲဒီကားကို ကျွန်မဝယ်ပါမယ်၊ ကျွန်မဘယ်သူ ဘယ်ဝါပါ။ ကားကို ရောင်းပြီးလို့ စာကပ်ထားလိုက်ပါ။ ဘယ်သူ့မှလည်း မရောင်းပါနဲ့လို့ ပန်းချီဆရာကိုပြောပေးပါလို့ မှာခဲ့တယ်။ ပွဲကြီး ပြီးသွားတော့ မောင်ပေါ်ဦး ကျွန်မတို့ လူထုတိုက်ကို ဆရာငြိမ်းကားလေး ပိုက်ပြီး လာပို့ရင်း

သူနဲ့ လူထုနဲ့ အဆက်ဖြစ်သွားခဲ့ပါတယ်။ သူက သူ့တယောက်တည်း မဟုတ်ပါဘူး၊ သူတို့အတူတူ ပန်းချီဆွဲဖက် မောင်ဝင်းဖေလည်း ပါလာပါတယ်။ မောင်ဝင်းဖေဆိုတာကလည်း တခြားလူမှ မဟုတ်ဘဲ၊ ကျွန်မတို့ဆရာ ဆရာရွှေပြည်ရဲ့သားကိုး။

သူတို့နှစ်ယောက် လူထုသတင်းစာမှာ ကာတွန်းတွေဆွဲကြတယ်။ လူထုတိုက်က ထွက်လေသမျှ စာအုပ်ဖုံး၊ ထုတ်လေသမျှ သတင်းစာ အထူးထုတ်၊ သူတို့ရေးတာဆွဲတာတွေချည်းရယ်။ မောင်ဝင်းဖေထက် မောင်ပေါ်ဦးလက်ရာက ပိုများတယ်။ အဲဒီအချိန် မှာ ပန်းချီဆရာကြီး ဦးဘသက်ရဲ့ တပည့်မို့တဲ့၊ မောင်ပေါ်ဦးက သူ့နာမည်ကိုလည်း ပန်းချီဆရာ ပေါ်ဦးသက်လို့ နာမည်ခံထား ပြီလေ။ ပန်းချီဆွဲရင်းက လူထုသတင်းစာနဲ့ လူထုဂျာနယ်မှာ မောင်ပေါ်ဦးက ဆောင်းပါးတွေ ဝင်ဝင်ရေးသေးတယ်။

သူ မဆုံးခင် တနှစ် နှစ်နှစ်ကတော့ မောင်ဝင်းဖေက ဝတ္ထုတိုတွေ ရေးနေလို့ သူ့ကိုပြောပြတဲ့အခါ 'ဝင်းဖေက လက်နှစ်ဖက်ရှိလို့ လုပ်ချင်ရာ လျှောက်လုပ်နေတာ၊ ကျွန်တော်ကတော့ အသက် (၆၀) အထိ ပန်းချီပဲ ဝအောင် ဆွဲဦးမယ်။ အဲဒီက လွန်မှ စာရေးမယ်'တဲ့။ သူက အဲဒီလို ပြောတယ်။ သူဆုံးတော့ (၅၇) နှစ်။ သူ့မှာ ရေးစရာ ဆွဲစရာ ပန်းချီတွေရှိတယ် စိတ်ကူးတွေ အများကြီးရှိတယ်ဆိုပြီး အဲဒီအလုပ်တွေထဲမှာ လောဘတကြီးကို လုပ်နေရှာတာပါ။ နို့ပေမယ့်လို့ ကျွန်မတို့က ကံတရားကို မမြင်နိုင်ပဲကိုး။ အဲတော့ ခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့ဘဝသူကုန်ဆုံး ခဲ့တဲ့အချိန် အားလုံးကနှမြောပြီးတော့ ဒီအရွယ်ဟာ အများကြီး နေနိုင်သေးတာပဲဆိုတဲ့ အချိန်အရွယ်မျိုးမှာ သူတဘဝကူးရရှာတာမို့ နှမြောရ၊ လွမ်းရတာပါ။

အင်မတန် နှမြောဖို့ ကောင်းတဲ့လူပါ။ မောင်ပေါ်ဦး လူဖြစ်လာတဲ့အတွက် ကျွန်မတို့မှာ ဘာမှမဆုံးရှုံး၊ မနစ်နာဘူး၊ အမြတ်ချည်းပဲ။ သူဖန်တီးသွားတဲ့ အလှတွေ၊ သူဖန်တီးသွားတဲ့ ပန်းချီကားတွေ အဲဒါတွေထဲမှာ မြန်မာ့ဂုဏ်ကိုဆောင်တဲ့ ကားတွေ အများကြီးပါတယ်။ သူက မြန်မာဆိုတော့ ကျွန်မတို့က 'ပေါ်ဦးဟာ မြန်မာကွ'လို့ ဟောဒီလို ခေါင်းမော့ပြီး ပြောနိုင်တဲ့ သားကောင်း တယောက် ဖြစ်ခဲ့တယ်။ လူဆိုတာ ကိုယ်လူဖြစ်လာရင် ငါ့အတွက် ဘယ်သူတွေ ဒုက္ခရောက်သတုန်း၊ ဘယ်သူတွေ ဆင်းရဲပင်ပန်း ဖြစ်ကုန်သတုန်း၊ ဒါမှမဟုတ် ငါက ဘယ်သူတွေကို ကောင်းကျိုးဖြစ်အောင် ဆောင်ရွက်နိုင်သတုံး။ ငါ့အတွက် အများတွေ သက်သာချောင်ချိမှု ဘယ်လောက်ဖြစ်သတုန်း စိစစ်နိုင်ကြဖို့ ကောင်းပါတယ်။ မောင်ပေါ်ဦးကို အဲဒီလို ဆန်းစစ်ကြည့်လို့ရှိရင် သူက သားကောင်း တယောက် မြန်မာပြည်ရဲ့ ကျောက်ကောင်းတစေ့ပါ။ ဒီတော့ သူ့ကို နှမြောပါတယ်။

သူဆုံးတယ်ဆိုတာလည်း ကျွန်မ မကြားချင်ဘူး၊ သူမမာနေတော့လည်း ကျွန်မ မကြည့်ရက်ဘူး။ ဒါပေမယ့် ကြိုးစားပြီး သွားကြည့်တယ်၊ ကြည့်တဲ့အခါ ကျတော့လည်း ရင်ထဲမှာ တခါတည်း နာလို့။ နို့ပေမယ့် ဘယ်တတ်နိုင်မတုန်း။ ဒီလမ်းဆိုတာ သူသူကိုယ်ကိုယ် ကိုယ်လည်း တနေ့ ဒီလမ်းလိုက်ရမှာပဲ ဆိုပြီးတော့ တရားနဲ့ ဖြေပြီးတော့ ကျွန်မ ကြည့်ခဲ့ပါတယ်။ မောင်ပေါ်ဦးနဲ့ ကျွန်မတို့နဲ့ ဘဝရေစက်အများကြီး နီးစပ်ပါတယ်။ သူဆွဲပေးခဲ့တဲ့ လက်ရာလေးတွေ ကျွန်မတို့ အိမ်မှာ၊ စာအုပ်တွေမှာ၊ သတင်းစာ မျက်နှာဖုံးတွေမှာ၊ ဒိပြင် ပန်းချီကားတွေမှာ အများကြီးရှိပါတယ်၊ မတင်ကြည်လိုချင်တာ ကျွန်မ ရှာမပေးနိုင်လို့ စုံအောင် ရှာမပေးရတာပါ။ မောင်ပေါ်ဦးနဲ့ လူထုတိုက်နဲ့ ရေစက်က တော်တော်ကြီးပါတယ်။ ပေါ်ဦးသက်က –

**“အစစ်အမှန်တရားကို ဖော်ပြဖို့ အသွင်သဏ္ဍာန်ဟာ လိုပါတယ်။ အသွင်သဏ္ဍာန်တွေကို အနုပညာနဲ့ အသုံးပြုပြီး ဝတမှုတ္တိရသကို ဖော်ညွှန်း ဖို့ရာ ကျွန်တော်ရဲ့ နောက်ဆုံး ရည်ရွယ်ချက်ပဲ”** တဲ့။

မျိုးမြင့်ဆွေ အနုပညာဘဏ်တိုက်ဖွင့်ပွဲ

ကဥ္စဏမဟီရပ်၊ မန္တလေး

(၂.၂.၉၇)

ဆရာမျိုးမြင့်ဆွေရဲ့ အနုပညာပြခန်းကလေး ဒေါ်ဒေါ် ဖွင့်ပေးလှည့်ပါဆိုလို့ ဒေါ်ဒေါ်က စိတ်ပါလက်ပါ လာခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဒေါ်ဒေါ်တို့ မန္တလေးမှာ ဒီလိုပြခန်းတွေ များများမရှိသေးပါဘူး။ အနုပညာသမားတွေတော့ တော်တော်ရှိပါတယ်။ ဒေါ်ဒေါ်သိသလောက် ပြောရရင် မန္တလေးမှာ ပန်းချီဆရာကြီး ဦးအောင်ခင်ရဲ့ သမီးလေးတွေက သူတို့အဖေကျန်ရစ်ခဲ့တဲ့ ကားတွေကို ပန်းချီပြခန်းလုပ်ဖို့ ကြိုးစားတုန်း ရှိပါသေးတယ်။ မပြီးသေးပါဘူး။ ဆရာကြီး ဦးအောင်ခင်ကျန်ရစ်တဲ့ ကားတွေကတော့ အများကြီးပါပဲ။ ပြခန်းကြီးတခု လုလုပပ လုပ်နိုင်ပါတယ်။

ပန်းချီ ကိုပေါ်ဦးသက်ရဲ့ ဇနီးနဲ့သားများကတော့ ပန်းချီပြခန်းတခု လုလုပပ လုပ်ချင်တယ်။ နို့ပေမယ့် ကားတွေက များများမကျန်ရစ်ဘူး။ ခု ဆရာမျိုးမြင့်ဆွေမှာတော့ ကားတွေကျန်ရစ်တယ်။ ကားသာမက အခြားပစ္စည်းတွေလည်း ရှိတယ်။ ပြီးတော့ ဆရာမျိုးမြင့်ဆွေရဲ့ ကျန်ရစ်တဲ့ဆွေမျိုးတွေက စိတ်တူကိုယ်တူ ဒီပြခန်း

ဖြစ်မြောက်ရေးကို ဆောင်ရွက်နေကြတာမို့ မန္တလေးမှာ ဒီလိုပြခန်းတခု ရှိလာပြီဆိုတာ လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူစရာကောင်းပါတယ်။

ကျွန်မအကြံပြုချင်တာကတော့ ဆရာ့လက်ရာကလေးတွေကို အခုလို ပြသထားရုံမကဘူး။ ပြခန်းကို လာကြည့်သူတွေက ကိုယ်ကြိုက်တဲ့ပန်းချီကားလေးတွေရဲ့ ပုံတူရောင်စုံဓာတ်ပုံကလေးတွေကိုပါ ဝယ်သွားလို့ရအောင် ပုံကူးပြီး ရောင်းတာမျိုးလည်း လုပ်စေချင်ပါတယ်။

နောက် ဆရာ့ကဗျာစာအုပ်ကလေးတွေကို ဒီနေရာက ရောင်းတာမျိုး လုပ်စေချင်ပါတယ်။ ကဗျာစာအုပ်ကလေးတွေ ဆရာ အရင်တုန်းက ထုတ်ဝေဖူးပါတယ်။ ခုတော့ ကုန်နေပြီထင်ပါတယ်။ အဲဒီစာအုပ်ကလေးတွေကို ထပ်ရိုက်ပါ။ တမျိုး ၁၀၀၀စီလောက်ရိုက်ပြီး ဈေးနည်းနည်းအမြတ်မယူဘဲ ပြန်ရောင်းပေးပါ။ ဆရာဆုံးတာ ငါးနှစ်ပြည့်တုန်းက ဆရာဝန်အသင်းတိုက်မှာ ပြပွဲလုပ်တော့ ဆရာ့ကားတွေ အတော်များများကို ရောင်စုံဓာတ်ပုံကူးပြီး ပြန်ရောင်းတာတွေ့လို့ ကျွန်မသဘောကျတဲ့ ပုံကလေးတွေကို အဲဒီတုန်းက ဝယ်ခဲ့ပြီး သိမ်းထားခဲ့ပါတယ်။ ဆရာမျိုးမြင့်ဆွေက အရင်က မန္တလေးကျုံးကို နေရာအမျိုးမျိုးက ရေးဆွဲခဲ့တယ်။ ခုမမြင်ရတော့ပြီဖြစ်တဲ့ အဲဒီကျုံးပုံ ကလေးမျိုးတွေ၊ ဆရာမျိုးမြင့်ဆွေရေးဆွဲတဲ့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ ပုံတူကားမျိုးတွေကို ကူးပြီး ရောင်းစေချင်ပါတယ်၊ ဝယ်ကြမှာပါ။

ပြီးတော့ ပြခန်းဆိုတာ တခါချိတ်ဆွဲထားပြီး ပြလိုက်ရုံနဲ့ ပြီးတာမျိုး မဟုတ်ပါဘူး။ အမြဲတမ်းထိန်းသိမ်းဖို့ လိုပါတယ်။ ပြစရာပစ္စည်းကလေးတွေကိုလည်း မကြာမကြာ ပြောင်းလဲပြီး ပြသနိုင်ဖို့ လိုပါတယ်။ ကျွန်မတို့မန္တလေးကို နိုင်ငံတကာက ဧည့်သည်တွေလာလိမ့်မယ်၊ လာခဲ့ရင် အနုပညာကို စိတ်ဝင်စားတဲ့ ဧည့်များပါခဲ့ရင်

ဒီလိုနေရာကိုလာပြီး ကြည့်ချင်မှာပါ။ ကြည့်လာရင် အဲဒီဌည့်ကိုလည်း ဖြစ်နိုင်ရင် အဖိုးအခများ မယူဘဲ ကြည့်ခွင့်ပြုစေချင် ပါတယ်။ ဒီလိုပြောတာ တခြားကြောင့် တော့ မဟုတ်ပါဘူး၊ နိုင်ငံခြားဧည့်တစု အချင်းချင်း စကားပြောနေရာမှာ မြန်မာ နိုင်ငံက ကြည့်စရာတွေ ကောင်းပါတယ်။ ဒါပေမယ့် ပိုက်ဆံယူအားကြီးတယ်လို့ ပြောသံကြားခဲ့တယ်ဆိုတဲ့ စကား ကြားဖူးလို့ပါ။ ဆရာဟာ အသက်ရှည်သင့် သလောက် မရှည်ခဲ့ဘူး။ ဒါပေမယ့် သူ့အနုပညာတွေကို သူ့မောင်နှမသားချင်း တွေက မြတ်မြတ်နိုးနိုး၊ စုစုဆောင်းဆောင်းနဲ့ အခုလို ဖော်ထုတ်နိုင်တာကတော့ သူများထက် ကံကောင်းတယ် ထင်ပါတယ်။ ဆရာက ပန်းချီသာ ဆွဲသွားတဲ့ ပန်းချီဆရာတယောက်သာ ဟုတ်ပါဘူး။ စာတွေလည်း ရေးသွားတဲ့စာရေးဆရာ၊ ကဗျာတွေလည်း ရေးစပ် သွားတဲ့ကဗျာဆရာ၊ တေးသီချင်းတွေလည်း ရေးဖွဲ့သီကုံး သွားတဲ့ တေးပြု အနုပညာသည်ပါ။ ဒီလိုတဦးတယောက်တည်းနဲ့ အနုပညာတွေ အများကြီး ထွက်လာသူက များများ မရှိပါဘူး။ ရှားရှားပါးပါး အနုပညာသည် မျိုးပါ။ သူ့ပညာတွေကို ကျန်ရစ်တဲ့ မောင်နှမသားချင်းတွေက အခုလိုသိမ်းဆည်း စုဆောင်းတင်ပြနိုင်တာ ဝမ်းလည်းသာတယ်၊ အားလည်း ရတယ်။ မန္တလေးအနေနဲ့ ဂုဏ်လည်း ယူပါတယ်။ ဆရာ့အနုပညာပြတိုက် အရှည်တည်တံ့ နိုင်အောင်သာ အဘက်ဘက်က ကြိုးစားကြပါတော့။

ပန်းချီဆရာကြီး ဦးအောင်ခင် နှစ်ပတ်လည်

နတ်ကျွန်းအောင်မြေ

(၄.၅.၉၇)

ဆရာဦးအောင်ခင် အနိစ္စရောက်တာ တနှစ်ပြောက်ပြီလို့ ဆရာ့သမီး ချိုချိုအောင်တို့က ကျွန်မဆီကို လာပြီး အကြောင်းကြားပါတယ်။ နောက်ပြီး တနှစ်မြောက်ပွဲကလေး ကျင်းပမယ့် ဆရာ့ဇာတိရွာကို အမေလိုက်နိုင်ရင် လိုက်ခဲ့ပါဦးလို့ ဖိတ်တာနဲ့ ဆရာ့ရွာကို ရောက်ဖူးချင်တာကလည်းတကြောင်း၊ ဆရာနဲ့ရင်းနှီးတာလည်း တကြောင်းမို့ ကြိုးစားပြီးတော့ လိုက်ခဲ့မယ်လို့ ပြောပြီး ကျွန်မလိုက်လာပါတယ်။ ခရီးမထွက်တာ ကြာပါပြီ။ ခရီးထွက်လာခဲ့တော့ သြော် . . . ဆရာ့ရွာက ဒီမှာကိုး၊ ဆရာက ဒီဇာတိကိုး လို့ဆိုပြီး ဆရာနဲ့ပိုလို့ ရင်းနှီးသလို ဖြစ်ရပြန်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မကလည်း ဒီဇာတိဟုတ်လား။ ကျွန်မတို့ဇစ်မြစ်က လက်တောင်းကြီးကပါ။ လက်တောင်းကြီးဆိုတာ မုံရွာတဘက်ကမ်း ညောင်ပင်ကြီးဆိပ်ကနေပြီး ပုလဲလမ်းကိုသွားတဲ့ ကားလမ်းပေါ်က လက်တောင်းကြီးရွာဟာ ကျွန်မအဘွားများ ဇာတိရွာပါ။ ကျွန်မအဘွားအကြီးက အပျိုတုန်းက သူတို့ရွာမှာ မိုးခေါင်လို့ သရောကြီးခိုင်းတော့ မန္တလေး ခေတ္တလာနေရာမှာ မန္တလေးမှာအိမ်ထောင်ကျပြီး ကျွန်မအမေကို မန္တလေးမှာ မွေးတာပါ။ ကျွန်မတို့ကတော့ မန္တလေးသူပေါ့၊ နို့ပေမယ့် လက်တောင်းကြီးက အမျိုးတွေနဲ့ အဆက်မပြတ်ကြဘူး။ ဆွေမျိုးတွေကလည်း တရွာလုံးဆိုတော့ အမြဲတမ်း ဝင်ထွက်သွားလာနေကြတာ။

အခု ချင်းတွင်းကို မော်တော်နဲ့ စုန်ပြီး နတ်ကျွန်းရွာကို လာရတဲ့အခါတော့ သြော် . . . ဆရာဦးအောင်ခင်နဲ့ ငါတို့နဲ့က တနယ်ထဲသားတွေပါကလားဆိုပြီး ဆရာတို့ကို ပိုရင်းနှီးရပြန်တယ်။

ဆရာဦးအောင်ခင်နဲ့ ကျွန်မတို့နဲ့ သိခဲ့ကျွမ်းခဲ့တာ ကြာပါပြီ။ ဆရာ့ဇနီးတင်တင်နဲ့လည်း ရင်းနှီးခင်မင်တာပါ။ ပြီးတော့ ဦးအောင်ခင်က ပန်းချီဆရာဆိုတာနဲ့အညီ စိတ်သဘောကလည်း အလွန် အေးဆေးသဘောကောင်းပြီး စိတ်ထားအလွန်နူးညံ့ပါတယ်။

ဦးအောင်ခင်နဲ့ ကျွန်မက မနက်အစောကြီးထပြီး လမ်းလျှောက်ကြတဲ့ လမ်းလျှောက်ဖက်တွေ။ သူကလည်း စိပ်ပုတီးကလေးနဲ့ ကျွန်မကလည်း စိတ်ပုတီးကလေးနဲ့ သူနဲ့ကျွန်မက အသွားမှာတွေ့တဲ့အခါ တွေ့တယ်၊ အပြန်မှာ ဆုံတဲ့အခါ ဆုံတယ်။ ကျုံးအရှေ့ထိပ်က ပြည်ကြီးမွန်ဖောင်မှာ လေ့ကျင့်ခန်းလုပ်ရင်း ဆုံတဲ့အခါ ဆုံတယ်။ ဆုံကြတော့ စကားပြောမိကြသေးတာ။ နောက် တင်တင်ဆုံးသွားတော့ ကျွန်မက ဦးအောင်ခင်ကို သနားနေတယ်။ ကိုယ်က သူ့အရင် မုဆိုးမဖြစ်ခဲ့တာ။ မုဆိုးမ ဘဝနဲ့ (၁၅) နှစ်ပဲ ရှိပြီဆိုတော့ တသက်လုံးလက်တွဲလာတဲ့ ဘဝကြင်ဖော်လက်တွဲဖြုတ်သွားတဲ့အခါ ကျန်ရစ်သူရဲ့အဖြစ်ကို နားလည်နေလို့ ဦးအောင်ခင်ခံနိုင်ရည်ရှိပါစေလို့ ဆုတောင်းနေတယ်။ နောက်တော့ ဦးအောင်ခင် ပန်းချီကားတွေဆွဲနေတယ်။ ဆွဲတာမှ ကားတွေအများကြီးဆွဲနေတာ၊ တကိုယ်တော်ပြပွဲလုပ်မလို့တဲ့ဆိုတဲ့ သတင်းတွေ ချိုချိုအောင်တို့ဆီက ကြားနေရတယ်။ ဒါကြောင့် ဦးအောင်ခင်တယောက် သူရှေ့က သူ့ဇနီးက ဆုံးပြသွားတော့ လူဆိုတာ မသေခင်သာ လုပ်စရာရှိတာ လုပ်နိုင်တာ၊ သေသွားရင် အားလုံးနိဂုံးချုပ်တာပဲဆိုတဲ့ အသိနဲ့ ကားတွေကို ဆွဲနေတာထင်တယ်လို့ ကျွန်မက အောက်မေ့လိုက်တယ်။ ကျွန်မထင်တဲ့အတိုင်း မှန်တာပေါ့။ ဦးအောင်ခင်ဟာ ၂ နှစ်လောက်အတွင်းမှာ အံ့သြစရာကောင်းလောက်အောင် ပန်းချီကား ၁၀၀ ကျော် ရေးဆွဲသွားနိုင်ခဲ့တာပဲ။ ခုသူ့ကားတွေအားလုံး သူ့သမီးတွေလက်ထဲမှာ ကောင်းကောင်းမွန်မွန် ကျန်ရစ်ပါတယ်။

ဦးအောင်ခင်က ပန်းချီဆရာဆိုပေမယ့် တချို့ပန်းချီဆရာတွေလို စီးပွားရေး ချို့ချို့တဲ့တဲ့ မဟုတ်ဘူး။ သူ့ဇနီးဒေါ်တင်တင်က အိမ်ကနေပြီးတော့ ရှာဖွေကျွေး နေနိုင်တော့ သူက စိတ်ရှိလက်ရှိ သူလုပ်ချင်တာကို လုပ်နိုင်တဲ့ ပန်းချီဆရာမျိုး။ ဒါကြောင့် သူ့ကားတွေ ခုလို အများကြီးကျန်ရစ်ပြီး ကောင်းကောင်းမွန်မွန် ရှိနေတာမို့ ဦးအောင်ခင်ဟာ နောင်နှစ် ၅၀၊ နှစ် ၁၀၀ ဆိုရင် ပိုလို့ နာမည်ကြီးဦးမှာမို့ သမီးတွေက ကားတွေကို တလေးတစား ရှိစေချင်၊ ထားစေချင်တယ်။ ဆရာ ဦးအောင်ခင်ကိုယ်တိုင်ကလည်း သူ့ကားတွေဟာ ကြာလေ အဖိုးတန်လေ ဖြစ်လိမ့်မယ်လို့ ယုံကြည်ခဲ့တာပါ။ ကားတွေဆွဲရာမှာ ဒီယုံကြည်ချက်လည်း ပါပါတယ်။ ဒါကြောင့် သမီးတွေကိုပြောချင်တယ်။ ဆရာ့ပန်းချီအမွေကိုလည်း ဆက်ခံနိုင်တဲ့ သမီးက ကြိုးစားဆက်ခံပါ။ ဆရာ့ကားတွေကိုလည်း ထိန်းသိမ်း စောင့်ရှောက်ကြပါ။ ညီအစ်မသုံးယောက် စည်းစည်းလုံးလုံးနဲ့ အဖေ့ဆန္ဒတွေ အကောင်အထည် ဖော်နိုင်အောင် ကြိုးစားကြပါလို့လည်း ကျွန်မက မေတ္တာရပ်ခံချင်တယ်။

ဦးအောင်ခင်ဟာ စိုက်လိုက်မတ်တပ် သူလုပ်ချင်တာတွေကို တသက်လုံး ဇောက်ချ လုပ်သွားနိုင်သူလည်းဖြစ်တယ်။ တခြားပန်းချီဆရာတွေဟာ ဝမ်းရေးကို ငဲ့ကြရ သေးလို့ ကိုယ်လုပ်ချင်တာကို ဦးအောင်ခင်လောက် လုပ်မသွားနိုင်ကြပါဘူး။ သူက ကုသိုလ်ကောင်းလို့၊ တင်တင် ရှာဖွေကျွေးလို့ သူလုပ်ချင်တာတွေကို နောက်ဆံ မတင်းဘဲ လုပ်နိုင်တာ။ ပန်းချီကား တရာ့လေးငါးခြောက်ဆယ် လက်ဝယ်ထား နိုင်တဲ့ ပန်းချီဆရာဆိုတာ မြန်မာမှာလည်း မရှိဘူး။ ကမ္ဘာမှာလည်း ရှိမယ် မထင်ဘူး။ သိပ်ရှားတယ်။ အဲဒီတော့ သမီးတွေက ဆက်ပြီး ကားတွေကိုလည်း ထိန်းပါ။ ပညာကိုလည်း လိုက်စားနိုင်တဲ့ သမီးပါရင် လိုက်စားပါ။ အဖေ ပန်းချီဆရာ၊ သမီးပန်းချီဆရာဆိုရင် ဘယ်လောက် ကောင်းမလဲလို့ အောက်မေ့မိ ပါတယ်။

ဆရာဦးအောင်ခင်ရဲ့ ဇာတိရွာကို အခုလိုရောက်အောင် လာခဲ့နိုင်တာ ဝမ်းသာပါတယ်။ ရွာသူရွာသားတွေနဲ့ အခုလို တွေ့ခွင့်ရတာလည်း ဝမ်းသာပါတယ်။ ဆရာ့အဖေက အနုပညာ လက်မှုပညာတွေနဲ့ အသက်မွေးသူ၊ ဆရာ့အဖေရဲ့ လက်ရာတွေ ဒီနယ်က ကျောင်းကန်ဘုရားတွေမှာ မလွတ်တမ်းတွေ့နိုင်တယ်ဆိုလို့ ကျွန်မတို့ လက်တောင်းကြီးရွာက တန်ခိုးကြီးဘုရား ရွှေမြင်တင်မှာလည်း ဆရာ့အဖေ့လက်ရာတွေများ ရှိမလားလို့ အောက်မေ့မိတယ်။ နတ်ကျွန်းက ရွာသူရွာသားတွေကိုလည်း ဆရာဦးအောင်ခင် မရှိတော့ပေမယ့် သူ့သမီးတွေကို ဆရာရှိတုန်းကလိုပဲ အခင်အမင်မပျက် ရှိကြပြီး မန္တလေးကိုလည်း အဝင်အထွက်မပျက် ဆက်သွယ်နေကြပါ။ သမီးများကလည်း ဒီရွာကဆွေမျိုးတွေနဲ့ အဖေရှိတုန်းကလိုပဲ ဆက်ဆံခင်မင်မှုကို ဆက်လက်ပြုလုပ်ကြပါ။ ကျွန်မတို့လည်း ချိုချိုအောင်တို့ကို အကြောင်းပြုပြီး ဒီနတ်ကျွန်းရွာကို ရောက်ဖူးရ၊ ရွာကလူတွေနဲ့ တွေ့ဆုံမိတ်ဖြစ်ရတဲ့ အတွက် အားလုံးကို ကျေးဇူးတင်နေတဲ့ အကြောင်းနဲ့ နိဂုံးချုပ်ပါရစေ။

## ကျေးဇူးတင်လွှာ

ဒီစာအုပ် ဖြစ်မြောက်ရေးအတွက် အကူအညီ ပေးကြတဲ့ လူထု (ဦး) စိန်ဝင်း နဲ့ ပန်းရိုင်းမြေစာပေက ကိုစိုးမြင့်၊ ညိုသစ်၊ ကိုဝင်းလှိုင်၊ ဒီဇိုင်း စိုးဝင်းငြိမ်း၊ ဒီဇိုင်း မောင်အေးချို၊ ဦးကျော်ဖဲလှ၊ ကျော်ရင်မြင့်၊ ဆူးငှက်၊ မျက်နှာဖုံးနဲ့ အတွင်းပုံတွေ ရေးဆွဲပေးတဲ့ ပန်းချီမြတ်ကျော့ တို့ကို အထူးကျေးဇူးတင်ရှိပါတယ်။

# အခန်း ( ၆ )

## အမေဒေါ်အမာရဲ့စာတချို့



# အမေ နေကောင်းလား

## လူထုဒေါ်အမာ

ကျွန်မကို လူငယ်တွေကတွေ့ရင် 'အမေနေကောင်းလား' လို့ နှုတ်ဆက်တတ်ကြတယ်။ ကျွန်မကလည်း 'အေး ခုထိတော့ နေကောင်းပါသေးရဲ့'လို့ ဖြေမိတတ်တယ်။ ပြီးတော့ စိတ်ထဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ချက်ချင်းသတိရမိပြီး ဆရာကြီးပြောတတ်လှတဲ့ 'ကောင်းတယ်ဆိုပေမယ့် လူကြီးကောင်းပေါ့ကွာ' ဆိုတဲ့ စကားလေးကို နားထဲကြားယောင်ပြီး အမေ နေကောင်း လား မေးသူကိုလည်း ဆရာကြီးပြောတတ်တာကလေးကို ဆက်ပြောချင်နေမိတယ်။

ဘာလို့လဲဆိုတော့ နေလို့တော့ကောင်းပါသေးရဲ့။ ဒါပေမယ့် ဟိုတုန်းကလို အလုပ်တွေတွင်အောင် လုပ်နိုင်တော့တာမှ မဟုတ်ဘဲ။ တချို့ကတော့ အမေ့စာတွေ မဂ္ဂဇင်းတွေမှာ မပြတ်တမ်း ဖတ်နေရလို့ အမေနေကောင်းနေမယ်ဆိုတာ သိပြီး ဝမ်းသာနေတယ်လို့လည်း စာရေးကြတယ်။ ဟုတ်တာပေါ့။ အမေ့စာတွေက မဂ္ဂဇင်းတွေမှာ ပါနေသေးတာကိုး။ ဒါပေမယ့် အခုအိမ်မှာ အမေ့စာအုပ်ဟောင်း တချို့ကို ပြန်ရိုက်လို့ အမေက ဝင်ပြီးစာမှားရှာပေး၊ ပရူဖတ်ပေးရတဲ့ အခါတော့ 'ငါ ဟိုတုန်းကမို့ ဒီလိုရေးနိုင်တာ၊ ခု ဒီစာမျိုး ငါမရေးနိုင်တော့ဘူး' လို့ ကိုယ့်စိတ်ထဲ အောက်မေ့ရင်း ဝမ်းနည်းနမြောသလိုနဲ့။ ခု အမေရေးနေတဲ့ စာတွေအပေါ် အားမရသိပ်ဖြစ်ရပါတယ်။ အရည်အသွေးချင်းက ကွာတာကိုး။ လူအပင်ပန်း ခံနိုင်ချင်းကလည်း ကွာပြီ ဟုတ်လား။နို့ပေမယ့် ဘာတတ်နိုင်မှာတုံး။ ဦးလှ ပြောတတ်လှတဲ့ ဇရာ ဟုတ်လား။ လူထုဦးလှက သူ့အသက် ၆၀ ကျော် ၇၀တွင်း ရောက်လာတော့ ပရိသတ်ထဲမှာ စကားပြောတဲ့အခါ ကမ္ဘာကျော် နပမ်းသမားကြီး ပုံပြင်ကို ရယ်ကာမောကာနဲ့ မကြာခဏ ထည့်ထည့်ပြောတတ်တယ်။

သူ့ပုံပြင်က တခါတုန်းက အလွန်သန်မာတဲ့ နပမ်းသမားကြီးတယောက် ရှိသတဲ့။ ဘယ်သူနဲ့သတ်သတ် သူကနိုင်တာချည်းပဲတဲ့။ ရှုံးပွဲတပွဲမှမရှိခဲ့ဖူးဘူးတဲ့။ ဒါကြောင့် လူ့လောကမှာ သူနဲ့ယှဉ်သတ်ဝံ့တဲ့ နပမ်းသမား မပေါ်ထွက်တော့ဘဲရှိနေလို့ တနေ့မှာ သူကတောင်ထိပ်တက်ပြီး မိုးပေါ်က သိကြားမင်းကို မေတ္တာရပ်ခံသတဲ့။ 'သိကြားမင်းကြီး ခင်ဗျာ၊ ကျွန်တော်ဟာ နပမ်းမသတ်ရရင် မနေနိုင်တဲ့လူမို့ လူ့ပြည်မှာ ကျွန်တော်နဲ့ ယှဉ်သတ်ဝံ့တဲ့ နပမ်းသမားမရှိတော့လို့ သိကြားမင်းကြီးရဲ့ နတ်ပြည်မှာ နပမ်းသတ်ချင်တဲ့ နတ်သားရှိရင် တယောက်လောက် ကျွန်တော့်ဆီ လွှတ်ပေးစမ်းပါ'လို့ တောင်းသတဲ့။ သိကြားမင်းက ဒီလူ့စကားကြားတော့ မင်း ဒါလောက် နပမ်းလုံးချင်နေရင် နတ်ပြည်ကဟာကို မခေါ်နဲ့ဦး။ အဲဒီ မင်းရပ်နေတဲ့ တောင်အောက်က တောင်ခြေမှာ တောင်ယာစိုက်နေတဲ့ အဘွားကြီးနဲ့ အရင်လုံး။ အဲဒီ အဘွားကြီးကိုနိုင်ရင် နတ်သားတယောက် နတ်ပြည်က လွှတ်ပေးမယ်လို့ ဆိုသတဲ့။

နပမ်းသမားကြီးက သိကြားမင်းမို့လို့သာ လက်ခံလိုက်ရတယ်။ ဒီစကားကို လုံးလုံး မကျေနပ်ဘူး။ ဒါပေမယ့် သူက နပမ်းလုံးချင်နေသူဆိုတော့ ဘာတတ်နိုင်မှာတုံး။ သိကြားမင်းပေးတဲ့ ဘက်ကိုပဲ လက်ခံလိုက်ရတာပေါ့။ စိတ်ထဲ မကျေမလည်နဲ့ တောင်အောက်ဆင်းလာပြီး တောင်ယာစိုက်နေတဲ့ အဘွားကြီးကို သူက ဘာမပြော ညာမပြော ဝင်ဖက်လုံးတော့ နပမ်းသမားကြီးဟာ သူချည်း အကြိမ်ကြိမ် အောက်က ကျနေသတဲ့။ အဘွားကြီးကို သူ လုံးလုံး မနိုင်ဘူး။ ဒါ့ကြောင့် ငါ ဘယ်တုန်းကမှ ဒီလိုမဖြစ်ဖူးဘူး။ ဘယ်သူနဲ့မဆို ခါးကို ချိုးပစ်နိုင်ခဲ့တယ်။ ဘယ်လိုဖြစ်တာလဲ။ ငါ အထင်မှားလို့ လားဆိုပြီး တခါပြန်လုံးတယ်။ သူပဲ အောက်ကကျပြန်တယ်။ အကြိမ်ကြိမ်ရှိတော့ 'သိကြားမင်းရယ်၊ ဘယ့်နှယ်လဲ၊ ကျွန်တော် ဒီအဘွားကြီးကို မနိုင်နိုင်ဘူး ဖြစ်နေတယ်၊ ဘာကြောင့်လဲ'လို့ မေးရတော့ သိကြားမင်းက ပြုံးပြီး 'မင်း သူ့ကို ဘယ်နိုင်လိမ့်မတုံး၊ သူက ဇရာလေ'လို့ ပြောသတဲ့။ ဦးလုရဲ့ ပုံပြင်လေးက။

ကျွန်မတို့လည်း ဇရာကို အသက် ၄၀ ကျော် ၅၀ ကစပြီး မသိချင်ဘဲနဲ့ သိလာခဲ့ရတာဆိုတော့ ဘယ်မှာ မစံရှား လုပ်လို့ရ မလဲ။ ဒါကြောင့် ဇရာကတော့ ရာမှာပဲ။ ဒါပေမယ့် တတ်အားသမျှတော့ လှုပ်ရှားရဦးမယ်ဆိုပြီး ရေးစွမ်းသမျှ ရေးနေရတာပါ။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တုန်းက ကျွန်မတို့ဆွေမျိုးတသိုက် မန္တလေးမြောက်ဘက် တောင်ပြုံးရွာနားက ကပိုင်တောင်ငူစု ကျောင်းမှာ ရွှေမန်းဆရာတော် ဦးကေသရရဲ့ အရိပ်ကိုခိုပြီး စစ်ပြေးနေကြတော့ ဆရာတော်ဦးကေသရက ကျွန်မတို့အမေကို 'မစု၊ အသက်ကြီးလာရင် လူသာကျပစေ၊ စိတ်မကျစေနဲ့' တဲ့။ 'လူကမှ အိုနေတဲ့အထဲ စိတ်ပါချပစ်လိုက်ရင် အဝတ်စုတ်လို ပုံသွား လိမ့်မယ်' တဲ့။ ကျွန်မတို့ အမေက 'တင်ပါ့၊ တပည့်တော်မ မချဘူးဘုရာ့' တဲ့။ ကျွန်မအသက် ဖိုနှစ်မှာ မုဆိုးမ ဖြစ်ရတယ်။ ဦးလှနဲ့ကျွန်မက ကျန်းမာရေးချင်း အလွန်ကွာခြားလာပြီး ကျန်းမာ အောင်နေတာချင်းလည်း အလွန်ခြားနားပါလျက်နဲ့ သူက ကျွန်မအရင် ဘဝနိဂုံး အဆုံးသတ်သွားတော့ သြော် ဘဝဆိုတာ ထင်သလိုမဖြစ်ဘဲ ဖြစ်ချင်တာ ဖြစ်တာ ပါကလားဆိုပြီး ကိုယ်လည်း ဖြစ်လာတဲ့ ဘဝကို ရင်ဆိုင်ရပါတော့တယ်။ ဒီလို ဖြစ်ရာဘဝမှာ နေလိုက်ရတော့ ကျွန်မလုပ်တတ်တာက စာရေးတာဟုတ်လား။ ဒါကြောင့် သူ့လိုမသေသေးလို့ နေရသေးရင် ငါလုပ်တတ်တာလေး လုပ်နေဦး မယ်ဆိုပြီး ရေးတတ်တာကလေးတွေ တောရေးတောင်ရေးရေးရင်း သေမင်းအခေါ်ကို စောင့်ပါ တယ်။

အသက် ၇၀ ရောက်လာတော့ ဘယ်သူတွေက စိတ်ကူးပေါက်ကြတယ်မသိဘူး။ အမရပူရက တောင်လေးလုံး ကိုပညာနဲ့ စာပေလူငယ်တွေ ပေါင်းမိကြပြီး ကျွန်မ မွေးနေ့ လုပ်ကြသတဲ့လေ။ ကျွန်မတို့က မွေးနေ့ကျင်းပတယ်ဆိုတာ ပုဂ္ဂိုလ်ရေးလို့ မြင်တာပါ။ ဝါသနာ မပါပါဘူး။ ဒါကြောင့် မလုပ်ကြပါနဲ့၊ တို့လင်မယား ဝါသနာ မပါပါဘူး၊ ဘယ်တော့မှလည်း မလုပ်ခဲ့ပါဘူးလို့ ပြောပြီး အကြိမ်ကြိမ် တောင်းပန်ပါတယ်။ ဒါပေမယ့် မရခဲ့ဘူး။ ဒါကြောင့် မွေးနေ့လုပ်ချင်သူတွေကို

အရှုံးပေးလိုက်ရတယ်။ နို့ပေမယ့် မွေးနေ့လုပ်တယ်ဆိုတိုင်း ဦးလှကို သတိရတယ်။ သူရှိရင် ငါ့ကို ဘာပြောမှာပါလိမ့်။ 'မင်း ဘာတွေလုပ်နေတာလဲ' လို့လည်း ပြောလိမ့်မယ် ထင်တာပါပဲ။ တနှစ်သော မွေးနေ့မှာတော့ အမေ စကားပြောပါဦးလို့ လူငယ်များက မိုက်ခွက်ထိုးပေးပြီး စကားပြောခိုင်းကြပြန်တယ်။ ဒါနဲ့ ကျွန်မက ဘာမှစဉ်းစားမနေဘဲ စိတ်ထဲရှိတဲ့အတိုင်း 'အသက်ရှင်တဲ့လူမို့ ခုလို မွေးနေ့လုပ် ကြတာဟုတ်ပါရဲ့။ ဒါပေမယ့် ကိုယ်ကတော့ စာလေးဘာလေး ရေးနိုင်ဦးမယ်ဆိုရင် အသက်ရှည်ရကျိုးနပ်ပါသေးရဲ့။ ဒီလိုမဟုတ်ဘဲ လူအိုလူပိုကြီး တယောက်အနေနဲ့ တော့လည်း အသက်ရှည်မနေချင်ပါဘူး' လို့ပြောမိတယ်။ ဒီစကားကို စာရေးသူ တယောက်က ကောက်ရေးတယ်ထင်ပါရဲ့။ ကျွန်မ သားတယောက်က 'အမေ၊ အမေ့ကျန်းမာရေး သိပ်ဂရုစိုက်ပါ၊ အမေက စာမရေးနိုင်တော့ရင်ဖြင့် အသက် မရှည်ချင်တော့ပါဘူးလို့ပြောတယ်၊ ဘယ်ဒီလိုဖြစ်ရမလဲ။ အမေ ကျန်းမာနေသေး တယ်ဆိုရင် ကျွန်တော်တို့ အားရှိတာပေါ့။ ကျန်းမာရေးကို သိပ်ဂရုစိုက်ပါ အမေ'တဲ့။

ဟုတ်တာပေါ့လေ။ ' တို့မှာအမေရှိသေးတယ် ' ဆိုပြီးတော့ အားရှိမှာပေါ့။ ဒါပေမယ့် ငယ်ရွယ်သူတွေက လူအိုတွေရဲ့ စိတ်ဓာတ်ကို နားမလည် နိုင်စွမ်းကြ ဘူး။ လူဆိုတာ အိုမင်းလာတဲ့အခါ ငါမစွမ်းတော့ဘူးဆိုတာ သိပါရဲ့နဲ့ အဲဒီအဖြစ် ကို သေရမှာထက် ကြောက်ပါတယ်။ ဒါကြောင့် အဘိုးကြီးတွေ၊ အဘွားကြီးတွေက သူစွမ်းဆောင်နိုင်သေးတဲ့ ကိစ္စလေးတွေအနေနဲ့ မြေးထိန်းပေးတယ်။ ထင်းခွေပေး တယ်။ ရေခပ်ပေးတယ်။ ခြံရှင်းပေးတယ်။ ကျီးစောင့်ပေးတယ်။ ကြက်နှင်ပေး တယ်။ တကုပ်ကုပ် တလှုပ်လှုပ် လုပ်နိုင်သမျှကလေးတွေကို လုပ်ပေးနေရှာ ကြပါတယ်။ ဒါကို သားများမြေးများက ဒီအဘိုးကြီး အဘွားကြီးဟာ ကျွေးထားရင် ငြိမ်ငြိမ်စားနေတာ မဟုတ်ဘူး။ တောင်လုပ်မြောက်လုပ်နဲ့ ကျိုးကန်းနေရင် အလကားဒုက္ခတွေများနေဦးမယ်လို့ မောင်းကြ၊ မဲကြ၊ အပြစ် တင်တတ်ကြတယ်။ သူတို့က သူတို့မကျွေးနိုင်လို့ ဒီအရွယ်ကြီးကျမှ လုပ်ကိုင်ပေးနေရတယ်လို့၊ သူများ

မြင်ရင် သူတို့ဂုဏ်သိက္ခာကို ထိခိုက်တယ်လို့ မြင်တယ်လေ။ ဒါကြောင့် သူတို့က သူတို့အလကား ကျွေးထားနိုင်ရင် ငြိမ်ငြိမ်ထိုင်စား အေးအေးနေကြလို့ ဆိုချင်တယ်။

လူအိုတွေအနေနဲ့ကတော့ ဘယ် ဒီလိုဟုတ်လိမ့်မလဲ။ ဘယ်သား ဘယ်သမီး ဘယ်မြေး ဘယ်ဆွေမျိုးက ဘယ်လောက်ကြီး အလကား ကျွေးထားထား၊ ထမင်းပွဲရှေ့ရောက် ဘယ်လောက်ကြီး စားနေရနေရ။ ငြိမ်ငြိမ်ကလေးနေပြီး မြိန့်မြိန့်ကြီးထိုင်စား မနေရာကုန်ပါဘူး။ လူမှန်ရင် လူတိုင်းမှာ လူသားရဲ့အားမာန် အပြည့်ရှိပါတယ်။ ငါဟာ လူ့အဖွဲ့အစည်းကို ငါ စွမ်းဆောင်ရာဘက်က အကျိုးပြုနေသေးတဲ့ လူသားတယောက်ဆိုတဲ့ အားမာန်ကို သေမှစွန့်ခဲ့တာပါ။ ဘုန်းကြီးတွေဆွမ်းခံကြွတဲ့လမ်း၊ ရပ်သူရွာသားတွေ သွားကြလာကြတဲ့လမ်းကို မနက်အစောကြီးထပြီး တံမြက်လှည်းတဲ့ အဘိုးကြီး အဘွားကြီးတွေ၊ လူက လှုပ်လှုပ်ကလေးရှိတော့ရင်လည်း တောင်းစုတ်ပလုံးစုတ်ကလေးတွေကို ဖာထေးရက်သီနေတဲ့ အဘွားအဘိုးတွေ ဒါကြောင့်ရှိနေတာပေါ့။ ငါ ဘာလုပ်နိုင်သေးသလဲ။ လုပ်နိုင်သမျှ ငါလုပ်ဦးမယ်ဆိုပြီး လုပ်နေကြတာလေ။ သားတွေက အမေကျန်းမာအောင် နေရမယ်တဲ့။ လူလုပ်လို့ ရတဲ့ဟာမျိုးတော့ အမေ ကြိုးစားမှာပေါ့ကွယ် ဟုတ်ဘူးလား။

လူထုဒေါ်အမာ

၅-၈-၉၅

# စျေး

မနှစ်က ဆန်းကဖီးက ဦးလေးကြီး ဦးတင်ပွနဲ့ ဒေါ်ဒေါ် ဒေါ်တင့်တို့ကို ပုဂံဘုရားတွေဖူးရအောင် နိဗ္ဗာန်ကူးတို့ လိုက်ပို့ခဲ့တယ်။ ကျွန်မတို့ ဘုရားဖူးအဖွဲ့က အစုစုလူနှစ်ဆယ်ကျော်ပါတယ်။ ဒါကြောင့် ပုဂံ ညောင်ဦးနဲ့ ပုပ္ပားခရီးအတွက် ဒီလူသိုက်ကြီးစားဖို့၊ သောက်ဖို့တွေကို မန္တလေးကပဲ တတ်နိုင်သလောက် ချက်ပြုတ်ကြော်လှော်ယူသွားရတယ်။ ပုဂံဟာ အနယ်နယ် အရပ်ရပ်က ဘုရားဖူးတွေ အလွန်လာတတ်တဲ့ နေရာဖြစ်ပေမယ့် ညအိပ်ညနေ တည်းဖို့ခိုဖို့နေရာ၊ စားဖို့သောက်ဖို့နေရာတွေ လွယ်လွယ်ကူကူ ဘယ်မှာမှ မစီစဉ်နိုင်သေးဘူး။ ဒါကြောင့် လူတအုပ်ကြီးအတွက် စားရေးသောက်ရေးကို အိမ်က ထည့်သိုယူငင်သွားရတာဟာ ဝန်အလေးသား။

ပုဂံကို ရောက်ကြလို့ တညလဲအိပ်မိရော မနက်လင်းတော့ ပုဂံစျေးထဲမှာ ဟင်းချက်စရာတွေအတွက် လိုချင်တဲ့ သားငါးအသီးအရွက်အားလုံး ဝယ်လို့ခြမ်းလို့ရတယ်လို့ ကြားရပါရော။ ဒါကြောင့် စားအိုးကြီးလှတဲ့ ကျွန်မတို့အဖွဲ့က အမျိုးသမီးသုံးလေးယောက် ပုဂံစျေးကို အပြေးလာခဲ့ကြတယ်။ စျေးရောက်တော့ သူ့မြို့လူဦးရေနဲ့ သူ သင့်တော်ရုံ ခင်းကျင်းထားတဲ့ စျေးကွင်းကို တွေ့ရပါတယ်။ ရောက်တယ်ဆိုရင်ပဲ ကျွန်မတို့လူသိုက်က သားငါးရောင်းတဲ့အတန်းကို ပထမဆုံးရှာပြီး ဝင်ကြတယ်။ ငါးတွေ သားတွေဟာ ကျွန်မတို့ မြို့ကြီးစျေးတွေ လိုတော့ အမြောက်အမြား မတွေ့ရဘူးပေါ့။ နို့ပေမယ့် ရောင်းသမျှကဖြင့် အားလုံးလတ်လတ်ဆတ်ဆတ်တွေချည်းပဲ။ စျေးတွေကို မေးကြည့်လိုက်တော့လဲ ကြက်က ခုနစ်ကျပ်စျေးတဲ့။ ဝက်ကလဲ ခုနစ်ကျပ်စျေးတဲ့။ ငါးကလဲ လေးကျပ်၊ ငါးကျပ်၊

ခြောက်ကျပ်က ရှစ်ကျပ်၊ ကိုးကျပ်ဈေးအထိ ငါးလိုက်လို့ပဲ။ အမဲသားတို့၊ ဆိတ်သားတို့ကလဲ ဝယ်ချင့်စဖွယ်။ အသားတုံးကြီးတွေ ရဲလို့ ခဲလို့။ ချိန်ရောင်းမယ့် အလေးတွေကို ကြည့်လိုက်တော့လဲ ပြည့်မယ့်ပုံပါ။ ဒါ့ကြောင့် ကြက်ဝယ်တဲ့လူက ဝယ်၊ ဝက်ဝယ်တဲ့လူက ဝယ်၊ ငါးဝယ်တဲ့လူက ဝယ်၊ တိုင်ပင်မထားရဘူး။ ဆိုးဆတ်နဲ့ ကျွန်မတို့လူသိုက်က အားလုံး လူခွဲပြီး ချိန်ကြ တွယ်ကြ ဝယ်ကြတယ်။ ပြီးတော့လည်း မန္တလေးထက် အများကြီး ဈေးပေါတယ်။ တို့မန္တလေးများဖြင့် ဝက်ဆိုရင် ကိုးကျပ်၊ ကြက်ဆိုရင် ကိုးကျပ်၊ တဆယ်။ ဒီမှာတော့ ဇလုတ်လဲ မပါဘူး၊ ပေါလိုက်တာလို့ အင်္ဂလိပ်လို ပြောတဲ့လူကပြော၊ အသံအုပ်ကလေးနဲ့ လက်ကုတ်ပြောတဲ့ လူကပြောနဲ့ ပျော်လို့ပေါ့။

သားငါးတန်းကပြီးတော့ ဟင်းသီးဟင်းရွက်ရောင်းရာ သွားကြပြန်ရော။ အဲဒီမှာလည်း သခွားသီး၊ ဘူးသီး၊ ခရမ်းသီးတွေ ပေါလိုက်တာ။ ဖွှန်ပန်းကုံးတွေကလည်း တကုံးမှ ငါးပြားတဲ့။ မန္တလေးမှာဆိုရင် ဆယ့်ငါးများ၊ ပြားနှစ်ဆယ်ပေးမှရမယ့် အတုတ်ကုံးကြီးတွေ။ ကျွန်မတို့ လူသိုက်က တဈေးလုံး သိမ်းဝယ်တော့မလား အောက်မေ့ရလောက်အောင် လောဘတကြီးလျှောက်ဝယ်ပြီး ပျော်ပျော်ကြီး ပြန်လာကြတယ်။ တည်းရာနေရာ ရောက်တော့လဲ အိမ်က ဝယ်ချက်ခဲ့မိတာ မှားတဲ့အကြောင်း၊ ပုဂံမှာ ဒီလိုဝယ်လို့ ရမှန်းသိရင် ဒုက္ခခံပြီး ချက်ယူလာမှာ မဟုတ်တဲ့အကြောင်း၊ ဒီမှာ ပေါလဲပေါသေး၊ လတ်လဲလတ်သေး၊ သိပ်ကောင်းတဲ့ အကြောင်းတွေကို ပြောပြောပြီး ရယ်ကြမောကြနဲ့ ချက်လိုက် ပြုတ်လိုက်ကြတာ ဆူလို့။

နောက်တနေ့ ရောက်တော့လဲ ပုပ္ပါးမှာ စားဖို့ ဝယ်ရဦးမယ်ဆိုပြီး ပုဂံဈေးကို မနေ့ကလိုပဲ ပြေးကြပြန်ပါရော။ ဈေးရောက်တော့လဲ ငါးသည်၊ ကြက်သားသည်၊ ဝက်သားသည်တွေဆီက ဝယ်ချင်တာတွေ ဆိုးဆတ်နဲ့ ဝယ်ကြတာပဲ။ ဒါပေမယ့် ကနေ့တော့ ဈေးအကြောင်းကို သိပြီမို့ မနေ့ကလောက် မဟားတရား မလုပ်ကြတော့ဘူး။ ခပ်မှန်မှန်ပဲ ဝင်ဝယ်ကြတယ်။ အဲဒီလိုဝယ်တော့ ကျွန်မတို့

ဝယ်နေတဲ့ ဈေးဆိုင်တွေက ဝယ်သူ လုံးလုံး မရှိတာမှ မဟုတ်ဘဲ ကလား။ ဈေးဆစ်နေတဲ့ ပုဂံသူ၊ ဈေးမေးနေတဲ့ ပုဂံသူတွေ ရှိနေတာမို့ သူတို့က ကျွန်မတို့ကို မော့ကြည့်ပြီး ပြုံးကြတယ်။ ပြီးတော့ ကျွန်မတို့ ဝင်ဝယ်ရင် နောက်ဆုတ်ပေးတယ်။ ဒါကို ကျွန်မက ဝယ်နေ၊ ချိန်တွယ်နေတုန်းကတော့ ကိုယ့်လောဘဇောနဲ့ ကိုယ်မို့ သတိမထားမိဘူး။ ဈေးဝင်းထဲက ထွက်လာတော့မှ 'တို့ဈေးဝယ်ရင် ပုဂံသူတွေက ဖယ်ပေးကြပါတယ်'လို့ သတိရလာတယ်။ ဒါကြောင့် တို့ဖယ်ပေးတာဟာ ပုဂံသူတွေရဲ့ ယဉ်ကျေးမှုပဲ။ ပုဂံသူတွေက မန္တလေးက ဘုရားဖူးတွေပဲ ဝယ်ရှာပါစေဆိုပြီး နောက်ဆုတ်ပေးတာ ထင်ပါရဲ့လို့ အောက်မေ့တာနဲ့ ပထမတော့ ကျေးဇူးတင်လိုက်သေးတယ်။ နို့ပေမယ့် တော်တော်လေးကြာတော့ မန္တလေးဘုရားဖူးတွေမို့ သားငါးရစေချင်တဲ့ စေတနာချည်းမှ က ပါလေစ။ သူတို့ဆီမှာ ဈေးသည်ကို ဈေးဝယ်တယောက်က ဈေးမေး ဈေးဆစ်နေရင် တခြားတယောက်က ဝင်ပြီး မေးရိုးဆစ်ရိုးထုံးစံ မရှိဘူး။ ပထမလူနဲ့ အရောင်းအဝယ်တည့်ပြီးမှ၊ ဒါမှမဟုတ် မတည့်တော့မှ နောက်တယောက်ကဝင်ပြီး ဈေးမေးတယ်။ ဝယ်တယ်ဆိုတဲ့ ထုံးစံများ ရှိလေသလားလို့ တွေးမိတယ်။

အဲဒီအတွေးလဲဝင်လာပါရော 'ယဉ်ကျေးလှပါတယ်' ဆိုတဲ့ မန္တလေးသူတွေ၊ တက်ထရွှန်တွေ ပါတိတ်တွေနဲ့ ဝင်လာကြတဲ့ မန္တလေးသူတွေ ပုဂံဈေးထဲဝင်ပြီး အများသူတကာ ဝယ်ရောင်းနေတဲ့ကြားထဲ ဘီလူးသရဲတွေလို လုယက်ဝယ်သွားသလိုရှိမယ့် ကိုယ့်အဖြစ်ကိုတွေးမိလို့ ရှက်လိုက်တာ မပြောပါနဲ့တော့။ ပုဂံသူအမျိုးသမီးတွေက ကျွန်မတို့ကို မော့ကြည့်တယ်။ ပြီးတော့ ပြုံးတယ်။ ပြီးတော့ သူတို့ဝယ်ချင်လို့ ကိုင်ပြီးဈေးဆစ်နေတာကို လွှတ်ချပြီး ဖယ်ဆုတ်ပေးတယ်။ အဲဒီအသေးစိတ်ကလေးတွေကိုပါ ပြန်မြင်ယောင်တော့ ရှက်လို့ကို မဆုံးတော့ပါဘူး။ သူတို့စိတ်ထဲမှာတော့ ဘယ်လိုများ ထင်ကြမယ်မသိဘူး။ ကျွန်မတို့ငယ်ငယ်က ပွဲကြည့်တဲ့အခါ လူပြက်တွေက ပြောတတ်တယ်။ 'ဟော့၊ ယဉ်ကျေးတဲ့နေရာမှာတော့ ဒူးဖြတ် ရင်ဘတ်နဲ့ လမ်းသွားတယ်။ ငါက မန္တလေး ရွှေမြို့တော်

သားအစစ် နန်းတော်တိုင် ဖက်မွေးတာမို့ ဗိုက် ရွှေတွေ ခုတောင်ရှိသေးတယ်’ လို့ သူ့အလွန်ယဉ်ကျေးတဲ့အကြောင်း စကားနိုင်ပြောသံ ကြားရဖူးပါတယ်။ မန္တလေးက လူတွေက ပဒေသရာဇ်ယဉ်ကျေးမှုကို အလွန်အမွှမ်းတင်ပါတယ်။ ပုဂံဈေးထဲမှာ တော့ ကျွန်မတို့ကြောင့် မန္တလေး အရှက်ကွဲခဲ့ပါပြီ။ မကွဲလဲ ခံနိုင်ရော့မလား။ ကျွန်မတို့ မြို့ကြီး တွေမှာ ဈေးဝယ်ရတယ်ဆိုတာက ကနေ့ လူနေမှုရဲ့ အကြီးဆုံး ဘဝတိုက်ပွဲ တစိတ်တဒေသ မဟုတ်လား။ ဈေးဆိုတာ ဆန်ပေးရင် ဆေးရတယ် ဆိုတဲ့ နေရာမျိုး မဟုတ်ပါဘူး။ ဉာဏ်ရှိသလောက် ပိုက်ဆံရှိသလောက် လည်သလို လှည့်စားကြတဲ့နေရာပါ။ ဒါကြောင့် မြို့နေအိမ်ရှင်မတယောက် နိစ္စဓူဝ ဈေးဝယ်တဲ့ ကိစ္စကို သာမန်အိမ်မှုကိစ္စရယ်လို့ သဘောထားရင် မှားပါလိမ့်မယ်။ အိမ်ရှင်မ တယောက်အဖို့ မနက်လင်းလို့ မျက်စိနှစ်လုံး ဖွင့်လိုက်တာနဲ့ တပြိုင်နက် မနက် ၆နာရီ၊ ၇နာရီ၊ ၈နာရီ၊ ၉နာရီမှာ အလုပ်သွား၊ ကျောင်းသွားကြမယ့် လင်သားနဲ့ သားသမီးများ စောစောကြီး မသွားခင် စားသွားစရာနဲ့ နေ့ခင်းစားစရာကို အချိန်မီကျက်အောင် အမြန်ဆုံး ချက်ပြုတ်ကျွေးမွေးပြီး ထည့်ပေးလိုက်ရတယ်။ အဲဒီတာဝန်ပြီးတာနဲ့ တပြိုင်နက် ဈေးဆွဲခြင်းကို ဆွဲပြီး အနီးဆုံးဈေးကို အမြန်ဆုံး ပြေးလာခဲ့ရတယ်။ ခင်ပွန်းသည်ဟာ တလ ရှစ်ဆယ့်နှစ်ကျပ်စား ဖြစ်ချင်ဖြစ်မယ်။ လခ ၁၅၀၀စား ဖြစ်ချင်ဖြစ်မယ်။ ရှစ်ဆယ့်နှစ်ကျပ်စားဆိုရင် ဈေးဖိုးအဖြစ် တကျပ်၊ တကျပ် ပြားငါးဆယ်ထက် ပိုမသုံးနိုင်ပါဘူး။ လခ တထောင်ကျော်စား ဖြစ်ရင် တနေ့ ငွေတဆယ် ပတ်ဝန်းကျင်မှာ သုံးနိုင်ပါ လိမ့်မယ်။ ဒီငွေကိုကိုင်ပြီး အိမ်ရှင်မ က ဈေးဝယ်လာခဲ့တယ်။ ဈေးကိုရောက်တော့ ကနေ့ ဘာတွေ အများဆုံး ကျသလဲဆိုတာကို ကြည့်ရင်း၊ မနေ့က ဘာဟင်း စားခဲ့သလဲဆိုတာကို စဉ်းစားရ ပါတယ်။ ကိုယ်ဝယ်နိုင်တဲ့ ပိုက်ဆံနဲ့ ဘာချက်စရာ ဝယ်ရမလဲ စဉ်းစား ရတယ်။ မြို့ဈေးဆိုတာ ဟင်းသီးဟင်းရွက်ဖြစ်ဖြစ်၊ အသီးအနှံဖြစ်ဖြစ်၊ သားငါးဖြစ်ဖြစ် ဈေးထဲကို များများကြီးရောက်လာမှ ပစ္စည်း လဲ ကောင်းတယ်။ ဈေးလဲ ပေါတယ်။ ဒါ့ကြောင့် ဘာသီး ဘာရွက် ဘာငါး အများကြီး ရောက်နေသလဲဆိုတာကို

အရှင်ဆုံးမျက်စိ နဲ့ လျှောက်ကြည့်တတ်ရတယ်။ ဒါကလဲ သိပ် ခက်ခက်ခဲခဲ မရှာရတတ်ဘူး။ ကောင်းတယ် ပေါ်တယ် ဆိုရင်ဖြင့် လူတွေ ဝိုင်းအုံနေပါပြီ။ အဲဒီကိုသာ ဈေးခြင်းတောင်းဆွဲပြီး အသော့နှင်ပါရော့။ ရောက်ပြီဆိုရင် ဘာဝယ်ကြတာလဲ။ ဘာသည်မို့ ဒီလောက် ဝိုင်းရတာလဲလို့ တိုးကြည့်ပါ။ လူကြားထဲ ချောင်းကြည့်ပါ။ မြင်ရတယ်။ ကိုယ်ဝယ်ချင်တဲ့ ပစ္စည်းပဲ ကောင်းတယ်ဆိုရင် ဘယ်ဈေးလဲလို့ ဈေးသည်ကို မမေးနဲ့။ သူက မဖြေအားဘူး။ အဝယ်သမားအချင်းချင်းကို မေး၊ ဈေးလဲသိရော ပေါ်တာ သေချာတယ်ဆိုရင်ဖြင့် ဒီလူအုပ်ထဲကို တိုးပါတော့။ တိုးလို့ ဘေးက ဆဲရင်လဲ အသာငုံ့ခံပါ။ တကိုယ်လုံး တိုးမရရင် လက်တဖက်ဖြစ်ဖြစ် ဈေးသည်ရှိ ရာကို သွင်းနှင့်ပြီး ငါးဖြင့်လဲ ငါး၊ ငှက်ဖြင့်လဲ ငှက်၊ အသီးအရွက်ဖြင့်လဲ အသီးအရွက် ကိုယ့်မတွက် ရရာတခုကို ဆွဲထား၊ ဦးထားပါ။

'ဒါ ကျွန်မယူမလို့ ကျွန်မပေးပါ'လို့လဲ ပါးစပ်က မြည်နေပါ။ ဒါမှ လူရှင်းတော့ ကျသင့်တဲ့ ပိုက်ဆံကို ပေးပြီး ဒီပစ္စည်းကို ကိုယ်ရလိုက်တယ်။ ဒီလို မလုပ်နိုင်လို့ အ,တတ ဆိုရင် လူထဲတိုးရမှာကြောက်လို့ မတိုးနိုင်တာနဲ့ မရလိုက်ဘူး။ ဖြုတ်ဆိုကုန်သွားရော။ ကိုယ်ကရချင်တယ်၊ လိုချင်တယ်ဆိုရင်ဖြင့် ဒီပုံစံဟာ အသေချာဆုံးပါပဲ။ 'တကတည်းတော်၊ အလကားပေးတာ ကျနေတာပဲ၊ သောက်ကျိုးနည်း'လို့ မရလိုက်တဲ့လူက ဆဲချင်လဲဆဲပါစေ။ ဒါလောက်တော့ အရေထူထားပါ။ မဟုတ်ရင် မြို့ဈေးကလား လက်နှေးရင် လွတ်တယ်။ ကိုယ့်ခြံကထွက်တာ၊ ကိုယ့်အခင်းကထွက်တာမျိုးကလေးတွေကို ပုဂ္ဂလိက လာရောင်းတာ၊ တဆင့်ခံလာပြီး ရောင်းတာမျိုးဆိုတော့ ဒီလိုဝယ်ရတဲ့ ပုံစံမျိုးက အများစုပါ။ အဲဒီတော့ ဈေးဝယ်တာ မျက်စိရှင်ရတယ်။ လက်သွက်ရတယ်။ ဒီလို လက်သွက်မှုကလဲ တော်ရုံ အလေ့အကျင့် လုပ်ထားလို့ မရပါဘူး။ အိမ်ရှင်မကြီး အဖြစ်နဲ့ နှစ်ပေါင်း လပေါင်းများစွာ ဈေးဝယ်တတ်နေမှ ဖြစ်တာပါ။ မဟုတ်လို့ အိမ်ထောင်ကျစ အိမ်ထောင်တာဝန်ကို ခုမှ စ ထမ်းစ၊ မီးဖိုချောင်ကို ကိုယ့်ဘာသာ ခုမှ စ ဝင်စ အမျိုးသမီး ဆိုရင်တော့

ဈေးဝယ်ဖို့ ဈေးခြင်းကို ဆွဲထွက်လာပေမယ့် ဈေးထဲရောက်တော့ဘာဝယ်ရမှန်းမသိ၊ ဘာချက်ရမှန်းမသိလို့ ဈေးသည်တွေကိုကြည့်ရင်း ဈေးတန်းကို လျှောက်ရင်းနဲ့ တယောင်ပေပေ ဖြစ်နေလိမ့်မယ်။ အိမ်နီးချင်း အိမ်ထောင်ရှင်မ နောက်က တကောက်ကောက်လိုက်ပြီး သူ ဘူးရွက်တစည်းဝယ်ရင် ကိုယ် ဘူးရွက်တစည်း လိုက်ဝယ်၊ သူ ဇီးဖြူသီး ၁၀လုံးဝယ်ရင် ကိုယ် ဇီးဖြူသီး ၁၀လုံးလိုက်ဝယ်၊ သူ အမဲသား အစိတ်သားဝယ်ရင် ကိုယ် အမဲသား အစိတ်သား လိုက်ဝယ်ရတဲ့ အဖြစ်မျိုး ရောက်တတ်တယ်။ ကိုယ့်ဟင်း ကိုယ်မစပ်တတ်၊ ကိုယ့်ဈေး ကိုယ် မဝယ်တတ်သေးဘဲ ဟာကိုး။

ဒီလို အိမ်ထောင်သည် ယောင်နနမျိုးကိုတော့ ဈေးသည်လူလည်တွေက မျက်စိနဲ့ တောင် ကြည့်ဖို့တောင်မလိုဘူး။ တချက်ဝင့်လိုက်ရုံနဲ့ လူကဲခတ်မိပြီး ဖြစ်နေလိမ့် မယ်။ ဒါကြောင့် အစိတ်သား ဝယ်ပေမယ့် နှစ်ဆယ်သားထက် ပိုမရပေဘူး။ အလေးခိုးယူလိုက်လိမ့်မယ်။ ငါးကလေး စားရအောင် ဝယ်ပြန်တော့လည်း အပုပ်ကို အကောင်းလုပ်ပြီး ငေါက်ရောင်းလိုက်လိမ့်မယ်။ ဈေးဝယ်က ငါးကိုင်ကြည့်ပြီး ကိုယ့်ဘာသာမသိလို့ 'လတ်ကဲ့လား'လို့ မေးရင် ငါးသည် မိန်းမပါးကြီးက ဒီမိန်းမ ဟာ ငါးမြင်လို့မှ လတ်မှန်း၊ ပုပ်မှန်းမသိတဲ့ အစားထဲကပဲလို့ ချက်ချင်းသိလိုက်ပြီး သူ့ငါးပါးဟက် ညှိရုံမကလို့ ဝမ်းဗိုက်ကြီး ဘယ်လောက်ပွနေနေ 'ကျုပ်တို့ အပုပ် မရောင်းဘူး။ ဒါလောက်လတ်တဲ့ ငါးကို လတ်ရဲ့လားလို့ မေးမနေနဲ့'လို့ ငေါက်ပြီး ပြောလိုက်ပါလိမ့်မယ်။ ငါးလတ်မလတ် မသိရှာတတ်သေးတဲ့ အိမ်ရှင်မက သူ့စကားကိုပဲ ယုံစားပြီး ဝယ်သွားမိတတ်တယ်။ အိမ်ရောက်လို့ ငါးကို ခုတ်မိ လှီးမိမှ ပုပ်မှန်းသိလိမ့်မယ်။ ငါးစိမ်းသည်က ငါးပုပ်ကို အကောင်း လုပ်ရောင်းရ မလားလို့ ဝယ်သူဘက်ကကြည့်တော့ အပြစ်တင်စရာပဲပေါ့။ နို့ပေမယ့် သူ့ခမျာလဲ သူ့စားအိုးကို ထိန်းရတဲ့နေရာမှာ အခက်အခဲတွေက အများသားနေမှာပဲ ဈေးသည်ရယ် ဘာလို့ အလေးခိုးရသလဲ။ ကြိုက်တဲ့ဈေးနဲ့ရောင်းပြီး အလေးက တော့ ပြည့်ပြည့်ကလေး ပေးပါတော့လို့ ကျွန်မတို့ ဈေးဝယ်တွေက အပြစ်တင်ချင်

တယ်။ နို့ပေမယ့် ဈေးသည်ဘက်က အဖြေက တပိဿာကို ၁၅ကျပ်နဲ့ ဝယ်ခဲ့တယ်။ ၁၀ ကျပ်သားချင်း လီချိန်တော့ ချိန်ခွင်လျှာသာတာနဲ့ အဆစ်တောင်းလို့ ထည့်ရတာနဲ့ တပိဿာဟာ ပြန်ချိန်ရောင်းတော့ ၉၀ကျပ်သား၊ ၈၅ကျပ်သားပဲ ထွက်တော့တယ်။ ဈေးကျတော့လဲ သူက ၁၀ကျပ်သားကို ၁ကျပ် ၇၅ပြား ရောင်းချင်ပေမယ့် တခြား သူနဲ့ ကုန်တူသမားက ၁၀ကျပ်သားကို ၁ကျပ် ၅၀ပြားနဲ့ ရောင်းနေတော့ ဈေးသက်သာတဲ့ အဲဒီဆိုင်ကိုပဲ ဝယ်တဲ့လူတွေက သွားတာမို့ သူကလဲ ၁ကျပ် ၅၀ပြားဈေးပဲ လိုက်ရောင်းရတယ်။ အဲဒီတော့ ဝယ်ရင်းဈေးအတိုင်း ပြန်ရောင်းရတယ်။ လီချိန်ရလို့ ၁၅ကျပ်သား ၁၀ကျပ်သား လျှော့တာရှုံးရဦးမယ်ဆိုရင် ဘာနဲ့ သွားစားမလဲ။ သူ့အိမ်က သားသမီးတွေကို ဘယ်သူက လာကျွေးမလဲ။ ကိုယ့်တွက် အမြတ်က ပါဦးမှပေါ့။ ဒါ့ကြောင့် ရေမထိုးချင်ဘဲနဲ့ ရေထိုးရတယ်။ အလေးမခိုးချင်ဘဲနဲ့ အလေးခိုးရတယ်လို့ ပြောပါလိမ့်မယ်။ အဲဒါကြောင့် ဈေးသည်ကလဲ အပြိုင်အဆိုင်ရောင်းကြတဲ့ ဈေးကြီးထဲမှာ သူ့ထမင်းအိုးကလေး ပြေလည်အောင် သူတတ်သလောက် ကြံဖန် လုပ်ဆောင်ရပေမယ်။ ကျွန်မတို့ ဈေးဝယ်တွေကလဲ ကိုယ့်ပိုက်ဆံကလေးနဲ့ ဘယ်ဒင်းကို ဝယ်နိုင်မလဲ။ ဘယ်ဟာ အကောင်းဆုံး၊ အထိုက်တန်ဆုံးရမလဲဆိုတာကို အများကြီး စဉ်းစားရပါတယ်။ ကိုယ်ဆုပ်ကိုင်လာတဲ့ ပိုက်ဆံလေးနဲ့ ဈေးသည်တွေက ရောင်းမယ်ဆိုတဲ့ ရောင်းဈေးနဲ့ကလဲ အကြိမ်ကြိမ်အခါခါ စိတ်ထဲမှာ တွက်ကြည့်ရပါသေးတယ်။ မိန်းမတွေက အတွက်အချက် ကြီးတယ်။ နှမြောတယ်။ မြင်မြော်တယ်။ အူတိုတယ်။ ဘာတယ် ညာတယ် စတဲ့ စတဲ့ မိန်းမကို နှိမ်နည်း၊ ဆဲနည်းတွေ အမျိုးစုံ အောင်ပြောပါ။ ကိစ္စမရှိပါဘူး။ အိမ်ရှင်မဟာ ဒါကို တတ်ကိုတတ်ရမယ်။ ဒါဟာ သူ့ဘဝ ရပ်တည်ရေးပါ။ ကိုယ့်လက်ထဲက ပါလာတဲ့ဈေးဖိုးက ၃ ကျပ်တည်း။ စားမယ့်လူက ကိုယ် လင်မယားရယ်၊ သားသမီး ၃ယောက်ရယ်၊ ၅ယောက်ရှိနေတော့ ဒီ၅ယောက် နှစ်နပ်စာ စားဖို့အတွက် သားငါးဝယ်မယ်ဆိုရင် အစိတ်သားနဲ့ မလောက်ဘူး။ နောက်ထပ် အဝက်သားလောက် ဝယ်နိုင်ပါမှ ညမနက် စားလောက်မယ်။ ဒါလဲ

ဗလာအသားချည်း မကျွေးနိုင်ဘူး။ အသီးအနှံ အရောအနှော ကလေးနဲ့ ချက်ကျွေးမှ လုံလောက်မယ်။

ဒါ့ကြောင့် ဝက်သား တပိဿာ ၉ကျပ်ဈေးနဲ့ အစိတ်အဝက် ဝယ်ရင် ၅ဝကျပ်သားက ၄ကျပ် ၅ဝပြား၊ အစိတ်သားက ၂ကျပ် ၂၅ပြား၊ အဝက်သားက တကျပ် ၁၅ပြား၊ အစိတ်အဝက်ဆိုရင် ဝက်သားဖိုး ၃ကျပ် ၄ဝပြားကုန်တယ်။ ပါတာက ၃ကျပ်မို့ 'ဝက်သားနား မကပ်နိုင်ပါဘူးလေ' ဆိုပြီး အိမ်ရှင်မက ဝက်သားဆီက နောက်ဆုတ်ရတယ်။ ဝက်မှ မဝယ်နိုင်ရင် ကြက်ဆိုတာတော့ ဝေလာဝေးရော။ ကြက်က ၉ကျပ်ဈေး၊ ၁ဝကျပ်ဈေး။ ခြေထောက်နဲ့၊ လည်ချောင်းနဲ့၊ ခေါင်းနဲ့၊ ဇလုတ်နဲ့ ပစ်စရာတွေက အများကြီး။ မြို့ထဲကကြက်ဆိုတာ သေပြီးမှ လည်းဇလုတ်ထဲအစာတွေ တဝတပြကြီး ကြက်သည်က သွတ်ထားသေးတာ။ ဇလုတ်ထဲက ထမင်းကို ကြက်သားလုပ်ပြီးရောင်းရအောင်လို့တဲ့။ ဒါ့ကြောင့် ကြက်လဲ မဝယ်နိုင်ဘူး။ ငါးကလေးများ ဈေးပေါသလားလို့ ငါးတန်းမှာ ရှောက်ကြည့်လိုက်ရတယ်။ တန်ဆောင်မုန်းလမို့ ငါးကျတာကြောင့် ငါးမှုန် ငါးဖွဲကလေးတွေ အစိတ်သားကို ၇၅ပြားတဲ့။ ဒါ မဆိုးဘူး။ နို့ပေမယ့် ဆီကုန်မယ့် ငါးတော့လဲ ဝယ်မစားနိုင်ပြန်ဘူး။ အိုးကပ်ချက်လို့ရမယ့် ငါးကျပြန်တော့ အစိတ်သားကို ၂ကျပ်က မအောက်ပြန်ဘူး။ ငါးအစိတ်သား အိုးကပ်ရင်လဲ တနပ်ပဲ စားရမယ်။ ဒီငွေ သုံးကျပ်နဲ့ မဖြစ်သေးပါဘူး။ ဒါ့ကြောင့် အိမ်ကလင်သည်ကို သားကလေး ငါးကလေးနဲ့ မြိုးမြိုးမြက်မြက် တခါတလေ ချက်ကျွေးချင်ပေမယ့် ဝမ်းဘဲဥ ကြော်ကလေးမျိုး၊ ခရမ်းသီးအိုးကပ်ကလေးမျိုးကို ချဉ်ရေဟင်းကလေးနဲ့ ငပိဖုတ်လောက်နဲ့ပဲ စီမံနိုင်ပါတော့တယ်။ ခရမ်းသီးရယ်၊ ချဉ်ပေါင်ရွက်ရယ်၊ ငါးပိရယ် ဝယ်ပြီးတဲ့နောက် ခရမ်းချဉ်သီးကလေး၊ ငရုတ်သီးစိမ်းကလေး၊ ကြက်သွန်နီကလေးကလည်း ဝယ်ဦးမှ။ ပိုက်ဆံ ၁ဝပြားဆိုရင် နံနံပင်ဖိုးရတယ် ဒါ့ကြောင့် အိမ်ရှင်မက ၅ပြားကိုလဲ တွက်တွက်ချက်ချက် သုံးရတယ်။ ၁ဝပြား ကိုလဲ ကုန်သင့်မှ ကုန်စေရတယ်။ ဒီပစ္စည်းက ၁ဝပြားလျှော့ယူ မနည်းဘူးမို့

ဆစ်လဲ ဆစ်ရတယ်။ မြို့ဈေးဆိုတာက သူ့ခရမ်းသီး ရောင်းချင်တာက ၁၀လုံးကို ပြား၅၀ဖြစ်ပေမယ့် ဒါဘယ်လောက်လဲ မေးလိုက်ရင် ၇၅ပြားလို့ ဈေးတင်ဆိုတာပါ။ မလျှော့ဘူးလားမေးရင် ဘယ်နှစ်လုံးယူမှာလဲ၊ ၁၀လုံးလား၊ ၁၀လုံး စလုံးယူရင် ပြား ၆၀ ပေးသွားတဲ့ ကိုယ်က ဝယ်ချင်တာက ၃လုံးတည်း။ ၁၀လုံးကို ပြား ၅၀ ဈေးထားပါ။ ၁၅ပြားဖိုး ရောင်းပါလို့ ဆစ်ချင်တယ်။ နို့ပေမယ့် ဈေးသည်မျက်နှာ လှမ်းကြည့်လိုက်ရပါသေးတယ်။ ဒီဈေးသည်က အဆစ်မှ ခံပါ့မလားဆိုတာ။ တချို့က ဈေးဦးကြီး လာမဆစ်နဲ့လို့ ငေါက်လွှတ်တတ်တာကလဲ ရှိသေးတော့ သူတို့က ဈေးတင်ဆိုတတ်မှန်း သိပေမယ့် အရမ်းမဆစ်ရဲဘူး။ မဆစ်ဝံ့လို့ ဒီအတိုင်းထွက်သွားပြန်ရင်လဲ တချို့ဈေးသည်က 'မဝယ်ဘဲနဲ့ ကမြင်းလို့ မေးသလား'လို့ လှမ်းဆဲတတ်သေးတယ်။ ဒါ့ကြောင့် ကြည့်ကွက် ကြည့်ကွက်လုပ်နေရင် ဆင်းရဲပုံပေါက်တဲ့ ဈေးဝယ်ကျတော့ ဈေးသည်က 'ကဲ ယူမှာလား ယူ၊ တော့ တယောက်တည်း ရောင်းနေတာမဟုတ်ဘူး'တဲ့။ ချမ်းသာတယ်ထင်တဲ့ ဈေးဝယ်ကျတော့ 'ဝယ်ပါအမရယ်၊ ၁၀ လုံး ပြား၆၀ မများပါဘူး'တဲ့။ ဈေးဝယ်က အဆစ်ကောင်းရင် ပြား ၅၀နဲ့ ရတာပဲ။ အဆစ်ညံ့ရင် ပြား၆၀ပေးပြီး ဝယ်ခဲ့ရတာပဲ။

'မြို့ဈေး ယောက္ခမ မသိစေနဲ့' ဆိုတဲ့ ပုံခိုင်းရှိပါတယ်။ မြို့ဈေးမှာ ကုန်ပစ္စည်းဟာ ကနေ့ ၂ကျပ်ဈေးရောင်းပေမယ့် နက်ဖြန်ခါတော့ ပစ္စည်းမကျလို့ဆိုပြီး ၄ကျပ် ဖြစ်ချင် ဖြစ်နေတာ။ အဲဒီတော့ မနေ့က ၂ကျပ်ပဲ ပေးရတယ်။ ကနေ့ ၄ကျပ် ပြောရမလားလို့ ယောက္ခမလုပ်တဲ့ လူက မယုံကြည်ပေဘူး။ သူ့ကို အကုန်အသိ မပေးနဲ့လို့ သတိပေးတဲ့ ပုံခိုင်းပေါ့။ မြို့ဆိုတာ ဈေးဝယ်တွေကလဲ ပေါလိုက်တာ ကြိတ်ကြိတ်တိုးပဲ။ လဆန်းစ တနင်္ဂနွေနေ့များဆိုရင် တကယ်ပဲ တိုးမပေါက် အောင် စည်ပါတယ်။ ဈေးဝယ်ချည်း စည်တာမဟုတ်ဘူး။ ဈေးသည်ကလဲ ပေါလိုက်တာဒင်းကြမ်း။ တခြား အလုပ်အကိုင်တွေ နေရာမကျလို့ ရတဲ့ဝင်ငွေနဲ့ မလောက်လို့တဲ့။ ဈေးရောင်းတဲ့လူတွေ ဒါလောက် ပေါလာတာ ဖြစ်တယ်လို့

ဈေးသည်တွေက ပြောကြတယ်။ မြူနီစပယ် အမှုထမ်းတွေက ဈေးထဲသလားနေပြီး လမ်းပေါ်မှာ ချရောင်းလို့ ငေါက်တာ၊ ငမ်းတာ၊ ဖမ်းတာ၊ ဆီးတာတွေကလဲ နေ့တိုင်းပါပဲ။

ဈေးဝယ်တယ်ဆိုတာ တကယ်တော့ အနည်းဆုံး နှစ်နှစ်၊ သုံးနှစ် အိမ်ထောင်ရှင်မဖြစ်ပြီးမှ ဝယ်တတ်၊ ခြမ်းတတ်၊ ကိုယ်က အနာမခံရတဲ့ ဘဝ၊ တန်ရာတန်ကဲ ပေးဝယ်လို့ ရတဲ့ဘဝကို ရောက်တာပါ။ ဈေးအဝယ်ဝါး မဝသေးရင် ဈေးသည် အငေါက်ခံရတာက ခဏခဏ။ အလေးခိုးခံရတာက နေ့တိုင်းပဲ။ မြို့မှာ ဈေးသည် ကိုင်တဲ့အလေး ပြည့်တယ်လို့ အလွန်နည်းပါတယ်။ မလျှော့ပါဘူးဆိုရင် တပိဿာ ခေါင်းမှာ ၅ကျပ်သား ၁၀ကျပ်သားတော့ လျှော့တတ်တာပဲ။ တချို့များ ၂၀ ကျပ်သားအထိ လျှော့တယ်။ သူတို့ကတော့ ပွန်းလို့ လျှော့တယ်လို့ ဆိုပါတယ်။ တကယ်ကတော့ သံလေးတွေဟာ သွေးပစ်တောင်မှ ဒါလောက် ပွန်းစရာ မရှိပါဘူး။ အလေးလျှော့တဲ့ကိစ္စ ဈေးကြီးတွေမှာ မြူနီစပယ်က ချိန်ခွင်တွေ ချိတ်ပြီး လူစောင့်ချိန်ပေးနေရတယ် ဟုတ်လား။ အပြည့်ရရောပေါ့လို့ ပြောစရာပါပဲ။ မြူနီစပယ်က အလေးနဲ့ ချိန်ခွင်နဲ့ အလုပ်သမားတယောက်ထားပေးပြီး မသင်္ကာလို့ ချိန်ချင်တဲ့ဈေးဝယ် ဘယ်သူမဆို ချိန်ပေးတဲ့နေရာ ရှိပါတယ်။ ဒါပေမယ့် အဲဒီအလုပ်သမားရဲ့ အလေးကကိုပဲ မပြည့်ဘူး။ ဈေးသည်တွေက မုန့်ဖိုးပဲဖိုး ပေးထားတယ်ဆိုတဲ့ အသံမျိုးလဲ ကြားရဖူးပါတယ်။ ချိန်ပေးတဲ့ အလုပ်သမားက ဈေးစည်ချိန် လက်ဖက်ရည်သောက်ထွက်ရအောင် မုန့်ဖိုးပေးတဲ့လူ ရှိတယ်ဆိုတဲ့ စကားမျိုးလဲ ကြားရဖူးပါတယ်။ မြို့ဈေးဟာ လည်သလို စားကြတဲ့ နေရာကြီးပါပဲ။ ဈေးသည်က အလေးခိုး၊ ရာရီခိုးသလို ဈေးဝယ်ကလဲ လစ်ရင် လစ်သလို နှိုက်ယူတာမျိုးလဲ ရှိတာပဲ။ ဒါ့ကြောင့် ဈေးဝယ်သွားရင် အိမ်ရှင်မက တတ်နိုင်ရင် အဝတ်အစား လတ်လတ်ကို ဝတ်သွားရတယ်။ မဟုတ်လို့ အဝတ်အစား နွမ်းပါးစုတ်ပဲ့နေရင် ဈေးသည်က ဈေးခိုး အစွဲခံရတတ်သေးတယ်။ ဒီလိုများ ခံရမလားဆိုရင် အစွဲခံရတဲ့သူက 'မျက်နှာကြည့်ပြောနော်။ ဒီလိုလုပ်မယ့် အစား

လား’ လို့ ပြန်ပြီး ဟောက်ရတယ်။ လက်ဆုပ်လက်ကိုင် မမိရင်တော့ အဲဒီ လေသံမျိုး ပစ်လိုက်မှ စွပ်စွဲတဲ့လူက နောက်ဆုတ်တယ်။ လက်ဆုတ်လက်ကိုင် မိပြန်တော့လဲ ဈေးသည်တွေက ဝိုင်းပြီး ရိုက်ကြနှက်ကြလို့ ပစ္စည်းခိုးမိတဲ့ခများမှာ ဖွတ်ဖွတ်ကျေမတတ် ရှိတဲ့အခါလဲ ရှိပါသေးတယ်။ ဈေးထဲမှာ ဘာန္နီက်ပြေးလို့တဲ့၊ ဘာဆွဲပြေးလို့တဲ့ဆိုပြီး ရုတ်ရုတ် ရုတ်ရုတ်ဖြစ်တာတွေ၊ လိုက်ဟ ဖမ်းဟ ပြေးဟ ဖြစ်တာတွေကလဲ မကြာမကြာ တွေ့ရတတ်သေးတယ်။ အဲဒီကြားထဲကမှ ကိုယ်ယူလာတဲ့ ပိုက်ဆံကလေးနဲ့ စားကောင်းမယ့် စားစရာ ချက်စရာတွေ အမျိုးမျိုးကို ကြည့်ရင်း တတ်နိုင်တာလေးတွေကို သွက်သွက်လက်လက် ဝယ်လိုက်ရတယ်။ အိမ်နီးချင်းဆီအပ်ထားခဲ့တဲ့ ကိုယ့်ကလေးမငိုခင်၊ သမီးငယ်ကို ထိန်းရစ် ပါလို့ မှာခဲ့ရတဲ့ ကလေးအငယ် မလဲမကွဲခင် ခြေကုန်သုတ်ပြန်ဖို့က ရှိသေးတယ်။ အမေဈေးကပြန်လာတော့ မုန့်ဝယ်ခဲ့မယ်နော်လို့ ချော့ထားခဲ့ရတဲ့ ကလေးငယ်စားဖို့ မုန့်ပဲသားရေစာ ကလေးကလဲ ဝယ်လိုက်ချင်သေး။ ခင်ပွန်းသည်နဲ့ သားကြီး သမီးကြီးများစားဖို့ ချိုချိုချဉ်ချဉ်ကလေးကလဲ ပါလိုက်ချင်သေး။ ပါလာတဲ့ ပိုက်ဆံကလေးကလဲ မလောက်မငမို့ ရတတ်သမျှ ကလေးနဲ့ ပင့်သက်ချ သုတ်ချေတင် ပြန်ခဲ့ရတတ်ပါတယ်။

ကျွန်မတို့မှာ ဒီအလေ့အကျင့်တွေက ရချင်တိုင်းရနေတော့ ပုဂံဈေးမှာ လတ်လတ် ဆတ်ဆတ်နဲ့ ဈေးပေါလှတဲ့ သား ငါး အသီးအရွက်တွေကို တွေ့ရတဲ့အခါ ကျွန်မတို့တတွေက လောဘတကြီး ဝယ်ခဲ့ ခြမ်းခဲ့မိတယ်။ အလုအယက် ဝယ်ရလေ့ မရှိသေးတဲ့ဈေးမှာ အကျင့်ကြီးပါနေတဲ့ ကျွန်မတို့တတွေ လောဘ တပ်ခဲ့ပုံတွေ ကိုတော့ ဒီနေရာကပဲ ကြုံတုန်းကြုံခိုက် ပုဂံသူတွေကို တောင်းပန်ရတော့မှာပဲ။

လူထုဒေါ်အမာ

မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း

၁၉၆၉–၇၀၊ ၂၄၂–၂၄၇။

စာတမ်း

# အတ္ထုပ္ပတ္တိစာပေ

လူထု ဒေါ်အမာ

အတ္ထုပ္ပတ္တိစာပေဟာ ကမ္ဘာ့စာပေမှာတော့ နေရာ ကျယ်ကျယ်ပြန့်ပြန့် ယူထားတာ ကြာပါပြီ။ ဗမာစာပေမှာတော့ စစ်ပြီးဒီဘက်ခေတ်မှာမှ တစတစ ပိုမိုကျယ်ပြန့်လာတယ် ထင်ပါတယ်။

စစ်မဖြစ်ခင်တုန်းက အတ္ထုပ္ပတ္တိစာပေရယ်လို့ ဗမာစာပေမှာ ရှိတော့ရှိပါရဲ့။ ဒါပေမယ့် စာဆိုခံတွေဟာ လူ့အလွှာ မစုံလှဘူး။ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိ၊ အထူးသဖြင့် ဘုန်းတော်ကြီးတွေရဲ့ ထေရုပ္ပတ္တိတွေက အတ္ထုပ္ပတ္တိစာပေမှာ နေရာများများယူထားပြီး တခြားလူများအကြောင်း ရေးသားမှုက တော်တော် နည်းခဲ့ပါတယ်။

ဒီလိုနည်းတာဟာ အတ္ထုပ္ပတ္တိစာပေ ဖြစ်ပေါ်တိုးတက်မှုရဲ့ အစဉ်အလာ ထင်ပါ တယ်။ အနောက်နိုင်ငံတွေမှာလဲ ရှေးက ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိတွေပဲ အတ္ထုပ္ပတ္တိ စာပေဘောင်ထဲမှာ ရှိခဲ့တာပဲ။ နောက်မှ တဖြည်းဖြည်း အတ္ထုပ္ပတ္တိ စာပေဘောင်ဟာ ကျယ်ပြန့်ပြီး လူ့အလွှာအသီးသီးရဲ့ အကြောင်းတွေကို ရေးသားရင်း ထွန်းကားလာခဲ့တာကိုး။

ဗမာစာပေမှာ ထေရုပ္ပတ္တိဆိုတဲ့ ဆရာတော်ကြီးတွေရဲ့ ဘဝဖြစ်စဉ်ကို ရေးသားတဲ့ စာဟာ ဟိုစောစောကြီးက စပြီး ရှိခဲ့တယ်။ ယနေ့ထိလဲ ရှိနေတုန်းပါပဲ။ အဲဒီလို ရှိရာမှာ ရေးပုံရေးနည်းကလဲ တယ်မပြောင်းခဲ့ဘဲ အကြာကြီး တပုံစံတည်းနဲ့ သွားခဲ့ ပါတယ်။ ကျွန်မ သတိထားမိသလောက်တော့ အသက် ၁၀၂ နှစ်အထိရှည်တဲ့ နဝမမြောက်ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိရေးတဲ့အခါ

မှာတော့ ပုံစံက တော်တော် ပြောင်းလာတာတွေ့ရပါတယ်။ ရေးပုံမှာ ပါဠိ အလွန်နည်းလာပြီး ခေတ်ဗမာစကားပြေကို ချောချောမွေ့မွေ့ ရေးတဲ့အပြင် ဆရာတော်ကြီးရဲ့ ဘဝဖြစ်စဉ် အကြောင်းအရာတွေကိုသာမကဘဲ ဆရာတော်ကြီး သိမီ ကြုံကြိုက်ခဲ့တဲ့ အရေးကြီး လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ရေးကွင်း ရေးကွက်တွေကိုလဲ ဆရာတော်ကြီးက ပြောပြတဲ့အတိုင်း ထည့်ရေးလာတာ တွေ့ရပါတယ်။ ဒါကြောင့် စံကင်းဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိဟာ နှစ် ၁၀၀ ခေတ်ကြေးမုံကြီး ကြည့်ရသလိုပဲ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ ဒီအရင်ကပေါ်ခဲ့တဲ့ ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိမှာလဲ ညောင်လေးပင် တောရ ဆရာတော် ဦးအရိယက ဦးသီလ သီတင်းသုံးခဲ့ဖူးတဲ့ တောရတွေကို ကိုယ်တိုင် ကိုယ်ကျ ရောက်အောင်ကြွ၊ အဲဒီ ဒေသတွေမှာရှိတဲ့ ဘုန်းတော်ကြီး ဦးသီလကို သိမီ လိုက်ကြဖူးတဲ့ ရဟန်းရှင်လူတွေဆီက သတင်းမေး၊ အထပ်ထပ် စစ်ဆေး၊ အမျိုးမျိုးစုဆောင်းပြီးမှ ရေးတယ်လို့ သိရပါတယ်။ ဒီ ထေရုပ္ပတ္တိရေးနေကျ ပုံစံက ခွဲထွက်ပြီး ခေတ်လူငယ်တွေ ဖတ်ချင့်စဖွယ်ဖြစ်အောင် ရေးထားတဲ့ ထေရုပ္ပတ္တိ ဖြစ်ပါတယ်။ ဒါပေမယ့် ထေရုပ္ပတ္တိအများစုကတော့ သမားရိုးကျပုံစံနဲ့ပဲ ရေးဆဲ ဖြစ်ပါတယ်။

လူတွေရဲ့ အကြောင်းရေးတဲ့ အတ္ထုပ္ပတ္တိဟာ ထေရုပ္ပတ္တိတွေရဲ့ ကြားကနေပြီး ၂၀ရာစုနှစ် အစပိုင်းလောက်မှာမှ တယောက်အကြောင်း၊ နှစ်ယောက် အကြောင်း ဆိုသလို ပေါ်ထွက်လာခဲ့တယ်။ ဒါလဲ ဘဝဖြစ်စဉ်ကိုပဲ အကြမ်းမျဉ်းသဘော ရေးထားတဲ့ အတ္ထုပ္ပတ္တိမျိုးပဲ ရှိသေးတယ်။ နောက်တော့မှ ကျယ်ကျယ်ပြန့်ပြန့် စုံစုံစေ့စေ့ရေးတဲ့ အတ္ထုပ္ပတ္တိတွေ တအုပ်ချင်း နှစ်အုပ်ချင်းဆိုသလို ထွက်ပေါ်လာခဲ့ တယ်။

အစောပိုင်းကပေါ်တဲ့ အတ္ထုပ္ပတ္တိတွေထဲမှာ ၁၉၂၇ ခုနှစ်က ရှင်အာဒိစ္စဝံသ ကိုယ်တိုင်ရေးတဲ့ 'အာဒိစ္စထေရာပါဒါန်'ဟာ ကိုယ်ရေး အတ္ထုပ္ပတ္တိထဲမှာ အမှန်ကို ရဲရဲဝံ့ဝံ့ရေးတယ်လို့ နာမည်ကြီးပါတယ်။ အဲဒီနောက်တော့ ဆရာကြီးပီမိုးနင်းရေးတဲ့

'ပီမိုးနင်း၏ ပီမိုးနင်း' နဲ့ ဆရာကြီး ရွှေဥဒေါင်းရေးတဲ့ 'ဘဝတသက်တာမှတ်တမ်း' တို့ ကိုယ်ရေးအတ္ထုပ္ပတ္တိစာပေမှာ မားမားကြီး ရပ်လာကြပါတယ်။ မဟာဆွေ ရေးတဲ့ 'ဘိုးဝဇီရ' အတ္ထုပ္ပတ္တိနဲ့ ကိုသိန်းဖေရေးတဲ့ 'ဆရာလွန်း' အတ္ထုပ္ပတ္တိလဲ ဗမာ အတ္ထုပ္ပတ္တိစာပေမှာ အဦးရေး အစောပေါ် ဖြစ်တာလဲတကြောင်း၊ အရေးခံ ပုဂ္ဂိုလ်များရဲ့ ကြီးမြင့်ထင်ရှားမှုရှိတာလဲ တကြောင်းကြောင့် ထင်ရှားကျော်ကြားခဲ့ပါတယ်။

နို့ပေမယ့် ဗမာ့စာပေမှာ အတ္ထုပ္ပတ္တိစာပေဘောင်ဝင်တဲ့၊ ပေါ်လွင်တဲ့ စာအုပ်ဟာ ဒုတိယကမ္ဘာစစ်ပြီးကာလအထိ သိပ်မများခဲ့ဘူး။ စစ်ပြီး ဒီဘက်မှာမှ တဖြည်းဖြည်း အရေအတွက်လဲ များပြားလာတယ်။ အရေးခံလူများရဲ့ နယ်ပယ်ဟာလဲ ကျယ်ပြန့်လာတယ်။ လူထုဦးလှကို ဖဆပလအစိုးရက ပုဒ်မ၅နဲ့ ၃နှစ်ကျော် ချုပ်နှောင်ထားခဲ့တုန်းက ဦးလှက ထောင်ထဲမှာ အပြစ်ဒဏ်အသီးသီး ကျခံနေရတဲ့ အကျဉ်းသားတွေရဲ့ ဘဝအထွေထွေကို မေးမြန်းမှတ်သားလာခဲ့ပြီး အပြင်ရောက်တဲ့အခါ ဒီလူတွေရဲ့အကြောင်းကို စာအုပ်တွေရေးထုတ်တယ်။ အဲဒီအခါမှာ လူအတ္ထုပ္ပတ္တိဆိုတာ ဘဝတိုက်ပွဲအတွက် ပုံစံအမျိုးမျိုးနဲ့ ဝင်ရပုံတွေကို ဖော်ပြတာမို့ ဘယ်လိုအလွှာက လူအကြောင်းကိုပဲရေးရေး စိတ်ဝင်စားစရာ ကောင်းတာချည်းပါပဲကလားဆိုတာကို သဘောပေါက်လာကြတယ်။ အတ္ထုပ္ပတ္တိစာပေရဲ့ နယ်ဟာလဲ ကျယ်ချင်တိုင်း ကျယ်လာပါတော့တယ်။

ဦးလှရေးခဲ့တဲ့ 'ကျွန်တော် ဗျူရိုကရက်'၊ 'ကျွန်တော် လှေသူကြီး'၊ 'ကျွန်တော် စတီးပွဲစား'၊ 'ကျွန်တော် သတင်းထောက်' ဆိုတဲ့ စာအုပ်တွေကိုတော့ ပါရဂူ (ဦးလှကြိုင်)က 'ကိုယ်တိုင် မရေးတဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေ'လို့ သတ်မှတ်ထားပြီး ဒီစာအုပ်တွေ ဟာလဲ အတ္ထုပ္ပတ္တိစာပေမှာ တခန်းသစ်စေတယ်လို့ ပြောဖူးပါတယ်။

ကျွန်မရေးတဲ့

၁။ ပြည်သူချစ်သော အနုပညာသည်များ

၂။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး

၃။ ရွှေရိုး ဘကလေး

၄။ ရွှေမန်းတင်မောင်

၅။ အငြိမ့် ဆိုတဲ့ စာအုပ် ၅အုပ်ကိုလဲ အတ္ထုပ္ပတ္တိစာပေထဲမှာ သွင်းထားတယ်နဲ့ တူပါရဲ့။ ဒါကြောင့် ဟံသာဝတီ စနေစာပေဝိုင်းက ကျွန်မကို ဒီအကြောင်းအရာ ဆွေးနွေးပါလို့ တာဝန်ပေးမေးထားတာ ဖြစ်ပါလိမ့်မယ်။

ဟံသာဝတီသာမက စာပေဗိမာန်ကလဲ ကျွန်မကို အတ္ထုပ္ပတ္တိစာအုပ်တွေရေးတဲ့ စာရေးဆရာတယောက်အနေနဲ့လဲ မြင်ပုံရပါတယ်။ ၁၉၇၁ ခုနှစ်က ကျင်းပတဲ့ အတ္ထုပ္ပတ္တိစာပေနှီးနှောပွဲမှာ ကျွန်မလဲ စာတမ်းတစောင် ဖတ်ပါလို့ စာပေဗိမာန် အုပ်ချုပ်ရေးမှူး ဦးထင်ကြီးက မေတ္တာရပ်ခံဖူးပါတယ်။ ဖတ်စေချင်လဲ ဖတ်တာ ပေါ့လို့ ကျွန်မကလက်ခံတော့ ဦးထင်ကြီးက ဖတ်ရင် စာတန်းကို စကားပြော ဟန်အတိုင်းပဲ ပြင်ချင်ရင်လဲ ပြင်ခဲ့တာပေါ့။

ဒါပေမယ့် ဒီစာတမ်းကို သူတို့က စာအုပ်ရိုက်ဦးမှာမို့ စာအုပ်ရိုက်တဲ့အခါတော့ ကျွန်မ စာတမ်းကို သူတို့ရဲ့ စာရေးပုံစံ အတိုင်း ပြောင်းပြီး ပြင်ရေးရိုက်ပါရစေတဲ့။ ကျွန်မက ဒီလိုတော့ မပြင်စေချင်ဘူး။ ကျွန်မတို့ ရေးတဲ့ ပုံစံအတိုင်းပဲ ရိုက်ပေးပါ။ ကျွန်မတို့လဲ ဒီအတိုင်းပဲ စာအုပ်တွေ ရိုက်နေတာပဲလို့ ပြောတဲ့အခါ ဦးထင်ကြီးက လက်မခံနိုင်ဘူး။ ပြင်မရေးရရင်တော့ မဖြစ်ဘူး။ ဒါလိုဖြင့် ကျွန်တော်လာပြီး စာတန်းဖတ်ဖို့ ပြောတဲ့ကိစ္စကို မေ့ပစ်လိုက်ပါတော့လို့ပြောပြီး သူ့မေတ္တာရပ်ခံချက် ကို ပြန်ရုပ်သိမ်း သွားပါတယ်။ ဒါကြောင့် ဦးထင်ကြီးတို့နဲ့ ဈေးမတည့်လိုက်လို့ မဖတ်လိုက်ရဘူး။ အခုပြောချင်တဲ့ ကိစ္စက ဒီဈေးမတည့်တဲ့ကိစ္စတော့ မဟုတ်ဘူး။ စာပေဗိမာန်ကလူကြီးမင်းများကလဲ ကျွန်မကို အတ္ထုပ္ပတ္တိရေးဆရာလို့ပဲ သတ်မှတ် ဟန်တူတယ်ဆိုတဲ့ အကြောင်းကိုသာ ပြောချင်တာပါ။

အတ္ထုပ္ပတ္တိဆိုတာ ဘာလဲလို့ ပါဠိစကားလုံးကို စကားတလုံးမို့ အဘိဓာန်မှာ ရှာကြည့်တဲ့အခါ ဆရာဦးဝန်ပြုစုတဲ့ တက္ကသိုလ်မြန်မာ သတ်ညွှန်းကျမ်းထဲမှာ အတ္ထုပ္ပတ္တိဆိုတဲ့ စာလုံးကိုပဲ ရှင်မဟာရဋ္ဌသာရက စတုဓမ္မသာရ ကိုးခန်းပျို့မှာ

'ဉာဏ ချွန်းအုပ်၊ ယဉ်အောင်ချုပ်မှ၊ အဌပ္ပတ္တိ၊ ဆိုဖွယ်ရှိသား' လို့ ဌဝမ်းဘဲနဲ့ ရေးတယ်။ ဒီဆရာတော်ပဲရေးတဲ့ ဘုရိဒတ် ဇာတ်ပေါင်းပျို့မှာ တော့ 'ပေါက္ခရဝသ်၊ အတ္ထုပ္ပတ်ကြောင့်၊ ဆခတ္တိယာ' လို့ ထဆင်ထူးနဲ့ ရေးတယ်လို့ နှစ်မျိုးနှစ်စား ရေးတာကို တင်ပြထားတာကို တွေ့ရပါတယ်။

ထဆင်ထူးနဲ့ ရေးတဲ့ အတ္ထုပ္ပတ္တိကတော့ အတ္ထ+ဥပ္ပတ္တိဆိုတဲ့ ပါဠိ စကားနှစ်လုံး ပေါင်း အကျိုးအကြောင်း၏ ဖြစ်ပေါ်ခြင်း ဆိုတဲ့ အနက်ထွက်တယ်လို့ ဦးဟုတ်စိန် ရဲ့ ပါဠိမြန်မာ အဘိဓာန်က ဆိုပါတယ်။ ဦးအုန်းရွှေရဲ့ သတ်ပုံအဘိဓာန် မိတ်လင်စုံ ကတော့ ထဆင်ထူးနဲ့ ရေးရေး၊ ဌဝမ်းဘဲနဲ့ရေးရေး အတ္ထ+ဥပ္ပတ္တိပဲ။ ဖြစ်ရင်း အခြေအနေပြစာစောင်ကို အတ္ထုပ္ပတ္တိခေါ်တာပဲလို့ ပြဆိုပါတယ်။ ကျွန်မ ရေးခဲ့တဲ့ အဲဒီစာအုပ် ၅ အုပ်အနက်က သဘင်နဲ့ဆိုင်ရာ ၄အုပ်ကို တချို့ကတော့လဲ ဒေါ်အမာ့စာအုပ်တွေဟာ အမျိုးသားသဘင်သမိုင်းပဲလို့ ပြောကြပါတယ်။ ရွှေရိုး ဘကလေးကတော့ ဗမာ့ကာတွန်းသမိုင်းအတွက် အလွန်အဖိုးတန်တဲ့ စာအုပ်လို့ ဆိုကြပါတယ်။ တကယ်တော့ အတ္ထုပ္ပတ္တိနဲ့ သမိုင်းဟာလဲ နီးစပ်ဆက်သွယ်မှု အများကြီး ရှိပါတယ်။

နို့ပေမယ့် ကျွန်မ ဒီစာအုပ်တွေကို ရေးခဲ့တဲ့ အခါတုန်းက ဒီစာအုပ်တွေဟာ အနုပညာရှင်တွေရဲ့ အတ္ထုပ္ပတ္တိကြီးတွေ ဖြစ်ကရော့၊ သမိုင်းတစောင်တဖွဲ့ ဖြစ်ရော့ ဟဲ့လို့ အောက်မေ့ပြီး ရေးခဲ့တာတော့ မဟုတ်လှဘူး။

### ဘာလို့ရေးသလဲ

ကျွန်မရေးတုန်းက ကွယ်လွန်သွားပြီဖြစ်တဲ့ အနုပညာသည်တွေကို လွမ်းလွမ်းရှိတာ လဲ တကြောင်း၊ သူတို့မရှိတဲ့နောက် ဒီခေတ်မှာ အလုပ်လုပ်ရစ်တဲ့ နောက်ပညာ သည်တွေဟာ သူတို့ အရည်အသွေးကိုမီအောင် မကြိုးစားကြဘူး။ အနုပညာ အရည်အသွေးဟာ တနေ့တခြား တိုးတက်ကြီးထွားရမယ့်အစား ဆုတ်ယုတ်ကျဆင်း နေပါကလားလို့ မြင်တာလဲ တကြောင်းကြောင့် ဒီပညာသည်တွေရဲ့ အကြောင်းကို

ကျွန်မသိမီသလို စာနဲ့ပေနဲ့ ရေးပြမယ်ဆိုပြီး ရေးတာပါပဲ။ ကျွန်မရေးတဲ့ လူတွေရဲ့ အကြောင်းကို တချို့လူတွေလဲ ရေးဖူးကြပါတယ်။ ဥပမာ ဖိုးစိန်တို့၊ ရွှေမန်း တင်မောင်တို့ အကြောင်းတွေကို ဦးသော်ဇင်တို့၊ ကိုသိန်းဖေတို့ ရေးဖူးပါတယ်။ နို့ပေမယ့် သူတို့နဲ့ကျွန်မနဲ့ အကြောင်းရာတူကို ရေးကြတာ မှန်ပေမယ့် ကိုင်တွယ်ပုံ ချင်း မတူကြဘူး။ စာရေးဆရာက ကိုယ့်ကိုယ်ကို ထားကြည့်တဲ့ထောင့်ချင်း မတူကြဘူး။ ကျွန်မက ပွဲကြည့်တယောက်ရဲ့ ထောင့်ကနေပြီး ရေးတာဖြစ်ပါတယ်။ ကျွန်မတို့ ပွဲကြည့်တယ်။ ပွဲကြည့်ပြီး အိမ်ပြန်ရောက်တော့ ပွဲကြည့်ချင်းဆုံမိတဲ့ အခါ ညက ကိုယ်ကြည့်ခဲ့ရတဲ့ ပွဲအကြောင်းတွေကို စားမြုံ့ပြန်လေ့ ရှိကြတယ် ဟုတ်လား။ အဲဒီပွဲ စားမြုံ့ပြန်သလို ရေးတာပါ။ ပွဲကြည့်ခဲ့ကြတဲ့ လူချင်း လူပြက်ပြက်လုံးတွေကို ပြန်ပြောပြီး ရယ်လိုက်ကြ၊ မင်းသမီး မင်းသားဆိုတဲ့ သီချင်းတွေထဲက ကိုယ်မှတ်မိရာ ဟိုတပိုဒ်ဒီတပိုဒ် ကောက်ဆိုကြည့်လိုက်ကြ၊ ဇာတ်ကောင်တွေ၊ ဇာတ်ဝင်တွေ သူ့အခန်းနဲ့သူ ပြောတာဆိုတာတွေကို ပြန်ပြော လိုက်ကြနဲ့ ပွဲအရသာကို ပြန်ခံလေ့ရှိကြတယ်။ အဲဒီအတိုင်း ပြန်ရေးတာပဲ။ ကျွန်မငယ်ငယ်က ဆေးလိပ်လိပ်တဲ့ အလုပ်သမားတွေကြားထဲမှာ ကြီးပြင်းခဲ့ရတာ ဆိုတော့ သူတို့တတွေ ပွဲစမြုံ့ပြန်ကြ တာတွေကို ကျွန်မနားက နားရေဝနေတယ်။ အခု ဒီစာအုပ်တွေရေးတဲ့အခါ သူတို့လေတွေက ကျွန်မနားထဲမှာ အများကြီး ဝင်နေတာမို့ ကျွန်မအရေးအသားတွေမှာ သူတို့လေတွေ အများကြီးပါလိမ့်မယ်။ ဒီလိုရေးတဲ့အခါမယ် ပွဲစားမြုံ့ပြန်မှုချည်း မဟုတ်ဘဲ သူတို့ အနုပညာဆိုင်ရာ အကြောင်းအရာတွေ စုံစုံစေ့စေ့ ပါနိုင်သမျှ ပါပါစေတော့၊ သူတို့လုပ်ခဲ့ ကိုင်ခဲ့ပုံ တွေကို တတ်နိုင်သလောက် မှတ်မှတ်သားသား ကျန်ရစ်ပါစေတော့လို့ သူတို့ လှုပ်ရှားသွားတဲ့ ခေတ်က ဘယ်လိုခေတ်၊ သူတို့ လုပ်လုပ်သွားတဲ့ အအုံအဖွဲ့က ဘယ်လိုအဖွဲ့အအုံ၊ သူတို့ရဲ့ ပတ်ဝန်းကျင် ခေတ်ပြိုင် အကြောင်း အရာတွေက ဘယ်လိုဆိုတာတွေကို သတင်းစာဆရာတယောက် မြင်တဲ့လပ်နဲ့ စုံလင်အောင် ထည့်သွင်းပေးတယ်။ စေတနာကောင်းကောင်းနဲ့ စုံသထက်စုံ မှန်သထက်မှန်

ကောင်းသထက်ကောင်းအောင် လက်ကုန်နှိက်ပြီး ရှာဖွေစုဆောင်း ထည့်သွင်းပါတယ်။

စာရေးတဲ့နေရာမှာ စာဖတ်မယ့်လူအပေါ် ထားတဲ့စေတနာဟာ အရေးကြီးပါတယ်။ စာဖတ်မယ့် လူတွေအပေါ် ကိုယ့်ဖက်က စေတနာ သန့်လဲ သန့်ရပါတယ်၊ စေတနာ မှန်လဲ မှန်ရပါတယ်။ ကိုယ်တတ်တာပြချင်လို့၊ ကိုယ်သိတာ ကြွားချင်လို့၊ ကိုယ့်ကို စာဖတ်တဲ့လူတွေ အထင်ကြီးစေချင်လို့ဆိုတဲ့ စေတနာမျိုးနဲ့ရေးရင် စာကောင်း မထွက်တတ်ပါဘူး။ စာကြွားတွေပဲ အထွက်များတတ်ပါတယ်။ အမှန်ကို သိစေချင်တဲ့ စေတနာ၊ သက်ဆိုင်ရာကို စုံစုံလင်လင် သိစေချင်တဲ့ စေတနာဟာ သတင်းစာ သမား တယောက်ရဲ့ စေတနာပါပဲ။ ကျွန်မရေးခဲ့တဲ့ ဒီစာအုပ်တွေမှာ အဲဒီ စေတနာတွေ ပါပါတယ်။

## ပြည်သူချစ်သော အနုပညာသည် စာအုပ်

ပြည်သူချစ်သော အနုပညာသည်ထဲကပါတဲ့ လူ ၈ ယောက်အနက်က မထွေးလေးနဲ့ ဆရာပုကို ကျွန်မ တခါမှ မကြည့်ဖူးဘူး။ မမီလိုက်ဘူး။ ကျန် ၆ ယောက်ကတော့ ကိုယ်တိုင် ကြည့်ဖူးတာ၊ လူတွေကိုပါ သိနေတာတွေပဲ။ နို့ပေမယ့် လူသိရှိ၊ ခင်မင်ရုံနဲ့ သူတို့အကြောင်း ဒီလောက်ရေးနိုင်အောင် အချက်အလက် မရှိပါဘူး။ ဒါကြောင့် သူတို့နဲ့ အလုပ်လုပ်ဘက်တွေ၊ သူတို့နဲ့ ခေတ်ပြိုင်တွေ၊ သူတို့ကို ကြည့်ဖူးသူတွေနဲ့ တွေ့ဆုံရပါတယ်။ ဒါက သူတို့အလုပ်၊ သူတို့ပညာနဲ့ ပတ်သက်လို့ စုံအောင်သိချင်တဲ့ အတွက်ပါ။ သူတို့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တာကျတော့ ဆွေမျိုးသားချင်းနဲ့ နီးစပ်တဲ့လူတွေကို တွေ့ဆုံရပြန်ပါတယ်။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးဆိုတဲ့ စာအုပ်မှာတော့ မင်းသမီးအောင်ဗလကို ကျွန်မ မမီလိုက်ပါဘူး။ ကျွန်မ မမွေးခင်က အောင်ဗလ သေရှာတာပါ။ သူ့အသံတော့ ကြားဖူးပါရဲ့။ ကျွန်မတို့ ငယ်ငယ်တုန်းက အောင်ဗလပါတဲ့ ဓာတ်ထုတ်ဓာတ်ပြား

တွေ ဖွင့်တာ ခဏခဏကြားဖူးတာပေါ့။ ဒါကြောင့် သူ့အသံကိုတော့ ခန့်မှန်းနိုင်တယ်။ သူ့အမူအရာတော့ သူပြော လူပြောပဲရှိတာ။ နို့ပေမယ့် အောင်ဗလက ပညာရည်ကြီးတဲ့ မင်းသမီးပေကိုး။ အဲဒီတော့ သူသေပြီးပေမယ့် သူ့အရှိန်အဝါက တော်တော်နဲ့ မပျောက်ဘူး။ သဘင်လောကမှာ အကြာကြီး ကျန်နေရစ်တာ။ ဒါကြောင့် ပညာရည်ကို လက်ရှိသဘင်လောကမှာ လိုက်ပြီး ခြေရာ ကောက်တဲ့ အခါ ရသလောက် ရသေးတယ်။ နို့ပေမယ့် အဲဒီခြေရာက စာပေနဲ့ဟာမှ မဟုတ်ဘဲကလား။

ဘသင်သည်တွေရဲ့ ပါးစပ်ထဲမှာ ရှိနေတာဆိုတော့ ဒီလူတွေ မရှိတဲ့ နောက်ဆိုရင် သူတို့ပြောနိုင်ဆိုနိုင်တဲ့ အကြောင်းအရာတွေဟာ သူတို့နဲ့အတူပါပြီး ပျောက်ကွယ်တော့မယ်။ ဒါကြောင့် ပြောမယ့်ဆိုမယ့် လူတွေရှိတုန်း အရမေးမြန်း မှတ်သားသိမ်းဆည်းထားမှဖြစ်မယ်ဆိုပြီး ကျွန်မက ကြိုးစားစုဆောင်းပါတယ်။ နှစ် ၅၀၊ ၆၀ကြာတဲ့ ကာလမျိုးမှာ စာနဲ့ ပေနဲ့ အမှတ်အသား နည်းလှတဲ့ သဘင်လောကကို ဒီလို ပြန်ခြေရာကောက်ရတာ လွယ်တော့ မလွယ်လှဘူး။ နို့ပေမယ့် ပညာနဲ့ ပတ်သက်လို့က ရသလောက် ရသေးတယ်။ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တော့ သာပီး အလိုက်ခက် ပါသေးတယ်။ အောင်ဗလမှာ မိန်းမလဲ မကျန်ရစ်၊ သားသမီးလဲ မကျန်ရစ်။ အောင်ဗလနဲ့ ဆက်နွယ်တာဆိုလို့ လူဝင်စားဆိုတဲ့ ဗလပြန်ပဲ ရှိရစ်တော့တာကိုး။ ဒါကြောင့် အောင်ဗလအကြောင်း ရလိုရငြားဆိုပြီး မှော်ဝန်းသုံးခွ သူ့ဇာတိဆိုတဲ့နေရာကို လိုက်ခဲ့တယ်။ သုံးခွရောက်တော့ ဒီမှာ မဟုတ်ဘူး။ ညောင်လေးပင်ရွာမှာဆိုလို့ မိုးထဲရေထဲ ညောင်လေးပင်ရွာကို ဆက်လိုက်ပြန်တယ်။ ရွာရောက်တော့ သူ့ဆွေမျိုးက ရွာမှာမနေပြန်ဘူး။ ကျွေးထားမယ့် တူမများရှိရာ ရန်ကုန်ဥက္ကလာပမှာတဲ့။ ဒါကြောင့် ညောင်လေးပင်ရွာ မှော်ဝန်း သုံးခွက ရန်ကုန်ဥက္ကလာပကို ပြန်လိုက်ရပြန်တယ်။ ဥက္ကလာပမှာမှ အောင်ဗလ မိန်းမရဲ့ အမျိုးကို သွားတွေ့ပါတယ်။

ဖိုးစိန်ကြီးအကြောင်းကျတော့ ကျွန်မ ကြီးပြင်းခဲ့တဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲကကိုပဲ ဖိုးစိန်ကြီး အကြောင်းတွေကို အများကြီး သိခဲ့ ကြားခဲ့ရပါတယ်။ ဖိုးစိန်ကြီးက မန္တလေးလာတဲ့အခါ တခါတလေ အခု ကျွန်မတို့နေတဲ့နေရာနဲ့ ဟိုဖက်ဒီဖက်ထောင့်ဖြစ်တဲ့ ၈၄ လမ်းနဲ့ ၃၃ လမ်းထောင့်က တိုက်မှာ တည်းတတ်သေးတယ်။ အဲဒီတော့ ဂုန္တန်ဝင်းထဲမှာနေတဲ့ ကျွန်မတို့က ဖိုးစိန်ကြီးဆိုတာကို ပွဲကရာမဟုတ်တဲ့ အပြင်မှာများ မြင်ဖူးရမလားလို့ တိုက်ရှေ့မှာရောင်းနေတဲ့ မုန့်ရေဆိုင်ကို မှံ့သွားဝယ်ရတာက အမော။

နောက်ပြီး ကျွန်မအမေတို့ အဒေါ်တို့ရဲ့ အပေါင်းအသင်းတွေက ဖိုးစိန်ပွဲအကြောင်းများ ပြောရမယ်ဆိုရင် ဘယ်နှစ်ည ဆက်ပြောရမလဲ။ မိုးအလင်း ပြောနိုင်တဲ့ အစားတွေ။ ကျွန်မကိုယ်တိုင်လဲ ဖိုးစိန်ပွဲကို တော်တော်ကြည့်ဖူးတယ်။ ဖိုးစိန်ဓာတ်ပြားတွေဆိုတာကလဲ စစ်ကြီးမဖြစ်ခင်ကတော့ ဟိုကဖွင့် ဒီကဖွင့်နဲ့၊ ခုကာလ ကက်ဆက်တွေ ဖွင့်သလို ဖွင့်နေကြတာမို့ မကြားချင် အဆုံးပဲပေါ့။ မင်းသားစိန်ကတုံးကျတော့ ကျွန်မက မီပါရဲ့။ နို့ပေမယ့် ဖိုးစိန်ပရိတ်သတ်မို့ စိန်ကတုံးကို သိပ်မကြည့်ဖူးဘူး။ တခါ နှစ်ခါပဲ ကြည့်ဖူးတယ်။ နို့ပေမယ့် စိန်ကတုံးကြီးက တကယ့်ပညာသည်ကြီး ဟုတ်လား။ အဲဒီတော့ ပညာသည်ချင်းကကိုပဲ တသံတည်း ချီးမွမ်းကြတယ်။ စိန်ကတုံး ဘာမှာ ဘယ်လိုတော်တယ်၊ စိန်ကတုံး စိတ်စေတနာ ဘယ်လိုကောင်းတယ်၊ စိန်ကတုံး အလုပ်ကို ဘယ်လိုကြိုးစားတယ် စသဖြင့် ဝိဝါဒမကွဲ တသံတည်း ထွက်ကြတယ်။ ဒါကြောင့် စိန်ကတုံးအကြောင်းက သံသယမရှိ ရဲရဲရေးလို့ရတယ်။ နောက်ပြီး စိန်ကတုံးကို ကျွန်မ ကြည်ညိုတာ တကွက်ရှိပါသေးတယ်။ သူ့မှာ ဖဲရိုက်တဲ့အကျင့်၊ ဖဲစွဲတဲ့ အကျင့်ကလွဲရင် မိန်းမနဲ့ပတ်သက်တာမှာ ပဒေသရာဇ်ကျင့် မကျင့်ဘူး။ မင်းသားဆိုတာ အများအားဖြင့် ဇာတ်ပိုင်ရှင်တွေမို့ ဝေပုံကြီးယူသူတွေပါ။ စီးပွားရေးမှာ အဲဒီလို အခွင့်ထူးခံထားတော့ အမူအကျင့်မှာလဲ ဇာတ်သူမိန်းကလေးတွေအပေါ် အလွန်အနိုင် ကျင့်တတ်တယ်။ ဦးစိန်ကတုံးကြီးက ဒီဘက်မှာ သတင်းမွှေးတဲ့လူပါ။ တကယ်တော့

ဦးစိန်ကတုံးကြီး အကြောင်းနဲ့ပတ်သက်လို့ ခုရေးထားတာထက် ပိုရေးသင့်ပါသေးတယ်။ ရေးစရာတွေလဲ ရှိပါသေးတယ်။

ရွှေမန်းတင်မောင်ကတော့ ကျွန်မရေးသမျှ လူတွေထဲက ကျွန်မနဲ့ အရင်းနှီးဆုံး၊ သူ့အကြောင်းအရာကို အသိဆုံး တယောက်ပေါ့။ နို့ပေမယ့် ဒါလိုသိရုံနဲ့ စာတအုပ်ဖြစ်အောင် ရေးလို့ရတာ မဟုတ်သေးဘူး။ ဒါကြောင့် သူ့အကြောင်း ရေးတော့မယ်ဆိုတော့ သူ့ဇာတ်ထဲက အရေးပါတဲ့ သူနဲ့ လုပ်ဖော်ကိုင်ဘက်တွေအားလုံးကို ခေါ်တွေ့ရသေးတယ်။ သူ့မန်နေဂျာ၊ သူ့အကြံပေးပုဂ္ဂိုလ်ကမှစပြီး သူ့ချက်ပြုတ်ကျွေးတဲ့ လူအဆုံးလဲ တွေ့ရသေးတယ်။ ပြီးတော့မှ သူ့သားချင်းတွေပေါ့။ ကိုတင်မောင် မန္တလေးသား မဟုတ်ဘူး၊ ဘယ်အရပ်သားပဲဆိုပြီး သတင်းစာထဲကနေ တယောက်နှစ်ယောက်က စိမ်ခေါ်တော့ ကိုတင်မောင်အကြောင်း ကျွန်မဘယ်လောက်သိတယ်ဆိုတာကို ဒီလူတွေ မသိရှာလို့ကိုးလို့ အောက်မေ့လိုက်မိပါတယ်။ ကျွန်မရေးတဲ့ စာအုပ်တွေဟာ အများအားဖြင့် ကိုယ်နဲ့ သိပ်မကွာလှမ်းသေးတဲ့အချိန်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေက များတာမို့ အဲဒီအကြောင်းအရာကို သိမီသူတွေနဲ့ တွေ့ပြီး မေးမြန်းမှတ်သားမှုတွေ တော်တော်လုပ်ခဲ့ပါတယ်။

ကိုယ်ရေးချင်တဲ့ အကြောင်းအရာကို သိတဲ့လူ၊ သူတို့ကိုယ်တိုင် ပါဝင်ခဲ့တဲ့လူ၊ သူ့မိဘဆရာသမား၊ လုပ်ဖော်ကိုင်ဘက် တွေပြောတာကို ကြားခဲ့မြင်ခဲ့သူဆိုတာတွေကို ချည်ခင်အူပေါက် အစရှာသလိုရှာပြီး စိတ်ရှည်လက်ရှည် လိုက်ရပါတယ်။ ဘယ်သူဘယ်ဝါတွေတော့ သိမီလိုက်လေရဲ့လို့ သတင်းအစရတဲ့အခါ အဲဒီအစကနေပြီး ကိုယ်လိုချင်တာ ထွက်လာဖို့လဲ တော်တော် ပါးပါးနပ်နပ်နဲ့ လုပ်ဆောင်ယူရပါတယ်။ ဘာပြုလို့လဲဆိုတော့ သဘင်က တခြားပညာနဲ့မတူဘူး။ သဘင်ဟာ ငရဲကြီးတယ်ဆိုတဲ့ အယူအဆတရပ်က ခုထက်ထိရှိသေးတာမို့ သဘင်နယ်ကလူတွေဟာ သူတို့အသက်ကြီးလို့ ဒီအလုပ်ကို မလုပ်တော့ဘူးဆိုရင် သဘင်ပညာတွေကို မေ့ပစ်ဖို့ကြိုးစားလေ့ရှိတယ်။ ဒါဟာ အကုသိုလ်ပဲလို့ယုံပြီး ရတနာ

သုံးပါးကို ဆည်းကပ်ကိုင်းရှိုင်းလေလေ သဘင်အလုပ်ကို မေ့ဖို့ ကြိုးစားလေလေပဲ။ သူတို့အာရုံထဲမှာ ဒါတွေမထားတော့ပါဘူး၊ မရှိတော့ပါဘူး ဆိုတာကို ဝမ်းသာအားရ ဂုဏ်ယူပြီး ပြောလေ့ရှိပါတယ်။

ပြီးတော့ လူကိုတွေ့ရတဲ့အခါ အချိန်ကာလကြာညောင်းခဲ့ပြီမို့၊ ကိုယ်တွေ့တဲ့လူက အသက်အရွယ်ကြီးရင့်ပြီမို့ မေးချင်တဲ့အကြောင်းအရာကို ချက်ချင်းမေးလို့ မရတာတွေလဲ တော်တော်ရှိပါတယ်။ တချို့က သူတို့မှာ ကြာညောင်းတဲ့ ကာလအတွင်း ဘဝ အပြောင်းအလဲ၊ အသက်မွေးဝမ်းကျောင်း အပြောင်းအလဲတွေက ရှိလှပြီမို့ ကျွန်မသိချင်တဲ့ အကြောင်းအရာတွေ သူတို့အာရုံထဲမှာ မရှိတာကြာပြီ။ ဒါတွေက မေ့ပျောက်ခမန်း ဖြစ်နေကြပြီ။ ဒါကြောင့် ဘာအကြောင်းသိချင်လို့ပါ၊ ပြောပြစမ်းပါလို့ တိုက်ရိုက်ကြီး မေးလိုက်ရင် တို့ဘဝတွေက ပြောင်းကုန်တာမို့၊ ကြာလှပြီမို့ အလုပ်မလုပ်တော့လို့ မေ့ကုန်ပါပြီကွယ်ဆိုပြီး စကားပိတ်ပြောလိုက်တယ်။ ဒါကြောင့် ဒီလူတွေဆီက ကိုယ်လိုချင်တာရအောင် ကိုယ်ကအမေးတတ်ဖို့ လိုပါတယ်။ ဒါဟာ အတွေ့အကြုံက သင်ပေးတာပါ။ ဥပမာဆိုပါတော့။ လူကြီးတယောက်ဆီက ဟိုလွန်ခဲ့တဲ့ နှစ်သုံးလေးငါးဆယ်က သူပါဝင်လှုပ်ရှားခဲ့တဲ့ အကြောင်းအရာတွေ ကိုယ်ကသိချင်တယ်ဆိုရင်ဖြင့် သူ့မာကြောင်း၊ သာကြောင်းကိုမေးရင်း ကနေ့ သူ့ဘဝဘယ်လိုရပ်တည်နေသလဲ စတဲ့ အလ္လာပသလ္လာပကလေးတွေနဲ့ အစပျိုးရတယ်။ တော်တော်လေး စကားလက်ဆုံ ကျလာပြီဆိုမှ ဘကြီးငယ်ငယ်တုန်းကတော့ ဘာမှာဖြင့် တယ်ကောင်းတယ်ဆို။ ဘကြီးက အဲဒီတုန်းက ဘယ်သူနဲ့ ဘယ်လိုတွဲဖက် အလုပ်လုပ်လာတာဆို။ ဘကြီးတို့အကြောင်းတွေကို ကျွန်မတို့အမေက ဘယ်လို ပြောပြဖူးတာကလား ဆိုတာမျိုးနဲ့ သူ့အတိတ်ကို ပြန်ဆွပေးရပါတယ်။

အဲဒီမှာမှ ကိုယ်ဖွင့်ပေးတဲ့ စကားပေါက်မှန်မှ သူ့အတိတ်က အရိပ်တွေဟာ သူ့အာရုံထဲမှာ တဖြည်းဖြည်းပြန်ပေါ်လာပြီး သူကပါ သူ့အကြောင်းကို စပြောလာပါတယ်။ ဒီလိုဖြစ်လာတဲ့အခါ သူစလာတဲ့ စကားတွေဟာ ကိုယ်လိုချင်တာ

မဟုတ်ရင်လဲ ရှိပါစေ။ သူပြောချင်သလောက် ပြောတာကို အောင့်အည်း နားထောင်ပါ။ သူ့အာရုံကို မဖျက်ပါနဲ့။ သူ့စကားတွေဟာ ပြောရင်းပြောရင်းက စိတ်ပါသထက်ပါလာပြီး သူ့စိတ်မှာ အဲဒီအတိတ်တွေဟာ အားလုံး အသစ်ပြန်ဖြစ်လာပါလိမ့်မယ်။ ဒီအခါကျတော့ ကိုယ်လိုချင်တာတွေလဲ ပါလာပါလိမ့်မယ်။ အဲဒီတော့မှ မသိမသာ တခွန်းစ နှစ်ခွန်းစ ထောက်ပေးပြီး ကိုယ်လိုရာကလေးကို ဆွဲယူပါ။ လူတွေ့မေးတဲ့အလုပ်မှာ လွယ်သလိုလိုနဲ့ လုပ်ကြည့်တော့ မလွယ်လှဘူး။ ပုံမတော်ရင် ဘာမှမရဘဲ ပြန်ရတတ်ပါတယ်။

နောက်ပြီး ဒီလိုပြောပြကြတာတွေကို အားလုံး စိတ်ချလက်ချ သုံးမဖြစ်ပါဘူး။ လူ့မှတ်ဉာဏ်က စိတ်မချရပါဘူး။ ဒါကြောင့် အချိန်ကာလတို့၊ နေရာဒေသတို့စတဲ့တာတွေကို သူတို့အချင်းချင်း ပြောပြချက်တွေနဲ့လဲ တိုက်ဆိုင်ညှိနှိုင်းရတယ်။ အဲဒီခေတ်မှာပေါ်ထွက်နေတဲ့ သတင်းစာ ဂျာနယ် မဂ္ဂဇင်းတွေနဲ့ ချိန်ကိုက်ကြည့်စရာရှိရင်လဲ ချိန်ကိုက်ကြည့်ရပါတယ်။ စာနဲ့ပေနဲ့ မှတ်သားထားတာကမှ စိတ်ချလက်ချ အသုံးပြုနိုင်တတ်ပါတယ်။ သူတို့မှတ်မိတာထဲက ယွင်းတိမ်းတာတွေရှိတတ်ပါတယ်။

သဘင်ဆိုတာ ပညာတရပ် မဟုတ်လား။ အဲဒီတော့ ကိုယ်တိုင် မသိမမီပေမယ့် သမားစဉ် အမှတ်အသားတို့၊ ဆရာ့ဆရာတွေဆီက ဆင်းသက်လာတာလဲဆိုတာတွေရှိပါတယ်။ အဲဒီလို နှုတ်နဲ့ စာနဲ့ မှတ်ခဲ့ သားခဲ့တာတွေကိုလဲ ကျွန်မကနောက်တော့ ပျောက်ပျက်ကုန်မှာစိုးလို့ စာပေါ်မှာ မှတ်တမ်းတင်ထားလိုက်ချင်တယ်။ ဒါကြောင့် သဘင်ပညာသည်တွေနဲ့ တွေ့ဆုံမေးမြန်းတဲ့အခါ သူတို့ပညာတွေကိုလဲ တတ်နိုင်သလောက် မှတ်သားယူထားလိုက်ပြီး ကျွန်မစာအုပ်တွေမှာအလျဉ်းသင့်အောင် ဖန်တီးပြီး ပုံတော်သလို ဖော်ပြပါတယ်။

သဘင်ပညာ ဆုတ်ယုတ်ကျဆင်းလာတဲ့အခါ သဘင့်ထုံးစံ သုံးရတဲ့၊ စွဲရတဲ့စာတွေ၊ လင်္ကာတွေလဲ ပျောက်ကွယ်လိုက် လာတယ်။ ဆိုင်းဆင့်တဲ့၊ လေပြေတဲ့၊ တိမ်ထိုး၊ ခွန်းထောက်တဲ့၊ လင်္ကာတဲ့၊ စာတဲ့ ဆိုတာတွေက သဘင်မှာ သူ့အသုံးအနှုန်းနဲ့

သူရှိတယ်။ သဘင့်စည်းကမ်းအရ ဒီနေရာမှာ ဘာတီးပြီး ဘာရွတ်မှ ဖြစ်တယ် ဆိုတာတွေ ရှိခဲ့တယ်။ ခု အဲဒါတွေက တဖြည်းဖြည်း ပျောက်ကွယ်လိုက်လာပြီ။ အဲဒီတော့ ဒီစာ ဒီကဗျာနဲ့ စာရေးဆရာလူတော်တွေရဲ့ ပီပြင်တဲ့ သီချင်းတွေ ကြာရင် ပျောက်ကုန်မှာစိုး လို့ နှမြောတနဲ့ ကျွန်မ စာအုပ်တွေမှာ နေရာရှာပြီး ထည့်ထားပါတယ်။

နောက်ပြီး သူတို့ ပညာအကြောင်း၊ သူတို့ အလုပ်အကိုင်အကြောင်းကို သူတို့က ပြောပြတဲ့အခါ သူတို့အလုပ်နဲ့ဆိုင်ရာ သူတို့ပိုင် ဝေါဟာရကလေးတွေလဲ ရှိသေးတာကိုး။ ဒါလေးတွေကိုလဲ ကျွန်မက သူတို့လေကို အမိဖမ်းပြီးတော့ အရယူ ရေးထည့် လိုက်သေးတယ်။ တခြားလူတွေရေးတာနဲ့ ကျွန်မရေးတာနဲ့ ကွာရာမှာ ဒီအချက်လဲ တချက်ပါလိမ့်မယ်။ သဘင် ဘန်းစကား၊ သဘင် ဝေါဟာရတွေကို သဘင်နယ်ကသုံးတဲ့အတိုင်း သဘင်လေအပြည့်နဲ့ ကျွန်မက ရေးပြဖို့ ကြိုးစားထား တယ်လေ။

ကွယ်လွန်သူ ဗိုလ်မှူးဘသောင်းက စာဆိုတော်များအတ္ထုပ္ပတ္တိဆိုပြီး ကျမ်းတစောင် ရေးထားပါတယ်။ ဒီကျမ်းမှာ စာရေးဆရာ အနန္တသူရိယကစပြီး သတင်းစာဆရာ သူရိယဦးသိမ်းမောင်အထိ၊ သက္ကရာဇ် ၄၇၄ ခုနှစ်ကစပြီး ၁၃၂၈ ခုအထိ နှစ်ပေါင်း ၈၅၀လောက် အတွင်းမှာ ပေါ်ပေါက်ခဲ့တဲ့ စာဆို ၁၆၈ ယောက်တို့ရဲ့ အတ္ထုပ္ပတ္တိ တွေကို စုဆောင်း တင်ပြထားပါတယ်။ သူ့စာအုပ်ဟာ ဒီခေတ်အတွင်းမှာ ပေါ်ပေါက်တဲ့ စာရေးဆရာမှန်သမျှရဲ့ ရနိုင်သမျှ အကြောင်းအရာတွေကို စုဆောင်း တင်ပြထားတာ ဖြစ်ပါတယ်။ ဘယ်ခုနှစ် ဘယ်သက္ကရာဇ်မှာ ဘယ်မိဘတွေက ဘယ်သူ့ကို ဘယ်အရပ်မှာမွေးတယ်၊ သူဘာတွေရေးခဲ့၊ လုပ်ခဲ့တယ်ဆိုတာတွေ ဖော်ပြထားပါတယ်။

ဆရာကိုဘသောင်းရေးတဲ့ အတ္ထုပ္ပတ္တိမျိုးဟာ သက်မဲ့ပုဂ္ဂိုလ်ကိုသာမက သက်ရှိတွေ ကိုပါ ရေးလို့ရနိုင်စကောင်းပါတယ်။ ပြီးတော့ ဘယ်ပုဂ္ဂိုလ်မျိုးရဲ့ အတ္ထုပ္ပတ္တိမျိုး ကိုမဆို ရေးပေးပါဆိုရင်လဲ ရေးလို့ဖြစ်စကောင်းပါလိမ့်မယ်။ ကျွန်မရေးတဲ့

စာအုပ်တွေကတော့ ရေးသင့်ရေးထိုက်လို့ ရေးတယ်ဆိုတာမျိုးလဲ မဟုတ်လှဘူး။ ရေးပါလို့ တိုက်တွန်း တောင်းဆိုလို့ ရေးတာမျိုးလဲ မဟုတ်ပါဘူး။ ကျွန်မစိတ်ထဲက သူတို့အကြောင်းကို ရေးချင်စိတ်ပေါ်လာလို့ ရေးထားတဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတယ်။

ရွှေမန်းကိုတင်မောင်ဟာ ကျွန်မတို့နဲ့ တော်တော် ရင်းနှီးခင်မင်တဲ့ မင်းသားပါ။ သူက သူ့အကြောင်းကို ကျွန်မရေးပါလို့ တိုက်တွန်းလာတုန်းက ကျွန်မစိတ်ထဲ 'ဒီလူ့နှယ်ခွကျလိုက်တာ။ သူ့အကြောင်းရေးပါလို့ ကိုယ်တိုင်ကြီး လာပြောနေတယ်။ ငါ့စိတ်ထဲ ရေးလောက်တယ်ထင်မှ၊ ငါရေးချင်တဲ့လူမှ ရေးတော့မပေါ့'လို့ အောက်မေ့လိုက်မိတယ်။ နို့ပေမယ့် ကိုတင်မောင်ကိုတော့ အားနာလို့ စိတ်ထဲရှိတဲ့အတိုင်း ဖွင့်မပြောလိုက်ဘူး။ ကြောင်အမ်းအမ်းနဲ့ ကြည့်နေမိပြီးမှ 'ရေးတာပေါ့၊ ဒါပေမယ့် စောပါသေးတယ်'လို့ပဲ ပြောလိုက်ပါတယ်။ တကယ်လို့သာ သူမသေခင်က သူ့အကြောင်းကို ကျွန်မရေးမယ်လို့ ဆုံးဖြတ်မိရင် သူ့ဆီက ကျွန်မ မေးမြန်းထားမှာ အမှန်ပဲ။ သူကလဲ ရေးစေချင်နေတဲ့လူ၊ သူ့အိမ်နဲ့ ကျွန်မအိမ်ကလဲ ဝေးတာမဟုတ်တော့ ကျွန်မ ခေါ်မေးရင် ကိုတင်မောင်က စုံနေအောင် ပြောသွားမှာပေါ့။ ကျွန်မက သူအသက်နဲ့ရှိနေတုန်းက သူ့အကြောင်းရေးဖို့ သိပ်စိတ်မကူးတာ အမှန်ပဲ။ တနေ့တော့ ပွဲကနေရင်း ကိုတင်မောင် ဇာတ်ခုံပေါ်မှာ အသက်ပျောက်သွားပြီ ဆိုတော့မှ ဗမာဇာတ်သဘင်အတွက် အရေးပါတဲ့ မင်းသားတယောက် ဆုံးရှုံးရပါပကောဆိုတဲ့ နှမြောစိတ်နဲ့ သူ့အကြောင်းရေးချင်စိတ်တွေ တဖွားဖွား ပေါ်လာရတယ်။

ပြီးတော့ ကျွန်မရေးတဲ့ပုံစံမျိုးနဲ့ သက်ရှိလူတယောက်အကြောင်းကို ရေးဖို့က မလွယ်တာလဲ ရှိပါသေးတယ်။ ကျွန်မတို့ လူ့ဘောင်မှာ ဝေဖန်ရေးက ကောင်းကောင်း မကျင့်သုံးကြသေးပါဘူး။ အဲဒီတော့ လူတယောက်ရဲ့ အားကောင်းချက်၊ အားနည်းချက်တွေကို ကလောင်တချောင်းက တိတိလင်းလင်း ရေးချဖို့ဆိုတာ တော်တော် ဝန်လေးတဲ့အလုပ်ပါ။ အားကောင်းချက်ကို ရေးရတာ ဝန်မလေးပေမယ့်

အားနည်းချက်ကို ဖော်ထုတ်တဲ့အခါ ကာယကံရှင် မဆိုထားနဲ့ ကာယကံရှင် စာဆိုခံပုဂ္ဂိုလ်သေဆုံးပြီးဖြစ်အုံးတော့ ကျန်ရစ်တဲ့ဆွေမျိုးက နာကြည်းမှု ရှိတတ်ပါတယ်။ အဲဒီတော့ ဆွေမျိုးမျက်နှာကို ထောက်ထားရပါသေးတယ်။ ရွှေရိုးဘကလေး စာအုပ်ကို ကျွန်မရေးတော့ ဦးဘကလေး အရက်တွေ အလွန်အကျွံ သောက်လာရတဲ့ အကြောင်းတခုထဲမှာ သူ့ကို ရုပ်ရှင်ရိုက်ဖို့ ငွေထုတ်ပေးနေတဲ့ အချစ်ဆုံးသူငယ်ချင်းက အကြောင်းတခုကြောင့် သူ့ကိုယ်သူ အဆုံးစီရင်သွားလို့ ဦးဘကလေး အလွန်စိတ်ဆင်းရဲရတာလဲပါတယ်လို့ ထည့်ရေးထားပါတယ်။ ဒီစာအုပ်ထွက်လာတော့ ဦးဘလေးရဲ့ နှမဝမ်းကွဲတယောက်က သူတို့ မွတ်စလင်မှာ ဒီလိုအရေးခံရတယ်ဆိုရင် အင်မတန် နစ်နာပါတယ်။ ဒါကြောင့် ဒီဝါကျ တခုပါတဲ့အတွက် ဝမ်းနည်းပါတယ်လို့ ကျွန်မဆီ စာရေးပါတယ်။ အဖြစ်အပျက်က မမှားပေမယ့် သူတို့ဘာသာရေးအရ သူတို့စိတ်မှာ ထိခိုက်စရာ ဖြစ်ရတယ်ဆိုတော့ ဒါလောက်ဖြစ်မယ်မထင်လို့ ရေးမိသူအဖို့ စိတ်မကောင်း ဖြစ်ရတယ်လေ။ ဒါကြောင့် သက်ရှိလူတယောက်အကြောင်းကို ကျွန်မရေးတဲ့ပုံစံမျိုးနဲ့ ရေးလို့ မဖြစ်နိုင်၊ မရနိုင်ပါဘူး။ ဆရာကြီး ရွှေဥဒေါင်း ရှိတုန်းက ဦးလေးသိန်းအကြောင်း ကျွန်မရေးလို့ကောင်းတယ်လို့ ဦးလေးသိန်းရှေ့မှာ လူတယောက်က ပြောတော့ ကျွန်မကလွှတ်ခနဲ ‘ ဦးလေးသိန်းအကြောင်း ကျွန်မရေးရင် ဦးလေးသိန်းက ကျွန်မကို ဒုတ်ကောက်ကြီးနဲ့ ထရိုက်မှာပေါ့’ လို့ ဦးလေးသိန်း မကြားတကြား ပြောလိုက်မိတယ်။ ဒီလိုပြောမိတာက တခြားကြောင့်တော့ မဟုတ်ပါဘူး။ ဦးလေးသိန်းက ဒေါ်ဒေါ်ကို တချို့နေရာတွေမှာ တန်းတူရည်တူ အခွင့်အရေး မပေးတာတွေကို မကြိုက်နေလို့ပါ။ ဦးလေးသိန်းက ကျွန်မစကားကို နားစွန် နားဖျား ကြားသွားလေတော့ ‘ဘာပြောတယ်၊ အမာက ဘာပြောတယ်’နဲ့ မေးပါလေရော။ ကျွန်မလဲအရိုက်ခံရမှာ ကြောက်တာနဲ့ ‘ဘာမှမဟုတ်ပါဘူး’ လို့ လိမ်ဖြေလိုက်ရတယ်။ တခြားလူတွေကတော့ ရယ်နေကြတယ်လေ။ နောက်ပြီး ကျွန်မရေးတဲ့ အတ္ထုပ္ပတ္တိပုံစံဟာ ဘယ်သူဘယ်ဝါရဲ့ အတ္ထုပ္ပတ္တိကို ဒေါ်အမာ ရေးပေးပါဆိုပြီး

တာဝန်လွှဲအပ် လာလို့လဲ ရေးပေးလို့ လွယ်မယ်မဟုတ်ပါဘူး။ တဦးတယောက်ရဲ့ ပြုမူလုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး ကျွန်မ ကိုယ်တိုင် သဘောကျတာ၊ ကြိုက်တာ၊ နှစ်သက်တာ၊ ကြည်ညိုတာ၊ ဒါမှမဟုတ် မခံမရပ်နိုင်လောက်အောင် မုန်းတီးတာ၊ နာကြည်းတာ စတဲ့ ခံစားမှု အထွေထွေရှိမှ ရေးလို့ ရနိုင်ပါလိမ့်မယ်။

လူထုဒေါ်အမာ

'အတ္တုပ္ပတ္တိစာပေ'

စနေစာပေဝိုင်း

မေ၊ ၁၉၇၅၊ ၅၇–၆၆

# ရင်သွေး

မြမဥ္ဇူ (မြမဥ္ဇူသည် လူထုဒေါ်အမာ၏ ကလောင်နာမည်ခွဲ တခုဖြစ်သည်။)

ဘထွန်းသည် ကလေးငိုသံကြားသဖြင့် အိပ်ရာမှ နိုးလာသော်လည်း မျက်စိကို မဖွင့်ဘဲ 'ဖွားသင်ကလေးငိုနေတယ်'ဟု ပြောလိုက်၏။ ကလေးမှာ ငိုမြဲ ငိုနေသော်လည်း ဖွားသင်အသံကိုကား မကြားရ။ လက်ဖြင့်ရမ်း၍ စမ်းသော်လည်း မတွေ့သဖြင့် ထ၍ကြည့်ရာ ဖွားသင်မှာ အခန်းထဲတွင် အလျဉ်းမရှိဖြစ်လေသည်။ အံ့သြ၍သွားသော်လည်း အိပ်ယာမှ ထနှင့်ပြီထင်သဖြင့် ငိုနေသော ကလေးကို တချက်ကြည့်၍ နောက်ဖေးဆီသို့ ဖွားသင် ခေါ်ရန် ထွက်၍သွားလေ၏။ ဖွားသင်ကား ဘယ်မှာမှမတွေ့သဖြင့် အခန်းထဲသို့ ပြန်ဝင်လာရာ ညက မိမိထားသော ငွေဖလားကို သွား၍အမှတ်ရသဖြင့် ကပျာကယာ အိမ်တံစက်မြိတ် ကြားသို့ သွား၍ ကြည့်လေ၏။ နှစ်နှစ်ခန့် မလဲဘဲထားသော နတ်အုန်းသီးသည် ပိန်ကပ် ခြောက်သွေ့၍ ကြိမ်ဆိုင်းအတွင်းတွင် မချိတရိ ဆွဲလျက်ရှိသော်လည်း အုန်းသီးအထက်နားရှိ အဝတ်ထုတ်ကား မရှိတော့ပေ။ ခုတင်ခြေရင်းရှိ ဖွားသင်၏ အဝတ်အစားထည့်သော ဖာမှာ ဖရိုဖရဲနှင့် ထဘီစုတ် တချို့သာ မြေကြီးပေါ်တွင် ကျ၍နေသည်။ အကောင်းဟူ၍ တထည်မျှ မကျန်တော့ ပေ။ ဤတွင်မှ နောက်ကျို၍နေသော ဦးနှောက်တွင်းသို့ အလင်းရောင်သည် ဝင်၍ လာလေသည်။ 'ငွေဖလားလဲ မရှိဘူး။ အင်း ဒီကောင်မ ထွက်သွားပြီ အစစ်ပဲ။ ဘယ်သူနဲ့ပါလိမ့်။ ငတင်နဲ့ ဖြစ်မှာပေါ့လေ။ ဘသန်း နောက်တော့ မလိုက်တန်ရာဘူး။ သွားပစေ။ ဖေမ။ မနေ့ညက ဦးချယ်ဆီက ခိုးလာတဲ့ဖလား။ သူ့လင်ငယ် ငတင်က ဖလား ခေါ်တာ၊ သူ့ခေါ်တာမှတ်လို့။ ဟင်း ငါ့အတွက် ဝန်ပေါ့တာပေါ့' ထရံသို့ ပစ်ခန်

တံတွေး လှမ်း၍ ထွေးလိုက်လေ၏။ ထို့နောက် ကလေးကို လှမ်း၍ ကြည့်လိုက်ပြီး ဒီကလေးကို ငါဘာလုပ်ရမှာလဲ။ တွေ့စမ်းချင်တယ် ဒီကောင်မ။ ရော့ နင့်သား ကိုဆိုပြီး အိမ်ပေါက်ဝမှာ လွှတ်ပစ်ထားခဲ့မယ်။တစုံတခုကို သတိရသလိုဖြစ်ပြီး မျက်နှာသည် သွေးစုတ်၍ သွားသလို ထင်လိုက်ရ၏။ အထက်နှုတ်ခမ်းကို ကိုက်၍ ထားသော်လည်း လက်များမှာ တုန်၍ နေလေသည်။ ကလေးအနားသို့ နှစ်လှမ်းခန့် တိုး၍သွားရာ အိပ်ရာပေါ်တွင် ကလန်ကလန်နှင့်နေသော ကလေးသည် လက်သီး တဖက်ကို ပါးစပ်တွင်စုတ်၍ နေ၏။ အငိုတိတ်ပြီး ပြုံးတော့မလို လုပ်၍နေသည်။ စောင်စုတ် တချို့ကား ကန်ကြောက်၍ထားသဖြင့် ကလေးအပေါ်တွင် မရှိဘဲ ဘေးနားတွင် ပုံ၍နေလေ၏။ ပြုံးမယောင်ပါးစပ်သည် ဘထွန်းစိတ်၌ မိမိနှင့်သိ သော သူတယောက်နှင့် တူသည်ဟု ထင်မိသော်လည်း မည်သူ မည်ဝါ ဟူ၍ မကွဲပြားပေ။

ကလေးကို ကြည့်နေရာမှ တဖက်သို့ လှည့်၍ ရှပ်အင်္ကျီကို ကောက်ဝတ်ပြီးသော် အိမ်တံခါးကို ပိတ်၍ ထွက်ခဲ့လေ၏။ မိမိ ဘယ်ကိုသွားမည်ဟူကား ရည်ရွယ်ချက် မရှိ။ ခြေဦးတည့်ရာကိုသာ လျှောက်၍လာခဲ့လေသည်။ စိတ်တွင်ကား မငြိမ်မသက် ရောက်ယက်ခတ် ဖြစ်၍နေသည်။ ကလေးငိုသံသည် နားထဲ၌ အစဉ်ကြား၍ နေသည်။ တခါတရံ ပက်လက်လှန်၍ ခြေက လန်၊ လက်က လန်နှင့်နေသော ကလေးသဏ္ဍာန်သည် ရှေ့ကဆီး၍နေသလို ထင်မိ၏။ နားက မထွက်သေးသော ငိုသံသည် ပြန်ခဲ့ပါဟု ခေါ်သလို ထင်မိ၏။ ငါ ပြန်မှပါပဲဟု နောက်ပြန်လှည့်၏။ တွေ့သာတွေ့လိုက် ရင်တော့ကွာဟု စိတ်ထဲ၌ အောက်မေ့မိ၍ လည်ပင်းဖျစ်ပြီး ကိုင်လှုပ်လိုက်မယ်။ လျှာတစ်လစ် ထွက်လာမှာပေါ့ သပေါက်မ ဟူ၍လည်း ကြိမ်းလိုက်၏။

လက်ဖက်ရည်ဆိုင် တခုတွင် နို့မုန့်ချောင်း တစ်ပဲဖိုး ဝယ်၍ အိမ်ဖက်သို့ လှည့်ခဲ့ လေ၏။ ကလေးသည် အငိုရပ်၍ ယခင်က အိပ်ရာပေါ်တွင် ပက်လက်ကလေး ကစား၍နေလေသည်။ အင်း သူကတော့ ကစားလို့၊ ခွေးသပေါက်မ သားကလေးကို

ကျောပေး၍ အိမ်ရှေ့သို့ထွက်၍ လာပြန်သည်။ သို့သော် ခြေကို လှမ်း၍မဖြစ်သလို နောက်ဆွဲ၍နေလေ၏။ နားထဲကမထွက်သော ငိုသံသည် ဘထွန်း အသည်းနှလုံးကို မချိတရိဖြစ်အောင် ဖန်တီးနေလေသည်။ လက်သီးကိုဆုပ်၍ အိမ်ဖက်သို့ ပြန်၍ လှည့်လာသော် ကလေးသည် တဝဲဝဲနှင့် ငို၍နေပြန် လေ၏။ ငိုသံကား ဘာရယ်ဟု မပီသသော်လည်း ဘထွန်းစိတ်တွင် 'အမေရေ' ဟု ခေါ်၍ ငိုသလို ထင်မိသဖြင့် 'တယ်လေ၊ အမေ တနေ၊ လိုက်သွား နှင့်အမေ ဖာသည်မနောက်ကို' ဟု မြည်တမ်း မိသော်လည်း သူ့လက်ကား အလိုအလျောက် ကလေးကို ကောက်၍ ချီမိပြီးသား ဖြစ်လေ၏။

စိုနေအောင် ဝသော ကလေးသည် ငိုထားသဖြင့် အသားများ ပူနွေးနီကျန်ကာ ဖောင်းနေအောင် ဝသော ပေါင်ကလေး နှစ်လုံးကြားရှိ ရွှေပန်းကလေးသည် တို၍ ဝင်နေ လေ၏။ လက်ပေါ်သို့ရောက်လျှင် ကလေးသည် ခေါင်းကို ဘယ်ငဲ့ ညာငဲ့ လုပ်လျက် နှုတ်ခမ်းကလေး နှစ်ခုသည် တလှုပ်လှုပ်ဖြင့် တစုံတခုကို ရှာ၍ နေသကဲ့သို့ ထင်ရလေ၏။

ဒီဟာလဲ ဒင့်သားပါပဲ။ ကဲပါကွာ၊ တိတ်စမ်းပါ မင်းကလေးက။ မင့် ငါတောင်းပန် ပါတယ်ဟု ပြောပြီး ကလေးနဖူးနှင့် သူ့နဖူးနှင့် ထိ၍ ထားလေ၏။ ကလေးသည် ပါးစပ်ကလေး တလှုပ်လှုပ်နှင့် ရှာမြဲရှာလျက် ခေါင်းကလေး ညိတ်ချည်၊ လက်ကလေး ရမ်းချည်နှင့် အဖေ့လက်ထဲတွင် ပျော်မြူးမေသလို ထင်ရလေသည်။ ဘထွန်းသည် ကလေးကို ပခုံးပေါ်သို့ မှောက်လိုက်ပြီး ဘာလုပ်ရမည်ကို မဝေခွဲနိုင် သကဲ့သို့ ကလေးနောက်ဘက်တွင် အနီးစား ထားသော အဖြူရစ်ကလေးကိုကြည့်၍ ငေးနေ၏။

ထို့နောက် အိတ်ထဲတွင်ထည့်လာသော နို့မှုန့်ချောင်း ထုပ်ကလေးထဲမှ တချောင်း ယူ၍ ပါးစပ်ထဲတွင် ဝါးလေသည်။ ညက်သော် လက်ဖြင့်ယူ၍ ကလေးအား ပခုံးပေါ်မှ လှန်ပြီး ခွံ့လေ၏။ ကလေးသည် ဝါးဖတ်ကို နို့စို့သလို စားလေရာ ပါးစပ်ဝတွင် ဝါးဖတ်အချို့မှာ ထွက်ချည်ဝင်ချည်နှင့် ဖြစ်၍နေလေ၏။

စားလိုက်၊ ငါ့သား စားလိုက်။ မင့်အမေကတော့ ခွေးမို့ ခွေးကျင့်ကျင့်သွားတာ။ ခွေးမဟုတ်ပါဘူးလေ။ တိရစ္ဆာန်ခွေးတောင် ကိုယ့်သားသမီးကို ပစ်ခဲ့ရိုး ထုံးစံ မရှိပါဘူး။ တိတ်တိတ်။ ဖေဖေ မင့်ကို မပစ်ခဲ့ပါဘူး။ ဤအကြိမ်သည် ပထမ အကြိမ်အဖြစ်နှင့် မိမိကိုယ်ကို ဖေဖေဟု ထည့်၍ပြောလိုက်ရာ ဘထွန်း၏ စိတ်တွင် သူ့ပါးစပ်က ထွက်မိသော 'ဖေဖေ' ဟူသည့် အသံကို ပြန်၍ကြားသဖြင့် တုန်လှုပ် ချောက်ချား၍ ကြောရိုးထဲတွင် စိမ့်သွားသလို ထင်လိုက်မိသည်။ နို့ချောင်းများ ကုန်သောအခါ ကလေးသည် မုန့်ချောင်းအာဟာရထက် ဖခင်၏ တံတွေးကြောင့် ကျေနပ်နှစ်သိမ့်သလို အငိုတိတ်၍ ကြည်ကြည်ရွှင်ရွှင် ဖြစ်လာပြန်လေသည်။ ဘထွန်းသည် ကလေးကို အဝတ်တခုဖြင့် မတတ်တတတ် ထွေးပြီးနောက် ပွေ့ချီ၍ အိမ်ထဲမှ ထွက်ခဲ့လေ၏။ ဘထွန်းသည် ပထမသော် ဘယ်ကို သွားရမည်ကို မသိဘဲ ဤကလေးအားလည်း မည်သို့စီရင်ရမည်ကို မဝေခွဲနိုင်အောင် ရှိလေ၏။ နောက်မှ လမ်းတကာတွင် ကလေးချီ၍ လျှောက်နေမည့်အစား အသိမိတ်ဆွေများ ရှိရာဖက်သို့သွားရသော် အကြံဉာဏ်ရနိုးနိုး စိတ်သက်သာနိုးနိုး အောက်မေ့မိသဖြင့် အနောက်ပိုင်းတွင် ဖဲဒိုင်အစဉ်ခံနေသော ကိုမိုးတို့ဘက်သို့ ဦးလှည့်ခဲ့လေ၏။ ကိုမိုးသည် ဘထွန်းအားလှမ်း၍ 'ဘာတွေတုံးဟ' ဟု မေးစဉ် ကိုမိုး မိန်းမ မကျော့သည် အိမ်တွင်းမှ ထွက်လာ၍ လက်ဝါး ကလေးဖြန့်ကာ လှုပ်ရမ်းနေသော ကလေးလက်ကို မြင်သဖြင့် 'ဟင် ကလေးလေး၊ မင့်သားလားကွယ့်' ဟု မေးရင်း တောင်းချီလိုက်လေသည်။ 'အမယ်လေး ချစ်စရာကလေး။ ဝလိုက်တာ။ ငါ့ပေးပါ တော့ကွယ်' ဟု ပြောရင်း ဖောင်းကြွနေသော ပါးစုန့်ကလေးကို တရှုပ်ရှုပ်နမ်း၍ အားမရနိုင်ဘဲ သူ့နှာခေါင်းကို ပါးပေါ်တွင်မြှုပ်၍ လိုမ့်ခါနမ်း၍နေလေ၏။ မကြော့သည် နမ်း၍ ဝသော် အထက်သို့ မြှောက်၍ ချီပြီး တဖန် ရွှေပန်းကလေးနှင့် သူ့နဖူးထိ၍ ဒီဒီ ကစားသလို လုပ်လိုက်၊ ခုန်တော့မလို ဖြစ်လိုက်နှင့် ချစ်၍ မဆုံးဖြစ်နေပုံကို ဘထွန်းသည် အကြောင်သားငေး၍ ကြည့်နေလေ၏။

ကိုမိုးက ဘထွန်းသို့ လှမ်း၍ 'ကလေး အမေကကော' ဟု မေးရာ 'လင်ငယ်နောက်လိုက်သွားတယ်။ ဖလား တလုံးလဲ ပါသွားလေရဲ့' ဟု မပြောချင် ပြောချင်ပြောပြီး မိမိရှေ့ရေးပြဿနာ၏ အဖြေကိုသာ စဉ်းစား၍နေလေ၏။

'အင်း အကောင်းသားပဲကွ။ ဒါက မင့်မိန်းမ မင့်ကို ချွတ်ထားခဲ့တာပါကွ။ သူခိုးဘထွန်းကို အာယား ဘထွန်းဖြစ်အောင် လုပ်ခဲ့တာပေါ့'

'အသာနေစမ်းပါဗျာ။ ဘာချွတ်ရမှာတုံး။ သန္ဓေက ပါလာတဲ့ သူခိုးဘထွန်းပဲ'

ကလေးကို မကြော့လက်မှ ပြန်၍ယူပြီးနောက် ကိုမိုးအိမ်မှ ထွက်ခဲ့လေ၏။ လမ်းပေါ်တွင် တွေ့သမျှလူအပေါင်းက မိမိအား သရောပြောင်လှောင်လိုသော မျက်နှာထားနှင့် ကြည့်လိုက်ကြသည်ဟု ထင်လေ၏။ တခါတရံ သူ့မိန်းမ ဖွားသင်နှင့် ငတင်တို့သည် ကလူကျီစယ်နေရာမှ သားထမ်း၍ လမ်းလျှောက်နေသော သူ့အား တအိမ်အိမ်၏ အတွင်းမှ လက်ညှိုးထိုး၍ သရော်သလို နေကြမည်ထင်သဖြင့် ဝဲယာ အိမ်များအတွင်းသို့ လှည့်၍ စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။

ဤကဲ့သို့ မှတ်ထင်မိလျှင် မိမိချီ၍ထားသေ ကလေးကိုပင် မစင်ထုပ်ကို ကိုင်လာရသလို ရွံရှာ၍ လွှတ်ပစ်ချင်စိတ်များ ပေါ်ပေါက်၍လာလေ၏။ ဦးတည့်ရာ ထွက်ခဲ့သော ခြေလှမ်းသည် မြို့အစွန်ဆီသို့ ရောက်မှန်းမသိ ရောက်၍ လာလေ၏။ ဇရပ်ကလေးတခုကို မြင်သဖြင့် ဘထွန်းသည် ဇရပ်ဆီသို့ မှန်း၍ သွားလေ၏။ ထိုဇရပ်သို့ ဝင်ခြင်းမဟုတ်ပေ။ ဘာကို လုပ်ရမည်ကို မသိသဖြင့် ယောင်ရမ်း၍ ဝင်သွားခြင်း ဖြစ်လေသည်။

ဇရပ်ပေါ်သို့ရောက်သော် လက်မှကလေးကို ပေါင်ပေါ်တွင် တင်၍ထားပြီး ငုံ့ကြည့်နေလေ၏။ ကလေးသည် လက်သည်းကလေးကို စုတ်၍ စဉ်းစားတွေးတော နေသကဲ့သို့ ဘထွန်းအား စိုက်၍ကြည့်နေလေ၏။ ထိုအတွင်း ပေါင်ကြားမှ နွေးကနဲ ဖြစ်သဖြင့် ဘာပါလိမ့်ဟု စမ်းလိုက်ရာ ကလေးသေးပေါက်ချမှန်း သိရလေ၏။

ဤကလေးကို ဘယ်သို့ စီရင်ပေးရမည်နည်း ဟူသော ကိစ္စသည် ခရီးဝေးဝေးကို စူးစူးစိုက်စိုက် လှမ်း၍ကြည့်လေ ကွဲပြားစွာ မမြင်ရလေဖြစ်သကဲ့သို့ သူ့ဦးနှောက်သည် ရှုပ်သည်ထက် ရှုပ်၍နေလေ၏။ တောထဲ ပစ်ထားလိုက်ရင်တော့ အေးတာပဲဟု တွေးမိသော ခဏ၌ 'ငါ့သားကလေးပါလား' ဟူသော သတိရချက်သည် ရင်ထဲ၌ နင့်ကနဲ ဖြစ်သွားလေ၏။ ငါနဲ့မွေးထားရင် ငါ့သွေးကလေးပဲဟု တောင်မသိမြောက်မသိ ရှိသေးသော လူမမယ်ကလေးကို သနားစိတ်သည် တဖွားဖွား ပေါ်၍လာလေ၏။ ခွန်အားခြင်းမျှတသော ရန်သူကို နိုင်သလိုနှိပ်စက်ရာ၌ ဝန်မလေးသော်လည်း သေးငယ်သော သတ္တဝါအပေါ်တွင် လူ့စိတ်သည် အနိုင်ကျင့်ရာ၌ ဝန်လေးသလို မိမိ၏ ရှစ်လသားကလေးကို ထင်သလို မလုပ်ရက်ပေ။ မ၍ချီပြီး လက်မောင်းပေါ်တွင် ကိုယ်နှင့်ထိနိုင်သမျှ ထိအောင်ပွေ့၍ ထားလိုက်သောအခါ ကလေးသည် သူ့ပုံပန်းနှင့်မခြားတူသည်ဟု အောက်မေ့သဖြင့်ဝမ်းမြောက် ခြင်းသည် တကိုယ်လုံး ပူနွေး၍သွားသည်ဟု မှတ်ထင်ရလေ၏။ မင်း ငါ့သားပဲမဟုတ်လား၊ ဟင် အေး။ ငါကပဲ မွေးတာပဲ။ ငါ့သားပေါ့။ မင့်အမေကတော့ သားနဲ့လင်ပစ်ပြီး လင်ငယ် နောက်လိုက်တယ်။ ငါခိုးလာတဲ့ ဖလားလဲ လင်ငယ်ဖို့ ယူသွားတယ်။ ကောင်းတယ်ကွာ။ အားကြီးပေါ့။ မင်းကော အမေ့သောက်ကျင့် လိုက်မှာပဲလား။ ဘထွန်းစိတ်သည် ချာချာလည်၍ ဇရပ်ခါးပန်းကို မှီ၍ရပ်နေသော ခြေထောက်အောက်က မြေကြီးသည် ချိုင့်၍ဝင်သွားသည် ထင်သဖြင့် ကိုင်၍ဟန်သလို လုပ်လိုက်လေ၏။ ထိုနောက် ဆတ်ခနဲ မတ်တတ်ရပ်ပြီးနောက် ချောင်းကမ်းပါးဆီသို့ လျှောက်၍သွားပြီး သစ်ပင်ရင်း ချောက်ကမ်းပါးထိပ်တွင် ကလေးကိုသိပ်၍ ပစ်ခဲ့လေ၏။ သစ်ပင်ကွယ်မှ နေ၍ ကလေးဘာလုပ်နေသလဲဟု ချောင်းကြည့်ရာ ခြေနှစ်ချောင်းကိုထောင်၍ လက်ကလေးမြှောက်၍ ကလေးသည် မညီညွတ်သော မြေကြီးကြောင့် နာ၍လားမသိ ကျယ်လောင်စွာ ငိုလေ၏။

ရုတ်တရက် အငိုရပ်ပြီးသော် ခေါင်းကို ဘထွန်းဖက်သို့ ငဲ့ပြီး ငြိမ်နေပြန်လေသည်။ ငိုသဖြင့် မောရှိသွားသော ရင်ကလေးသည် နိမ့်ချည်မြင့်ချည်နှင့် ဖြစ်၍နေလေသည်။

သစ်ပင်တပင်မှ တပင်သို့ ကူးပြောင်း၍လှည့်ကာ ကြည့်သွားသော ဘထွန်းသည် အတန်ကြာသော် အတော်ဝေးသွား၍ ကလေးကို လုံးဝ မမြင်တော့ပေ။ ထိုအခါ ခြေလှမ်းမှန်မှန်မှ ကဆုန်ချ၍ ပြေးလေ၏။ သို့ပြေးစဉ်တွင် သူ့နား၌ ကလေးငိုသံသည် ဝင်၍လာ၏။ ဤအကြိမ်တွင်ကား စိတ်ကကြားသည့်အသံဖြစ်၍ ဝေးအောင်ပြေးလေ ဆိတ်ဖို့ဝေးစွ တိုး၍ကျယ်လေ ဖြစ်လေ၏။

ချောင်းကမ်းပါးကနေပြီး လိမ့်ကျလေမလား တွေးမိသဖြင့် သူ့ခေါင်းသည် မိုက်ခနဲဖြစ်၍ သွား၏။ လည်၍နေသော ဒလက်ကို တုတ်လျှို၍ ပစ်လိုက်သလို ဘယ်ပြီးညာလှမ်းနေသော ခြေနှစ်ချောင်းသည် တုံ့၍ရပ်သွားလေ၏။ ပြေးသဖြင့် ဆတ်ဆတ်ခုန်နေသော နှလုံးသည် စက်ပျက်သွားသလို အလှုပ်ရပ်၍ သွားသည်ဟု ထင်လိုက်ရ၏။

သို့သော် ဟယ် ဟု ဆို၍ ဆက်ပြေး ပြန်လေ၏။ ဤအကြိမ် ခြေလှမ်းတို့ကား ယခင်ကဲ့သို့ သွက်လက်တော့သည် မဟုတ်။ အထူးဝီရိယစိုက်၍ တလှမ်းပြီးတလှမ်း ရုပ်သိမ်းရသလို လေး၍နေလေ၏။ သို့ဖြစ်၍ ရုပ်တန့်ပြီးသော် နောက်သို့ လာလမ်းအတိုင်း ပြန်၍ပြေးပြန်လေ၏။ ဘထွန်း သိပ်၍ထားခဲ့သော သစ်ပင်ရင်းတွင် ကလေးသည် တအာအာနှင့် ငို၍နေလေ၏။ ကလေးကို လျင်မြန်စွာကောက်ချီ၍ အားရပါးရ နမ်းပြီးသော် ‘တိတ်ပါသားရယ်၊ အဖေနဲ့ အိမ်ပြန်ကြတာပေါ့’ဟု ဆိုလိုက်လေသတည်း။

ကြီးပွားရေး၊ တွဲ ၆၊ မှတ် ၁၀၊ စက်တင်ဘာ ၁၉၃၈၊ ၂၅–၂၇

# အိုဘယ့် မြို့ကြီး ဂျိုဟာနစ္စဘတ်

## လူထုဒေါ်အမာ

### စာရေးဆရာ

အိုဘယ့် ဂျိုဟာနစ္စဘတ် ဆိုတဲ့ ဝတ္ထုတိုကိုရေးတဲ့ စာရေးဆရာ နသယ်နီယယ် နာကာဆာဟာ ဂျိုဟာနစ္စဘတ်က လူမည်းသတင်းစာဆရာပါ။ လူတော်တယောက်မို့ အမေရိကန်က သူ့ကို နာမည်ကျော် 'လူဝီနဘိုစီ'နဲ့အတူ ဟားဗတ်တက္ကသိုလ်က 'ဖဲလိုးရှစ်' ချီးမြှင့်တယ်။ တောင်အာဖရိက လူဖြူအစိုးရက အဲဒီဆုသွားယူဖို့အတွက် ပြည်ပထွက်ခွင့် ပတ်စ်ပို့ ထုတ်မပေးဘူး။ ဒါ့ကြောင့် အပြီးတိုင် ထွက်ခွာတဲ့ပုံစံနဲ့ ထွက်ပြီး ယူခဲ့ရတယ်။

'နသယ်နီယယ်နာကာဆာ' ဟာ လူမည်းသတင်းစာဆရာ ဖြစ်ပေမယ့် လူဖြူများက ထုတ်ဝေတဲ့ ရန်ဒေးသတင်းစာမှာ နေရာတနေရာပေးပြီး ရေးခွင့်ရတဲ့ တဦးတည်းသော လူမည်း ဖြစ်ပါတယ်။ လူမည်း လူငယ် အာဖရိက စာရေးဆရာလေးတွေကို အားပေးအားမြှောက် ပြုနိုင်ဖို့အတွက်ဆိုပြီး 'သည်ကလပ်ဆစ်' ဆိုတဲ့ စာစောင်ကို ကိုယ်တိုင်ရေးသား ထုတ်ဝေခဲ့သူလည်း ဖြစ်တယ်။

အသက် ၂၈ နှစ်သားကတည်းက အမေရိကန်ဂျာနယ်တွေနဲ့ နယူးယော့တိုင်း သတင်းစာမှာ ဆောင်းပါးတွေ ရေးထည့်လာခဲ့သူလည်း ဖြစ်တယ်။ ၁၉၆၅ ခုနှစ်က နယူးယော့မြို့မှာနေရင်း သူ့ကိုယ်သူ အဆုံးစီရင်သေဆုံးသွားပါတယ်။

ခဏတဖြုတ်သာ အလည်လာသွားကြသူများကတော့ ဂျိုဟာနစ္စဘတ်မြို့ကြီးဟာ ပျော်စရာအကောင်းသားပဲလို့ အောက်မေ့သွားကြမှာပဲ။ အနို့ပေမယ့် ဒီမြို့ကြီးမှာ တလတန်သည်၊ နှစ်လတန်သည် နေသွားကြပြီးမှ ကိုယ့်ဒေသကို ပင်လယ်ကြီးဖြတ်ပြီး လေယာဉ်ပျံနဲ့ ပျံသန်းသွားသူများဆိုရင်တော့ သူတို့စိတ်ထဲ မမေ့ပျောက်နိုင်တဲ့မြင်ကွင်းတွေ သူတို့နဲ့အတူ ပါသွားမှာအမှန်ပဲ။ မြို့ထဲက လူဆင်းရဲတွေ လမ်းကျဉ်းကလေးတွေထဲမှာ သောက်စားမူးယစ်နေကြပုံကို နှာခေါင်း ရှုံ့သွားကြတာလည်း ကျွန်တော် မြင်ဖူးတာပဲ။ မြို့ရဲ့နောက်ပိုင်းက လူဖြူ လူချမ်းသာတွေ စည်းစိမ်ခံကြပုံကို သွားရည်ကျ ဝမ်းပါးသွားကြတာလည်း တွေ့ဖူးတာပဲ။ ဒီလူတွေက အများအားဖြင့်တော့ နိုင်ငံခြားက သတင်းစာတိုက်ကြီးတွေက သတင်းထောက်တွေ၊ သတင်းစာသမားတွေပါ။ သူတို့က လူမည်းတွေနေတဲ့ ဆင်းရဲသားရပ်ကွက် ညစ်ညစ်ပတ်ပတ်တွေထဲမှာလည်း ထွေးလုံးရစ်ပတ် နေသွားနိုင်တဲ့လူတွေကလား။ သူတို့က ဂျိုဟာနစ္စဘတ်မြို့ကြီးကို ဘက်စုံထောင့်စုံက ခြုံငုံလေ့လာသုံးသပ်တယ်တဲ့။ ကမ္ဘာကျော် နိုင်ငံရေးခေါင်းဆောင်ကြီးတယောက်ကို သတင်းစာကွန်ဖရင့်မှာ သတင်းအမဲဖျက်သလို လုပ်ကြတာလေ။ ဒီမြို့ရဲ့အနေအထား၊ ဒီမြို့ရဲ့ အခြေအနေ အကျပ်အတည်းတွေကို ဘာမှမသိ ဘာမှမစဉ်းစားဘဲနဲ့ မေးချင်ရာတွေ အရမ်းကာရော စွပ်မေးရဲ့လားမေးရဲ့။ ကျွန်တော် သူတို့လို စိတ်ထားမျိုးထားကြည့်ဖို့ အကြိမ်ကြိမ် ကြိုးစားဖူးတယ်။ ဂျိုဟာနစ္စဘတ်နဲ့ ဘာမှမပတ်သက်တဲ့ လူတယောက် အနေအထားမျိုးနဲ့လေ။ ဒါပေမယ့် မရပါဘူးခင်ဗျာ။ ကျွန်တော်ဟာ ဂျိုဟာနစ္စဘတ်မြို့ကြီးရဲ့ တစိတ်တပိုင်း အမြဲဖြစ်နေတာပါပဲ။ ကျွန်တော်အတတ်နိုင်ဆုံး လုပ်နိုင်ရင် ဆရာယောင်တယောက်ရဲ့ စမ်းသပ်ကုသမှုကို ကျွန်တော်မသိဘဲ ခံလိုက်ရတဲ့ အဖြစ်မျိုးလောက်ပဲ ရနိုင်မယ်ထင်တယ်။ ဂျိုဟာနစ္စဘတ်မြို့ကြီးကို ရောက်စနှစ်တွေက ကျွန်တော်ခံစားရချက်ဟာ အဲဒီ

အတိုင်းပဲ။ ကျွန်တော် ဒါဘင်မြို့က မိုင် (၄၀၀) ခရီးကို မီးရထားစီးပြီးလာခဲ့တာ။ ဒီမှာ သတင်းစာဆရာ တယောက်အဖြစ်နဲ့ အသက်မွေးမယ်လို့လေ။ အဲဒီတုန်းက အလုပ်သိမ်းပြီဆိုရင် ရုံးထဲက စားပွဲတွေ၊ ကုလားထိုင်တွေပေါ်မှာ အိပ်ချင်တဲ့အခါ အိပ်လိုက်တယ်။ သူငယ်ချင်းမိတ်ဆွေတွေက စားသောက်ဖို့ ဖိတ်ကျွေးရင် သူတို့အိမ်မှာပဲ မိုးလင်းချင် လင်းလိုက်တယ်။

ကျွန်တော် ဒီလို နေတာထိုင်တာဟာ ခြေသလုံးအိမ်တိုင် ကလေကချေ နေတတ်တဲ့ ကောင်မျိုးမို့လို့ပဲလို့တော့ မထင်စေချင်ဘူး။ ကျွန်တော်က အဲဒါမျိုးလုံးလုံး မဟုတ်ပါဘူး။ ဒါပေမယ့် ဥပဒေအရ 'တိုင်းရင်းသား'လူမျိုးများဟာ ဂျိပ္ပာနစ္စဘတ် က ဟော်စတယ်တွေက အိပ်ခန်းဆောင်တွေမှာ ကျွန်တော်ဟာ တခြားလူစိမ်း (၁၀) ယောက်မကတာတွေနဲ့ အတူအိပ်ရနေရမယ်။ အဲဒီအထဲမှာ ရုံးစာရေးလို လူတွေ ပါမယ်။ မင်းစေတွေမျိုးပါမယ်။ ညစောင့် ဒရဝမ်မျိုးတွေ ပါမယ်။ ကျောင်းဆရာ၊ လမ်းပြင်သမား၊ ပယောဂဆရာ စတာမျိုးတွေ ပါမယ်။ ကျွန်တော်တို့အားလုံးဟာ လွတ်လွတ်လပ်လပ်ပဲ ဘာဂျာဆွဲတဲ့လူက ဆွဲ၊ ဂစ်တာတီးတဲ့လူက တီး၊ တချို့က စာဖတ်၊ တချို့က ဘီယာစုပ်ပြီး နေချင်သလို နေကြပေါ့။

အဲဒီတော့ ကျွန်တော်က ခြေသလုံးအိမ်တိုင်ဘဝနဲ့ပဲ နေလိုက်တော့တယ်။ တည်းခိုခန်းတခုခုမှာ ကျွန်တော့်ဖို့ သီးသန့်အိပ်ရာ နေရာတခုရဖို့က တော်တော် ကျဲတဲ့ ကိစ္စပါ။ တခါတုန်းက ကြိုးစားဖူးတာကို မှတ်မိပါသေးတယ်။ ကျွန်တော်က တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး အောက်စ်ဖို့တက္ကသိုလ်ထွက်ရဲ့ လေယူလေသိမ်းအတုနဲ့

'ကျွန်တော့်နာမည် ဘရုတ်ကင်းရှောပါ။ ခင်ဗျားတို့တည်းအိမ်မှာ နေရာတနေရာများ ရနိုင်မလား'

'ကျွန်တော်တို့မှာ ခုတင်တချို့ရှိပါတယ်' လို့ တဖက်က ဖြေတယ်ခင်ဗျာ့။ ဖြေသူက လူဖြူတည်းခိုခန်း အုပ်ချုပ်ရေးမှူးနဲ့ တူပါရဲ့။ 'ဒါပေမယ့် ကျွန်တော်တို့က အရေးကြီးတဲ့ အလုပ်သမား စပယ်ရှယ်ဧည့်ကိုသာ လက်ခံပါတော့တယ်' လို့

ပြောတယ်။

ကျွန်တော်က 'ဘယ်လို စပယ်ရှယ် အလုပ်သမားဗည့်တွေလဲ ခင်ဗျား' လို့ မေးတော့ 'စပယ်ရှယ်ဗည့်ဆိုတာ အရေးကြီးတဲ့ လုပ်ငန်းခွင်မှာ အလုပ်လုပ်နေတဲ့ လူတွေကို ဆိုလိုတာပါ။ ဥပမာ နွားနို့ပို့သမား၊ သန့်ရှင်းရေးအလုပ်သမားစတာတွေပေါ့။ ဒီလူတွေက မနက်မလင်းခင် မြို့ထဲရောက်ကြရမယ်။ ညကြီးမိုးချုပ်မှ ပြန်လာတယ်ဆိုတဲ့ လူတွေပါ'

'ဟာ ဒါဖြင့် ကောင်းသားပဲ။ ကျွန်တော့်လူကလဲ တော်တော်အရေးကြီးတဲ့ လုပ်ငန်းခွင်ကပါ။ မြို့ထဲမှာ မကြာမကြာ တော်တော်မိုးချုပ်တဲ့အထိ နေရတတ်ပါတယ်။ သူက သတင်းစာဆရာပါ'

'ဟုတ်ကဲ့ မစ္စတာ ဘရုတ်ကင်းရှောခင်ဗျား။ ကျွန်တော် ဘာမှတော့ အာမ မခံပါရစေနဲ့။ သူ့ကို ကျွန်တော်တို့ဆီကို လွှတ်ချင် လွှတ်လိုက်ပါ။ ကျွန်တော်တို့က လူကြည့်ပြီး အဆင်ပြေသလို ရွက်ဆောင်ပေးရပါတယ်'တဲ့။

ဒါနဲ့ ကျွန်တော်လည်း အုပ်ချုပ်ရေးမှူးကို သွားမတွေ့တော့ပါဘူး။ ကျွန်တော် သူတို့ဆီက အိပ်စရာ ခုတင်လည်း မလိုချင်တော့ပါဘူး။ သတင်းစာဆရာ ဘဝက နေပြီး အရေးကြီးတဲ့ စပယ်ရှယ်အလုပ်သမားဘဝကိုလည်း မပြောင်းချင်တော့ပါဘူး။ ဒါကြောင့် (၁၈)လလောက် ကြာမယ်ထင်ပါရဲ့။ ကျွန်တော် အိပ်စရာအိမ် မရှိဘဲ ခြသလုံးအိမ်တိုင်ဘဝနဲ့ ဟိုအိပ် ဒီအိပ် လုပ်နေခဲ့တယ်။ အဲဒီလို နေရတဲ့အခါ ကျွန်တော်က ကျွန်တော့်အဖြစ်ကို အဆိုးထဲက အမြတ်ထုတ်တယ်။ ဘယ်လိုလဲ ဆိုတော့ ဂျိုဟာနစ္စဘတ်မှာ ကျွန်တော်ဖြစ်နေရတဲ့ အတွေ့အကြုံက သူတကာအဖို့ မယုံနိုင်စရာ အတွေ့အကြုံမျိုး မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီလို ဖော့တွေးထားနိုင်တော့ ကျွန်တော့်အဖို့ စိတ်ဓာတ်သိပ်မကျတော့ဘူးပေါ့။ ပြီးတော့ ကျွန်တော်က မြို့ငယ်ကလေးကနေ မြို့ကြီးဂျိုဟာနစ္စဘတ်ကို ရောက်လာရသူ ဆိုတော့ ထုံးစံအတိုင်း ဂျိုဟာနစ္စဘတ်ရဲ့ ဖမ်းစားခြင်းကို ခံရတာပဲပေါ့။ တခြား

လူမည်းတွေက အလုပ်သိမ်းတာနဲ့ တပြိုင်နက် အိမ်ကို အပြေးအလွှား ပြန်ကြတဲ့ အချိန်မှာ ကျွန်တော်ကတော့ မြို့ဒီဘက်အစွန်ကနေပြီး ဟိုဘက်အစွန်ထိ အေးအေး ဆေးဆေး လမ်းလျှောက်တယ်။ တခါတလေကျတော့ ရန်ကုန်ဒေးလီမေးသတင်းစာ တိုက်ရဲ့ စာကြည့်တိုက်ထဲမှာပဲ လန်ဒန်သတင်းစာတွေကို ညဥ့်နက်သန်းခေါင်အထိ ထိုင်ဖတ်နေလိုက်တယ်။ ကျွန်တော့်ကို ညစာဖိတ်ကျွေးတဲ့ သူငယ်ချင်းတွေရဲ့အိမ်မှာ ရေပါဝင်ချိုးတတ်တာကိုလည်း သူတို့က လက်သင့်ခံတတ်ကြပြီ။တခါတလေလည်း ကျွန်တော်က ကျွန်တော့်ရုံးစောင့် ဒရဝမ်ကြီးနဲ့ သူ့အခန်းလေးထဲမှာ ဝင်အိပ်တယ်။ ရုံးအမိုးပေါ်မှာ သူ့ဖို့ အခန်းလေးတခန်း လုပ်ပေးထားတယ်လေ။ ညစောင့် ဒရဝမ်ကြီးက အရပ်ကြီးကလည်း အရှည်ကြီး အသားကလည်း မည်းလိုက်တာ မှောင်လို့၊ ဘောင်းဘီအပြာ အလုပ်သမား ဝတ်စုံကြီး အမြဲဝတ်ထားတယ်။ သူ ပြောတဲ့စကားက ဇူးလူးလူမျိုးတွေ ပြောတဲ့စကားပါ။ သူက ကျွန်တော် သူ့အခန်း လာတာကို ကြည်ကြည်ဖြူဖြူပဲ လက်ခံတယ်။ နိုင်ငံရေးစကားတွေလည်း အများကြီး ပြောပါတယ်။ တခါတော့ သူကမေးပါတယ်။ လူဖြူတွေ ကျွန်တော်တို့ အပေါ်ကမဆင်းဘဲ ဘယ်လောက်ကြာအောင် နေဦးမယ် ထင်သလဲတဲ့။ ကျွန်တော် တို့ အမည်းတွေက အပေါ်ရောက်မယ့် ခေတ် လာဦးမယ်လို့ ထင်ရဲ့လား တဲ့။ 'ဘာသင် အဘိလန်လု မာဂျေး လူဖြူတွေက ဘာတွေပြောနေကြသလဲ' တဲ့။

သူမေးတဲ့ အမေးတွေကို ကျွန်တော်က ဖြေတာဟာ သူ့ဆီ အိပ်စက်နားနေ ခွင့်ရတာကို ကျေးဇူးဆပ်ရာရောက်တယ်လို့ ကျွန်တော်က ထင်တယ်လေ။ သူက လည်း ကျွန်တော်ဟာ အဖြူတွေရဲ့ စိတ်ထဲရှိတာကို တကယ်ပြောပြနိုင်သူ အတွင်းသိ၊ အစင်းသိလို့ ထင်သလေ။ ဘာလို့လဲဆိုတော့ ကျွန်တော့်မှာ အဖြူ မိတ်သင်္ဂဟတွေလည်း ရှိသကိုး။ မြို့စွန်ပိုင်းရောက်ပြန်ရင် လူတွေက ကျွန်တော့်ကို သောက်စရာလေး တခွက်တလေတည်ပြီး အာဖရိကန်တွေအကြောင်း မေးပြန်ရော။ ဒီအမေးမျိုးကနေပြီး စကားဆက်ကြတော့ အသားအရောင်ခွဲခြားရေးရဲ့ အကျိုး သက်ရောက်မှုတွေဆီကို ရောက်ကုန်ပြီး ကျွန်တော်တို့ စကားဝိုင်းတွေက

ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်သွားပြန်ရော။ နောက်ဆုံး အခြေအနေဆိုတာမျိုးကို ဆွေးနွေးလာကြတဲ့အခါ ကျွန်တော်က လူမည်းတွေနေကြတဲ့ မြို့နယ်တွေအကြောင်း ဘာမှ သိပ်သိတာမဟုတ်တော့ ကျွန်တော်ပြောတာတွေက မှန်ချင်မှ မှန်မှာပေါ့။ ကျွန်တော့်အနေနဲ့ တခြားလူတွေလိုပဲ မြို့နယ်တွေမှာ တရားမဝင်ဘဲ ခိုးနေရင် နေလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်က မြို့မှာပဲ နေချင်တာ။ မြို့နဲ့ ၅ မိုင် ၁၀မိုင် အပြင်ထွက်ချင်တဲ့ လူ မဟုတ်ဘူး။ ကျွန်တော်က ဂျိုဟာနစ္စဘတ်ရဲ့ နေ့ထက် ညကိုပိုပြီး စိတ်ဝင်စားသေးတယ်။ ဂျိုဟာနစ္စဘတ်မှာ လူမည်းအဖို့ ကာဖြူး အမိန့်က ရှိလေတော့ ညနေစောင်းတာနဲ့ တပြိုင်နက် လူမည်းအများစုက ကိုယ့်အိမ်ရှိရာ ကိုယ်ပြန်ပြေးကြတာ။ လူမည်း ထောင်ပေါင်းများစွာကိုတင်ပြီး မီးရထားတွဲညိုကြီးတွေ ချိတ်ထားတဲ့ ရထားအစင်းပေါင်း တဒါဇင်မက မြို့ပြင်ကို တဝေါဝေါ ပို့ပေးနေတာပဲ။ ည ၁၁ နာရီ ကာဖြူး စပြီဆိုတာနဲ့ တပြိုင်နက် မြို့ထဲမှာ မြင်ရသေးသမျှ လူတွေက လူဖြူတွေချည်းပေါ့။ နေ့ခင်းမှာတော့ ဂျိုဟာနစ္စဘတ်မြို့ကြီးဟာ အဖြူတွေရော၊ အမည်းတွေရော ရောနှော ရှုပ်ထွေးနေတာပဲ။ ကုမ္ပဏီက ပေးတဲ့ စက်ဘီးတွေပေါ်က ချွေးတွေတရွှဲရွှဲနဲ့ လူမည်းတွေ၊ အလုပ်ရှာရင်း ခြေတိုမတတ် ပလက်ဖောင်းမှာ ချွေးတရွှဲရွှဲနဲ့ လမ်းလျှောက်နေတဲ့ နီဂရိုးတွေနဲ့ ပြည့်နေတာပဲ။ အာဖရိက တတိုက်လုံးကစုပြီး ခုမှခေါ်လာတဲ့ 'သတ္တုတွင်းလုပ်သားလူငယ်' ဆိုတဲ့ နီဂရိုးတွေကြည့်ရတာ ပိုစိတ်ညစ်စရာ ကောင်းသေးတယ်။ သူတို့ကျောပေါ်မှာ စောင်တထည်ခေါက်လို့၊ ချိုင်းမှာ ပေါင်မုန့်တလုံး ညှပ်လို့၊ မိုင်းကပေးတဲ့ တည်းခိုခန်းတွေမှာ နေရအောင် မြို့ထဲကဖြတ်သွားနေကြတာပါ။ သူတို့ကို ကြည့်ရတာ ကျွန်တော့်မျက်စိထဲ တော့ ထောင်ထဲကလူတွေနဲ့ သိပ်တူတာပဲ။

တချို့က ဘာမှမသိနားမလည်ရှာတာ အတိုင်းသား မြင်နေရတယ်။ တချို့ကတော့ လည်း ဖြတ်သန်းသွားလာနေတဲ့၊ သူတို့မမြင်ဘူးတဲ့ အမျိုးသမီးတွေကို မက်မောတဲ့ အကြည့်မျိုးတွေနဲ့ ငေးလို့။ သူတို့လူစုထဲက အများအားဖြင့်က စာရေးစာဖတ်မှ

တတ်ရှာကြတာ မဟုတ်လေတော့ သေတပန်သက်ဆုံး ဒီမိုင်းလုပ်သားဘဝနဲ့ပဲ အရိုးထုတ်သွားရှာကြရမှာပဲ။

ကျွန်တော်က သူတို့တတွေကိုမြင်တိုင်း စိတ်ဆင်းရဲရတယ်။ သူတို့ ဒီလိုဘဝမှာနေရတာ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့ အမြဲတမ်းမြင်တယ်။ တာဝန်ရှိတယ်လို့သာ ခံယူတာ၊ ဘာမှလည်း လုပ်ပေးနိုင်တာမဟုတ်ပြန်တော့ စိတ်ဆင်းရဲရတာပေါ့။ ပြီးတော့ ကျွန်တော် မြင်ထား ထင်ထားတဲ့ ဂျိုဟာနစ္စဘတ် မြို့ကြီးကိုလည်း သူတို့က အကျည်းတန်စေတယ်လေ။ ကျွန်တော်က ဂျိုဟာနစ္စဘတ်မြို့ကြီးဆိုတာ အင်မတန် ကြီးမားတဲ့ အင်အားစုကြီးတခု၊ သတ္တိရှိတဲ့ နိုင်ငံရေးသမားတွေ၊ ခေတ်ပညာတတ်တွေ၊ လူဖြူတို့ရဲ့ အာဏာကို တနေ့မှာ တွန်းလှန်နိုင်မယ့် အစုအဝေးကြီးလို့ မြင်ထားတာ မဟုတ်လား။

အဲဒီ ကျွန်တော်မြင်ထားတဲ့ ရုပ်ပုံလွှာက ဂျိုဟာနစ္စဘတ်ဟာ ညမှ ပိုပီပြင်ပါတယ်။ ကျွန်တော်လို အမြင်ရှိတဲ့ လူတယောက်လည်း ရှိသေးရဲ့။ သူက ကျွန်တော့်မိတ်ဆွေ၊ သူ့မှာလည်း နေစရာအိမ် ပြဿနာရှိလေတော့ ကျွန်တော့်လိုပဲ မြို့ထဲက ခြေသလုံးအိမ်တိုင်တယောက်။ ဂျိုဟာနစ္စဘတ်မြို့ကြီးမှာ ကျွန်တော်တို့လို လူမည်းများအဖို့ အဖြူအမည်း ခွဲခြားထားတယ် ဆိုတာတွေအားလုံးကို လျစ်လျူရှုထားနိုင်ရင် ပြီးတာပဲလို့ နှစ်ယောက်စလုံး သဘောပိုက်ထားလိုက်ကြတယ်။

ဒီသဘောထားကလည်း တခါတလေတော့ တော်တော်ဟန်အကျသား။ ကျွန်တော်တို့နှစ်ယောက် ကော်ဖီသောက်သွားကြတဲ့ တညက အဖြစ်အပျက်ကလေးကို မှတ်မိနေသေးတယ်။ ကော်မရှင်နာလမ်းမှာ လူဖြူများအတွက် ဖွင့်ထားတဲ့ ကော်ဖီဆိုင်တဆိုင် ရှိပါတယ်။ ဆိုင်ရှင်က အမေရိကန်ပြည်ထောင်စုက တက္ကဆက်ပြည်နယ်သားပါ။ ဒါကြောင့် သူ့ဆိုင်ထဲမှာ အမေရိကန်အလံလည်း စိုက်ထားတယ် သမ္မတအိုက်စင်ဟောင်ဝါရဲ့ ရုပ်ပုံလည်း ချိတ်ဆွဲထားတာရှိပါတယ်။ အိုက်ဆင်ဟောင်ဝါပုံက အများတွေ့နေကြ ရယ်နေတဲ့ပုံပေါ့။ ကျွန်တော်နဲ့ သူငယ်ချင်းက ကော်ဖီဘားရှေ့က ထိုင်ခုံ နှစ်ခုကို ဆွဲထိုင်ပြီး ကော်ဖီနှစ်ခွက် မှာလိုက်ကြတယ်။

ဆိုင်ရှင်ရဲ့သားက ကော်ဖီယူဖို့ အထဲဝင်သွားတယ်။ ကျွန်တော်တို့ လူမည်း နှစ်ယောက်ဟာ ကော်ဖီရရင် ဆိုင်အပြင်ဘက် တနေရာရာမှာ ထွက်သောက် လိမ့်မယ်ဆိုတဲ့ အသိနဲ့ပေါ့။ (လူဖြူတွေဖို့ ဖွင့်ထားတဲ့ဆိုင်ထဲ လူမည်းဝင်ထိုင် မသောက်ရဘူးလေ။)
ကျွန်တော်တို့ နှစ်ယောက်က ကော်ဖီစောင့်ရင်း သမ္မတ အိုက်ဆင်ဟောင်ဝါရဲ့ ပုံကြီးကြည့်ပြီး သူငယ်ချင်းက စ ဝေဖန်တယ်။

'ငနဲကြီးကို သေသေချာချာ ကြည့်စမ်းဗျာ။ အမေရိကန်တွေ သူတို့ သူရဲကောင်း ရွေးတဲ့နေရာမှာ ဘယ်လောက်များ မှားလိုက်သလဲလို့။ ခင်ဗျား စဉ်းစားကြည့်။ ဒီပုံကိုမြင်ပြီး အမေရိကန် ကလေးသူငယ် သန်းပေါင်းများစွာက ဒီလို အနှစ် သာရမဲ့တဲ့ အရယ်အပြုံးမျိုး လုပ်တတ်ဖို့ ကြိုးစားချင်စိတ် ပေါက်ကြတော့မှာ ဧကန်ပဲ။ ဒါကြီးမျိုးကို နမူနာပုံစံထင်မိမှတော့ ငါးပါးမှောက်ကြ ကုန်ရော့ပေါ့'တဲ့။ သားလုပ်သူကော်ဖီဖျော်ယူလာတဲ့ အချိန်မှာ သူ့အဖေက ဒီစကားနဲ့စပ်ပြီး ကျွန်တော်တို့နှစ်ယောက်နဲ့ အကြီးအကျယ် ငြင်းခုံလို့ နေပါပြီ။ ဆိုင်ရှင်က သူဟာ နိုင်ငံရေးတော့ သိပ်နားမလည်ပါဘူးလို့လည်း ဝန်ခံသေးသဗျာ့။ ဒါပေမယ့် ဘုရားသခင်ရဲ့ လူ ဟုတ်မဟုတ်ဆိုတာတော့ လူတယောက်ရဲ့ ဥပဓိရုပ်မြင်ရုံနဲ့ သိပါသတဲ့။ အိုက်ဆင်ဟောင်ဝါဟာ သူတော်ကောင်းပါတဲ့။ ကျွန်တော်တို့ နှစ်ယောက် ကော်ဖီသောက်လို့ ကုန်ကြတဲ့အထိတော့ အငြင်းအခုံကတော့ မရပ်သေး မပြီးသေးဘူး။ ဒီအချိန်မှာ လူဖြူလူမည်း ခွဲခြားထားတာကို သူရော ကိုယ်ရော ဘယ်သူကမှ သတိမရကြသေးပါဘူး။

တကယ်တော့ ဂျီဟာနစ္စဘတ်ဟာ ကိပ်တောင်းမြို့ကလွဲရင် အသားအရောင် ခွဲခြားရေးကို မကြိုက်တဲ့ လူဖြူတွေ အများဆုံးရှိတဲ့မြို့ပါ။ ဒီလိုရှိတာဟာ စက်မှု လုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းတွေ အများကြီး ဒီမြို့ကြီးမှာ တိုးတက်လာတဲ့အတွက် ဖြစ်မယ်လို့ တချို့က ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် ဝစ်ဝါးတားစ်ရင်း တက္ကသိုလ် ကတော့ ဒီမြို့ရဲ့ လူမျိုးရေး ဝါဒကြီးအပေါ်မှာ အမှတ်ထင်ထင် ဖြစ်စေလိုက်ပါပြီ။

ကျွန်တော်တို့ကိုဆိုရင် သတင်းစာဆရာ တယောက်ဖြစ်သမို့ ဒီတက္ကသိုလ်စာကြည့်တိုက်က စာအုပ်တွေ ငှားခွင့်ပေးပါတယ်။ ဒါကြောင့် စာကြည့်တိုက်ကြီးထဲမှာ စာဖတ်လိုက် တွေးလိုက် ငေးလိုက် လုပ်ရတဲ့ အခွင့်အရေး၊ လူမျိုးစုံကျောင်းသားတွေရဲ့ကြားမှာ ပိဋကတ်တိုက် နံရံကြီးတွေမှာ ထောင်ထားတဲ့ စာအုပ်စင်ကြီးတွေထဲက စာအုပ်တွေကို ရှာဖွေဖတ်ရှုရင်း ပညာရေးဆိုတာ လူသားတိုင်းနဲ့ ဆိုင်တယ်ဆိုတဲ့ အဆိုအမိန့်ကို အကောင်အထည်ဖော်ပြနေသလို ခံစားရတယ်။

ပြီးတော့ ကျောင်းသားတွေ ကိုယ်နှိုက်ကလည်း အသားအရောင်ကြောင့် အချင်းချင်း ခွဲခြားခံနေရမှုကို နှစ်ဖက်စလုံးက ခံစားနေရတော့ အဲဒီလို ခွဲခြားမှုကင်းတဲ့၊ လွတ်လပ်တဲ့ ဒီလိုနေရာကလေးမှာ စိတ်ပါ လက်ပါ၊ ဟန်လုပ်မှု အယောင်ဆောင်မှုတွေ မပါဘဲ တယောက်တယောက် ဖက်လှဲတကင်း လုပ်တဲ့လူက လုပ်တယ်။ ပွင့်ပွင့်လင်းလင်း ခင်မင်နွေးထွေးမှုနဲ့ နှုတ်ဆက် ပြောဆိုတဲ့လူက ပြောဆိုတယ်လေ။

ဒီလို ကျောင်းသားမျိုးတွေပါပဲ။ မြို့ရဲ့အနောက်ဖျားက ကုလားရပ်ကွက်ထဲလာပြီး ဦးလေးကြီးဂျိုးရဲ့ စားသောက်ဆိုင်မှာ ဝင်ကြထွက်ကြတာ။ သူတို့က အဲဒီ ဖို့ဘဒ် ရပ်ကွက်ထဲက ကုလားဆိုင်ကိုလာပြီး ကုလားဟင်းဝယ်စားတယ်။ ဂျက်(ဇ်) တေးဂီတကို နားထောင်တယ်လေ။ လူဖြူရော လူမည်းရော ရောနှောဝင်ထွက်တဲ့ဆိုင်ဆိုလို့ တမြို့လုံးမှာမှ ဒီဦးလေးကြီးဂျိုးရဲ့ ဆိုင်တဆိုင်သာ ရှိတာပါ။ ဦးလေးကြီးဆိုင်က ပုလိပ်စခန်းနဲ့လည်း နီးနီးကလေးပါ။ ဒါပေမယ့် လူဖြူတွေနဲ့ ဒီလိုထွေးရောယှက်တင် လုပ်နေတာကို ပုလိပ်က ဘာမှလာပြီး မနှောင့်ယှက်ပါဘူး။ ပုလိပ်က ဒီလိုမနှောင့်ယှက်တာက ဦးလေးကြီးဆိုင်က စားသောက်စရာတွေ သူတို့ အကြွေးယူစားလို့ ရတာကိုး။

ဥရောပနဲ့ အမေရိကမှာ လူချင်း စကားစမြည် ပြောကြမှုမျိုး တနေ့တခြား ကျဆင်းဆုတ်ယုတ်နေတယ်လို့ ဆိုပါတယ်။ အဲဒီ ပြဿနာ ဂျိုဟာနစ္စဘတ်ကိုလာပြီး

သုတေသနပြုစမ်းပါလို့ ကျွန်တော်က ဖိတ်ခေါ်စမ်းချင်လှတယ်။ ဒီမှာက ကျဆင်းရုံ မကပါဘူး။ သွက်ချာပါဒ လိုက်နေတယ်လို့တောင် ပြောနိုင်ပါတယ်။ ကျွန်တော်တို့ တောင်အာဖရိကနိုင်ငံက လူတွေအားလုံးကို ခြောက်လှန့်နေတာ၊ နှောင့်ယှက်နေတာ ဟာ အဖြူအမည်း ခွဲခြားမှုကြီးပါပဲ။ ထမင်းစားပွဲတွေ အားလုံးမှာ ဒီကိစ္စကြီးက ပူးဝင်ခြောက်လှန့်ထားပါတယ်။ စကားပြော ကောင်းလှတယ်ဆိုတဲ့ လူများတောင်မှ ဒီ ခွဲခြားရေးကြီးက ဒုက္ခပေးသေးတာကလား။ ကျွန်တော်သာ ဒီကိစ္စကို လုံးဝ ဘေးဖယ်ထားလို့ နေနိုင်တာကိုး။ ဂျိုဟာနစ္စဘတ်မှာ ကျွန်တော် သူများနဲ့ စကား စမြည်ပြောဖြစ်ရင် အသားအရောင်ခွဲခြားရေး ကိစ္စက ပါလာတာချည်းပဲ။

ကံကောင်းတယ် ပြောရမလားမသိဘူး။ တချို့စကားတွေက အဓိပ္ပါယ်ရှိပါတယ်။ တချို့စကားတွေက အခင်အမင် မပျက်စေဘဲ ပြောလို့ရတယ်။ တခါတုန်းက သိပ်မချမ်းသာတဲ့ လူဖြူရပ်ကွက်တခုမှာ ညစာစားရင်း ပြောဖြစ်ကြတဲ့ အကြောင်း ကလေးကို ကျွန်တော် မှတ်မိနေသေးတယ်။ အဲဒီညက ထမင်းစားမယ့် ဧည့်တယောက်က လက်ရာမြောက်တဲ့ လူဖြူ လူတော် ပန်းချီဆရာ တယောက်ပါ။ သူက ပိန်ပိန်ပါးပါး မျက်နှာသွယ်သွယ်နဲ့မို့ အာသာမီးလားနဲ့ တူတယ်လို့ ကျွန်တော်က အောက်မေ့တယ်။ တူပါတယ်ဆိုကာမှ သူက မျက်မှန် ပါလိုက် သေးတယ်။

ကျွန်တော်တို့ကို ထမင်းကျွေးတဲ့ တကာက ခပ်စောစောကပဲ ကျွန်တော့်ကို သတင်းပေးထားတယ်။ ဒီပန်းချီဆရာဟာ နေရှင်နယ်လစ် အသင်းသားတဲ့။ ဒေါက်တာ ဗားလော့ရဲ့ လူမျိုးခွဲခြားရေး ပေါ်လစီကို ထောက်ခံတဲ့သူတဲ့။ ဒါပေမယ့် ဒီပန်းချီဆရာ က ပလက်ဖောင်းပေါ် စွန့်ပစ်ခဲ့တဲ့ လူမည်းကလေးငယ်ကေလေးကို တနေ့ခင်းလုံး နွေးထွေးနေအောင်၊ သေမသွားအောင် ပြုစုစောင့် ရှောက်တဲ့ လူပါကလား။ ကလေးကို အဝတ်ရှာပြီးထွေးတယ်၊ သူ့လက်ထဲပွေ့ထားတယ်။ ဆေးရုံကို တယ်လီဖုံးဆက်ပြီး ခေါ်ပေးပါ တယ်။

သူနဲ့ ကျွန်တော်တို့ ပန်းချီအကြောင်း၊ ဂျက်(ဇ်)ဂီတအကြောင်းတွေ ဆွေးနွေးကြတော့ အသားအရောင် ခွဲခြားရေးကိစ္စ လည်း ဒီစကားတွေထဲ ပါလာတော့တာပေါ့။ ဒါနဲ့ ကျွန်တော်က သူဟာ နေရှင်နယ်လစ် ပါတီဝင်တယောက်ဆိုတာ အမှန်ပဲလားလို့ မေးလိုက်တာ သူက ဟုတ်ပါသတဲ့။ သူနဲ့ ကျွန်တော်တို့က စကားပြောခဲ့တာ ကြာပြီမို့ တော်တော်လေး ရင်းရင်းနှီးနှီး ဖြစ်နေပြီ။ သူ့ကို စီးကရက်မီးညှိပေးတာ၊ စားစရာ ပြင်နေတာကြာလို့ အတူတူမျှော်ကြတာတွေလည်း ဖြစ်နေကြပြီမို့ ကျွန်တော်က 'ခင်ဗျား နေရှင်နယ်လစ် ပါတီဝင်ကလည်း ဘယ်လိုပါတီဝင်မျိုးလည်းဗျာ'လို့ မေးလိုက်တယ်။ 'ဘာလို့ ဒီလိုမေးတာလဲ'တဲ့ သူက။ 'ဩော် ကျွန်တော်က ကျွန်တော်နဲ့လဲ ဘရန်ဒီအတူတူ သောက်နိုင်တယ်။ လူဖြူလူမည်း ခွဲခြားရေး ပေါ်လစီကိုလည်း ထောက်ခံမဲ ပေးတယ် ဆိုလို့ပါ'

'ကျွန်တော်ခင်ဗျားနဲ့အတူ အရက်သောက်တာ ဘာဖြစ်သလဲဗျ။ ဒီမှာတွင် မဟုတ်ဘူး။ ဘယ်နေရာမှာမဆို ကျွန်တော် ခင်ဗျားနဲ့အတူ အရက်သောက်လို့ရတာပဲ။ ကျွန်တော့်အိမ်မှာပဲ ဖြစ်ဖြစ်ပေါ့'

'ကျွန်တော်က အိမ်ရှိတဲ့လူ မဟုတ်ဘူးဆိုရင် ဘယ့်နှယ်လဲ'

'ဘာဗျ။ နေစရာမရှိဘူး၊ ခင်ဗျား ဘယ်လို ပြောလိုက်တာလဲ'

'ဟုတ်ပါတယ်။ ကျွန်တော့်မှာ နေစရာမရှိပါဘူး။ အဲဒါ ခင်ဗျားထောက်ခံမဲပေးတဲ့အဖွဲ့ လုပ်တဲ့ဥပဒေတွေကြောင့်ပေါ့'

'ဘာပြောတယ်ဗျ။ ခင်ဗျား ဒါဖြင့် ဒီည ဘယ်မှာအိပ်မှာလဲ'

'မပြောတတ်သေးဘူး။ ဒီမှာ အိပ်ဖြစ်ချင်လဲ အိပ်ဖြစ်မှာပဲ။ ကနေ့ည အိပ်ရာတခုတွေ့တဲ့နေရာမှာပေါ့ဗျာ'

ပန်းချီဆရာက တော်တော် စိတ်ထိခိုက်သွားပုံရတယ်။ စိတ်ရှုပ်သွားတဲ့ သူ့မျက်နှာကို ကျွန်တော်တော့ သဘောကျနေ တယ်။

'ခင်ဗျားပြောတာ အမှန်ပဲဆိုရင်တော့ဗျာ ခင်ဗျား ကျွန်တော်နဲ့ လာနေလှည်းပါ။ ကျွန်တော်နေတဲ့ အိမ်ထဲမှာ တခန်းလုံးလုံး လွတ်နေတာ ရှိပါတယ်'တဲ့။

ဒီတခါတော့ ကျွန်တော်သူ့ကို သဘောကျနေတာ ရပ်သွားပါပြီ ကျွန်တော်လည်း စိတ်ထိခိုက်ရပါပြီ။ ကျွန်တော်တို့ကြား မှာ တခုခု မှားနေတာတော့ ဧကန်ဧကေပါ။ 'ဒါပေမယ့် ခင်ဗျားမဲပေးတဲ့ ပါတီက ကျွန်တော်တို့နှစ်ယောက် တအိမ်တည်းလဲ မနေရဘူး။ အဲဒါ တရားမဝင်ဘူးဆိုတဲ့ ဥပဒေ ထုတ်ထားတာဗျ'

ပန်းချီဆရာက ရုက်ပြီး မျက်နှာလွှဲလိုက်ပြီး အရက်ခွက်ကို ကောက်ကိုင်ပါတယ်။ ကျွန်တော်လည်း တော်တော်ခံပြင်းလာ ပါပြီ။ ဒါကြောင့်

'ခင်ဗျား ကျွန်တော်နဲ့ အတူတူနေချင်ရင် ဘာကြောင့် နေရှင်နယ်လစ်တယောက် လုပ်နေရတာလဲ။ လူမျိုးကွဲတာနဲ့ ခွဲခြား နေရတာကို လိုလားလို့လား'

လူဖြူပန်းချီဆရာက သူ့မျက်မှန်ကို ရုတ်တရက် ချွတ်လိုက်ပြီး ကျွန်တော့်ကို တောင်းပန်တဲ့ အကြည့်နဲ့

'ကျွန်တော်က ဒတ်(ချ)တွေကဆင်းသက်ခဲ့တဲ့ အာဖရိကားနား၊ နေရှင်နယ်လစ် ပါတီက ကျွန်တော်တို့ လူမျိုးတွေရဲ့ ပါတီ။ အဲဒီတော့ ကျွန်တော် ဒီပါတီကို မဲပေးမိတာပေါ့ဗျာ' တဲ့။

လူထုဒေါ်အမာ

အာဖရိက ဝတ္ထုတိုများ

လူထုကြီးပွားရေးစာအုပ်တိုက်၊

၁၉၈၉၊ အောက်တိုဘာ၊ ၆၄–၇၉

အခန်း ( ၇ )

မြန်မာ့သဘင်မှ စာပေပင်မဋ္ဌူထက်က

မွေးလွန်းသည့်ပန်းငါးပွင့်

စိုးနိုင် (မန္တလေးတက္ကသိုလ်)



(အမေကြီး)၊ (ကြီးကြီး)၊ (အမေ)၊ အဖေတို့နဲ့ စာပေမိခင်ကြီး “လူထု ဒေါ်အမာ”ရဲ့
(၇၆) နှစ်ပြည့် မွေးနေ့ ၂၉–၁၁–၁၉၉၁ သို့ အမှတ်တရ ဂါရဝ

စိုးနိုင် (မန္တလေးတက္ကသိုလ်)

---

သတိတရ

ဒီစာအုပ်ဖြစ်မြောက်အောင် စိတ်ရော ကိုယ်ပါ ကူညီကြတဲ့ –ကိုကျော်စိုးဝင်း၊ ဒီဇိုင်း စိုးဝင်းငြိမ်း၊ ဓာတ်ပုံ ထွန်းမင်း၊ ရှေ့သို့–အမြန်ဓာတ်ပုံ၊ ကိုချစ်ဝင်းမောင် (ရန့်သစ်)၊ ဦးကျော်နိုင်–ဒေါ်ခင်အေး (မောရဂီဝါရပ်)၊ ဦးဖိုးမာ (ရန်မျိုးလုံရပ်)၊ လက်နှိပ်စက်စာမူကို မေတ္တာနဲ့ ကူညီခဲ့တဲ့ ဦးမောင်လေး (ဇဝန) မိသားစုနဲ့ အတူ၊ ဒီစာတန်း ဖတ်တုန်းက စိုးနိုင် (မန္တလေးတက္ကသိုလ်)နဲ့အတူ တေးဂီတနဲ့ ပါဝင်သီဆို ဂုဏ်ပြုခဲ့ ကြတဲ့ မြန်မာ့ မဟာဂီတအဖွဲ့က ခိုင်ခိုင်စိုး (စံသိင်္ဂါ)၊ စိုးတင် (မြစ်သား)၊ စောင်း မောင်မောင်သိန်း (ဆေး–မန်း)၊ ပတ္တလား တင်ကျော်ဦး (ဆေး–မန်း)၊ စည်း–ဝါး သိန်းဇော် (အလုပ်သင်ဆရာဝန်) နဲ့ လူထုပုံနှိပ်တိုက် လုပ်သားများကို မမေ့မလျော့ မှတ်တမ်းတင် ဖော်ပြအပ်ပါတယ်။

---

၁၃၅၂ ခုနှစ် နတ်တော်လဆန်း (၁၃–ရက်)၊ ၁၉၉၀ – ပြည့်နှစ်၊ နိုဝင်ဘာလ (၂၉–ရက်)၊ ကြာသပတေးနေ့တွင် အမရပူရမြို့ တောင်လေးလုံးကျောင်းတိုက်၌ ကျင်းပ ပြုလုပ်သော စာရေးဆရာနှင့် သတင်းစာဆရာမကြီး လူထုဒေါ်အမာ၏ အသက် (၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ကို ဂါရဝပြု၍ တင်သွင်းသော စာတန်း။

---

## "မြန်မာ့သဘင်မှု စာပေပင်မဥျူထက်က မွှေးလွန်းသည့်ပန်းငါးပွင့်"

စိုးနိုင် (မန္တလေးတက္ကသိုလ်)

ကျွန်တော်ရဲ့ ဒီစာတမ်းမှာ စာရေးဆရာမကြီး လူထုဒေါ်အမာ ၁၉၆၄–ခုနှစ်ကနေ ၁၉၈၉–ခုနှစ်အထိ (၂၅)နှစ်ကာလ အတွင်းမှာ ရေးသားခဲ့တဲ့–

၁။ ပြည်သူချစ်သော အနုပညာသည်များ

၂။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး

၃။ ရွှေမန်းတင်မောင်

၄။ အငြိမ့် (ပ၊ ဒု)

၅။ မြန်မာ့ မဟာဂီတ

စတဲ့ မြန်မာ့သဘင်မှုနယ်ပယ်နဲ့ သက်ဆိုင်တဲ့ စာအုပ် (၅)အုပ်ကို ပစ္စုပ္ပန်ကနေ အတိတ်ကို သွားတဲ့နည်းနဲ့ လေ့လာစုစည်းပြီး ကနေ့ခေတ်နဲ့ နှိုင်းယှဉ်ထင်ဟပ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဒီစာတမ်းကို ရေးသားတင်သွင်းတဲ့နေရာမှာ

(က) အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရေး

(ခ) မြန်မာ့ အနုပညာ ဂုဏ်ရည်နဲ့ တန်ဖိုးကို မြတ်နိုး၊ လေးစား စောင့်ရှောက်ရေး

(ဂ) မြန်မာ့ ယဉ်ကျေးမှု အနုပညာရဲ့ အစိတ်အပိုင်း တခုဖြစ်တဲ့ ဆို–က–ရေး–တီး ကဏ္ဍ (၄)ရပ်ရဲ့ အရည်အသွေးကောင်းများ အစဉ်တည်တံ့ခိုင်မြဲရေး စတဲ့ ရည်ရွယ်ချက်၊ အမျိုးသားရေး ဦးတည်ချက်များနဲ့အညီ ပြုစုရေးသားထားကြောင်း ဦးစွာ တင်ပြလိုပါ တယ်။

## ၁။ မြန်မာ့မဟာဂီတ

မြန်မာ့မဟာဂီတဆိုတဲ့ လူထုဒေါ်အမာရဲ့လက်ရာစာအုပ်က ၁၉၈၁ – ခုနှစ်ထုတ် ရှုမဝမဂ္ဂဇင်းမှာ "မဟာဂီတရဲ့ ရှေးဟောင်းနှောင်းဖြစ်"ဆိုတဲ့ ခေါင်းစဉ်နဲ့ လစဉ် အခန်းဆက်ရေးခဲ့တဲ့ ဆောင်းပါးတွေကို စုပေါင်းပြီး စာအုပ်ထုတ်ဝေခဲ့တာ ဖြစ်ပါ တယ်။

အကြောင်းသင့်လို့ ပြောပြရရင် ကျွန်တော်အခု တင်သွင်းတဲ့ စာတန်းမှာပါတဲ့ စာအုပ် (၅)အုပ်ထဲမှာ "ပြည်သူချစ်သော အနုပညာသည်များ"နဲ့ "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး" ဆိုတဲ့ စာအုပ်နှစ်အုပ်ကို စာရေးသူဟာ ဘယ်သူ့တိုက်တွန်းမှုမှ မပါဘဲ သူ့စေတနာနဲ့သူ၊ သူ့စိတ်ထဲဖြစ်လာတာ သူရေးတာပါ။"ရွှေမန်းတင်မောင်" ဆိုတဲ့ စာအုပ်ကိုတော့ ဦးတင်မောင်က သူ့အကြောင်းရေးစမ်းပါပြောလို့တကြောင်း၊ ရေးသင့်တဲ့ပုဂ္ဂိုလ်ဖြစ်တာတကြောင်းမို့ ရေးသားတာဖြစ်ပါတယ်။ နောက်တအုပ် ဖြစ်တဲ့ "အငြိမ့်" စာအုပ်ကိုတော့ စာရေးဆရာဟာ သူ့မှာ တာဝန်ရှိသေးတယ်၊ ဒီနယ်ပယ်ကျန်သေးတယ်ဆိုပြီး ရေးခဲ့တာပါ။ ဒီ "မြန်မာ့မဟာဂီတ" စာအုပ်ကျတော့ တချိန်က မန္တလေးမဟာဂီတ အသင်းဝင်ဖြစ်တဲ့ ဝတ်လုံဦးခင်မောင်ဒွေး (ရွှေပြည်မင်းကြီးလို့ ခေါ်တဲ့ ယောအတွင်းဝန် ဦးဖိုးလှိုင်ရဲ့ မြေး)က ပြောပြတာ၊ ရေးစမ်းပါ၊ ရေးစမ်းပါဆိုတာကို ရေးပြတာ၊ ဂီတမိခင်ကြီး ဒေါ်စောမြအေးကြည် မန္တလေးလာပြီး သူကိုယ်တိုင် ဆက်သွယ်မြွက်ဟ ဆွေးနွေးချက်တွေကို ရေးမှတ်ပြီး ပြန်ရေးပြတာ ဖြစ်ပါတယ်။

ဒီစာအုပ်က မဟာဂီတလို့ခေါ်တဲ့ ရှေးသီချင်းကြီး သီချင်းခန့်တွေ၊ ဒီသီချင်းတွေနဲ့ တွဲဖက်တီးမှုတ်ရတဲ့ ဗမာတူရိယာရဲ့ သိကြားမင်းခေါ်ခေါ်၊ ဗြဟ္မာမင်းခေါ်ခေါ်၊ ခေါ်လို့ဖြစ်လောက်တဲ့ "စောင်းကောက်"နဲ့ တခြားဗမာတူရိယာတွေ၊ ရှေးကအဆို ပညာရှင်၊ အတီးအမှုတ် ပညာရှင်တွေ အကြောင်းကို ပထမပိုင်း၊ ဒုတိယပိုင်း ခွဲပြီး ရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။ဒီစာအုပ်ဟာ စာရေးသူအနေနဲ့ မဟာဂီတ အပေါ်မှာထားရှိတဲ့ စေတနာကောင်းနဲ့ ပေါင်းစပ်ပြီး ရေးထားတာမို့ အစအဆုံး ဖတ်ကြည့်တဲ့အခါ စောင်းဆိုတဲ့ ဗမာတူရိယာစစ်စစ်၊ တူရိယာထဲမှာ အဆင့် အမြင့်ဆုံးလို့ ခေါ်နိုင်တဲ့ ဒီစောင်းကောက်ကို မြန်မာတွေ မြတ်နိုးစုံမက်စေချင် လှတဲ့စေတနာဟာ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်လှပါတယ်။ ဒီစာအုပ်ရဲ့ "ရေးသူ့အမှာ"ဆိုတဲ့ စာမျက်နှာဟာ လူထုဒေါ်အမာရဲ့ သီချင်းကြီး၊ သီချင်းခံ တွေအပေါ်မှာထားတဲ့ မြတ်နိုးတနာရှိမှုဟာ သတင်းစာမျက်နှာဖုံးခေါင်းစဉ် စာလုံး အမဲကြီးတွေလိုထင်ရှားလှပါတယ်။

ဒီစာအုပ်ကိုဖတ်လိုက်ရင် စောင်းတီးချင်စိတ်ပေါက်လာမှာဖြစ်သလို ရှေးက မြန်မာ သီချင်းကြီးတွေဟာ အင်မတန် အဆင့်မြင့်မားတဲ့ မြန်မာ့ယဉ်ကျေးမှု အနုပညာ တရပ်ဆိုတာသိရှိပြီး၊ ဒီပညာကို လေးစားသမှု၊ ပြုစုထိန်းသိမ်း စောင့်ရှောက်လိုတဲ့ စိတ်အားထက်သန်မှုမျိုး ဖြစ်ပေါ်လာမှာ သေချာပါတယ်။

ဒီအချက်ကို မြန်မာ့မဟာဂီတစာအုပ် စာမျက်နှာ ၁၇မှာ "ဗမာတူရိယာစောင်းကို အနောက်နိုင်ငံက တူရိယာများနဲ့ မနှိုင်းယှဉ်သင့်ဘူး၊ ဒီလိုပဲ မဟာဂီတပါ သီချင်း ကြီး သီချင်းခန့်များကိုလည်း ထင်ရာမြင်ရာ လုပ်မပစ်ထိုက်ပါဘူး"လို့ ရေးသား ထားပုံဟာ အချိုပေါ်ပျားရည်လောင်းပေးတာပါလို့ ဆိုနိုင်ပါတယ်။ ပဒေသရာဇာ တို့၊ မြဝတီတို့၊ အနောက်နန်းတို့၊ လှိုင်တို့၊ ပြင်စည်တို့ တစတစ ပြောင်မြောက် လာကြတဲ့ မဟာဂီတရဲ့ အဖွံ့ဖြိုး၊ အတိုးတက်ဆုံးကာလ (၂) ရပ်ကိုဖေါ်ပြပါဆိုရင် (က) မင်းတုန်းမင်းနဲ့ သီပေါမင်းလက်ထက်

(ခ) ပါတော်မူနောက်ပိုင်းနဲ့ မန္တလေးမဟာဂီတအသင်းကြီး မားမားမတ်မတ် ရပ်တည်နေတဲ့အချိန်ဆိုပြီး ယေဘုယျ ကောက်ချက်ချနိုင်ပါတယ်။

အဲဒီအချိန်အခါ (၂) ရပ်အနက် ပါတော်မူနောက်ပိုင်းမှာ မြန်မာနိုင်ငံ အထက် ၊ အောက်အားလုံး မူမတူပေမယ့် မဟာဂီတက နေရာဝင်ဆန့်ပြီး၊ ပန်းပန်နေတဲ့ ကာလဖြစ်ပါတယ်။ နောက် အခုကာလအခေါ် ခေတ်ဟောင်းသီချင်းနေရာယူလာတဲ့ ကာလကစပြီး၊ ဒီနေ့ စတီရီယိုခေတ်အထိ မဟာဂီတဟာ တဖြည်းဖြည်း သွေးဆုတ်လာတဲ့လူမမာလို ဖုတ်လှိုက်ဖုတ်လှိုက်၊ ယက်ကန်ယက်ကန်နဲ့ ရှင်နေတာ အသက်တော့ မထွက်သေးပါဘူး။

ဒီနေ့ဒီရက်မှာ မဟာဂီတကို တကယ်လိုက်စားတဲ့လူတွေ အလွန်နည်းနေပါပြီ။ အထူးသဖြင့် ဂီတမိခင်၊ ဖခင်ကြီးတွေဖြစ်တဲ့ ဒေါ်စောမြအေးကြည်၊ စိန်ဗေဒါ၊ ဦးဘသန်း၊ ဆရာဘကြီး၊ ဆရာဘလေး၊ ဦးဘမောင်၊ ဦးချစ်မောင်၊ ဒေါ်အောင်ကြည်စတဲ့ ပုဂ္ဂိုလ်တွေနဲ့ အထိအတွေ့များပြီး ကိုယ်တိုင်ကိုယ်ကျ သင်ယူထားလိုက်နိုင်တဲ့ ပုဂ္ဂိုလ်တွေက ဒီနေ့ဒီခါမှာ အသက်က ၅၀ ကျော်၊ ၆၀၊ ၇၀နီးနီးဆိုသလို ဖြစ်နေပါပြီ။ ဒီလူတွေရဲ့ လက်ထဲမှာ ဒီပညာကျန်ခဲ့လို့ အခြေအနေ အရပ်ရပ်အရ ပေးဝေနိုင်သေးတယ်ဆိုရင်ဖြင့် သူတို့ဆီက ရအောင်ယူပြီး ခေတ်လူငယ်တွေရဲ့ ပါးစပ်က စတီရီယိုကို ဆိုကြသလို၊ သီချင်းကြီးလည်း ဆိုကြစမ်းပါ၊ လက်က ဂစ်တာတွေ၊ အော်ဂင်တွေ တီးနေကြသလို၊ စောင်း၊ ပတ္တလားစတာတွေလည်း အင်နဲ့အားနဲ့ တီးကြ၊ ခေါက်ကြစမ်းပါလို့ ဒီကနေပြီး မြန်မာ့မဟာဂီတအတွက် အားဖြည့်ပေးပါရစေ။ဒီစာအုပ်ဟာ မြန်မာ့မဟာဂီတရဲ့ အနှစ်ချုပ်လို့ပြောမယ်ဆိုရင် ပြောလို့ရပါတယ်။ မဟာဂီတရဲ့ သမိုင်းကြောင်းကို ပဒေသရာဇာရဲ့ တံထျာကစ, မပြောပေမယ့် စောင်းဆိုတဲ့ တူရိယာဖွံ့ဖြိုးလာတဲ့ ကာလကနေ တဖြည်းဖြည်း တိုးတက်လာတဲ့ မဟာဂီတရေစီးကြောင်းကို ထိထိမိမိ ပြောသွားပုံဟာ စာဖတ်သူကို စာအုပ်ထဲက စာလုံးလေးတွေနောက် အဟုတ်ဆွဲခေါ်သွားနိုင်တာကို လှလှပပ တွေ့ရပါတယ်။

ဒါတင်မက ဂီတမှာ သာယာမှုကိုအဓိကထားတဲ့ (Orchestral) နဲ့ ယဉ်ကျေးမှုကို အဓိကထားတဲ့ (Classic) ကဏ္ဍနှစ်ခုရဲ့ သတိထားအပ်တဲ့ အနေအထားနဲ့ တကွ
– မဟာဂီတမှာ အရေးအကြီးဆုံးဖြစ်တဲ့ စည်းဝါး

– အတီးဆရာနဲ့ အဆိုဆရာရဲ့ ပညာ

– အမျိုးသား ယဉ်ကျေးမှု အနုပညာရဲ့ အဆင့်အတန်း စတဲ့ မဟာဂီတရဲ့ ပင်မသော့ချက်တွေကို ပိုင်ပိုင်နိုင်နိုင် သိသာနိုင်အောင် သူ့ကလောင်စွမ်းနဲ့ တင်ပြထားပါသေးတယ်။

ကျွန်တော်ရဲ့ စာတန်းမှာ ဒီစာအုပ်နဲ့ ဆက်စပ်ပြီး မဟာဂီတလောကရဲ့ အကျပ်အတည်းလေး အကြောင်းလည်း အလျဉ်းသင့်လို့ ပြောပြချင်ပါသေးတယ်။ ကိုယ့်ဘုရင်၊ ကိုယ့်အရှင် မရှိတော့တဲ့ နောက်ပိုင်းမှာ နိုင်ငံဖရိုဖရဲဖြစ်သွားသလို လူမျိုးရဲ့ ယဉ်ကျေးမှုလက္ခဏာတရပ်ဖြစ်တဲ့ ဒီမဟာဂီတဟာလည်း သူ့မူ၊ ကိုယ့်မူဆိုပြီး ကွဲပြားလာခဲ့ပါတယ်။ ဒါဟာ ဘုရင်မရှိလို့ ဖြစ်ရတာ ပါပဲ။ မန္တလေးမူ၊ မြေလတ်မူ၊ မြစ်ဝကျွန်းပေါ်မူ ဆိုပြီး အကွဲကွဲ အပြားပြား ဖြစ်လာပါတယ်။ လူတွေကလည်း ဟိုရောက်ဒီရောက် နဲ့ တကွဲတပြားစီဆိုတော့ ဒီလိုဖြစ်တာ ဆန်းတော့ မဆန်းပါဘူး။ ဒီလိုမူကွဲတော့ ပညာပိုင်းမှာ ပိုစုံလာတယ်လို့ ပြောရင်ဖြစ်ပေမယ့် စနစ်ကောင်း အစဉ်အလာတခုကတော့ ပျက်စီးသွားတာ အမှန်ပါပဲ။

ဒီအတွက် ဟိုတုန်းတချိန်က တာဝန်ရှိသူတွေအနေနဲ့ “နိုင်ငံတော်မူ” ဆိုပြီး မဟာဂီတပိုင်းကထိပ်သီးတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ပြုစုထားလို့ အတွဲ (၃)တွဲ စုစုပေါင်း သီချင်း တရာ့ငါးဆယ်လောက်တော့ ဒီမူအနေနဲ့ ရှိနေပါပြီ။ ဒီစာအုပ်ထဲမှာ (ဘွဲ့) သီချင်းပိုင်း အနေနဲ့ ပုဒ်ရေနည်းနေတာတွေ့ရပါတယ်။ ဥပမာ– မင်္ဂလာသီရိ၊ မင်းခမ်းတော်စုံလှ၊ ဆိုင်းတော် ရတနာငယ်လေ၊ ဇမ္ဗူရောင်ကွန့် စတဲ့ မြို့ဘွဲ့၊ မင်းခမ်းတော်စုံဘွဲ့၊ ဆိုင်းဘွဲ့၊ စောင်းဘွဲ့တွေ ပါသင့်တယ်လို့ ယူဆပါတယ်။ ပတ်ပျိုးပိုင်းမှာဆိုရင်လည်း သီချင်းကြီးသမားတွေအကြိုက် “ရဝိန်

ဒေါင်းယာဉ်ပျံ”လို သီချင်းမျိုးကို ဖြည့်စွက်ထိုက်ပါတယ်။ ဒါ့အပြင် မဟာဂီတ သီချင်းတွေကို ရနိုင်သမျှ စုကြည့်ရင် ပုဒ်ရေ (၁၀၀၀) နီးနီးရှိနေလို့ အားလုံး မူကောင်း၊ မူမှန် ဖြစ်ဖို့ လိုအပ်နေပါသေးတယ်။ စစ်မဖြစ်ခင်က ဆရာဦးခင်ဇော်တို့ လုပ်ဆောင်ထားတဲ့ မြန်မာနိုင်ငံသုတေသနအသင်းပိုင် ဓာတ်ပြား(၂၂)ချပ်ဟာလည်း ဖုံးထဲတချို့ ပါကုန်တော့ အစုအဆောင်းကောင်းတဲ့လူလက်ထဲ ကျန်သလောက် ကျန်တယ်၊ ဒါမှမဟုတ် အားလုံးရှိနေသေးတယ် ဆိုရင်တော့ အင်မတန် ဝမ်းသာ စရာကောင်းပါတယ်။ ဒီဓာတ်ပြားတွေထဲမှာ ကြိုး၊ ဘွဲ့၊ သီချင်းခန့်၊ ပတ်ပျိုး၊ ယိုးဒယား သီချင်းတွေ နဲ့ ရတု၊ ရကန်၊ အဲ၊ ဧချင်း၊ အိုင်ချင်း၊ လူးတား၊ မော်ကွန်း၊ လေးချိုးတွေအပါအဝင် နရည်း၊ မြှောက်စည်၊ ဖုံကြီးသံတွေကို ဒေါ်စောမြ အေးကြည်၊ ဒေါ်ဒေလီညွန့်၊ အဝေးရောက်မင်းကြီးတို့က သီဆိုအသံသွင်းပေးထား ပြီး၊ သီပေါ် နရည်းတော်သားတွေရဲ့ လက်သံကိုပါ ကြားနိုင်လို့ ဒီကဏ္ဍဟာလည်း မဟာဂီတလောကအတွက် အရေးပါလှတာကို တွေ့ရပါတယ်။

နောက်အကျပ်အတည်းတခုက မဟာဂီတလောကမှာ မရှိသင့်မရှိအပ်တဲ့ “ဂိုဏ်း” ဆိုတာ ရှိနေတဲ့အချက်ပါပဲ။ ရှေးက အမျိုးသမီးကြီးတွေထဲမှာ ဒီပညာ အစစ် အမှန်ကို တကယ်တတ်ပြီး၊ တကယ်ထိန်းသိမ်း၊ တကယ်ဖွံ့ဖြိုးအောင်လုပ်ခဲ့သူ (၂)ဦးဟာ ဒီသမိုင်း မှာ အထင်အရှားရှိပါတယ်။

အဲဒီ (၂) ဦးကတော့

၁။ အလင်္ကာကျော်စွာ ဒေါ်စောမြအေးကြည် (ဘီအေ)

၂။ ဝဏ္ဏကျော်ထင်ဒေါ်အောင်ကြည်တို့ ဖြစ်ကြပါတယ်။ စောင်းနဲ့ ပတ်သက်ရင် ဦးဖူးဂေါင်၊ ရွှေတော်ပြေး မောင်မောင်သိုက်၊ ဒေဝဣန္ဒြာ မောင်မောင်ကြီးတို့ အရေးကြီးသလို ဆိုင်းနဲ့ပတ်သက်ရင် စိန်ဗေဒါ အရာရောက်သလိုပဲ၊ မဟာဂီတနဲ့ ပတ်သက်ရင် ဒီအမျိုးသမီးကြီး (၂) ဦးလုံးဟာလည်း အရေးပါလှပါတယ်။ ဘယ်သူ့ဂိုဏ်းရယ်လို့ မကွဲပြားထိုက်ပါဘူး။

ဒီ ဂိုဏ်းဆိုတာနဲ့ ပတ်သက်ပြီး စစ်ကိုင်းတောင်ရိုး ကျစွာချောင်ဆရာတော်ရဲ့ အဆုံးအမဟာ နမူနာယူထိုက်ပါတယ်။ “တို့ သာသနာမှာ ဝိပဿနာနဲ့ ပတ်သက်ရင် မိုးကုတ်၊ စွန်းလွန်း၊ မဟာစည် စသဖြင့် ရှိနေပေမယ့် သတိပဋ္ဌာန် လေးပါး၊ မဂ္ဂင်ရှစ်ပါး တရားသာဖြစ်ပါစေ၊ ဒါဟာ အစစ်အမှန်ချည့်ပဲ” “ပညတ်မတူလို့၊ လူတွေမကွဲကောင်းဘူး” တဲ့။

ဒါကြောင့် မဟာဂီတကို လိုက်စားတဲ့သူနည်းပါးလှတဲ့ ဒီလိုအချိန်မှာ ဂိုဏ်းမကွဲထိုက်ဘဲ၊ အမျိုးသားယဉ်ကျေးမှုကို တစည်းတလုံးထဲ ထိန်းသိမ်းသင့်ကြပြီလို့ အကြံပြုချင်ပါတယ်။

လူထုဒေါ်အမာရဲ့ ဒီစာအုပ်မှာ ဒီလိုအစဉ်အလာကောင်းပြီး အဆင့်အတန်းမြင့်မားလှတဲ့ ယဉ်ကျေးမှုတရပ် မပျောက်စကောင်းဘူး၊ ထိန်းသိမ်းနိုင်သမျှ ထိန်းသိမ်းထားကြပါလို့ တပ်လှန့်ထားတဲ့ စေတနာကောင်းကို အထင်အရှား တွေ့ရပါတယ်။

ဒီစာအုပ်မှာ စောင်းပညာပိုင်းနဲ့ပတ်သက်ပြီး အတိမ်းအယိမ်းလေး နည်းနည်း ပါပါတယ်။ ဒါဟာလည်း စာရေးသူဟာ စောင်းတီးနေသူ၊ သီချင်းဆိုနေသူ မဟုတ်တာရယ်၊ မှတ်သားတဲ့အခါ အနည်းအကျဉ်း လိုအပ်သွားတာလေးတွေ ရယ်ကြောင့် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဒါလေးကလွဲရင် ဒီစာအုပ်ဟာ အမျိုးသားယဉ်ကျေးမှုတရပ် မပျောက်ပျက်အောင် ခုနစ်မောင်းတင်ပေးထားတဲ့ အမျိုးသားရေးအားမာန် အပြည့်ပါတဲ့စာအုပ်ကောင်းလို့ မှတ်ချက်ချရမှာဖြစ်ပါတယ်။

## ၂။ အငြိမ့် (ပ၊ ဒ)

အငြိမ့်ဆိုတာက ပြည်သူတွေအူလိုက်သည်းလိုက် နှစ်ခြိုက်ကြတဲ့ အနုပညာတရပ် ဖြစ်ပါတယ်။ သဘင်ဆိုတဲ့ ပတ်ဝန်းကျင်က ယဉ်ကျေးမှု အဆင့်အတန်းတရပ်ကို တိုင်းတာကြည့်မယ်ဆိုရင် 'အငြိမ့်'ဆိုတဲ့ အစိတ်အပိုင်းတခုဟာ တူတူတန်တန် ပြောပြနိုင်တဲ့ ရဲရဲဝံ့ဝံ့ မှတ်ကျောက်အတင်ခံနိုင်တဲ့နယ်ပယ်တနေရာ ဖြစ်ပါတယ်။ အငြိမ့်ဟာ နေရာ ၂ နေရာပြောင်းပြီး တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်ခဲ့ရတဲ့ သဘင်လည်း ဖြစ်ပါတယ်။ အငြိမ့်ရဲ့ခေတ်ဦးက နန်းတော်၊ အိမ်တော်ထဲမှာ သန္ဓေတည်ခဲ့ပေမယ့် ထီးပျောက်၊ နန်းပျောက်ဖြစ်ခဲ့ရတဲ့ နောက်ပိုင်းမှာတော့ ပြည်သူနဲ့အနီးစပ်ဆုံးသဘင်၊ ပြည်သူ့အသည်းစွဲသဘင်၊ ပြည်သူ့ရင်နဲ့ တထပ်တည်းကျလှတဲ့ စင်ပေါ်ကသဘင်လို့ဆိုနိုင်ပါတယ်။ ဒီ အငြိမ့်ရဲ့ မိခင်နဲ့ ဖခင်ကြီးတွေကတော့ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးတို့ပါပဲ။ ဒီလို ပြည်သူ့သဘင် အကြောင်းကို စာရေးသူက စေ့စေ့စပ်စပ်၊ ယဉ်ယဉ်ကျေးကျေး၊ စုံစုံလင်လင် ရေးဖွဲ့ထားပုံဟာ "အငြိမ့်" ပွဲကတာကိုကြည့်နေရသလိုပါပဲ။ စာအုပ်နဲ့အငြိမ့်စင်၊ အငြိမ့်စင်နဲ့စာအုပ်ဟာ အဟပ်ကွာမနေဘူး။ စာအုပ်က အငြိမ့်စင်ပေါ်တက် ကလိုက်၊ အငြိမ့်စင်က စာအုပ်ထဲဝင်ပြီး ဝါကျဖွဲ့လိုက်နဲ့ စည်းစည်းဝါးဝါးရှိလှပါတယ်။ စာရေးသူဟာ အငြိမ့်နဲ့ပတ်သက်ပြီး ဒီစာအုပ် အတွဲ (၂) တွဲမှာ အငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံး၊ အငြိမ့်မင်းသမီး၊ ဘုန်းကြီးပျံဇယာဉ်ကျူး၊ အငြိမ့်ညွန့်ပေါင်း၊ ကလေးနှစ်ပါးသွား၊ အငြိမ့်တူရိယာ၊ အငြိမ့်ဒိုး၊ အငြိမ့်သီချင်း၊ အငြိမ့်လူပြက်၊ အငြိမ့် ပျက်လုံး၊ လူပြက်မင်းသား၊ အငြိမ့်လူပြက်ကြီးတွေ၊ မြန်မာညွန့်အငြိမ့်ကြီး၊ အငြိမ့်ထောင်တွေ၊ ရန်ကုန်အငြိမ့်၊ အငြိမ့်သဘင် အလားအလာ စတဲ့ ခေါင်းစဉ်တွေ ခွဲခြားပြီး ရေးထားပုံဟာ "မြန်မာ့အငြိမ့်သဘင်နဲ့ပတ်သက်ပြီး စိတ်ဝင်စားသူတွေအဖို့ တထိုင်တည်းနဲ့ အငြိမ့်ဆိုတာ ဘာလဲလို့ မေးနေစရာမလိုအောင် ဖြတ်သန်းခဲ့ရတဲ့

အငြိမ့်သမိုင်းနဲ့တကွ တင်ပြထားတာမို့ ပြည့်စုံနိုင်မာလှတဲ့ စာအုပ်တအုပ် လို့ ဆိုထိုက်ပါတယ်။

နန်းတော်ထဲမှာ "အငြိမ့်တော်" လို့ ခေါ်ရတဲ့ ယဉ်ကျေး၊ သိမ်မွေ့၊ ငြိမ့်ပြောင်း သာယာလှတဲ့ အခြေအနေကနေ အငြိမ့် မင်းသမီး ဩဘာသောင်း (ဝဏ္ဏကျော်ထင် အမေ ဒေါ်ဩဘာသောင်း)က အဆတ်၊ အလတ်၊ အပျံ၊ အကြွ၊ အမြူး၊ အထတွေနဲ့ အငြိမ့်ခေတ်တခုကို တီထွင်ပြောင်းလဲလိုက်ပုံဟာ အငြိမ့်ဖြတ်သန်းခဲ့ရတဲ့ ကာလ တရပ်မှာ အရေးပါလှတာမို့ "အငြိမ့်တခေတ်ပြောင်း မင်းသမီး ဩဘာသောင်း"လို့ စာရေးသူက ရေးသားထားပြီး ဒီကိစ္စနဲ့ပတ်သက်ပြီး သေသေချာချာ တင်ပြထား တာကိုလည်း တွေ့ရ ပါသေးတယ်။

အငြိမ့်ရဲ့ ချစ်စရာကောင်းတဲ့ ညဉ်တခုက အငြိမ့်မင်းသမီးနဲ့လူပြက် အပေးအယူနဲ့ ကကြရတဲ့ အချက်ပါပဲ။ မင်းသမီး မောလို့ မောမှန်းမသိအောင် ပညာနဲ့ ခုပေးတဲ့ သဘင်အတတ်ဟာ အဆင့်အတန်းမြင့်မားလှတယ်လို့ သူ့အနုအညာ (Art) ကို ဂုဏ်ပြုချီးမွမ်းကြရမှာ ဖြစ်ပါတယ်။ အချိတ်အဆက်မိလေ၊ ဉာဏ်ရှိသမျှ အလုပ် လုပ်နိုင်လေ၊ ပရိသတ်ရဲ့ ရင်ထဲကအမြူးက ဝါးခနဲ ပါးစပ်ဖျား ရောက်လာလေ ပညာရှင်ရဲ့ အရည်အသွေးက တောက်ပြောင်လေလို့ ကောက်ချက်ချရမှာ ဖြစ်ပါ တယ်။ ဒီအနုပညာ ဒီရသက ပညာဉာဏ်၊ ဟာသဉာဏ်၊ ဖြတ်ထိုးဉာဏ် နုံ့နေလို့ မရပါဘူး။ ကာလ၊ ဒေသ အပေါ်မှာ လွှာကြည့်တတ်တဲ့ နား၊ မျက်စိဖြစ်ဖို့လည်း အင်မတန် လိုအပ်ပါတယ်။ ဒီအပိုင်းမှာ ဦးသခ်ါတို့၊ ဦးဓာတ်ခိုးတို့အကြောင်းဟာ နမူနာယူလောက် ပါတယ်။

နောက်တခု အရေးပါလှပုံကို စာရေးသူ ချယ်မှုန်းထားတာက "အငြိမ့်သီချင်း" အကြောင်းပဲ ဖြစ်ပါတယ်။ ရှေးတုန်းကတော့ အငြိမ့်သီချင်းတပုဒ်ဟာ မင်းသမီး တလက်ကို ဟိုးဟိုးကျော်အောင် စွမ်းဆောင်နိုင်တာမို့ ပြည်သူချစ်တဲ့ အငြိမ့် မင်းသမီးဖြစ်ဖို့ သီချင်းရေးဆရာဟာ အခရာပေါ့။ ဒီလိုဖက်မှာ ရှာမှရှား စွမ်းဆောင် နိုင်လှသူက မများလှတဲ့ စာဆိုတော်တွေထဲမှာ ထင်ပေါ်လွန်းတဲ့ နန်းတော်ရှေ့

ဆရာတင်ပါ။ သူ့သီချင်းမဆိုဖူးတဲ့ မင်းသမီးလည်း မရှိသလောက်ပါပဲ။ ဒီလို တိုင်းကျော် ပြည်ကျော် အငြိမ့်သီချင်းရေးဆရာရဲ့ အငြိမ့်စင်ပေါ်ရောက်လာရတဲ့ အဖြစ်သနစ်ကို စာရေးဆရာက သူ့ရဲ့ ကလောင်အတတ်နဲ့ ပြည့်ပြည့်စုံစုံ စီချယ်ထားပါ သေးတယ်။

လေဘာတီတို့၊ ဉက္ကလာအေးကြည်တို့၊ မငွေမြိုင်တို့၊ ဩဘာသောင်းတို့ အငြိမ့်စင်ပေါ်မှာ ကကြတဲ့အခါ သူတို့နှုတ်ဖျားက သီချင်းဟာ ပြည်သူတွေ ဟက်ဟက်ပက်ပက် လိုက်ဆိုကြတဲ့ သီချင်းမို့ "စာစီညွန်းဖွဲ့လျှင်၊ နာမည်အလွန် ထည့်ချင်"တဲ့ နန်းတော်ရှေ့တင်ရဲ့ အလိုဆန္ဒက အလွန်သဘာဝကျလှပါတယ်။ ဆရာတင်ဟာ ပြည်သူ့စာဆိုပါ။ ပြည်သူ့ဘဝနဲ့ အလွန်ဟပ်မိတဲ့ သီချင်းရေးဆရာ ပါ။

အငြိမ့်ကပြီဆိုတဲ့အခါ မင်းသမီးအက ကြွတက်လာအောင် ဖန်ဆင်းပေးနိုင်တဲ့ အရာဟာ "အငြိမ့်ဒိုး"ပါ။ မင်းသမီးရဲ့ အက အလှ အဆစ်ကျိုးအောင် ပို့ပေးနိုင် သူဟာ ဒိုးဆရာပါ။ ဒီဆရာတွေရဲ့အကြောင်းကိုလည်း အမေက တသီးတသန့်၊ တခန်းတကဏ္ဍ အနေနဲ့ သူတို့အကြောင်း မကျန်ခဲ့ရလေအောင် စာဖွဲ့ထားပါ သေးတယ်။

လေဘာတီတို့ ခေတ်ကနေ ဟိုမနေ့တနေ့ကအထိတော့ အငြိမ့်သဘင်ဟာ ပြည်သူ ကြားမှာ ထီးထီးမားမားနဲ့ စီစီမြည်မြည် ရှိနေခဲ့တာ အားလုံးအသိပါ။ ဒီနေ့ ဒီရက်ကျတော့ အငြိမ့်ဆိုတာ ခေတ်ရေစီးကြောင်းနဲ့ ယှဉ်နိုင်လောက်အောင် အားပါး တရ မရှိလှဘူးလို့ ဆိုနိုင်သလို၊ အငြိမ့်ရဲ့ အဆင့်အတန်းကလည်း ဟိုတုန်းဟိုခါ လောက် မမြင့်မားလှတော့ဘူးလို့ ပြောရမှာပါ။အငြိမ့်ရဲ့သည်းခြေမပျောက်အောင် ထိန်းသိမ်းပြီး ကြိုးကြိုးစားစား ကနေကြတဲ့ မင်းသမီးတွေ၊ လူရွှင်တော်တွေ ရှိနေသေးပေမယ့် အရိုးကိုအရွက်ဖုံးပြီး အလုပ်လုပ်နေသူတွေလည်း ရှိနေပါပြီ။ ကိုယ်ပိုင်သီချင်းတွေဖက်ကအလွန့်အလွန် အားနည်းလာသလို ပါးစပ်ကနေ သီချင်းမဆိုတော့တဲ့ သူတွေတောင်ရှိနေပြီဆိုတော့ အငြိမ့်ရဲ့ အရိုးအသားက

ပျောက်မှန်းမသိ ပျောက်နေတဲ့ "မိတ်ကပ်အငြိမ့်"တွေရဲ့ အနာဂတ်ဟာ လှမှလှပါ့ မလားလို့ သံသယဖြစ်မယ်ဆိုရင် ဖြစ်ထိုက်ပြီပေါ့။ ဒီနေ့ ဒီရက်မှာ အငြိမ့်မင်းသမီးတွေရဲ့ နှုတ်ခမ်းတော် ရွှေပါးစပ်က "လူငယ်ရေဆိပ်၊ တောင်ထိပ်သစ်ပင်၊ ဥယျာဉ်ပန်းမာလ်၊ ရေကန်၊ ရေတွင်း၊ ယမင်းပျိုစစ်၊ ဝတ်စားသစ်နှင့် ဖြူလှစ်ရိပ်ငြိမ်၊ လူ့စည်းစိမ်ဝယ်၊ အချိန်သာတောင်း၊ ညနေစောင်းတဲ့ ရှင် ..... ဆိုတဲ့ ခြေဆင်းမျိုးကို အာ၊ နှာ၊ လျှာ တွေနဲ့ ပစ်ခတ်ဆိုပြီး အငြိမ့်သီချင်းဆက်ဆိုလို့ အငြိမ့်နဲ့တူအောင် ကနိုင်သူတွေနည်း နေပြီမို့၊ ဒီလိုအဆင်းမျိုး ပြန်ရောက်အောင် "ယဉ်ကျေးမှုအသိစိတ်ဓာတ်" နဲ့ ကြိုးစားကြဖို့ ဒီစာတန်းကတဆင့် "မီးဝါ" ပြလိုက်ပါရ စေ။

နောက်တခု အားနည်းချက်က အငြိမ့်ဖက်က လူတော်တော်များများ စာဖတ်အားနည်းနေသေးတဲ့ အချက်ပါပဲ။ အငြိမ့်စင် ပေါ်မှာ လင်္ကာရွတ်တာမျိုး မရှိသလောက်ဖြစ်နေတာ တွေ့ရပါတယ်။ ဦးချစ်ဖွယ်တို့ စ တီထွင်ခဲ့တဲ့ စုံတွဲသီချင်း ဆိုတာမျိုးတွေ အငြိမ့်ခုံပေါ်က ပျောက်သွားတာကြာလှပြီမို့ ပြန်ပြီးဆန်းသစ်ကြည့်ရင် မဆိုးလှဘူးလို့ ယူဆပါတယ်။ ရှေးက လူရွှင်တော်ကြီးတွေမှာ စာပေဗဟုသုတကကြွယ်၊ စကားကလည်းတတ်၊ ဆရာကောင်းတွေရဲ့ နည်းနာလည်း ရဖူးလို့ သူတို့က ရှေ့ကနေခင်းပြီး မင်းသမီးကို ဆွဲခေါ်သွားနိုင်ပါတယ်။ အခုအခါမှာဖြင့် ဒီလိုခေါ်နိုင်ခင်းနိုင်တဲ့ဖက်ကလည်း ရှေးကလောက်တော့ ပီပီသသမရှိလှတော့ဘူးလို့ ယူဆပါတယ်။

ခေတ်တိုင်း ခေတ်တိုင်းမှာ ဘယ်ခေတ်ဖြစ်ဖြစ် ထူးချွန်တဲ့လူကတော့ ရှိစမြဲပါပဲ။ ဟာသပညာနဲ့ ပတ်သက်ရင် မျက်မှောက် ခေတ်မှာ သူ့နည်းသူ့ဟန်နဲ့ ခေတ်ကို ထင်ဟပ်နိုင်တဲ့ ထင်ရှားကျော်ကြားသူတွေ ရှိနေပါတယ်။ ပြည်သူကလည်း တခြားဟာသထက် ခေတ်ကို သရော်တဲ့ ဟာသမျိုးဆိုရင် ပိုပြီးကြိုက်တတ်ကြပါတယ်။ ဒါကြောင့် အငြိမ့်စင်ဟာ ခေတ်နဲ့တသားတည်းရှိနေတဲ့ ခေတ်မီ အနုပညာတွေ မွေးဖွားရာနေရာလို့ ဆိုနိုင်ပါတယ်။

အငြိမ့်မှာ လေဘာတီတို့ကျော်တာကို စံ တခုထားမယ်ဆိုရင် ထားလောက်ပါတယ်။ အဲဒီမှာ ဥက္ကလာအေးကြည်တို့ လူကြိုက်များတာက တမျိုး၊ သြဘာသောင်း နာမည်ကြီးတာက တမျိုးပါ။ သူတို့ထဲမှာ သြဘာသောင်းက ပန်တျာရဲ့ အကမိခင် ကြီးမို့ တပည့်တပန်းတွေ အများကြီး ထားရစ်ခဲ့နိုင်ပါတယ်။ ထင်ရှားတဲ့သူတွေ ကတော့ ပန်တျာစန်းစန်း၊ ဒေါ်ခင်စိန်၊ အမာစိန်၊ နွဲ့နွဲ့စန်း၊ ဒေါ်မြသန်း၊ ဒေါ်ခင်ဝင်းနွယ်၊ မဗေဒါ၊ ပြုံးချို၊ ပန်တျာနီနီဝင်း၊ ညိုညိုဆန်း၊ မိမိမော် စတဲ့သူတွေပဲ ဆိုကြပါစို့။ ဒိပြင် နာမည်ရ မင်းသမီးတွေလည်း အများကြီးပါ။ မန္တလေးမှာတော့ အသက်အရွယ်အရရော၊ ဝါအရရော၊ အက၊ အဆို၊ အပြောမှာ မန္တလေးအငြိမ့်ရဲ့ လှပတဲ့ ဝိညာဉ် မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်သူ (၂) ဦးကတော့ ရွှေမန်းသူ မြင့်မြင့်သန်းနဲ့ ပန်တျာဌေးဌေးမြင့်တို့ဆိုရင် မှားမယ်မထင် ပါဘူး။ ရန်ကုန်ဖက်ကို အနေကြာလို့ တလောကတီဗွီမှာ မြင်လိုက်ရတဲ့ ပန်တျာ ဌေးဌေးဝင်းဟာလည်း ရေးမူကို ထိန်းသိမ်းထားနိုင်သူ တဦးပါပဲ။ ဇယာဉ်ကျူး ကောင်းတယ်လို့ ပြောခဲ့ကြရသူတွေကတော့ မိတ်ဆက်မြသန်း၊ မာယာတင်၊ ဒေါ်ခင်စန်းတင်၊ မဗေဒါ၊ ထိပ်သီးသန်းသန်း စသူတွေဖြစ်ပါတယ်။ တခြား ကျွန်တော် သတိမထားမိသူတွေလည်း ရှိနိုင်ပါသေးတယ်။ ဒီလို မြန်မာ့မူ မြန်မာ့ ဟန်ကို တလေးတစား ထိန်းသိမ်းထားသူတွေ များများစားစားရှိဖို့ အရေးဟာ ခေတ်ရဲ့ အရေးကြီးတဲ့ လိုအပ်ချက်တရပ် ဖြစ်ပါ တယ်။

အခုခေတ် အငြိမ့်တွေဟာ အပြင်အဆင်က ဇာတ်ကြီးလောက်နီးနီး ဖြစ်လာလား ဖြစ်လာရဲ့၊ မိုးအလင်း ကလားကရဲ့၊ စတီရီယိုသီချင်းတွေ ဆိုလားဆိုရဲ့၊ ဒါပေမယ့် "အငြိမ့်"ရဲ့ ပညာအစစ်အမှန်ကတော့ တိုးတကိမလာတဲ့အပြင် ဆုတ်ယုတ်သွား တယ် လို့မြင်ပါတယ်။ စိန်ဗေဒါလို ပုဂ္ဂိုလ်မျိုးနဲ့ တွဲကရတဲ့ အငြိမ့်ညွန့်ပေါင်း ဆိုတာများ ဘယ်တော့မှ ပြန်ကြည့်ရပါမလဲ မပြောတတ်ပါဘူး။ ဒါကို တဖက် တလမ်းက ကာကွယ်တဲ့အနေနဲ့ မန္တလေးမှာ သက်ကြီးအငြိမ့် (၁)၊ (၂) ဆိုပြီး အသက်ကြီး ဝါရင့် လူရွှင်တော်ကြီးတွေနဲ့ ဒေါ်မျိုးချစ်သန်း၊ ဒေါ်ခင်စန်းတင်တို့

တငြိမ့်စီတွဲပြီး ရှေးကအငြိမ့်ပုံစံအတိုင်းကတဲ့အခါ ပရိသတ်က အင်မတန် နှစ်ခြိုက်ကြတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ရင် အားပေးတဲ့ ပရိသတ်ဟာ "အငြိမ့်" ရဲ့ အရိုးအသားပေါ်မှာ စွဲလန်းတုန်းဆိုတာ ထင်ရှားပါတယ်။ ဒီလမိုင်းကို အရယူပြီး ဒီခေတ်မှာ နာမည်ရှိနေတဲ့ အငြိမ့်ဖက်က အနုပညာသည်တွေအနေနဲ့ လေဘာတီရဲ့ စန်းမျိုး၊ ပရိသတ် အားပေးမှုမျိုး၊ သူ့ဟိတ်မျိုးပြန်ရအောင် ကြိုးစားထိုက်ကြပါတယ်။

ဘယ် အနုပညာပဲဖြစ်ဖြစ် တနေရာတည်းမှာ ရပ်မနေပါဘူး။ ရပ်နေရင်လည်း အနုပညာ မပီသတော့ဘူး။ ဒါပေမယ့် တိုးတက်တယ်၊ တီထွင်တယ်ဆိုတာ လူမျိုးရဲ့မူလ ယဉ်ကျေးမှုလမ်းကြောင်းကနေ သွေဖီသွားလို့တော့ မဖြစ်ကောင်းပါဘူး။ ဒီလိုဖြစ်မယ့် အခြေအနေမျိုးဆိုရင်တော့ အမျိုးသားရေးအမြင်နဲ့ ပြတ်ပြတ်သားသား ဟန့်တားရမှာကြ ပြည်သူအားလုံးရဲ့ တာဝန်ပါပဲ။ ကျွန်တော်တို့ လူမျိုးနဲ့ နိုင်ငံအပေါ်ကို တခြားကနေပြီး မျက်စေ့ကျ၊ အထင်တကြီးရှိရတဲ့ အရာတွေဟာ စာပေယဉ်ကျေးမှုနဲ့ အနုပညာတွေပါပဲ။ Fielding Hall လို စာရေးဆရာကဆိုရင် ဒီလူမျိုးဟာ ဒီအရေးအရာတွေနဲ့ပတ်သက်ရင် အမြဲထိပ်တန်းကနေမှာလို့ အထင်ကရ ရေးသားထားတာကို ဖတ်ဖူးကြမှာပါ။ သူတို့ ချီးကျူးလေးစားတယ်ဆိုတာက မြန်မာရဲ့စာပေစစ်စစ်၊ အနုပညာစစ်စစ်၊ ယဉ်ကျေးမှုစစ်စစ်အပေါ်မှာပါ။ ဟတ်ဘွိုင် (Half Boil) အနုပညာတွေအပေါ်မှာ အထင်ကြီးအရေးထားကြတာ မဟုတ်ပါဘူး။ ဒီအချက်ကို တခြားသူတွေ သတိမထားမိရင်တောင် ဇာတ်တို့၊ အငြိမ့်တို့၊ ဆိုင်းတို့၊ စာပေတို့ဘက်ကပုဂ္ဂိုလ်တွေ အနုသုခုမအရပ်ရပ်နဲ့ သက်ဆိုင်သူတွေက အထူးပြုပြီး သတိရှိကြဖို့ အများကြီး လိုအပ်ပါတယ်။

"အငြိမ့်"စာအုပ်မှာ စာရေးသူက အငြိမ့်စင်ပေါ်ကနေ ကြာပစ်တာ ယုဇနအေးစိန်က စတယ်ဆိုတာလို ခဲရာခဲဆစ် သမိုင်းကြောင်းသာမက၊ ဖျာပေါ်မှာ ထိုင်ဆိုတဲ့ အငြိမ့်ဘဝကနေ အငြိမ့်ခုံပေါ်ရောက်တာ ၁၈၉၀–ခုနှစ်စတဲ့ အထောက်အထားတွေကို ခိုင်ခိုင်မာမာ ရေးပြထားတာမို့ ဒီနှစ်ဟာ အငြိမ့်ခုံ ရာပြည့်နှစ်လို့လဲ

ဆိုနိုင်ပါတယ်။

လူထုဒေါ်အမာအနေနဲ့ "အငြိမ့်"ကို ရေးတာဟာ ဒီနယ်ပယ်တော့ သူရေးဖို့ ကျန်သေးတယ်ဆိုတဲ့ အသိနဲ့ ရေးတာလို့ ပြောပေမယ့် ကျွန်တော့်အထင်ကတော့ အငြိမ့်ကိုချစ်တဲ့ သံယောဇဉ်ကပိုများလိမ့်မယ်လို့ ယူဆပါတယ်။ ဘာဖြစ်လို့လည်း ဆိုတော့ ဒေါ်အမာရဲ့ "အငြိမ့်"စာအုပ်က မီးရောင်အောက်မှာ လူပြက်တွေနဲ့တွဲပြီး ကနေတဲ့ အငြိမ့် မင်းသမီးရဲ့ အလှအပကိုသာမက "အငြိမ့်"ဆိုတဲ့ လှလွန်းတဲ့ ဗီဇကိုထင်ကနဲ မြင်သာအောင် အမိအရ စီခြယ်သီကုံးထားလို့ပါပဲ။

## ၃။ ရွှေမန်းတင်မောင်

လူထုဒေါ်အမာရေးခဲ့သမျှ အမျိုးသားသဘင်နဲ့ သက်ဆိုင်တဲ့ စာအုပ်တွေထဲမှာ အနုပညာသဘောအရ အလှဆုံး၊ အကြွအရှဆုံး စာအုပ်ကိုပြောစမ်းပါဆိုရင် ကျွန်တော်ကတော့ "ရွှေမန်းတင်မောင်"လို့ ဒက်ခနဲ ဖြေမိမှာပါ။ ပုဂ္ဂိုလ်ခင်လို့ တရားမင်တယ် ဆိုရင်လည်း ကျွန်တော်က အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်ထက် ပိုကြိုက်တဲ့ဇာတ်မင်းသားမရှိလို့ ဒီ အဆိုမှန်ပါတယ်လို့ ပြောရမှာပါ။ ဦးတင်မောင်အရင်က ဇာတ်သဘင်နယ်ပယ်မှာ ကျော်ပေ့ဆိုတဲ့ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးဆိုတဲ့ ဧရာမပုဂ္ဂိုလ်ကြီးတွေ ရှိခဲ့ပေမယ့် သူတို့ကိုကျွန်တော်က မျက်စိနဲ့ မီတာမဟုတ်ဘူး။ စာအုပ်ကတဆင့် နားကတဆင့်မီရ၊ သိရ၊ ကြားရတာမို့ သူတို့ရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ သဘင်ဘဝကို ခန့်မှန်းမိပေမယ့် ကျွန်တော်ကိုယ်တိုင် မီလိုက်တဲ့ ရွှေမန်းဦးတင်မောင်ကျတော့ ငါသိမို့ ရွှေမန်းနေရာမှာ ဟိုလူတွေ မတိုးနိုင်တာ နေမှာပါ။

ဒီလိုဆိုရင် မင်းက ကိုယ့်မျက်စိနဲ့ မမြင်ရတိုင်း ရှေးကလူတွေထက်ပိုပြီး ထောက်ခံနေတာ တရာပဲ့မလားဆိုတဲ့မေးခွန်း မေးစရာရှိပါတယ်။ ဦးဖိုးစိန်တို့ လက်ထက်က သွင်းခဲ့တဲ့ ဓာတ်ပြားတွေကို နားထောင်ကြည့်တဲ့အခါ အဆို၊ အငို၊ အပြော ကောင်းသလား မမေးနဲ့ဆိုသလို ကောင်းပါတယ်။ ဒါပေမယ့် ဦးတင်မောင်ရဲ့ ရွဲကုန်သည်ထဲက ရွှေ .. ..ဆိုတဲ့ သံအူသံဖျားမျိုး အဲဒီဓာတ်ပြားတွေထဲမှာ မတွေ့ရတဲ့အပြင် လက်ဝဲသုန္ဒရအမတ်၊ ကာဠုဒါယီအမတ် ဇာတ်ရုပ်တွေရဲ့ ရင်သပ်ရှုမော အံ့သြလောက်တဲ့ အပြောနဲ့ သုဒ္ဓောဒနမင်းကြီးရဲ့ အလွမ်းတွေက နားထဲစွဲနေတာမို့ ဒီအစွဲကို မဖျောက်နိုင်တဲ့အတွက် ရွှေမန်းဖက်နှစ်လေးသာနေတာပါလို့ ဖြေရပါ လိမ့်မယ်။

ဦးတင်မောင်ကို ကျွန်တော်ငါးနှစ်သားလောက်ကတည်းက ကြည့်လာတာ သူကွယ်လွန်တော့ ကျွန်တော့်အသက် ဆယ့်ငါးနှစ် ရှိနေပါပြီ။ အဲဒီတုန်းက လက်ဝဲသုန္ဒရတို့၊ တောထွက်ခန်းတို့ကို အရသာ မခံတတ်သေးပါဘူး။ လက်ဝဲသုန္ဒရ နောက်ပိုင်းဇာတ်မှာ မဲဇာတောထဲ ဆီးနှင်းတွေ ဖြိုက်ဖြိုက်ကျနေတာကို တခမ်းတနားကြည့်ရတော့ တယ်ပြီးသဘောကျတာပဲ ရှိပါ တယ်။ ရတုတွေ၊ လင်္ကာတွေ၊ အပြောအဆိုတွေကို သဘောမပေါက်သေးပါဘူး။

အသက် နှစ်ဆယ်၊ အစိတ်ရောက်လာတော့ ငယ်ငယ်တုန်းက ဗကဘိုးဘိုးကြီးနဲ့ ကာဠုဒါယီကို သဘောကျရာကနေ တောထွက်ခန်းကို အရသာခံတတ်လာပါတယ်။ ဗုဒ္ဓဝင်ဇာတ်တော်တွေထဲမှာ ဦးတင်မောင်ကခဲ့သမျှ တောထွက်ခန်းဟာ နောက်ပိုင်းဇာတ်ရဲ့ ရသဆိုတဲ့ ပေတံနဲ့တိုင်းရင် ပေအမီဆုံး၊ ဒေါက်အမီဆုံးလို့ ဆိုနိုင်ပါတယ်။ လက်ဝဲသုန္ဒရကိုတော့ "တင်မောင်လက်ဝဲ" ဆိုတဲ့ စာဆိုအရထူးပြီး ပြောစရာလိုမယ်မထင်ပါဘူး။

ရှေးတုန်းကဘိုးအေ သဘင်ပညာရှင်ကြီးတွေဟာ ရုပ်အနေနဲ့၊ ပညာအနေနဲ့ ဦးတင်မောင်ထက်သာတယ်ပဲဆိုကြပါစို့။ ဒါပေမယ့် ပရိသတ်အပေါ်မှာ ထားတဲ့ စေတနာ၊ သူ့ရဲ့တီထွင်အား၊ ပရိသတ်အပေါ်လေးစားမှု၊ ပညာကို မတင်းမတိမ်

တမ်း ကြိုးစားဆည်းပူးမှု၊ စာပေလေ့လာလိုက်စားမှု၊ သဘင်မှုပေါ်မှာထားတဲ့ ဝီရိယ၊ သူ့ရဲ့အပြောအဆို ပညာအရာတွေမှာတော့ ဦးတင်မောင်က သိသိသာသာ ကြီး သာတယ်လို့ ဆိုရမှာပါ။ များပြားလှတဲ့ ဦးတင်မောင်ရဲ့ ဂုဏ်ပုဒ်တွေထဲမှာ ထိပ်ဆုံးက အရည်အသွေးကို ပြောပါဆိုရင်တော့ ဇာတ်ဆရာရဲ့ အပြော ပညာလို့ ကွက်တိဖြေရမှာပါ။ ဒါနဲ့ပတ်သက်ပြီး ဘဘဦးသုခ ၁၉၆၄–ခု၊ မတ်လထုတ် သွေးသောက် မဂ္ဂဇင်းမှာ ရေးခဲ့တဲ့ "စိတ် ချမ်းသာခြင်း"လို့ ခေါင်းစဉ်တပ်ထားတဲ့ ဆောင်းပါးထဲက အနည်းငယ် ကောက်နုတ်တင်ပြလိုပါတယ်။

.. .. .. .. "ရွှေမန်း ကိုတင်မောင်ကိုယ်တိုင် တရားဓမ္မနှင့်ပတ်သက်၍ ဗဟုသုတများစွာရှိသည်။ ဗဟုသုတရှိသလောက် တရားစကားအပြောကောင်းသည် ကို သူ့ပရိသတ်မှန်သမျှ သိကြပေလိမ့်မည်။ ဇာတ်စင်ပေါ်တွင် ကပြအသုံးတော် ခံရင်း ဇာတ်လမ်း ဇာတ်ကွက်အလိုက်သာ တတွတ်တွတ်နေအောင် ပြောတတ်သည် မဟုတ်၊ အိမ်မှာနေရင်း မိတ်ဆွေ အပေါင်းအသင်းနှင့် တွေ့သည့် အခါတွင်လည်း အကြောင်းဆိုက်ရာတိုင်း ကရားရေသွန်အဆက်မပြတ်ဟောပြောနိုင်သည်။ သူကား စကားပြောဖို့ ဝါသနာ ပါသူတည်း၊ ကြားနာရသူများဘက်ကလည်း မပျင်းမရိ စိတ်ဝင်စားစရာ ဖြစ်ဘိသည်".. .. ..လို့ ဆောင်းပါးတနေရာမှာ ဖော်ပြထား ပါတယ်။

ဒီအကြောင်းတွေကို လူထုဒေါ်အမာက မန္တလေးသူရဲ့ အညာလေနဲ့ အပီအပြင် တင်ပြထားရာမှာ "ဒီစာအုပ်ရေးတဲ့ အကြောင်းက"ဆိုတဲ့ ပထမစာမျက်နှာကစပြီး စာဖတ်ပရိသတ်ကိုဆွဲခေါ်သွားလိုက်ပုံက စာအုပ်ပြီးပြီဆိုတဲ့ "ဒါကြောင့် ရွှေမန်း တင်မောင်လိုပဲ သူ့သားတွေလဲ ဗမာဇာတ်သဘင်ကို ထိန်းသိမ်းသွားနိုင်တဲ့ မင်းသားတွေ ဖြစ်လာပါစေ။ လုံ့လဝီရိယ၊ ဇွဲနဲ့ကြိုးစားမှု မှာ ဖအေ့ခြေရာနင်းနိုင်တဲ့ သားတွေ ဖြစ်လာပါစေလို့ မေတ္တာထား ဆန္ဒပြုကြတယ်" ဆိုတဲ့ နေရာသာ ရောက်သွားရော၊ ဒီစာအုပ်ကို ဂျာအေး သူ့အမေရိုက်ချင်နေသေးတာပဲ။

ဒေါ်အမာရဲ့ ဒိအရင်က "အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး"ဆိုတဲ့ ဇာတ်မင်းသား ကြီးတွေအကြောင်း ရေးထားတဲ့ စာအုပ်ဟာ သဘင်မှုနဲ့ပတ်သက်ပြီး ရေးလာသမျှ စာအုပ်တွေအထဲမှာ စာမျက်နှာ အများဆုံး၊ အထူဆုံးစာအုပ်ပါ။ ဒါပေမယ့် ဒီ "ရွှေမန်း တင်မောင်" ဆိုတဲ့ ဇာတ်မင်းသားကြီးအကြောင်း တသီးတသန့် ရေးထားတဲ့စာအုပ်နဲ့ ယှဉ်ကြည့်ရင် ဒီစာအုပ်မှာ ရေးဟန်ကလည်း ပိုသွက်နေတယ်။ ဆွဲဆောင်မှုလည်း ပိုရှိနေတယ်။ အထဲက အကြောင်းအရာတွေမှာလည်း လုံးဝ ခြားနားနေတဲ့ အနေအထားတွေ အများကြီးတွေ့ရပါတယ်။ ဒါကြောင့် "ရွှေမန်း တင်မောင်" ဆိုတဲ့ စာအုပ်ကို "ပြည်သူချစ်သော အနုပညာသည်များ ဒုတိယတွဲ"လို့ ခေါ်မယ်ဆိုရင် ခေါ်ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ရွှေမန်းတင်မောင်ကို ပြည်သူတွေ ဘယ်လောက်ချစ်ကြတယ် ဆိုတာ ဒီစာအုပ်ထဲ မှာပါတဲ့ သူ့ရဲ့ဓာပုံ နဲ့ စည်ကား သိုက်မြိုက်ပုံက မှတ်ကျောက်အတင်ခံနေလေရဲ့။

တကယ်တန်းကျတော့ စစ်ပြီး ဒီဖက်ပိုင်းမှာ ရွှေမန်းတင်မောင်ဟာ နံပါတ် (၁) မင်းသားပါ။ ဒီနေ့ထိလည်း ဒီနံပါတ် (၁) နေရာမှာပဲ သူမရှိတော့ပေမယ့် သူရှိနေတယ်လို့ ပြောရဦးမှာပါ။ ဒီစာတန်းတင်သွင်းတဲ့အချိန်မှာ ဦးတင်မောင် ကွယ်လွန်ခဲ့တာ (၂၁)နှစ် တင်းတင်းပြည့်လို့ (၂၂)နှစ်ထဲတောင် ရောက်လာပါပြီ။ ဒါပေမယ့် ဒီနေ့အထိ သူ့နေရာမှာ ဘယ်သူကတော့ နေရာစား ဝင်ယူပြီဆိုတဲ့ အဖြစ်မျိုး မကြုံရသေးပါဘူး။

သဘောကတော့ (၂၁)နှစ်ပြည့်ပြီဆိုတဲ့ ကာလရှည်ကြီးမှာ မြန်မာ ဇာတ်မင်းသား တွေ ဟုတ်တိပတ်တိ မကြိုးစားကြသေးဘူးဆိုတဲ့ အဖြေက မမေးဘဲနဲ့ ထွက်နေတာ မို့ ဇာတ်သဘင်လောကအတွက် အားတက်ရမည့်အစား အားပျက်ရမလို ဖြစ်နေတာ ပေါ့။ဦးတင်မောင် ကြိုးစားတယ်ဆိုတာက သူကြိုးစားသားပဲလို့ လျှာဖျားလေးတင် ပြောဖြစ်ရုံ ကြိုးစားခဲ့တာမဟုတ်ပါဘူး။ မြန်မာ့ဇာတ်သဘင်သမိုင်းမှာ မော်ကွန်းထိုး ကိုထိုးမှ ဖြစ်မယ့်သူ အဆင့်အတန်းနဲ့ ထိုက်တန်အောင်ကို ခါးတောင်းကျိုက်ပြီး အံကြိတ်လို့ ကြိုးစားခဲ့သူဆိုတာ ဘယ်သူမှမငြင်းသာပါဘူး။ ညဝက် သဘင်သစ်နဲ့

ပတ်သက်ပြီး အမျိုးသားပညာဝန် ဦးဖိုးကျားရဲ့ အကြံညဏ်ကို သူများတွေ အကောင်အထည်မဖော်နိုင်ခဲ့ပေမယ့် ဦးတင်မောင်က လှလှပပအောင်အောင်မြင်မြင် အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။ ဒီကိစ္စအတွက် ဦးတင်မောင် ကြိုးစားခဲ့ပုံကို ဒီစာအုပ်ရဲ့ စာမျက်နှာ ၃၂၆က ၃၄၀ အထိ စာရေးသူ သရုပ်ဖော် ထားတာကို ဖတ်ကြည့်ရင် ဝီရိယမင်းသား ကိုတင်မောင်ရယ်လို့ ဒေါ်အမာသုံးနှုန်းတာဟာ အံဝင်ဂွင်ကျရှိလှတာကို ထင်ထင်ရှားရှား တွေ့ကြရမှာပါ။ ညဝက်တုန်းက စိန်ဘမောင်တီးခဲ့တဲ့ စံတော်ချိန် တီးလုံးဟာလည်း သူ့ဇာတ်က သူ့ဆိုင်းဆရာသူနဲ့မြဲဖို့ ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာကို ဖော်ပြနေသလိုပါပဲ။ ဒီတီးလုံးကို ကျွန်တော်တို့တတွေ နေ့တိုင်း (၅)ကြိမ်တိတိ ကြားနေရဆဲပါ။

ဒီခေတ် ဇာတ်ပွဲတွေမှာ Stage Show ဆိုတဲ့ ဇာတ်သဘင်နဲ့ ဘယ်လိုမှ ပန်မသင့်တဲ့ကဏ္ဍဟာ နာရီတော်တော်များများယူနေတော့ ပြဇာတ်ထွက်တာ၊ နှစ်ပါးကတာ၊ နောက်ပိုင်းဇာတ်ထုပ်ခင်းရာမှာ တခုပြီးတခု အချိန်ကစပြီး ထိခိုက်ကုန်တာ ဇာတ်ရဲ့မူလကျောရိုးကိုပါ ထိခိုက်တယ်လို့ ပြောင်ပဲ ပြောရပါလိမ့်မယ်။ ဒါ့အပြင် ဒီနေ့ဒီရက်မှာ ကနေကြတဲ့ နှစ်ပါးခွင်ဟာ များသောအားဖြင့် ဟေး . . . ဆိုပြီး မင်းသမီးတွေက သံပြိုင်အော်လို့ ခုန်ပေါက်ပျံလွှား ကနေတဲ့အကနဲ့ ရှေးကသစ္စာထား နှစ်ပါးသွားနဲ့က ဘာမှ မဆိုင်တော့ပါဘူး။ ဒီထဲမှာ Disco ဆိုတာတွေကလည်း ဇာတ်ခုံပေါ်ရောက်လာလို့ မနဲဟန့်တားယူရတဲ့ အဖြစ်တွေပါ။ နောက်ပိုင်းဇာတ်တော်တွေ ကျပြန်တော့လည်း စာပေနဲ့ဝေးနေတဲ့ နောက်ပိုင်းဇာတ်တွေဆိုသလိုမျိုးဖြစ်လာပြီး ဒီအခန်းကဏ္ဍအတွက် ယူတဲ့အချိန်ကလဲ နေထွက်လုနေပြီ၊ နံပါတ် (၁) ကိုယ်တော်ကြွတော်မူပါဘုရားဆိုတဲ့ ဆွမ်းကြီးလောင်းချိန် ရောက်နေပြီမို့ နောက်ပိုင်းရဲ့ ရသက ဘယ်ပျောက်နေတယ် မသိပါဘူး။ ဘယ်မင်းသားလေးကကြိုးစားတယ်၊ တော်တယ်၊ စာလေးဘာလေးလည်း ဖတ်ဖော်၊ ကျက်ဖော်ရတယ်ဆိုတဲ့ အသံလေးထွက်လာလို့ ဘာမှမကြားလိုက်ပါဘူး။ တခြား အနုပညာနယ်ပယ်သစ်ဖက် ကူးသွားပြန်ပြီဆိုတဲ့သတင်းကပါ နောက်ကလိုက်လာ

တော့ ရေးကထားခဲ့တဲ့ သဘင်ပညာအတွက် ရတက်မအေးရပုံကို ငိုချင်းချရမလို ဖြစ်ရတဲ့အတွက်လည်း သဘင်းနယ်ပယ်အတွက် ဝမ်းနည်းစရာကောင်းလှပါတယ်။ ဒီအချိန်ဒီကာလကို ပြန်သုံးသပ်ရင် "ဇာတ်"ဆိုတဲ့ သဘင်မှုကို ရုပ်ရှင်သာမက ဗွီဒီယိုဆိုတာကပါ အသာစီးယူထားတော့ ဒါတွေကို ကောင်းကောင်းထိုးဖောက် နိုင်ဖို့ ကြိုးစားမယ်ဆိုရင် ဦးတင်မောင်ရဲ့ ဝီရိယမျိုးထက် နှစ်ဆသာမှ ဖြစ်ပါ လိမ့်မယ်။ တကယ်တန်း လက်တွေ့မှာတော့ ဦးတင်မောင်ရဲ့ သုံးချိုးတချိုး ကြိုးစားကြရင်ကို မဆိုးဘူးလို့ ဆိုရမှာပါ။ ဒါ့အပြင် ဇာတ်သဘင်လောကက ပုဂ္ဂိုလ်တွေအနေနဲ့ ပြည်သူလူထုကက နောက်ပိုင်းဇာတ်တွေကို ပြန်ပြီးစိတ်ဝင်စား လာအောင် အခမ်းအနား၊ အပြင်အဆင်၊ အသံအထားအသို၊ မီးဘက်ဆိုင်ရာ တီထွင်မှု၊ ဇာတ်စာကျက်မှတ်မှု၊ ဇာတ်ရုပ်နိုင်နင်းပီပြင်မှု၊ ရသမြောက်အောင် တင်ဆက်မှု စတဲ့ အချက်တွေအပေါ်မှာ တခုချင်း စဉ်းစားပြီး ဇာတ်သဘင်ရဲ့ ရှေ့အလားအလာအတွက် စုပေါင်းအဖြေရှာကြဖို့လိုပြီ ထင်ပါတယ်။

မြန်မာပရိသတ်ဟာ ဇာတ်၊ အငြိမ့်၊ ဆိုင်းစတဲ့အနုပညာအပေါ်မှာ သံယောဇဉ် အင်မတန်ကြီးပါတယ်။ ကြိုက်လည်း အင်မတန်ကြိုက်ကြပါတယ်။ ဒီအပေါ်မှာ ခေတ်နဲ့အညီ မြန်မာ့မှု၊ မြန်မာ့ဟန်မပျက် တီထွင်သွားဖို့ပဲ လိုပါတယ်။ ခေတ်ရေစီး ကြောင်းကို ဒီကဏ္ဍတွေထဲ အတုံးလိုက်၊ အတစ်လိုက် ထည့်ပစ်ဖို့တော့ မကောင်းဘူးလို့ ထင်ပါတယ်။

"ရွှေမန်းတင်မောင်"ဆိုတဲ့ စာအုပ်ကို ဒေါ်အမာက ဇာတ်သဘင်တခုရဲ့ ကြီးကျယ် ခမ်းနားလှပုံကို ဇာတ်ဆရာအကြောင်းပါ ပြောရင်း တင်ပြထားတာပါ။ ဒီစာအုပ်ကို ဖတ်ရတဲ့အခါ လွန်ခဲ့တဲ့ အနှစ် (၂၀)ဝန်းကျင်က မြန်မာ့ဇာတ်သဘင် လောက အခြေအနေ နဲ့ ကနေ့ပစ္စုပ္ပန်ကို အသာကလေး ချိန်ထိုးကြည့်နိုင်ပါလိမ့်မယ်။ ဒါ့အပြင် မြန်မာ့ဇာတ်သဘင်လောကကြီးရဲ့ ကြီးကျယ်မွန်မြတ်လှတဲ့ အတိတ်ရဲ့ ပန်းချီကားတချပ်ကို ရင်သပ်ရှုမော အံ့သြလောက်အောင် မျက်စိထဲ မြင်လာလိမ့် မယ်။ ဇာတ်သဘင်ပညာရဲ့ အတိမ်အနက်ကိုလည်း ထောက်ဆမိပါလိမ့်မယ်။

လူထုဒေါ်အမာက ဒီစာအုပ်ကို ရေးတဲ့အခါ သူနဲ့ တရင်းတနှီးရှိလှတဲ့ နိုင်ငံကျော် မင်းသားကြီး အကြောင်းကိုရေးတာဖြစ်လို့ စာရေးသူရဲ့ ကလောင်ကထက်ချင်တိုင်း ထက်နေသလား မပြောတတ်လောက်အောင် ဒီစာအုပ်က ကောင်းလှပါတယ်။ စိန်ဗေဒါနဲ့တွဲရတဲ့ မင်းသမီး၊ မင်းသားတွေဟာ သူတို့ရဲ့ အရည်အသွေး ပိုပေါ်လာသလို သဘင်မှုနဲ့ ပတ်သက်ရင် စေတနာအရင်းခံ ကောင်းပြီးသား စာရေးဆရာမကြီးရဲ့ လက်ရာကြောင့် "ရွှေမန်းတင်မောင်"ဟာ ပြောင်သည်ထက် ပြောင်လက်လာတယ်လို့ အောက်မေ့ရလောက်အောင် ဒီစာအုပ်က ဂုဏ်မြောက်လှ ပါတယ်။

ဒီခေတ်မှာ ဒီပညာကို လိုက်စားနေသူတွေဟာ ဒီစာအုပ်ကို အနားမှာထားပြီး အလွတ်ရမတတ် ဖတ်ထိုက် မှတ်ထိုက်ပါတယ်။ သဘင်မှုနဲ့ အသက်မွေးနေသူတွေ အနေနဲ့ ဦးတင်မောင်ရဲ့ အရည်အသွေးရော၊ ကြိုးစားအားထုတ်မှုကိုပါ စံပြုထိုက်၊ အတုခိုး ထိုက်ပါတယ်။ ကရင်းသေတဲ့ ရွှေမန်းတင်မောင်လို့ ပြောရပေမယ့် တကယ်တော့ ဦးတင်မောင်မသေပါဘူး။ ဒီစာအုပ်နဲ့တကွ သူ့ရဲ့ ခေတ်ပြားတွေ၊ မှတ်တမ်းတွေ၊ ဖလင်တွေ၊ ခေတ်ပုံတွေဟာ မြန်မာ့သဘင်လောကကို ရှေ့လာမယ့် နှစ်ပေါင်းများစွာ ကြာတဲ့အထိ ဦးဆောင်နေဦးမယ်ဆိုတာ မြေကြီးလက်ခတ် မလွဲသေချာလှပါတယ်လို့ ခန့်မှန်းနိုင်ကြောင်း တင်ပြလိုပါတယ်။ ဦးတင်မောင်လို မင်းသားမျိုး နောက်တယောက်လောက် ထပ်ပြီး ဖူးပွင့်မွေးဖွားလာပါစေလို့လည်း ရင်ထဲကနေ မရဲတရဲ ဆန္ဒပြု ဆုတောင်းလိုက်ပါတယ်။

## ၄။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး

အရှေ့ကနေဝန်းထွက်သလို အရှိန်ဩဇာကြီးလှတဲ့ သဘင်ခေတ်ကို ပြောပါဆိုရင် အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးတို့ ခေတ်လို့ ပြောနိုင်ပါတယ်။ မြေဝိုင်းကနေပြီး

ဇာတ်စင်နဲ့၊ ကားလိပ်နဲ့၊ ဇာတ်မီးနဲ့၊ အုံနဲ့ကျင်းနဲ့ ဖြစ်အောင် သဘင်တခေတ်ကို တူတူတန်တန်၊ မြင့်မြင့်မားမား ပြောင်းလဲပစ်ခဲ့တဲ့ ဒီသဘင်ပညာရှင်ကြီး (၃)ဦးအကြောင်းကို လူထုဒေါ်အမာက အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး ဆိုတဲ့ ခေါင်းစဉ်နဲ့ ရေးခဲ့တဲ့ ခန့်ညားထယ်ဝါလှတဲ့ သဘင်စာအုပ်တအုပ်ရဲ့ သက်တမ်း ဟာ (၂၃)နှစ် ပြည့်လုနီးနီး ရှိပါ ပြီ။

ဖိုးစိန်နဲ့ စိန်ကတုံးတို့ထက် ပိုတော်၊ ပိုကျော်တဲ့ ယောကျ်ားမင်းသမီးအောင်ဗလ ကွယ်လွန်တာဆိုရင် (၇၇)နှစ်လောက်ရှိသွားပါပြီ။ ဒီလောက်ကြာမြင့်တဲ့ သက်တမ်း တလျှောက်မှာ အောင်ဗလလို ယောကျ်ားမင်းသမီးလည်း မရှိခဲ့ပါဘူး။ ဒီအကြောင်း နဲ့ ပတ်သက်ပြီး စာရေးသူက–

"အောင်ဗလဟာ ဖိုးစိန်ထက် ပိုကျော်တဲ့ အနုပညာသည်၊ အင်မတန် အောင်မြင်တဲ့ ယောကျ်ားမင်းသမီး၊ သိပ်လူကြိုက်များတဲ့ ယောကျ်ားမင်းသမီးဆိုတော့ အောင်ဗလ ကို လိုချင်တဲ့ မိန်းမတွေအများကြီး ရှိပါလိမ့်မယ်"လို့ ဒီစာအုပ်မှာ ရေးထားပါ တယ်။

ဇာတ်ဆရာအောင်ဗလက မိန်းမလိုမူကြ၊ ခရာကြစ့်ဆိုရင်လည်း နှစ်ယောက်မရှိ ဆိုသလို၊ ယောကျ်ားလို ကကြရအောင် ဆိုတော့လည်း ယောကျ်ားပီပီ ကောင်းတာ ဖြစ်ပြီး မိန်းမရုပ်၊ ယောကျ်ားရုပ် နှစ်ရုပ်စလုံး နိုင်နင်းတဲ့ သဘင့်ဖခင်ကြီး ဖြစ်ပါတယ်။

ပညာကြီးတဲ့ နေရာမှာတော့ အောင်ဗလက ဖိုးစိန်နဲ့ စိန်ကတုံးထက် သာပါတယ်။ သူ့ကိုဘယ်သူမှ ကြောလို့မရတဲ့ ဂရိတ် ဦးဖိုးစိန်လို့ခေါ်တဲ့ ဖိုးစိန်က ဆရာ အောင်ဗလလို့ ခေါ်ရလောက်အောင် တော်တာမို့ ဇာတ်သဘင်နဲ့ ပတ်သက်တဲ့ သမိုင်းကိုပြောကြ မယ်ဆိုရင် အောင်ဗလကို ဇာတ်သဘင်ရဲ့ မှတ်တိုင်မှာ ရှေ့တန်းက ထားကြရမှာပါ။

ခြေဖဝါးကိုဆူးစူးလို့ မလှမ်းနိုင်ဘူး၊ မောင်တော်ရဲ့နောက်က မလိုက်နိုင်ဘူးလို့ မိန်းကလေးလိုမူတဲ့ နေရာမှာ အောင်ဗလ က တကယ့်မိန်းမအစစ်နဲ့ တူလွန်းလို့ ဒီအမူအရာဟာ ဇာတ်သဘင်မှာ စံထားခဲ့ရတာ အများအသိပါ။ ဒေါ်မာမာအေး ရဲ့ "အောင်ဗလအလွမ်းပြေ" သီချင်းမှာလည်း ဒီအဖြစ်သနစ်ကို သာယာနာပျော်ဖွယ် သီဆိုထားတာ ကြားနိုင်ကြပါတယ်။

အောင်ဗလရဲ့ အက၊ အမူအရာတွေက ပွဲပြီးလို့ အိမ်ပြန်တဲ့အခါ ဝမ်းထဲ ကျန်ရစ်အောင် ကောင်းလှတာမို့ အဲဒီခေတ် ပရိသတ်က ပွဲပြီးလို့အိမ်ပြန်တဲ့အခါ အောင်ဗလကို အိမ်ထိခေါ်သွားကြသလို ခံစားခဲ့ကြပုံကို စာရေးသူက အထောက် အထား ခိုင်ခိုင် မာမာနဲ့ ရေးပြထားပါတယ်။

ဇာတ်သဘင်အကြောင်း သီးသန့်ဆိုသလို လူထုဒေါ်အမာရေးခဲ့တဲ့ စာအုပ် (၂)အုပ် မှာ ဒီစာအုပ်ဟာ ဇာတ်သဘင်ရဲ့ နေတက်ထန်းဖျားချိန်ကို ရေးတာဖြစ်လို့ စာဖတ်သူဟာ မြန်မာ့သဘင်ရဲ့ ခန့်ညားထယ်ဝါခဲ့တဲ့ အတိတ်ကို ဂုဏ်မယူဘဲ မနေနိုင်ဘူး။ မာနမကြီးဘဲမနေနိုင်ဘူး၊ မဝင့်ကြွားဘဲ မနေနိုင်ပါဘူး။ ဆရာ အောင်ဗလဟာ သူ့ဆရာ မထွေးလေးထက် တော်တယ်ဆိုပြီး ဆရာ့ထက် တပည့်လက်စောင်းထက်ခဲ့ပုံကိုလည်း စာရေးဆရာမကြီးက အသေအချာ ရေးပြ ထားပါသေးတယ်။ ဒီအချက်ဟာ အောင်ဗလအနေနဲ့ အနုပညာတာဝန်ကျေတယ်၊ ကြိုးစားတယ်၊ တီထွင်တယ်၊ သမိုင်းတင်ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ဆိုပြီး မှတ်ချက်ပြုရမယ့် အပိုင်း ဖြစ်ပါတယ်။

ဒါ့အပြင် အသက် (၃၁)နှစ်နဲ့ ကွယ်လွန်ခဲ့ရတဲ့ အောင်ဗလဟာ ဒီအရွယ်မှာ သူက သူများကို ပညာပေးနိုင်တဲ့ ဆရာအဆင့်ရောက်ပြီး မြန်မာ့သဘင်ပညာကို အထုပ်အထည်နဲ့ ထားရစ်ခဲ့နိုင်တယ်ဆိုတဲ့ အောင်ဗလရဲ့ သဘင်သိက္ခာ၊ သဘင်ဝါ ဟာ ကျွန်တော်တို့နိုင်ငံရဲ့ သဘင်သမိုင်းမှာ စိန်စီပြီး ထောပနာရမယ့် ဂုဏ်ဝင်မြောက် အချက်အလက်ပါ။

နောက်ပြီး "အောင်ဗလ"လို အမြောက်တွေ အခါခါပစ်ဖောက်ပြီး၊ မဏ္ဍပ်ကြီးငယ် အသွယ်သွယ်နဲ့ ဈာပနပြာချနိုင်တဲ့ ဇာတ်မင်းသားမျိုး ဒီနိုင်ငံမှာ ရှိခဲ့ဟန်မတူပါဘူး။ ရွှေမန်းတင်မောင် ဈာပနမျိုးကို ကျွန်တော်တို့က ကိုယ့်မျက်စိနဲ့မြင်ခဲ့ရတော့ ဒီမသာမျိုးရှိမယ်မထင်ပါဘူးလို့ ဈာပနရဲ့ကြီးကြယ်ခမ်းနားပုံကို ရင်သပ်ရှုမောဖြစ်ခဲ့ရပေမယ့် အောင်ဗလမသာကို စာထဲကနေ အတိအကျ တွေ့လိုက်ရတော့မှ သူဟာ ရှာမှရှား အနုပညာသည်ဆိုတာ သိလာရပါတယ်။

အမှန်က သူ့အကြောင်းဟာ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်ထဲမှာ ဖတ်ရရင် ဘယ်လောက်များ ကောင်းမလဲလို့ ကျွန်တော့်စိတ်က တောင့်တမိပါတယ်။ ဆရာမကြီးကတော့ ပြည်သူတွေ မတရားသဖြင့်ချစ်ခဲ့တဲ့ အောင်ဗလကို တသီးတသန့်ရေးမှ တော်မယ်ဆိုပြီး တခန်းတကဏ္ဍကနေ မှတ်တမ်းတင်ခဲ့တာဖြစ်မှာပါ။ ဇာတ်သဘင် ပညာရှင် ပဂေးတွေ အကြောင်း စာအုပ်ကောင်း တအုပ်ရေးချင်တာလည်း ပါမှာပါ။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးဆိုတဲ့ နာမည်က ပိုလှမယ်၊ ပိုသင့်တော်မယ်လို့ ယူဆတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒါအပြင် ဒီအနုပညာသည်ကြီး (၃)ဦးက ဖိုခနောက်ဆိုင်သဘော မျိုးရှိနေတာမို့ တပါင်းတစည်းထဲ ရေးလိုက်တဲ့ စာရေးဆရာရဲ့ အစီအစဉ်ကောင်းလှပုံကို စာအုပ်တအုပ်လုံး ဖတ်ပြီးတဲ့အခါ ရှင်းရှင်းလင်းလင်း သဘောပေါက်ရပါတယ်။ အောင်ဗလနဲ့ ပတ်သက်ပြီး လူထုဒေါ်အမာ မတိုင်မီက ဒီလို စစ်စစ်ပေါက်ပေါက် ရေးထားတဲ့ စာအုပ်မျိုး မရှိခဲ့ပါဘူး။ နှစ် (၅၀) ယဉ်ကျေးမှုစာစောင်လိုဟာမျိုးထဲမှာတောင် အောင်ဗလအကြောင်း မနဲလိုက်ရှာယူရတာပါ။ လူထုဒေါ်အမာဟာ မြလက်စွပ် ချီးမြှင့်ရမယ့်သူကို ဥဿဖယားလောက်နဲ့ မနှစ်သိမ့်တတ်ဖူးဆိုတဲ့ စိတ်ဓာတ် အခိုင်အမာရှိကြောင်း သိသာထင်ရှားပါတယ်။ သဘင်ခေတ်တခုရဲ့ ရာစုနှစ်တဝက်မက နံပါတ်(၁)နေရာကနေ ဦးဆောင်သွားတဲ့ "ဘုရားတကာ ကိုကြီးစိန်၊ ကျောင်းတကာ ကိုကြီးစိန်" "ဖိုးစိန်" ရယ်လို့ ပြည်သူ့နှုတ်ဖျားမှာ ရေပန်းစားခဲ့တဲ့ ဦးဖိုးစိန်အကြောင်းကို စာရေးသူဟာ ဒီစာအုပ်ထဲမှာ

စာမျက်နှာအများဆုံးယူပြီး ဂရိတ်ဦးဖိုးစိန်ကို မှတ်တမ်းတင်ပေးခဲ့ပါတယ်။ ဦးဖိုးစိန်ဟာ သူ့ပင်ကိုယ်စိတ်ကိုက သူကလွဲရင် တခြားမရှိတဲ့ ဇာတ်မင်းသားလို့ ခံယူထားသူမို့၊ စိတ်ထဲတင်မက သူ့ရဲ့ သဘင်ဘဝတလျှောက်လုံးမှာ ဦးဖိုးစိန်ကြီး ခိုတယ်အပြောမခံရအောင် ကြိုးစားသွားတဲ့ ဇာတ်မင်းသားကြီးပါ။ ဦးဖိုးစိန်နဲ့ ပတ်သက်ပြီး စာရေးဆရာမကြီးက ဒီစာအုပ် စာမျက်နှာ ၁၇၈ အောက်ဆုံး အပိုဒ်မှာ–

"ဗမာ ဇာတ်သဘင်တခေတ်ကို ဦးဆောင်ထူထောင်သွားတဲ့ ဖိုးစိန်ကတော့ အဆိုမှာလဲကောင်း၊ အကမှာလဲကောင်း၊ အပြောမှာလဲကောင်း၊ အလွမ်းမှာလဲ ကောင်း၊ ရုပ်မှာလဲချောတဲ့လူမို့ လေးဘက်လေးတန် ပြည့်စုံတယ်ဆိုပြီး နှစ်ယောက် မရှိကောင်းတဲ့ အနုပညာသည်ကြီးအဖြစ်နဲ့ ကျော်ခဲ့တာပါ"လို့ ဦးဖိုးစိန်ရဲ့ ဂုဏ်ဒြပ်ကို တိခနဲ ထိမိအောင် ဖေါ်ပြခဲ့ပါတယ်။ ဒါ့အပြင် သူ့ပွဲကြည့်ပရိသတ် အချင်းချင်း ဖိုးစိန်အကြောင်း ပြောကြပုံကို စာရေးသူက စာမျက်နှာ ၁၇၉ မှာ–

"ဖိုးစိန်ကတော့ကွာ မင်းသားလုပ်စားဖို့ သူ့အမေက မွေးထုတ်ပေးလိုက်တဲ့လူပါ". .

"ဖိုးစိန်လို အထိသုံးပါနဲ့ညီတဲ့ မင်းသားကတော့ ရှာမှရှားပါတယ်". . .

"ပွဲဆိုရင် ဖိုးစိန်ပွဲကြည့်ရမှပဲ ပွဲနဲ့တူတယ်". . .

"ကိုဖိုးစိန် ဘာလုပ်လုပ် ကောင်းတာချည်းပဲ၊ ကိုဖိုးစိန် ဘယ်ဇာတ်ခင်းခင်း ကောင်းတဲ့ဇာတ်ချည်းပဲ". . .

"ကိုဖိုးစိန်ကိုတော့ ပညာလဲကြိုက်တာပဲ၊ လူလဲကြိုက်တာပဲ၊ ရှင်းရှင်းပြောကြစို့ . . .

အကုန်လုံးကြိုက်တာပဲ". . .

"ကျုပ်တို့ကတော့ ဖိုးစိန်ကလွဲရင် ဘယ်သူ့မှ မင်းသားမထင်ဘူး". . .စတဲ့

ပွဲကြည့်ရဲ့ နှုတ်ဖျားက စကားသံတွေကို သေသေချာချာ မှတ်တမ်းတင်ပေးထား ပါတယ်။

ဒါ့အပြင် ဦးဖိုးစိန်နဲ့ ပတ်သက်ပြီး စာရေးသူအထိမိဆုံး သုံးသွားတဲ့ အသုံး အနှုန်းက– "ဇာတ်သဘင်ပညာကိုလည်း မိကျောင်းရေနိုင်သလို နိုင်သွားသူမို့" ဆိုတာကို စာဖတ်ပရိသတ်က သဘောမကျဘဲ၊ မကျေနပ်ဘဲမနေနိုင်ပါဘူး။ သူ့ရဲ့သဘင်သက်ကို ပြန်ကြည့်မယ်ဆိုရင်လည်း နှစ်ပေါင်း (၆၀) နီးနီးကြာခဲ့ ပါတယ်။ မြန်မာနိုင်ငံမှာ ဘယ်မင်းသားမှ သူ့လောက် မင်းသားသက် မရှည် ပါဘူး။ အရင်က မရှိခဲ့သလို နောက်လည်းရှိဖို့ မလွယ်လှပါဘူး။ ဒီလို ပုဂ္ဂိုလ် အကြောင်းကို စာရေးဆရာဟာ ဒီစာအုပ်မှာ တန်တန်ရာရာကို ရေးတာပါ။ တကယ့် တကယ်မှာတော့ စာရေးသူဟာ ဦးဖိုးစိန်ရဲ့ သဘင်ပညာကို နှစ်သက်ဂုဏ်တက် ပေမယ့် သူ့ရဲ့ သူများတွေအပေါ် နှိမ်တာ၊ ချိုးတာ၊ နင်းတာကို မနှစ်သက်ပါဘူး။ ဒါကို စာရေးဆရာမကြီးက ဒီစာအုပ်ထဲလဲ ထည့်ရေးတယ်။ ပါးစပ်ကလည်း ခုထိပြောတုန်းပါ။ ဦးဖိုးစိန်က နံပါတ်(၁)နေရာမှာ သူနေပေမယ့် ဇာတ်သူသားချင်း ပေါ်မှာထားတဲ့သဘောကျတော့ အောင်ဗလ၊ စိန်ကတုံး၊ ရွှေမန်းတင်မောင်တို့နဲ့ ဘာမှမဆိုင်ပါဘူး။ ဒီနေရာကျတော့ ဦးဖိုးစိန်က အင်မတန်အားနည်းခဲ့ ဟန်တူ ပါတယ်။ ပညာဂုဏ်မောက်တယ်လို့ ဆိုရမလား မပြောတတ်ပါဘူး။ ဒါတွေကို ဖယ်ပြီး ကြည့်လိုက်ရင်တော့ ဦးဖိုးစိန်ဟာ သဘင့်ဥသျှောင် မင်းသားကြီးဘဝမှာ သူမတူအောင် ကြိုးစားတယ်၊ တီထွင်တယ်။ ဘာသာရေးနဲ့ ပတ်သက်တဲ့ အဆုံးအမတွေကို ဇာတ်သဘင်ထဲမှာ ထားရစ်ခဲ့နိုင်တယ်။ ဇာတ်သမားတယောက် အနေနဲ့ ထည်ထည်ဝါဝါ၊ ခန့်ခန့်ငြားငြား နေနိုင်ခဲ့တယ်။ စန်းကြီးတယ်၊ ဟိတ်ဟန် ကြီးတယ်။ ကချင် ဆိုချင်တဲ့ဝါသနာ သူများထက်ကြီးတယ်စတဲ့ အချက်တွေကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်။

နောက်ပြီး သူက ကောင်းအောင် ကြိုးစားပြီဆိုရင် တကယ်ကောင်းတယ်လို့ အမွှန်းတင်ရလောက်အောင် သဘင်နယ်ထဲမှာ နာမည်တလုံး ကျန်ရစ်အောင် လုပ်သွားနိုင်သူလည်း ဖြစ်ပါတယ်။ ဇာတ်သမားတယောက်အနေနဲ့ နိုင်ငံရေး ခံယူချက်ကျတော့ တကယ့် သော့ချက်မှာပျော့ကွက်၊ ဟာကွက်ကို ဖုံးမရအောင်

တွေ့ရတာမို့ ဦးဖိုးစိန်ဟာ ဒီဖက်မှာ မျက်စိ ပွင့်သင့်သလောက် မပွင့်ခဲ့ဘူးလို့ ပြောရမှာဘဲ။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး ဆိုတဲ့ သဘင်ပညာသည်ကြီး သုံးဦးထဲမှာ နယ်တူပယ်တူက ပုဂ္ဂိုလ်တွေရဲ့ ချစ်ခင်မှုကို ခံရသူနှစ်ဦးကတော့ အောင်ဗလနဲ့ စိန်ကတုံးလို့ ဆိုရမှာပါ။ ဒီထဲမှာ တဦးကပညာကြီးတယ်၊ တဦးက ဆန်းအောင်၊ ခန့်အောင် တီထွင်နိုင်တယ်၊ ခေတ်ဆန်တယ်လို့ ပြောနိုင်ပါတယ်။ ဦးစိန်ကတုံးဟာ အံ့နဲ့ကျင်းနဲ့ ကတာကောင်းတယ်။ သူ့မူဆိုပြီး မင်းသားတွေ အတွက် မူတမူ ထားနိုင်ခဲ့တယ်။ ယိုးဒယားက သိပ်ကောင်းတယ်လို့ မှတ်ယူနိုင် ပါတယ်။ ဒါ့အပြင် ဗမာအကကို လှလှပပကြီး ကနိုင်တယ်လို့ သဘင်သမိုင်းမှာ ပြောစမှတ်ပြု ကြပါတယ်။

ဦးစိန်ကတုံးက နှစ်ပါးသွားမှာ အဘိဓမ္မာတွေ များများပြောတဲ့ ဦးဖိုးစိန်လို မဟုတ်ဘဲ သူကိုယ်တိုင်စပ်တဲ့သီချင်းတွေ ဆိုပြီးကတာပါ။ သူက အိုင်ကလေး ကျင်းကလေးနဲ့ ပရိသတ်ရင်ဆို့လာအောင် လွမ်းနိုင်တယ်လို့ သိရပါတယ်။ နောက်ပြီး ရွာစားကြီးစိန်ဗေဒါနဲ့ အများဆုံးတွဲသွားတဲ့သူမို့ သူတို့နှစ်ဦးရဲ့ အဆင့် အတန်းမြင့်မားလှတဲ့ အနုပညာတရပ်ဟာ မှုရယ်လို့ ရပ်တည်ခဲ့နိုင်တာ ဖြစ်ပါ တယ်။ ဒီခေတ်မှာ ကိုလွမ်းမိုးကောင်းမှုနဲ့ လူငယ်တွေ သိနေတဲ့ "ပန်းသလားမေပျို" ယိုးဒယားဟာ ဦးစိန်ကတုံးရဲ့သီချင်း သူ့နှစ်ပါးသွားစခန်းချမှာ သီဆိုခဲ့တဲ့ သီချင်းပါ။

ဦးစိန်ကတုံးက "ယိမ်း"စထွင်တဲ့ ပုဂ္ဂိုလ်ပါ။ သူ့တီထွင်မှုတွေက အနုပညာပြည့်တဲ့ သူတွေမှ ယူနိုင်တာမို့ များများစားစားတော့ ကျန်ရစ်ခဲ့မှာ မဟုတ်ပါဘူး။ သူက စိတ်ထားသဘောထားကြီးတဲ့သူ၊ စေတနာကောင်းတဲ့သူမို့ တပည့်သားမြေးတွေရဲ့ ချစ်ခင်လေးစားမှုကိုပါ ခံယူရတဲ့သူပါ။ ဒါ့အပြင် သူဟာ အိမ်ထောင်ဖက်အပေါ်မှာ သစ္စာရှိတဲ့ပုဂ္ဂိုလ်တဦးလည်း ဖြစ်ပါတယ်။

လူထုဒေါ်အမာရဲ့ ဒီစာအုပ်ကို ဖတ်ရတဲ့အခါ သဘင်ဆိုတဲ့တောအုပ်ကြီးထဲက ဇာတ်သဘင်ဆိုတဲ့ ထည်ဝါလှပတဲ့ တောအုပ်တအုပ်ရဲ့ ကဏ္ဍကို ခြေခြေမြစ်မြစ်

သိရပါတယ်။ ဒီလို စာဖတ်သူအနေနဲ့ စာထဲကနေ အသိပညာရအောင် ရေးသူဖက်က စွမ်းဆောင်ရတယ်ဆိုတာ စဉ်းစားကြည့်ရင် လွယ်ကူတဲ့ အလုပ်တခု မဟုတ်ပါဘူး။

ဒီစာအုပ်တွေရေးနေတုန်းက စာရေးသူမှာ ဒါတွေကို လောက်လောက်လားလား လုပ်ပြဖို့ သတင်းစာဆိုတဲ့ အခြေခံပင်မ ကျောရိုးစခန်းကြီးရှိလို့ ပြီးမြောက်ရတာ မှန်ပေမယ့် ကိုယ်သိတဲ့အချက်လက်ကို ရသမြောက်အောင်၊ အစီအစဉ်တည့်အောင်၊ ဖတ်ရသူလက်က မချချင်အောင်၊ ဖန်တီးရတယ်ဆိုတာက ထူးချွန်ပြောင်မြောက်တဲ့ အရည်အသွေးမရှိဘဲနဲ့ မဖြစ်နိုင်ပါဘူး။

ဒီကနေ့ ဇာတ်သဘင်နဲ့ နီးနွယ်နေသူတွေအနေနဲ့ တခြားစာအုပ်တွေ မဖတ်မိရင်တောင် ဒီအောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံးနဲ့ ရွှေမန်းတင်မောင်ကိုတော့ ကျေညက်နေအောင် ဖတ်ထားဖို့လိုပါလိမ့်မယ်။ ဒီလိုဖတ်မိပြီဆိုရင်လည်း ကိုယ့်အတွက် သဘင်မှု ဗဟုသုတဘက်က ထိထိရောက်ရောက် ရသွားမှာ ဖြစ်တဲ့အပြင် ကိုယ်လျှောက်ရမယ့် လမ်းကြောင်းဟာ သူတို့လို လှပအောင် အတိုင်းအတာ တခုအထိ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ မြန်မာဇာတ်သဘင်ဟာ ရုပ်သေးပြီးရင် အဆင့်အမြင့်ဆုံး သဘင်ပညာပါ။ ဒီပညာဟာ ဒီလူတွေလည်း မရှိရော တိုးတက်မလာတဲ့အပြင် ဆုတ်ယုတ်လာတယ်ဆိုတာ မဖြစ်ကောင်းပါဘူး။ ဒီလို ဖြစ်လာတာဟာ အမျိုးသားရေးဆိုတဲ့ ပေတံနဲ့ တိုင်းကြည့်ရင်လည်း စိုးရိမ်ရေမှတ်မို့ ပွဲကရော၊ ပွဲကြည့်မှာပါ တာဝန်ရှိကြပါတယ်။

ရေးကလူတွေဟာ သဘင်မှုမှာ တာဝန်ကျေပွန်ခဲ့ရက်ကနဲ့ လျော့ရည်းလာတာဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ စားဝတ်နေရေးချည်းဖိပြီး အပြစ်တင်နေရုံ၊ ပရိသတ်အကြိုက် လိုက်လုပ်နေရတာပါလို့ ပြောနေရုံနဲ့လည်း လုံလောက်တဲ့ အကြောင်းပြချက် မဟုတ်သေးပါဘူး။ ကြိုးစားမှု ပေါ့လျော့တာ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာကို မြတ်နိုးရမယ့်ဖက်က သတိလွတ်ချင်သလို ဖြစ်နေတာ၊ တခြား

ယဉ်ကျေးမှုကို ပုံတူကူးချနေတာ၊ အရိုးပေါ်ကနေ မတီထွင်နိုင်တာ စတဲ့ အချက်တွေဟာလည်း ဒီကိစ္စအတွက် စဉ်းစားသင့်တဲ့ အချက်တွေပါ။

လူထုဒေါ်အမာကတော့ ဇာတ်သဘင်ကို စာပေနယ်မှာ ထီးထီးမားမား ကျန်ရစ်အောင် သူ့ကလောင်စွမ်းနဲ့ အင်တိုက်အားတိုက် လုပ်ထားခဲ့ပါပြီ။ ဒီစာအုပ်နဲ့ ပြည်သူချစ်သော အနုပညာသည်များစာအုပ်တွေမှာ သီချင်းအညွှန်း၊ အက္ခရာစဉ် အညွှန်း၊ အက္ခရာစဉ်မာတိကာ၊ ပညာရှင်များရဲ့ အမည်များ၊ သီချင်းများ၊ ဇာတ်သဘင်ပညာခဏ်းဆိုင်ရာ ဝေါဟာရအမည်နဲ့ အဖွင့်စကား စတဲ့ အပိုင်းတွေကိုပါ ဆရာတော်ရွှေကိုင်းသားရဲ့ အကူအညီနဲ့ ထည့်သွင်းနိုင်ခဲ့တာမို့ စာအုပ်ရဲ့ ဂုဏ်ဒြပ်ဟာ ပိုပြီး ခန့်ထည်လာတယ်လို့ အသိအမှတ်ပြုရမှာပါ။ စာရေးသူဟာ နိုင်ငံကျော်ဇာတ်မင်းသားကြီးတွေအကြောင်းရေးရင်းနဲ့ ဇာတ်စာတွေ၊ ဇာတ်သီချင်း၊ အငြိမ့်သီချင်းတွေ၊ စာပေနယ်မှာ အက္ခရာအနေနဲ့ ကျန်ရစ်အောင် ဆောင်ရွက်ခဲ့ရုံမက၊ သီချင်းရေးဆရာတွေရဲ့ ပြောင်မြောက်တဲ့အဖွဲ့အနွဲ့နဲ့ ကိုယ်ပိုင် အရည်အချင်းတွေပါ မှတ်တမ်းမှတ်ရာနဲ့တကွ မပျောက်ပျက်အောင် ဆောင်ရွက်ထားတာမို့ ဒီကျေးဇူးတရားကို စာဖတ်သူနဲ့ ပြည်သူ တွေ အားလုံးက မမေ့မလျော့နဲ့ သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးကြမှာ အမှန်ပါ။

ခုနေများ အောင်ဗလလေး၊ ဖိုးစိန်လေး၊ စိန်ကတုံးလေး ဘယ်ဗိုက်ထဲမှာ ဝင်စားသတဲ့ဆိုတဲ့ သတင်းများကြားရရင်တော့ တတိုင်းပြည်လုံးက ဝိုင်းပြီး မီးနေခန်းစောင့်ပေးဖို့ အသင့်ပြင်ထားကြမှာ မလွဲဘူးလို့ ယုံကြည်မိပါတယ်။

## ၅။ ပြည်သူချစ်သော အနုပညာသည်များ

မြန်မာ့သဘင်နယ်ပယ်နဲ့ဆိုင်တဲ့စာတွေကို စာဖတ်သူတွေ နှစ်ခြိုက်စွဲလန်းအောင်

အရေးနိုင်ဆုံး စာရေးဆရာဟာ "လူထုဒေါ်အမာ" ပါလို့ ဆိုရရင် ဒီအဆိုဟာ မလွန်တန်ပါဘူး။ သဘင်နဲ့ပတ်သက်ပြီး စာရေးသူတွေ၊ ထင်ရှားတဲ့စာရေးဆရာတွေ ရှိကြပါတယ်။ ဒါပေမယ့် ဒေါ်အမာရေးတဲ့ ဒီစာအုပ်တွေကို ပိုပြီးနှစ်သက်ကြတယ် ဆိုတာက ဒီဘာသာရပ်ပေါ်မှာ ယူတဲ့ရှုထောင့်ခြင်း မတူလို့ ဖြစ်ပါတယ်။ စာရေးသူဟာ သူ့စာတမ်းမှာ "ပွဲကြည့်ရှုထောင့်" က ယူပါတယ်လို့ ဝန်ခံထားပါတယ်။

ဆရာမကြီးရဲ့ ဒီစာအုပ် (၅)အုပ်မှာ "ပြည်သူချစ်သော အနုပညာသည်များ"ဆိုတဲ့ စာအုပ်ဟာ မေခ၊ မေလိခနဲ့ တူပါတယ်။ ဒေါ်အမာရဲ့ ယဉ်ကျေးမှုအနုပညာစာအုပ်တွေထဲမှာ ပြည်တည်လိုက်တဲ့ စာအုပ်ပဲလို့ ပြောမယ်ဆိုလည်း ပြောသာပါတယ်။ ဒီစာအုပ်ကို အခြေပြုပြီး စာရေးသူဟာ သဘင်ရဲ့ ဧရာဝတီနဲ့တူတဲ့ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး၊ ရွှေမန်းတင်မောင်၊ အငြိမ့်၊ မြန်မာ့မဟာဂီတဆိုတဲ့ ရိုးရာသဘင်မှု စွမ်းအားတွေကို ဆင့်ကာဆင့်ကာ မွေးဖွားပေးခဲ့တာ ဖြစ်ပါတယ်။ ဒီစာအုပ်တွေကို စိတ်ဝင်တစား ဖတ်ကြည့်၊ လေ့လာကြည့်လိုက်တဲ့အခါ စာအုပ်တအုပ်နဲ့ တအုပ်ဟာ ဆက်စပ်မှုတွေ အများကြီးရှိနေတာကို တွေ့ရပါတယ်။ ဆို–က–ရေး–တီးဆိုတာ သူ့ကဏ္ဍနဲ့သူ ရှိနေပေမယ့် ဒီအရာအားလုံးဟာ မိသားတစုလို တစည်းတလုံးတည်း ရှိနေတဲ့ အရာတွေဆိုတာ တဖြည်းဖြည်း သဘောပေါက်လာပါတယ်။

ကျွန်တော်တို့ လူမျိုးရဲ့ ယဉ်ကျေးမှုဟာ အနောက်တိုင်းနဲ့ မတူပါဘူး။ စာပေကလည်း ခြားနားသလို၊ ယဉ်ကျေးမှုကလည်း ကွဲပြားပါတယ်၊ တခါ ဒီစာပေ၊ ဒီယဉ်ကျေးမှုအဆင့်ကို ကမ္ဘာနဲ့ယှဉ်ပြီး ရင်ဘောင်တန်းကြည့်လိုက်တဲ့ အခါမှာလည်း သူက အလုံးအရပ်မီနေတာကို တွေ့ရပြန်ပါတယ်။ များသောအားဖြင့် ဆက်နွယ်မှုရှိပါတယ်ဆိုတဲ့ အရှေ့တိုင်းယဉ်ကျေးမှုတွေထဲမှာကို သူက ဦးဆောင်နိုင်လောက်တဲ့ အဆင့်အောက် နိမ့်ဆင်းမသွားပါဘူး။ ဒါကြောင့် ဒီလူမျိုးနဲ့ ဒီနိုင်ငံမှာ လူလာဖြစ်ရတာ အင်မတန် ကျေနပ်စရာ ဝမ်းသာဂုဏ်ယူစရာ ကောင်းပါတယ်။

လူမျိုးတမျိုး၊ နိုင်ငံတနိုင်ငံမှာ ဘဝရပ်တည်မှု၊ လုံခြုံရေး၊ စီးပွားရေးဆိုတာတွေနဲ့အတူ ယဉ်ကျေးမှုဆိုတာ ရှိပါတယ်။ အဲဒီ ယဉ်ကျေးမှုဆိုတာဟာလည်း စာပေဆိုတာနဲ့ တွဲနေတာပါပဲ။ သမိုင်းနဲ့ချီကြစို့ဆိုရင်တော့ စာပေနဲ့ယဉ်ကျေးမှုဟာ သက်ရှိ လူသားတွေအတွက် အရေးအကြီးဆုံးပါလို့ ပြောနေရတဲ့ စီးပွားရေးလိုပဲ သူဟာအရေးပါတဲ့နေရာမှာ ရှိနေတာကို မငြင်းသာပါဘူး။

ဒီ စာပေ၊ ယဉ်ကျေးမှုဆိုတာကလည်း အဦးအစကနေ တီထွင်ကြံဆမှုတွေနဲ့ပေါင်းပြီး နှစ်ပရိစ္ဆေဒကြာလာတဲ့အခါ အဆင့်ဆင့်ပြောင်းလဲသွားတာကို တွေ့ရပါတယ်။ အဲဒီမှာ ဆင်းသက်လာတဲ့လူမျိုး၊ ပထဝီအနေအထား၊ နိုင်ငံရေးပတ်ဝန်းကျင်၊ စစ်မက်ဖြစ်ပွားမှု၊ ကိုးကွယ်တဲ့ဘာသာစတဲ့ အခြေခံအကြောင်းတွေပေါ်မှာ မူတည်ပြီး ဖွံ့ဖြိုးသွားတာ၊ ရပ်တန့်သွားတာ၊ ဆုတ်ယုတ်သွားတာ၊ တခြားယဉ်ကျေးမှုရဲ့ အဝါးအမြိုခံရတာ စသည်ဖြင့် ပုံသဏ္ဍာန်အမျိုးမျိုး ဖြစ်သွားတာကို တွေ့နိုင်ကြပါသေးတယ်။

ဥပမာ–ကျွန်တော်တို့ရဲ့ "သင်္ကြန်"ပွဲကို ကြည့်မယ်ဆိုရင် မြန်မာလူမျိုးတွေအများဆုံး ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာ အယူဝါဒနဲ့ အိမ်နီးချင်းနိုင်ငံရဲ့ ဟိန္ဒူအယူဝါဒတွေ ရောယှက်နေတာကို တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ယဉ်ကျေးမှု အဆင့်အတန်းမှာ အားကောင်းမောင်းသန်ဆိုတော့ သင်္ကြန်ဟာ မြန်မာ့ ရိုးရာပွဲနေရာကို အသေအချာ ရယူနိုင်ခဲ့ကြတာဟာ သာဓကတခုပါပဲ။ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုကို ယေဘုယျအားဖြင့် ပုဂံကို အခြေတည်မယ်ဆိုရင်တောင် နောက်ကျကောင်း နောက်ကျမှာ ဖြစ်ပါတယ်။ ပုဂံထက်စောတဲ့ ပျူယဉ်ကျေးမှုကို ဒီထက်ပိုပြီး စုံစုံစေ့စေ့ ဖော်ထုတ်နိုင်မယ်ဆိုရင် ဒီလူမျိုးနဲ့ ဒီနိုင်ငံရဲ့ ယဉ်ကျေးမှု အဆင့်အတန်းဟာ အခုထက်မြင့်မားတယ်ဆိုတာ မြေကြီးထဲကထွက်သလောက် ပျူခေတ်အထောက်အထားတွေက အခိုင်အမာ သက်သေခံနေတာ အားလုံးအသိဖြစ်မှာပါ။

ဒါပေမယ့် ဒီနေ့ဒီရက်မှာ ပျူလူမျိုးဆိုတာကို ကျွန်တော်တို့ မတွေ့နိုင်တော့ပါဘူး။

သူ့စာ၊ သူ့အသုံးအဆောင်၊ သူတို့နေခဲ့ တဲ့ဒေသ၊ သူ့ယဉ်ကျေးမှု အနုပညာ လက်ရာတွေကိုသာ တွေ့နိုင်ပါတော့တယ်။ မြစ်သားမြို့ ရှေးမှဌောဘုရားဝင်းထဲမှာ အကျအန ထိန်းသိမ်းထားတဲ့ ပျူကျောက်စာဖြစ်တဲ့ (မြနဒီကျောက်စာ) ဆိုရင် ဖတ်နိုင်အောင် ကြိုးစားဆဲပဲ ဖြစ်တယ်လို့ သိရပါတယ်။

စာပေအထောက်အထားတွေကနေပြီး ပျူယဉ်ကျေးမှုအဖွဲ့တဖွဲ့ တရုတ်ပြည် ရောက်ခဲ့တယ်လို့ သိရပေမယ့် ဒီနေ့ဒီရက်မှာ ပျူအက၊ ပျူအဆို၊ ပျူသီချင်း၊ ပျူအတီး အမှုတ်တွေဟာ ဘယ်လိုပါလိမ့်ဆိုပြီး စဉ်းစားမရတော့လောက်အောင် ဆိတ်သုဉ်းခဲ့ ပြီမို့ အထိန်းအသိမ်းမတတ်ရင် အခြေအနေမပေးရင် လူမျိုးရော၊ ယဉ်ကျေးမှုပါ ပျောက်ကွယ်သွားနိုင်တယ်ဆိုတာ အထင်ကရ တွေ့နေရတဲ့အတွက် ဒီလိုအန္တရာယ် မျိုးကို ကြိုတင်ကာကွယ်တတ်ဖို့ လိုပါလိမ့်မယ်။ လူမျိုးတမျိုးရဲ့ ယဉ်ကျေးမှုကို စာပေနဲ့ ထိန်းသိမ်းပေးမှုဟာ အဆင့်အမြင့်ဆုံးဖြစ်သလို နောက်တမျိုးအနေနဲ့ အဲဒီလူမျိုးရဲ့ သဘင်မှုအရပ်ရပ်နဲ့လဲ ထိန်းသိမ်းထားနိုင်ပါတယ်။ ဒါ့အပြင် ပန်းဆယ်မျိုးအတတ်ပညာ အသွယ်သွယ်နဲ့လည်း မှတ်တမ်းပြုနိုင်ကြပါသေးတယ်။ မြန်မာ့ယဉ်ကျေးမှု အနုပညာနယ်ပယ်တွေထဲက စာပေ၊ ဂီတ၊ သဘင်ဆိုတဲ့ ပညာတွေဟာ ထီးနဲ့ နန်းနဲ့၊ အရှင်နဲ့၊ သခင်နဲ့ ဘုရင်နဲ့ ရှိတုန်းက ဆင့်ကာဆင့်ကာ ဖွံ့ဖြိုးတိုးတက်လာပေမယ့် ပါတော်မူနောက်ပိုင်းမှာ လူမျိုးခြားရဲ့ ယဉ်ကျေးမှုက ထိုးဖောက် နေရာယူခဲ့တာတွေရှိလာလို့ တိမ်ကောတာ၊ ပျောက်ကွယ်ပျက်စီးသွား တာတွေ အများကြီးပါ။ ဒါပေမယ့် ဒီဘက်ကာလမှာ အမှတ်မထင် တိုးတက် လာတာ၊ ယဉ်ကျေးမှုအစဉ်အလာဖွံ့ဖြိုးလာတဲ့အပိုင်းတွေလည်း ရှိတန်သလောက် ရှိခဲ့ပါတယ်။

မျက်မှောက်ကာလမှာတော့ ဒီယဉ်ကျေးမှုအပိုင်းမှာ အားမလိုအားမရဖြစ်နေရတဲ့ တချို့အရာတွေကို တွေ့နေရပါသေးတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ယဉ်ကျေးမှု အမွေအနှစ်က “မြန်မာ့ယဉ်ကျေးမှုသိုက်”ရယ်လို့ ပြောဖြစ်အောင် အတုံးအခဲနဲ့ ရှိနေတာပါ။ ပျောက်ကွယ်တန်သလောက်လည်း ပျောက်ကွယ်ခဲ့တာတွေ စာရင်းချ

ကြည့်ရင် နည်းမှာမဟုတ်ပါဘူး။ ဒီတော့ ကျွန်တော်တို့က “ကနေ့” ဆိုတဲ့ အနေအထားကနေ ဘာလုပ်ကြမလဲဆိုတော့ ရတတ်သမျှ ကောက်သင်းကောက်ပြီး မပျောက်ပျက်အောင် သူ့ထက် ငါ စွမ်းနိုင်သမျှ လုံ့လ၊ ဝီရိယ၊ အသိတရားတွေနဲ့ ထိန်းသိမ်းကြဖို့ပဲ ရှိပါတယ်။ ဒီနေ့ ဒီရက်မှာ ကျွန်တော်တို့လက်ထဲ ရှိပြီးသား ယဉ်ကျေးမှုတွေ မပျောက်မဆုံးအောင် နိုင်ငံရေးအသိ၊ လူမျိုးရေးအသိတွေနဲ့ ပူးပေါင်းပြီး အစွမ်းကုန်ကာကွယ် ထိန်းသိမ်းကြရမှာက ပစ္စုပ္ပန်ရဲ့ အရေးအကြီးဆုံး တာဝန်ပါပဲ။

လူထုဒေါ်အမာဟာ ဒီအန္တရာယ် မကျရောက်အောင် သူတတ်စွမ်းကျွမ်းကျင်တဲ့ ကလောင်နဲ့ စာပေဆိုတဲ့ အုတ်မြစ်ပေါ်မှာ ယဉ်ကျေးမှုအနုပညာခံတပ်ကြီး (၅)ခုကို အခိုင်အမာတည်ဆောက်ခဲ့သူ ဖြစ်ပါတယ်။ ဒီခံတပ်ကြီးတွေကို သူက ပြည်သူ ချစ်တဲ့ အနုပညာသည်တွေနဲ့ အနုပညာစွမ်းအားတွေကို သူ့နေရာနဲ့သူ အသုံးချပြီး ပြည်သူတွေရဲ့ အားပေးကူညီမှုနဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဒေါ်အမာ ရေးခဲ့သမျှ သဘင်ပိုင်းဆိုင်ရာစာအုပ် (၅)အုပ်ကို အနုစိတ်ကြည့်မယ်ဆိုရင် ဒီစာအုပ်တွေဟာ ငါးပွင့်ဆိုင် ဒေါက်တိုင်ကြီးတွေနဲ့ တူပါတယ်။ တအုပ်နဲ့ တအုပ်ဟာ သူ့ငါထောက်ပံ့၊ ငါ့သူကူညီဆိုသလို အားတခုဖြစ်လာအောင် အချင်းချင်း ကျားကန်ထားတာကို လှလှပပ၊ စည်းစည်းလုံးလုံး တွေ့ကြရမှာပါ။ ဥပမာ– ပြည်သူချစ်သော အနုပညာသည်များစာအုပ်ထဲက ဆိုင်းဘုရင် ရွှာစားကြီး စိန်ဗေဒါဟာ ဒီ ငါးအုပ်လုံးမှာ သူမပါဘူးရယ်လို့ မရှိပါဘူး။ သူဟာ သဘင်မှု အနုပညာ ယဉ်ကျေးမှုရေးရာမှာ ဘယ်လောက်များ အရေးပါတယ်ဆိုတာ စာအုပ် တွေ အားလုံးဖတ်ပြီးတဲ့အခါ ထင်းကနဲ ပေါ်လာတာ အံ့မခန်းစရာပါ။ ပြည်သူချစ်သော အနုပညာသည်များ စာအုပ်မှာပါတဲ့ ရှာမှရှား အနုပညာသည်ကြီး (၈)ဦးရဲ့ အနုပညာ အရည်အသွေးတွေဟာ အံ့မခန်းစရာကောင်းသလို၊ စာရေးသူ ကလည်း သူတို့ရဲ့ ပုံရိပ်တွေကို ဆေးခြယ်တာက ကောင်းလွန်းလို့ ဘယ်သူက ပိုလှနေမှန်းမသိအောင်လှနေတာဟာ စာဖတ်သူတွေအသိပါ။ ဒါပေမယ့် ဦးဗေဒါနဲ့

ဒေါ်ငွေမြိုင်၊ နန်းတော်ရှေ့နဲ့ လေဘာဘတီတို့ အကြောင်းဟာ စာဖတ်သူတွေအဖို့ ပိုပြီး စိတ်ဝင်စားကြတာကိုလည်း စာဖတ်ရင်း သိလာကြရမှာပါ။ အားလုံးထဲမှာ စာရေးသူရဲ့ ကလောင်အချွန်ဆုံး၊ အမြဲဆုံးကိုပြောပါဆိုရင်တော့ "မြို့မငြိမ်း"လို့ ပြောရမှာပါပဲ။

"ဗမာ့တေးဂီတသမိုင်းတွင် နှစ်ကာလရှည်လျားစွာ တည်တံ့ကျန်ရစ်မည့် သတ္တိများ ရှိသော ဗမာသီချင်း (Modern Classics) များကို သီကုံးရေးဖွဲ့သွားခဲ့သည့် မြို့မငြိမ်းကား အသေစော၍ နှမြောထိုက်သည့် ဗမာ့သားကောင်း တဦးပါပေ"လို့ စာရေးသူဟာ မြို့မငြိမ်းစာမျက်နှာကို နိဒါန်းပျိုးထားတာကို သာဓကအနေနဲ့ တင်ပြလိုပါတယ်။

စာရေးသူ ဒီလိုနိဒါန်းပျိုးထားသလိုပဲ စာရေးသူကိုယ်တိုင်သီကုံးထားတဲ့ ဒီစာတန်း ပါ စာအုပ် (၅)အုပ်ဟာလည်း မြန်မာ့သဘင်မှု စာပေသမိုင်းမှာ နှစ်ကာလ ရှည်လျားစွာ တည်တံ့ကျန်ရစ်မည့် သတ္တိများရှိသော စာအုပ်တွေဆိုတာကတော့ ကာယကံရှင်ကိုယ်တိုင် သတိထားမိကောင်းမှ ထားမိပါလိမ့်မယ်။ တကယ့် အခြေအနေမှာတော့ လူထုဒေါ်အမာရဲ့ ပြည်သူချစ်သော အနုပညာသည် အကြီး အမှူးဖြစ်တဲ့ သဘင်နယ်ပယ်က စာအုပ် (၅) အုပ်ဟာ မြန်မာ့သဘင်မှုအတွက်တော့ ဂန္ထဝင်မြောက်တဲ့ စာပေ (Classics) လို့ ပြောမယ်ဆိုရင် ဂုဏ်တင်ပြီး ပြောလို့ရပါတယ်။ ဒီနယ်ပယ်အကြောင်း ပြောကြစို့ဆိုရင် ဒီငါးအုပ်ကိုဖယ်ပြီး ပြောလို့ ရကို မရ ပါဘူး။

ဒါ့အပြင် မြန်မာ့သဘင်အတွက် ဆိုင်ရာနယ်ပယ်က သုတေသနပြုနေကြတဲ့ သုတေသီတွေအတွက် အားကိုးအားထားပြု နိုင်လောက်တဲ့ ရည်ညွှန်းစာအုပ် (Reference) ဖြစ်တယ် ဆိုရင်လည်း ငြင်းလို့မရပါဘူး။ ဒါ့ကြောင့် မြန်မာ့သဘင်မှု စာပေနယ်ကြီးတခုလုံးကို မဥ္ဇူသက နတ်ပန်းပင်နဲ့အလားသဏ္ဍာန်တူတယ်လို့ တင်စားမယ်ဆိုရင်ဖြင့် လူထုဒေါ်အမာရဲ့ ဒီစာအုပ်ငါးအုပ်ဟာ ဒီအပင်ကြီးပေါ်မှာ အစီအရီပွင့်နေတဲ့ အရောင်ရော၊ အဆင်းနဲ့ အနံ့ပါမကျန် ပြည့်စုံလှတဲ့ ပန်းပွင့်

တွေထဲမှာ "မွေးလွန်းလှတဲ့ ပန်းငါးပွင့်ပါ"လို့ တင်ပြရင်း ကျွန်တော့် စာတန်းကို နိဂုံးချုပ်အပ်ပါတယ်။

စိုးနိုင် (မန္တလေးတက္ကသိုလ်)

++++++++++++++++++++++++++++++++++++++++++++++++++++

စိုးနိုင် (မန္တလေးတက္ကသိုလ်)

၁၉၅၅၊ မေလ–အဖ ဦးလှမောင်၊ အမိ ဒေါ်ခင်တင့်တို့က စစ်ကိုင်းမွေး၊
မန္တလေးကြီး၊ အမည်ရင်း–စိုးနိုင်။
မန္တလေးတက္ကသိုလ် ရူပဗေဒအသင်းအတွင်းရေးမှူးနှင့် အနုပညာအသင်း
ဗဟိုကော်မတီဝင်အဖြစ်ဆောင်ရွက်ခဲ့။
၁၉၈၃၊ ဩဂုတ်လ–"ယော့ရှိုင်းယားနယ်သားပန်းချစ်သူ"ခေါင်းစဉ်ဖြင့်
စာပေလုပ်သားမဂ္ဂဇင်းတွင် ဆောင်းပါးစတင်ရေးသား။
၁၉၈၇၊ ဧပြီလ–"ငွေရောင်တောင်တန်းများဆီသို့ တနေ့တလံ"
ခရီးသွားဆောင်းပါးကို "သောင်းပြောင်းထွေလာ" မဂ္ဂဇင်းတွင်
အခန်းဆက်ရေးသားခဲ့။
၁၉၈၉၊ ၁၉၉၂ – "ဆရာကြီးရွှေဥဒေါင်း၏ လောကုတ္တရာစာပေ အချို့အပေါ်
လေ့လာချက်"၊ "သာခ. . . .သုခ" စာတမ်းများ ဖတ်ကြားခဲ့။
လက်ရှိဂျာနယ်၊ မဂ္ဂဇင်းအချို့တွင် ဂီတ၊ အတွေးအခေါ်၊ သမိုင်း၊
ယဉ်ကျေးမှုအနုပညာနှင့် ဘာသာရေးစာပေများ ရေးသားဆဲ။
အဆင့်မြင့်ပညာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ဝန်ထမ်းအဖြစ်
ဆောင်ရွက်ခဲ့ပြီး ၁၉၉၀ပြည့်နှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ်က နုတ်ထွက်ခဲ့။